http://myanmarcupid.net

http://myanmarcupid.net

× စာအုပ်စာတမ်း စာနယ်ဇင်း ကြိုတင်ပုံနှိပ်ထုတ်ဝေခွင့် — ၉၄၈ ×
၁၉၇၇–ခု၊ နိုဝင်ဘာလ၊ ဒုတိယအကြိမ် – ၂၀၀၀
×
ပန်းချီ
ကိုကျော်ညွှန့်

ဘလောက်
လွင်၊ ၃၄–လမ်း

အဖုံးရိုက်
ကာလာ လှဖေ၊ စိုးမိုးမိတ်ဆက်

စာအုပ်ချုပ်
စုစုလှိုင်

(၁၆–ကျပ်)
×
ဦးညွှန့်လွင်၊ ယမင်းစာပေ (၀၅၀၇)
၁၉၂၊ ၃၉–လမ်း၊ ရန်ကုန်က ထုတ်ဝေ၍

ဦးစံလှ၊စိုးမိုးမိတ်ဆက် ပုံနှိပ်တိုက်
(၀၂၂၀၉)၊ ၁၄၆၊ ၃၃–လမ်း၊ ရန်ကုန်တွင်
ရိုက်နှိပ်သည်။

pdf မှတ်တမ်း

ကွန်ပြူတာ စာစီစာရိုက်
NgelayAung

အချောသတ် pdf တည်းဖြတ်သူ
sideeffect

MMCP PDF Creator Group
မှ တင်ဆက်သည်။

မြန်မာအီးဘွတ်အဖြစ်
ပထမအကြိမ်
မတ်လ ၂၀၁၀

ကွဲ

ဝင်းတင် မြန်မာပြန်သည်

QUEED

By

Henry Sydnor Harrison

ဆရာဦးဝင်းတင်

suuchit

ဂျာနယ်ကျော် မမလေး ၏
အမှာ

၁

"ဟောဒီမှာ 'ကွိ' ဘာသာပြန်ခင်ဗျ"

ကျမအလုပ်ခန်းထဲသို့ စာရေးဆရာ မြသန်းတင့်သည် 'ကွိ' ဘာသာပြန် စာမူကြီးကို ပိုက်ဝင်လာကာ ကျမစာပွဲပေါ်၌ ပုံချရင်း ပြောလိုက်သည်။ ကျမမှာ စာမူထပ်ကြီးကိုကြည့်လိုက်၊ မြသန်းတင့်၏ မျက်နှာကို မော့ကြည့်လိုက်ဖြင့် တဒင်္ဂ အသက်ရှူမှားလောက်အောင် ကြက်သေ သေနေသည်။

"ကိုဝင်းတင် ဘာသာပြန်ထားတယ်။ ဒေါ်မမလေး အမှာရေးပေးဖို့ ကျွန်တော့်ကို ပေးခိုင်းလိုက်တယ်"

ကျမ ကြာရှည် ကြက်သေ သေမနေသေရန် သူက ဆက်ပြောပြသည်။ ကိုဝင်းတင်ဟု သူပြောလိုက် မှပင် ကြက်သေ သေနေသော အရှိန်တို့သည် တစစ ပြေ၍သွားသည်။ ငွေတာရီမဂ္ဂဇင်း၌ 'ကွိ' စာအုပ် ပျောက်ဆုံးမှုဖြင့် စာဖွဲ့ခဲ့သော ကိုဝင်းတင်၏ ဆောင်းပါးကို ဖတ်ရပြီးကတည်းက 'ကွိ' အပေါ်၌ စွဲလန်းသူများတွင် ကျမတဦးတည်းမဟုတ်ဘဲ ကိုဝင်းတင်တဦးပါ အဖော်တိုးလာသည်ဟု အစွဲအမြဲ မှတ်သွားခဲ့သည်။ ထိုမှတ်သားထားသော အမှတ်ထားမှုကြောင့် ဘာသာပြန်သူ 'ကိုဝင်းတင်' ဆိုတော့မှပင် ကြက်သေသေနေ သော အရှိန်တို့ ပြန်၍ ပြေသွားခြင်းဖြစ်သည်။

'ကွိ' စာအုပ်ကို အကြိမ်ကြိမ်မှ အကြိမ်ကြိမ် ကျမကြော်ငြာခဲ့ဘူးသည်။ ဘာသာပြန်လိုသော ဆန္ဒစောခြင်းကြောင့်သာ ကြော်ငြာပြီးရင်းကြော်ငြာနေသည်။ စာအုပ်ထဲ၌ ကိုးကားညွှန်ဆိုထားသော အချက်အလက်များ၊ စကားလုံး ဝေါဟာရများ၏ အနက်အဓိပ္ပာယ်များကို စာဖတ်သူများ အလွယ်တကူ သိမှသာလျှင် ရသ ပို၍ မြောက်ပေမည်။ ထိုသို့ အထောက်အထားပြုချက် ဝေါဟာရ အနက်အဓိပ္ပာယ်များကို ရှာဖွေစုဆောင်းရှင်းလင်းပြရမည့် လုပ်ငန်းသည် အချိန်ပေးရမည့် မောစရာ နောက်ဆက်တွဲလုပ်ငန်း ဖြစ်ခြင်းကြောင့် စိတ်ရှိတိုင်း ကိုယ်မပါနိုင်ဘဲ နှစ်ပေါင်းများစွာ ကြံ့ကြာချင်တိုင်း ကြံ့ကြာနေခဲ့သည်။

ငွေတာရီမဂ္ဂဇင်း၌ 'ကိုဝင်းတင်' ၏ ဆောင်းပါးကို ဖတ်ရှုရပြီးနောက် 'ကိုဝင်းတင် ဘာသာပြန်ရင် ဘယ်လောက်များ ကောင်းလိုက်မလဲ' ဟု တောင့်တမိဘူးခဲ့သည်။

'ကွိ' ဘာသာပြန်ရေးကိစ္စသည် ဘယ်သောအခါမှ ဖယ်ရှား၍မရအောင် ဘဝတစ်သက်တာတွင် လုပ်စရာ ကျန်နေသည့် တာဝန်တစ်ရပ်ကဲ့သို့ ကျမခေါင်းထဲ၌ ထာဝစဉ် သံမှိုစွဲလျက်ရှိသည်။

ဘာသာပြန်ရန် တာဝန်ပျက်ကွက်ခြင်းဖြင့် သံသရာရှည်ကြာလာစဉ် သားသမီးသုံးယောက်အနက်၊ မောင်မိုးဟိန်းကို 'ကို' စာအုပ် ပေးအပ်ပြီး ဤစာအုပ်ကို ဘာသာပြန်ရမည်၊ မဖြစ် ဖြစ်အောင်ပြန်၊ ငါပါ ဝိုင်းကူညီမည်ဟု ပြောဆို ပေးအပ်လိုက်သည်။

မောင်မိုးဟိန်း ဖတ်နေပြီဟု သိရသည်။ ဘာသာပြန်ရန် စုဆောင်းရမည့် အချက်အလက်တွေအတွက် အချိန်ကြာနေသည်ဟု ညည်းသံကြားရသည်။ မောင်မိုးဟိန်း အချိန်ကြံ့ကြာနေ၍ ထပ်မံ၍ တိုက်တွန်းသည့် အခါ စနေပါပြီဟု အဖြေပေးသည်။

ကိုမြသန်းတင့် 'ကို' စာမူကြီးကို ယူလာသည့်အခါ၌ စာမူကြီးကိုကြည့်ကာ ကျမ၏ ဝမ်းမြောက်ခြင်း ကား ပြောဖွယ်ရာမရှိပေ။ ချက်ချင်းပင် မောင်မိုးဟိန်းကို ဟစ်ခေါ်ကာ "ဒီမှာကြည့်" ဟု ပြလိုက်သည်။

မောင်မိုးဟိန်းသည် ကျမအလိုပြည့်မှုကို ဝမ်းသာခြင်းလည်းဖြစ်၏။ သူ့ဖက်မှ အချိန်ကြံ့ကြာနေမှု ကြောင့် အံဆွဲထဲမှ သူဘာသာပြန်ထားသော စာရွက်များကို ဆွဲထုတ်ယူလာကာ ကိုမြသန်းတင့်ကို ပြလျက် "ကျွန်တော်ပြန်မလို့ စထားတာ" ဟု ပြောသည်။

အနှစ်နှစ် အလလ ကျမခေါင်းထဲ၌ ရူးဝင်နေသော သံမှိုကြီးကို ဘာသာပြန်သူက ဆွဲနုတ်ဖယ်ရှားပေး သည့်အတွက် ကျမ ကျေးဇူးတင်လိုက်ပုံမှာ စာအားဖြင့် ဖော်ပြနိုင်ခြင်းပင် မစွမ်းပေ။

စာမူကြီးကို ပွေ့၍ ဝမ်းမြောက်ဝမ်းသာ အိမ်ပြန်လာခဲ့သည်။ တညလုံး ညနှစ်ချက်အထိ ဖတ်သည်။ နောက်တနေ့ နေ့တဝက် မပြီးမချင်း ဆက်ဖတ်သည်။ ဝတ္ထုဆုံးလျှင် မျက်လုံးညောင်းညောင်းဖြင့် ခေတ္တ အနားယူရန် မျက်စိကို စုံမှိတ်ထားလိုက်သည်။ မျက်လုံးမှိတ်လိုက်မှ ဆိပ်ကမ်းမှထွက်ခွာလာသော ဧရာဝတီ သင်္ဘောကြီးသည် တရေးရေးပေါ်လျက်ရှိသည်။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

J

သင်္ဘောထွက်လာပြီးနောက် အေးမြသောမြစ်ပြင်လေသည် တဟူးဟူးတိုက်ခတ်လာသည်။ သင်္ဘော ဦးခန်း အံဆွဲတံခါးကို ဦးချစ်မောင်က ဆွဲ၍ ပိတ်ပေးနေခိုက် ကျမလည်း အိမ်နှင့်ခွဲလာခဲ့သော အဖြစ်ကို ရင်နှင့်အောင် ခံစားလျက်ရှိသည်။

သင်္ဘောဦးခန်းထဲ၌ ကျမတို့ ဇနီးမောင်နှံ နှစ်ဦးသာပါသည်။ လပ်ထပ်ပြီး အိမ်၌ သူနှင့် (၇) ရက် နေခဲ့ကာ သူ့နောက်သို့ လိုက်လာခဲ့သော သတို့သမီး ပူပူနွေးနွေးဖြစ်သည်။ သတို့သမီး၏ မရွှင်လန်းသော မျက်နှာကိုကြည့်ကာ သတို့သားလည်း မျက်နှာမကောင်းပေ။

"တင်လေးတော့ ရန်ကုန်ရောက်ရင် တကယ် ဆင်းရဲတော့မှာဘဲ။ ဒီအတွက် စိတ်မကောင်းဘူး"

သတို့သား စိတ်ကောင်းစေအောင် ကျမက စိတ်အားတင်း၍ ပြန်ပြောသည်။

"ကိုကို့အတွက် ဘာမဆို စွန့်လွှတ်နိုင်တဲ့စိတ်ဓာတ် ရှိပါတယ်။ အားလုံးလဲ စွန့်လွှတ်ခဲ့ပြီ။ မပူပါနဲ့"

ကျမအား တစုံတရာမပြောတော့ဘဲ ငြိမ်သက်တိတ်ဆိတ်နေသည်။ "ဘာတွေစဉ်းစားနေသလဲ" ကျမ ထပ်မေးလိုက်သည်။

"တင်လေးဆီက ဒီစကားကြားရတော့ စာအုပ်ထဲက ရှာလီဝေလင် ဇာတ်လိုက်မိန်းခလေးကို အမှတ်ရ နေတယ်"

ရှာလီဝေလင်ဆိုသော မျက်နှာဖြူမိန်းခလေး၏ အမည်နာမသည် ထိုည ထိုသင်္ဘောပေါ်၌ စ၍ကြား ဘူးသော နာမည်ဖြစ်သည်။ နာမည်အပြင် ဘာမှပို၍ မသိပေ။

ရန်ကုန်ရောက်ပြီး မကြာမီ ၃၂ လမ်း စာအုပ်ချုပ်ဆိုင်မှ အဖုံးသစ်ချုပ်ခိုင်းထားသော 'ကွိ' စာအုပ်ကို တွေ့ရသည်။

"လမ်းဘေး အဟောင်း စာအုပ်ဆိုင်တစ်ဆိုင်က တွေ့လို့ ကိုကိုဝယ်ဖတ်တယ်။ ဒီစာအုပ်ဖတ်ပြီး စာအုပ်ထဲမှာ ကိုကိုနဲ့ တထပ်ထဲတူနေတဲ့ အချက်တွေ တွေ့ရတာ သိပ်အံ့သြမိတယ်။ ဒီစာအုပ်ထက် အသဲစွဲအောင် ခိုက်သွားတဲ့စာအုပ် ရှိကိုမရှိသေးဘူး"

'ကွိ' စာအုပ်ကို ကျမ တရိတသေ သိမ်းလိုက်သည်။ တခါတရံ ဟိုလှန် ဒီလှန် ဖတ်ကြည့်သည်။ စာအုပ်ထဲ၌ ရှာလီဝေလင်ဆိုသော မိန်းခလေး၏အမည်ကို တွေ့လိုက်၍ စိတ်ဝင်စားကာ မေးကြည့်သည်။

"သင်းဘောပေါ်မှာပြောတဲ့ ရှာလီဝေလင်ဟာ ဒီ 'ကွိ' စာအုပ်ထဲက ရှာလီဝေလင်လား"

"ဟုတ်တာပေါ့၊ အချိန်ရရင် ဖတ်ကြည့်ပါ"

ရှာလီဝေလင်အကြောင်း သိချင်သောကြောင့် ဖတ်ရန်ကြိုးစားလိုက်သည်။ စာလုံးသေးသေး စာမျက်နှာ ၄၀၀ ကျော်သည့်အပြင် အချို့စကားလုံးများမှာ အဓိပ္ပာယ်သိရန် ခက်နေသည်။ မကြားဘူးသော စကားလုံး တွေများလွန်း၍ သူ့ကိုမေးကြည့်သည်။

ခရစ်တော်ရဲ့ သမ္မာကျမ်းစာများကို ညွှန်ထားကြောင်း၊ အချို့မှာ ဂရိစကားနှင့် လက်တင်စာပေမှ ဝေါဟာရများဟုပြောပြ၍ ဖတ်ဖို့ရန် စိတ်မရှည်နိုင်ခြင်းကြောင့် စိတ်အားထက်သန်ခြင်းက နည်းကာ သိမ်း၍ သာ ထားလိုက်သည်။

ဂျပန်ခေတ် ပြည်လမ်းရှိ စစ်ကာလအတွင်း ဆဋ္ဌမမြောက် ပြောင်းရွှေ့ရသော အိမ်ကြီးသို့ရောက်မှ ဘီရိုထဲတွင် သူမမြင်အောင် လျှို့ဝှက်စွာ သိမ်းဆည်းထားသော ပစ္စည်းများကို သူတွေ့ရှိသွားသည်။

သူ့အကြောင်းကို 'ကျမခင်ပွန်း' အမည်တပ်၍ သူ့ အတ္ထုပ္ပတ္တိရေးရန် စုဆောင်းလာသော သူနှင့်ပတ်သတ်သမျှ အချက်အလက် အကြောင်းအရာ မှတ်စုမှတ်တမ်းများ၊ ဂျပန်ခေတ်အတွင်း လျှို့ဝှက်စွာ လုပ်နေရသော ထောက်လှမ်းရေးလုပ်ငန်းမှ အချို့ အရေးကြီးသော အချက်အလက် အကြောင်းအရာများကို သူမသိအောင် ကူးရေးထားခြင်းများ၊ ထို့ပြင် သူ့အသက် (၂၆) နှစ်၌ မည်မျှဆံပင်ဖြူနေကြောင်းကို သားသမီးများကြီးလာလျှင် ပြချင်၍ ဆံပင်ကိုက်တိုင်း စုသိမ်းထားသော သူ့ဆံပင် အထုပ်များဖြစ်သည်။

ထောက်လှမ်းရေး အထူးသတင်းများကို မလုံခြုံဘူးဆိုကာ အတင်းမီးရှို့ခိုင်းသည်။

သူ့ အတ္ထုပ္ပတ္တိရေးရန် စုဆောင်း ရေးမှတ်ခဲ့သော မှတ်တမ်းစာအုပ်ကြီးကို လှန်ဖတ်ပြီးမှ ကျမကိုမေးသည်။

"ဒါတွေကို ဘယ်လိုအသုံးချမလို့လဲ"

"ကိုကို့ အတ္ထုပ္ပတ္တိ တနေ့ရေးချင်လို့၊ စုရေးမှတ်ထားတာတွေ"

သူသည် ကြက်သေ သေကာ ကျမအား ငေးစိုက်လျက် ကြည့်နေပြီးမှ အသံထွက်လာသည်။

"ကိုကိုလဲ တင်လေးအကြောင်းကို **'My Wife'** လို့ရေးမယ်။ ကိုကို့အပေါ်မှာ တင်နေတဲ့ ကျေးဇူးကြွေးတွေမှာ 'ကွန်ပ်၏ဇနီး' ဆိုတဲ့ စာအုပ် တအုပ်ကိုပါ အကြွေးထည့်မှတ်ထား။ ရေးကိုရေးမယ်"

ကျမက ပြုံးစေ့စေ့ဖြင့် ပြောလိုက်သည်။ "ဒီအကြွေးမဆပ်ခင် အတိုးရော ရမှာလား"

သူသည် ဘီရိုထဲ၌ လျှို့ဝှက်စွာထားသည့် ပစ္စည်းများနှင့်အတူတကွ ထားရှိသော 'ကွိ' စာအုပ်ကို ဆွဲယူလိုက်သည်။

"အကြွေးမဆပ်ခင် အတိုးအရင်ပေးမယ်။ လာ လာ"

ကျမကို အိမ်အောက်ထပ်သို့ ခေါ်ခဲ့ကာ စာကြည့်ခန်းထဲ၌ 'ကွို' စာအုပ်ကို မြန်မာလို ဖတ်သွားသည်။ ရှေ့စာမျက်နှာ သုံးလေးရွက်လောက်တွင် ဝတ္ထုနားထောင်ခြင်းထက် သူ့ကို ပိုမို၍ စိတ်ဝင်စားနေသည်။ မြန်မာစာအုပ် တအုပ်ကို ကိုင်၍ ဖတ်ပြနေသည့်အတိုင်းပင် ဖတ်ပြနေသည်။

အိမ် ကိစ္စ အလုပ်များရှိ၍ ထလုပ်လျှင် "မပြီးသေးဘူးလား။ မြန်မြန်" ဆိုကာ တကောက်ကောက် လိုက်လာလျက်လည်း ဖတ်ပြသည်။ တစ်ခန်း နှစ်ခန်း ဆုံးသွားသောအခါ၌ မြို့ထဲမှ သူပြန်ရောက်လျှင် စာအုပ်ကို သူ့လက်ထဲ၌ထည့်ကာ ဖတ်ခိုင်းရသည်။ နေ့စဉ် မြို့ထဲသွားသည့် အချိန်အခိုက်အတန့် ဖြတ်ထားရသည်ကိုပင် ဆန့်တင့်ဲ့ဖြစ်လျက် စာအုပ်ကို အစွဲကြီးစွဲနေတော့သည်။

မြန်မာလို ဖတ်ပြနေရင်း စာအုပ်ထဲ၌ နားလည်ရန်ခက်သော စကားလုံးဝေါဟာရများ၊ ဂရိလက်တင် စာပေစကားတို့နှင့် ဆက်စပ်သော အချက်များကို တပါတည်း အဓိပ္ပာယ် ရှင်းပြသွားသည်။

'ကွို' သည် ဝေါဟာရစကားလုံးကြွယ်သော သိပ္ပံပညာရှင်ဖြစ်သည်။ ဇာတ်လိုက်မင်းသမီး ရာလီဝေလင်ကပင် ဝေါဟာရ ကြွယ်မှုကို အောချထားရသော ဒေါက်တာ ပါရဂူလေးဖြစ်သည်။

ဝတ္ထုကို စွဲလန်းစွာ အာရုံစိုက်လျက် နားထောင်ခံစားနေခိုက် ဝတ္ထုထဲ၌ ပါလာသော ဝေါဟာရ စကားလုံးတလုံးအတွက် ရှင်းလင်းပြောချက်များ ရှည်လျားလှခြင်းကြောင့် အတော် အောင့်အည်း စောင့်ဆိုင်း နားထောင်ရသည်။ ညွှန်းဆိုထားသော ပုဂ္ဂိုလ်တွေအကြောင်း ရှင်းသည့်အခါလည်း မပြီးနိုင်တော့။

'ဟားဘတ် စပင်ဆာ' ဆိုတဲ့ပုဂ္ဂိုလ်က ဘယ်လိုပုဂ္ဂိုလ်၊ 'သောမတ် (စ) ဟင်နရီ ဟပ်စလီ' က ဘယ်လိုပုဂ္ဂိုလ်၊ 'ချားလ် (စ်) ရောဘတ် ဒါဝင်' က ဘယ်လိုပုဂ္ဂိုလ်မျိုး၊ 'ဂျွန်စတီးဝပ်မီလ်' က ဘယ်သူ၊ 'ဒေးဗစ်ဟွန်း' ဆိုတာက ဘယ်ပြည်သား၊ ဘယ်လိုပညာရှင်၊ 'ဂျွန်ဖစ်' ဆိုတဲ့ ပုဂ္ဂိုလ်က . . . ။

ထိုပုဂ္ဂိုလ်တို့၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်တို့ကို သက္ကရာဇ် ခုနှစ်နှင့်တကွ ရှင်းပြနေသောကြောင့် ဇာတ်လမ်းကိုသာ မဲ၍ သိချင်ဇောဟုန် ပြင်းပျနေသော ကျမမှာ သည်းမခံနိုင်ဘဲ တိုတိုတုတ်တုတ် ဖြစ်နိုင် သမျှ ချုံးပြောရန် အလောတကြီး တောင်းပန်မိသည်။

"စိတ်ရှည်ရှည်ထားပါ။ ဒီစာအုပ်ထဲမှာ ဖြုံးကနဲ မသိနိုင်တဲ့ စကားလုံးတွေ အများကြီးဘဲ။ အဲဒါတွေ ရှင်းမပြရင် အရသာ မပြည့်စုံဘူး။ ရှင်းနိုင်မှ ပိုပြီး အရသာ ပြည့်စုံပြီး ပိုပြီး လေးနက်တယ်"

စာအုပ်ထဲ၌ သူ့စိတ်ကြိုက်နှင့် တွေ့ထားသောအချက်များကို မင်နီမင်ပြာတို့ဖြင့် ရောင်စုံခြစ်ထားသည်။ မြန်မာလို ဖတ်သွားပြီးမှ . . .

"သူ့အင်္ဂလိပ်မူအတိုင်းက ဒီလိုရေးထားတယ်" ဆိုပြီးလျှင် အင်္ဂလိပ်စာအတိုင်း ဖတ်ပြပြန်သည်။ ဤစာပုဒ်ကို စောစောကမြန်မာပြန်ချက်ထက် သူခေါင်းထဲသို့ရောက်လာသော အသစ်စကားလုံးဖြင့် ပြောင်း ၍ မြန်မာလို ဖတ်ပြသွားပြန်သည်။

ဤစာအုပ်ကို လေးငါးရက် ဆက်၍ ဆုံးအောင် နားထောင်လိုက်ရသည်။ နောက်ဆုံး အပြီးသတ်သွားသည့်ညကား ဗုံးကျင်းထဲမှ ညတချက်လောက် အိမ်ပေါ်သို့ ပြန်တက်ကြပြီးနောက် ဆက်လက်၍ ဖတ်သွား ရာည (၃) နာရီတွင် အပြီးသတ်သွားသည်။

သူသည် ပြီးဆုံးအောင်ဖတ်ပြီး ကျမကို စိုက်ကြည့်လိုက်သည်။ ကျမမှာ ဝတ္ထုဆုံးပြီး ခံစားချက်များ ပြင်းပျစွာဖြင့် တစုံတယောက်က ရိုက်နှက်ထုထောင်းသကဲ့သို့ပင် ပုံပျက်ပန်းပျက် နွမ်းနယ်ပျော့ဖတ်နေသည်။

"ဘယ်လိုလဲတင်လေး ကြိုက်ရဲ့လား"

အိမ်ထောင်ကျစ သင်းဘောပေါ်၌ ကြားခဲ့ဘူးသည့် ရာလီဝေလင်၏ နာမည်ကို အိမ်ထောင်ကျပြီး ဂျပန်ခေတ်ရောက်၍ ခလေးသုံးယောက်မိခင် ဖြစ်တော့မှပင် ရာလီဝေလင်နှင့် ကျွမ်းဝင်ရသည်။ ရင်ထဲ၌ ခံစားချက် အကြောင်းအရာ အဖုံဖုံတို့ မချိမဆန့် ပြည့်သိပ်နေ၍ "ကြိုက်ပါတယ်" ဟု တလုံးသာ ပြောနိုင်သည်။

'ကွိ' စာအုပ် မြန်မာဘာသာပြန်သည် လေထဲတွင် ပျောက်ကွယ်၍သွားပြီ ဖြစ်ခြင်းကြောင့် လက်ရေးတို့ မတတ်ခဲ့လေခြင်း၊ ပြောသမျှ လိုက်မရေးမိ လိုက်လေခြင်းဟု အချိန်လွန်မှ နောင်တရကာ ပျောက်သွားသော မြန်မာဘာသာပြန်ကို နှမြောပြီးရင်း နှမြောရင်းဖြင့် စိတ်ထဲ ပြင်းစွာ ခံစားနေရသည်။

"ဘယ်လိုကြိုက်တာလဲ။ ဒီစာအုပ်နဲ့ပတ်သက်ပြီး တင်လေးရဲ့ ခံစားချက်၊ ဝေဖန်ချက်တွေကို ကြားချင်တယ် ပြောစမ်းပါ"

"ပြောစရာတွေက အများကြီးဘဲကိုကိုရယ်။ များလွန်းလို့ ဘယ်ဟာကစပြီး ပြောရမှန်းတောင် မသိပါဘူး"

"ပြော ပြော တချက် စပြော"

နွမ်းနယ် ပျော့ခွေနေသော ကျမထံမှ ကြားရမည့်စကားကို သူသည် စိတ်အားထက်သန်စွာ စောင့်ဆိုင်းနေသည်။

"ကိုကို တင်လေးနဲ့ မတွေ့ခင် 'ကာလင်' လိုလူမျိုးနဲ့ မတွေ့ခဲ့တာ နာတာဘဲ။ တွေ့များတွေ့ခဲ့ရင် ဘယ်လောက်ကောင်းမလဲလို့ စိတ်ထဲမှာ ဖြစ်မိတယ်"

သူသည် လှိုက်လဲစွာ ရယ်မောလျက်ရှိသည်။

သူ့လိုလူ ဝတ္ထုတွင် ကျမရေးခဲ့သည့်အတိုင်း အသက် ၂၆ နှစ်အရွယ်၌ အသက် ၄၀ ခန့် ထင်ရအောင် အိုစာရုပ်ပေါက်ကာ ဆံပင်များဖြူပြီးလျှင် ကျမ်းမာရေး ချို့တဲ့လွန်းခြင်းကြောင့် ကျမမှာ စည်းကတည်းက သေသွားသည်အထိပါပင် အိမ်သာဝင်ပါ၊ ရေချိုးပါ၊ အချိန်နဲ့စားပါ၊ အချိန်နဲ့အိပ်ပါဟု နေ့စဉ် အမြောက်ဖောက်ရသော ဒုက္ခ၊ အသနားခံရသော ဒုက္ခ အတော်ကြီးမားခဲ့ရသည်။ ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမ ဖြစ်တော့မှာဘဲဟု တဖွဖွ ပြောမိသည်။ ကျမထင်ခဲ့သည့်အတိုင်းပင် အသက် ၂၈ နှစ်တွင် မုဆိုးမ ဖြစ်ရသည်။

"ကိုကိုနဲ့တူတဲ့အချက်တွေ သွားတွေ့ရလို့ ကိုကိုဖတ်စက အတော်အံ့သြရတယ်။ ကိုကိုနဲ့တူတဲ့ အချက်တွေ တင်လေးကော မြင်ရဲ့လား"

"မြင်ပ မြင်ပ"

"ပြောပါအုံး။ ဆက်ပြောစမ်းပါအုံး"

"ဇာတ်လမ်းကျောရိုးကိုကြည့်ရင် 'ကွိ' ဆိုတဲ့ ဇာတ်ကောင်နဲ့ ကိုကိုနဲ့ ဆင်တာတွေ တွေ့ပါတယ်။ ဒါပေမယ့် နောက်ခံကားတွေကတော့ ဘယ်တူမလဲ။ ကွဲတာပေါ့"

"ဘယ်လိုကွဲတာ မြင်သလဲ။ ကြားစမ်းပါရစေ။ ပြောစမ်းပါအုံး"

"ဟင်နရီဂျီဆာဖေ့ရဲ့သား 'ကွိ' ရဲ့ အဖေက် အကျိုးပေးပုံက တမျိုး၊ ဗမာပြည်က ဦးချစ်မောင်ဆိုတဲ့ 'ကွိ' ရဲ့ အဖေက် အကျိုးပေးပုံက တမျိုး"

ကျမ ဝေဖန်သံကြား၍ သူသည် တိတ်ဆိတ်သွားကာ ကျမကို ညင်သာစွာပင် စိုက်ကြည့်နေသည်။

သူသည် ကိုးနှစ်သားအရွယ်ကစ၍ မျိုးချစ်စိတ်ကြီးမားရန် သန္ဓေတည်ပြီးသားဖြစ်သည်။ သူသည် ရွှေကျင်ဝန် ဦးကြင်၏မြစ် ဖြစ်ရကား ရွှေကျင်ဝန်ကြီး ဦးကြင် တိုက်ပွဲ၌ ကျဆုံးသွားသောအခါ ဝန်ကြီးဦးကြင်၏မိသားစု ဟင်္သာတ သို့ ထွက်အပြေး အင်္ဂလိပ်မျက်နှာဖြူ လက်ပါးစေများဖြစ်သော ဟင်္သာတဆိပ်ကမ်း စူရတီလူမျိုး အကောက်ဝန်က သူ့အဖွားကို အတင်းအဓမ္မ သိမ်းပိုက်၍ သူသည် မူဆလင်အန္တယ်ထဲ၌ မျိုးဆက်ဖြစ်ပွားလာခဲ့ရသည်။ အသက် ၉ နှစ်အရွယ်၌ သူ့ဖခင်က သူ့အား ပလီတက်၍ မူဆလင်ဘာသာသွင်းပြီး ရှင်ပြုရန် အစီအစဉ်ရှိသည်။ သူ့မိခင်သည် မူးမတ်အမျိုးအနွယ် ဗမာ့သွေးပါ၍ ဗုဒ္ဓဘာသာ ဖြစ်ခြင်းကြောင့် သားအမိနှစ်ယောက် ဘာသာသွင်း မခံရအောင် ကြိတ်၍ ကြံစည်ကြသည်။ ဖခင်၏ မူဆလင် ဘာသာသွင်းကို မခံဘဲ ပလီဘယ်တော့မှမတက်ဖူးဟု ဆုံးဖြတ်ကာ အသက် ၉ နှစ်ခန့် အရွယ် မိခင်၏ ခွင့်ပြုချက်ဖြင့် စစ်ကိုင်းတောင်ရိုး၌ရှိသော ဖွားအေ မယ်သီလရှင်ထံသို့ သူတယောက်တည်း အိမ်မှ ထွက်ပြေးသွားသည်။ ၉ နှစ်သားအရွယ်ကစ၍

သူသည် သူ့ဖခင်နှင့် လုံးဝ ဆက်ဆံမှုမရှိဘဲ ကင်းဝေးခဲ့သည်မှာ ကျမနှင့် လက်ထပ်တော့မှပင် ကျမဖခင်က လက်ထပ်ပွဲ၌ သူ့ဖခင်ပါရမည်ဆို၍ သားအဖနှစ်ယောက်ကြား၌ ကိုယ်စားလှယ်ထား၍ စကားပြောကြဆိုကြရကာ လက်ထပ်ပွဲသို့ သူ့ဖခင်ပါလာခြင်း ဖြစ်သည်။ ၉ နှစ်သားအရွယ်မှ လူလားမြောက်သွားသည်အထိ တကိုယ်တည်းဘဝ စာအုပ်များနှင့် မျက်လုံးမခွာ စာအုပ်များသာလျှင် သူ့အဖော်၊ စာအုပ်များသာလျှင် သူ့ချစ်မြှုပ်၊ သူ့ဘဝ။ သတင်းစာတိုက်သို့ ခြေမချခင် အသက် ၁၈ နှစ်၌ လက်ပံတန်း အစိုးရ ဟိုက်စကူးကျောင်း ၁၀ တန်း၌ အင်္ဂလိပ်စာပြ ဆရာလုပ်လျက် အသက် ၁၈ နှစ်အရွယ်ကပင် အင်္ဂလိပ်သတင်းစာများတွင် အင်္ဂလိပ်ဆောင်းပါးများ ရေးသားနေလေပြီ။ ခလေးဘဝက စ၍ သူ့ကိုယ်သူ တာဝန်ယူကာ သူ့စာသူသင်၊ သူ့ဘဝ သူကျောင်း၊ သူ့ဒုးသူချွန်ခဲ့ရသူဖြစ်သည်။

ထို့ကြောင့် ဇာတ်ကောင်ချင်း ဆင်တူသော်လည်း နောက်ခံကားမတူကြောင်း ပြောရခြင်းဖြစ်သည်။

သူ၏ ပင်ကိုယ် စိတ်နေစိတ်ထား မြင့်မြတ်မှု၊ ရိုးသားဖြောင့်စင်းမှု၊ တိုင်းပြည်နှင့် လူမျိုးအတွက် ကိုယ်ကျိုးစွန့်နိုင်မှု၊ အနစ်နာခံနိုင်မှု၊ စာနာ ညှာတာမှုနှင့် သတင်းစာဆရာ တယောက်အဖြစ်၌လည်း မြန်မာ့အလင်း သတင်းစာတိုက်မှ တိုက်ပိုင်ရှင်များက အဒမ်ဆင်သင်းဘော မုံးပေါက်ကွဲမှုသတင်း ပြင်ထည့်ပေးရန် ခိုင်းခြင်းကို ပြင်မပေး၍ သတင်းစာတိုက်မှ သူ့ကို အမိန့်မနာခံဟု ထုတ်ပစ်လိုက်သည်အထိ သူ၏ယုံကြည်ချက်၊ ခံယူချက်ကို ပြင်မပေးဘဲ တိုင်းပြည်နှင့် လူမျိုးမျက်နှာ၊ သတင်းစာမျက်နှာကို ကြည့်သွားသူ ဖြစ်သောကြောင့် သူနှင့် 'ကို' စရိုက်ချင်း ဆင်တူပုံ၊ အသိဉာဏ်ကြီးပုံချင်း ဆင်တူပုံ၊ ဆင်ခြင်တရားရှိပုံချင်း ဆင်တူပုံတွေကို ပြောရမည်ဆိုလျှင် ယှဉ်ပြောစရာတွေ အများကြီးရှိပါ၏။ သို့သော် သူငြိမ်သက်လွန်းနေ၍ ဤအချက်များနှင့် နှိုင်းယှဉ်ကာ မပြောတော့ဘဲ ကျမက အခြားအကြောင်း ဖောက်ပြောလိုက်သည်။

"ဒီဝတ္ထုထဲမှာ အသဲစွဲဆုံးကတော့ 'ရှာလီဝေလင်' ဘဲ ကိုကို။ ရှာလီက 'ကို' ကို သူ့အိမ်ခေါ်ပြီး 'အုပ်' တဲ့ အခန်းကို သိပ်ကြိုက်တာဘဲ။ ဒီအခန်းကို ဘယ်လိုသဘောကျမှန်းမသိဘူး။ တင်လေးလဲ ကိုကို့ကို ဟိုတုန်းက အုပ်ချင်လိုက်တာ မနည်းချုပ်ထားရတယ်။ အဲဒီတုန်းကသာ စိတ်ရှိတိုင်း ပက်ပက်စက်စက် ပြောချလိုက်ရရင် ကိုကိုနဲ့ တင်လေးလဲ ညားကြမှာ မဟုတ်ဖူး။ ကိုကိုလဲ မိန်းမဆိုရင် ဒီတသက်မှာ လန့်ဖျပ်ပြီး မျက်စိနဲ့ ကြည့်ဝံ့တော့မှာတောင် မဟုတ်ဖူး"

သူလိုလူတွင် ကျမဖော်ပြခဲ့သည့်အတိုင်း စာအုပ်ဆိုင်၌ စာအုပ်ရှာဝယ်ရန် ဆိုင်းကိုညွှန်ပြီးမှ စာအုပ်ဆိုင်သို့ သူလိုက်မပို့နိုင်ကြောင်း၊ သူလိုက်ပို့လျှင် မိန်းမနှင့် သူနှင့် အလွန်ကင်းသူမို့ သူများမြင်သွားက သူသိက္ခာကျရတော့မည်ဖြစ်ကြောင်း၊ ဤသို့ ရိုးရိုးစင်းစင်းကြီး ဖွင့်ပြောခဲ့သည်။

ထိုအချိန်က ကျမ လွန်စွာခံပြင်းခဲ့သည်။ ခံပြင်းလွန်း၍ သူနှင့်မတွေ့ဘဲ ရှောင်နေလိုက်သည်။ ဤတွင် သူ့အမှားကို သူဝန်ချ၍ တောင်းပန်ပုံကား သူ့ကိုခွင့်လွှတ်ပါ၊ သူကို ခွင့်လွှတ်သည်ဆိုလျှင် သူနှင့် ရုပ်ရှင်အတူလိုက်ကြည့်ပါ။ သူ့ကိုယ်သူ ဤနည်းဖြင့် အပြစ်မပေးရလျှင် မနေနိုင်လို့ လက်ခံပါဟူ၏။

ခွင့်လွှတ်ရန် ဤနည်းဖြင့် တောင်းပန်ပုံမှာ နင်ပေါ်ဟယ်ဆင့် ပို၍ဆိုးသေးသည်။

"ဗိုလ်ပုံပရိသတ်ရှေ့မှာ ကျမကိုခေါ်သွားပြီး ရှင့်သိက္ခာ ရှင်ချပြဘို့အတွက် ရှင့်ကိုယ်ရှင် အပြစ်ပေးချင်တယ်ဆိုတာ ကျမပရိသတ်ကကော ရှင်နဲ့အတူတွေ့လို့ ကျမကို ကောင်းချီးဩဘာ ပေးကြမှာတဲ့လား။ ရှင့်လုပ်ပုံက ကျမကို ဘန်းပြပြီး ရှင်က အနာခံမယ်ဆိုတာ တွေးများတွေးကြည့်စမ်းပါဦး၊ ရီစရာကြီး။ ရှင့်ကိုယ်ရှင် လူရီစရာကြီးဖြစ်နေတာ သိရဲ့လား"

ဤစကားလုံးများဖြင့် ကျမ သူ့ကို 'အုပ်' ထည့်ချင်သည်မှာ ပါးစပ်ကိုယားနေ၏။ သူ့ကို ဤသို့ ပစ်ပစ်ခါခါ ပြောပစ်လိုက်ချင်သော်လည်း ကျမစိတ်ကို ကျမ ပြန်၍ချုပ်ခဲ့၏။ တဖက်၌ အာရုံစူးစိုက်မှုများ ကြီးမားသလောက် လူမှုရေးနှင့် မိန်းမဆက်ဆံရေးတို့၌ သူ့တွင် ချွတ်ယွင်းချက်တွေ မြောက်မြားစွာဖြင့် လူရယ်စရာ ကောင်းလောက်

အောင် ဖြောင့်စင်းသည့် လူရိုးကြီးပါလားဟု ဆင်ခြင်မိသည်။ ဤဆင်ခြင်မှုကြောင့် ဂရုဏာသက်စိတ်တွေ သီးခဲသွားကာ ကျမစိတ်ကို ကျမ ပြန်ချုပ်လိုက်နိုင်ပြီးလျှင် သူနှင့်အတူ ရုပ်ရှင်လိုက်ကြည့်ရန် ရဲရဲကြီး ဆုံးဖြတ်လိုက်ရသည်။

သူသည် ကျမဝေဖန်ချက်ကို သဘောကျသည့်အလား ခေါင်းတဆတ်ဆတ်ညိတ်လျက် ပြုံးလျက်နေသည်။

"ရှာလီဝေလင်သာ 'ကွိ' ကို နားမလည်ခဲ့ရင်၊ 'ကွိ' အပေါ်မှာ သနားရကောင်းမှန်း မသိရင် 'ကွိ' ဘဝဟာ တမျိုးတဖုံ ဖြစ်နိုင်တယ်။ ဒီလိုဘဲ ကိုကို့အကြောင်း၊ ကိုကို့ဘဝ၊ ကိုကို့ကို နားမလည်ခဲ့ရင်၊ သနားရမှန်းမသိခဲ့ရင် ကိုကို့ဘဝလဲ တမျိုးတဖုံ ဖြစ်သွားမယ်။ ပြောစမ်းပါအုံး၊ မဟုတ်ဖူးလား"

ကျမက ပြောပြီး ရယ်မောနေသည်။

"အမှန်ဘဲတင်လေး။ 'ကွိ' ဟာ ရှာလီဝေလင်နဲ့ တွေ့ရုပုံ ဖန်တီးပေးပုံဟာ အဆန်းတကြယ်ဘဲ။ ကိုကိုလဲ တင်လေးနဲ့ တွေ့ရုပုံ၊ အကြောင်းပါရုပုံဟာလဲ အဆန်းတကြယ်ဘဲ။ တင်လေးပြောသလို နောက်ခံကားတော့ မတူကြဘူးပေါ့။ ဒါပေမယ့် တင်လေးလဲ ရှာလီဝေလင်ထက် မည့်ပါဘူး၊ ပိုရင်သာ ပိုမယ်။ ဒါကြောင့် တင်လေး အကြောင်းကို စာအုပ်ရေးပြီး အကြွေးဆပ်ယုံမက ဒီအကြွေးရဲ့ အတိုးအဖြစ် အခု ဒီစာအုပ်ကို အဆုံး ဖတ်ပြတာပေါ့"

အလှိုက်သဲလှိုက် ရယ်မောလိုက်သော ကျမ၏ ရယ်မောသံများသည် သူ့စကားလုံးများကို ရှေ့မတိုးသာအောင် လွှမ်းသွားလေသည်။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

၃

ကျမသည် ပက်လက်ကုလားထိုင်ပေါ်၌ ဦးဝင်းတင်၏ ဘာသာပြန်စာမူကြီးကို ရင်မှာပိုက်လျက် ရင်တလှိုက်လှိုက်ဖြင့် မှိတ်ထားသော မျက်လုံးများကို ပြန်ဖွင့်လိုက်ရသည်။

ပြီးခဲ့သော နောက်ကြောင်း အတိတ်တွေ အသစ်ပြန်ဖြစ်လာ၍ ရင်တလှုပ်လှုပ်ဖြင့် နုံးချိုချိုဖြစ်လာသည်။ စာမူကို ခုံပေါ်၌တင်လျက် ပြန်သတိရနေမိသည့် အတိတ်တွေကို ပျောက်ပျက်သွားအောင် ဆေးလိပ်ထဲယူညှိသောက်လိုက်သည်။ ဆေးလိပ်ထိုင်သောက်ပြီးမှ စာမူ၏ နောက်ဆုံးစာမျက်နှာဖြစ်သော ဘာသာပြန်သူ၏ မှတ်ချက်ကို စိတ်အေးလက်အေး ဆက်ဖတ်သည်။

'ကွိ' ကိုဘာသာပြန်သော ဟံသာဝတီ သတင်းစာ အယ်ဒီတာချုပ် ဦးဝင်းတင်က ဤစာအုပ်ကို ဘာသာပြန်ရန် နှစ်ပေါင်းနှစ်ဆယ်ခန့် နောက်ကျသည်ဟု ဆိုထားပါသည်။ ကျမအနေဖြင့် နောက်ကျသည်ဟု မမြင်ပါ။

'ကွိ' စာအုပ်သည် အမေရိကန်စာပေတွင် ဂန္ထဝင်မြောက် စာပေအဖြစ် ထင်ရှားကြော်ကြားလျက် ၁၈ ကြိမ် ထပ်ရိုက်ခဲ့ရသော စာအုပ်တစ်အုပ် ဖြစ်ခဲ့သည်။ မြန်မာဘာသာသို့ ပြန်ရန် နှစ်ပေါင်းနှစ်ဆယ်မက နှစ်ပေါင်း ငါးဆယ်ပင် နောက်ကျသည်ဖြစ်စေကာမူ မြန်မာပြည်အတွက် မြန်မာဘာသာ ပြန်သင့်သော စာအုပ်တစ်အုပ် ဖြစ်ပါသည်။ ဤစာအုပ်ကို ယနေ့အထိ ဘာသာမပြန်ရသေးသောနိုင်ငံများ ရှိလျှင်လည်း ၎င်းတို့ဘာသာဖြင့် ပြန်သင့်သောစာအုပ်တအုပ် ဖြစ်ပါသည်။ ဤစာအုပ်သည် သတင်းစာ နယ်ပယ်၌ သတင်းစာဆရာ ဖြစ်ချင်သူများအတွက် ဘယ်သောအခါမျှ ခေတ်နောက်ကျသော အမျိုးအစား စာအုပ်မျိုး မဟုတ်ပါပေ။ မည်သည့်ခေတ်၌မဆို သတင်းစာလောက၊ သတင်းစာကမ္ဘာ တည်ရှိနေသရွေ့လည်း ဤစာအုပ်သည် လေးနက်သော ဂန္ထဝင်မြောက် သတင်းစာဆရာ ဘဝသရုပ်ဖော် ပုံသဏ္ဌာန်ဖြင့် အသက်ဝင် တည်ရှိနေနိုင်သည့် စာအုပ်မျိုးဖြစ်သည်။

မြန်မာ့မျက်နှာမောင်

ဘာသာပြန်သူ၏ မှတ်ချက်ထဲ၌ “ ‘ကွိ’ သည် ဦးချစ်မောင်အား တိုင်းပြည်က အားထားရသော များများ မတ်မတ် သတင်းစာဆရာကြီးတဦးအဖြစ်သို့ ရောက်အောင် စေ့ဆော်ပေးခဲ့သည်ဟု ဆိုနိုင်ကောင်းဘွယ်ရှိသည်” ဟူ၍ ဆိုထားပါသည်။ “ ‘ကွိ’ ၏ စေ့ဆော်မှုကြောင့် မြန်မာနိုင်ငံတွင် ထူးချွန်သော သတင်းစာဆရာကြီး ပေါ်ပေါက်ခဲ့သည် မဟုတ်ဟု ဆိုဦးတော့ . . . ” ဟူ၍လည်း ဆိုထားပါသည်။ ထို့ပြင် “ ‘ကွိ’ ကိုဖတ်ပြီး ဦးချစ်မောင်သည် ကိုယ့်ကိုယ်ကို အသိအကြွယ်ဆုံး၊ အမြင်အကျယ်ဆုံး၊ အရိုးဖြောင့်ဆုံး၊ တာဝန်အသိဆုံးဖြစ်အောင် ကြိုးပမ်းခဲ့သည်ဟု ဆိုနိုင်ကောင်း ဆိုနိုင်ပါလိမ့်မည် . . .” ဟူ၍လည်း ဆိုထားပါသည်။

ဘာသာပြန်သူ၏ မှတ်ချက်ကို ကျမကဝင်၍ ရှင်းချင်စိတ်မရှိသော်လည်း ဦးဝင်းတင်ဘက်မှ ဦးချစ်မောင်၏ ပင်ကိုယ်ဗီဇ ဇစ်မြစ် ဇရိုက်၊ ပင်ကိုယ်အရည်အသွေး၊ နောက်ခံကား ရာဇဝင် ကုန်စင်အောင် မသိနိုင်လျှင် ထိုအတိုင်းပင် မှတ်ချက် ချရလိမ့်မည် မှန်ကန်သော်လည်း ဦးချစ်မောင်၏ အနီးစပ်ဆုံးသော ဇနီးအနေဖြင့် တာဝန်ရှိ၍ ပြောရမည်ဆိုလျှင် ကာယကံရှင် ပုဂ္ဂိုလ်ကိုယ်တိုင်က ‘ကွိ’ နှင့်သူနှင့် တူသောအချက်တွေပါ၍ သိပ်အံ့သြသွားတာဘဲဟု ဆိုသွားသောစကားကြောင့် ‘ကွိ’ နှင့် ဦးချစ်မောင်တို့သည် ပုံသဏ္ဌာန်ချင်း ဆင်တူကြခြင်းသာဖြစ်ကြောင်း ပြောရမည်ဖြစ်ပါသည်။

‘ကွိ’ စာအုပ်ကို ဘာသာပြန်ရာ၌ ဘာသာပြန်သူ၏ ရည်ရွယ်ချက်သည် အလွန်မွန်မြတ်ပါသည်။ အလွန်မွန်မြတ်သော ရည်ရွယ်ချက်ဖြင့် ဘာသာပြန်ခြင်းကြောင့် ဦးဝင်းတင်၏ ရည်ရွယ်ချက်ကို အလွန်လေးစားမိပါသည်။

ပြည်သူကို စည်းရုံးလှုံ့ဆော်ပေးသော တိုင်းပြည်၏မဏ္ဍိုင်ကြီးဖြစ်သည့် သတင်းစာလောကဌ ဘဝကိုမြှုပ်နှံကာ ကိုယ်ကျိုးစွန့်စိတ် အပြည့်အဝ၊ အနစ်နာခံစိတ် အပြည့်အဝ၊ ရိုးသာ ဖြောင့်တန်းစိတ် အပြည့်အဝ၊ နှိုင်းချိန်စိတ် အပြည့်အဝဖြင့် နိုင်ငံ၏ဝိညာဉ်၊ ပြည်သူ၏လိပ်ပြာကို ကာကွယ်စောင့်ရှောက်မည့် သတင်းစာသမား၊ သွေးသစ်ဉာဏ်သစ်များ ပေါ်ထွန်းပေါက်ဖွားရေးအတွက် ထားရှိသော စေတနာသည် တန်ဖိုးမဖြတ်နိုင်အောင် ထူးမြတ်သော စေတနာလည်း ဖြစ်ပါသည်။

ရှေးအကျဆုံးသော အနုပညာပုံသဏ္ဌာန် ရေးသားဟန်နှင့် အလွန်ခန့်ညားသိမ်မွေ့ခြင်းလည်း ရှိ၊ အလွန်နက်ရှိုင်းကျယ်ဝန်းခြင်းလည်းရှိကာ စကားလုံး အသုံးအနှုန်း ခက်ခဲသော ဤစာအုပ်ကို ချုံ့နိုင်သမျှ ချုံ့၍ရိုးရိုးစင်းစင်း လွယ်လွယ်ရှင်းရှင်းဖြစ်အောင် မြန်မာဘာသာ ပြန်ဆိုနိုင်ခြင်းသည် သာမန်စာရေဆရာတယောက်အဖို့ ဤမျှလွယ်အောင် ရှင်းအောင် စင်းအောင် ပြန်ဆိုနိုင်လိမ့်မည် မထင်မိပေ။ ဘာသာပြန်ဆိုသည့် ပုဂ္ဂိုလ်သည် သတင်းစာဆရာတဦး ဖြစ်၍သာလျှင် သူ၏ကျွမ်းကျင်သော တည်းဖြတ်နိုင်မှု အတတ်ပညာဖြင့် မူလအဓိပ္ပာယ်လည်းမပျက်၊ ခန့်ညားသိမ်မွေ့သော ဂုဏ်အင်္ဂါလည်းမပျက်၊ နက်ရှိုင်းကျယ်ဝန်းခြင်း ရှိသည်တို့လည်း မပျောက်စေရအောင် ကျဉ်း၍ ချုံး၍ ဘာသာပြန်ထားခြင်းကြောင့် မြန်မာစာဖတ်ပရိတ်သတ်အတွက် ဖတ်ချင်ဘွယ်ရာကောင်းအောင် ပေါ်လွင်လာသေးသည်ဟု လှိုက်လှိုက်လဲ့လဲ့ ကျမ ချီးကျူးမိပါသည်။

စာဖတ်သူတို့အား ကျမ တိုက်တွန်းလိုပါသည်။ ဤစာအုပ်ကို တခေါက်ထက်ပို၍ တတ်နိုင်သမျှ ထပ်၍ဖတ်ရှုပါရန် တိုက်တွန်းလိုပါသည်။ တိုက်တွန်း၍အပြီး တောင်းပန်လိုသေးသည်မှာ စာဖတ်ပရိတ်သတ် လွယ်ကူစွာ သဘောပေါက်စေလိုသော စေတနာထူးဖြင့် ဘာသာပြန်သူသည် စာအုပ်၏အောက်ခြေ၌ မှတ်စုများကို ရှာဖွေစုဆောင်း ဖော်ပြထားရှိပါသည်။ ဤမှတ်စုများကို မျက်စိမရှုပ်ကြစေရန် တောင်းပန်လိုပါသည်။

ဤစာအုပ်ကို ဖတ်ရာတွင် ဤမှတ်စုများကြောင့် အလွယ်တကူ ထိုင်ရာမထ သိရခြင်းဖြင့် ဤဇာတ်လမ်းသည် မည်မျှနက်ရှိုင်းသွားကာ ဇာတ်လမ်း၏ လေးနက်သော အရသာများကို အပြည့်အဝ တလက်စတည်း ခံစားရမည်ဖြစ်ခြင်းကြောင့် ဖြစ်ပါသည်။ ထိုမှတ်စုများကို ရှာဖွေထည့်ပေးထားသော ဦးဝင်းတင်အား စာဖတ်သူတိုင်းက အလေးပြု ကျေးဇူးတင်ရှိကြမည်မှာ မလွဲဧကန် ဖြစ်ပါသည်။

ဤစာအုပ်သည် ဘာသာပြန်သူ ရည်ညွှန်းလိုသော ပြည်သူကို ပညာပေးသည့်၊ ပြည်သူ့အကျိုးကို ကာကွယ်စောင့်ရှောက်သည့် ဆိုရှယ်လစ် သတင်းစာသမားကောင်းများ ပေါ်ထွန်းရေးအတွက်သာမက ဤစာအုပ်သည် ထူးချွန်ထက်မြက်သော အမျိုးသမီးများ ပေါက်ဖွားရေးအတွက်လည်း အကျိုးဖြစ်ထွန်းနိုင်သော ဘာသာပြန်ချက် ဖြစ်ပါသည်။

ဉာဏ်ကြီးသော အမျိုးသမီး၊ အများအကျိုး ဆောင်ရွက်လိုစိတ် ပြင်းပျသော အမျိုးသမီး၊ ယောကျ်ားတို့နှင့် ရင်ဘောင်တန်း ဆောင်ရွက်နိုင်သော အစွမ်းသတ္တိ ကြီးမားသည့် အမျိုးသမီးများ ပေါ်ထွန်းပေါက်ပွားအောင် ဤ ဘာသာပြန်စာအုပ်က အထောက်အပံ့ပြုခြင်းကြောင့် အမျိုးသမီးစာရေးဆရာတစ်ဦးဖြစ်သော ကျမက အမျိုးသမီး အပေါင်းတို့၏ကိုယ်စား ဦးဝင်းတင်အား ကျေးဇူးတင်ရှိပါသည်။

ကျေးဇူးတင်စကား ဆိုရသည်ကို ဤအချက်များဖြင့် အားမရ မတင်းတိမ်နိုင်သေးပါ။ လေထဲ၌ ပျောက်ကွယ်၍သွားခဲ့သော ဘာသာပြန်အတွက် ဆုံးရှုံးခဲ့ရခြင်းကြောင့် နှမြောမဆုံးနိုင်အောင် ဖြစ်ခဲ့ရသော ကျမကို လုံ့လကြီးစွာဖြင့် ပြန်၍ ဖော်ထုတ်ပေးအပ်ရုံမျှမက၊ ပျက်ကွက်နေသော ကျမ၏တာဝန်တရပ်ကို ပခုံးထမ်းပြောင်းယူကာ မဖြစ်ဖြစ်အောင် ဘာသာပြန်ပေးသော ဦးဝင်းတင်၏ ကျေးဇူးကား ကြီးမားပါပေစွ။

ကျေးဇူးအထူး တင်ရှိစွာဖြင့်
ဂျာနယ်ကျော် မမလေး

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

မြသန်းတင့်၏
အမှာ

၁

ကိုဝင်းတင်နှင့် ကျွန်တော် မတွေ့သည်မှာ ကြာပြီ။ နှစ်ပေါင်း နှစ်ကျိပ်နီးပါးပင် ရှိတော့မည်ဟု ကျွန်တော် ထင်သည်။

လွန်ခဲ့သည့် မေလထဲတုန်းက ချင်းတောင်မှအပြန် မန္တလေးဝင်သည့်အခါကျမှ ကိုဝင်းတင်နှင့် ပြန်တွေ့ကြသည်။ ကျွန်တော်တို့ နှစ်ယောက် ထုံးစံအတိုင်း တွေ့သည့်အခါ၌ စကားကြာကြာ ပြောဖြစ်ကြသည်။ ပြောစရာ စကားတွေ များသဖြင့် ရုတ်တရက် ဘယ်ကစ၍ ပြောရမှန်းမသိကြ။ စကားစကို ရုတ်တရက် ရှာမတွေ့ကြ။ စိတ်ထဲပေါ်ရာ၊ ပါးစပ်ထဲတွေ့ရာကို ရှောက်ပြောကြသည်။ ကွဲကွာသွားသည့် နှစ်များအတွင်း ကျွန်တော်တို့နှစ်ဦး ကြုံတွေ့ခဲ့ကြသည့် ဘဝအတွေ့အကြုံများကို ပြောကြသည်။ ကျမ်းမာရေး၊ အလုပ်အကိုင်၊ ပေါင်းဟောင်းသင်းဟောင်းများ၊ စာနယ်ဇင်းလောက၊ စာကြောင်း ပေကြောင်း။

ကျွန်တော်တို့နှစ်ယောက် စကားကောင်းကောင်း မပြောဖြစ်ကြ၊ အယ်ဒီတာချုပ် လုပ်နေရသူပီပီ သူ့ထံသို့ ဧည့်သည်တွေ တစ်ယောက်ပြီးတစ်ယောက် လာနေကြသည်။ လက်ထောက် အယ်ဒီတာတွေ ခဏခဏ ပေါက်လာကြသည်။ နယ်က၊ မြို့က သတင်းထောက်တွေ၊ ဆောင်းပါးရှင်တွေ တဖွဖွရောက်လာကာ ဝင်လိုက် ထွက်လိုက် လုပ်နေကြသည်။ စာစီခန်းမှ ဖိုမင်က ကော်ဗီလာလာတောင်းနေသည်။

ကိုဝင်းတင်က ကျွန်တော့်ကိုတောင်းပန်ကာ လာသမျှဧည့်သည်တွေကို ဧည့်ခံရသည်။ တိုင်တန်းချက်များကို ဖြေရှင်းရသည်။ သူ့သတင်းမှန်လျက်သားနှင့် မထည့်ရကောင်းလားဟု နယ်သတင်းထောက်က အပြစ်တင်သည်။ သူ၏ တိုင်းတန်းစာများကို မထည့်ရကောင်းလော၊ ဤနှစ်နာချက်များကို ဤအတိုင်း ခံနေရမည်လောဟု ဆောင်းပါးရှင်တဦးက ရင်ဖွင့်သည်။ မိမိတို့ဌာနကို သရော်ထိပါးသည့် ကာတွန်းကို ထည့်ရမည်လောဟု အစိုးရဌာန အရာရှိတဦးက ကြိမ်းသည်။ သတင်းထောက်ပေးသည့် မမှန်သတင်းများကို ထည့်ရမည်လော၊ ဤသို့ထည့်ခြင်းသည် မိမိတို့မြို့နယ်ကောင်စီ၏ သိက္ခာကို ထိခိုက်စေနိုင်ကြောင်း မသိသလော၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်

ကို ထိပါးရာရောက်သည်ကို မသိသလောဟု မြို့နယ်တာဝန်ခံတဦးက ဆိုသည်။ မှောင်ခိုပစ္စည်း မိသည့်သတင်းတွင် အိမ်နံပတ်လွဲကာ မိမိအိမ်နံပတ် ပါနေသည်၊ ထို့ကြောင့် မိမိဂုဏ်သိက္ခာကို ထိခိုက်သည်၊ နောင်တွင် သီးခံနိုင်မည်မဟုတ်၊ အသရေပျက်မှုဖြင့် တရားစွဲရမည်ဟု သက်ဆိုင်သူ ကာယကံရှင်တဦးက ခြောက်သည်။ စာစီခန်းမှ လုပ်သားတဦးက ဆန်မရှိ၍ ဆန်လာတောင်းသည်။ သူတို့အသင်း၏ သတင်းကို ထည့်ရသလောဟု သမဝါယမ လူကြီးတဦးက ရန်ထောင်သည်။

ကျွန်တော်သည် အယ်ဒီတာချုပ် စာပွဲတွင်ထိုင်၍ ပြဿနာများကို ဒိုင်ခံဖြေရှင်းနေရသည့် ကိုဝင်းတင်ကို ကြည့်၍ မောရသည်။ ဝံသာနုခေတ်ဦးတုန်းက ဝံသာနုခေါင်းဆောင်တဦးဖြစ်သူ မောင်သိန်းမောင်က "နိုင်ငံရေးဆိုတာ ကသိုလ်တပဲ ငရဲတပိသာ" ဟု ပြောခဲ့ဘူးသည်။ ထိုစကားသည် သတင်းစာဆရာအတွက် ပိုမှန်လိမ့်မည်ဟု ကျွန်တော်ထင်သည်။

ကိုဝင်းတင်၏ မျက်နှာသည် ပင်ပန်းနွမ်းနယ်ဟန် ပေါက်နေသည်။ ဇည့်သည်တွေ စဲသွား၍ ကျွန်တော်နှင့် စကားတခွန်း နှစ်ခွန်းပြောကာရှိသေး။ နောက်ထပ် ဇည့်သည်တယောက် ရောက်လာပြန်သည်။ ကျွန်တော် စိတ်ပျက်သွားသည်။ သို့ရာတွင် ကိုဝင်းတင်၏မျက်နှာသည် ထိုဇည့်သည်ကို မြင်လိုက်သည့်အခါတွင် ဝင်းထိန်သွားသည်။

"အတော်ဘဲဗျို့၊ ခင်ဗျားကို မျှော်နေတာ"

ကိုဝင်းတင်က အံဆွဲထဲမှ ငွေစက္ကူထုပ်ကြီးကို ထုတ်၍ပေးသည်။ ကျွန်တော့်အထင် သုံးလေးထောင်လောက်တော့ ရှိမည်။

"နောက်ထပ် ဘယ်နှစ်တင်းလောက် ရအုံးမလဲ"

ကိုဝင်းတင်က မျှော်လင့်ချက်ကြီးစွာဖြင့် မေးသည်။

"တင်းတရာလောက်တော့ ရပါလိမ့်မယ်ဆရာ။ ဆန်ကတော့ သိပ်မကောင်းဘူး။ ငစိန်ဘဲ"

ဇည့်သည်က ဖြေသည်။

"ဘာဘဲဖြစ်ဖြစ်ဗျာ။ စားလို့ရရင် ပြီးတာဘဲ။ ရော့ သုံးထောင်"

ကိုဝင်းတင်က ငွေစက္ကူထုပ်ကြီးကို ထိုးပေးသည်။ ဇည့်သည်က ခဏစကားပြောပြီး ပြန်သွားသည်။

ကျွန်တော်သည် ကိုဝင်းတင်ကို ကြည့်၍ အံ့သြနေသည်။ သည်လူ ဘာတွေလုပ်နေသနည်း။ တာဝန်ရှိပုဂ္ဂိုလ်တယောက်၊ အယ်ဒီတာချုပ်ကြီးတယောက် ဖြစ်ပါလျက်နှင့် မှောင်ခို ဆန်ကုန်ကူးနေသလော။ အရင်က ကိုဝင်းတင်သည် ငွေကြေးကို မက်မောသူမဟုတ်။ သူ့ရှေ့သို့ လာဖြန့်သော လက်ဝါးထဲသို့ အိတ်ထဲကရှိသမျှ ပိုက်ဆံကို ထုတ်ပေးတတ်သူ ဖြစ်သည်။ ယခု ကိုဝင်းတင် မည်သို့ဖြစ်သွားသနည်း။ အိမ်ထောင်မရှိ တကိုယ်တည်းနေသူဖြစ်ပါလျက် မှောင်ခိုကုန်ကူးသည်အထိ စီးပွားရေးနောက်သို့ တကောက်ကောက် လိုက်သွားပြီလော။

အကျဉ်းထောင်ထဲတွင် နှစ်ပေါင်းများစွာနေပြီး အပြင်လောကသို့ ကျွန်တော်ပြန်ရောက်လာသည့်အခါ၌ ယုံကြည်နိုင်စရာမရှိအောင် လုံးဝ ပြောင်းလဲသွားကြသူများကို ကျွန်တော် မြင်နေရသည်။

ယခင်က သမာဓိရှိသူဟု ကျွန်တော်ထင်ခဲ့သူအချို့သည် စာရိတ္တအရာ၌ ကုန်းကောက်စရာမကျန်အောင် ချွတ်ခြုံကျနေကြသည်။ "ငါသာ လက်ဝဲအကျဆုံး" ဟု ကျယ်ကျယ်လောင်လောင် ကြွေးကြော်ခဲ့သူအချို့သည် ဝိဇ္ဇာဂိုဏ်းတွေ၊ အထက်ဂိုဏ်းတွေထဲ ရောက်ကာ အကြားအမြင်ပေါက်သူတွေ ဖြစ်နေကြသည်။ ရုပ်ဝါဒီ ဆိုသူအချို့သည် ပရလောကကို မယုံမရှိနှင့် ကိုယ်တွေ့ဟု ပြောကုန်ကြသည်။

ကိုဝင်းတင်သည် ပြောင်းလဲနေပြီလော။ ခေတ်မှီအောင် တဖက်တွင် အယ်ဒီတာချုပ်လုပ်ရင်း အခြားတဖက်တွင် မှောင်ခိုကုန် ကူးနေသည်လော။ ယခုပင် ကျွန်တော့်ရှေ့တွင် ဆန်ဝယ်ရန် ငွေသုံးထောင် ထုတ်ပေးလိုက်ပြီ။

ကျွန်တော်သည် ကိုဝင်းတင်ကို နားမလည်သလို ငေးကြည့်နေသည်။ သူ့ကိုကြည့်၍ အံ့သြနေသည်။

ကိုဝင်းတင်ကလည်း ကျွန်တော့် အကြည့်ကို ရိပ်စားမိပုံရသည်။ သူက ဘာမျှ ရှင်းလင်းချက် မပေး။ ကျွန်တော် မအောင့်နိုင်တော့။

"ဆန်တွေက ဘာလုပ်ဖို့လဲ များလှချည်လား"

ကျွန်တော်က ဖွင့်မေးသည်။ သည်တော့မှ ကိုဝင်းတင်က မသက်မသာ ပြုံးကာ . . .

"ကျွန်တော့်တိုက်က အလုပ်သမားတွေဘို့လေ။ တိုက်မှာရှိတဲ့ သက်သာချောင်ချိရေးအသင်း ရန်ပုံငွေနဲ့ ဆန်အရှာလွှတ်ရတာ။ ပိုက်ဆံလိုတဲ့အခါလဲ ကိုယ်က စိုက်သင့် စိုက်ရတာပေါ့"

စောစောက ကျွန်တော်အထင်မှားနေပြီ။ အယ်ဒီတာချုပ် ဆန်ရှာရသည့်အဖြစ်ကို ယခုမှ ကျွန်တော် သဘောပေါက်သည်။

"အယ်ဒီတာချုပ် လုပ်ရတာလဲ မစားသာပါလားဗျား။ ဆန်ရှာရ၊ ဟိုလူ ဒီလူ ငြူစူတာ ခံရ"

ကျွန်တော်က ညည်းသည်။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

၂

ကိုဝင်းတင်က နန်းရှေ့ ပြည်တော်သာရှိ သူ့တိုက်ခန်းသို့ ညစာစား ဖိတ်သည်။ သတင်းစာတိုက်တွင် စကားပြောချိန်မရ။

သူ့တိုက်ခန်းတွင် ဘာမှမရှိ။ စာပွဲတလုံး၊ ပက်လက်ကုလားထိုင် နှစ်လုံး၊ မတ်တတ်ကုလားထိုင် နှစ်လုံး သုံးလုံး။

အိပ်ခန်းထဲတွင် ခုတင်တလုံးရှိသည်။ နံရံပတ်လည်တွင် စာအုပ်စင်များ တန်းစီနေသည်။ လုံချည်ဟောင်းများ၊ အင်္ကျီဟောင်းများ တန်းပေါ်၌ ဖရိဖရဲ။ ခြင်ထောင်စ တစက ပင့်တင်ထားပြီး နောက်တစက အောက်သို့ လျှောကျနေသည်။ ဘာမျှ သပ်သပ်ရပ်ရပ်မရှိ။

"ခင်ဗျားလဲ ဖုန်းမောင်တယောက်ထဲဘဲနော်"

ကျွန်တော်က သူ့အခန်းကို အကဲခတ်ရင်း ပြောသည်။

"တယောက်ထဲဘဲ ကောင်းပါတယ်ဗျာ။ ခင်းဗျား တစ်ခါက ကိုးကားဘူးတဲ့ အစ်ဗဆန်ရဲ့ စကားလိုပေါ့။ 'လူဟာ တယောက်ထီးတည်း နေရတဲ့အခါမှာ ပိုပြီး အားခွန်သတ္တိ ကောင်းလာတယ်' ဆိုတာလေ"

ကိုဝင်းတင် ရောက်လာသည်ကို မြင်သဖြင့် အိမ်နားက ကလေးတွေ တယောက်ပြီးတယောက် ရောက်လာကြသည်။ တယောက်ကို မုံ့ဘိုးနှင့် သကြားလုံးပေးသည်။ ကလေးက တယောက်နှစ်ယောက် မက၊ ဆယ်ယောက်ခန့် ရှိမည်ထင်သည်။

"ကျွန်တော့် အပေါင်းအသင်းတွေလေ။ ကျွန်တော်အလုပ်က ပြန်လာရင် လာနှုတ်ဆက်နေကျ။ ကျွန်တော်တော့ ဒီကလေးတွေနဲ့ဘဲ ပျော်ရတာဘဲဗျို့"

ကိုဝင်းတင်က ခပ်စောစောကလို မသက်မသာ ပြုံးသည်။

"အလုပ်ပင်ပန်းပြီး စိတ်ရှုပ်လာတုန်း ဒီချာတိတ်တွေကို မြင်လိုက်ရရင် လန်းဆန်းသွားတာဘဲ"

ကျွန်တော်က ကိုဝင်းတင်ကို တိတ်ဆိတ်စွာ ကြည့်နေသည်။ နည်းနည်းဝလာ၍ အသားနည်းနည်း ဖြူလာသည်ကလွဲ၍ ဘာမျှမပြောင်း။

မြန်မာ့မျှားနတ်မောင်

အရင်တုန်းကလို ဖြစ်သလိုစား၍ ဖြစ်သလိုနေတုန်း။ အရင်တုန်းကလို အဝတ်အစားကို ဘိသီဘတ်သီ ဝတ်တုန်း။

သူ့အခန်းသည် သတင်းစာဆရာတယောက်၏ အခန်းနှင့်မတူ၊ စာရေးဆရာ၊ ကဗျာဆရာတယောက်၏ အခန်းနှင့် တူနေသည်။

"တကယ်က ခင်ဗျားက စာရေးဆရာဖြစ်ဖို့ ကောင်းတာ"

ကျွန်တော်က ပြောလိုက်သည်။

"ကံဆိုတာကို ခင်ဗျားယုံသလား"

ကျွန်တော်က စဉ်းစားနေသည်။ အတန်ကြာမှ

"လူတယောက်ဟာ ကမ်းခြေတခုကနေပြီး ပုလင်းတလုံးကို ပင်လယ်ထဲ မျှောလိုက်တယ်။ နောင် နှစ်ပေါင်း အစိတ်လောက်ရှိတဲ့အခါကျတော့ တခြားကမ်းခြေတခုမှာ အဲဒီပုလင်းကို သွားတွေ့တယ်။ ဒါဟာ ၁၉၇၀ ခုနှစ်က တကယ်ဖြစ်ခဲ့တာ"

ကိုဝင်းတင်က ကျွန်တော့်ကို နားမလည်သလို ကြည့်သည်။

"အဓိပ္ပာယ်က"

"နိုင်ငံခြား သတင်းတပုဒ်ထဲမှာ ပါတာလေ။ ဒုတိယကမ္ဘာစစ် အတွင်းတုန်းက ပြင်သစ်စစ်သားတယောက်ဟာ နာဇီ သုံ့ပန်းဖြစ်ပြီး နော်ဝေ သုံ့ပန်းစခန်းတခုမှာ ရောက်နေတယ်။ ကမ္ဘာလောကကြီးနဲ့ အဆက်ပြတ်နေတယ်။ တနေ့တော့ ပြင်သစ်သုံ့ပန်းတွေ နော်ဝေရောက်နေတဲ့အကြောင်း ပုလင်းလွတ်တလုံးထဲ စာရေးထည့်ပြီး ပင်လယ်ထဲကို မျှောလိုက်တယ်။ စစ်ကြီးပြီးလို့ အနှစ်အစိတ်လောက်ကြာတဲ့အခါကျတော့ ပြင်သစ်စစ်သားဟာ ပြင်သစ်တောင်ပိုင်း ကမ်းခြေမှာ တံငါလုပ်နေရင်း သူ့ပုလင်းကို သွားတွေ့တယ်"

"ဒီတော့"

"ကံဆိုတာဟာ ပုလင်းလွတ်တလုံးကို ပင်လယ်ထဲ မျှောကြည့်လိုက်တာနဲ့ တူတယ်"

"တိုက်ဆိုင်မှုလို့ ဆိုပါတော့" ကိုဝင်းတင်က ခပေါင်းစီးကရက်တလိပ်ကို ကောက်၍ညှိရင်း ပြောသည်။

"လွန်ခဲ့တဲ့ နှစ်ပေါင်းအစိတ်လောက်က ပင်လယ်ထဲ မျှောခဲ့တဲ့ပုလင်းဟာ တနေ့မှာ ကိုယ့်ဆီပြန်ရောက်ချင် ရောက်လာတာ"

"ဟုတ်တယ်။ ကျွန်တော်ပြောချင်တာလဲ ဒါဘဲ။ ခင်ဗျား မှတ်မိအုံးမလားမသိဘူး။ လွန်ခဲ့တဲ့ အနှစ်အစိတ် ကျော်လောက်တုန်းက ကျွန်တော် ကျောင်းနေရင်း အကျိုးဆောင် ဂျာနယ်မှာ အယ်ဒီတာ ဝင်လုပ်ခဲ့ဘူးတယ်လေ။ ဂျာနယ်လဲ ပြုတ်သွားတယ်။ ကျွန်တော်လဲ မအောင်မြင်ဘူး။ ဒါပေမယ့် အခု အနှစ် နှစ်ဆယ် အစိတ်ကြာတော့ ကျွန်တော် သတင်းစာလောကထဲ ပြန်ရောက်နေတယ်။ ပထမ ကြေးမုံ၊ နောက် အိုးဝေ၊ နောက် ကြေးမုံ၊ ခု ဟံသာဝတီ။ လွန်ခဲ့တဲ့ အနှစ်အစိတ်က ပင်လယ်ထဲကို ကျွန်တော်မျှောခဲ့တဲ့ ပုလင်းကို ကျွန်တော် ပြန်တွေ့တယ်။ ကျွန်တော် ဖြစ်ချင်တာက စာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီ ဝေဖန်ရေးသမား၊ ဓာတ်ပုံဆရာ"

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

၃

၁၉၄၈။

တက္ကသိုလ် ဝိဇ္ဇာသင်တန်းခန်းမ စက််န်များပေါ်၌ ကိုဝင်းတင်နှင့် ကျွန်တော် ပထမ ဆုံမိကြသည်။ နောက် သင်တန်းခန်းမများထဲတွင် ဆုံမိကြပြန်သည်။

သည်တုန်းက ကိုဝင်းတင်သည် ယခုလောက်မဝသေး။ ဆံပင်ကို ဖွာရာကြဲ၍ ပင်နီဖျင်ကြမ်း လက်ရှည်ကြီး ဘိုသီဘတ်သီဝတ်လျက်။ ပုဆိုးတိုတို ဝတ်ထားသည်။ ကျွန်တော်လည်း သူ့လို အဝတ်အစား မသပ်မရပ်။ ဆံပင် စုတ်ဖွားနှင့်။

ကျွန်တော်တို့နှစ်ယောက်သည် အတန်းတိုင်းတွင် နောက်ဆုံးခုံတန်းတွင် ထိုင်ကြသည်။ ကျွန်တော်တို့နှစ် ယောက်အနီးတွင် မည်သူမျှမရှိ။ ရှေ့ပိုင်းက ဆရာသင်သမျှကို ကျွန်တော်တို့ကောင်းကောင်းမကြားရ။ ကျွန်တော် တို့ကလည်း အာရုံမစိုက်။ နှစ်ယောက်သား စာပေအကြောင်း၊ ကဗျာအကြောင်း ပြောကြသည်။ ကဗျာတွေစပ်ကြ သည်။ စာသင်ချိန်တွင် စပ်သော ကဗျာများကို တယောက်တလှဲ့ လဲဖတ်ကြသည်။

ဆရာမောင်မောင်ကြီးက နေမိရကန်ကို သင်နေချိန်တွင် ကျွန်တော်တို့နှစ်ယောက်သည် ကဗျာသစ်ပုံစံကို စမ်း၍ ရေးနေကြသည်။

"ကျွန်တော် ကဗျာတပုဒ် စမ်းပြီးစပ်ထားတယ်။ ဖတ်ကြည့်စမ်းပါ။ ကဗျာက လေးလုံးစပ်မဟုတ်ဖူး။ ၄-၃-၂ ပုံစံမဟုတ်ဖူး။ အင်္ဂလိပ်ကဗျာတွေပုံစံ စပ်ထားတာ။ ကျွန်တော်တို့ ငယ်ငယ်တုန်းက ဂန္ဓလောက မဂ္ဂဇင်းထဲမှာ မောင်ဖြူးရဲ့ ကဗျာတွေကို ခင်းဗျားတွေ့တယ် မဟုတ်လား။ 'အရီးကြီးတပါး၊ တရံခါက၊ မြင်းစီး၍သွားသည်ကို သင်ကြားဖူးပါစ' ဆိုတဲ့ ကဗျာတွေလေ"

ကိုဝင်းတင်က သူစပ်ထားသည့် ကဗျာကိုပြသည်။ သူ့ကဗျာကို ကျွန်တော် ကောင်းကောင်းမမှတ်မိတော့ သို့ရာတွင် ကဗျာပုံစံသစ်ဖြစ်သည် ဟူ၍ကား ကျွန်တော်မှတ်မိသည်။

"ခင်ဗျားကဗျာကို ဘယ်မဂ္ဂဇင်းကို ပို့မလို့လဲ။ တာရာ မဂ္ဂဇင်းကို ပို့ဗျာ" ဟု ကျွန်တော်က တိုက်တွန်းသည်။

"ဟင့်အင်း ဘယ်မဂ္ဂဇင်းကိုမှ မပို့ပါဘူး။ ကျွန်တော့်ဖာသာ ကျွန်တော် စပ်ထားတာပါ"

ကိုဝင်းတင်က ငြင်းသည်။ သူ့တွင် စပ်ပြီးသား ကဗျာတွေ ဗလာစာအုပ်နှင့် သုံးလေးအုပ်ရှိသည်။

အင်္ဂလိပ်စာ သင်တန်းတွင်လည်း ကျနော်တို့သည် နောက်ဆုံးခုံတွင် ထိုင်ကာ ကဗျာစပ်ကြသည်။ ဝတ္ထုရေး ကြသည်။ ဘာသာပြန်ကြသည်။ ဆရာမျိုးမင်းက ခေတ်ပေါ် တခန်းရပ် အင်္ဂလိပ်ပြဇာတ်များကို သင်သည်။ ထိုအထဲတွင် လဝန်းထွက်ချိန်ဆိုသည့် ပြဇာတ်တပုဒ်ကို ကျွန်တော်တို့နှစ်ယောက် သဘောကျကြသည်။ အိုင်းရစ် တော်လှန်ရေးသမားတဦးကို ပုလိပ်က လိုက်ဖမ်းသည့်အခါတွင် ဆိပ်ကမ်းအလုပ်သမားများက ဝှက်ပေးသည့် ဇာတ်လမ်းဖြစ်သည်။ ကျွန်တော်တို့နှစ်ယောက်သည် ထိုပြဇာတ်ကလေးကို မှီး၍ ပြဇာတ်တပုဒ်စီ ရေးကြသည်။ တယောက်တလှည့်စီ ဖတ်ကြသည်။ သို့ရာတွင် ဘယ်မဂ္ဂဇင်းကိုမှ မပို့ဖြစ်ကြ။

ရိုတ်စပီးယား၏ ဆွန်းနက်များကို သင်ရသည့်အခါတွင်လည်း ကျွန်တော်တို့နှစ်ယောက် ဆွန်းနက်များကို မြန်မာပြန်ကြသည်။ ဆရာကံကြီး ပို့ချသော ခေတ်ပေါ်အင်္ဂလိပ် အက်ဆေးများထဲမှ အိတ်ချ်အီးဘိတ်၏ 'အောက် တိုဘာကံသာ' ဆိုသည့်အက်ဆေးကို မြန်မာပြန်ကြသည်။ သို့ရာတွင် ၎င်းတို့ကိုလည်း ဘယ်မဂ္ဂဇင်းကိုမှ မပို့ဖြစ် ကြ။

တနေ့တွင် သူ့အခန်းသို့ ကျွန်တော်ရောက်သွားသည်။ အခန်းတံခါးက ပိတ်ထားသည်။ စာမေးပွဲနား နီးနေ သဖြင့် အခန်းတံခါးပိတ် စာကျက်နေပြီဟု ကျွန်တော် တွက်လိုက်သည်။ ကျွန်တော်က တံခါးခေါက်လိုက်သည့်

အခါတွင် "ဝင်ခဲ့ဗျို့" ဟု အော်သံကို ကြားလိုက်ရသည်။ အခန်းထဲတွင် မှောင်နေသည်။ ခုတင်ပေါ်တွင်လည်း မရှိ။

"ခဏလေးဗျို့"

ကိုဝင်းတင်က ခုတင်အောက်က လှမ်းအော်သည်။ ခုတင်တိုင် လေးချောင်းအောက်တွင် အုတ်ခဲလေးလုံးစီ ဆင့်၍ထားသဖြင့် ခုတင်က ကျွန်တော်တို့ခါးလောက် မြင့်နေသည်။ ခုတင်လေးဘက်တွင် စောင်တွေ အလုံကာထားသည်။ မီးနေသည် ချွေးအောင်းခန်းနှင့် တူသည်။

"ဟေ့လူ၊ ခုတင်အောက်မှာ ဘာလုပ်နေတာလဲ"

"ဓာတ်ပုံကူးနေတာဗျ။ အမှောင်ခန်းမရှိလို့ စောင်တွေကာပြီး ကူးရတာ"

ကိုဝင်းတင်သည် ခုတင်အောက်မှ ထွက်လာသည်။ သူ့တကိုယ်လုံး ချွေးတွေစိုရွှဲနေသည်။

သူ့တွင် ကင်မရာ အဟောင်းကလေး တလုံးရှိသည်။ အားလျှင် စာဖတ်၊ ကဗျာစပ်၊ ဝတ္ထုရေး၊ ဓာတ်ပုံကူးစသည့်အလုပ်တွေနှင့် အချိန်ကုန်နေသည်။ ကျောင်းစာကို ဟုတ္တိပတ္တိ ကျက်သည်ဟူ၍ မရှိ။

ကျွန်တော်တို့နှစ်ယောက် အင်းလျားကန်ဘောင်ရိုးတွင် လမ်းလျှောက်ရင်း စာကြောင်း ပေကြောင်း ဆွေးနွေးကြသည်။ ဂေါ်ကီ၏ ဆိုရှယ်လစ် သရုပ်ဖော်စာပေ၊ မောစီတုန်း၏ ယင်အန်စာပေမိန့်ခွန်း၊ ချီလီ ကဗျာဆရာကြီး နီရူဒါ၊ ပြင်သစ်ကဗျာဆရာကြီး လူဝီအာရေဂွန်နှင့် တူရကီကဗျာဆရာကြီး နာဇင်ဟစ်တမက်တို့၏ ကဗျာများကို ဆွေးနွေးကြသည်။ ကဗျာသည် တော်လှန်ရေးအတွက် လက်နက်ဖြစ်ရမည်ဟု သူလက်ခံသည်။

၁၉၅၂ နောက်ပိုင်းတွင် ကျွန်တော် ကိုဝင်းတင်နှင့် သိပ်မတွေ့ဖြစ်တော့။ စာပေဗိမာန်တွင် အယ်ဒီတာလုပ်နေသည်ဟု ကြားလိုက်သည်။ ထို့နောက် နိုင်ငံခြား သတင်းဌာနတွင် ဝင်လုပ်သည်။ ကိုသောင်း(အောင်ဗလ)၊ ဦးထင်ကြီး (စာပေဗိမာန်) တို့နှင့်အတူ သတင်းဓာတ်ပုံဌာနတွင် လုပ်သည်။ နောက်ဆုံး လူထုသိပ္ပံကျမ်းများကို တည်းဖြတ် ပုံနှိပ်ရန် ဟော်လန်သို့ ထွက်သွားသည်ဟု ကြားလိုက်ရသည်။ ဟော်လန်မှနေ၍ ဒိုပြည်သတင်းအမည်ဖြင့် သတင်းလွှာတစောင် ကျွန်တော်ဆီရောက်လာသည်။ "နိုင်ငံခြားရောက် မြန်မာကျောင်းသားတွေ သတင်းငတ်လွန်းလို့ မနေနိုင်တာနဲ့ ထုတ်လိုက်တာ။ စစ်ပြီးခါစတုန်းက ဦးထင်ကြီး အမေရိကန်ကို ပညာတော်သင် သွားတုန်းကလဲ ဒီလိုသတင်းလွှာလေးတွေ ထုတ်ဖူးတယ်လို့ သိရတယ်" ဟု သူ့စာထဲတွင် ပါသည်။

၁၉၅၇ ခုနှစ်လောက် ကြေးမုံ သတင်းစာ ထုတ်သည့်အခါ ကြေးမုံတိုက်ရှိ သူ့စာပွဲသို့ တခါတလေ ရောက်တတ်သည်။ သို့ရာတွင် စကားကောင်းကောင်း ပြောချိန်မရ။ သူသည် ကြေးမုံတိုက်တွင် အိပ်ကာ ကြေးမုံသတင်းစာနှင့် လုံးထွေးနေသည်။

ကျွန်တော်သည် သတင်းစာလောကထဲတွင် မျောပါသွားသော ကိုဝင်းတင်ကိုကြည့်ကာ နှမြောနေသည်။

၁၉၆၂ ခုနှစ်လောက်က ဆိုဗီယက်ယူနီယံမှ အပြန်တွင် ကမ္ဘာနီတွင် တဒင်္ဂ ဟူသော ခရီးသွားမှတ်တမ်းစာအုပ်တအုပ် ထွက်လာသည်။ သူ့ရေးဟန်ကသွက်သည်။ သတင်းစာဆရာ၏ သတင်းရေးနည်းလည်းပါသည်။ စာရေးဆရာ၏ ရသအဖွဲ့မျိုးလည်းပါသည်။ ကာတွန်းဆရာ၏ ခပ်ကြမ်းကြမ်းစုတ်ချက်နှင့် ပန်းချီဆရာ၏ အနုစိတ်စုတ်ချက် နှစ်မျိုးစလုံးပါသည့် ပန်းချီကားမျိုးဟု ကျွန်တော်ထင်သည်။ အဂ္ဂါစနိုး၊ ဂန်သာစတိန်၊ ဂျွန်ဂန်သာစသည့် အနောက်က သတင်းစာဆရာကြီးများ၏ သတင်းပေးနည်းမျိုးဖြစ်သည်။

၁၉၅၈ ခုနှစ်လောက် ဆရာဇော်ဂျီက စာအုပ်တအုပ် လက်ဆောင်ပေးဘူးသည်။ ထိုစာအုပ်မှာ အနောက်မှ ပန်းချီဝေဖန်ရေးဆရာ အေဘော့တ်ကင် ရေးသည့် 'ပန်းချီကားကို ချဉ်းကပ်လေ့လာခြင်း' ဆိုသည့် စာအုပ်ဖြစ်သည်။ ကျွန်တော်က ပန်းချီကို စိတ်ဝင်စားသူမဟုတ်။ နားလည်းမလည်။ သို့ရာတွင် ဘော့တ်ကင်၏စာအုပ်ကို ဖတ်ကြည့်ရာတွင် ပန်းချီကားတချပ်၏သဘောကို ခပ်ရေးရေး သဘောပေါက်လာသည်။ ဟင်းလင်းပြင်အရောင်၊

မျဉ်းဖြောင့်၊ မျဉ်းကွေး၊ ဒေါင့် စသည်တို့ကို ပန်းချီကားတချပ်ပေါ်တွင် ရှာကြည့်တတ်လာသည်။ ဘော့တ်ကင်၏ စာအုပ်သည် ပန်းချီကားကြည့်တတ်ရန် ကျွန်တော့်ကို သင်ပေးလိုက်သည်။

'ဘဝတက္ကသိုလ်' သို့ ကျွန်တော်ရောက်နေစဉ် အလှရှာပုံတော် ဟူသော စာအုပ်တအုပ်ကို ကျွန်တော် ဖတ်ရပြန်သည်။ ပန်းချီပြပွဲများတွင် တင်သည့် မြန်မာပန်းချီကားများကို သုံးသပ်ထားသော ပန်းချီဝေဖန်ရေး စာအုပ်တအုပ်ဖြစ်သည်။ ဝေဖန်သူအမည်က ပေါ်သစ်။

ပေါ်သစ်ဆိုသူ မည်သူနည်း။ ပန်းချီဆရာထဲက တယောက်ယောက်ဖြစ်ရမည်။ ပေါ်ဦးသက်လော။ ကျွန်တော်မသိသေးသော ပန်းချီဆရာသစ် တဦးလော။ သူ့ဝေဖန်ရေးကို လက်ခံနိုင်သည်၊ လက်မခံနိုင်သည် အပထား။ အရေးအသားက ရှင်းသည်။ ကျစ်လစ်သည်။ဖျတ်လတ်သည်။ စာရေးနေကျ လူတဦးဖြစ်ရမည်ဟု ကျွန်တော် ခန့်မှန်းသည်။ 'ဘဝတက္ကသိုလ်' က ထွက်လာတော့မှ ကိုဝင်းတင်ဖြစ်ကြောင်း သိရသည်။

ကိုဝင်းတင်သည် ဘယ်အချိန်တွင် ပန်းချီဝေဖန်ရေးကို လေ့လာလိုက်မှန်းမသိ။ သူ့ဝေဖန်ရေးသည် စိတ်ဝင်စားဘွယ် ကောင်းသည်မှာ ငြင်းမရသောအချက် ဖြစ်သည်။

ကျွန်တော် 'ဘဝတက္ကသိုလ်' က ထွက်ပြီးနောက် ကိုဝင်းတင် ယဉ်ကျေးမှုအဖွဲ့တဖွဲ့နှင့် ဥရောပသို့ ပါသွားသည်။ သတင်းစာထဲတွင် ယဉ်ကျေးမှုအကြောင်း ဆောင်းပါးများ ဆက်တိုက်ပါလာသည်။ ဆုံးသွားသောအခါခြေမှာစကား၊ လက်ဖျားကဗျာ၊ မျက်နှာဇာတ်လမ်း ဟူသော စာအုပ်တအုပ် ထွက်လာသည်။ ကိုဝင်းတင်သည် အကနှင့် သဘင်အကြောင်းကိုလည်း ဖတ်ကောင်းအောင် ရေးတတ်သည်။

ကိုဝင်းတင်နှင့် ကျွန်တော် စာအုပ်ထဲမှာသာ တွေ့ကြရသေးသည်။ နှစ်ပေါင်းတကျိပ်ကျော်အတွင်း ယခုအကြိမ် ပထမဆုံး ပြန်တွေ့ကြခြင်းဖြစ်သည်။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

၄

"ကျွန်တော် စာအုပ်တအုပ် ဘာသာပြန်နေတယ်ဗျ"

ကိုဝင်းတင်က ရမ်ပုလင်းကို ဖန်ခွက်ထဲ ငဲ့ထည့်ရင်း ပြောသည်။ ကျွန်တော်သည် ကိုဝင်းတင် စာရေးသည်ဆို၍ ဝမ်းသာသွားသည်။ သတင်းများနှင့် နပမ်းလုံးရင်း စာရေးနိုင်သည်ကိုကြည့်၍ ဝမ်းသာရသည်။

"ဘာစာအုပ်လဲ"

"ကွဲ"

'ကွဲ' မှာ သတင်းစာဆရာတဦး၏ဘဝကို မဏ္ဍိုင်ပြု၍ ဖွဲ့ထားသည့် ဝတ္ထုတပုဒ်ဖြစ်၍ သတင်းစာဆရာကြီး ဂျာနယ်ကျော် ဦးချစ်မောင်၏ အသဲစွဲ ဝတ္ထုတပုဒ်ဖြစ်သည်။ ကျွန်တော်တို့သည် 'ကွဲ' အကြောင်းကို စာရေးဆရာမကြီး ဂျာနယ်ကျော် မမလေး၏ သူ့လိုလူ ဝတ္ထုကြီးမှတဆင့် သိရခြင်းဖြစ်သည်။ သို့ရာတွင် 'ကွဲ' စာအုပ်ကို မဖတ်ဖူးကြသေး။

၁၉၅၅ ခုနှစ်လောက်ကျမှ စာရေးဆရာမကြီး ဂျာနယ်ကျော် မမလေးငှားသဖြင့် 'ကွဲ' ကို ကျွန်တော် ဖတ်ရခြင်းဖြစ်သည်။ စာအုပ်ကတော်တော်ဟောင်းနေပြီ။ ရေးသူ၏အမည်ပင်မပါတော့။ ဂျာနယ်ကျော် ဦးချစ်မောင်၏ စာအုပ်ဖြစ်၍ စာရေးဆရာမကြီး ဂျာနယ်ကျော် မမလေး တရိုတသေ သိမ်းထားသဖြင့်သာ မပျောက်မပျက် ရှိနေခြင်းဖြစ်သည်။

ကျွန်တော်သည် 'ကွိ' ကို တညတည်းဖြင့် အပြီးဖတ်ပစ်လိုက်သည်။ အရင်းရှင်လောကမှ သတင်းစာဆရာ တဦး၏ ရုန်းကန်မှု၊ ကြိုးပမ်းမှုများကို ဖွဲ့ထားသည်။

"ကောင်းတာပေါ့။ ခင်ဗျားနဲ့ ကိုက်တာပေါ့"

" 'သူလိုလူ' ကိုဖတ်ပြီးကထဲက ကျွန်တော် 'ကွိ' ကို လိုက်ရှာနေတာ။ ၁၉၅၅ ခုနှစ်လောက်က ကျွန်တော် လန်ဒန်ရောက်တော့ အဟောင်းဆိုင်က နှစ်အုပ်တွေ့တာနဲ့ နှစ်အုပ်လုံး ဝယ်လာခဲ့တာ။ နောက်ကျတော့ ဘယ်ပျောက်သွားမှန်း မသိဘူး။ ခုမှ မိတ်တွေတယောက်ဆီက တွေ့တာနဲ့ ငှားပြီး ဘာသာပြန်တာ"

" 'ကွိ' ဟာ နှစ်ဆယ်ရာစုဆန်းစ အချိန်ကို နောက်ခံထားပြီး ရေးခဲ့တာလို့ ကျွန်တော် မှတ်မိတယ်။ အဲ့ဒီ တုန်းက အမေရိကန် သတင်းစာတွေဟာ ခုလို ဆင်ဒီကိတ်ကြီးတွေ မပေါ်သေးဘူး။ လက်ဝါးကြီးအုပ် အရင်းရှင်စနစ်ရဲ့ သွေးစုပ်မှုဟာလည်း အမေရိကန်သတင်းစာလောကမှာ ခုလောက်မကြီးသေးဘူး။ ဒါပေမယ့် အမေရိကန် သတင်းစာလောကဟာ ပျက်စီးစပြုနေပြီ။ ပျက်စီးစပြုနေတဲ့ အမေရိကန် သတင်းစာလောကထဲမှာ 'ကွိ' ဟာ ရုန်းကန် လှုပ်ရှားနေတယ်။ လူရိုးလူကောင်းတယောက် ဖြစ်ချင်တယ်။ ဒါပေမယ့် 'ကွိ' ဟာ ရုန်းရင်းကန်ရင်းနဲ့ မြုပ်ချည် ပေါ်ချည် ဖြစ်နေတယ်။ 'ကွိ' ဟာ အမေရိကန် သတင်းစာလောကရဲ့ ကြေကွဲစရာ ဇာတ်လမ်းတပုဒ်ပါပဲ"

ကျွန်တော်က ဆေးပေါ့လိပ်ကိုဖွာရင်း ပြောလိုက်သည်။

"ကျွန်တော်လဲ 'ကွိ' ကိုဖတ်ပြီး အားမရတာတော့ တွေ့ရတယ်။ ဒါပေမယ့် ဘာပြောပြော 'ကွိ' ဟာ ကျွန်တော်ကို သတင်းစာဆရာတယောက်ဖြစ်အောင် လုပ်ပေးလိုက်တဲ့ အရာတွေထဲမှာ တခုအပါအဝင်ဘဲ။ အဲဒါ ခင်ဗျား အမှာရေးပေးဗျာ"

ကိုဝင်းတင်က သူ ဘာသာပြန်ထားသည့် စာမူဖိုင်ကြီးကို ကျွန်တော့်ကို ပေးလိုက်သည်။ ကျွန်တော်သည် ကိုဝင်းတင်၏စာမူကို မီးရထားပေါ်တွင် ဖတ်လာခဲ့သည်။

ကိုဝင်းတင်၏ အရေးအသားက သွက်သည်။ ရှင်းလင်းသည်။ မူရင်းစာအုပ်က ဝါကျရှည်ရှည်တွေကို သူက ဝါကျအတိုကလေးတွေဖြင့် ဖွဲ့စည်းထားသည်။

စာရေးဆရာမဖြစ်ဘဲ သတင်းစာဆရာ ဖြစ်သွားသော ကိုဝင်းတင်သည် ယခု စာရေးဆရာဖြစ်ရန် ခြေတလှမ်း လှမ်းပြီဟု ကျွန်တော်ဆိုချင်သည်။ နောက်ထပ်ခြေလှမ်းများကို ဆက်လှမ်းနိုင်ရန် ကျွန်တော် ဆုတောင်းပါသည်။

မြသန်းတင့်
၁၃၃၆ ခု ဝါဆိုလဆုတ် ၁၃ ရက်
၁၉၇၄ ခု ဩဂုတ်လ ၁၅ ရက်

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

ဘာသာပြန်သူ၏
မှတ်ချက်

၁

ကျွန်တော်တို့ ဤစာအုပ်ကို ဘာသာပြန်သည်မှာ နှစ်ပေါင်း ၂၀ ခန့် နောက်ကျပါသည်။

ကျွန်တော်တို့အရင် ဤစာအုပ်ကို စွဲလန်းဘူးသည့် ကွယ်လွန်သူ သတင်းစာဆရာကြီး ဂျာနယ်ကျော် ဦးချစ်မောင်ကလည်း လွန်ခဲ့သော နှစ်ပေါင်း ၄၀ ခန့်က ဘာသာပြန်သင့်ပါလျက် မပြန်နိုင်အားခဲ့၍ ဤစာအုပ်သည် နှစ်ပေါင်း ၄၀ ခန့် ဘာသာပြန် နောက်ကျခဲ့သည်ဟုလည်း ဆိုနိုင်ပါသည်။

စစ်ပြီးစ ၁၉၄၇ ဆီက ထုတ်ဝေခဲ့သည့် 'သူ့လိုလူ' စာအုပ်တွင် စာရေးဆရာမကြီး ဂျာနယ်ကျော် မမလေးက 'ကွိ' အကြောင်းကို အမွှန်းတတင် ရေးခဲ့ပါသည်။ လူထူးလူဆန်းတယောက်နှင့် မိန်းမတော်ကလေး တယောက် အကြောင်း။ အင်္ဂလိပ်စကားလုံး အသုံးအနှုန်း အလွန်ခက်ခဲသည့်အကြောင်း။ ဤစာအုပ်ကို ဖတ်မိသူတိုင်း လူ ၁၀၀ လျှင် ၇၅ ယောက် ကိုယ်ကျင့်တရား ကောင်းသွားနိုင်မည့်အကြောင်း။ ဦးချစ်မောင် နှုတ်တိုက်ပြောသွား သည့် မြန်မာဘာသာပြန်သည် ဉာဏ်အထိုင်းဆုံးသော သူတယောက်ကိုပင် ရှင်းရှင်းကြီး နာလည်စေနိုင်သည့် အကြောင်း။

ကျွန်တော်တို့သည် ဂျာနယ်ကျော် မမလေး၏ 'သူ့လိုလူ' ကို ဖတ်ပြီး သတင်းစာသမား ဖြစ်ချင်ခဲ့ပါသည်။ ဖြစ်အောင် အားထုတ်ခဲ့ပါသည်။ ကျွန်တော်တို့လိုပင် 'သူ့လိုလူ' က လက်သည်လုပ်၍ မွေးဖွားပေးခဲ့သည့် လူငယ်သတင်းစာသမားပေါင်း များစွာရှိပါလိမ့်မည်။

'ကွိ' သည် ဂျာနယ်ကျော် ဦးချစ်မောင်အား တိုင်းပြည်က အားထားရသော မားမားမတ်မတ် သတင်းစာ ဆရာကြီးတဦးအဖြစ်သို့ ရောက်အောင် စေ့ဆော်ပေးခဲ့သည်ဟု ဆိုနိုင်ကောင်းဘွယ် ရှိပါသည်။ 'ကွိ' ၏ စေ့ဆော် မှုကြောင့် မြန်မာနိုင်ငံ၏ ထူးချွန်သော သတင်းစာဆရာကြီးတဦး ပေါ်ပေါက်ခဲ့သည် မဟုတ်ဟု ဆိုဦးတော့။ ထိုသတင်းစာဆရာကြီးသည် 'ကွိ' ကိုဖတ်ပြီး ကိုယ့်ကိုယ်ကို အသိအကြွယ်ဆုံး၊ အမြင်အကျယ်ဆုံး၊ အကျင့်ရိုး ဖြောင့်ဆုံး၊ တာဝန်အသိဆုံးဖြစ်အောင် ကြိုးပမ်းခဲ့သည်ဟုကား ဆိုကောင်း ဆိုနိုင်ပါလိမ့်မည်။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

၂

သို့သော် အကြောင်းမလှချင်တော့ 'သူလိုလူ' ကို ကိုးကွယ်သူတို့သည် 'ကွို' အကြောင်းကို ဂျာနယ်ကျော် ဒေါမမလေး တဆင့်ဖောက်သည်ချသမျှထက် ဘာမျှပို၍ သိခွင့်မရရှာခဲ့ကြပါ။ ယုတ်စွအဆုံး 'ကွို' ကို ဘယ် စာရေးဆရာ ရေးမှန်းပင် မသိနိုင်ခဲ့ကြပါ။ ထို့ကြောင့် 'ကွို' ကို အမေရိကန် သူပုန်စာရေးဆရာကြီး ဂျက်လန်ဒန် ရေးသည်ဟု တစုံတယောက်က ဆိုလိုက်သောအခါ 'ကွို' သည် တိုးတက်သော လူငယ်အင်အားစုအကြား၊ အထူး သဖြင့် တိုးတက်သော လူငယ်သတင်းစာသမားများ အကြား၌ ရေပန်းစားသထက် စားခဲ့ပါတော့သည်။

ကျွန်တော်တို့လည်း 'ကွို' ရုပ်ပုံတော်ဖွင့်သူများအနက် တဦးအပါအဝင် ဖြစ်ခဲ့ပါသည်။

၁၉၄၉ ဆီက သံတော်ဆင့် ဦးသိန်းမောင် ဦးစီးထုတ်ဝေခဲ့သည့် 'အကျိုးဆောင်' ဂျာနယ်၏ အလုပ်သင် အယ်ဒီတာအဖြစ် စာနယ်ဇင်းလောကတွင် ကျွန်တော်တို့ ခြေတနေရာစာ ချခွင့်ရခဲ့ပါသည်။

စောစောပိုင်းက ဒဂုံ၊ ဂျာနယ်ကျော်နှင့် ဒီဒုတ် ဂျာနယ် မဂ္ဂဇင်းများတွင် စာတိုပေစရေးခွင့်ရခဲ့၍ စာနယ်ဇင်း လောကသို့ ခေါင်းလျှိုဝင်ရန် အခွင့်ရခဲ့ပါသည်။ သို့သော် ကျွန်တော်တို့သည် 'သူလိုလူ' ၏ ခေါ်သံနောက်သို့ ကောက်ကောက်ပါလိုက်ကာ သတင်းစာသမားသာ ဖြစ်ချင်နေခဲ့ပါသည်။

ဖြစ်ချင်တိုင်းလည်း မဖြစ်ရပါ။ ဂျာနယ်မှ မဂ္ဂဇင်းရောက်၊ မဂ္ဂဇင်းမှ နိုင်ငံခြားသတင်းဌာနရောက် ဖြစ်နေခဲ့ ပါသည်။ 'တိုးတက်ရေး'၊ 'ရန်ကုန်၊ ဟံသာဝတီ' စသည့် သတင်းစာများတွင် လက်တိုလက်တောင်း သတင်းစာ သမားကလေး ဖြစ်ရလိုဖြစ်ရငြား ကြိုးစားသမျှလည်း အရာမထင်ခဲ့ပါ။ ၁၉၅၀ နှစ်များအတွင်းက လူနှစ်ယောက် နှင့် တပိုင်းသာရှိသော ဦးညြိမ်၏ တပတ်လျှင် တခါတလေမျိုး၊ နှစ်ခါနှစ်လေမျိုး အသက်တင်ငင်နှင့် အဆင် ပြေသလို ထုတ်သည့် 'အိုးဝေ' သတင်းစာသို့ ရောက်တော့ ရောက်ပါ၏။ သို့သော် ကျွန်တော်တို့၏ သတင်းစာ ဆရာဘဝသည် သက်ဇိုးမရှည်ပါ။

ထိုမှတဆင့် နိုင်ငံခြားသို့ လွှင့်သွားပြန်သည်။ 'နယူးပစ်' သတင်းဓာတ်ပုံဌာန၏ နိုင်ငံခြားသတင်းထောက်၊ 'ဗမာ့ခေတ်' သတင်းစာ၏ နိုင်ငံခြားသတင်းထောက် လုပ်ခွင့်ရသော်လည်း ချူရုန်ခက်သည့် ပန်းသဇင်ပမာဖြစ် သော သတင်းစာလောကနှင့် တုံးခုခု မလှမ်းနိုင်အောင် အနေဝေးလျက်ပင် ရှိပါသည်။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

၃

'သူလိုလူ' သာ ကျွန်တော်တို့၏ သမ္မာကျမ်းစာ၊ 'ကွို' သာ ကျွန်တော်တို့၏ ဒေသနာပမာ မဖြစ်ခဲ့လျှင် စိမ်းကားသော သတင်းစာလောကကို ဂျင်းစိမ်းနှင့် မိသလင် သူကြင်မှ ကိုယ်ကြင်ဘို့သာ ရှိပါသည်။

သို့သော် သတင်းစာ ရေစက်မကုန်၍ 'ကွို' နှင့် ကျွန်တော်တို့သည် ၁၉၅၅ တွင် လန်ဒန်မြို့၌ ဆုံမိသည်။ မန်ချက်စတာမြို့၌လည်း တကျော့ဆုံမိသည်။ ၁၉၅၇ ကျွန်တော်တို့ မြန်မာနိုင်ငံသို့ ပြန်လာသောအခါ 'ကွို' နှစ်အုပ် ပါလာခဲ့ပါသည်။

နိုင်ငံခြားတွင် ကျွန်တော်တို့ အချိန်အများကြီးရပါသည်။ ကျွန်တော်တို့သာ ဘာသာပြန် တတ်ကျွမ်းလိမ်မာ လျှင်၊ သို့မဟုတ် စာရေးခြင်း၌ အပျင်းမထူလျှင် လွန်ခဲ့သည့် နှစ်ပေါင်း ၄၀ ခန့်က ဂျာနယ်ကျော် ဦးချစ်မောင် ဘာသာမပြန်ဖြစ်ခဲ့သည့် 'ကွို' သည် ၁၉၅၅ ဆီကပင် ကျွန်တော်တို့ ဘာသာပြန်ပြီး ဖြစ်နေပါရော့မည်။ သို့သော်

ကျွန်တော်တို့တွင် ယင်းချွတ်ယွင်းချက် နှစ်မျိုးစလုံးသည် မွေးရာပါအစွမ်း သတ္တိလိုဖြစ်နေ၍ 'ကွိ' ကို မြန်မာစာဖတ် ပရိသတ်နှင့် ဆုံပေးရန် ကျွန်တော်တို့ တာဝန် ပျက်ကွက်ခဲ့ရပါသည်။

မြန်မာနိုင်ငံသို့ ပြန်ရောက်သောအခါ 'ကွိ' သည် သတင်းစာလောကဆိုင်ရာ စာအုပ်ဖြစ်၍ မိတ်ဆွေသတင်းစာသမားများထံ ကျွန်တော်တို့ လက်ဆင့်ကမ်းခဲ့ပါသည်။ ၁၉၁၁ မှစ၍ ၁၉၁၄ အထိ (ထို့ထက် နှစ်ကြာချင်ကြာမည်။) ၁၈ ကြိမ်မျှ (ထို့ထက် အကြိမ်များချင်များမည်။) ပုံနှိပ်ခဲ့ရသည့် ကမ္ဘာကျော် စာအုပ်ဖြစ်၍ မိတ်ဆွေစာရေးဆရာများထံ ကျွန်တော်တို့ လက်ဆင့်ကမ်းခဲ့ပါသည်။

ထိုအချိန်က ကျွန်တော်တို့အလုပ်လုပ်သည့် 'ကြေးမုံ' သတင်းစာတိုက်ရှိ ကျွန်တော်တို့၏ အိပ်ခန်းတွင် စာအုပ်သည် ကျွန်တော်တို့၏ မွေ့ယာ၊ စာအုပ်သည် ကျွန်တော်တို့၏ ခေါင်းအုံး၊ စာအုပ်သည် ကျွန်တော်တို့၏ စောင် ဖြစ်ပါသည်။ ချွတ်၍ခွာ၍ ယူ၍ ရသမျှ အကျီ၊ လုံချည်ကအစ ချွတ်၍ခွာ၍ ယူကြသည့် သူငယ်ချင်း အပေါင်းအသင်း ရောင်းရင်းမိတ်ဆွေတို့သည် ကျွန်တော်တို့၏ မွေ့ယာ၊ ခေါင်းအုံး၊ စောင်ပမာဖြစ်သော စာအုပ်များကိုလည်း ချွတ်ခွာဆွဲယူကြပါသည်။

ကံမကောင်း အကြောင်းမလှချင်တော့ စာအုပ် ဘုဥ္ဇာဟိတွင် နှစ်အုပ်စလုံး ပါသွားပါသည်။

ထိုအချိန်မှစ၍ ကျွန်တော်တို့သယ်လာခဲ့သည့် 'ကွိ' နှစ်အုပ်စလုံး စုံးစုံးမြုပ် ပျောက်ကွယ်သွားပါတော့သည်။

'ကွိ' ကိုတွေ့လိုက်ကြသည့် အောင်ဗလ၊ စိန်ခင်မောင်ရီ၊ မင်းသူ (ရိုက်တာ) စသော သတင်းစာ ဆရာများ၊ သန်းဆွေ စသော စာရေးဆရာများနှင့် ရံခါ 'ကွိ' အကြောင်းကို စကားစပ်မိကြစေကာမူ ပျောက်သောသူ ရှာသော်လည်း မတွေ့သည့်အတူတူ သေသောသူ ကြာရင်မေ့သလို မေ့ပျောက်လိုက်မိပါသည်။

ကြာကြာတော့ မမေ့ပါ။ ၁၉၆၇ စက်တင်ဘာလထုတ် 'ဌေတာရီ' မဂ္ဂဇင်းတွင် 'ကွိ' ပျောက်ဆုံးခန်းနှင့် ကျွန်တော်တို့၏ စာအုပ်ဘုဥ္ဇာဟိအတွက် အမျှဝေခန်းကို မှန်းတဆဆ လွမ်းတသသဖြင့် ဤသို့ စာဖွဲ့မိခဲ့ပါသေးသည်။

× × ×

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

အနှစ်သက်ဆုံး စာအုပ်

အမှတ်–၁၆

၁

ဌေတာရီ မဂ္ဂဇင်း အယ်ဒီတာက အနှစ်သက်ဆုံး စာအုပ် ၁၅ အုပ်၏ စာရင်းကိုပေးရန် တောင်းလာ၏။

တလ၊ နှစ်လ၊ သုံးလ ကာလအတန်ကြာအောင်ပင် ကျွန်တော်တို့ စာရင်းတို့သည်၊ စာရင်းဖျက်သည်၊ စာရင်း ဖြည့်သည်။ သို့သော် ဌေတာရီ အယ်ဒီတာ အလိုရှိသော၊ ကန့်သတ်သော မြန်မာစာ ဆယ်အုပ်၊ ဘာသာခြား ငါးအုပ်ဘောင်ထဲသို့ ကျွန်တော်တို့အကြိုက်ဆုံး စာအုပ်စာရင်းကို ဖြတ်တောက်ထည့်သွင်း မရနိုင်ခဲ့။

ဤအကြိုက်ဆုံး စာအုပ်ကို စာရင်းသွင်းလိုက်သော် ထိုအကြိုက်ဆုံးစာအုပ်သည် မျက်စိထဲတွင် တရေးရေး ပေါ်လာသည်။ ထိုစာအုပ်ကို စာရင်းဖြည့်လိုက်သော် ဤစာအုပ်သည် လက်ထဲတွင် တဆဆရောက်လာသည်။ ဤစာအုပ်ကို စာရင်းပေါင်းလိုက်သော် ထိုစာအုပ်သည် စာရင်းမှအဖျက်မခံ။ ပေကပ်နေ၏။ စာအုပ်၏ အမည်ကို ဖောင်တိန်သည် မခြစ်နိုင်။ ဖောင်တိန်ကလေးသည်ပင် စာအုပ်ကို ချစ်ရှာသည်ထင့်။

ခက်သည်မှာ ကျွန်တော်တို့နှင့် ကျွန်တော်တို့၏ ဖောင်တိန်ကလေးကသာ ထိုစာအုပ်ကောင်းများကို ကြိုက်တတ်ခြင်းမဟုတ်။ ကျွန်တော်တို့ထက် ပိုကြိုက်သူတွေ ရှိနေသေးသည်။ သို့သော် သူတို့သည် စာအုပ်ကို ကြိုက်လွန်းသည်ဟုပင် ဆိုရလေမလားမသိ။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

၂

တခါက 'စာအုပ်စင်နှင့် ကျွန်တော်' အမည်ရှိ ဆောင်းပါးတွင် ဆရာဇော်ဂျီက စာအုပ်စင်အကြောင်း ဖွဲ့ခဲ့ပုံကို ပြေးတဲ့သတိရမိသည်။

ဆရာဇော်ဂျီ ရေးထားပုံမှာ သူငယ်ငယ်က ကျောင်းတွင်ဆရာက စာဖတ်ခိုင်းသည်။ အဖတ်နေရာ မကျလျှင် ဆရာက လက်ဝါးကို ကြိမ်လုံးဖြင့် ရိုက်လေ့ရှိသည်။ ဆရာဇော်ဂျီတို့သည် "ထိုအခါမှစ၍ စာအုပ်နှင့် ကြိမ်လုံးတို့ကို တွဲ၍ တွဲ၍ မြင်နေတတ်ကြပါသည်။ စာအုပ်ဟုဆိုလိုက်လျှင် ကြိမ်လုံးတဝင့်ဝင့်ကို ပြေးမြင်မိပါသည်" ဟု ဆိုသည်။ သို့ဖြင့် စာအုပ်စင်းနားသို့ မကပ်ဝံ့တော့။ နောင်တွင်မှ စာအုပ်စင်ကို အချစ်ဝင်လာသည်ဟု ဆိုသည်။

ကျွန်တော်တို့လည်း ဆရာဇော်ဂျီလိုပင် စာအုပ်စင်နှင့် ပတ်သက်၍ ကြိမ်တဝင့်ဝင့်ကို တွဲ၍ တွဲ၍ မြင်မလာပါ။ ကျွန်တော်တို့မျက်စိထဲတွင် ဝဲ၍ ဝဲ၍ မြင်လာသောအရာမှာ စောစောက ပြောခဲ့သော 'စာအုပ်ကြိုက်လွန်းသူ' တို့ပင် ဖြစ်လေသည်။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

၃

မမြင်ဘဲ နေနိုင်ရိုးလား။

ကျွန်တော်တို့သည် စာအုပ်ကို ကြိုက်ရကောင်းမှန်း သိတတ်ပါသည်။ သို့သော် ဥမ္မာဒန္တီပျို့ထဲမှ 'ငါဟာ ငါ့အိမ်၊ ငါ့စည်းစိမ်နှင့် ငါ့အိမ် ငါ့ကျောင်း၊ ငါ့ခေါင်း ငါ့ပြွန်၊ ငါ့ကန် ငါ့ကြာ၊ ငါ့ယာ ငါ့လယ်၊ ငါ့နယ် ငါ့ကုန်း၊ ငါ့အုန်း ငါ့ထန်း၊ ငါ့ကျွန်း ငါ့ကိုင်း' ဆိုသလို ငါဝယ် ငါဖတ်၊ ငါမှတ် ငါသိမ်း၊ ငါထိန်း ငါရွတ်၊ ငါတတ် ငါကိုး၊ ငါကြိုး ငါကျက်' ဟူ၍ စာအုပ် သက္ကာယဒိဋ္ဌိကို ကျွန်တော်တို့သည် ရှိသင့်သည်ထက် ပို၍ ကြီးကြီးမမွေးနိုင်ပါ။

ထို့ကြောင့် စာအုပ်စင်ဆိုလျှင် 'ငါ့အတွက်' သက်သက်မဖြစ်စေရန် ဟာလာဟင်းလင်း ဖွင့်ထားခြင်းကိုသာ ကျွန်တော် နှစ်ခြိုက်သည်။

ဧကရာဇ်၊ ပဒေသရာဇ်နှင့် မင်းဝန်းကျင်လူတစ်စုသာ ဖတ်နိုင်ခဲ့သော ပေစာခေတ်သည် လွန်ခဲ့ပြီ။ စက်တင် ပုံနှိပ်သော စာအုပ်၏ ပင်ကိုယ်အဓိပ္ပာယ်သည် စာပေကို လက်တဆုပ်စာ လူတစုသာမက အတိုင်းမသိကြီးသော

လူထုကြီးဖတ်ရန်၊ မှတ်ရန်၊ အသိရှာရန်၊ ပညာပွားရန် ဖြစ်သည်။ ထိုသို့ အဓိပ္ပာယ်ရင်းဆောင်သော စာအုပ်ကို ဘီရိုဖြင့် သော့ခလောက် ပိတ်ခတ်ထားရမည့် အလုပ်မျိုးကို ကျွန်တော်တို့ မဝံ့ရက်ပါ။

စာရေးသူ စာရေးဆရာ၊ အသိပညာရှာသူ လူအများ၊ စာအုပ်ပိုင်သူ ကျွန်တော်၊ ပညာဘော် ပညာဘက်၊ သုံးယောက်သားအနက်တွင်မှ သက္ကာယကွက်ကျားလျက် ကျွန်တော်တို့က ငမိုက်သားလုပ်ကာ သော့ကြီးတကား ကား ကိုင်ဆောင်ပြီး စာအုပ်ကို ထောင်မချဝံ့ရက်ပါ။

ကျွန်တော်တို့၏ စာအုပ်စင်သည် စာအုပ်ထောင်၊ စာအုပ်သင်းချိုင်း မဖြစ်စေသင့်ဟု ယူဆပါသည်။ အသိပညာရှင်၏ ဦးနှောက်မှ မွေးထုတ်လိုက်သော ပညာကို 'စာဗူးတောင်းသိုက်၊ ငှက်သိုက်၊ ကြွက်သိုက်၊ ဝက်သိုက်' လို စာအုပ်သိုက်ကြီး ဖြစ်မနေစေသင့်ဟုလည်း ယူဆပါသည်။ တတ်နိုင်သမျှ စာအုပ်၏ အသိပညာကို ရတု ဆရာ မင်းဇေယျန္တမိတ် ရေးခဲ့သလို 'မြူညစ်ပယ်လျက်၊ လင်းအောင်ဖျက်၍ရှေ့ထက်တသွန်း၊ ဝံ့မကျန်းသည်၊ တသန်းနေသို့ထိန်' စေလိုပါသည်။ ဦးပုညက 'မေတ္တာသုတ် တစောင်လုံးကို ပုဒ်မပါကျုံးပြီး မေတ္တာတုံးကြီးကြီး ဖြင့် ရိုးတိုက်၍' ပို့သလို မေတ္တာကြီးမားစွာ ပို့သင့်သည်ဟုလည်း ယူဆပါသည်။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

၄

ထို့ကြောင့်လည်း ကျွန်တော်တို့၏ ဟာလာဟင်းလင်း ဖွင့်ထားသော၊ အနှစ်သက်ဆုံးစာအုပ် ၁၅ အုပ်ထက် ပိုကာမတ္တသာရှိသော၊ ရှိစုမဲ့စုဖြစ်သော စာအုပ်စင်ကလေးသည် 'သာလာယံစင်' ကလေး ဖြစ်ခဲ့သည်။ တနေကုန် အိမ်၌ လာရောက်အိပ်စားကာ စာဖတ်သူလည်း ရှိ၊ ငှားသူလည်း ရှိ၊ ပြန်ပို့သူလည်း ရှိ၊ "ခင်ဗျားစာအုပ်တော့ ကြိုက်တယ်ဗျို့၊ လိုရင်ပြော၊ အဲဒီစာအုပ်တော့ ကျွန်တော့်ဆီမှာဘဲ ထားတော့မယ်" ဟု ရိုးရိုးပွင့်ပွင့် ပြောပြောဆိုဆို ယူသွားသူလည်း ရှိ . . .။

ပြီးတော့ မပြောပြော မဆိုဆို ကိစ္စတုံး ယူသွားသူလည်းရှိသည်။

ထိုသို့ မပြောမဆို ယူသွားသူတို့ကား စောစောက ပြောခဲ့သော 'စာအုပ် ကြိုက်လွန်းသူ' တို့ပင် ဖြစ်မည်။ (ထင်သည်)

ဤသို့ဖြင့် ကျွန်တော်တို့စာအုပ်စင်ကလေးသည် ရှင်နဲရာ အဂ္ဂလူထွက်ကာ ရေနည်းရာ ငါးဆောင်းအုပ် ခံရသလို လုံးပါးပါးခဲ့လေ၏။

'စာအုပ်ကြိုက်လွန်းသူ' တို့သည် ထိုစာအုပ်တို့ကို အဘယ်အရပ်သို့ သယ်ဆောင်သွားလေဘိသနည်း။ သူတို့ ဖတ်ပြီးသည်၏ အခြားမဲ့၌ တဆင့်တကမ်း ဖြန့်လှမ်းပါဘိလေ၏လော။ ကျွန်တော်တို့ မပိတ်မလှောင်ဝံ့ရက်သော စာအုပ်တို့ကို သူရို့စာအုပ်ဘီရိုတွင် အကျဉ်းသွင်းထားလေပြီလော။ တဆင့်တကမ်း လှမ်းဖြန့်သည်ဆိုသော် (ကောင်းလေစွ၊ ကောင်းလေစွ။) ကျွန်တော်တို့ စာအုပ်စင်၌ ထိုစာအုပ် မရှိတော့သည်မှာ အကြောင်းမဟုတ်။ အရေး မကြီး။ ကိစ္စမရှိပါချေ။

ကျွန်တော်တို့သည် နှစ်စဉ်နှစ်ဆက် ဟောက်ပက် ဟောက်ပက် ဖြစ်လာသော စာအုပ်စင်ကိုကြည့်ကာ ရှင်မဟာရဋ္ဌသာရ ဆိုဆုံးမခဲ့သကဲ့သို့ 'တည်ိုးလျှလျှ၊ တတလွမ်းလွမ်း၊ တသမ်းဟယ်ဟယ်၊ တတွယ်တာတာ၊ တဟာလိုက်လိုက်၊ တရှိုက်ငင်ငင်၊ တပင်ပန်းပန်း' ဖြစ်မနေမိတော့ပါ။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

၅

သို့သော် ဆင့်ကမ်းလှမ်းဖြန့်ပါစေဟု ကျွန်တော်တို့ စေတနာ အဆပွားမိဆုံး စာအုပ်တအုပ်ကား ရှိပါသည်။ တစုံတယောက်သော 'စာအုပ်ကြိုက်လွန်းသူ' ၏ 'ငါ့' စာအုပ်စင်တွင် ပင့်ကူမျှင် နှောင်တင်းကာ ထောင်သွင်း အကျဉ်းခံမနေရပါစေနှင့်ဟု ကျွန်တော်တို့ ဂရုဏာ အသက်မိဆုံး စာအုပ်တအုပ်ကား ရှိပါသည်။ ထိုစာအုပ်မှာ .

စကားစပ်၍ ကြားဖြတ်ပြောရပါဦးမည်။ ကျွန်တော်တို့ ဗြိတိန်နိုင်ငံသို့ ရောက်ခဲ့စဉ်က လပေါင်းများစွာ အချိန်ကုန်ခံ၍ ထိုစာအုပ်ကို ရှာဝယ်ခဲ့သည်။ အဟောင်းဆိုင်တကာ့ ဆိုင်ပေါက်စေ့အောင် စာကြမ်းပိုးထိုး၍ ရှာခဲ့သည်။ လန်ဒန်မြို့တွင် နှံ့၏။ တအုပ်တွေ့သည်။ အက်ဒင်ဘာရာ၊ မန်ချက်စတာ စသော အခြားမြို့များတွင် လည်း နှံ့၏။ ၂၈ ကြိမ် ထပ်မံပုံနှိပ်သော အလားတူစာအုပ်ကို ရပြန်၏။

သုတေသီဘဝမှ သတင်းစာဆရာ ဖြစ်လာသူတဦး၏ အကြောင်းကို ရေးဖွဲ့ထားသော စာအုပ်ဖြစ်သည်။ ရေးသူမှာ အမေရိကန်စာရေးဆရာတဦးဖြစ်သည်။ ကျွန်တော်တို့ အမှတ်အသား မမှားသော် ပထမနှိပ်ခြင်းကို ၁၉၁၁ တွင် စတင်ပုံနှိပ်ထုတ်ဝေသည်။ ကျွန်တော်တို့ တွေ့ခဲ့ရသည့် ၁၉၁၄ ထုတ်စာအုပ်မှာ ၂၈ ကြိမ် ထပ်မံ ပုံနှိပ်ခြင်း ဖြစ်နေလေပြီ။

ကျွန်တော်တို့ ရှာဖွေတွေ့ခဲ့သော စာအုပ်နှစ်အုပ်အနက် တအုပ်မှာ အရွယ်ကြီးကြီး၊ စာလုံးထွားထွား၊ စာမျက်နှာ ၃၀၀ ကျော်။ တအုပ်မှာ အရွယ်လတ်လတ်၊ စာလုံးသေးသေး၊ စာမျက်နှာ ၄၀၀ ကျော်။

ကျွန်တော်တို့သည် ရန်ကုန်ပြန်ရောက်ချိန်၌ ထိုစာအုပ်ကလေး နှစ်အုပ်ကို အပိတ်အကာ ဗလာကျင်းသော ဟာလာဟင်းလင်း စာအုပ်စင်ကလေးပေါ်သို့ တင်လိုက်သည်။

သတင်းစာဆရာ ဘဝကို ဇာတ်လမ်းဖွဲ့ထားသော စာအုပ်ဖြစ်၍ မိတ်ဆွေ သတင်းစာဆရာများ (အောင်ဗလ၊ ခင်မောင်ရီ၊ မင်းသူ စသည်) အား ဆင့်ကမ်း ငှားရမ်းခဲ့၏။ အကြိမ် ၃၀ ခန့် ရိုက်နှိပ်ရအောင် ကျော်ကြားသော စာအုပ်ဖြစ်၍ မိတ်ဆွေ စာရေးဆရာများ (ကွယ်လွန်သူ သန်းဆွေ စသည်) အား ဆင့်ကမ်း ငှား ရမ်းခဲ့၏။

ထိုစာအုပ်သည် အခြားအခြားသော သတင်းစာမိတ်ဆွေ၊ စာပေမိတ်ဆွေတို့ လက်သို့လည်း ဆင့်ကမ်း ဖြန့် ရောက်ခဲ့၏။ နောက်ဆုံးရောက်သွားသော နေရာကား စောစောက ပြောခဲ့သော 'စာအုပ်ကြိုက်လွန်းသူ' တို့၏ လက်ပင် ဖြစ်လိမ့်မည်ထင်သည်။

ယခု ကျွန်တော်တို့သည် ငွေတာရီအယ်ဒီတာ တောင်းလာသော အနှစ်သက်ဆုံးစာအုပ် ၁၅ အုပ်စာရင်းတွင် ထိုစာအုပ်၏ အမည်ကို မထည့် မဖော်ပြလိုက်တော့ချေ။ စင်စစ် ထည့်ဖော်လိုက်သော စာအုပ် ၁၅ အုပ် သည်ပင်ကျွန်တော်တို့ စာအုပ်စင်တွင် မရှိတော့ပါ။ သို့သော် ထိုစာအုပ်များသည် ဘယ်သူဘယ်ဝါ၏ စာအုပ်စင်၊ ဘယ်သူဘယ်ဝါ၏ လက်တွင် ရှိလေရဲ့ဟု သိရပေသေး၍ ဖော်ပြနိုင်ခြင်းဖြစ်သည်။

ပျောက်ဆုံးသွားသော ထိုစာအုပ်ကား အဘယ်မည်သော 'စာအုပ်ကြိုက်လွန်းသူ' ၏ စာအုပ်စင် ချောင်ကြား ဝယ် အစန့်သား ညပ်နေလေမှန်းမသိ။ ထို့ပြင် ငွေတာရီ အယ်ဒီတာတောင်းသော စာရင်းက ၁၅ အုပ်သာဖြစ်၍ ၁၆ အုပ်မြောက် စာအုပ်အဖြစ် ထည့်သွင်းရန်လည်း မဖြစ်။ ထို့ကြောင့် ထိုစာအုပ်အမည်ကို အနှစ်သက်ဆုံး စာအုပ်စာရင်းမှ ချွင်းချန်လိုက်ရတော့သည်။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

မြန်မာ့မျှားနတ်မောင်

၆

အနှစ်သက်ဆုံး စာအုပ်အမှတ် ၁၆ ၏ ဂန္ထဝင် ထုပ္ပတ်ကလေးကို ရေးဖော်နေခြင်းမှာ ပျောက်ဆုံးနေလေပြီဖြစ်သော စာအုပ်ကို လွတ်–သော–ငါး–ကြီး–စွာ သိဒ္ဓိတင်လိုရှိလည်း မဟုတ်ပါ။ အကြိုက်ဆုံး စာအုပ် ၁၅ အုပ်ပင် မပြည့်တတ်တော့အောင် ဗလာကျင်းနေသော ကျွန်တော်တို့၏ သာလာယံ စာအုပ်စင်ကလေး အကြောင်းကို မျက်–ရည်–ခံ–ထိုး–စွာ အလွမ်းသယ်လိုရှိလည်း မဟုတ်ပါ။

စာအုပ်ဆိုသည်မှာ ဖတ်ဖို့၊ မှတ်ဖို့၊ ဆင့်ကမ်းဖို့၊ လှမ်းဖြန့်ဖို့ ဖြစ်သည်။ 'ငါ့' စာအုပ်စင်တွင် ပင့်ကူမျှင်နှောင်ဖွဲ့လျက် အကျဉ်းထည့်ဖို့ မဟုတ်။ ဖုံအထပ်ထပ်ကျံလျက် မြုပ်နှံသင်္ကြိုဟ်ဖို့ မဟုတ်။ စာအုပ်သည် 'ငါ' ဖတ်ဖို့သာမဟုတ်။ 'သူတကာ' ဖတ်ဖို့ဖြစ်သည် ဟူသော စိတ်မွေးနိုင်မှ စာအုပ်ကြိုက်သူဖြစ်မည်။

ဤသဘောထားကို ပြောပြလိုရှိ၍ အကြိုက်ဆုံးစာအုပ် အမှတ် ၁၆ ကို တမ်းတမိခြင်း ဖြစ်ပါသည်။

ဤသဘောထားသည် ကျွန်တော်တို့နိုင်ငံလို နိုင်ငံခြားငွေ ဖောဖောသီသီသုံးပြီး ပြည်ပမှ များများစုံစုံ စာအုပ်မသွင်းနိုင်သော ထွန်းသစ်စ နိုင်ငံကလေးမျိုး၊ ပြည်တွင်း၌ စာအုပ်တအုပ်လျှင် သုံးထောင်စောင်ရေတန်း၌သာ ပျမ်းမျှထုတ်ဝေနိုင်သော ထွန်းသစ်စ နိုင်ငံကလေးမျိုး၌ ဘယ်စာအုပ်မျိုးမှ 'ငါ့' စာအုပ်စင်၌ ပင့်ကူမျှင်နှောင်ဖွဲ့မခံရဖို့၊ 'ဖုံ' ကြည်း သင်္ကြိုဟ်မခံရဖို့ လိုလှပါသည်။

တတ်နိုင်ပါက ငွေကြေးတတ်နိုင်သူတို့က စာအုပ်များကို ဝယ်ဖတ်ပြီးလျှင် စာကြည့်တိုက်များသို့ ပေးလှူဖြန့်ဖြူးသင့်လှပါသည်။ သို့မှသာ အသိအမြင်သစ် ပြန့်ပွား တိုးတက်ရေးလုပ်ငန်းသည် အရှိန်အဟုန် ကြီးမားလာနိုင်ပါလိမ့်မည်။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

၇

ကျွန်တော်တို့၏ အနှစ်သက်ဆုံး စာအုပ်အမှတ် ၁၆ ကို ကွယ်လွန်သူ သတင်းစာဆရာကြီး ဂျာနယ်ကျော် ဦးချစ်မောင်က လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်ကပင် ကြိုက်ခဲ့၍ "တသက်တာ အနှစ်ခြိုက်ဆုံး စာအုပ်တွေထဲမှာ အကြိုက်တကာ့ အကြိုက်ဆုံး စာအုပ်ကလေးဘဲ။ ဒီစာအုပ်ကို စာအုပ်ဘီရိုကြီး တဘီရိုနဲ့တောင် မလဲနိုင်ဘူး" ဟု စန်းတင်ခဲ့ဘူးသည်။

စာအုပ်အမည်မှာ **Queed** ဖြစ်ပါသည်။ ရေးသူမှာ **Henery Sydnor Harrison (1880-1930)** ဖြစ်ပါသည်။

မြန်မာပြည်တွင် တအုပ်သာရှိသည်ဟု ဆိုဘူးသည်။ ယခု စာအုပ်ကြိုက်လွန်းသူတို့လက်တွင် ရောက်နေသော ကျွန်တော်တို့၏ စာအုပ်စင်မှ စာအုပ်နှစ်အုပ် (ကွမ်းယာထုတ် စက္ကူ ဖြစ်မသွားလျှင်) ပါ ပေါင်းသော် သုံးအုပ်တော့ အနည်းဆုံးရှိပါလိမ့်မည်။

ဦးချစ်မောင်၏ စာအုပ်သည် စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေး၏ လက်တွင် ရှိသည်။

ထိုစာအုပ်ကို ယခင် ကြော်ငြာဘူးသည့်အတိုင်း ဂျာနယ်ကျော် မမလေးက (မြသန်းတင့် ဘာသာပြန်၍) ထုတ်ဝေလျှင်သော် လည်ကောင်း၊ ထိုပျောက်ဆုံးနေသော စာအုပ်နှစ်အုပ် လက်ဝယ်ရှိသူ 'စာအုပ်ကြိုက်လွန်းသူ' တို့က စာအုပ်စင်မှ ပြန်လည် ဆွဲထုတ်ဖုံခါသန့်စင်ပြီး ဆင့်ကမ်းလျှင်သော်လည်ကောင်း သတင်းစာအုပ်ငန်း၌ ခုံ

မင်မြတ်နိုးစွာဖြင့် ဘဝကို ပုံအပ်မည့်သူများ ပေါ်ထွန်းလာရေးအတွက် များစွာအကျိုးရှိပေလိမ့်မည်ဟု ကျွန်တော်တို့ ယူဆမိသည်။

ဝင်းတင်

(၁၉၆၇–စက်တင်ဘာလ၊ အမှတ်၀၈၇၊ ငွေတာရီ မဂ္ဂဇင်း)

× × ×

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

၄

ရေအကျိုး ၁၀ ပါး ရှိသလို စာအကျိုး ၁၀ ပါးမရှိတောင် တပါးတော့ ရှိဟန်တူပါသည်။

ထို တပါးသော အကျိုးမှာ တယောက်သောသူရေးသည့် တပုဒ်သောစာကို တဦးသော စာဖတ်သမားက တွေ့ပြီး လက်ခုပ်သြဘာ ကောင်းခြီးမဂ်လာပေးခြင်း၊ သို့မဟုတ် ကျသာ မိစ္ဆရိယ၊ သမ္မပလာပဝါစာကို ဆုလပ်အဖြစ် ချီး မြှင့်ခြင်းတည်းဟူသော အကျိုးတပါး ဖြစ်ပါသည်။

အလွန့်အလွန် ကံကောင်းထောက်မစွာဖြင့် ကျွန်တော်တို့၏ မိတ်ဆွေကြီး ဦးစံဝင်း (ယခင် နေးရှင်း သတင်းစာ အယ်ဒီတာ) သည် အင်းစိန်ထောင်ကြီးစံ ဖြစ်ခဲ့ရပါသည်။ အလွန့်အလွန် ကံကောင်းထောက်မစွာ ဆိုသည်မှာ သူ ထိန်းသိမ်းခံရခြင်းကို မဆိုလိုပါ။ သူထိန်းသိမ်းခံရ၍ ကျွန်တော်တို့၏ မိတ်ဆွေကြီး 'ကို' နှင့် ကျွန်တော်တို့ တကျော့တဖန် ပြန်လည်ဆုံတွေ့ရအောင် စာအကျိုးပေး ကောင်းခြင်းကို ဆိုလိုပါသည်။

မိတ်ဆွေကြီး ဦးစံဝင်းသည် ကျွန်တော်တို့၏ 'ငွေတာရီ' ဆောင်းပါးကို ဖတ်မိသည်ဟုဆိုပါသည်။ ဦးစံဝင်းသည် ကြင်နာထောက်ထားစွာ 'ကို' ကို ကျွန်တော်တို့ထံသို့ ပို့ပေးပါသည်။

မိတ်ဆွေကြီး ဦးစံဝင်း ထောင်လိုင်ပြန်ချိန်တွင် ကျွန်တော်တို့ ရန်ကုန်မြို့၌ မရှိတော့ပါ။ မန္တလေးမြို့၌ အခြေစိုက်သော 'ဟံသာဝတီ' သတင်းစာသို့ ရောက်နေခဲ့ပါသည်။ ထို့ကြောင့် 'ကို' နှင့် ကျွန်တော်တို့ ပြန်လည် ရေစက်ဆုံရန် နှစ်အတန် ခြားခဲ့ရပြန်ပါသည်။

၁၉၇၄ မတ် ၁၅ တွင် ဦးစံဝင်းနှင့် ကျွန်တော်တို့ အမှတ်မထင် ဆုံမိကြပါသည်။ ဦးစံဝင်းက ကျွန်တော်တို့ လက်သို့ သူ့ကိုယ်ပိုင် 'ကို' ကို ခေတ္တအပ်ပါသည်။

ကွဲကွာ ပျောက်ဆုံးနေသော 'ကို' ကို ကျွန်တော်တို့ အသစ်တဖန် ဖတ်ရှုမိပြန်ပါသည်။

ဒီတခါတော့ 'ကို' ကို မျက်စိအောက်မှ အပျောက်မခံချင်တော့ပါ။ ဦးစံဝင်း၏ သနားစောင်မမှုဖြင့် ကျွန်တော်တို့သည် 'ကို' ကို မန္တလေးသို့ ခေါ်ခဲ့ပြီး မြန်မာဘဝ သွတ်သွင်းပေးလိုက်ပါသည်။ ကျွန်တော်တို့၏ အိပ် စား နား ချိန်ကို နေ့စဉ် တဝက်ခန့် လျှော့ပြီး တလနီးပါး ဘာသာပြန်၊ တလနီးပါး အချက်အလက် ရှာဖွေကာ ဤစာအုပ်ကို စာဖတ်သူ၏ ရှေ့မှောက်သို့ တင်ပို့အပ်ပါသည်။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

မြန်မာ့မျှားနတ်မောင်

၅

သာမန်သဘော ပြောရလျှင် 'ကို' သည် အချစ်ဝတ္ထုမျှသာ ဖြစ်ပါသည်။ (စာရေးဆရာမကြီး ဂျာနယ်ကျော် ဒေါ်မမလေး ပြောပြသလို ပြောပြရလျှင်) "လူတွေနှင့်မရောသည့် လူတယောက်နှင့် အဆင်ခြင်ဉာဏ်ပြည့်ဝသော မိန်းကလေးတယောက် ထူးထူးဆန်းဆန်း သွားတွေ့ပြီး မိန်းကလေးက လူ့နယ်ထဲသို့ ဆွဲသွင်းပေးကာ လူဇတ်သွင်းပေးပုံ၊ ထိုမှတဖန် အယ်ဒီတာကြီးတယောက် အောင်အောင်မြင်မြင် ဖြစ်မြောက်သွားပုံ ဇာတ်လမ်း" မျှသာ ဖြစ်ပါသည်။

'ကို' သည် သတင်းစာ၏ ဦးနှောက်၊ သတင်းစာ၏ အာဘော်၊ သတင်းစာ၏ အသံပမာဖြစ်သော ခေါင်းကြီးရေးသူ သတင်းစာသမားတဦး၏ ဘဝဇာတ်လမ်းမျှသာ ဖြစ်ပါသည်။ ပို၍ စိတ်လှုပ်ရှာဘွယ်၊ စိတ်ဝင်စားဘွယ်ကောင်းသော သတင်းစာ၏ အသဲနှလုံး၊ သတင်းစာ၏ နား၊ သတင်းစာ၏ မျက်စိ၊ သတင်းစာ၏ လက်နှင့်တူသော သတင်းတည်းဖြတ်သူ၊ သတင်းထောက်လှမ်းရေးသားသူ သတင်းစာသမားများ၏ ဘဝဇာတ်လမ်းမဟုတ်ပါ။

ကျွန်တော်တို့ အသက်အရွယ် ရလာပါပြီ။ သတင်းစာပါး ဝတန်သရွေ့ကလေး ဝ၍ အတွေ့အကြုံ ရှိတန်သရွေ့လေး ရှိလာပါပြီ။

ထို့ကြောင့် . . .

လှုပ်ရှားမှု နည်းပါးသော ဉာဏ်ကြီးရှင်သက်သက် သတင်းစာသမားဘဝကို ဘာသာ မပြန်ချင်ပါ။

ထို့ကြောင့် . . .

တွေ့၊ ကြုံက်၊ ညားသော ဘဝသံသရာ ရဟတ်ခြားမှ လည်ပတ်ရိုး လည်ပတ်စဉ် ဖြစ်ရပ်များကို ကိုယ်ပိုင်ဉာဏ် (ရှိလျှင်) နှင့်ပင် မရေးချင်ပါ။ သူတပါးရေးထားတာကို တဆင့် ပြန်ပြောပြနေဘို့ကား ပို၍ပင် ကလောင်ခံတွင်း မတွေ့ပါ။

'ကို' သည် ရင်ခုန်သံဖြင့်သာ ဘာသာပြန်နိုင်မည့် ဇာတ်လမ်း ဇာတ်ကွက် ဖြစ်ပါသည်။ ကျွန်တော်တို့ ၁၉၅၅ က 'ကို' ကို ရင်တခုန်ခုန်နှင့် လေးငါးဆယ်ခေါက်မက ဖတ်စဉ်ကပင် ဘာသာမပြန်ဖြစ်ခဲ့ပါလျက် ယနေ့ အကြိုက်ဆုံးနေရာကို ကွက်၍ ဖတ်သော်မှ ရင်တချက် မခုန်တခုန် ဖြစ်နေရသည့် အချိန်မျိုးကျခါမှ မအိပ်၊ မနား၊ မစား၊ အချိန်များစွာ သုံးပြီး ဘာသာပြန်ရသည်မှာ ဆန်းသလို ဖြစ်နေပါသည်။

မဆန်းပါ။

'ကို' ကို နှစ်ပေါင်း ၄၀ နီးပါး (ဂျာနယ်ကျော် ဦးချစ်မောင်အဖို့)၊ သို့မဟုတ် နှစ် ၂၀ နီးပါး (ကျွန်တော်တို့အဖို့)၊ သို့မဟုတ် စာအုပ်စတင် ထုတ်ဝေသည့် ၁၉၁၁ မှ စ၍ရေလျှင် နှစ်ပေါင်း ၇၀ နီးပါး နောက်ကျ၍ ဘာသာပြန်ရသည်မှာ ကျွန်တော်တို့၌ ရည်ရွယ်ချက်ရှိပါသည်။

ထိုရည်ရွယ်ချက်မှာ 'ကို' ၏ ထာဝစဉ် မရိုးနိုင်သော အရည်အချင်းများဖြစ်သည့် လူသားတယောက်အဖြစ် အကျင့်သိက္ခာရှိမှု၊ သတင်းစာသမားတယောက်အဖြစ် ယုံကြည်ချက် ပြင်းပမှု၊ ယောကျ်ားရင်မကြီး တယောက်အဖြစ် စိတ်နေစိတ်ထား မြင့်မြတ်မှုတို့ကို ဖြန့်ဖြူးလိုသည့် ဆန္ဒ ဖြစ်ပါသည်။

'ကို' သည် လူသားတယောက်၏ အကျင့်သိက္ခာ၊ သာမန်လူဆိုလျှင် ခေါင်းလျှိုထွက်ပြေးမည့် ဘဝမျိုးကို ရဲရင့် ဝံ့စားစွာ ခံယူရဲသော အကျင့်သိက္ခာ ရှိပါသည်။

'ကွို' သည် သတင်းစာသမားတယောက်အဖြစ် ရဲရင့်ဝံ့စားစွာ ရိုးသားဖြောင့်စင်းသော ခံယူချက်၊ ယုံကြည်ချက်နှင့် ဆင်ခြင်တုံတရား လက်ကိုင်ထားသော အသိဉာဏ် ရှိပါသည်။

'ကွို' သည် ယောကျ်ားရင့်မကြီးတယောက်အဖြစ် မယုံကြည်နိုင်လောက်သော အနစ်နာခံမှု၊ ကိုယ်ကျိုးစွန့်မှု၊ တပါးသူအတွက် စာနာညှာတာမှု ရှိပါသည်။

'ကွို' နှင့် သူ့စရိုက်သည် အခြားသူများအတွက် အဖိုးတန်ချင်မှ တန်ပါမည်။ သို့သော် သတင်းစာသမားအဖြစ် တိုင်းပြည်နှင့်လူမျိုးတာဝန်ကို ထမ်းဆောင်လိုသူများအဖို့ကား ယနေ့တိုင် အဖိုးတန်နေသေးသည်ဟု ကျွန်တော်တို့ ရိုးသားစွာ ယုံကြည်ပါသည်။

ထို့ကြောင့် အချိန်မပေးနိုင်၊ မပေးသင့်၍တကြောင်း ထောက်လာသော အသက်အရွယ်က ခွင့်မပြု၊ ခွင့်မလွှတ်၍တကြောင်း သာမန် တွေ့ကြုံက်၊ ညား ဇာတ်လမ်းမျိုးကို ဘာသာပြန်ရန် ကျွန်တော်တို့၌ အကြောင်းမဆိုက်သော်လည်း 'ကွို' ကိုမူ အထက်တွင် တင်ပြခဲ့သည့် အကြောင်းများကြောင့် ကုက္ကစ္စ အချိန်ကိုလုကာ ကျွန်တော်တို့ ဘာသာပြန်ခဲ့ပါသည်။

ဘာသာပြန်ရာတွင် ကျွန်တော်တို့၌ တခုတည်းသော ရည်မှန်းချက်သာ ရှိပါသည်ဟု ထပ်၍ ဆိုပါရစေ။

ထိုရည်မှန်းချက်မှာ လုပ်သားပြည်သူတို့ကို စည်းရုံးလှုံ့ဆော် ပညာပေးရန် အဓိကတာဝန်ရှိသည့် သတင်းစာသမားလောင်းကလေးများအဖို့ ယင်းတာဝန်များအပြင် ကိုယ့်ကိုယ်ကို ရိုးသားသည့် သတင်းစာသမား၊ တိုင်းပြည်နှင့် လူမျိုးအပေါ် ရိုးသားသည့် သတင်းစာသမား၊ ကိုယ့်ဝိညာဉ်၊ ကိုယ့်လိပ်ပြာ သန့်စင်စွာဖြင့် တာဝန်ထမ်းဆောင်သည့် သတင်းစာသမား၊ နိုင်ငံ၏ ဝိညာဉ်နှင့် လိပ်ပြာ၊ ပြည်သူ၏ ဝိညာဉ်နှင့်လိပ်ပြာကိုလည်း အစဉ်ထာဝရ သန့်စင်အောင် တာဝန်ထမ်းဆောင်သည့် သတင်းစာသမား၊ ပြည်သူကို စည်းရုံးလှုံ့ဆော်ပညာပေးရုံမက ပြည်သူ့အကျိုးနှင့် အခြားတပါးသော အကျိုးတို့ ယှဉ်လာသော် ပြည်သူ့ဘက်က မားမားရပ်၍ စောင့်ရှောက်၊ ခုခံ၊ ကာကွယ်၊ ထိန်းသိမ်း၊ ဖေးမရန် တာဝန်ကျသည့် သတင်းစာသမားဖြစ်အောင်လည်း ကြိုးပမ်းရန် တာဝန်ရှိသေးသည်ဟူသော အသိကို သိမြင်စွဲပိုက်စေလိုသည့် ရည်မှန်းချက် ဖြစ်ပါသည်။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

၆

'ကွို' သည် နာမည်ကျော် စာရေးဆရာကြီး ဟင်နရီဆစ်ဒနာ ဟာရီဆင် **Henery Sydnor Harrison** [၁၈၈၀–၁၉၃၀]* ရေးသားခဲ့သည့် ကမ္ဘာကျော်စာအုပ် ဖြစ်ပါသည်။ ၁၉၁၁ တွင် စတင် ထုတ်ဝေခဲ့ပါသည်။ ကျွန်တော်တို့ တွေ့ဘူးသည့်စာအုပ်တွင် ဖော်ပြချက်အရ လေးနှစ်အတွင် ၁၈ ကြိမ် ထုတ်ဝေခဲ့ရပါသည်။

မစ္စတာ ဟာရီဆင်သည် သူ့ခေတ်အခါက လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သူ ဖြစ်ပါသည်။ ခေတ်သစ် အမေရိကန် ဂန္ဆင်မြောက် စာပေများကို ဖန်တီးပြုစုနိုင်မည့် စာရေးဆရာအဖြစ် အားထားရမည့်သူဖြစ်ကြောင်း 'စပရင်းဖီး ရီပတ်ဘလစ်ကန်' သတင်းစာကြီးက ချီးကျူးရေးသားခဲ့ရသူ ဖြစ်ပါသည်။ အားထားသည့်အတိုင်းလည်း မစ္စတာ ဟာရီဆင်သည် ခေတ်သစ် အမေရိကန်စာပေတွင် ထင်ရှားသူတဦး ဖြစ်ခဲ့ပါသည်။

'ကွို'သည် လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ ကျော် ၇၀ ခန့်က ရေးသားခဲ့သည့် စာအုပ်ဖြစ်၍ ဇာတ်လမ်းသွယ်ပုံ၊ စရိုက်ဖော်ပုံ၊ စာနှုန်းဖွဲ့ဖွဲ့တို့မှာ ခန့်ညားသိမ်မွေ့ပါသည်။ ဂန္ဆင်စာပေး အရည်အညွှန်းများ၊ ဘာသာရေးအကိုးအထောက်များလည်း နက်ရှိုင်းကျယ်ဝန်းပါသည်။

စကားလုံး အသုံးအနှုန်းခဲကပ်သည့်အထဲတွင် လွန်ခဲ့သည့်ရာစုနှစ်အတွင်းက ခေတ်စားခဲ့သည့် ရေးဟန်ဖြင့် ရေးသားထား၍ ထယ်ဝါခန့်ညားမှုကလည်း ပို၍လေးလံအောင် ခဲဆွဲထားသလို ရှိပါသည်။ စာလုံးသေးသေးနှင့် စာမျက်နှာ ၄၀၀ ကျော်ရှိ၍ လုံးစေ့ပတ်စေ့ ပြန်ဆိုရလျှင် ဤစာအုပ်အရွယ် စာမျက်နှာ ၆၀၀ ကျော်ရှိမည် ဖြစ်ပါသည်။ စက္ကူအခက်အခဲကြောင့် ထူးထူးခြားခြား အရေးမကြီးသော အချို့အဖွဲ့အနွဲ့များကို ကျွန်တော်တို့ စဉ်းငယ်မျှ ချုံး၍ မြန်မာပြန်ဆိုပါသည်။

ထို့ပြင် ထယ်ဝါခန့်ညားသော မူရင်းရေးဟန်ကို ကျွန်တော်တို့ မြန်မာပြန်ဆိုရာ၌ ဆက်လက် မသယ်ဆောင်ပါ။ ကျွန်တော်တို့၏ စာအရေးအသား အစွမ်းအစ ချည့်နဲ့သည့်မှသည် မူရင်းရေးဟန်ကို ဟိတ်ကြီးဟန်ကြီးယူ၍ မြန်မာပြန်လျှင် နို့စို့ကလေးက ခေါင်းပေါင်း ပေါင်းပြသလို ရှိမည်စိုးပါသည်။ ထို့ကြောင့် ကျွန်တော်တို့၏ အစွမ်းအစနှင့် အိုးတန် ဆန်ခပ်လည်းဖြစ်စေ၊ ခေတ်သဘော၊ ခေတ်အမြင် ခေတ်အကြိုက်နှင့်လည်း လိုက်လျောညီထွေဖြစ်စေ ဟူသော သဘောထားကို နှလုံးသွင်းလျက် သတင်းစာသုံး မြနမာစာဖြင့် ရိုးရိုးစင်းစင်း လွယ်လွယ်ရှင်းရှင်း ပြန်ဆိုထားပါသည်။ မူရင်းရေးဟန်နှင့် လက်ရည်တူ မြန်မာဟန် ဘာသာပြန်ပုံကို ဂျာနယ်ကျော် ဦးချစ်မောင် မြန်မာပြန်ခဲ့သည့် စာပုဒ်တပိုဒ်၌ တွေ့နိုင်ပါသည်။ ထိုစာပုဒ်ကို ဤစာအုပ်တနေရာတွင် ထည့်သွင်းထားပါသည်။

ဗန်းမော်တင်အောင်၏ 'ဘုန်းမောင့်တယောက်ထဲရယ်' စာအုပ်တွင် စာရေးဆရာမကြီး ဂျာနယ်ကျော် ဒေါ်မမလေးရေးခဲ့သည့် အမှတ်စကားကို ကျွန်တော်တို့ အမှတ်ရပါသည်။

ဂျာနယ်ကျော် ဒေါ်မမလေးက 'ဘုန်းမောင့်တယောက်ထဲရယ်'ကို ရေဆေးနှင့် ရေးချယ်သည့် ပန်းချီကားလို မဟုတ်ဘဲ ဆီဆေးနှင့် ရေးချယ်သည့် ပန်းချီကားလို ခန့်ခန့်ညားညား လေးလေးနက်နက်ရေးလျှင် မည်မျှကောင်းလိုက်လေမလဲဟု အားမလို အားမရ စကားဆိုခဲ့ပါသည်။

---

*ဟာရီဆင်၊ ဟင်နရီဆစ်ဒနာ။ ။ အမေရိကန် စာရေးဆရာ။ တင်နက်ဆီပြည်နယ်၊ ဆီဝါနီးမြို့၌ ၁၈၈၀ ဖေဖော်ဝါရီ ၁၊ တွင် မွေးဖွားခဲ့ပြီး နယူးဂျာဆီပြည်နယ် အတ္တလန္တာမြို့၌ ၁၉၃၀ ဂျူလိုင် ၁၄ တွင် ကွယ်လွန်ခဲ့သည်။ ကွို(၁၉၁၁)၊ ဗွီဗွီစ်အိုင်းစ် (၁၉၁၃)၊ အင်ဂျီလာစ်ဘစ်စနက် (၁၉၁၅)၊ စိန့်ဘီရီစာ (၁၉၂၂)၊ အင်ဒရူးဘရိုက်အော့ဖ ပဲရစ် (၁၉၂၅) စာအုပ်များကို ရေးသားခဲ့သည်။

ယခု ဤစာအုပ်ကို မြန်မာပြန်ဆိုရာတွင် ကျွန်တော်တို့၏ ရေးဟန်သည် ဆီဆေးနှင့် ရေးချယ်သလို ရေးဖွဲ့သည့် မူရင်းစာအုပ်ဟန်နှင့် ခြားနားကာ ရေဆေးနှင့် ရေးခြယ်သလို ဖြစ်ကောင်း ဖြစ်နေပါလိမ့်မည်။

ရေဆေးနှင့် ရေးခြယ်သလိုပင် မဟုတ်သေး၊ ကောက်ကြောင်းဆွဲသလိုပင် ဖြစ်နေသည်ဟု အားမလိုအားမရ ဖြစ်ကောင်းဖြစ်စရာ ရှိပါလိမ့်မည်။

ကျွန်တော်တို့၏ စေတနာမှာ မူရင်းစာအုပ်၏ ဆိုလိုရင်းကို ကွက်ကွက်ကွင်းကွင်း သိလွယ်မြင်လွယ် သဘောပေါက်လွယ်စေရန် ဖြစ်ပါသည်။ ဆင့်အထွာ ဆိတ်အထွာ ကွာခြားမှုကား ရှိလိမ့်မည်သာဟု ကျွန်တော်တို့ ဝန်ခံပါသည်။

ရှင်းလင်းစွာ သဘောပေါက်စေလိုသည့် စေတနာသည် ကျွန်တော်တို့အား မပတ်နပ်ရာပင် ရောက်စေပါသည်။ ကျွန်တော်တို့သည် ရှင်းလင်းစေလိုသော စေတနာဖောဖြင့် ဝတ္ထုစာအုပ်တွင် အောက်ခြေမှတ်စုများ ဖော်ပြလိုက်ပါသည်။ မင်္ဂလာဆောင်မှာ ဝိပဿနာ ငြင်းသလို အမှန်းကန်းလမ်း မသိခြင်းမဟုတ်ပါ။ မရောင်ရာ ဆီလူးခြင်း မဟုတ်ပါ။ လူတတ်လုပ်ခြင်း မဟုတ်ပါ။ ရှင်းလင်းစေလိုသည့် စေတနာသက်သက်ဖြင့် ဖြည့်စွက်လိုက်ခြင်းသာ ဖြစ်ပါသည်။ မျက်စိရှုပ်လျှင် ခွင့်လွှတ်ပါရန် တောင်ပန်ပါသည်။

မြန်မာ့မျှားနတ်မောင်

၇

ပြည်သူကို စည်းရုံးလှုံ့ဆော် ပညာပေးသော၊ တိုင်းပြည်၏ မဏ္ဍိုင်ကြီးဖြစ်သော သတင်းစာလောကၭ ဘဝကို မြှုပ်နှံကာ ကိုယ်ကျိုးစွန့်စိတ် အပြည့်အဝ၊ အနစ်နာခံစိတ် အပြည့်အဝ၊ ရိုးသားဖြောင့်တန်းစိတ် အပြည့်အဝ၊ နှိုင်းချိန်စိတ် အပြည့်အဝဖြင့် နိုင်ငံ၏ ဝိညာဉ်၊ ပြည်သူ၏ လိပ်ပြာကို ကာကွယ်စောင့်ရှောက်မည့် သတင်းစာသမား သွေးသစ် ဉာဏ်သစ်များ ပေါ်ထွန်း ပေါက်ပွားရေးကို ဤစာအုပ်က တနည်းတလမ်းအားဖြင့် အထောက်အပံ့ ပြုမည်ဆိုအံ့။ ဤစာအုပ်ကို မိတ်ဆက်ပေးခဲ့သည့် စာရေးဆရာမကြီး ဂျာနယ်ကျော် ဒေါ်မမလေးနှင့် စာအုပ်ကို ဘာသာပြန်ရန် အခွင့်ပေးခဲ့သည့် နေရှင်း ဦးစံဝင်းတို့ကို ကျေးဇူးတင်ရပါလိမ့်မည်။

ကျွန်တော်တို့အဖို့ရာကား ဤစာအုပ်ကို မြန်မာပြန်နိုင်ရန် ကျွန်တော်တို့အား အခွင့်ပေးသည့် မိတ်ဆွေကြီး ဦးစံဝင်းနှင့် ဤစာအုပ်ကို မိတ်ဆက်ပေးခဲ့သည့် စာရေးဆရာမကြီး ဂျာနယ်ကျော် ဒေါ်မမလေးတို့အား ဤနေရာမှ ကျေးဇူးစကား ဆိုပါသည်။

ဤစာအုပ်ကို ဘာသာပြန်ထုတ်ဝေရာၭ ကူညီပိုင်းဝန်းခဲ့သည့် စာရေးဆရာ ငွေဥဒေါင်း၊ စာရေးဆရာ မင်းကျော်၊ စာရေးဆရာ မောင်နေဦး၊ ဦးတင်အေး (စာပေဗိမာန်)၊ ဆရာ ဦးကျော်ညွန့်နှင့် ဦးပါ (ဟံသာဝတီ) တို့အားလည်း ကျွန်တော်တို့ ကျေးဇူးစကား ဆိုပါသည်။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

၈

အခြေခံအားဖြင့်ကား ဤစာအုပ်သည် ရိုးသားသော သတင်းစာဆရာတဦး၏ ဘဝ၊ ကိုယ်ကျိုးစွန့်သော သတင်းစာဆရာတဦး၏ ဘဝ၊ အနစ်နာခံသော သတင်းစာဆရာတဦး၏ ဘဝကို သရုပ်ဖော်သော ဝတ္ထုဖြစ်ပါသည်။ သို့သော် ဤစာအုပ်ပေါ်ထွက်စက အမေရိကန် ဂျာနယ်ကြီးတစောင် (သီလစ်ဗင်းအိချ်) ကမူ စာအုပ်အား အမည်ပေးထားသည့် ကွိ၏ စရိုက်ထက် ကွိကို လူဇတ်သွင်းပေးခဲ့သည့် ရှာလီဝေလင်၏ စရိုက်ကို အလေးပေးရေးသားခဲ့ပါသည်။

စင်စစ်လည်း ဤစာအုပ်သည် ဆင်ခြင်ဉာဏ်ကြီးမားသော အမျိုးသမီးတဦး၏ ဘဝ၊ အများအကျိုးရှေ့ရှုလိုစိတ် ပြင်းပြသော အမျိုးသမီးတဦး၏ ဘဝ၊ ယောကျ်ားသားတို့နှင့် ရင်ဘောင်တန်း လုပ်နိုင် ဆောင်နိုင်သည့် အစွမ်းသတ္တိကြီးမားသော အမျိုးသမီးတဦး၏ဘဝကို သရုပ်ဖော်သော ဝတ္ထုလည်းဖြစ်ပါသည်။ ထို့ကြောင့်လည်း ဖြစ်ပါသည်။ ထို့ကြောင့်လည်း မူရင်းစာရေးဆရာက ဤစာအုပ်ကို သူ့မိခင်အား ရည်ညွှန်းခဲ့ခြင်းဖြစ်ဟန် တူပါသည်။

ကျွန်တော်တို့သည် ကွိ၏ ရိုးသားဖြောင့်စင်းသော သတင်းစာသမားဘဝကို ဘာသာပြန်ရင်း ကျွန်တော်တို့၏သင်ဆရာဖြစ်သော ဦးထင်ကြီး (စာပေဗိမာန်)၊ မြင်ဆရာ ကြားဆရာများဖြစ်သော ဂျာနယ်ကျော်ဦးချစ်မောင်၊ ကြေးမုံ ဆရာဇဝန၊ ရန်ကုန်မြို့မမောင်၊ အိုးဝေ ဦးညိုမြ၊ လူထုဦးလှ၊ မဏ္ဍိုင်ဦးစောဦး၊ ဂါဒီယန် ဦးစိန်ဝင်း၊ အထောက်တော် ဦးအုန်းမြင့်၊ ကြေးမုံ ဦးသောင်း စသော ပုဂ္ဂိုလ်များ၏ ဂုဏ်ကျေးဇူးကို အောက်မေ့မိပါသည်။ ဆင်ခြင်ဉာဏ်ကြီးမားသော ရှာလီဝေလင်၏ဘဝကို ဘာသာပြန်ရင်း ကျွန်တော်တို့၏ သမီးလေး 'ဆွေဆွေ' အား ထူးချွန်ထက်မြက် ဆင်ခြင်ဉာဏ်ကြီးမားသော မိန်းမသားကြီးတယောက် ဖြစ်စေလိုသည့်ဆန္ဒလည်း ပြင်းပြမိပါသည်။ ထိုအခါများတွင် ကျွန်တော်တို့သည် ထိုဆရာ၊ ထိုသမီးတို့အတွက် ဤဘာသာပြန်စာအုပ်ကို ရည်ညွှန်းလိုစိတ် ပေါ်မိပါသည်။

မြန်မာ့မျှားနတ်မောင်

သို့ပါသော်လည်း ကျွန်တော်တို့သည် တပါးသူ၏ဉာဏ်ပညာမှ ပေါက်ပွားသောစာကို ဘာသာပြန်သူမျှသာ ဖြစ်၍ ဉာဏ်အင်္ဂား ဘာသာပြန်စာအုပ်ကို တစုံတယောက်သောသူအား ရည်ညွှန်းရန် အခွင့်မရှိပါ။

မရှိသည့်အလျောက် ရည်ညွှန်းခြင်းငှာ မဝံ့ပါသော်လည်း ပြည်သူကို စည်းရုံးလှုံ့ဆော် ပညာပေးသော ဆိုရှယ်လစ် သတင်းစာသမားများ အဖြစ်သာမက ရိုးသားသော၊ ကိုယ်ကျိုးစွန့်သော၊ အနစ်နာခံသော၊ ပြည်သူ့ အကျိုးကို ကာကွယ်စောင့်ရှောက်သော ဆိုရှယ်လစ် သတင်းစာသမားများအဖြစ်လည်း ပေါ်ထွန်းလာမည့် သွေး သစ်အားသစ်များကို စိတ်ထဲမှ ရည်ညွှန်းမိခြင်း မပြုဘဲကား မနေနိုင်ခဲ့ပါ။

ဤစာအုပ်ကိုဖတ်၍ လူငယ် လူတော် လူရိုး သတင်းစာသမားကောင်းများ ပေါ်ထွက်လာမည်ဆိုလျှင် ဤစာအုပ်သည် အလာနှောင်းသော်လည်း အခါကောင်းမီသေးသည်ဟု ကျွန်တော်တို့ ဆိုချင်ပါသည်။

ဝင်းတင်
၁-၅-၇၄

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

(၁)

နိုဝင်ဘာလတလ၏ နေဝင်ဖျိုးဖျား ညနေ ၅ နာရီအချိန်။ လမ်းပေါ်၌ မိန်းမငယ်တဦးနှင့် ခွေးတကောင် လျှောက်လာနေကြသည်။ မိန်းမငယ်က ကိုယ်လုံးကိုယ်ဖန် သွယ်သွယ် ကျော့ကျော့။ ခွေးကြီးက ဧရာမ ထွား ထွား ကျိုင်းကျိုင်း။

ခွေးကြီးသည် နှင်းမုန်တိုင်းမိ၍ သွေးတောင့်နေသော အမေရိကန် ခရီးသွားများကို ပါစပ်နှင့်ကိုက်ချီကာ ဥရောပတိုက် အယ့်ပ် တောင်တန်းသာသနာပြု ကျောင်းများသို့ သယ်လာလေ့ရှိသည် ဆိုသော ခွေးကြီးမျိုးဖြစ် သည်။ အသက်ဘယ်နှစ်နှစ်ရှိရှိ၊ သူ့အသက်နှင့် နှိုင်းစာလျှင် လွန်လွန်မင်းမင်း ထွားကျိုင်းသည်။ မိန်းမငယ်ကမူ အသက်နှင့်စာလျှင် သေးကွေးသည်။ ရှေ့လတွင် သူ ၂၄ နှစ် ပြည့်မည်။

ကိုယ်ဖန်သေးသော်လည်း အရပ်မနိမ့်။ သာမန် မိန်းကလေးများတွင် မရှိသော လေးလေးပင်ပင် တာဝန် ကြီးများ သူ့တွင်ရှိသော်လည်း နောက်ဆုံးပေါ် ဖက်ရှင်ကျကျ ဝတ်စားထားသည်။ သားမွေးခြုံထားသည်။ သူ့မျက်နှာသည် ယောကျ်ားသားတို့ကို သောမနဿ ပွားစေသည့် မျက်နှာမျိုးဖြစ်သည်။ မိန်းမသားချင်းကို စကားတင်းပွားစေသည့် မျက်နှာမျိုးဖြစ်သည်။ လမ်းတလျှောက်လုံး သူနှင့်တွေ့သမျှ ယောကျ်ားပျိုတိုင်း သူနှင့် နှုတ်ဆက်ကြရသည်ကိုပင် မြူးမြူး ရွှင်ရွှင် ဖြစ်ကြရသည်။

ထိုမိန်းမငယ်သည် ရှာလီဝေလင်ဖြစ်၏။ ရှားလော့လီကို အတိုကောက်ပေါင်းစပ်ကာ ရှာလီဟု သူကိုယ်တိုင် ထွင်ထားသည့် အမည်ဆန်းဖြစ်၏။ ယနေ့ညနေ သူနှင့်တွေသော ယောကျ်ားပျိုများအနက် တဦးသာ ထူးထူး ခြားခြား စန်းပွင့်သည်။ ချားလ်စ်ဂါဒီနာ ဝက်စ် ဖြစ်လေသည်။

ဝက်စ်၏ ချောခန့်သောမျက်နှာသည် မိန်းမငယ်နှင့် ခွေးကို မြင်လိုက်ရသောအခါ အပြုံးပန်း ဝေသွားသည်။ ရှာလီကို လက်ဝှေ့ယမ်းပြလိုက်ပြီးနောက် ဦးထုပ်ကိုဆွဲ၊ ကုတ်အင်္ကျီကို ဖြုတ်၊ စာရေးများကိုမှာပြီး လူတောထဲမှ တိုးဝှေ့လျှောက်လာသည်။ ရှေ့လမ်းဒေါင့်တွင် မိန်းမငယ်ကို မှီလာသည်။

"ကမောက်ကမတွေ့ပါလား။ ခွေးနဲ့ မြို့လယ်ခေါင် လျှောက်လို့။ ခါတိုင်းဆို ခင်ဗျား ဒီအချိန် မြို့စွန်ဘက် ကို လျှောက်နေကျပါ။ ခွေးလဲ မပါပါဘူး။ ကမ္ဘာကြီး ဘာဖြစ်ကုန်ပါလိမ့်"

"နေကောင်းတယ်နော်" ဝက်စ်က နောက်မှလိုက်၍ အလန့်တကြား ပြောလိုက်ခြင်းကို ရှာလီ ကျေနပ်သွား သည်။ " ကမ္ဘာကြီး ဇောက်ထိုးမိုးမျှော်ဖြစ်သလို ကျမလဲ စိတ်ရူးကလေးပေါက်နေတာကိုးရှင်း။ ဒီနေ့ ရက်အား လေ။ မ စ္စတာဒိန်း နေ့လည်က နယူးယောက်သွားတယ်"

"အော် . . . ကြောင်မရှိတော့ ကြွက် . . ."

"မဟုတ်ပေါင်။ သူကိုယ်တိုင်က ကျမကို ရက်အားပေးခဲ့လို့ပါရှင်"

"ဒီလိုဆိုလဲ ပြန်ကွေ့ကြစို့လား။ တကယ် အညောင်းပြေ လမ်းလျှောက်ရအောင်လေ။ ခင်ဗျားရယ်၊ ကျွန်တော်ရယ်၊ ခွေးကြီးရယ်ပေါ့။ ဒါထက် သူနာမယ်က ဘာတဲ့လဲ။ ရိုလိုလား"

" ရိုလိုလဲမဟုတ်ဖူး။ ထရေးလဲ မဟုတ်ဖူး။ ဖီဒိုလဲ မဟုတ်ဖူး။ ဘီးတဲ့။ ဘီတီမော့* ကို အတိုကောက်ခေါ်တာ။ ကျမဝယ်တုန်းက သူနာမယ်က ဖရက်တဲ့။ ဒါပေမယ့် သူက ဘီးဆိုတဲ့ နာမယ်နဲ့ မွေးလာတာကျနေတာဘဲ၊ ဒီနာမည်ကို သိပ်မှတ်မိတယ်။ ကြည့်"

ရှာလီသည် လေချွန်သံကလေး ပေးလိုက်သည်။ "ဘီး၊ ဘီး။ ဟောကြည့်၊ ကြည့်။ ပြန်လှည့်လာဘီ"

ဝက်စ်က ရယ်လိုက်၏။

"ဒါထက် နေပါအုံး။ အညောင်းပြေ လမ်းလျှောက်မယ်ဆို"

"မလျှောက်အားပါဘူးရှင်။ ညနေ နှစ်နာရီကတဲက ဗာဟီရတွေ များနေတာ။ ဒါတောင် လုပ်စရာတွေကလဲ ကျန်သေးတုန်းဘဲ။ ကျမ ဒီနေရာက လမ်းကူးမယ်"

လမ်းတွင် တွေ့သမျှလူတိုင်းက သူတို့ကို နှုတ်ဆက်ကြ၏။ ရှာလီထက် ဝက်စ်ကို ပို၍ ပြောကြ ဆိုကြ မေးကြ မြန်းကြသည်။ သူတို့နှစ်ယောက်စလုံး ဤမြို့မှာမွေး၊ ဤမြို့မှာ ကြီးပြင်းကြသည်။ သို့သော် ဝက်စ်ကို ရှာလီသိသည်မှာ မကြာသေး။ အရင်က အဝေးကသာ သိနေခဲ့၏။ ရှိုးရှုန့်ရှုန့်နှင့်သာ အထင်ကြီးနေခဲ့ရသည်။ အိမ်ရှေ့မင်းသားချောနှင့် နန်းတွင်းအပျိုတော်ကလေး၏ ဆက်ဆံရေးမျိုး ဖြစ်သည်။

ဝက်စ်သည် အသက်သုံးဆယ် ပီပီမပြည့်တတ်သေး။ သို့သော် လူရေး လူစ ကောင်းသူ ဖြစ်နေပြီ။ သူဦးဆောင် လုပ်ကိုင်နေရသည့် ဆင်ပယ်နှင့် ဝက်စ် ကုမ္ပဏီသည် သာမန်ပွဲရုံလုပ်ငန်းမျှ ဖြစ်သော်လည်း ငွေရေးကြေးရေး အထုပ်အထယ်ကြီးသည့် လုပ်ငန်းဖြစ်သည်။

နှစ်ယောက်သား လမ်းကူးရန် ရပ်စောင့်ကြသည်။ တရော်လီ လျှပ်စစ်ကားများက တရွေ့ရွေ့ တန်းစီသွားနေကြသည်။ ကုန်တင်ကားများက အိမ်အပြန် မြန်မြန် မောင်းနေကြသည်။ ကနုပ်ုကားများက တဝီဝီး ကွေ့နေကြသည်။ ကားချင်း ဝင်ဆောင့်မိကြ၊ ဒရိုင်ဘာချင်း ဟွန်းတဘော်ဘော်တီးကြနှင့် လမ်းကူးနေရာတွင် ပင်ပန်းနွမ်းနယ်နေကြသော အလုပ်ပြန်များ ပြည့်ညပ်လာသည်။

"ကျွန်တော်တို့ခေတ်က သိပ်စိတ်ဝင်စားစရာ ကောင်းတယ်ဗျ။ ကိုယ့်မျက်စိအောက်မှာ ကိုယ့်မြို့ကလေး မြို့ကြီးပြကြီး ဖြစ်လာတာကို လူတိုင်း မြင်ရခဲသား"

"အရင်ကဆိုရင် လမ်းပေါ်မှာ မျက်နှာစိမ်း တွေ့ရတာကိုက ရင်တုန်စရာနော်။ အိမ်ပြန်သွားရင် မိသားစုကို ပြန်ပြောရတာက အမော။ နောက်တနေ့ကျလဲ ငွေဇနီးတွေ ပျောက်သလားလို့ ဇနီးတွေ ပြန်ရေရသေးတာ။ ဘီး" ရှာလီက ဝက်စ်ကို ပြောရင်း ခွေးကိုဟန့်သည်။

"ဒါ ဘဝသံသရာဘဲ။ အဟောင်းဆိုတာ ပြောင်းလဲတာမျိုး ဟာလား" ဝက်စ်သည် အိမ်ပြန်ချိန် မျက်နှာများကို ငဲ့စောင်းကြည့်လိုက်၏။ "လူတွေရဲ့ ထာဝရ လျှို့ဝှက်ချက်။ သူတို့မျက်နှာတွေ ကြည့်ပီး သူတို့တတွေ ဘာတွေလုပ်ပါလိမ့်၊ ဘာတွေ တွေးကြပါလိမ့်၊ ဘာတွေ မျှော်မှန်းပါလိမ့်၊ ဘာတွေ စိတ်ကူးပါလိမ့် ဆိုတာ မစဉ်းစားမိဘူးလား"

---

*သမ္မာကျမ်းစာ၊ ယောဘ ဝတ္ထုလာ ဗေဟမုတ် သတ္တဝါကြီး။ ။"အရိုးငယ်တို့သည် ကြေးဝါချောင်း၊ အရိုးကြီးတို့သည် သံတုံးကဲ့သို့ ဖြစ်ကြ၏။ ဘုရားသခင် ဖန်ဆင်းသော သတ္တဝါတို့တွင် ထူးဆန်းသော သတ္တဝါဖြစ်၏။" (ယောဘ ဝတ္ထု ၄၀း၁၈–၁၉)

"ငွေ ဘယ်လိုပိုရအောင် လုပ်ရမလဲဆိုတာ တခုဘဲ တွေးမှာပေါ့။ တကမ္ဘာလုံးပါဘဲလေ။ သူများဆီက ငွေတွေကို ဘယ်လိုလုပ် ယူရမလဲဆိုတာကိုဘဲ လူငယ်တွေ နေ့မအိပ် ညမအိပ် ဆင်ကြံ ကြံနေကြတာ။ အဲဒီလို လူငယ်မျိုးတွေဟာ အမေရိကန် စိတ်ဓာတ်ဘဲ။ ဒီမြို့မှာလဲ ဒီလို လူငယ်တွေ ပျားပန်းခတ် ဖြစ်နေကြပြီး မြို့ဖျက်ဖို့ လိုက်ရှာနေတဲ့ ဂေါ့သ်** ကလေးတွေလေ"

"ကျွန်တော်က ကိုယ့်ငွေသာ သူများ အန္ဓိက်ခံမယ့် လူစားပါဗျာ" ဝက်စ်က ရယ်သည်။ ရှာလီကလည်း မြူးမြူးကလေး ရယ်သည်။

"ကျွန်တော် လေကြောရှည်နေတာနဲ့ လမ်းတောင် မကူးနိုင်ပြန်ဘူး။ ဒါထက် နေပါအုံး။ ခင်ဗျားရဲ့ အားရက်ဆိုတာကလဲ လုပ်စရာကိစ္စတွေ များလိုက်တာ။ ဘယ်လောက် ကျန်နေသေးသလဲ"

"စာရေးစက္ကူတွေ အရင်သွားဝယ်ရမယ်။ ကျမတို့ ရုံးအတွက်ပါ။ ဘီး၊ လာစမ်း။ ဒီအိတ်ထဲက ငွေတွေ အကုန်ဝယ်ရမှာ။ ဘီး၊ ကျမ ဒီခွေးကို လည်ပင်းကြိုးတပ်လာခဲ့ရ ကောင်းသား။ သူတော့ နာခါနီးနေပြီ"

"သူမနာဘဲ တခြားလူ နာခါနီးဝီလို့ကော မထင်ဘူးလား လမ်းဟိုဘက်က မျက်မှန်နဲ့ ကြောင်စီစီလူ ဆိုပါတော့။ သူကြည့်ရတာ ဘယ်နေရာရောက်နေလို့ ရောက်နေမှန်း သိပုံမရဘူး"

"ဟဲ့ ဘီး။ စာရေးစက္ကူတွေ ဝယ်ပြီးရင် ဒေါ်ဒေါ်ဂျင်နို့ဆီ ကြွေးပူတောင်းဘို့ သွားရအုံးမယ်"

"ကိုယ့်အဒေါ်ကိုယ် ကြွေးပူတောင်းရမယ်လို့ဗျာ"

ရှာလီက ရယ်ရင်း "မဟုတ်ပါဘူးရှင်။ သူ့အတွက် ကြွေးပူတောင်းပေးရမှာပါ။ ဒေါ်ဒေါ်က သိပ်အားနာတတ်တာ။ သူ့အိမ်မှာ ငှားနေပီး ငွေမပေးတဲ့လူတယောက် ရှိနေလို့။ ဘီး၊ ဟဲ့ ဘီး။ ဘုရားရေ ထင်တဲ့အတိုင်း ဖြစ်ကုန်ပြီ"

လမ်းတဖက်မှ မျက်မှန်နှင့် လူငယ်သည် စက္ကူအိတ်ထဲမှ ပန်းသီးကို ငူငူငိုင်ငိုင် နှိုက်စားရင်း လမ်းဖြတ်ကူး လိုက်သည်။ ဈေးကားက သူ့ကို ပွတ်သွားသည်။ နောက်က ယာဉ်ထိန်းရဲ လိုက်လာ၍ အပြင်းမောင်း ပြေးလာခြင်းဖြစ်သည်။ ယာဉ်ထိန်းရဲကားသည် မျက်မှန်နှင့်လူငယ်ကို မကြိတ်မိရန် တအားဆွဲကွေ့လိုက်ရာ ဧရာမခွေးကြီးကို တိုက်မိမလို ဖြစ်သွားသည်။ ဘီးက 'သေမယ့်ဘေး ခုန်နိုင်မှ လွတ်တော့မကိုး' ဟု တွေးမိရော့သလားမသိ။ တအား ကျုံးခုန်လိုက်သည်။ ယာဉ်ထိန်းရဲကားနှင့်တော့ လွတ်သွား၏။ သို့သော် မျက်မှန်နှင့် လူငယ်အပေါ်သို့ ခုန်အုပ်မိလျက်သား ဖြစ်ကာ လမ်းပေါ်သို့ ဝုန်းကနဲ လုံးထွေးလဲကျသွားသည်။

လူငယ်သည် ချက်ချင်း ငုတ်တုတ် ထထိုင်လိုက်၏။ သူဦးထုပ်ပေါ် သူထိုင်မိလျက်သား ဖြစ်နေ၍ ဦးထုပ် ပျောက်နေသည်။ စက္ကူအိတ် ပေါက်ပြဲသွား၍ ပန်းသီးများ လိမ့်ထွက်ကုန်သည်။ ညနေ သတင်းစာပို့သမား ကလေးများက ဟေးလား ဝါးလား အော်ဟစ်ကာ ပန်းသီးများကို ကောက်စားကြသည်။ ရှာလီပြေးလာသည်။ သူ့မျက်နှာပေါ်တွင် စိုရိမ်ရိပ်သန်းနေသည်။

"ခွေးကို ခွင့်လွှတ်ပါရှင်။ လန့်သွားလို့ ဖြစ်ရတာပါ။ နာသွားသလားဟင်"

လူငယ်သည် လမ်းလယ်ခေါင် တည့်တည့်ကြီး ထိုင်ရင်း ရှာလီဝေလင်ကို မသိကျိုးကျွံ မေ့ကြည့်သည်။

"ဘာမှပြောစရာ မရှိပါဘူး။ ပန်းသီးတွေ ပျောက်ကုန်တာဘဲ ဆိုးတယ်"

လူတွေ ချက်ချင်း အုံလာသည်။ လမ်းလယ်ခေါင်တွင် ကိုယ့်ဦးထုပ်ပေါ် ကိုယ်တက်ထိုင်နေသည့် စာဂျပိုးရုပ် ပေါက်နေသော လူငယ်အား စိတ်အိုက် လက်အိုက်ဖြစ်နေသော အမျိုးသမီးကလေးတဦးက ခယ ဝယ တောင်းပန်နေပုံကို ဝိုင်းကြည့်ကြသည်။

"နေစမ်းပါအုံး။ ဒီလောက်ကြီးတဲ့ ခွေးကြီးကို ဘာလုပ်ဖို့ မွေးရတာလဲ။ သူက ဘာအသုံးကျသလဲ" လူငယ်

**၃ရာစုမှ ၅ ရာစုအတွင်း ရောမလက်နက်နိုင်ငံတော်ကြီးကို ဝင်ရောက်လုယက် ဖျက်စီးခဲ့ကြသည့် ဂျာမန် အနွယ် လူမျိုးများ။

ကမေးသည်။

ရှာလီသည် ရယ်လုရယ်ခင် မျက်နှာထားဖြင့် "အသုံးချဘို့ မွေးတာမျိုး မဟုတ်ဖူးရှင့်။ အပျော်မွေးတာ။ ကြီးကြီးလှလှ ပျော်ရတဲ့ခွေးရှင့်"

လူငယ်သည် ဖင်ခုထိုင်ထားမိသော ဦးထုပ်ကို ဆွဲထုတ်ပြီး ဦးထုပ်ပုံပန်းပေါ်အောင် ဟိုဖိ ဒီဖိလုပ်ရင်း "ကျွန်တော့်အတွက်တော့ မပျော်ရပါဘူးဗျာ"

ဝက်စ်သည် လူအုပ်ကြားမှ တိုးလာရင်း ပြုံးပြုံးကလေး ဦးညွှတ်ပြောလိုက်သည့် ရှာလီ၏ စကားသံကို ကြားလိုက်ရသည်။

"ရှင် အနာတရ မဖြစ်တာ ဝမ်းသာပါတယ်ရှင်။ ကျမခွေးက ရှင့်ကို ပျော်အောင် မလုပ်နိုင်ပေမယ့် သူ့ကို ရှင်ပေးတဲ့ ပျော်ရွှင်မှုကတော့ တကယ်ကြီးပါပေတယ်"

ဝက်စ်သည် လူငယ်ကို ယဉ်ကျေးစွာ ဆွဲထူပေးသည်။ မတော်တဆ ဖြစ်မှုအတွက် ဖွယ်ဖွယ်ရာရာ ဝမ်းနည်း စကားပြောသည်။

ရှာလီဝေလင် တလှမ်းချင်း လျှောက်သွားသည်။ ဝက်စ်က အမှီလိုက်သွားသည်။ "ခင်ဗျားကို မြင်လိုက်တော့ သူက မိုက်မိုက်ကန်းကန်းများ ပြောနေသလားလို့ဗျာ"

ရှာလီက "သူစိတ်ဝင်စားတာ ပန်းသီးနဲ့ ခွေးဘဲ။ ရုက္ခဇီဝ သဘာဝတ္ထု ပညာရှင်များ ဖြစ်နေလား မသိပါဘူးရှင်"

"ဂျေါ်သ်ကလေးတော့ ဟုတ်ပုံမရပါဘူး။ သူ့အကြီးအိတ်ထဲမှာ စာအုပ်တွေ့တယ် မဟုတ်လား။ 'လူသားတို့၏ ဘာသာတရား' ဆိုတဲ့ စာအုပ်လို့ ထင်တာဘဲ။ ဒီခေတ်မှာ ကွန့်** ရေးတာ ဖတ်တဲ့ လူမျိုးလဲ ရှိသေးသကိုး"

"ကျမတို့တော့ မဖတ်ပေါင်"

"အလကား စာအုပ်ပါဗျာ။ ကျွန်တော့်မိတ်ဆွေ သူဌေးတယောက် ပြောဘူးတယ်။ အဲဒီလိုစာအုပ်မျိုး ဖတ်တဲ့ လူဟာ ဝင်ငွေ တနှစ်ဒေါ်လာ ထောင့်ရှစ်ရာကျော်ဘို့ ဝေလာဝေး ဘဲတဲ့"

စာရေးကရိယာဆိုင်သို့ ရောက်လာသည်။ ရှာလီသည် စာရေးစက္ကူနှင့် ရုံးသုံး ပစ္စည်းများ ဝယ်သည်။ ဘီးအတွက်လည်း ခွေးလည်ပတ်ကြိုးတခု ဈေးဆစ်ဝယ်သည်။

ရှာလီ့အိမ်သို့ ရောက်သည်။ ခွေးကြီးကို ထမင်းချက်ထံ အပ်လိုက်၏။ ရှာလီသည် အိမ်ပေါ်သို့တက်ကာ မိခင်ကို နမ်းခဲ့သေးသည်။ ထို့နောက် မြို့ဟောင်းပိုင်းရှိရာ ရှာလို့အဒေါ်အိမ်ဘက်ဆီသို့ လမ်းမီးရောင်အောက်မှ ဆက်လျှောက်လာခဲ့ကြ၏။

လမ်းလျှောက်လာရင်း ရှာလီက ဝက်စ်၏ လုပ်ငန်းကိုင်ငန်း အခြေအနေကို မေးသည်။ ဝက်စ်သည် စီးပွားဥစ္စာ တက်နေသော်လည်း မချင့်မရဲ ဖြစ်နေသည်။ သူ့နှလုံးသားက ငွေဖလှယ်သူ ပွဲစားများနှင့် မပျော်ပိုက်ဟု ဆိုသည်။

ဝက်စ်က လေးလေးပင်ပင်ကြီး ပြောနေသည်။

**ကွန့်၊ ဩဂစ်မေရီဖလန်ဆွာ (၁၇၈၉–၁၈၅၈)။ ။ ပြင်သစ် ဒဿနိက ပညာရှင်။ ထာဝရတရားနှင့် စပ်လျဉ်း၍ အစွဲအလန်း ခန့်မှန်းချက်များကို ပယ်ပြီး လက်ဆုပ်လက်ကိုင် ပိုင်ပိုင်သိမြင်သော အချက်များကို လက်ခံသည့် ပေါ့ဇစ်တစ်ဝါဒကို စတင်ဖော်ထုတ်သူ။ လူမှုရေးသိပ္ပံကို ရှုပဇေဒနည်းဖြင့် ရှုမြင်သည်။ လူ့သမိုင်းကို အဆင့်ဆင့် ပိုင်းခြားသည်။ တရားသေများကို ဖြစ်ရပ်မှန် အသိတရားနှင့် အစားထိုးနိုင်သည့် အဆင့်ကို လူ့သမိုင်း၏ အမြင့်ဆုံးအဆင့်ဟု သတ်မှတ်သည်။ လူသားဝါဒပေါ်တွင် အခြေခံသော ဘာသာရေးအသစ်တရပ် တီထွင်ထူထောင်ရန် အဆိုပြုသည်။

"တခါတလေ ငါတနေ့လုံး ဘာတွေလုပ်ခဲ့သလဲလို့ ညတိုင်း ကျွန်တော် ပြန်စဉ်းစားမိတယ်။ ဘာအဓိပ္ပာယ်ရှိသလဲလို့လဲ ကိုယ့်ကိုယ်ကို ပြန်မေးမိတယ်။ တကမ္ဘာလုံးရဲ့ ငွေကြေးလုပ်ငန်းတွေ ကျွန်တော် လုပ်ရလို့ကောဘာတွေ မယ်မယ်ရရ လုပ်နိုင်မလဲ။ ငွေတွေ အများကြီးရရင် ဆေးရုံတွေ ဆောက်ပစ်လိုက်ပေါ့လို့ ခင်ဗျားက ပြောမယ်။ ကျွန်တော် လုပ်ဖြစ်မယ်ထင်သလား။ မလုပ်ဖူး။ ငွေပိုရရင် ငွေပိုလိုချင်မှာဘဲ။ ကျွန်တော့် အကြံတွေ၊ မျှော်မှန်းချက်တွေလဲ ငွေကိစ္စနဲ့ဘဲ ဇယား ရှုပ်နေတော့မှာဘဲ။ ခေါင်းတလုံးနဲ့ အိုးနှစ်အိုး မရွက်နိုင်ပါဘူးဗျာ။ လူထုမြှင့်တင်ရေးလုပ်ငန်းဆိုတာက ဒီအလုပ်တွေနဲ့ တခြားစီဘဲ"

"ရှင်ငွေတွေရှာပေါ့။ ကျမ သုံးပေးမယ်လေ" ရှာလီက ရယ်သံနှင့်ပြောသည်။

"ကျွန်တော် ဒီအလုပ်က ထွက်တော့မယ်" ဝက်စ်က ပြောသည်။ "ဆမ်ပယ်ကိုလဲ ပြောပြီးပြီ။ ကျွန်တော်က ခင်ဗျားအလုပ်မျိုး ကြိုက်တာ"

ရှာလီသည် မဲ့ပြုံးကလေးပြုံးကာ "ကျမ အခု လုပ်ရမယ့် အလုပ်မျိုးကတော့ မဟန်လှပါဘူးရှင်။ အမလေး၊ ရှင်သာ လုပ်ချင်ရင် ပေးလိုက်ပါရဲ့"

"အင်း။ အလကားရတဲ့နွား သွားတော့ ဖြဲကြည့်အုံးမှ။ ဘာအလုပ်တဲ့လဲ"

"ကြွေးပူတောင်းတဲ့ အလုပ်လေ"

"ဟုတ်သားဘဲ။ ခင်ဗျားခွေးကြီး လူဝင်တိုက်တာနဲ့ စကားပြတ်ပြီး မေ့သွားလို့"

"အိမ်ခန်း ငှားစားတဲ့သူတိုင်း ပြောနေကျ ဇာတ်လမ်းမျိုးပါရှင်။ ဒီလူက ဒေါ်ဒေါ်ဂျင်နို့အိမ်မှာ ငှားနေတာ တလနီးပါးရှိနေပြီ။ ငွေဆိုလို့ ဖြူသလား မဲသလားတောင် မသိရသေးဘူး။ ဒေါ်ဒေါ်က သူမရှက်အောင် ရိုးတိုးရိတ်တိတ်တော့ တခါနှစ်ခါ ပြောပါရဲ့။ မရလို့ ကျမကို တယ်လီဖုန်းနဲ့ လှမ်းခေါ်တာ။ ကျမက သူ့ကိုယ်စာလှယ်လုပ်ရအုံးမယ်"

"ဒီတော့ ခင်ဗျားက ဘာလုပ်မှာလဲ"

"အဲဒီလူနဲ့ စကားပြောပြီး ငွေတောင်းရမှာပေါ့၊ မရရင် . . ."

"မရရင် ဘာလုပ်မှာလဲ"

"မောင်းထုတ်ပစ်မှာပေါ့"

ဝက်စ်က တဟားဟားရယ်လိုက်၏။ သူမျက်နှာသည် ရွှင်ပြုံးနေချိန်တွင် စွဲမက်စရာ အကောင်းဆုံး ဖြစ်၏။

"ယုံပါတယ်ဗျာ"

"ကျမ ဒီလိုလုပ်ခဲ့ပေါင်း များလှပါပီ"

"ဝုန်းဝုန်း ဒိုင်းဒိုင်းများ ဖြစ်တတ်သေးသလား"

"မဖြစ်ပေါင်။ ကျမ တခွန်းပြောလိုက်ရင် ဝပ်သွားတာ ချည်းဘဲ။ သိုးကလေးတွေလို တန်းစီထွက်သွားတာပါဘဲ။ ကောက်ရိုးခြေထောက် မြက်ခြေထောက်ပေါ့"

"ဒါ ခင်ဗျား အဒေါ်အိမ်လား"

"မရောက်သေးဘူး။ ရှေ့လမ်းဒေါင့်ကျမှပါ။ အလို၊ ဘုရားရေ။ ကြည့်၊ ကြည့် . . . "

ရှာလီဝေလင် အဒေါ်၏အိမ်ပေါ်သို့ လူငယ်တဦး တက်သွားသည်။ သူ့အဝတ်အစားက ဖုန်အလိမ့်လိမ့်။ လမ်းလျှောက်ပုံက ထော့နင်း ထော့နင်း။ သူတို့ကြည့်နေခိုက်မှာပင် ထိုလူငယ်သည် ဒေါ်ဒေါ်ဂျင်နီ၏ အိမ်တံခါကို ဖွင့်ဝင်သွားသည်။

ဝက်စ်နှင့် ရှာလီသည် တံ့ကနဲ ရပ်လိုက်ပြီး တဦးကိုတဦး ကြည့်လိုက်ကြသည်။ ဝက်စ်သည် မပြုံးဘဲ ဝါးလုံးကွဲ ရယ်ချလိုက်၏။

"ကိုင်း၊ ခင်ဗျား သူ့ကို မောင်းထုတ်ဖို့ ရဲဆေးတင်ပေအုံးတော့"

(၂)

ရှာလီဝေလင် အိမ်ထဲသို့ ဝင်လာသည်ကို မြင်လိုက်သောအခါ သူ့အဒေါ်အိမ်တွင် လခပေးစားသူ အိမ်ဌားများ လှုပ်လှုပ်ရွရွ ဖြစ်သွား၏။

ဝီလျံကလင်ကာက ညစာကျွေးရာ၌ ကူညီရန်လာခြင်း ဖြစ်မည်ဟု ထင်ကြေးပေးသည်။ ယခင်တခါလာစဉ်က ပေါ်တာဟောက် အမဲသား ကြော်ကျွေးခဲ့ခြင်းကို အမှတ်တရပြောသည်။ မစ္စမီလာက မစ္စတာ ကလင်ကာကို ရုပ်ပိုင်းဆန်လွန်းသည်ဟု ပြီတီတီပြောသည်။ ဗိုလ်မှူးဘရွတ်သည် မီးလင်းဖိုဘေးတွင် ထိုင်ကာ ညနေသတင်းစာဖတ်နေသည်။ မစ္စတာ ဘိုင်လက်ရှ်ကမူ ယခင်က ပျိုတိုင်းကြိုက် နှင်းဆီခိုင်ပမာ ဖြစ်ခဲ့ဘူးသော သူ့နှုတ်ခမ်းမွေးနက်ပြောင်ပြောင်ကြီးကို ပွတ်လိမ်နေသည်။

"မစ္စတာ ဘိုင်လက်ရှ် ထွက်ပြီးနှုတ်မဆက်တာ ကျမတော့ အံ့သြတယ်" ဟု မစ္စမီလာက မစ္စတာကလင်ကာကို ပြောသည်။

အပြင်ထွက်၍ နှုတ်ဆက်ရ ကောင်းနိုးနိုး စဉ်းစားနေသည့် မစ္စတာဘိုင်လက်ရှ်က အခန်းထဲရှိ အမျိုးသမီးများနှင့်ပင် မိမိအဖို့ ကျေနပ်လောက်ပါပြီဟု ပြန်ရိသည်။

"သူ ဘယ်သူနဲ့ တွဲလာတယ် ထင်သလဲ"

ဝီလျံကလင်ကာသည် သူတို့နှစ်ယောက် ခနိုးခနဲ့ ပြောနေကြခြင်းကို မသိဘဲ စကားဖြတ်ပြောသည်။

"ဝက်စ်လေ၊ ချားလ်စ်ဂါဒင်နီယာ ဝက်စ်နဲ့ဗျ"

မစ္စမီလာက စီကနဲ အော်လိုက်၏။ ကလင်ကာက သူ့စကားကို ဆက်ပြောနေသည်။

"အရင်တခါ သူလာတုန်းကလဲ ပေါ်တာဟောက်အမဲကြော် စားရတာဘဲ။ ညစာစားပီးတော့ ဆွေးနွေးပွဲလုပ်တယ်။ နောက်တနေ့လဲကျရော မီလ်ဟီစာ ဆိုတဲ့လူ အိမ်ပေါ်က ပြေးရတာဘဲ"

"ကျုပ်မှာတော့ သူဝင်ရှုပ်စရာ ဘာကိစ္စမှ မရှိပေါင်ဗျာ"

ကျွဲမြီးတိုနေသည့် မစ္စတာ ဘိုင်လက်ရှ်က ဝင်ထောက်၏။

ကလင်ကာက . . .

"ဟုတ်ပါတယ်။ အိမ်သားလိုဖြစ်နေတဲ့ လူတွေအတွက် ကျုပ်ပြောတာ မဟုတ်ရပါဘူး။ ဂဏ္ဍာမငြိမ် မဖြစ်စမ်းပါနဲ့။ ကျုပ်အထင်ပြောရရင် ပါရဂူကလေးနဲ့ ပတ်သတ်မယ်ထင်တယ်"

ကလင်ကာ ယနံ့မကင်းဖြစ်နေသည်မှာ အကြောင်းမဲ့မဟုတ်။ သူတို့ထိုင်နေသည့် အခန်း၏ အပေါ်ထပ်တွင်လည်း ဤကိစ္စကိုပင် ဆွေးနွေးနေကြလေသည်။

ရှာလီဝေလင်သည် ဧာခန်းဆီးနောက်ကွယ်၌ သူ့အကြောင်း ဘာတွေပြောဆိုနေကြမှန်း မသိ။ အပေါ်ထပ်သို့ တန်းတက်သွားပြီး ဒေါ်ဒေါ်ဂျင်နို့ အခန်းထဲသို့ အမောတကော ပြေးဝင်သွားသည်။

သူ့အဒေါ်သည် စာပွဲတွင်ထိုင်ကာ ဝတ္ထုဖတ်နေသည်။ တူမဖြစ်သူကို မော့ကြည့်ပြီး ပါးရေနားရေ တွန့်နေသော သူ့မျက်နှာတွင် အပြုံးဆင်လိုက်၏။

"အချစ်ကလေး ရှာလီ။ သမီးကိုတွေ့ရတာ ဝမ်းသာလိုက်တာကွယ်"

သူတို့သည် တဦးကိုတဦး ကြင်နာစွာ နမ်းလိုက်ကြ၏။

"ဒေါ်ဒေါ်ဂျင်နီရယ် ပြောစမ်းပါအုံး။ ဒေါ်ဒေါ်ပြောတဲ့ လူက လူသေးသေး ဂူတူတူ ငိုင်တိုင်တိုင်လား။ မျက်မှန်နဲ့လေ။ ဦးထုပ် အညိုရောင်ဆောင်းတယ်။ ဆံပင်ကလဲ မည်းပဖူး။ ကမ္ဘာပေါ်မှာ မျက်နှာကြောအတင်းဆုံးလူ။ အူကြောင်ကြောင် အနိုင်ဆုံးလူလေ။ ဟုတ်လား။ သူလား"

"ချွတ်စွပ်ပါဘဲ အချစ်ရယ်။ ဘယ်မှာများ သွားတွေ့လာလို့လဲ"

ရှာလီသည် အိပ်ရာပေါ်သို့ ခြေပစ်လက်ပစ် လဲချလိုက်ပြီး သူ့အဒေါ်ကို ဖြစ်ကြောင်းရယ်မှကုန်စင် ပြန်ပြောပြနေလေ၏။

"ဟုတ်ပါတယ်။ သူပါဘဲ။ ဒါ့ထက် ဂါဒင်နီယာဝက်စ်က သမီးနဲ့အတူလာသလား။ ညစာစားဘို့ ခေါ်ခဲ့ရောပေါ့ကွယ်။ ဒါပေမယ့် သူက ဒို့ဟင်းမျိုးတော့ အရေးစိုက်မှာ မဟုတ်ပါဘူးလေ"

ရှာလီသည် သူ့အဒေါ် တလွဲထင်နေပုံကို မဟုတ်ကြောင်း ဖြေရှင်းရင်း ညပိုင်းတွင် အရေးကြီးသောကိစ္စ လုပ်ရန်ရှိသည်ဆိုပြီး ဝက်စ်ကို မဖိတ်ခဲ့ခြင်းဖြစ်ကြောင်း ရှင်းပြသည်။

"ကဲ အလုပ်ကိစ္စ ပြောစမ်းပါအုံး။ အဲဒီ ကြွေးငနဲအကြောင်းက ဘယ်လိုလဲ"

"လာမယ့် တနလ်ာနေ့ဆိုရင် လေးပတ်ပြည့်တော့မယ်"

သူ့အဒေါ် မစ္စက်ပိန်တာက ဖတ်လက်စ ဝတ္ထုစာအုပ်၏ စာမျက်နှာကြားတွင် ဖိနပ်ဂေါ်ကို ညှပ်လိုက်ကာ ပြောသည်။

"သူက နယူးယောက်ကတဲ့။ တယောက်ယောက်က ဒီအိမ်ကို နတ်လမ်းညွှန်လိုက်လို့တဲ့။ ဘယ်သူဘယ်ဝါ မှန်းလဲ မသိပါဘူး။ ပြောလဲ မပြောဘူး။ အခန်းကလဲ အားနေတော့ ဒေါ်ဒေါ်က လက်မလွှတ်ချင်ဘူး။ ငါ့အိမ်က လမ်းမကြီးပေါ်မှာသာဆိုရင်အေ၊ လူကောင်းသူကောင်းတွေနဲ့ လုပ်ရကိုင်ရမှာပေါ့၊ အချစ်ကလေးရယ်။ အေမီမာစဒင် ငွေရှင်နေပုံများ ပြောမပြောချင်ဘူး။ သမီးသိစေချင်တယ်၊ ဒီကောင်မက လယ်တယ်မဟုတ်လား"

"မာစဒင်ကိစ္စ အသာထားပါအုံး။ ဒီတော့ ဒေါ်ဒေါ်က သူ့ကို အခန်းပေးလိုက်ရောလား"

"အင်းပေါ့။ အပေါ်ဆုံးအခန်း ပေးလိုက်တယ်။ သူက အလုပ်အကိုင်ကလဲ ရှိပုံမရပါဘူး။ တနေ့လုံး အခန်းအောင်းနေတော့တာဘဲ။ လူကြီးလူကောင်းသာဆိုရင် မနက်စာစားပြီး အပြင်ထွက်ရမယ်ဆိုတာက မပြောဘဲ နားလည်ရမယ့်ကိစ္စဘဲ။ ဒါထားပါတော့၊ သမီးယုံမှာမဟုတ်ဖူး။ ဆယ်ရက်သာ ကြာသွားတယ် အခန်းခပေးဘို့ စကားတခွန်း မဟဘူး။ ဒေါ်ဒေါ်က စကားရိပ် စကားမြွက်တော့ ပြောပါသေးတယ်"

"မရဘူး မဟုတ်လား"

"ဘယ်ရမလဲ။ နောက်ထပ် ဆယ်ရက်သာ ကုန်သွားတယ် ကမ္ဘာပေါ်မှာ ငွေဆိုတာ ရှိတယ်လို့တောင် ထင်ရဲ့လားမသိပါဘူး။ ဒါနဲ့ ဒဲ့ဒိုးဘဲ ပြောရတော့တာပေါ့။ သူ့အခန်းတံခါးခေါက်ပြီး ငါ့မှာလဲ ကြွေးပေးစရာတွေ ရှိနေတယ်၊ အခန်းခရရင် သိပ်ကျေးဇူးတင်မှာဘဲလို့ ပြောရတော့တာပေါ့။ အမလေး၊ ကုန်စုံဆိုင်စာရေးလို ဒေါ်ဒေါ် ကြွေးပူတောင်းနေရတာ သမီးတို့အဖိုး ဘုရင်ခံကြီးသာမြင်ရင် ဘယ်လောက်များ ရင်နာလိုက်မလဲလို့ ဒေါ်ဒေါ် တွေးမိသေးတယ်"

ရှာလီသည် စကားကို မသိမသာ ဖြတ်လိုက်ကာ လိုရင်းသို့ ပြန်ရောက်အောင် ဆွဲပြောရသည်။

"အဲဒီတော့ သူက ဘာပြောသလဲ"

"အောင်မာ။ သူကတော့ မှင်သေသေဘဲ။ စိတ်မပူပါနဲ့တဲ့။ လောလောဆယ် သူ့မှာ ငွေပြတ်နေပေမယ့် မကြာခင် ရမှာပါတဲ့။ သူကတော့ ဟိတ်နဲ့ ဟန်နဲ့ မျက်နှာခပ်ပြောင်ပြောင်ဘဲ"

"ဒါပေမယ့် ငွေစော်ကတော့ မနံဘူး ဆိုပါတော့"

"ဟင့်အင်း။ အဲဒီတော့ ရှာလီဘာလုပ်မလဲ။ ဒေါ်ဒေါ့်အထင် ဒီသူငယ်က မရိုးမဖြောင့်တော့ မဟုတ်ပါဘူး။ ထူးထူးခြားခြားကြီး ရိုးသားတာက သူ့မျက်နှာမှာ အထင်းသားပေါ်နေတာဘဲ။ လူထူးလူဆန်း ဖြစ်နေတာတခုဘဲ။ အာရုံလဲ သိပ်စူးစူးစိုက်စိုက်ရှိတယ်။ ဘာခေါ်မလဲ။ ဓွတ်ဒရွတ်သမား ဆိုရမလား မသိဘူး"

ရှာလီသည် စာပွဲကိုမှီရင်း သူ့အဒေါ်ကို စိုက်ကြည့်နေသည်။

"လူကြီးလူကောင်းတယောက်လို့တော့ မထင်ဘူးပေါ့။ ဟုတ်လား ဒေါ်ဒေါ်ဂျင်နီ"

မစ္စပိန်တာသည် လက်မြှောက်ပြသလို လက်နှစ်ဘက်ကိုဆန့်ကားပြီး

"ဒီခေတ်မှာ ဒီစကားလုံးက ဘာမှ အဓိပ္ပာယ် မရှိတော့ပါဘူးအေ။ လူကြီးလူကောင်းဆိုတဲ့ အမျိုးအနွယ်က ဒို့များခေတ်ကသာ ရှိတာပါ။ ဒီခေတ်မှာတော့ ဘယ်မှာမှ မရှိတော့ပါဘူး။ ဝက်စ်လို၊ ဘတ်လို လူငယ်မျိုးတွေမှာသာ လူကြီးလူကောင်းဆိုတာ တွေ့တော့တာကွယ့်။ ဒီခေတ် အဆင့်အတန်းနဲ့ဆိုရင် . . ."

"ကဲပါလေ။ ဒီခေတ် အဆင့်အတန်းနဲ့ဆိုရင်ရော အဲဒီလူကို လူကြီးလူကောင်းလို့ ဆိုနိုင်ပါ့မလား"

"ဘယ်သိနိုင်ပါ့မလဲ။ ဟုတ်ချင် ဟုတ်မှာပေါ့။ မဟုတ်ချင်လဲ နေမှာပေါ့။ ဟုတ်မထင်ပါဘူးအေ။ သူများတွေ စိတ်ချမ်းသာဘို့၊ ကိုယ်ချမ်းသာဘို့ ကိစ္စကို လုံးလုံးအရေးမစိုက်တဲ့လူစားဘဲ။ ဘယ်မှာ လူကြီးလူကောင်းဖြစ်နိုင်ပါ့မလဲ"

"ဒါပေါ့၊ သူက အဲဒီလို လူစားဘဲလား"

"ဖြစ်ပုံကလေး ပြောရအုန်းမယ်" မစ္စပိန်တာက စကားဆက်သည်။ "ဒီသူငယ်က တချိန်လုံး အခန်းအောင်းနေတာဘဲ။ စာအုပ်ရေးနေတာ ထင်ပါရဲ့"

"အမလေး။ ဒီလိုဆို ခြူတပြားမှ ကပ်မယ့်လူစား မဟုတ်ပါဘူး။ စိတ်သာချပေတော့"

"အေးလေ။ ဟိုအပတ်တုန်းက တည သူလာပြောတယ်။ သူ့အခန်းက သိပ်အေးလွန်းသတဲ့။ ဒါနဲ့ ညတိုင် ထမင်းစားခန်းထဲ လာထိုင်ပါလားလို့ ဒေါ်ဒေါ်က ပြောလိုက်တယ်။ ဖီဖီကတော့ ခါတိုင်းလိုပေါ့။ အက္ခရာ သခ်ၤာ တွက်နေတယ်။ ဒီသူငယ်က ဖာသိဖာသာဘဲ။ ဒါပေမယ့် ဖီဖီက အဲဒီညမှာ ချောင်းပိုဆိုးတယ်။ အဲဒီတော့ သူက ချောင်းမဆိုးနဲ့လို့ မာန်တယ်။ ဖီဖီက ချောင်းဆိုးတာ သူလဲမတတ်နိုင်ဘူးလို့ ပြန်ပြောတာပေါ့။ သူက ဒီလိုဆူညံနေရင် သူ အလုပ်လုပ်လို့မရဘူးတဲ့။ ဖီဖီရင်လဲသွားမှ၊ ချောင်းဆိုးသံရင်လဲ တိတ်မှတဲ့။ ဒါနဲ့ ဖီဖီခမြာလဲ သူ့စာအုပ်တွေသိမ်းပြီး သူ့အခန်းထဲ ပြန်သွားရတယ်။ သူ့အခန်းက အေးစိမ့်နေတော့ ချောင်းကလဲ တဟွတ်ဟွတ်ပေါ့။ ပုစ္ဆာတွေတွက်ရင်း တရှဲ့ရှဲ့ ငိုနေတယ်။ ဒေါ်ဒေါ် သွားတွေ့ပေလို့ပေါ့။ ကလေးကတော့ မတိုင်ပါဘူး"

"တော်တော် တရားလွန်တာဘဲ"

"ကဲ၊ ဒီတော့ ဒေါ်ဒေါ် ဘာလုပ်ရင် ကောင်းမလဲ"

"ညစာစားပီးယင် ကျမ သူနဲ့တွေ့မယ်။ အခန်းခ ပေးရင်ပေး၊ ပြောင်းရင်ပြောင်းလို့ ပြောရုံဘဲ ရှိတာပေါ့"

"အချစ်ရယ် ဒီလောက်တုံးတိကြီးပြောလို့ ကောင်းပါ့မလား"

"ဒေါ်ဒေါ်ကျင်နီ။ ဒေါ်ဒေါ် ဆွမ်းကြီးလောင်း ဝတ်အသင်း ဖွင့်နေတာလား"

"မဟုတ်တော့ မဟုတ်ဖူးပေါ့ကွယ်"

ရှာလီသည် ကုလားထိုင်ပေါ်တွင် ထိုက်လိုက်ပြီး လက်သည်းများကို အလှပြင်ရင်း . . .

"ဒေါ်ဒေါ်က ငွေတောင်းတတ်သေးပါဘူး။ ကျမကတော့ ဇိုးဇိုးဇတ်ဇတ် ပြောင်ပြောင်တင်းတင်းဘဲ။ ပြတ်ပြတ်ဘဲ။ မာမာဘဲ။ ကျမက ဒေါ်ဒေါ်တို့မကြိုက်တဲ့ လူငယ်ပိုင်းမဟုတ်လား"

"သမီးကိုတော့ မကြိုက်မရှိပေါင်တော်"

"ကဲ လာ" ရှာလီသည် ခုန်ထလိုက်ပြီး 'အောက်ဆင်းကြစို့။ ဒါထက် စောစောကပြောတဲ့လူရဲ့ နာမယ်က ဘယ်သူ" ဟု မေးသည်။

"သူ့နာမယ်လား။ ကွိတဲ့။ ဒီနာမယ်မျိုး ကြားဘူးရဲ့လား"

"ကွိ။ ဟုတ်လား။ ကွိ၊ ကကြီး ဝဆွဲ လုံးကြီးတင် ကွိလား"

"နာမယ်ကတော့ ခပ်ဆန်းဆန်းဘဲ။ ဒို့များ ခေတ်တုန်းကတော့ ဒီနာမယ်မျိုး မရှိပေါင်"

"နောက်တခေတ်ကျလဲ ဒီနာမယ်မျိုးက ရှိတော့မှာ မဟုတ်ပါဘူး"

"မစ္စတာ ကလင်ကာကတော့ သူ့ကို ဒေါက်တာ ပါရဂူလေးလို့ ကင်ပွန်းတပ်ထားတယ်။ နာမယ်နဲ့ ရုပ်နဲ့ စာဂျပိုးအကျင့်နဲ့တော့ ဟပ်ပါ့ကွယ်။ အိမ်ဖော်တွေကတောင် အဲဒီနာမယ်ဘဲ ခေါ်နေကြပီ"

"ဒေါ်ဒေါ့် ဒေါက်တာ ပါရဂူကလေးနဲ့ ကျမကို မိတ်ဆက်ပေးရင် ဒေါ်ဒေါ့်အလုပ် တာဝန်ခံလို့ ပြောနော်"

"စိတ်ချပါ ကလေးရယ်"

တူဝရီးနှစ်ယောက် အောက်ထပ်ဆင်းသွားကြ၏။ ဧည့်ခန်းတွင် အိမ်ဌားနေသူများက ရှာလီကို တလေးတစား တမြတ်တနိုး နှုတ်ဆက်ကြ၏။ ရှာလီလာ၍လား တခြားအကြောင့် ကြောင့်လားမသိ။ ယစ်ရွေရည် ပို၍ မှီဝဲထားသည့် ဗိုလ်မှူးဘရွတ်သည် သတင်းစာကို ပစ်ချကာ ရှာလီကို ဖက်ရမ်းနှုတ်ဆက်သည်။ မစ္စတာ ဘိုင်လက်ရှ်သည် ရှာလီကို ဧည့်သည် စောင်သည်ပမာ ခေါင်းညွှတ် နှုတ်ဆက်သည်။ မစ္စတာ မီလာက တခစ်ခစ်ရယ်ရင်း ရှာလီကို ခြေဆုံးခေါင်းဆုံး အကဲခပ်နေလေသည်။

ညစာဝိုင်းသည် သွက်လက် မြူးကြွသည်။ ရှာလီဘေးတွင် အိမ်ရှင် မစ္စက်ပိန်တာ၏ သမီးငယ် ဖီဖီထိုင်သည်။ ဗိုလ်မှူးဘရွတ်ဘေးတွင် သူဇနီး ငြိမ်ငြိမ်ကလေး ထိုင်နေသည်။ မယားနှုတ်ဆိတ်သလောက် လင် စကားဖောသည်။ ဗိုလ်မှူးကတော်နှင့် မျက်နှာချင်းဆိုင် စားပွဲတဖက်တွင် ကုလားထိုင်တခု လွတ်နေ၏။ ဒေါက်တာ ပါရဂူကလေး ကိုထိုင်သောနေရာ ဖြစ်လေသည်။ ရှာလီနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်လည်း လွတ်နေသည်။ ပါမောက္ခအိုကြီး နီကိုလိုဗီးယပ်၏ နေရာဖြစ်၏။

အတော်ကြာမှ ပါမောက္ခ နီကိုလိုဗီးယပ် ဝင်လာပြီး ခါတိုင်းလိုပင် ဦးညွှတ်နှုတ်ဆက်ကာ သူ့နေရာသူ ဝင်ထိုင်လိုက်သည်။ ရှာလီသည် မစ္စမီလာအပါအဝင် အားလုံးကို ခင်မင်သော်လည်း ပါမောက္ခအိုကြီးကိုမူ ခင်စရာကောင်းသည်ဟု မထင်။ မျက်နှာက ဇာတ်လူကြမ်းလို မေးရိုးတောင့်တောင့်။ ပြောပုံဆိုပုံက သံသေးသံညောင်။ စကားပေါက်ဆိုးဆိုး။ လူတိုင်းကို ရင့်ရင့်သည်းသည်း ပြောတတ်သည်။ အထူးသဖြင့် မိမိကို မာရေကျောရေ ပြောလေ့ရှိသည်ဟု ရှာလီထင်သည်။ ဒေါက်တာပါရဂူကလေး ကတော့ လုံးဝ မပေါ်လာချေ။ ရှာလီက သူ့အဒေါ်ကိုကြည့်ပြီး ကုလားထိုင်လွတ်ဖက်သို့ မျက်ရိပ်ပြသည်။

"ဘာသဘောလဲ မတွေးတတ်ဖူး" မစ္စပိန်တာက လေသံသဲ့သဲ့ပြောသည်။ "ခါတိုင်းတော့ အချိန်မှန်တာဘဲ"

အိမ်ဖော် လူမဲမလေး အမ်မာက ကို၏ အခန်းတံခါးကို ခေါက်သော်လည်း လူသံမကြားရဟု ဆိုသည်။

"စာအုပ်ရေးရင်း အိပ်ပျော်နေပီနဲ့တူတယ်။ သူ့စာအုပ်ကလဲ အိပ်ချင်စရာကောင်းတဲ့ စာအုပ်မျိုး ဖြစ်မှာပါ" ရှာလီက မပွင့်တပွင့် ခနဲ့သည်။

ညအခါသော်မှ အိပ်တောင့်အိပ်ခဲဖြစ်သော ကို၏ အကျင့်ကို မစ္စပိန်တာက ရှင်းပြနေသည်။

ဗိုလ်မှူးဘရွတ်တို့က စကားကောင်းနေကြ၏။

"ကျွန်တော်ကလေ သူ့ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ကလေကလွင့်မဟုတ်တဲ့ ရီပတ်ဘလစ်ကန်* ပါတီဝင်ဆိုလို့ ကျုပ် တကောင်တမြီးမှ မတွေ့သေးဘူးလို့ ပြောလိုက်တယ်"

"ခင်ဗျာ့စကားက မစ္စတာဆာဖေ့ကို သတိရပြီး မစ္စဝေလင် အသဲနာအောင် လုပ်နေသလိုဘဲဗျာ" တချိန်လုံး ငြိမ်နေသော ပါမောက္ခ နီကိုလိုဗီးယပ်က ပြေပြေပြစ်ပြစ် စကားတခွန်း ဝင်ထောက်သည်။

ဗိုလ်မှူးဘရွတ် နှုတ်ဆိတ်သွား၏။ တဝိုင်းလုံး တိတ်ဆိတ်သွားသည်။ ရှာလီက သူ့ပန်းကန်ကို သူကြည့်ကာ တုတ့်ဘော လုပ်နေသည်။ ကွယ်လွန်သူ ဟင်နရီဂျီဆာဖေ့အကြောင်းသည် ရှာလီအား အရင်းနှီးဆုံး မိတ်ဆွေများကပင် ဟဟ မပြောသည့် အကြောင်းကိစ္စဖြစ်သည်။ ပါမောက္ခအိုကြီးကမူ တဝိုင်းလုံး တုတ်တုတ်မျှမလှုပ်ဘဲ ငြိမ်သွားကာ သူ့အားအပြစ်တင်နေခြင်းကို လုံးဝအရေးမစိုက်။ တို့တို့တိတိနှင့်သုတ်သုတ်စားသဖြင့် မိနစ်နှစ်ဆယ်

---

*အမေရိကန် နိုင်ငံရေးပါတီ။ ။ ၁၈၅၄ တွင် တည်ထောင်သည်။ ၎င်းယ်ကျွန်စနစ်ကို ဆန့်ကျင်သည်။ အမေရိကန် ပြည်တွင်းစစ်တွင် မြောက်ပိုင်းသမ္မတက ရီပတ်ဘလစ်ကန် ပါတီဝင်ဖြစ်၍ တောင်ပိုင်းသားများက ရီပတ်ဘလစ်ကန်ပါတီကို ဆန့်ကျင်သည်။

စောချိစားသော မစ္စတာ ဘိုင်လက်ရှ်ထက် သူကအရင် ပြီးသည်။

မစ္စဘိုင်လက်ရှ်သည် ညစာစားဝိုင်း သိမ်းပြီးနောက် ဧည့်ခန်း ၌ ညရှစ်နာရီခွဲအထိ ရှာလီဝေလင်ကို စောင့်သေးသည်။ အရိပ်ရောင်မျှ မပေါ်လာ၍ မစ္စမီလာကို ရုပ်ရှင်ခေါ်သွားလေသည်။

ညစာစားခန်း သိမ်းဆည်းပြီးသောအခါ ရှစ်နာရီထိုးလေပြီ။

"ကိုင်း"

ရှာလီက စကားစသည်။ အိမ်ခန်းခမပေးသော ဒေါက်တာပါရဂူကလေး ကွိကို ကြွေးပူတောင်းရမည့် ရှာလီဝေလင်နှင့် ထိပ်တိုက်တွေ့ပေးရန် စစ်ဆင်ရေးညှိနှိုင်းပွဲ ထိုင်ကြသည်။ ရယ်ရင်းမောရင်း မဟာဗျူဟာ နည်းဗျူဟာမျိုးစုံချကြသည်။ ကြွေးပူတောင်းမည့်ရှာလီကမူ မူလပကတူး စိတ်ကူးအတိုင်း ချုံခိုတိုက်နည်းကို အသေကိုင်ထားသည်။

"သူတသက်လုံး အခန်းအောင်မနေနိုင်ပါဘူး။ ဗိုက်ဆာရေငတ်တာနဲ့ ထွက်လာရမှာပါဘဲ။ ပန်းသီး ထွက်ဝယ်ချင် ဝယ်မှာဘဲ။ စာထွက်ထည့်ချင် . . ."

ရှာလီ့ကုလားထိုင် လက်ရမ်းတွင် တင်ပါးလွှဲထိုင်နေသည့် ဖီဖီသည် ချောင်းတဟွတ်ဟွတ်နှင့် ရယ်နေသည်။

"စာတစောင်မှ ရေးတာ မတွေ့ပါဘူး မမရယ်။ သူ့ဆီလဲ စာတစောင်မှ မလာပါဘူး။ ဒီနေ့ည ရောက်လာတဲ့ စာတစောင်ဘဲ ရှိသေးတယ်"

"ရှာလီရေ။ ဒီလိုဆို သူ့ဆီ အလုပ်သဘောနဲ့ စာတစောင်ရေးပီး တောင်းရင် မကောင်းဘူးလား" မစ္စက်ပိန်တာက အကြံပေးသည်။

"ဒီနည်းကို ကျမ စဉ်းစားပီးပီ ဒေါ်ဒေါ်။ ဟန်မယ်မထင်ဘူး။ သူ ဘာလဲ၊ ဘာဖြစ်လို့ ငွေမပေးသလဲ၊ ပေးချင်တဲ့စိတ် ပေးနိုင်တဲ့အခြေအနေ ရှိသလားဆိုတာတွေ သိချင်တာမဟုတ်လား။ ပီးတော့ ကျမတို့ သဘောထားတွေကိုလဲ ပြောပြဘို့ လိုအုံးမယ်ထင်တယ်"

"အဲဒီတော့ ဘယ်လိုလုပ်မှာလဲ"

"ဖေဘီယန်* နည်း သုံးရမှာပေါ့။ စောင့်နေ။ တိတ်တိတ်ချောင်းနေ။ ဒါဘဲ။ ဒီညမဆင်းရင် ကျမ နက်ဖြန် လာစောင့်မယ်။ တညပြီးတည၊ တညပြီးတည လာစောင့်မယ်။ တံခါးခေါက်သံ ကြားရတယ်ဟေ့"

မစ္စက်ပိန်တာက လှမ်းကြည့်လိုက်ပြီး "ဝင်ခဲ့ပါ" ဟု ခေါ်လိုက်သည်။

တံခါးပွင့်လာသည်။ တံခါးဝတွင် သူတို့ပြောနေသူ ကိုယ်တိုင်ကိုယ်ကျ ရပ်နေသည်ကို တွေ့လိုက်ရသည်။ သူတို့ကို ငိုင်ငိုင်ကြီး ကြည့်နေ၏။

"ကျွန်တော် ညစာကလေးများ စားလို့ရအုံးမလား မစ္စက်ပိန်တာ။ ကျွန်တော် အလုပ်ရှုပ်သွားတာနဲ့ အချိန်သတိမထားမိလိုက်လို့ပါ"

ရှာလီက ထလိုက်ပြီး

"စားရပါတယ်။ ကျမယူလာခဲ့မယ်" ဟု နှလုံးဖြူအူစင်း လေသံကလေးနှင့် ပြောသည်။ သူ့စိတ်ထဲကမူ 'ဘုရားမလို့ ကျားရှေ့တော့ မှောက်ရက်လဲပီဟေ့' ဟု ကြုံးဝါးလိုက်လေသည်။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

*ရောမစစ်သူကြီး ဖေဘီယပ် မက်ဇီမတ် (ခရစ်မတိုင်မီ ၂၇၅–၂၀၃) ၏ စစ်တိုက်နည်း။

(၃)

ရှာလီက မျက်စိကလေး တချက်စွေကြည့်လိုက်သည်နှင့် မစ္စက်ပိန်တာက . . .

"မစ္စတာကို။ ဒါ ဒေါ်ဒေါ့်တူမ မစ္စဝေလင်" ဟု ပြောလိုက်လေသည်။

'ဒေါ်ဒေါ့် အလုပ်တာဝန်ခံလေ' ဆိုသော စကားလုံးကို ပြောဘို့ရာမူ စိတ်မသိုးမသန့်ဖြစ်၍ နှုတ်ဆွံ့နေသည်။ တူမလေးကို ထိုနည်းထိုပုံ မိတ်ဆက်မပေးရက်။

သူ့အဒေါ် စကားချန် ပြောသည်ကို သိသဖြင့် ရှာလီက ရယ်ချင်စိတ်ကို မျိုသိပ်ကာ အသာအယာပင် ဦးညွှတ်နှုတ်ဆက်သည်။ သူခါတိုင်း ထိုင်နေကျနေရာတွင် ထိုင်သည်။ သူ့ဘယ်ဘက်လက်က အိတ်ထဲမှ စာအုပ်ကို အလိုအလျောက် နှိုက်ယူလိုက်၏။ မစ္စက်ပိန်တာသည် မယောင်မလည်နှင့် အခန်းထဲမှ ထွက်သွားလေသည်။

ရှာလီကလည်း မီးဖိုချောင်သို့ဝင်ကာ အိမ်ဖော်ကလေး အမ်မာနှင့်အတူ ညစာပြင်သည်။ အမဲကြော်၊ အာလူး၊ ပေါင်မုန့်၊ ကော်ဖီ၊ ထောပတ်၊ မက်မန်းသီးအခြောက်တို့ကို လင်ပန်းနက်ကလေးနှင့် ထည့်သည်။

"ပါရဂူတွေ တလေ့ကြီးတောင် စားလောက်ရဲ့ထင်ပါတယ်ကွယ်" ရှာလီက လင်ပန်းကလေးကို စေ့စေ့စပ်စပ် ကြည့်ပြီးပြောလိုက်သည်။

"ကျေးဇူးဘဲ အမ်မာရေ့"

ရှာလီသည် လင်ပန်းကလေးကိုကိုင်ကာ ညစာစားခန်းထဲ ပြန်ဝင်လာသည်။ ကွိတယောက်ထဲ ထိုင်နေ၏။ စားပွဲပေါ်တွင် စာအုပ်က ပွင့်လျက်။ သူသည် ဆံပင်ထဲ လက်ထိုးကာ ကုန်းကိုင်းကိုင်းကြီး စာဖတ်နေသည်။

သူ့ဘေးသို့ ရှာလီရောက်လာသည်။ စားစရာများကို တခုစီချသည်။ သူက မတုန်းမလှုပ် ကျောက်ရုပ်။ ရှာလီက . . .

"တဆိတ်ရှင့်" ဟု ပြောမှ ဆတ်ကနဲ မော့ကြည့်သည်။

"အော်၊ ဟုတ်ကဲ့"

ကွိသည် စာအုပ်ကိုနေရာရွှေ့ပေးလိုက်သည်။ ဖတ်လက်စနေရာတွင် လက်ညှိုးထိုးသွင်းပြီး ညှပ်ထားသည်။ ရှာလီက ပန်းကန်များကို နေထားတကျချသည်။ ဇွန်း၊ ခက်ရင်း၊ လက်သုတ်ပုဝါအသစ်။ အားလုံး နေရာတကျ ဖြစ်မှ . . .

"ဘာလိုပါသေးသလဲ" ဟု မေးသည်။

ကွိက စားပွဲကို မျက်လုံးဝေ့ကြည့်ပြီး . . .

"ရေတခွက်လောက် ပေးပါခင်ဗျာ"

"အော်၊ ဟုတ်သားဘဲ။ ရပါတယ်"

ရှာလီက ငွေရေခရားထဲမှ ရေငဲ့ထည့်ပေးသည်။ ထိုရေခရားသည် ၁၈၆၂ မေ ပြည်တွင်းစစ် အတွင်းက ယန်ကီးဂ စစ်သားများ အိမ်ပေါ်မှ လွှင့်ပစ်သွား၍ ပြန်ကောက်ယူကာ သိမ်းထားခဲ့ရသည့် ငွေခရားဖြစ်သည်။

ရှာလီ၏ လောကွတ်ပြုဌာကလေးများကို ကွိက အမှုမဲ့ အမှတ်မဲ့ပင်။ ပေါင်မုန့်ပန်းကန်တွင် စာအုပ်မှီထောင်ပြီး အမဲကြော်လှီးရင်း စာဖတ်နေသည်။ စားပွဲတင် နာရီလောက် ကြီးသော နာရီတလုံးကို ပန်းကန်ဘေးတွင် ချထားသည်။

---

*အမေရိကန်ပြည်တွင်းစစ် (၁၈၆၁–၆၅) တွင် ပြည်ထောင်စုဘက်က ဝင်တိုက်သော မြောက်ပိုင်းပြည်နယ်သားများ။

"အားလုံးစုံပါပီနော်"

"စုံပါပီ"

"ရှင် ကျမကို မှတ်မိသလား" ရှာလီက မေးခွန်းထုတ်သည်။

ကိုက တဒင်္ဂမျှ မော့ကြည့်ပြီး စားမြဲ ဆက်စားသည်။

"မသိဘူး"

ရှာလီသည် သူ့ဖာသာ ပြုံးလိုက်မိ၏။

"ဒီနေ့ညနေက ရှင့်ကိုဝင်တိုးမိတာ ကျမခွေးကြီးလေ။ မှတ်မိပီလား။ ရှင်နာသွားသေးသလား။ ထော့နင်း ထော့နင်း ဖြစ်နေသလိုဘဲ။ တကယ် စိတ်မကောင်းပါဘူးရှင်"

"ကိစ္စမရှိပါဘူး" ကိုက အနည်းငယ် မနေတတ် မထိုင်တတ် ဖြစ်သွားကာ "ကျွန်တော် လမ်းရှောက်ထွက်ခဲ့ပါတယ်။ ခင်းဗျား အပျော်ခွေးကြီးလဲ ကျိုးပဲ့တော့ မသွားပါဘူးနော်" ဟု ပြောသည်။

"ကျေးဇူးတင်ပါတယ်ရှင်။ ဘာမှမဖြစ်ပါဘူး"

အပျော်ခွေးကြီး၏ ပိုင်ရှင်ကို သူ့အိမ်ရှင်၏ အလုပ်တာဝန်ခံအဖြစ် တွေ့နေရသော်လည်း သူ့စိတ်တွင် ဘာမျှ စနိုးစနောင့် မဖြစ်ကြောင်း သူ့မျက်နှာတွင် သိသိသာသာကြီး ပေါ်လွင်နေသည်။ သူ့မျက်စိသည် စာအုပ်တလှည့် အမဲကြော်တလှည့် ကူးနေ၏။

"ညစာယူပေးတာ ကျေးဇူးတင်ပါတယ်"

ကိုစကားသည် 'သွားပါတော့ခင်ဗျာ' ဟုပြောသည်ထက် ပို၍ အဓိပ္ပာယ်စူးနေသည်။ သို့သော် မစ္စက်ပိန်တာ၏ ပြတ်သားသော အလုပ်တာဝန်ခံကမူ သူ့အနာမှ တဖဝါးမျှနခွာ။ စာထဲ အာရုံဝင်စားနေခြင်းကို အခွင့်ကောင်း ယူကာ ကိုကို အနီးကပ် လေ့လာသည်။

ကိသည် ပိဋ္ဌကတ်တိုက်ထဲ၌ ချက်မြှုပ်၍ စာအုပ်နှင့် အချင်းဆေးခဲ့သူပမာဖြစ်သည်။ ပိုးဟတ်ဖြူလို အသားအရည်နှင့် ဆန်ကောဝိုင်းလို မျက်မှန်ကြီးနှင့် ပတ်ဝန်းကျင်နှင့် လုံးဝကင်းပြတ်သည့်ဟန်နှင့်။ ဆံပင်က တလစာ လောက် ပို့ရှည်နေသည်။ နက်ကတိုင် လည်စည်းက ကုတ်ဘက်တွင် ကော်လာအပေါ် ကျော်၍ နင်းနေသည်။ သို့သော် မျက်နှာပေါက် ပြတ်သားသည်။ လက်ဆတ်ကြည်လင်သည်။ နှာတံပေါ်သည်။ နှုတ်ခမ်းက ထထကြွကြွ လုပ်တတ်သူတို့တွင်ရှိသော မတွန့်မကော့ နှုတ်ခမ်းမျိုးဖြစ်သည်။ မျက်မှန်ကြီးကို ခဏဖြုတ်၊ ဆံပင်ရှည်ကြီးကို ညှပ်လိုက်လျင် ပါရဂူကလေးဟု ခေါ်နိုင်ဘွယ်မရှိသော ဥပဓိရုပ်မျိုး ပေါ်လွင်လာနိုင်သည်။

ရှာလီသည် ကိုကို အနုစိတ်လေ့လာရင်း သူလုပ်ရမည့် လုပ်ငန်းအခြေအနေကို စဉ်းစားမိသည်။ စိတ်အစာ၊ ရုပ်အစာ စားရင်း သမာဓိဆိုက်နေသော လူငယ်ကို သူပြောပြရတော့မည်။ ကောင်းပါ့ဗို့။ ဘယ်လိုပြောရမလဲ။ သူ့ ကြည့်ရသည်မှာ မိမိထက် အသက်များများ မကြီးနိုင်။

'ငါကတော့ ပြတ်ပြတ်ဘဲ' ရှာလီက သူ့အားသူတင်းလိုက်သည်။ သို့သော် သွေးကမဆူ။ အိမ်လခကိစ္စသည် သူ့ကို ဟောဟောဒိုင်းဒိုင်း ပြောအောင်ဆိုအောင် မီးမထိုးနိုင်။ ဖီဖီကလေး ငိုပြေးရသည့် အဖြစ်ကို တွေးမိမှ သူ့ သန္ဓိဋ္ဌာန် ခိုင်မာလာသည်။

"ရှင်စာဖတ်နေတုန်း ကျမ စကားဖြတ်ပြောရအုံးမယ်" ရှာလီက ယတိပြတ်ပြောသည်။ "ပြောစရာကလေး တခုရှိလို့ပါ"

ကိုက ဒုတိယအကြိမ် မော့ကြည့်သည်။ အံ့အားသင့်ခြင်း၊ စိတ်ကသိကအောက်ဖြစ်ခြင်းတို့သည် မျက်မှန် ပိုင်းကြီးနောက်မှ သူ့မျက်လုံးတွင် ပေါ်နေသည်။

"ဆိုပါအုံး"

"ဒေါ်ဒေါ်မိတ်ဆက်ပေးတုန်းက ကျမဘာလဲဆိုတာ စုံအောင် မပြောခဲ့ဘူး"

"ဘာထူးမှာမို့လဲ"

"ဟုတ်ကဲ့၊ ထူးပါတယ်။ ကျမက သူတူမသက်သက် မဟုတ်ပါဘူး။ သူ့အလုပ် တာဝန်ခံလဲ လုပ်ပါတယ်။ သူက အိမ်ဌားလုပ်ငန်းကို သိပ်နိုင်တာ မဟုတ်ဖူး။ ဒီအိမ်က လူပေါင်းစုံလာဌားနေတာ။ ဒီတော့ ခဏခဏ အမှုကလေးတွေ ပွေတာပေါ့။ ဆိုပါတော့ရှင်။ တချို့က အိမ်လာဌားနေပြီး။ ကျမ ဘယ်လိုပြောရမလဲ။ အိမ်လခ ပေးဘို့ကျတော့ သိပ်တွန့်ဆုတ်တတ်တယ်။ အဲဒီလို လူတွေနဲ့ ဒေါ်ဒေါ်က ဘယ်လိုရင်ဆိုင်ရမှန်း သိတာမဟုတ်ဖူး"

ကွိသည် နာရီကို ငဲ့ကြည့်ကာ ရှာလီစကားကို လက်ပြပြီး တားလိုက်သည်။

"တိုက်ရိုက်မပြောတာ အလကား အချိန်ဖြုန်းတာဘဲလို့ ကျွန်တော် အမြဲယုံတယ်။ ကျွန်တော့်ဆီက အိမ်လခ တောင်းဘို့ ခင်ဗျားအဒေါ်က ခင်ဗျားကို ခေါ်လိုက်တာ မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒီလိုဆို ခင်ဗျားအဒေါ်ကိုပြောလိုက်ပါ။ စိတ်မပူပါနဲ့။ ကျွန်တော်ပြောတာ တကယ်ပြောတာပါလို့။ ဒီနေ့ည ကျွန်တော် စာတိုက်က ဒေါ်လာနှစ်ဆယ်ရတယ်။ အဲ့ဒီငွေ ခင်ဗျားအဒေါ်ကို ပေးမှာပါဘဲ"

ကွိက စာဆက်ဖတ်ရန် ဟန်ပြင်ရင်းပြောသည်။

ရှာလီသည် ကွိကို ပြုံးလဲ့လဲ့ကြည့်နေသော်လည်း သန်ကောင်စာရင်းကောက်သူပမာ ရှင်းရှင်းပြတ်ပြတ် စပ်စပ်စုစု ဆက်မေးနေသည်။

"တခုမေးပါရစေအုံး။ ရှင့်မှာ ပုံမှန်ဝင်ငွေတို့၊ အလုပ်အကိုင်တို့ရော ရှိရဲ့လား"

"မရှိပါဘူး"

"ဒါဖြင့် ဒီမြို့မှာ မိတ်ဆွေအပေါင်းအသင်းတော့ ရှိမှာပေါ့။ သူတို့က . . ."

"မိတ်ဆွေလား။ ဒီမြို့မှာလား။ တယောက်မှ မရှိဘူး"

ကွိက ခပ်ထန်ထန်ပြော၍ ရှာလီက

"ရှင်ကလဲ မိတ်ဆွေမရှာချင်ဘူး ထင်ပါတယ်" ဟု ပြန်မေးသည်။

"ဟုတ်တယ်။ ကျွန်တော် မလိုချင်ဆုံးဟာ မိတ်ဆွေဘဲ။ နယူးယောက်မှာ ကြုံခဲ့တာနဲ့ဘဲ တန်ပါပီ။ ဒီလာတာကိုက တကိုယ်ရေ တကာယ နေဘို့လာတာ"

"ကျမက ထောက်ခံချက်ကိစ္စ စဉ်းစားနေတာပါ။ နယူးယောက်မှာတော့ ရှင့်မိတ်ဆွေတွေ ရှိတယ်ပေါ့နော်"

"အင်း၊ နှစ်ယောက်ရှိတယ်။ သူတို့ထောက်ခံချက်က အသုံးဝင်မှာ မဟုတ်ပါဘူး။ တယောက်က ပုလိပ်၊ တယောက်က အလစ်သုတ်"

ရှာလီ ခဏငိုင်သွားသည်။ သူ အမှန်တွေ ပြောနေတာလား။ ငါ ဘာထပ်ပြောရမလဲ။

"ရှင် ဒီည ငွေသွင်းနိုင်ရင် ဒေါ်ဒေါ် ဝမ်းသာမှာဘဲ။ ကျမ တခါထဲ ယူသွားပေးနိုင်ပါတယ်"

"အိုး၊ ဖြစ်ပါတယ်"

ကွိသည် အင်္ကျီအိတ်ထဲမှ စာအိတ်တအိတ် ဆွဲထုတ်လိုက်ပြီး စာပွဲပေါ် ပစ်တင်ပေးလိုက်သည်။ ရှာလီက လက်နှိပ်စက်ဖြင့် လိပ်စာရိုက်ထားသည့် စာအိတ်ကို ကောက်ကိုင်ကြည့်လိုက်သည်။ သူတို့မြို့ စာတိုက်အမှတ်အသားကို တွေ့ရလေသည်။

"ထုတ်ကြည့်ရမလားဟင်"

"ကြိုက်သလိုသာ လုပ်ပါ"

ရှာလီသည် သဲလွန်စ တွေ့လိုတွေ့ငြား စာအိတ်ကို ကောက်ယူကြည့်သည်။ ကွိအကြောင်း စရေစေ့တွင်းက သိအောင်လုပ်ရန် သူတာဝန်ဖြစ်သည်။ သို့သော် စိတ်ပျက်စရာ။ စာအိတ်ထဲတွင် အပေါစား စာရွက်ဖြူလေး တရွက်။ စာရွက်ခေါက်ထဲတွင် ဒေါ်လာနှစ်ဆယ်တန် အသစ်ကျပ်ချွတ်တရွက်။ ဘာစာမျှမပါ။

"အော၊ ရှင့်မှာ ငွေရပေါက်ရလမ်း အလုပ်တော့ ရှိသားပါကလား"

ရှာလီက စကားခေါ်သလို ပြောသည်။

မကြည်မသာ မျက်နှာထားဖြင့် ကိုမော့်ကြည့်လိုက်ပုံမှာ "ဘာလဲ ခင်ဗျားခုထိ ပေကပ်နေတုန်းလား" ဟု မေးသလိုရှိသည်။

"ခင်ဗျားပြောတာ ကျွန်တော် သဘောမပေါက်ဖူး"

"ဒီလိုလေ။ ဒီငွေက ရှင် အလုပ်တခုခု လုပ်ပေးလို့ ပို့လိုက်တဲ့ငွေ ထင်လို့ပါ"

"ဒါက ထင်ကြေးဘဲ"

"လေကုန်ခံပြီး စပ်စုတယ်လဲ မထင်ပါနဲ့"

"ဘာ သိချင်လို့လဲ"

"ဒီငွေနဲ့ ပတ်သတ်ပြီး . . ."

"ဒီအတိုင်းလာတာဘဲ။ စာအိတ်ရယ်၊ စာရွက်ရယ်၊ ငွေစက္ကူရယ် ဒါဘဲ"

"ဘယ်ကလာတယ်ဆိုတာတော့ ရှင်သိမှာပေါ့"

"မသိဘူး။ လက်ဆောင်လို့ ထင်တာဘဲ"

"ဒါဖြင့် ဒီမြို့မှာ ရှင့်မိတ်ဆွေ တယောက်တလေရှိတာတော့ သေချာတာပေါ့"

"ကျွန်တော် ပြောပီးပီဘဲ။ တလောကလုံး ကျွန်တော့်မှာ မိတ်ဆွေနှစ်ယောက်ဘဲ ရှိတယ်။ သူတို့နေတာက နယူးယောက်မှာ။ ပြီးတော့ သူတို့နှစ်ယောက်စလုံးက ဒေါ်လာနှစ်ဆယ် ပေးနိုင်မယ့်လူတွေ မဟုတ်ဖူး"

ရှာလီ ခေါင်းရှုပ်သွားဟန်ဖြင့် ရယ်လိုက်ကာ . . .

"ဒါ . . . ဒါ . . . ဒါပေမယ့် ဘယ်သူပေးလိုက်ပါလိမ့်လို့တော့ ရှင် မတွေးမိဘူးလား"

"ကျွန်တော့်အဖေ ပို့လိုက်တယ် ထင်တာဘဲ"

"အိုး . . .၊ ရှင့်အဖေ"

သူ့မှာ အဖေရှိတယ်။ ထင်ရာလုပ်တဲ့လူကြီး ဖြစ်မယ်။ ချမ်းသာတဲ့လူ ဖြစ်မယ်။ သားလိုချင်တာ သုံးရအောင် ငွေပို့လေ့ရှိတာ ဖြစ်မယ်။ ရှာလီသည် တသီကြီး ဆက်စပ်တွေးရင်း တုန်တုန်ယင်ယင်နှင့်

"ပေါက်ပေါက်ရှာရှာလုပ်တယ် မထင်ပါနဲ့နော်။ ကျမက ရှင်ဒီမှာဆက်ပြီး နေနိုင်တဲ့ ဝင်ငွေရှိရဲ့လား၊ မရှိဘူးလား သိဘို့လိုလို့ မေးတာပါ"

"ညစာ စားဘို့ သတ်မှတ်ထားတဲ့ အချိန်ကတော့ ကုန်ပီ။ ဒါပေမယ့် အိမ်လခကိစ္စက နေ့ရွှေ့ ညရွှေ့လုပ်လို့ ရမှာမဟုတ်တော့ အပြတ်ဘဲပြောမှာဘဲ။ ဒီငွေဟာ ကျွန်တော့်အဖေဆီက လာတာဆိုရင် ဒါဟာ ပထမဆုံးအကြိမ်ဘဲ နောက်ထပ် ရမယ် မရဘူးဆိုတာတော့ ပဟေဠိလို ဖြစ်နေတယ်။ သူနဲ့ကျွန်တော်ကလဲ တခါမှ မတွေ့ဖူးဘူး"

"အော်၊ သူက ဒီမြို့မှာ နေတာလား"

"နေတယ်လို့ ထင်စရာရှိတာဘဲ။ ထင်လို့လဲ ကျွန်တော် ဒီကိုပြောင်းလာတာပေါ့။ အစကတော့ သူလာတွေ့ပြီး အိမ်လခတွေဘာတွေ ပေးမယ်လို့ ထင်ထားနေခဲ့တာ။ တလသာရှိတော့မယ်၊ မပေါ်လာဘူး။ သူ့ကိုရှာဘို့ ကျွန်တော့်တာဝန်လို့ ထင်သလား မသိဘူး။ ကျွန်တော့်မှာ သူ့ကိုရှာနေဘို့ အချိန်ပိုမရှိဘူး။ ဒါကြောင့် ငွေမှန်မှန်ရမယ်လို့ ကျွန်တော် ကတိမပေးနိုင်တာ"

ခဏငြိမ်သွားသည်။ ပြီးမှ ရှာလီက "ငွေကိစ္စ အသာထားပါအုံး။ ကိုယ့်အဖေ လိုက်ရှာဘို့လောက်မှ အာရုံမထားဘူးလားရှင်"

"အိုး၊ မေးတတ်ပလေ။ ကျွန်တော်အာရုံထားတာနဲ့ ပီးနိုင်တာမှ မဟုတ်ဘဲ။ ကိုယ့်အဖေ ဘယ်မှာနေမှန်းလဲ မသိ၊ ဘယ်လိုပုံပန်းရှိမှန်းလဲ မသိ။ ဘာနာမယ်မှန်းလဲ မသိဘဲနဲ့ ရှာပုံတော်ဖွင့်လို့ရမလား။ ဘယ်လောက်

တာဝန်ကြီးတယ်ဆိုတာ ခင်ဗျားသိလောက်ပါတယ်။ ကျွန်တော့်ရှိသမျှအချိန်ကို အလုပ်ထဲမြှုပ်ထားတာ။ အဖေတွေ့ရင် အိမ်လခ ပေးမှာဘဲဆိုတဲ့ မြှော်လင့်ချက်နဲ့တော့ ဆင်ကန်းတောတိုး ရှာမနေနိုင်ပါဘူးဗျာ"

သူပြောနေပုံမှာ ထက်ထက်သန်သန်သာမဟုတ်လျှင် အတော်မြင်ပြင်းကပ်ဖွယ် ကောင်းပေလိမ့်မည်။ ရှာလီသည် ငြင်းလုံးထုတ်သည့်လေသံကို မဖုံးမဖိတော့ဘဲ " အဖေကိုတောင်မရှာနိုင်လောက်အောင်ဆိုတော့ ရှင့်အလုပ်က အတော်ကြီးကျယ်လို့ပေါ့နော်" ဟု ခနဲ့သည်။

" ကမ္ဘာပေါ်မှာ အကြီးကျယ်ဆုံးပေါ့။ အဆင့်ဆင့် တိုးတက်ပြောင်းလဲမှုဆိုင်ရာ လူမှုရေးသိပ္ပံပညာ လို့ဘဲလွယ်လွယ်ဆိုပါတော့" ကွိက တိုတိုဖြေသည်။

ရှာလီက ခပ်မဆိတ်လုပ်နေပြီး မျက်နှာထား ကြောင်နေ၍ သူ့စကားကို ဘာမှသဘောမပေါက်ကြောင်းကို ကွိ နားလည်လိုက်သည်။

ထို့ကြောင့် ညင်သာစွာပင် "အဲဒီပညာက လူ့အဖွဲ့အစည်းရဲ့ မူလဘူတ။ သဘာဝနဲ့ သမိုင်းကို သုံးသပ်တဲ့ သိပ္ပံပညာ။ လူ့ဘောင် လူ့အဖွဲ့တွေမှာ လူတွေရဲ့ဆက်ဆံရေးကို အနှစ်ချုထားတဲ့ သိပ္ပံပညာ။ လူမှုရေးတိုးတက်မှုတည်တံ့ရေးကို စိုးမိုးတဲ့ ဥပဒေတွေ၊ ထုံးနည်းတွေ၊ ပညတ်တရားတွေကို သတ်မှတ်တဲ့ သိပ္ပံပညာ၊ လူ့ယဉ်ကျေးမှု အဆင့်ဆင့် တိုးတက်ပြောင်းလဲမှုအတွက် အဲဒီဥပဒေတွေ၊ ထုံးနည်းတွေ၊ ပညတ်တရားတွေကို မှန်မှန်ကန်ကန် ဒီဇိုင်းမမှု ကျင့်သုံးတဲ့ သိပ္ပံပညာတွေဘဲ" ဟု ရှင်းပြလိုက်သည်။

"ဒီဝေါဟာရတွေ ကျမနားယဉ်ပီးသားပါ။ ဒီတော့ ရှင်က အဆင့်ဆင့် တိုးတက်ပြောင်းလဲမှုဆိုင်ရာ လူမှုရေးသိပ္ပံပညာရှင်ကြီး ဖြစ်ချင်နေတာပေါ့။ ဟုတ်လားဗေ

ကွိသည် ယဲ့ယဲ့ပြုံးလိုက်ပြီး "ဖြစ်ချင်နေတာပေါ့လို့ မေးသလား" ဟု ပြန်မေးသည်။

"အော်၊ ရှင်က ဖြစ်ပြီးနေပီလား"

ကွိသည် အိတ်ထဲသို့ လက်နှိုက်လိုက်ပြီး စာအိတ်ကြီးတခုကို ထုတ်လိုက်သည်။ စာရွက်များကြားမှ နောက်ထပ် စာအိတ်တလုံးကို ယူလိုက်သည်။

"ခင်ဗျားက ထောက်ခံချက်ကိစ္စ ပြောနေတယ်။ ကဲ ဒါတွေက မိတ်ဆွေထက် ပိုပြီးကောင်းတဲ့ ထောက်ခံချက်တွေလို့ ခင်ဗျား ထင်ပါလိမ့်မယ်"

စာရွက်ဖြတ်စများကို ရှာလီဖတ်ကြည့်သည်။ မစ္စတာကွိ၏ ဆောင်းပါးများကို ဖော်ပြမည့်အကြောင်း လူသိများသော စာစောင် 'လေးလေးကြီး' တခု၏ ကြော်ငြာနှစ်ခု၊ အလားတူကြော်ငြာပါသော တနှစ်လေးကြိမ်ထုတ်နိုင်ငံရေးသိပ္ပံစာစောင် မာတိကာ စာမျက်နှာတခု၊ ထိုဆောင်းပါးများကို ဝေဖန်ပြီး ဆောင်းပါးရှင်ကို ချီးကျူးထားသည့် နယူးယောက်သတင်းစာတစောင်မှ ခေါင်းကြီးတခု၊ စာစောင် 'လေးလေးကြီး' တခုမှ မစ္စတာကွိအား လူမှုရေးသိပ္ပံပညာနှင့် ဆိုရှယ်လစ်ဝါဒအကြောင်း ဆောင်းပါးရေးပေးရန် တောင်းခံစာတခု စသည်တို့ကို တွေ့ရလေသည်။

ထိုစာရွက်များသည် အံ့သြစရာ ကောင်းလောက်အောင် လေးစားခန့်ညားထိုက်ပါပေ၏။ သို့သော် ရှာလီ၏စိတ်တွင် အံ့သြပြီးရင်အံ့သြရင်း ဖြစ်နေမိသည်မှာ ဖီဖီလိုကလေးငယ်တဦးကို မည္သာမတာ မောင်းထုတ်ရက်သည့် လူတယောက်က သိပ္ပံပညာတကာတို့အနက် လူသားအဆံဆုံး၊ အသိမ်မွေ့ဆုံး သိပ္ပံပညာတွင် လိုက်စားသူတယောက် ဖြစ်နေခြင်းပေတည်း။

စာရွက်များကို ပြန်ပေးရင်း ရှာလီက . . .

"မိတ်ဆွေထက်တော့ ပိုပီး အရေးမရောက်ပါဘူးရှင်" ဟု ပြောလိုက်လေသည်။

"အကြိုက်တမျိုးစီပေါ့လေ"

"ကျမအမြဲထင်နေတာက လူမှုရေး သိပ္ပံပညာဆိုတာ လူ့ဘဝနဲ့ လက်ပွန်းတတီး ရှိရတယ်။ လူလူချင်း ချစ်ကြည်ရင်းနှီးမှုကို နှစ်နှစ်ကာကာ အသိအမှတ်ပြုတဲ့အပေါ်မှာ အခြေခံရတယ်။ ဒီလို မဟုတ်ဖူးလား"

"ခင်ဗျားထင်မြင်ချက်က ခိုင်လုံပါတယ်။ ဒါပေမယ့် ရှင်းပြပုံကတော့ ကချော်ကချွတ်နိုင်တယ်"

"ဘာဘဲဖြစ်ဖြစ် လူမှုရေးသိပ္ပံပညာရှင်မှာ အဲဒီလိုဆက်ဆံမှုမျိုး မရှိဘူးလို့ ရှင်သဘောထားတယ် မဟုတ်လား"

ကွိသည် ရှာလီကို ခပ်တင်းတင်းကြည့်လိုက်သည်။ ရှာလီမျက်လုံးထဲတွင် မကျေမချမ်းအကြည့်ကလေးကို မြင်လိုက်ရသောအခါမှ သူ့အမူအရာတွင် စိတ်ဝင်စားမှု ပထမဆုံးအကြိမ် ပေါ်လာသည်။

"ဘယ်နည်းဘယ်ပုံနဲ့ ကောက်ချက်ဆွဲတာလဲ"

"အော်၊ ကချော်ကချွတ် ကောက်ချက်လို့ ထင်ချင်လဲ ထင်ပေါ့ရှင်။ အဖေတို့၊ မိတ်ဆွေတို့နဲ့ ပတ်သက်လို့ ပြောတဲ့ ရှင့်စကားတွေကို တွေးမိပြီး ကောက်ချက်ဆွဲတာပေါ့"

တကယ်တော့ ရှာလီအများဆုံးတွေးမိသည်မှာ ဖီဖို့ကိစ္စ ဖြစ်ပေသည်။

ရှာလီသည် စာပွဲတဖက်တွင် ကွိနှင့် မျက်နှာချင်းဆိုင်ကာ မတ်တပ်ရပ်လိုက်သည်။ သူ့ပါးက နီတွေးသည်။ သူ့မျက်လုံးက နီလာရောင်လို ကြည်လင်ပြာလဲ့သည်။ သူ့မေးစေ့က ယောကျ်ားမေးစေ့လို ပေါ်လွင်သည်။ ပြုံးချို့သော နူတ်ခမ်းအစုံကြောင့်သာ ယောကျ်ားမဆံခြင်းဖြစ်သည်။

ကွိသည် မျက်မှန်ဝိုင်းကြီးထဲမှနေ၍ သူ့ကို နာသာခံခက်အကြည့်ဖြင့် ကြည့်နေသည်။

"ခင်ဗျားက သိပ္ပံပညာ လက်တွေ့သုံးနည်းလို့ ခင်ဗျားထင်နေတဲ့ကိစ္စကို သဘောတရားနဲ့ ပလုံပထွေး လုပ်ပစ်တာကိုး။ သဘောတရားနဲ့ လက်တွေ့ဟပ်မှုဆိုတာက ကမ္ဘာ့ဝင်ရိုးစွန်းတွေလို လုံးဝ တခြားစီဘဲ။ လူများစု အသုံးပြုဘို့ လူနည်းစုက ရှာဖွေရတယ်။ ကျွန်တော့်တာဝန်က နောင်လာ နောက်သားတွေ အသုံးပြုဘို့ လူ့အဖွဲ့အစည်းရဲ့ ပညတ်တရားတွေ၊ ဥပဒေထုံးတမ်းတွေကို ရှာဖွေဘို့ဘဲ"

"နောင်းလူတွေကလဲ အခု ရှင်သဘောထားသလိုဘဲ လူ့ပညတ်တရားတွေကို လက်တွေ့ဟပ်မသုံးချင်ဘူးဆိုရင်ကောရှင်"

"သုံးချင်အောင် စည်းရုံးသိမ်းသွင်းဘို့က အစိုးရအလုပ်ပေါ့"

"အစိုးရကလဲ ဒီတာဝန်ကို ကျောခိုင်းနေရင်ကောရှင်။ အစိုးရဆိုတာကကောဘာလဲ။ ရှင်တို့လိုလူတယောက်စီ ပေါင်းစပ်ထားတဲ့၊ လူထုကြီးရဲ့ ဆန္ဒသဘောထားတွေနဲ့ ဖွဲ့ထားတဲ့ အဖွဲ့အစည်းဘဲ မဟုတ်လား"

"အဲဒီမှာ ခင်ဗျားရဲ့ အခြေခံအမှား တပတ်ကျော့လာပြန်တာဘဲ။ ကျွန်တော့်လိုလူက နည်းနည်းလေးရှိတာ။ သိပ်အရေးကြီးတဲ့စာအုပ်ကို ကျွန်တော်ရေးဘို့ဖြစ်လာတာက ကျွန်တော့်အတွက် မဟုတ်ဖူး။ သား၊ မြေး၊ မြစ်၊ ညွှန့်တွေ အတွက်ဗျ။ ကျွန်တော် ဒီစာအုပ်ကိုရေးဘို့ ပျက်ကွက်ရင် လူ့လောကကြီးဘဲ နစ်နာမှာဘဲ။ ဒီအလုပ်က ဖအေပျောက်ရှာပုံတော်ခင်းတဲ့ အလုပ်မျိုး၊ မိတ်ဆွေတွေနဲ့ အချိန်ဖြုန်းတဲ့ အလုပ်မျိုးတွေနဲ့ မတူဘူး။ အဲ့ဒါတွေက သာမန် လူသိန်းသန်းကုဋေ့ လုပ်လို့ရတယ် ဒီလောက်ဆိုရင် ခင်ဗျား သဘောပေါက်ရောပေါ့"

ရှာလီသည် ကွို၏ မယုံနိုင်လောက်အောင် ကြီးမားသော အတွေ့ကို အူနာစရာကောင်းကောင်း၊ ဒေါဖောင်းစရာ ကောင်းကောင်း သိမြင်လာလေ၏။

"တခြားလူပေါင်း ထောင်ပေါင်းများစွာလဲ ကိုယ့်အလုပ်ကိုယ် မဟာအရေးကြီးကိစ္စလို့ ထင်တလုံးလုပ်တာဘဲ။ နောက်ဆုံးတော့ အဲဒီလူအားလုံးလိုလို မှားလေခြင်းဆိုတာမျိုး ဖြစ်ကြရတယ်ဆိုတာ ရှင် စဉ်းစားမိရဲ့လား"

"အဲဒီ တခြားလူတွေရဲ့ အမှားတော်ပုံဟာ ကျွန်တော်နဲ့ဘာဆိုင်လဲ။ ကျွန်တော့်အမှားအတွက်သာ ကျွန်တော် တာဝန်ရှိတာပေါ့"

"ဒါကြောင့် ရှင်လဲ မှားနေပီလို့ ပြောချင်စရာ ဖြစ်နေတာပေါ့"

"ကျွန်တော် မှားမှ မမှားဘဲ။ ခင်ဗျား ဘယ်လိုလုပ်ပီး ပိုင်ပိုင်နိုင်နိုင် ပြောနိုင်ပါ့မလဲ။ ဟာဗေး* လိုလူက သွေးလှည့်စနစ်ကို ရှာတွေ့တယ်။ အဲဒီရှာဖွေတွေ့ရှိချက်ကို လက်တွေ့ဟပ်သုံးဘို့က သူ့လောက်မတော်တဲ့လူတွေရဲ့ အလုပ်ဘဲ။ ဝှစ်တနေ** လိုလူမျိုးက ဝါဖတ်စက် ထွင်တယ်။ အဲ့ဒီစက်ကို အနုံဆုံး ကပွလီဆိပ်ကမ်း အလုပ်သမားတောင် သုံးတတ်တယ်။

ဒီလို လူတိုင်းသိတဲ့ ကိစ္စတွေကို ဘာဖြစ်လို့ ဖန်တရာတေအောင် ပြောတော့မလဲ။ သဘောတရား ထုတ်ဖို့ဆိုတာက လက်တွေ့လုပ်ဖို့ထက် ပိုပြီး ကြီးမြတ်တဲ့ ပါရမီလိုတယ်ဆိုတာ ခင်ဗျား သဘောပေါက်ပါတယ်။ လူမှုအဆင့်ဆင့် တိုးတက်ပြောင်းလဲမှုဆိုင်ရာ နိယာမ သဘောတရားတွေကို ထိုးထွင်းသိမြင်တဲ့လူဟာ အဲဒီသဘောတရားတွေကို လက်တွေ့ဟပ်သုံးဘို့အတွက် တခြားလူတွေလက်ထဲကို ဝက္ကာအပ်ထားခဲ့ရုံ ရှိတော့မပေါ့"

ရှာလီသည် သူ့ကို ငြိမ်ငြိမ်ကလေး စိုက်ကြည့်နေသည်။ သူကလည်း ရှာလီကို ပြန်စိုက်ကြည့်နေသည်။ ရှာလီသည် သူမြင်ဖူးသမျှ အင်္ဂါရုပ်များအနက် အချမ်းမြေ့ဆုံး၊ အတည်ငြိမ်ဆုံး အင်္ဂါရုပ်ကို မြင်နေရသည်။ ချက်ချင်းပင် ကွိ၏မျက်လုံးများသည် နာရီပေါ်သို့ ရောက်သွားသည်။ နဖူးကြောများ ရုံ့သွားသည်။

"လောလောဆယ်တော့ ကျွန်တော့်အိမ်ခန်းခကိစ္စကရှိသေးတယ်"

"ဟုတ်ကဲ့။ တခြားလူတွေ ကျင့်သုံးဘို့ရေးနေတဲ့ လူမှုရေးသဘောတရားတွေနဲ့ ရှင့်ကိုယ်ရှင် တဝမ်းတခါးလှအောင် လုပ်နိုင်မှာလား"

"အို၊ မဖြစ်နိုင်ပါဘူး။ ဒါနဲ့စားဘို့တော့ မဖြစ်နိုင်ပါဘူး။ စာအုပ်ထွက်လာရင်တော့ တမျိုးဖြစ်ချင်ဖြစ်မှာပေါ့။ စာအုပ်ရေးပီးဘို့က နှစ်နှစ်နဲ့ ဆယ်လလိုသေးတယ်။ ငွေရှာဘို့အတွက် အဲဒီအချိန်တွေထဲက တမိနစ်ပဲ ဖဲထုတ်ထုတ် နစ်နာတာဘဲ" ကွိက စိတ်ပျက်လက်ပျက် စကားဆက်သည်။ "ဘာလဲဖြစ်ဖြစ် ဝင်ငွေရှိအောင်တော့ လုပ်ရအုံးမှာဘဲ။ နယူးယောက်မှာတုန်းကတော့ ကျွန်တော် ငွေလေးဘာလေး ရှာခဲ့ဘူးပါတယ်"

"ဟုတ်လား"

"အင်း၊ အမျိုးသမီးကြီးတယောက် ရေးတဲ့ ဝေါဟာရအဘိဓာန်ကို ကူလုပ်ပေးတာပါ"

"အော်"

"မိန်းမကြီးက စာရူးပေရူးပါ။ ကျွန်တော်ဘဲ အားလုံးရေးရတာဘဲ။ တနာရီ ငါးဒေါ်လာရတယ်။ အဲဒီလို မိန်းမကြီးမျိုးများ ခင်ဗျားသိထားတာ မရှိဘူးလား"

ရှာလီက အဖြေမပေး။ ကွိဖတ်နေသည့် စာအုပ်ကို လှမ်းကြည့်ပြီး စာလုံးများကို ဇောက်ထိုးကြည့်နေသည်။ ကွိဖတ်နေသည့် စာအုပ်မှာ လူမှုရေးဗေဒကျမ်း ဆိုသည်ကိုတော့ အလွယ်နှင့်ဖတ်၍ရသည်။ အကြောင်းအရာကိုမူ ခက်ခက်ခဲခဲ စာလုံးဖော်နေရသည်။ မနည်းအာရုံစိုက်မှ 'ပတ်ဝန်းကျင် အသိုင်းအဝိုင်းအပေါ် လူ၏တာဝန်' ဆိုသော အကြောင်းအရာမှန်း သိရတော့သည်။

တိတ်ဆိတ်လွန်းနေခြင်းကို သတိပြုမိကာ "ခွင့်လွှတ်ပါရှင်။ ဘာတဲ့" ဟု ရှာလီက မေးလိုက်မိသည်။

"ဝေါဟာရ အဘိဓာန်ရေးချင်တဲ့ စာရူးပေရူး မိန်းမကြီး တယောက်တလေများ ခင်ဗျားမသိဘူးလားလို့ မေးနေတာပါ"

---

*ဟာဗေးဝီလျံ (၁၅၇၈–၁၆၅၇)။ ။ အင်္ဂလိပ် သိပ္ပံပညာရှင်။ လူ့ခန္ဓာကိုယ်တွင် သွေးလှည့်ပတ်မှုစနစ်ကို စတင်တွေ့ရှိခဲ့သည်။

**ဝှစ်တနေ အယ်လီ(၁၇၆၅–၁၈၂၅)။ ။အမေရိကန် စက်မှုလုပ်ငန်းရှင်နှင့် တီထွင်သူ။ သူတီထွင်သော ဝါကြိတ် ဝါဖတ် စက်ကြောင့် အမေရိကန် စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်း အကြီးအကျယ် ပြောင်းလဲတိုးတက်လာခဲ့သည်။

ရှာလီခမြာ မသိကြောင်းဖြေရုံသာ ဖြေနိုင်ပြီး လူရေးမသိသော လူမှုရေးသိပ္ပံပညာရှင်ကြီး၏ အလုပ်ရှာပုံတော်ကို အနုလုံ ပဋိလုံ စဉ်းစားနေမိလေသည်။

"ဒီအခန်းခကိစ္စ ပြီးပြတ်အောင် ဝင်ငွေမှန်တဲ့အလုပ်တခုတော့ လုပ်ရမှာဘဲ။ တနေ့ တနာရီ နှစ်နာရီ ဆိုပါတော့ဗျာ။ ကိုယ်မသိတဲ့မြို့မှာ အလုပ်ရှာရတာတော့ ခပ်ခက်ခက်ဘဲ"

ရှာလီဝေလင်က . . .

"ကျမ ကူနိုင်ကောင်း ကူနိုင်ပါလိမ့်မယ်" ဟု တလုံးချင်းပြောသည်။

ကွိက နာရီကို တချက်လှမ်းကြည့်ရင်း

"ကူညီနိုင်မယ်လို့ ယုံပါတယ်။ ဒါကြောင့် ခုနစ်မိနစ်တောင် အချိန်ဖြုန်းပီး ခင်ဗျားကို ချဉ်းကပ်နေတာပေါ့"

"တိုက်ရိုက်မပြောတိုင်း အမြဲအချိန်ဖြုန်းတာ မဟုတ်ပါဘူးရှင့်"

ကွိသည် မျက်နှာအိုအိုဖြင့်ထိုင်နေပြီး စာရွက်များကို လှန်လှောနေသည်။

"အဲဒီတော့ ခင်ဗျားက ဘာအကြံပေးချင်သလဲ"

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

ရှာလီသည် ဒေါ်လာနှစ်ဆယ်တန်ငွေစက္ကူကလေးကို ရောင်စုံစာပွဲခင်းပေါ်တွင် ဟိုရွေ့ဒီရွေ့နှင့် အကွက်ဖော်နေသည်။ ကွိကမူ သူ့နာရီကိုသာ လှမ်းကြည့်နေသည်။

"ကျမကတော့ ပိုစ့်သတင်းစာမှာ အလုပ်လျှောက်စေချင်တာဘဲ"

"ပိုစ့်၊ ပိုစ့်။ ဒီမြို့က မနက်သတင်းစာလား"

"ဟုတ်ပါတယ်"

ကွိက ရယ်ချလိုက်လေသည်။ တကယ် ဟုတ္တိပတ္တိရယ်ခြင်းဖြစ်၏။ ရယ်လေ့ရယ်ကျင့်နည်း၍ ပျော့ဖတ်ဖတ်ဖြစ်နေသော ပါးကြောများကြောင့် သူ့ရယ်သံမှာ လေးတွဲ့တွဲ့နှင့် ကြောင်စီစီဖြစ်နေသည်။

"အဲဒီသတင်းစာမှာ အခု ဘယ်သူ ခေါင်းကြီးရေးသလဲ"

"ဗိုလ်မှူးကြီးကောင်းဆိုတာ ရေးနေပါတယ်"

"အား၊ ဒါကြောင့် အခွန်စနစ်ကိစ္စ ခေါင်းကြီးတွေက စစ်သံပေါက်နေတာကိုး။ တနေ့တုန်းက တပုဒ်ဖတ်မိတယ်။ သိပ်ရီရတာဘဲ"

"ဗိုလ်မှူးကြီးကောင်းက ကျွန်မမိတ်ဆွေရှင့်"

"သူနိုင်ငံရေး ဘောဂဗေဒအမြင်နဲ့ ခင်ဗျားနဲ့ဘာဆိုင်လဲ။ ခင်ဗျားမိတ်ဆွေဆိုရင်လဲ ခင်ဗျားမှာ အတော်ရီရတဲ့မိတ်ဆွေရှိတယ်လို့ ပြောရတော့မှာပေါ့"

ရှာလီသည် သိသိသာသာကြီး ကျွဲမြီးတိုကာ ထရပ်လိုက်သည်။

"ကျမက အကြံပေးတာဘဲ။ ရှင်စဉ်းစားပေါ့။ မင်္ဂလာညပါ"

"အဲဒီသတင်းစာက စာမူခရော ကောင်းကောင်းပေးရဲ့လား"

"ဒါတော့ တိုက်ပိုင်ရှင်တွေနဲ့ပြောပေါ့"

"ဒီသတင်းစာမှာ ကျွမ်းကျွမ်းကျင်ကျင် ရေးတတ်သားတတ်တဲ့လူတွေ လိုနေတာတော့ အမှန်ဘဲ။ ကျွန်တော်လဲ အချိန်တော့ များများမပေးနိုင်ဘူး။ အိမ်လခရရုံလောက်ဘဲ။ ခင်ဗျားအကြံပေးတာ မဆိုးပါဘူး။ အလုပ်လျှောက်ရင် ဗိုလ်မှူးကြီးကောင်းကို သွားတွေ့ရမှာလား"

"ပိုစ့် သတင်းစာရဲ့ ဒါရိုက်တာ တယောက်နဲ့ ကျမသိပါတယ်။ သူ့ကို ပြောကြည့်ပါအုံးမယ်။ အလုပ်နေရာလပ်ရှိရင် ကျမ မိတ်ဆက်စာ ရေးပေးလိုက်ပါ့မယ်။ ရှင် သူ့ကိုသွားတွေ့လိုက်ပေါ့"

"သူ ကျွန်တော့်ဆီ လာမတွေ့နိုင်ဘူးလားဗျာ။ ကျွန်တော် သိပ်အလုပ်ရှုပ်နေလို့ပါ"

"သူလဲ အလုပ်ရှုပ်တာဘဲပေါ့ရှင်"

"ဟင်း၊ ကောင်းပါဝီလေ။ ခင်ဗျားအကြံပေးတဲ့အတိုင်ဘဲ လုပ်ပါတော့မယ်"

ရှာလီ အခန်းအပြင်သို့ ရောက်သောအခါ တိတ်တိတ်ခြောင်းနားထောင်နေသော ဖီဖီကို တွေ့ရသည်။

"ရှာလီရေ၊ အသက်နဲ့ကိုယ် အိုးစားမကွဲသေးဘူးနော်။ ဟန်ကျရဲ့လား"

"သိပ်ကို ဟန်ကျတာပေါ့။ ဒေါ်လာနှစ်ဆယ်လဲ ရခဲ့ပီ။ သူ့အတွက်လဲ အလုပ်ရှာပေးခဲ့ပီ"

ဖီဖီသည် ကကွက်ကလေး တကွက်နှစ်ကွက် ကလိုက်ကာ အသံတိမ်ကလေးဖြင့် ကောင်းချီးပေးလိုက်သည်။

ရှာလီသည် ဖီဖီလည်ပင်းကို ဖက်လိုက်ပြီး

"ဖီဖီရေ၊ အဲဒီလူကို ကြင်ကြင်နာနာ ဆက်ဆံပါကွယ်။ မမတွေ့ဖူးသမျှ လူတွေထဲမှာ သနားစရာ အကောင်းဆုံးလူဘဲ"

အိမ်ပြန်ရောက်၍ ညအိပ်ရာဝင်တော့မည်လုပ်မှ သူညီမဝမ်းကွဲကို သူမှာခဲ့သည်မှာ ဂုကျကျဖြစ်နေကြောင်း စဉ်းစားမိသည်။ အကြောင်းမူ သူသွားစဉ်က ဖီဖီကို ကြင်ကြင်နာနာ ဆက်ဆံရမည်ဟု မစ္စတာကွိအား မာရေကျောရေ ပြောကြားရန် ရည်ရွယ်ချက်ဖြင့် သွားခဲ့ခြင်းကြောင့် ဖြစ်လေ၏။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

(၄)

ဤရက်များအတွင်း ဂြိုဟ် နက္ခတ်တာရာတို့သည် မစ္စတာကွိအတွက် ဗျူဟာကျင်းလျက် ရှိကြသည်။ ကွိသည် ရှားလော့လီ ဝေလင်တည်းဟူသော ပြောင်ရွှန်းတာရာကလေးကို သူ့အား မှိုင်းမရန် ဆွဲဆောင်နိုင်ခဲ့သည်။ ထိုပြောင်ရွှန်းတာရာကလေးသည် ကြယ်ပေါင်းစုံသော နဂါးငွေ့တန်းကြီးတွင်လည်း ပါဝင်၏။ ချားလ်စ်ဂါဒင်နီယာဝက်စ် တည်းဟူသော ဂြိုဟ်နက္ခတ်ကြီးတလုံးနှင့်လည်း ယှဉ်၍ ထွန်း၏။ အာကမုနဓာတ် သဘောဖြင့် ထို ဂြိုဟ်နက္ခတ်ကြီးကိုလည်း ဆွဲငင်၏။

နောက်တနေ့တွင် ထိုပြောင်ရွှန်းတာရာကလေးသည် ဂြိုဟ်နက္ခတ်ကြီးအား တယ်လီဖုန်းရှိရာသို့ ညှို့ငင် ဆွဲဆောင်လိုက်၏။ ဝက်စ် ဂြိုဟ်ကြီးသည် ကမ္ဘာမြေစကားဖြင့်ပင် မစ္စတာကွိအကြောင်းကို စုံစမ်းသည်။ ကွိကို အိမ်မှ နှင်ထုတ် မထုတ် မေးသည်။

"ဟင့်အင်း" ပြောင်ရွှန်းတာရာကလေးက ရယ်လိုက်ပြီး "နှင်မထုတ်တော့ဘူး။ သူ့ကို အလုပ်တောင်းပေးမလို့။ မရီနဲ့ရှင့်။ တကယ်ပြောတာ။ သူ့ကို ကျမ အလုပ်ပေးစေချင်တဲ့လူက ရှင်ဘဲ။ သိလား"

ဂြိုဟ်နက္ခတ်ကြီးသည် တိုး၍သာ ရယ်နေပြန်၏။

"ဒီကိစ္စ ကျွန်တော် ဘာတတ်နိုင်မှာလဲဗျာ။ ခင်ဗျားခွေးကြီးကို သူမေးတဲ့ စကားလုံးအတိုင်း မေးရရင် သူက ဘာအသုံးကျသလဲ"

ရှာလီက လူပြိန်းနားမလည်သော ဘာသာရပ်များအကြောင်း စာရေးကောင်းသော မစ္စတာကွိ၏ ကျော်စောကိတ္တိကို ဋ္ဌကာချဲ့ပြော၏။ ဝက်စ်သည် ရှာလ့်စကားကို စိတ်ဝင်စားနေလေသည်။

လွန်ခဲ့သည် ဂျွန်လက အစုရှင် ကိုယ်စာလှယ်အဖြစ် ဝက်စ်ဒါရိုက်တာဖြစ်လာသော ပိုစ့်သတင်းစာ၏ ဒါရိုက်တာ အစည်းအဝေးတွင် ဗိုလ်မှူးကြီးကောင်းအား ကူညီနိုင်မည့်သူ တဦးကို ခန့်ထားရန် ဆုံးဖြတ်ခဲ့သည်။ ဤ ဥဏ္ဍကြီးရှင်ကလေးသည် သူတို့လိုချင်နေသော လူစားမျိုး မဖြစ်နိုင်ပေဘူးလား။

"သူ့ဆီ ကျွန်တော်သွားလိုက်ပါ့မယ်။ ဖြစ်နိုင်ရင် ဒီနေ့သွားမယ်။ ကျေးဇူးတင်မနေပါနဲ့။ သူက တနေ့ကျရင် ချားလ်အေဒါးနား* လို ဖြစ်ချင် ဖြစ်လာမှာပါ"

ရှာလီသည် တယ်လီဖုန်းကို ချလိုက်၏။ သူသိသမျှ လူများအနက် မစ္စတာဝက်စ်သည် အလိုက်အသိဆုံး လူဟု တွေးမိသည်။ သူလို အဆင့်အတန်းရှိသော လူတရာလျှင် ကိုးဆယ့်ကိုးယောက်သည် "ကျုပ်ဆီလွှတ်လိုက်လေ" ဟုသာ ပြောမည်ဖြစ်၏။ မစ္စတာဝက်စ်ကမူ "သူ့ဆီ ကျွန်တော်သွားလိုက်ပါ့မယ်" ဟု ပြောသည်။

သို့သော် မစ္စတာဝက်စ်သည် အခြားကိစ္စပေါ်လာ၍ ကွိကိစ္စကို မေ့သွားသည်။ နောက်တနေ့ညတွင် နယူးယောက်မြို့သို့ မိတ်ဆွေတစုနှင့် အပျော်ခရီးထွက်နေသည်။ မစ္စတာကွိကို အလုပ်ပေးရန် မည်သူမည်ဝါမျှ မလာကြောင်း ရှာလီသိရပြီးနောက် ငါးရက်အကြာတွင် လမ်းပေါ်၌ ဝက်စ်နှင့် အမှတ်မထင် မျက်နှာချင်းဆုံမိရာ

"အော်၊ ဒါထက် ဒေါက်တာပါရဂူကလေးကို တနေ့နေ့လွှတ်လိုက်မယ်နော်" ဟု ရှာလီက သမန်ကာရှန်ကာ အဖြစ်ဆုံး လေသံဖြင့်ပြောသည်။ ဝက်စ်သည် ထိုနေ့မှပင် ကွိထံ ရောက်သွားတော့သည်။

ကွိအဖို့လည်း မစ္စတာဝက်စ်၏ နှောင့်နှေးနေခြင်းအတွက် မည်သို့မျှ ကသိကအောင့် မဖြစ်ချေ။ သူ့စာအုပ်ထဲတွင်သာ နေ့ရောညပါ နစ်မြုပ်နေသည်။ ရှာလီပြန်သွားပြီး ငါးရက်မြောက်နေ့ ညနေငါးနာရီတွင် သူ့တံခါးကို ခေါက်သံကြားသည်။

အမ်မာက ကတ်ပြားကလေးတခု ကိုင်ကာ ဝင်လာသည်။ ကွိက ကတ်ပြားပေါ်မှ အမည်ကို ကြည့်သည်ဆိုရုံ ကြည့်လိုက်ပြီး

"ဘာကိစ္စရှိလို့တဲ့တုံး"

အမ်မာမသိချေ။

"ဒါဖြင့်လဲ အပေါ်တက်လာခဲ့လို့ ပြောလိုက်"

ပိုစ့်သတင်းစာ ဒါရိုက်တာသည် သူ့အခန်းအထိ တက်လာသည်။ ဝက်စ်မြင်ရသော အခန်းသည် သူ့တသက်တွင် မြင်ဖူးသမျှ အကျဉ်းမြောင်းဆုံး အခန်းကလေးဖြစ်သည်။ စာပွဲသေးသေး၊ ကုလားထိုင် သေးသေးကလေးတွင် ကွိထိုင်နေသည်။ မုန်တိုင်းမွှေထားသလို ဖရိုဖရဲဖြစ်နေသော စာအုပ် စာရွက်စာတန်းများကြားတွင်း ထိုင်နေခြင်းဖြစ်သည်။

ဝက်စ်သည် အလွန်အမင်း စိတ်ဝင်စားလာသည်။

"မစ္စတာကွိ ပါလားခင်ဗျာ" ဟု မေးသည်။

"ဟုတ်ပါတယ်။ ကျွန်တော် ဘာလုပ်ပေးရမလဲ"

ဝက်စ်သည် မချုပ်တည်းနိုင်တော့သဖြင့် ဟားတိုက်၍ ရယ်လိုက်၏။

"ခင်ဗျားကတော့ အများကြီးလုပ်ပေးနိုင်မှာပေါ့။ ကျွန်တော်ကလဲ နဲနဲတော့ လုပ်ပေးနိုင်ပါလိမ့်မယ်။ ပိုစ့်သတင်းစာရဲ့ သံတမန်အဖြစ်နဲ့ ကျွန်တော် လာခဲ့ပါတယ်"

"ပိုစ့် သတင်းစာ"

ကွိသည် သူဦးနှောက်ကို အလုပ်ပေးလိုက်သည်။

"အော်၊ စစ်နိုင်ငံရေး ဘောဂဗေဒပညာရှင် ဗိုလ်မှူးကြီးကောင်းဆိုတာ ခင်ဗျားလား"

---

*ဒါးနား ချားလ်စ်အင်ဒါဆင် (၁၈၁၉–၉၇)။ ။ နာမည်ကျော် အမေရိကန် သတင်းစာဆရာ။ အယ်ဒီတာ။ ထုတ်ဝေသူ။ နယူးယောက် ထရီဗျွန်း သတင်းစာ၏ အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ (၁၈၄၉–၆၂) အမေရိကန် ခေတ်သစ်သတင်းစာပုံစံကို ဖန်တီးဖော်ထုတ်ခဲ့သည့် နယူးယောက် ဆန်းသတင်းစာ၏ ပိုင်ရှင် အယ်ဒီတာဖြစ်သည်။

ဝက်စ်သည် ပို၍ အူမြူးချင်လာသည်။

"ကျွန်တော်နာမယ်က ဝက်စ်ပါ။ ချားလ်စ်ဝက်စ်။ ခင်ဗျား လက်ထဲက နာမယ်ကတ်ပြားပေါ်မှာ ရေးထားတဲ့ အတိုင်းပါဘဲ"

ဝက်စ်သည် ကွို၏ အိပ်ယာပေါ်တွင် ထိုင်လိုက်၏။

"မစ္စတာကွို။ ပိုစ့်သတင်းစာဟာ တောက်တောက်ပြောင်ပြောင် ရေးသားနိုင်တဲ့လူတွေကို အမြဲရှာနေပါ တယ်။ ဒါကြောင့် ခင်ဗျားဆီကို လာခဲ့တာပါ"

ကွိသည် ပေါ့ပေါ့ပါးပါး အလုပ်ကလေးရလျှင် လုပ်ချင်ကြောင်း ပြောခဲ့ဘူးသည်ကို ပြန်လည် အမှတ်ရလာ သည်။ အလုပ်သည် ယခု သူ့ထံရောက်လာပြီ။ သူ့စိတ်သည် လေးလံနေ၏။

ရှာလီကို မေးခဲ့သည့်အတိုင်း

"အဲဒီတော့ ခင်ဗျားက ဘာအကြံပေးချင်သလဲ" ဟု ဝက်စ်ကို မေးလိုက်လေသည်။

"ပထမဆုံး ကျွန်တော်သိချင်တာက ခင်ဗျား ဘာတွေရေးခဲ့ဘူးသလဲ။ သတင်းစာအတွက် အသုံးကျမယ့် ဘယ်လိုဘာသာရပ်တွေကို ရေးနိုင်သလဲဆိုတာ သိချင်တယ်"

ကွိသည် သူ၏သတင်းစာဖြတ်ပိုင်း စာအိတ်ရှည်ကြီးကို ထုတ်ပြရပြန်သည်။ ဝက်စ်က မြန်မြန်ဖတ်လိုက်ပြီး

"အတော်ကောင်းတာဘဲ။ အမြတ်ခွန်ကိစ္စ ရေးထားတာ သိပ်မှန်တယ်" ဟု ချီးကျူးသည်။

ဝက်စ်က သတင်းစာတွင် အိပ်ငိုက်စာများရေးရန် လူလိုနေကြောင်း ('လေးနက်ပြီး ခိုင်ခန့်တဲ့ ဆောင်းပါး တွေ' ဟူ၍ စကားလုံး သုံးနှုန်းသည်။) ထိုအလုပ်မျိုးကို ကွို စိတ်ဝင်စားမှု ရှိမရှိ သိလိုကြောင်း ရှင်းပြသည်။

ကွိက အလုပ်ချိန်မများဘဲ အိမ်လခအတွက် ရမည်ဆိုလျှင် လုပ်ချင်ကြောင်း ဖြေသည်။

"ဗိုလ်မှူးကြီးကောင်းနဲ့ သွားတွေ့ပါ။ အလုပ်ခန့်တာ ဖြုတ်တာ သူလုပ်ပါတယ်။ ခင်ဗျားအကြောင်းကို ကျွန် တော်ပြောထားလိုက်မယ်"

နောက်တနေ့ မွန်းလွဲပိုင်းတွင် ကွိသည် ပြည်နယ်၏ ရှေ့ဆောင်သတင်းစာကြီးဖြစ်သော ပိုစ့်သတင်းစာ၏ အယ်ဒီတာချုပ် ဗိုလ်မှူးကြီးကောင်းနှင့် သွားတွေ့သည်။

ပိုစ့်သတင်းစာသည် သမဏိရှည်သော သတင်းစာဖြစ်သည်။ ၁၈၄၆ မှစ၍ မနေ့တနေ့ကအထိ မိသားစုပိုင် ဖြစ်သည်။ ပြည်တွင်းစစ်ကာလ*တွင် သမ္မတဒေးဗစ်**၏ လက်စွဲဖြစ်ခဲ့သည်။ ပြန်လည်တည်ဆောက်ရေး ကာလ*** နှိပ်ကွပ်မှုများအကြားတွင် မယိမ်းမယိုင် ကျောက်စာတိုင်ပမာ ရပ်တည်ခဲ့သည်။ လူဖြူကြီးစိုးရေး အတွက် တိုက်ပွဲဝင်သည်။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

---

*ဒွေဝယ်ကျွန်စနစ် ဖျက်သိမ်းရေးကို အကြောင်းပြု၍ တောင်ပိုင်းပြည်နယ် ဆယ့်တစ်ပြည်နယ်က ပြည် ထောင်စုမှ ခွဲထွက်သဖြင့် ဖြစ်ပွားခဲ့သည့် အမေရိကန်ပြည်တွင်းစစ်(၁၈၆၁–၁၈၆၅)။ ။မြောက်ပိုင်းပြည်ထောင်စု တပ်များနှင့် တောင်ပိုင်းပြည်နယ်ပေါင်းစုတပ်များ တိုက်ကြသည်။

**ဒေးဗစ် ဂျက်ဖာဆင်(၁၈၀၈–၈၉)။ ။အမေရိကန်တောင်ပိုင်း ပြည်နယ်ပေါင်းစု(၁၈၆၁–၆၄)၏ သမ္မတ

***ပြည်တွင်းစစ်အပြီး တောင်ပိုင်းပြည်နယ်ပေါင်းစုကို ပြည်ထောင်စုထဲသို့ ပြန်လည်သွတ်သွင်းပြီး နိုင်ငံ ပြန်လည်တည်ဆောက်သည့်ကာလ(၁၈၆၅–၇၇)

ကော်ဇောအိတ်ဝါဒီများ* နှင့် စကာလာ ဝက်ဂရီဝါဒီ** များကို နာမဝိသေသန လှလှကြီးတပ်ပြီး ကားစင်တင်ခဲ့သည်။ နောက်ပိုင်းတွင် တီလ်ဒင်***အတွက် ဝုံဝုံစားစား တိုက်ပွဲဝင်ခဲ့သည်။ ဟေးစ်^ကို သူခိုးဒမြပမာ ရှုတ်ချခဲ့သည်။ ကလီဗင်^^ကို ဘုရားတဆူ ဂူတလုံး မြှောက်စားခဲ့သည်။ လွတ်လပ်စွာ ကုန်သည်ခွင့် ❶ကို အားပြည့် မာန်ပြည့် ထောက်ခံခဲ့သည်။ ဘော်ဒွေသတ္ထူ လွတ်လပ်ခွင့် ❶ကို မျက်စိမှိတ် လက်ခံခဲ့သည်။ ဘရိုင်ယန်ဝါဒ ❷ တိုက်ပွဲတွင် 'ပုံမှန်' နေခဲ့သည်။

ဤသို့လျှင် ပိုစ်သည် သမိုင်းပြောင်ခဲ့သော သတင်းစာဖြစ်လေသည်။

ပိုစ့်သတင်းစာသည် ပိုင်ရှင်၏ မြေးများလက်ထက်တွင် အခြေယိုင်လာသည်။ ပို၍မြန်သော သတင်းစာ ပို၍စာမျက်နှာများသော သတင်းစာ၊ အရောင်နှင့် ကာတွန်းဇာတ်လမ်း သုံးသော သတင်းစာမျိုးကို လူကြိုက်များလာချိန်တွင် ပိုင်ရှင်တို့ ငွေမလိုက်နိုင်တော့ချေ။ ပိုစ့်သတင်းစာ၏ မှောင်မဲသောနေ့များ။

---

*ပြန်လည်တည်ဆောက်ရေးကာလတွင် မြောက်ပိုင်းမှ တောင်ပိုင်းသို့ ကိုယ်ကျိုးရှာရန် ဆင်းလာသူတို့ကို ဆိုလိုသည်။ ခြေသလုံးအိမ်တိုင်လုပ်ကာ ကော်ဇော ကျောပိုးအိတ်တလုံးနှင့် ဆင်းလာဟန်ကို အစွဲပြု၍ ကော်ဇောအိတ်ဝါဒီ (ကားပက်ဘက်အစ်ဇင်) များဟု ခေါ်သည်။

**ပြန်လည်တည်ဆောက်ရေးကာလတွင် မြောက်ပိုင်း၏ နိုင်ငံရေးပါတီဖြစ်သော ရီပတ်ဘလစ်ကန် ပါတီသို့ဝင်သည့် တောင်ပိုင်းသားလူဖြူများကို စကာလာ ဝက်ဂရီများဟု ခေါ်သည်။

***တီလ်ဒင်၊ ဆင်မြူရယ်ဂျုံးစ်(၁၈၁၄–၈၆)။ ။ အမေရိကန် နိုင်ငံရေးခေါင်းဆောင်။ ၁၈၇၆ ခုနှစ်တွင် ဒီမိုကရက်တစ်ပါတီ သမ္မတလောင်းအဖြစ် သမ္မတရွေးကောက်ပွဲ နိုင်သည်။ လူထုမဲ၌ အသာရသော်လည်း မဲဆန္ဒနယ်မဲတွင် တမဲတည်း ကပ်ရှုံးသည်။

^ဟေးစ်၊ ရူသာဖိုဒ့်ဘီ(၁၈၂၂–၉၃)။ ။၁၉ ကြိမ်မြောက် အမေရိကန် သမ္မတ (၁၈၇၇–၈၁)။ တီလ်ဒင်ကို လူထုမဲ၌ရှုံးပြီး မဲဆန္ဒနယ်မဲ၌ တမဲတည်းကပ်နိုင်ကာ သမ္မတဖြစ်လာသူ။

^^ကလီဗလင်၊ စတီဖင်ဂရီဗာ(၁၈၃၇–၁၉၀၈)။ ။ ၂၂ ကြိမ်နှင့် ၂၄ ကြိမ်မြောက် အမေရိကန်သမ္မတ (၁၈၈၅–၈၉)၊ (၁၈၉၃–၉၇)။

❶နိုင်ငံတကာ ကုန်သွယ်မှုတွင် လွတ်လပ်စွာ ကုန်သွယ်နိုင်စေရန် အကောက် အခွန်စနစ်၊ ကုန်ပမာဏာကန့်သတ်ချက်စနစ်များကို ဖျက်သိမ်းရေး၀ါဒ။ ။ အမေရိကန်တွင် ၁၇၈၉ မှစ၍ အကောက်ခွန်စနစ် ရှိခဲ့သည်။ ရီပတ်ဘလစ်ကန်ပါတီနှင့် လုပ်ငန်းရှင်များက အကောက်အခွန် မြင့်မားစွာ စည်းကြပ်ပြီး ပြည်ပကုန်သွယ်မှုကို ဟန့်တားလိုသည်။ ဒီမိုကရက်တစ်ပါတီနှင့် စိုက်ပျိုးရေးသမားများက အကောက်အခွန် လျှော့ရေးကို လိုလားသည်။

❶၁၈၉၆ ဂျူလိုင်တွင် ကျင်းပသော ဒီမိုကရက်တစ်ပါတီညီလာခံ၌ တင်သွင်းသည့် ဘော်ဒွေသတ္ထုဖြင့် လွတ်လပ်စွာ ဒင်္ဂါးသွန်းလုပ်ရေး အစီအစဉ်။ နိုင်ငံ၏ငွေကြေးကို ရွှေဖြင့်သာမက ငွေဖြင့်လည်း ကျောထောက်နောက်ခံထားရေး အစီအစဉ်ဖြစ်သည်။

❷ဘရိုင်ယန်၊ ဝီလျံဂျင်းနင်း (၁၈၆၀–၁၉၂၅)။ ။အမေရိကန် နိုင်ငံရေးခေါင်းဆောင်။ ၁၈၉၆ ဒီမိုကရက်တစ်ပါတီ ညီလာခံတွင် ဘော်ဒွေသတ္ထု လွတ်လပ်ခွင့်ဘက်မှ ရပ်တည်လျက် ပါတီသမ္မတလောင်းအဖြစ် ရွေးချယ်ခြင်း ခံရသည်။

ဗိုလ်မှူးကြီးကောင်းက ဝင်ကယ်ခဲ့ပါသေး၏။ သို့သော် လေလံပစ်ရမည့်အခြေသို့ ဆိုက်ပြန်သည်။ ထိုအချိန်တွင် တိုးတက်သော လူငယ်များပါဝင်သော ပုဂ္ဂိုလ်တစု ဝင်လာကြသည်။ ယခုအခါ သတင်းစာသည် အမြတ်အစွန်းပေါ်သည့် အဆင့်သို့ ပြန်လည် တက်လှမ်းလာသည်။

ဗိုလ်မှူးကြီးကောင်းကို အယ်ဒီတာချုပ် ဆက်ခန့်သည်။ ဗိုလ်မှူးကြီးကောင်းသည် သမရိုးကျ သတင်းစာဝါဒကို စွဲကိုင်သူ ဖြစ်သည်။ အယ်ဒီတာလည်းသူ၊ တိုက်အုပ်လည်းသူ၊ မည်သည့်စာမျှ သူကိုယ်တိုင် ပရ*မဖတ်ဘဲ သတင်းစာထဲ မရောက်နိုင်။ တညတည ပရဂယ်လီ** ၄၀လောက်တော့ သူက အပျော့ထင်သည်။ အုပ်ချုပ်မှုအယ်ဒီတာလည်း သူပင်ဖြစ်၏။ ညအယ်ဒီတာဆိုသည်မှာ သူ့ခိုင်းဖတ်။ စီမံခန့်ခွဲရေးမှူးလည်း သူဩခံရသည်။ ထိုလုပ်ငန်းများအပြင် နေ့စဉ် ခေါင်းကြီးပိုင်း သုံးကော်လံ*** ရေးလိုက်သေးသည်။

ထိုသို့ ဩဇာကဲမိုးသော ပုဂ္ဂိုလ်ကြီးရှိရာသို့ အလုပ်မလျှောက်ချင့် လျှောက်ချင် ပညာရှင်ကလေးလာခဲ့သည်။ လမ်းတွင် ဘယ်ခွေးနှင့်မျှ ဝင်မတိုးမိသဖြင့် ပိုစ့်သတင်းစာတိုက်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။

ကွိသည် 'အယ်ဒီတာ' ဟု စာတန်းရေးထားသော အခန်းတွင်းသို့ မပြောမဆိုဝင်သွားသည်။ ကျင်စွယ်ဖြူဖြူ၊ ဆံပင်ဖြူဖြူ၊ ကိုယ်လုံးဖိုင့်ဖိုင့် လူကြီးတဦး စာပွဲကြီးတွင် ရှုပ်အက်ျီလက်မောင်းပင့်ကာ စာရေးနေသည်။

"ဗိုလ်မှူးကြီးကောင်းပါလားခင်ဗျာ"

"ကျွန်တော်ပါဘဲ။ ဘာများလုပ်ပေးရမလဲ"

ကွိသည် ဝက်စ်၏ ထောက်ခံစာကို စာပွဲပေါ် တင်ပေးလိုက်သည်။

"မစ္စတာကွိကို ထိုင်ပါခင်ဗျာ။ ကျွန်တော်ကလဲ မျှော်နေတာပါ"

ဗိုလ်မှူးကြီးကောင်းသည် မေးရိုးကားကား အသားနီစပ်စပ် လေဖြတ်ခံရမည့်ပုံပန်းဖြစ်၏။ သို့သော် သူ့ခေါင်းက ဂျူဒါလူမျိုးတို့၏ ရဲရင့်သော ခြင်္သေ့❶ခေါင်းပုံစံမျိုး။ သူမျက်လုံးက ကြင်နာမှုအပြည့်အဝ။ သူ့အမူအရာက သိက္ခာရှိရှိ ယဉ်ယဉ်ကျေးကျေး။ ဗိုလ်မှူးကြီးသည် အချိန်သည် ငွေထက် အရေးရောက်သည်ဆိုသော ဝါဒကို စွဲကိုင်သူမဟုတ်၍ မြို့အကြောင်း လေကြောရှည်နေလေသည်။

"ဒီပြည်နယ်ရဲ့ တဖက်စွန်းကနေ တဖက်စွန်းအထိ တိုးတက်မှုစိတ်ဓာတ်တွေဟာ ပြည်သူတွေရဲ့ရင်မှာ တဒိတ်ဒိတ်ခုန်နေတယ်။ ဒီတိုးတက်မှုတွေနဲ့အတူ နိုင်ငံရေး အတွေးအခေါ် လွတ်လပ်မှုတွေလဲ ထွန်းကားလာတယ်။ ခေတ်ဟောင်းက အစွဲအလမ်းဟောင်းတွေလဲ ပျောက်ကုန်ပီ။ ဒီမိုကရက် တံဆိပ်တပ်တိုင်းလဲ မှန်ပီလို့ မယူဆတော့ဘူး။ ရိုပတ်ဘလစ်ကန်တိုင်းကိုလဲ ဟင်နရီဂျီဆာဖေ့နဲ့ တတန်းထဲထားပီး မစဉ်းစားတော့ဘူး"

ကွိက "ဟင်နရီဂျီဆာဖေ့က ဘယ်လိုလူလဲ" ဟု မေးသည်။

ဗိုလ်မှူးကြီးကောင်းသည် ထိုမေးခွန်းကြောင့် တွန့်ကနဲ ဖြစ်သွားသည်။

"အင်း။ အဲဒီဓာတ်လမ်း ခင်ဗျား မကြာပါဘူး သိမှာပါ" ဗိုလ်မှူးကြီးကောင်းသည် ခဏမျှ ငြိမ်သက်သွားပြီး ဝမ်းနည်းသံပေါက်သော်လည်း အသံမာမာ ပြင်းပြင်းဖြင့် "ခင်ဗျား နားနဲ့ မျက်စိကို ကျယ်ကျယ်ဖွင့်ထား။ နှလုံးသားကိုလဲ ဖွင့်ထား။ ဒါမှ ဒီပြည်နယ်က လူတွေဟာ ကမ္ဘာပေါ်မှာ အရဲရင့်ဆုံးလူတွေ၊ အဖော်ရွေဆုံးလူတွေ၊

---

*ခဲစာလုံးစီပြီးနောက် မူရင်းစာနှင့် တိုက်ဆိုင်စစ်ဆေးခြင်း။ သတ်ပုံ စာလုံးပေါင်း အမှားအမှန် ပြင်ခြင်း။

**ခဲစာလုံးများကို စီပြီးနောက် စာမျက်မှာမဖွဲ့မီ ထည့်သည့်သံပြားလင်ပန်း။ အလျား နှစ်ပေခန့်ရှိသည်။

***သတင်းစာတွင် ဒေါင်လိုက် ခွဲခြားထားသော စာသားအကန့်များ။

❶ယုဒအမျိုး ခြင်္သေ့ (သမ္မာကျမ်းစာ ဗျာဒိတ်ကျမ်း–၅း၄)

အညာတာဆုံးလူတွေဆိုတာ ခင်ဗျား နားလည်လာမယ်။ ဒါထက် ခင်ဗျား ဒီမိုကရက်တစ်ပါတီဝင်လား"

"ကျွန်တော်က နိုင်ငံရေးဘောဂဗေဒသမား သက်သက်ပါ"

ဗိုလ်မှူးကြီးကောင်းက ပြုံးရွှင်စွာဖြင့်

"မှန်လိုက်တဲ့ စကားပါဘဲခင်ဗျာ။ သိပ္ပံပညာဆိုတာ ပါတီကလနား သတ်လို့မရပါဘူး။ မစ္စတာဝက်စ်က ခင်ဗျားထူးချွန်ပုံတွေကို ပြောပြထားပါတယ်" ဟု ပြောပြီး ပိုစ့်သတင်းစာဘက်က ပေးနိုင်သည့် လစာကြေးငွေကိစ္စကို ရှင်းပြနေလေသည်။ ကွိသည် တပတ် ဆယ်ဒေါ်လာရမည့် ပုံသေ ဉာဏ်ပူဇော်ခစနစ်ကို လက်ခံလိုက်သည်။ တလ အစမ်းလုပ်ရန်လည်း ယာယီ သဘောတူလိုက်လေသည်။

"လွှတ်တော်က လာမယ့် ဂျန်နဝါရီလမှာ စည်းဝေးမယ်။ အခွန်စနစ်တွေပြင်ဘို့ အရေးကြီးတယ်။ လက်ရှိစနစ်ကတော့ ဘယ်ဘက်ကကြည့်ကြည့် ကျေနပ်စရာ မရှိဘူး။ ဒီတော့ အခွန်ဥပဒေတွေကို လေ့လာထားစေချင်တယ်"

"ဒီဥပဒေတွေကို ကျွန်တော် ကျေပီးသားပါ"

"ဟုတ်လား။ ဒါဖြင့် ဘယ်လိုသဘောရသလဲ"

"ရုပ်ပျက်ဆင်းပျက်ဘဲ"

"ကြိုက်ပီ။ ကျုပ်က အဲဒီလို ပြတ်ပြတ်ပြောတတ်တာမျိုးကြိုက်တယ်။ အဲဒီ ဥပဒေကို ဘယ်လိုဝေဖန်မလဲ၊ ဘယ်လို ကုစားမလဲ ပြောပါအုံး"

ကွိက နည်းလမ်းများကို တိုတိုနှင့် ထိထိမိမိ ရှင်းပြသည်။ ဗိုလ်မှူးကြီးကောင်းက သဘောကျသည်။

"အလုပ် ချက်ချင်းစမယ်ဗျာ။ ဆောင်းပါးတွေ ရေးဗျာ။ ဆယ်ပုဒ်ဖြစ်ဖြစ်၊ ဆယ့်နှစ်ပုဒ်ဖြစ်ဖြစ်ရေး။ လူထုဆန္ဒက အူလှန် အသဲလှန် ပြုပြင်ချင်လာအောင်ရေး။ ပြုပြင်ရင် ဘယ်နည်းဘယ်ပုံ လုပ်သင့်တယ်ဆိုတာလဲ ရေးဗျာ"

ကွိက ပြန်ရန် ထလိုက်သည်။

"စကားမစပ် အခွန်စနစ် ပြုပြင်ရေးနဲ့ပတ်သတ်ပီး ကျုပ်လဲ ဆောင်းပါးတစောင် ရေးလိုက်သေးတယ်။ လမ်းခင်းတဲ့သဘောပေါ့။ တခြားဆောင်းပါးတွေ လိုက်လာအောင် ရေးလိုက်တာဘဲ။ ခင်ဗျားလဲ ဖတ်ပြီးရောပေါ့"

"ဖတ်ပီးပါပီ"

"ဘယ့်နဲ့ သဘောရသလဲ"

"ခင်ဗျား တကယ်မေးတာလား"

ဗိုလ်မှူးကြီးကောင်း အနည်းငယ် အံ့သြသင့်သွားကာ "ဒါပေါ့" ဟု အဖြေပေးသည်။

"ခင်ဗျားမေးမှတော့ ဖြေရတော့မှာပေါ့။ ကျွန်တော့်အထင်တော့ ရီစရာကောင်းတယ် ထင်တာဘဲ"

ဗိုလ်မှူးကြီးကောင်း ဒေါပွသွားသည်။ သူသည် ပင်ကိုယ်စိတ်ဓာတ်အရ ဒေါသကုမ္ဘာရဖြစ်သည်။ သို့သော် ဤအသက်အရွယ်တွင် ဟောဟောဒိုင်းဒိုင်း ရှူးရှူးရှားရှားလုပ်နေ၍ အကျိုးမများနိုင်သည်ကို ဆင်ခြင်မိလာသည်။ ထို့ကြောင့် ယခုအခါ စိတ်အလွန်ထိန်းသည်။

"ဗြောင်တိုက် ပြောတတ်ပါပေ့ဗျာ။ ချီးမွမ်းပါတယ်။ ကျုပ်တတ်သမျှ မှတ်သမျှနဲ့ လုပ်ထားတာကလေးတွေတော့ ခင်ဗျားစာနဲ့ယှဉ်ရင် အရှက်ကွဲတော့မှာဘဲ"

ဗိုလ်မှူးကြီးကောင်းသည် ကွိကို ညစာဖိတ်ကျွေးမည်ဟု ကြံထားသည့် စောစောက စိတ်ကူးကို ဖျက်ကာ ဦးညွှတ်နှုတ်ဆက်လိုက်လေသည်။ ကွိကလည်း သုတ်သုတ်ပင် ပြန်ထွက်လာခဲ့၏။ သူနာရီကို ကြည့်လိုက်သော အခါ ဤတွေ့ဆုံပွဲအတွက် တနာရီသာ အချိန်သုံးရန် သတ်မှတ်ထားခဲ့ပါလျက် ဆယ်မိနစ်ပို၍ အချိန်စားသွားကြောင်း သတိပြုလိုက်မိသည်။

(၅)

တလခန့်အကြာ ညနေခင်းတခုတွင် ဝက်စ်သည် ဗိုလ်မှူးကြီးကောင်းနှင့် ကလပ်၌တွေ့၏။

"အချင်းချင်းမို့ မေးရအုံးမယ်။ ဒေါက်တာကွိရဲ့ ခေါင်းကြီးပိုင်းတွေကို ဗိုလ်မှူးကြီး ဘယ်လိုသဘောရသလဲ" ဝက်စ်သည် ကုလားထိုင်တခုတွင် ဝင်ထိုင်ရင်း မေးလိုက်၏။

"ဘယ်သူမှ ငြင်းချက်မထုတ်နိုင်တဲ့ဟာတွေဘဲ" ဗိုလ်မှူးကြီးက ပြောပြောဆိုဆို ညစာမစားမီ သောက်လေ့ရှိသည့် သူလက်စွဲ အဖျော်ယမကာကို မှာသည်။

ဝက်စ်က ရယ်၍ "ဟုတ်ပါဝိလေ။ သာမန် စာဖတ်ပရိတ်သတ်ဘက်က ထင်မြင်ချက်၊ အမြဲတမ်း စာဖတ်ပရိသတ်ဘက်က ထင်မြင်ချက်တွေလဲ ပြောပါအုံး။ ပြည်သူလူထု ကောင်းစားရေးဆိုတာ အတွက်ကော ဘယ့်နဲ့လဲ"

"ဘယ်သူကမှ ဒီခေါင်းကြီးတွေဖတ်ပီး မကျေမချမ်းဖြစ်မှာ မဟုတ်ပါဘူး"

"ဒါဖြင့် သူ့ခေါင်းကြီးတွေက အာဘော် မျက်နှာကို အထောက်အကူတော့ ဖြစ်တယ်ပေါ့"

"ပညာရည်ဝတာ၊ သိပ္ပံနည်းကျတာ၊ ရှင်းလင်းခန့်ညားတာတွေ တိုးလာတယ်လေ"

"ကျွန်တော်မေးနေတာက ဗိုလ်မှူးကြီးကရော သူ့ခေါင်းကြီးတွေကို ဘယ်လိုမြင်သလဲ"

"မိုးကြိုးပစ်ရပါစေရဲ့ဗျာ။ ကျုပ်ကတော့ သူ့ခေါင်းကြီးဆို တခုမှ မဖတ်ပါဘူး" ဗိုလ်မှူးကြီးသည် ကျားဟိန်းသံလို ထအော်လိုက်လေသည်။

ဝက်စ်သည် ဤစကားများကို မစ္စတာ စတီးဝပ်ဘတ်တို့ ဇနီးမောင်နှံ တည်ခင်းသော ညစာစားပွဲတွင် ရှာလီဝေလင်ကို ဖောက်သည်ချလေသည်။

ညစာစားပွဲတွင် အိမ်ရှင်ဇနီးမောင်နှံအပါအဝင် ခြောက်ယောက်သာရှိသည်။ ဝက်စ်နှင့် ရှာလီအပြင် အခြားနှစ်ယောက်မှာ မစ္စတာစတီးဝပ်ဘတ်၏ ညီအငယ်ဆုံး ဘီဗာလေဘတ်နှင့် မစ္စအေဗာရီ ဖြစ်သည်။

"အမှန်အတိုင်း ဝန်ခံရရင် ကျွန်တော်လဲ တပုဒ်မှ မဖတ်ဖူးပါဘူး။ 'ဒွန်တွဲမှုနှင့် ဖြန့်ဖြူးမှု အခြေခံသဘောတရား' ဆိုတဲ့ ခေါင်းကြီးကို အစလောက် ဖတ်ကြည့်ဘူးတယ်။ ည ၁၁ နာရီခွဲနေတာနဲ့ အိပ်ပျော်သွားတယ်"

"ကျမကတော့ သူ့ခေါင်းကြီးတွေ အကုန်ဖတ်ဖူးနေတော့ ရှင်တို့ ဘယ်လိုငြီးငွေ့မယ်ဆိုတာ နားလည်ပါတယ်ရှင်"

"သူ့ရဲ့ တဦးတည်းသော စာဖတ်ပရိတ်သတ်ကြီးပါလား" ဝက်စ်က တအံ့တသြပြော၍

"တဦးတည်း မဟုတ်ပါဘူးရှင်၊ နှစ်ဦးပါ။ မစ္စတာကွိ သစ္စာတော်ခံများ၏ သားသမီးများအဖွဲ့ဆိုပီး အသင်းထောင်ရကောင်းမလားလို့တောင် စဉ်းစားမိတယ်။ ဥက္ကဋ္ဌက ကျမပေါ့။ အတွင်းရေးမှူးကတော့ နယူးယောက်က အခွန်စနစ်ပြုပြင်ရေး အဖွဲ့ချုပ်ရဲ့ အတွင်းရေးမှူးလေ။ သူက ဗိုလ်မှူးကြီးကောင်းဆီကို ချီးကျူးစာတွေ ရေးနေတဲ့လူ။ ခေါင်းကြီးရေးနေတဲ့လူရဲ့ နာမယ်ကို လှမ်းတောင်းနေတဲ့လူလေ။ မသိသေးဘူးလားရှင့်"

"ဟင့်အင်း။ ပြောပါအုံး။ ဥက္ကဋ္ဌကြီးကရော သူ့ခေါင်းကြီးတွေကို သိပ် ဘဝင်ကျနေလို့လား"

"ကျမလဲ တလုံးမှ နားမလည်ပါဘူး။ ဒီကတ်ကတ် သတ်သတ် ဝေါဟာရတွေ သူ ဘယ်ကများ ရှာတွေ့သလဲ မသိပါဘူးရှင်။ ဒါပေမယ့် ကျမတို့ နှစ်ယောက်စလုံးကတော့ ဖတ်ရမှာဘဲ။ ရှင်က သူ့အလုပ်ရှင်။ ကျမက သူ့အိမ်ရှင်ရဲ့ အလုပ်တာဝန်ခံ။ အိမ်ငှားနေတဲ့လူတွေ ဝင်ငွေရှာနိုင်တဲ့အင်အား ရှိရဲ့လားဆိုတာ မျက်ခြည်မပြတ်ကြည့်နေဘို့ တာဝန်ရှိတယ်မဟုတ်လား"

ဝက်စ်က

"ဒီလူက ပါရမီတော့ အတော်ကြီးတဲ့လူဗျ။ ဘယ်ဘာသာရပ်မှာမဆို သူရေးလိုက်ရင် စိတ်ဝင်စားစရာဆိုလို့ ဘာဆို ဘာမှမကျန်အောင် လုပ်တတ်တယ်။ ခေါင်းကြီးပိုင်းရဲ့ အဓိကတာဝန်က လူဖတ်ဖို့မဟုတ်လား။ သူ့အသက် ဘယ်လောက်ရှိပြီ ထင်သလဲ"

"အို အစိတ်ကနေ လေးဆယ့်ခုနစ်နှစ်လောက် အတွင်းလောက် ရှိမှာပေါ့"

"ရှေ့လမှာ နှစ်ဆယ့်လေးနှစ် ပြည့်မယ်။ ဒါပေမယ့် ကမ္ဘာပေါ်မှာ အအိုဆုံးလူဆိုလဲ ဟုတ်၊ အရွယ်ကို မရောက်သေးတဲ့လူဆိုလဲ ဟုတ်တဲ့လူပါဘဲဗျာ။ စိတ်ဓာတ်ဘက်ကတော့ မွေးကို မမွေးသေးတဲ့လူဘဲ။ သူ့ရောဂါက အတွင်းလှိုက်စားနေတဲ့ အတ္တပိုးမျိုးရောဂါဘဲ"

ရှာလီသည် ထိုရောဂါစမ်းသပ်ချက်ကို စောဒကမတက်နိုင်အောင်ရှိသည်။ ကွိသည် သူတွေ့ဖူးသမျှလူများအနက် အပြောင်တင်းဆုံး ကိုယ်ကျိုး ကိုယ်မှုကိုသာ ဂရုစိုက်သူဖြစ်လေသည်။ သို့သော် ဝက်စ် ပစ်ပစ်ခါခါ သဘောထားသလို သူမထားနိုင် ဂရုဏာသက်စိတ်က ကဲမိုးနေသည်။

"ကျမက သူ့ကို လူထူးလို့ ထင်မိတယ်။ ရှင်ကော မထင်မိဘူးလား။ အာရုံစူးစိုက်မှုကြီးတာရော စဉ်းစားကြည့်ပါအုံး။ သူ ဒီနေ့လူရီစရာကြီး ဖြစ်နေတာက သူ့ဘဝအမြင်က လူရီစရာကြီးဖြစ်နေလို့ပါ။ ဒီလို တဖြောင့်တတန်းထဲ တွေးတဲ့စိတ်နဲ့ တစူးတစိုက်ထဲလုပ်တဲ့ အစွမ်းတွေကို တခြားတနေရာမှာ သုံးဘို့ တနေ့နေ့ကျရင် သူတွေးမိကောင်း တွေးမိမှာပေါ့။ အဲဒီအချိန်မှာ လျှမ်းလျှမ်းတောက် လူငယ် လူထက်ကလေးတစ်ယောက် ဖြစ်လာမှာဘဲ"

ဝက်စ်က သဘောတူကြောင်းပြောကာ မစ်ဖီလီစင်အေဗာရီထံ မျက်လုံးကစားနေလေသည်။

ထိုအချိန်တွင် မစ္စပိန်တာ၏ အိမ်ဦလည်း အိမ်ဌားနေသူများ ညစာစားကြရင်း စကားဝိုင်းဖွဲ့နေကြသည်။ ရှာလီက ကွိအကြောင်းကို ပြောနေချိန်တွင် ကွို၏ ညစာစားဖော်များကလည်း ရှာလ့ီအကြောင်းကို ပြောနေကြသည်။ ကွိကမူ သူ့ထံမှ ဒေါ်လာနှစ်ဆယ်ယူသွားသော အိမ်ရှင့်အလုပ်တာဝန်ခံ အမျိုးသမီးလေး၏အမည်ကို လုံးဝမသိ။ သူ့အဖို့ ရှာလီဆိုသည်မှာ ဖရီဂျီယာ*နယ်သူ၊ ကက်ပါဒိုစီးယား**နယ်သူတဦးနှင့်မခြား။

ဗိုလ်မှူးကြီးဘရွတ်သည် ၁၈၇၅ တွင် ရီပတ်ဘလစ်ကန် တပ်များအား သူ မည်သို့ ချေမှုန်းခဲ့ပုံများကို ပွဲမတောင်းဘဲ ပြောနေလေ၏။ အပ်ကြောင်းထပ်နေသော ထိုဇာတ်လမ်းများသည် ဇာတ်လမ်းကျောရိုး တမျိုးတည်းဖြစ်သော်လည်း နောက်ခံကားများကား တခါနှင့်တခါ မတူ။ ပြောင်းလဲနေသည်။ ယနေ့သည် ဇာတ်လမ်းမှာ ခရိုင်ရွေးကောက်ပွဲတခုအကြောင်းဖြစ်သည်။ ရီပတ်ဘလစ်ကန် ပါတီဝင်များနှင့် လူမဲများက ဒီမိုကရက်တစ်ပါတီဝင်များကို ဖြုတ်ချရန် ကလိန်စေ့ငြမ်းဆင်ပုံများအကြောင်း ဖြစ်သည်။

"ကျုပ်က ဘာရမလဲ။ ကျုပ်ကပြောတယ်။ ဟေ့ အယုတ္တ အနတ္တကောင်တွေ (အမျိုးသမီးတွေကို ကန်တော့ပါရဲ့) မင်းတို့ ငါ့ကို ဂလန်မလုပ်နဲ့၊ မင်းတို့လုပ်သမျှ အပုပ်နံ့ထွက်တာချည်ဘဲ။ ဟင်နရီဂျီဆာဖေ့ကို ကြည့်။ ဘုရားသခင် ဖန်ဆင်းသမျှထဲမှာ အချွန်အမွန်ဆုံးလူ။ ရီပတ်ဘလစ်ကန်ဝါဒ လက်ပုပ်ကြီးနဲ့လဲထိရော ထောင်ထဲရောက်ရော"

"၁၈၇၅ မှာ ဟင်နရီဂျီဆာဖေ့ ထောင်ထဲမရောက်သေးပါဘူးဗျ"

ဗိုလ်မှူးကြီးဘရွတ်သည် အချိန်ကာလ အလွဲလွဲအမှားများ ပြောလိုက်မိသဖြင့် တချက်မျှ အိုးနင်းခွက်နင်း ဖြစ်သွားသော်လည်း ဟန်မပျက်ပင်

"ကျုပ်စကားက ကြိုတင်ဟောကိန်းထုတ်သလို ဖြစ်သွားတောပေါ့ဗျာ" ဟု ချော်လဲရောထိုင် ပြောသည်။

---

*အာရှာမိုင်းနားဒေသ အနောက်မြောက်ပိုင်းရှိ ရှေးခေတ်ပြည်နယ်တခု။

**အာရှမိုင်းနားဒေသ အရှေ့ပိုင်းရှိ ပြည်နယ်တခု။ ခရစ်နှစ် ၁၇ တွင် ရောမပိုင်နက်တခု ဖြစ်လာခဲ့သည်။

"ဟင်နရီဂျီဆာဖေ့ဆိုတာက ဘယ်သူလဲ" ဟု ကိုကမေး၍

"ဘာ၊ ဒီကလိန်ခြုံဇာတ်လမ်းကြီး မကြားဖူးသေးဘူးလား" ဟု ဗိုလ်မှူးကြီးဘရွတ်က အောကြီးဟစ်ကျယ် ပြန်မေးသည်။

ပါမောက္ခ နီကိုလိုဗီးယပ်သည် မတ်တပ်ထလိုက်သည်။ မစ္စက်ပိန်တာကို သူထုံးစံလိုဖြစ်နေသော မခိုးမခန့် ဟန်ဖြင့် ဦးညွှတ်အလေးပြုကာ

"ဗိုလ်မှူးဘရွတ် စေတနာရေစီးကမ်းပြိုလိုက်လို့ ဒီဇာတ်လမ်းကို ကျွန်တော် ဖန်တရာတေအောင် ကြားဘူး နေပါပီ။ ဒါ့ကြောင့် ကျွန်တော့်ကို ခွင့်လွှတ်တော်မူပါ" ဟု ပြောလိုက်သည်။

ပါမောက္ခကြီး ထွက်သွားသောအခါ ဗိုလ်မှူးဘရွတ်က "ဖွီ" ဟု အာမေဠိတ်ပြုလိုက်ပြီး ဟင်နရီဂျီဆာဖေ့ အကြောင်းကို ဆက်၍ နတ်သံနှောနေလေ၏။

အက်ပါမက်တပ်*နောက်ပိုင်း ဆယ်နှစ်ကာလအတွင်း ဆာဖေ့သည် သူ့ကမ္ဘာလေးတွင် သူ တွင်ကျယ်စိုးမိုး နေနိုင်လေပြီ။ ထိုအချိန်က သူ့အသက်သည် ၃၀ သာရှိသေးသည်။ ဥပဓိရုပ်ကောင်းကောင်း၊ အစွမ်းအစ လူလူ၊ စိတ်နေမြင့်မြင့် လူငယ်လူထက်ကလေးဖြစ်သည်။ ပြည်နယ်လွှတ်တော်တွင် ပေါက်ပေါက်ရောက်ရောက် ဖြစ်နေ ပြီ။ သို့သော် စိတ်ဂဏှာမငြိမ်။ ပလွှားသည်။ ဘဝင်မြင့်သည်။ အကြဲကြီးသည်။ ၁၈၇၀ ခုနှစ်များအတွင်း ပြည် နယ်လွှတ်တော်မှ ပြည်ထောင်စုဆီးနိတ် အထက်လွှတ်တော်သို့ ခြေလှမ်းရန်ကြဲသည်။ အကြံမအောင်သောအခါ ခွင့်မလွှတ်နိုင်သောပြစ်မှုကို စိတ်လိုက်မာန်ပါ ကျူးလွန်တော့သည်။ သူ့မိသားစု၊ သားချင်းမိတ်ဆွေ၊ သူ့ အတန်း အစား တခုလုံးက နင်းချေပစ်ရန် အားထုတ်နေကြသည့် 'ငမဲကျွန်' ပါတီဘက်သို့ ခြံခုန်ကူးသွားခြင်း ဖြစ်လေ သည်။

လူထုက ဖူးဖူးမှုတ်မြှောက်စားထားသည့် ပြည်သူ့ရှေ့ဆောင်အဖြစ်မှ နေ့ချင်းညချင်းပင် ဂျူဒါအစ္စကာရီ ယော့**အဖြစ်သို့ ရောက်သွားသည်။ သူခြံခုန်သွားသည့် ပါတီကလည်း သူ့ကို ချက်ချင်းလက်ငင်း ရှေ့တန်း မတင်၍ စိတ်ပျက်ပြန်သည်။ အနူအရွဲထက်ပင် ဝိုင်းပယ်ခံလာရသည်။ အဖေအရင်းခေါက်ခေါက်ကပင် လမ်းမှာ တွေ့၍မှ ဆေးဖော်ကြောဖက် မလုပ်သည်အထိ ဖြစ်လာသည်။ ဇနီးသည်ခမြာလည်း တံတွေးခွက် ပက်လက် မြောသည့်အဖြစ်ကို မခံနိုင်တော့ဘဲ ရင်ကွဲနာကျ၍ သေရှာပြန်သည်။

ဆာဖေ့၏ 'လျှောကျနောက်ဆုံး ရှိချေ၏' အဖြစ်တွင် သူ့ဘက်က မားမားရပ်သူမှာ နို့စို့ဘက်၊ ကျောင်းနေ ဘက် သူငယ်ချင်း ဂျွန်ရန်း ဒေါ်ဝေလင် တဦးသာရှိသည်။ ဝေလင်သည် သူ့ကို မေတ္တာမပျက် ပေါင်းဖက် ဆက်ဆံမြဲ ဆက်ဆံသည်။ ဆာဖေ့ပြည်နယ်မှ ရှောင်တိမ်းသွားသော အခါတွင်လည်း ပထမ ချီကာဂိုမြို့၊ နောက် နယူးယောက်မြို့အထိ လိုက်ကာ တနှစ် တခေါက် နှစ်ခေါက်တန်သည် တွေ့ဆုံသည်။ နယ်ပြေးကြီးဆာဖေ့သည် အတင့်ရဲသော ငွေစျေးကစားသူအဖြစ် နာမည်ရလာသည်။ ပစ္စည်းဥစ္စာ စုဆောင်းမိလာသည်။

ဝေလင်ကွယ်လွန်သောအခါ ဇနီးတယောက်၊ သမီးတစ်ယောက် ကျန်ခဲ့သည်။ သူပိုင်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် ဆာဖေ့အား လွှဲခဲ့သည်။

---

*အမေရိကန် ပြည်တွင်းစစ် ပြီးဆုံးခြင်းအထိမ်းအမှတ် မြို့ကလေး။ ။ ဗာဂျီးနီးယားပြည်နယ် အလယ်ပိုင်း တွင်ရှိသည်။ ၁၈၆၅ ဧပြီ ၉ တွင် ထိုမြို့ကလေး၌ တောင်ပိုင်းတပ်များ၏ ဗိုလ်ချုပ်လီးက မြောက်ပိုင်းတပ်များ၏ ဗိုလ်ချုပ်ဂရန့်ထံ လက်နက်ချသည်။

**ခရစ်တော်ကို သစ္စာဖောက်ပြီး ရန်သူ့လက်အပ်သူ။ ။ သမ္မာကျမ်းတွင် ယုဒရုကာရုတ်ဟုရေးသည်။ ("တပည့်တော် တကျိပ်နှစ်ပါး အပါအဝင်ဖြစ်သော ယုဒရုကာရုတ်သည် ကိုယ်တော်ကို အပ်ခြင်းငှာ ယဇ်ပရော ဟိတ်တို့ထံသို့ သွား၏" –ရှင်မာကု ခရစ်ဝင်။ ။၁၄း၁၀)

လအနည်းငယ်အတွင်း စီးပွားပျက်ကပ်ကြီး ဆိုက်လာသည်။ ဆာဖေသည် သူ့ဇနီးဟုဆိုသော မိန်းမတယောက်နှင့်အတူ အဖမ်းခံရသည်။ ဝေလင်အပ်နှံထားသည့် ဥစ္စာပစ္စည်းမှန်သမျှ ဆုံးသည်။ ဆာဖေသည် အလွဲသုံးစားမှုဖြင့် ထောင် ၁၀ နှစ် အပြစ်ပေးခံရသည်။

ထောင်မှလွတ်ပြီးနောက် သူ့အကြောင်းကို ဘာမျှမသိရတော့ချေ။ အချို့က သေပြီဟုဆိုသည်။ တချို့က ဩစတြေးလျတွင် ရောက်နေသည်ဟု ဆိုသည်။ သူနောက်မိန်းမလည်း သေပြီဟု အားလုံးက ယူဆကြသည်။ လူအတော်များများက ဆာဖေသည့် ငွေကြေးမြောက်များစွာကို စာရင်းဖျောက်ပြီး ဖယ်ထုတ်ထားခဲ့သည်ဟု ထင်ကြသည်။ သို့သော် ထိုငွေများသည် သူကိုယ်၍ ပုံအပ်ခဲ့သည့် ဝေလင်၏ မိသားစုလက်သို့ တပြားတချပ်မျှ ပြန်မရောက်။ ထို့ကြောင့်လည်း ဝေလင်၏သမီးကလေး ရှားလော့လီဝေလင်သည် ယခုအခါ ထမင်းတလုပ်စားဘို့ အရေး အလုပ် လုပ်နေရခြင်း ဖြစ်လေသည်။

ဗိုလ်မှူးဘရွတ် ဇာတ်ကြောင်းပြန်သည့် ဆာဖေ ဇတ်လမ်းကို လူတိုင်းစိတ်ဝင်စားသော်လည်း ကွိအဖို့မူ ဘာမျှ မထူးခြားချေ။ စားသောက်ပြီးစီးသောအခါ စားပွဲမှ ထလာခဲ့လေသည်။ အပြင်ခန်းမတွင် ပါမောက္ခ နီကို လိုဗီးယပ်ကို တွေ့သည်။ ဂရိစာပြ ပါမောက္ခကြီးက ကွိကိုပြုံးပြကာ

“ခင်ဗျားရေးတဲ့ ခေါင်းကြီးတွေ ဖတ်ရပါတယ်။ စိတ်လဲချမ်းသာတယ်။ အကျိုးလဲရှိတယ်။ တညတလေ ကျွန်တော့်အခန်းလဲ လာလည်ပါအုံး။ နွေးနွေးထွေးထွေး ဆေးပြင်းလိပ်ကလေး သောက်ရင်းပေါ့”

“ကျေးဇူးတင်ပါတယ်။ ကျွန်တော် ဆေးလိပ်မသောက်တတ်ပါဘူး” ကွိသည် ပါမောက္ခအိုကြီးကို မျက်မှောင်ကုပ်ကြည့်ပြီး အပေါ်ထပ်သို့ သုတ်သုတ် တက်သွားလေသည်။

ယနေ့ညအဖို့ ကွိအခန်းသည် အလွန်အေးနေသည်။ နာရီဝက်ခန့် ကြာသောအခါ လုံးဝမနေနိုင်တော့သဖြင့် စာအုပ်များ စာရွက်စာတမ်းများကို ပိုက်ကာ ညစာစားခန်းသို့ ဆင်းလာခဲ့သည်။ လှေကားထိပ်ရောက်မှ ညစာစားခန်းထဲတွင် အိမ်ရှင်၏သမီးကလေး စာကျက်ရင်း ဇောဘယာများကာ အနှောက်အရှက်ပေးမည့်အရေးကို တွေးမိ၍ အခန်းသို့ပြန်လာပြီး စာပွဲအံဆွဲထဲမှ ကတ်ပြားတခုကို ထုတ်ယူလိုက်သည်။

ညစာစားခန်းသို့ သူရောက်သောအခါ အိမ်ရှင်မကြီး၏ သမီးကလေးသည် သူ့ကျောင်းစာအုပ် တပုံကြီးနှင့် ရောက်နှင့်နေသည်။ ဖီဖီသည် ကွိဝင်လာသည်ကို ထိတ်ထိတ်ပျာပျာ မော့ကြည့်နေလေသည်။

ဖီဖီသည် ဤအခန်းသို့ ဆင်းမလာမီ နာရီဝက်တိတိ စောင့်ကြည့်နေပါသေး၏။ မစ္စတာကွိ မပေါ်လာမှ အေးလည်းအေးလွန်း၊ အက္ခရာသင်္ချာတွက်ချက်ရန် စာပွဲလည်း မရှိသော သူ့အခန်းမှ ညစာစားခန်းသို့ ဆင်းလာခဲ့ခြင်းဖြစ်သည်။

“နေကောင်းတယ်နော်” ဟု ဖီဖီက စိုး ရွံ့သံ ကတုန်ကယင်ကလေးဖြင့် နှုတ်ဆက်သော်လည်း ကွိက ခေါင်းညှိတ်ရုံ ညှိတ်ပြကာ ကုလားထိုင်တလုံးတွင် ဝင်ထိုင်လိုက်၏။

ဖီဖီအဖို့ အခန်းထဲမှ ချက်ချင်း ထပြေးချင်မိသည်။ သို့သော် ပါရဂူလေး၏ အတွက်ကို ပြောင်ပြောင်ချိုးရာ ရောက်မည်စိုး၍သာ ထွက်မသွားဘဲ အက္ခရာသင်္ချာထဲတွင် စိတ်နစ်မြုပ်နေသလို လုပ်နေလိုက်ရသည်။

ဖီဖီအသက် ၁၆ နှစ်ရှိပြီ။ အထက်တန်းကျောင်း နောက်ဆုံးနှစ်ကျောင်းသူ။ ဆံပင်နီနီ၊ မျက်လုံးပြာပြာ၊ မျက်နှာပြုံးပြုံးနှင့် တစ်သက်လုံး မည်သူ့ကိုမျှ စိတ်အနှောက်အရှက် မပေးသူ၊ မငြူစူသူ၊ သူတပါးကို ခင်မင်တတ်သူ ဖြစ်သည်။

ဖီဖီသည် အက္ခရာသင်္ချာတွက်ကာ အချိန်ဖြုန်းရင်း ချောင်းမဆိုးမိအောင် ဘုရားတနေလေသည်။ မစ္စတာကွိကို အထအန မကောက်ရုံမက ကြင်ကြင်နာနာ ညာညာတာတာ ဆက်ဆံပါဆိုသော ရှာလီ၏စကားကို မမေ့ပျောက်နိုင်အောင် ရှိနေသည်။ သို့သော် ဤမျှ ဇကစာကျင့်ကာ ရောင့်ရဲခြိုးခြံသည့် ဆိုကရေးတီး* အငယ်စားကလေးအား သူမည်သို့ ကြင်နာညာတာရပါလိမ့်။

ဖီဖီသည် သူ့စာအုပ်ကို စာမျက်နှာလှန်သလိုလိုနှင့် ကိုကို တိတ်တခိုး ကြည့်နေသည်။ ကိုပထမဆုံး လုပ်နေသည့်အလုပ်မှာ စာပွဲအလယ်ခေါင်တွင် ဖီဖီဘက်သို့လှည့်ကာ စာတန်းကပ်ပြားတခု ချခြင်းဖြစ်သည်။

'တိုးတိုး'

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

ဖီဖီသည် ပါရဂူကလေး၏ စာတန်းကိုဖတ်ကာ စိတ်မဆိုးနိုင်သည့်အပြင် မရယ်မိအောင်ပင် ပါးစပ်ကို လက်ကိုင်ပုဝါဖြင့် ပိတ်ထားလိုက်ရလေသည်။

အခန်းထဲမှာရှိတာက နှစ်ယောက်ထဲ။ ဒါပေမယ့် 'တိုးတိုး' ဆိုင်းဘုတ်ကပ်ပြားကြီးကတော့ ဂေါ်ဂွန်** ဘီလူးမလို သူ့ကို ဖြဲချောက်နေပါကလား။

ကိုသည် စာမဖတ်ဘဲ စာသာ ကုန်းရေးနေ၏။ လက်ရေးစိပ်စိပ် သေးသေးကလေးဖြင့် စာတရွက် ရေးပြီး သွား၍ စာရွက်ထိပ်တွင် ဂဏန်းရေးထိုးကာ စာတလုံးရေးချလိုက်သည်။ မကြာမီက ကိုစာအုပ်ကို ရှာလီ ဇောက်ထိုးဖတ်ခဲ့သလို ယခု ကိုစာရွက်ကို ဖီဖီ ဇောက်ထိုးဖတ်နေလေသည်။

'အယ်လ်ထရူးအစ်ဇင်'

ဖီဖီသည် ဝေါဟာရ များများစားစားမသိ။ ထို့ကြောင့် သူ့ကျောဘက်ရှိ စာအုပ်စင်မှ အဘိဓာန်ကို တရွေ့ရွေ့ နောက်ပြန်ဆုတ်ပြီး ဆွဲယူကာ 'အယ်လ်ထရူးအစ်ဇင်' ဝေါဟာရကို ရှာကြည့်သည်။

အယ်လ်တို၊ အယ်လ်တူဂဲသား၊ အယ်လ်တိုရီလီဗို။

အယ်လ်ထရူးအစ်ဇင် ①

ဖီဖီ၏ တခစ်ခစ်ရယ်သံသည် သုခမိန်ကမ္ဘာ၏ ဆိတ်ငြိမ်မှုကို ဖြိုခွင်းလိုက်သည်။ ဖီဖီသည် ကိုယ့်ရယ်သံနှင့်ကိုယ် လန့်ကာ ဖျပ်ကနဲ မော့ကြည့်လိုက်သည်။ ကိုက သူ့ကို စားတော့မလို ဝါးတော့မလို စိုက်ကြည့်နေသည်။

"တောင်းပန်ပါတယ်ရှင်။ ပါးစပ်က လွတ်ကနဲ ထွက်သွားလို့ပါ"

---

*အဦးအဖျားကျဆုံး ကမ္ဘာဒဿနပညာရှင် (ခရစ်မတိုင်မီ ၄၆၉–၃၉၉)။ ဂရိပြည် အေသင်မြို့ နိုင်ငံခေတ်က ထွန်းကားခဲ့သည်။ လူတိုင်း၏အတွင်းစိတ်၌ သစ္စာတရားရှိသည်။ အဝိဇ္ဇာဖုံးနေ၍ သစ္စာတရားကို မသိခြင်းဖြစ် သည်ဟူသော သဘောထားကို ကိုင်စွဲပြီး အဝိဇ္ဇာတရားကို တလွှာပြီး တလွှာ ခွာချနိုင်သည့် အမေးအဖြေနည်း (ဒွန္ဒပညာ) ကို သုံးလျက် သစ္စာတရားကို ဖော်ထုတ်ခဲ့သူ။

**ဂရိရှေးဟောင်း ဒန္တာရီထဲမှ စသီနို၊ ယူရီယေးနှင့် မီရူဆာ ဘီလူးညီအစ်မသုံးဖော်ကို ဂေါ်ဂွန်ဟုခေါ်သည်။ သူတို့ဆံပင်မှာ မြွေများဖြစ်သည်။ သူတို့မျက်စောင်းထိုးခံရသူတိုင်း ကျောက်ရုပ်အဖြစ်သို့ ရောက်ရသည်။

①အတ္တဟိတနှင့် ဆန့်ကျင်ဘက်ဖြစ်သော ပရိစ္စာဂ အတ္တဟိတအတ္တဟိတ။ ။အများအကျိုးငှာ ကိုယ်ကျိုးကို စွန့်ခြင်း။ အနစ်နာခံခြင်း။ အခြား တပါးသူအတွက်ဟု အဓိပ္ပာယ်ရသော လက်တင်စကား Alteri Huic နှင့် ဝါဒဟု အဓိပ္ပာယ်ရသော ပြင်သစ်စကား ism ကိုပေါင်းစပ်၍ Altruism ဖြစ်လာသည်။ ကမ္ဘာကျော် ပြင်သစ် ဒဿနပညာရှင်ကြီးဖြစ်သော ကွန့် (၁၇၈၉–၁၈၇၀) က ၁၈၅၃ တွင် တီထွင်ခဲ့သည့် စကားလုံးဖြစ်သည်။

ကိုကမူ ညစာစားခန်းထဲ၌ မဆိတ်မငြိမ်ရှိမှုကို မြွေလျှင်လည်းသေမှ၊ တုတ်လျှင်လည်း ကျိုးမှ၊ အပြီးအပြတ် ရှင်းရန် အချိန်ကျပြီဟု ယူဆကာ

"ဟုတ်လား။ ဒါဖြင့် ဘာများ ရီစရာတွေ့နေတယ်ဆိုတာ ညာတာထောက်ထားတဲ့အနေနဲ့ ရှင်းပြပါအုံးဗျာ"

"ဟိုစာလုံးအဓိပ္ပာယ်က ရီစရာကောင်းလို့ ရီမိတာပါရှင်"

"မင်းအူရွှင်တာက ငါ့အလုပ်ကို ဝင်နှောင့်နေတယ်။ ဘယ်လို ရီစရာကောင်းတယ်ဆိုတာ ငါ သိခွင့်ရှိတယ် လို့ထင်တယ်"

"ရှင့်စာရွက်ထိပ်မှာ ရေးထားတဲ့ စကားလုံးကို ခြင်လို ရီမိတာပါ"

"ဆက်ပြော"

"အဘိဓာန်ထဲမှာ ရှာကြည့်တော့ 'ကိုယ်ကျိုးမဖက် သူတပါးအကျိုးစီးပွားသက်သက်အတွက် ဆောင်ရွက်ခြင်း၊ ကိုယ်ကျိုးစွန့်ခြင်း၊ အတ္တဟိတ မငဲ့ကွက်ခြင်း' လို့ တွေ့တာနဲ့ ရီမိတာပါ"

ကလေးမက သူ့ဖြေရှင်းချက် ပြည့်စုံရှင်းလင်းပြီဟု ထင်နေသော်လည်း ဒေါက်တာကို၏ နှုတ်ဖျားက ထွက်လာသောစကားသံမှာ

"ဆက်ပြော" ဟူ၍သာဖြစ်၍ တခန်နုပ္ပတ္တိညာဏ် သုံးကာ

"ရှင်က အယ်လ်ထရူးအစ်ဇင် စိတ်ဓာတ် ဆန့်ကျင်ရေးကို ရေးနေတာလားဟင်" ဟု မေးခွန်း ပြန်ထုတ် လိုက်လေ၏။

"ဘာကြောင့် ဒီလိုပြောနိုင်ရသလဲ"

"ကျ ကျမ ထင်တာက ရှင် ရှင် လုပ်တာ ကိုင်တာက . . . "

"ဆက်ပြော၊ ငါလုပ်တာ ကိုင်တာက ဘာဖြစ်နေလို့လဲ"

ဖီဖီသည် လူပ်လေ မြုပ်လေ ဖြစ်နေသည့် သူ့အဖြစ်ကို ရိပ်မိလာကာ

"ရှင်လုပ်ပုံတခုက ကျမကို ချောင်းဆိုးလို့ဆိုပြီး အခန်းထဲက နှင်ထုတ်တာလေ။ ကျမအဖို့ကလဲ ဒီအခန်းထဲမှာ ထိုင်ဘို့ လိုနေတယ်"

ကွိသည် အတန်ကြာ ရေငုံနှုတ်ပိတ် လုပ်နေပြီးမှ အေးတိအေးစက် အသံဖြင့်

"ငါက အများအကျိုးအတွက် သိပ်အရေးကြီးတဲ့ စာအုပ်တအုပ် ရေးနေတာ။ သားစဉ်မြေးဆက်အတွက် ဆိုပါတော့။ ဒီလိုအလုပ်မျိုးဟာ အနောက်အရှက် ကင်းကင်းရှင်းရှင်း ရှိသင့်တယ်မဟုတ်လား"

"ကျမ သဘောပေါက်ပါတယ် မစ္စတာကွိ။ လူတိုင်း၊ စာရေးတဲ့လူတိုင်း ဒီလိုချည်သဘောထားတယ်ဆိုတာ ကျမ သဘောပေါက်ပါတယ်။ အရင်တုန်းက အခုရှင်နေတဲ့ အခန်းမှာ နေသွားတဲ့ မစ္စတာ ဆူထရိုဆိုရင် စစ် အနိဋ္ဌာရုံကဗျာ ပြဇာတ်ရှည်ကြီး ရေးနေတာ။ သူကလဲ ပြောလေ့ရှိတယ်"

"တခြားလူတွေပြောတာနဲ့ ငါနဲ့မဆိုင်ပါဘူး" ကွိသည် ကျားရှေ့ မှောက်ရက်လဲသည့် စကားလုံးကိုမှ ရွေးသုံးသလို "ငါ့ကိစ္စကိုသာ ငါစဉ်းစားတယ်" ဟု ပြောလိုက်လေသည်။

"ဒီလိုကိုး။ ကျမ ကောင်းကောင်း နားလည်ပါဝိ"

"ဘာ ကောင်းကောင်းနားလည်တာလဲ"

"အယ်လ်ထရူးအစ်ဇင်ကို ရှင်ဘယ်လိုသဘောထားတယ်ဆိုတာကို ကောင်းကောင်းနားလည်တာ ပြောတာပေါ့။ တခြားလူတွေတော့ အယ်လ်ထရူးအစ်ဇင်ရှိဘို့လိုတယ်၊ ရှင့်အဖို့တော့ မလိုဘူးပေါ့၊ ဟုတ်တယ်မှုတ်လား"

အယ်လ်ထရူးအစ်ဇင် စကားလုံးကို မည်ကာမတ္တမျှသာ သိရှာသော်လည်း လက်တွေ့ကျင့်သုံးသည့် အပြစ်မဲသော ဖီဖီ။ လူမှုရေးသိပ္ပံပညာက ပြဋ္ဌာန်းသည့် အယ်လ်ထရူးအစ်ဇင် သဘောတရားမှန်သမျှကို ထုံးလိုချေ ရေလိုနှောက်အောင်သိသောကွိ။ သူတို့သည် အလယ်ခေါင်မှ စားပွဲကိုကျော်ကာ တဦးကိုတဦး ငေးစိုက်နေကြသည်။

တမုဟုတ်ချင်းပင် ကို၏မျက်နှာထား ပြောင်းလဲသွားသည်။ ဘာစကားမျှ မပြောတော့ဘဲ စာဆက်ရေးနေလေ၏။

နာရီဝက်ခန့်ကြာမှာ အိပ်ရာဝင်ရန်ပြင်တော့မည့် ဖိဖိက မရွံ့မရဲဖြင့်

"ကျမစကား ရိုင်းသွားပါတယ်။ ဝမ်းနည်းပါတယ် မစ္စတာကို" ဟု တောင်းပန်သည်။

"မရိုင်းပါဘူး" ဟု ကိုက မော့်မကြည့်ဘဲ ပြောသည်။ ဖိဖိ တံခါးဝအရောက်တွင် တုံ့ကနဲ ရပ်ခိုင်းလိုက်သလို ကိုအသံကို ကြားရသည်။

"မင်းအတွက် ဘာအကျိုးရှိလို့ ဒီအခန်းထဲလာပီး စာကျက်ချင်ရတာလဲ"

ဖိဖိက တုန်တုန်ယင်ယင်နှင့်

"ဒီအခန်းက သိပ်နွေးတယ်။ ပီးတော့ စာပွဲနဲ့ မီးတိုင်လဲ ရှိတယ်။ ဒါပေမယ့် အပေါ်ထပ်မှာလဲ ကောင်းပါတယ်လေ" ဟု ပြောသည်။

ကိုက တခွန်းမျှ ပြန်မဟ။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

(၆)

ကို၏ နေ့စဉ်ဘဝသည် နိဗ္ဗာန်ဘုံတည်းဟူသော သူ့အခန်းကလေးနှင့် ပိုစ့်သတင်းစာတည်းဟူသော ငရဲဘုံအကြား ဆက်သွယ်ထားသည့် လမ်းအူကြောင်းကလေးပေါ်တွင်သာ မတိမ်းမစောင်း မချော်မငေါ သွားချည်လာလှည့် ဖြစ်နေသည်။

အိမ်ငှားနေသူအားလုံးကပင် ကို၏ ပင်ကိုယ်စရိုက်ကို လက်သင့်ခံလာကြသည်။ အေးတိအေးစက်အနိုင်ဆုံး စိတ်ဝင်စားစရာမကောင်းဆုံး၊ စိတ်ကူးနှင့် အရူးဆုံး မဟာပညာကျော်ကလေးအဖြစ် သတ်မှတ်ထားကြသည်။ ကို၏ ပိဋ္ဌကတ်ခန်းကလေးထဲတွင် ဘာလုပ်ဘာကိုင်နေသည်ကို သူတို့ မမှန်းဆနိုင်အောင်ရှိကြသည်။

ဝမ်းတထွာအတွက် တခါတရံ အပြင်ထွက်၍ ငွေရပေါက်ရလမ်း လုပ်ရသည်မှာပင် ကိုအဖို့ လောကအပေါ် အဆိုးရွားဆုံး နာကျည်းမှုပမာ ဖြစ်နေဟန်တူသည်။

ကို၏ ခုတင်သေးသေးကလေးအောက်တွင် စာအုပ်သေတ္တာ သုံးလုံးရှိသည်။ ထိုစာအုပ်များသည် စာ၏ အင်အားဖြင့် ကြံ့ခိုင်ကာ စာ၏ပျော့ညံ့မှုကို ပယ်လှန်သော သူ့စိတ်ဓာတ်အား စိတ်အစာကျွေးရုံမျှသာ တန်ဘိုးရှိတော့သည်။

ကိုသည် ယခုအချိန်တွင် အချိန်ဇယားကို အတိအကျဆွဲကာ သူ့ကျမ်းကြီးမဟာကို စတင်ရေးသားနေပြီ။ ထိုကျမ်းကို "သိပ္ပံပညာတကာတို့၏ သိပ္ပံပညာ" ဟု အမည်ပေးရန် သူဆုံးဖြတ်ထားလေသည်။ အကြောင်းမူကား သူ့ကျမ်းသည် သိပ္ပံသဘောတရားအားလုံးကို အနှစ်ထုတ်၍ သဘောတရားတခုတည်းတွင် စုစည်းမည်ဖြစ်ပြီး ထိုသဘောတရားချုပ်ကသာ အခြားသဘောတရားအားလုံးအား အထက်တန်းကျသော လူ့ဘောင်၊ အထက်တန်းကျသော လူသားများ၏ အဆင့်ဆင့်တိုးတက်ပြောင်းလဲမှုတည်းဟူသော တန်ဘိုးကို ပေးနိုင်မည်ဖြစ်ခြင်းကြောင့် ပေတည်း။

ထိုကျမ်းကြီးမဟာကို ရေးရန်အတွက် ကို တနေ့ ၁၆နာရီ အလုပ်လုပ်သည်။ ပိုစ့်သတင်းစာတိုက်တွင် အလုပ်ရှိသည့်နေ့၌ ၁၅နာရီ လုပ်သည်။ ဤမျှ နာရီပေါင်းများစွာ အလုပ်လုပ်သူများ ရှိသည်ဆိုသော်လည်း စစ်စစ်ပေါက်ပေါက် စုံစမ်းလိုက်သောအခါ အလုပ်လုပ်သည်ဆိုသည့် အချိန်တွင် စားချိန် သွားချိန် နားနေချိန်များ

ရောနှောပါဝင်နေလေ့ရှိသည်။ ကို၏ အလုပ်ချိန်မှာမူ တင်းပြည့်ကျပ်ပြည့် အလုပ်ချိန်ဖြစ်သည်။ ကမ္ဘာပေါ်တွင် တကယ် 'အချိန်မရှိဘူး' ဟု ပြောနိုင်သူ လက်တဆုပ်စာတွင် ကိုတဦး အပါအဝင် ဖြစ်လေသည်။

ဖေဖော်ဝါရီလဆန်း ညနေပိုင်း။

ကိုသည် ပြည်သူတို့၏ သတင်းစာ၌ သုဿန်တစပြင်အလား လူသူနှင့် ကင်းကွာသော ကွက်လပ်ပမာဖြစ်သည့် သူခေါင်းကြီးကို ဗိုလ်မှူးကြီးကောင်း၏ အခန်းတွင် တွန်းရေးနေသည်။ သူ့မျက်စိကလည်း နာရီကို တကြည့်ကြည့် ဖြစ်နေသည်။

တံခါးခေါက်သံ ကြားရသည်။ နှင်းပွင့်ကလေးပမာ လတ်ဆတ်ပျို့မျစ်သော မိန်းမပျိုလေးတဦး ဝင်လာသည်။

"နေကောင်းရဲ့နော်" အမျိုးသမီး ကလေးက စကားမရှိ စကားရှာကာ ပြောသည်။

"ကောင်းပါတယ်"

"ဗိုလ်မှူးကြီးကောင်း တော်တော်နဲ့ ပြန်လာမှာမဟုတ်ဖူး။ သူ့အတွက် မှာစရာကလေးတခု ပြောခဲ့လို့ရမလား"

"ရပါတယ်"

"စောင့်ရှောက်ရေးဂေဟာကိစ္စ ခေါင်းကြီးကို နက်ဖြန်ထဲချင် ထဲပါတော့လို့"

"ကောင်းပြီ"

"ကျေးဇူးတင်ပါတယ်။ သွားတော့မယ်နော်"

"နေပါအုံး၊ ဘယ်သူဘယ်ဝါက ပြောတယ်လို့ ပြောလိုက်ရမလဲ"

အမျိုးသမီးကလေးက ခပ်မြူးမြူးကလေး ရယ်လိုက်ပြီး သူ့ဘက် ပြန်လှည့်လာ၍ ကို အံ့အားသင့်နေလေသည်။ အမျိုးသမီးကလေးက သူ့ကို တမင်ချိုးသည်ဟု ထင်မိလိုက်သည်။

"ရှင် ကျမကို မမှတ်မိပြန်ဘူးလား။ ရှင့်ကို တွန်းလဲတဲ့ ခွေးကြီးရဲ့ ပိုင်ရှင်လေ။ ရှင့်အိမ်ရှင် မစ္စက်ပိန်တာရဲ့ တူမလေ။ ကျမနာမယ်က ရှားလော့ဝေလင်ပါ"

"ဝေလင်၊ ဝေလင်။ အော်၊ သိပြီ၊ သိပြီ။ ဟင်နရီဂျီဆာဖေကြောင့် ဥစ္စာပြုတ်တဲ့ ကောင်မလေးကို။ အင်း၊ အင်း၊ အင်း။ ဟုတ်ကဲ့။ မှတ်မိပါပြီ"

ကိုလေသံမှာ မလိုတမာသံပါနေ၍ ရှာလီက စကားကြွေးဆပ်သည့်အနေဖြင့် ပြုံးပြုံးကလေး ခေါင်းညိတ်ကာ

"ဝမ်းသာလိုက်တာရှင်" ဟု ပြောလိုက်လေ၏။

ရှာလီ၏ ငေါ့လုံးကလေးသည် သူခေါင်းထဲမဝင်။ ယူဇနာပေါင်းများစွာ ကွာသည့်နေရာသို့ ချော်ထွက်သွားသည်။ သို့သော် ရှာလီက ကို၏မှတ်ဉာဏ်ဟု ဆိုသော အလိုအလျောက် အညွှန်းကတ်ပြား စက်ခလုပ်ကို နှိပ်လိုက်မိ၏။ သူနှင့် မိန်းကလေး တွေ့ခဲ့ ဆုံခဲ့ သိခဲ့ ကြုံခဲ့ ရသမျှသည် အမှုတွဲပမာ မှတ်တမ်းအပြည့်အစုံနှင့်တကွ ပေါ်လာ၏။

"မနေ့ညက ကျွန်တော်အဖေဆီက စာတစောင် ထပ်ရတယ်"

ရှာလီက အခန်းထဲမှ ထွက်တော့မည့်ဆဲဆဲ ခြေလှမ်းပြင်နေရာမှ ပြန်လှည့်လာသည်။

"အော်၊ ဟုတ်လား"

"ဒါပေမယ့် ငွေ တပြားမှ မပါပါဘူး"

ရှာလီသည် အဖေမရှိတာထက် အဖြစ်ဆိုးနေသော ကိုအပေါ် အကြင်နာပိုမိသည့်အလျောက် အခန်းထဲသို့ ပြန်ဝင်လာပြီး

"သူ ဘယ်မှာနေသလဲဆိုတာ သိပီလား"

"မသိပါဘူး။ သူ ဘာအကြံရှိနေမှန်းလဲ စဉ်းစားလို့မရဘူး"

ကိုစိတ်ထဲတွင် အတွေးတခု ပေါ်လာသည်။ ဤလျှို့ဝှက်ချက်ကြီးအတွက် သူမှာ အချိန်ပေးစရာမရှိ။ သူ စာအုပ်နှင့် သားစဉ်မြေးညွှန့်က သူ့အချိန်ကို လုံးဝဥဿုံ ယူထားသည်။ ဤမိန်းကလေးသည် မြို့လည်းကျွမ်း၊ လူသိလည်းများ၊ အသိဉာဏ်လည်းထက်မြက်၊ လုပ်နိုင် ကိုင်နိုင်စွမ်းလည်းရှိသည်။ ဤမိန်းကလေးအား သူ့အဖေရှာပုံတော် တာဝန်ကြီးကို လွှဲအပ်ပေးထားရလျှင် လူသားတို့ကောင်းကျိုးအတွက် သူ့အချိန်ကို လုံးလုံးလျားလျား အသုံးပြုနိုင်တော့မည်။

"ကျွန်တော့်မှာ အချိန်ပိုကလေး နဲနဲရှိပါတယ်။ ခဏထိုင်ပါအုံး။ ကျွန်တော့်အဖေ လုပ်ပုံတွေကို ပြောပြချင်လို့ပါ" ကိုက နာရီကိုကြည့်ရင်း ပြောသည်။

မှောင်စပျိုးလာပြီဖြစ်၍ ကိုက လျှပ်စစ်မီး ထ၍ဖွင့်သည်။ ဖရိဖရဲ စုတ်စုတ်ချာချာ မပြောင်မယောင် အခန်းကလေး လင်းလင်းချင်းချင်း ဖြစ်လာသည်။

"ဒါက ပထမစာ။ အဲဒီစာကြောင့် နယူးယောက်မြို့က ဒီမြို့ကို ကျွန်တော် လာခဲ့တာ"

ရှာလီသည် လက်နှိပ်စက်ဖြင့် ရိုက်နှိပ်ထားသည့် စာကြောင်း လေးငါးခြောက်ကြောင်းကို တအံ့တသြ ဖတ်နေသည်။ စာမှာ . . .

> မင်းမှာ သားတယောက်အဖြစ် တွယ်တာစိတ် ရှိသည်ဆိုလျှင် နယူးယောက်က ချက်ချင်းခွာပြီး ဤမြို့တွင် နေထိုင်ရန် မင်းဖခင်က ပထမဆုံးအကြိမ် မေတ္တာရပ်ခြင်းဖြစ်ပါသည်။ ဤမေတ္တာရပ်ချက်သည် မင်းကို ဖခင်က ပထမဆုံးအကြိမ် မေတ္တာရပ်ခြင်း ဖြစ်ပါသည်။ မင်းငြင်းဆန်လျှင် နောက်ဆုံးအကြိမ် မေတ္တာရပ်ခြင်းသာ ဖြစ် လိမ့်မည်။ မင်းအတွက် ကျိန်းသေ အကျိုးများမည်ဖြစ်၍ မင်းသဘောတူရန် မင်းဖခင်က လေးလေးနက်နက် တိုက်တွန်းပါသည်။

"ဒါက အဲဒီစာ ထဲ့ပေးလိုက်တဲ့ စာအိတ်။ ဒါက ဒေါ်လာနှစ်ဆယ် ပါလာတဲ့ စာအိတ်။ ဒါက မနေ့ညက စာထဲ့တဲ့ စာအိတ်။ ဟိုစာအိတ် နှစ်အိတ်နဲ့ တပုံစံထဲ မဟုတ်လား။ ကြည့်စမ်း၊ မနေ့ညကလာတဲ့ စာက ဒါဘဲ။ ဖတ်ကြည့်စမ်းပါအုံး"

> မိတ်ဆွေ အပေါင်းအသင်း ရှာပါ။ လူအများနှင့် ဆက်ဆံရောနှောပါ။ လူအများကို ခင်မင်တတ်အောင် ကြိုးစားပါ။ ဤစာသည် မင်းဖခင်၏ လေးလေးနက်နက် ညွှန်ကြားချက် ဖြစ်ပါသည်။
>
> မင်းဖခင်

"ကိုဆိုတဲ့ စာလုံးတိုင်းမှာ ဝဆွဲလေးတွေ ပဲ့နေတာ တွေ့လား။ သေသေချာချာကြည့်စမ်း"

"သေချာတာပေါ့။ ဒီစာအားလုံး တနေရာထဲက လာတာဘဲ"

"ဒွိဟဖြစ်ဖို့ ဘာမှမလိုတော့ဘူး။ ဒီတော့ ခင်ဗျား ဘာအကြံပေးမလဲ"

"ရှင့်ကို တယောက်ယောက်ကများ မိုက်မိုက်ကန်းကန်း နောက်နေတာများလား"

"ဘယ်သူက နောက်မှာလဲ"

"ရှင် ဘယ်လိုထင်တယ်ဆိုတာကော ပြောပါအုံးလေ"

"ကျွန်တော်ထင်တာတော့ ကျွန်တော့်အဖေ တခုခုလုပ်ဖို့ ငွေလိုနေပီနဲ့ တူတာဘဲ"

"ဒီလိုတော့ မပြောကောင်းပါဘူးရှင်"

"ဘာဖြစ်လို့မပြောရမှာလဲ။ သူက ကျွန်တော့်ကို သားသမီးဝတ္တရားပြောရင် ကျွန်တော်ကလဲ မိဘဝတ္တရားကို ပြန်ပြောရမှာပေါ့။ နှစ်ဆယ့်လေးနှစ်လုံးလုံး အတွင်းမှာ ဘာ့ကြောင့် စုံထောက်ဝတ္ထုဆန်ဆန် စာနှစ်စောင်ထဲသာ ပေးဖော်ရတာလဲ"

ရှာလီက တခွန်းမျှ မဖြေ။ တကယ်တော့လည်း ကိုအဖေလုပ်ပုံမှာ ပဟေဠိဆံလှသည်ဟု တွေးမိ၏။

"သူ ကျွန်တော့်ကိုတွေ့ချင်ရင် ဒီနေ့ညလဲ လာတွေ့နိုင်တယ်။ ကျွန်တော်ဒီမြို့ရောက်တဲ့ လွန်ခဲ့တဲ့ သုံးလေးလကလဲ လာတွေ့နိုင်တယ်။ ဟို ငါးနှစ်ဆယ်နှစ် ကျွန်တော် နယူးယောက်မှာ နေတုန်းကလဲ လာတွေ့နိုင်တယ်။ ဒါပေမယ့် သူက ဒီစာနှစ်စောင်ဘဲရေးပြီး လျှို့ဝှက်ဇာတ်လမ်းကြီး လုပ်နေတယ်။ ကျွန်တော် စာရေးနိုင်အောင် အမွေပေးဘို့ ကတိပေးတယ် ဆိုရင်တော့ ရှာရဟုတ်သား။ ဒေါ်လာနှစ်ဆယ် တခါပို့ရုံနဲ့ အရေးကြီးတဲ့ အလုပ်ကို ရပ်ပီး အဖေရှာပုံတော် ဖွင့်ခိုင်းလို့တော့ ဘယ်ဖြစ်မလဲ။ အဲဒီ ဒေါ်လာနှစ်ဆယ်ကလဲ သူ့ဆီက တခါသာရဘူးတဲ့ အထောက်အပံ့ပါ" ကိုသည် ဗြုံးကနဲ စကားကိုဖြတ်ကာ "တခုတော့ရှိတာပေါ့လေ။ တင်မ်ဆီကို ငွေ့ပို့နေတာ သူဘဲနဲ့တူပါရဲ့"

"တင်မ်ဆိုတာ ဘယ်သူလဲ"

"တင်မ်ကွိုကို ပြောတာပါ"

"သူက ဘယ်သူလဲ၊ ပြောပါအုံး"

ကိုသည် ရှာလီကို ငိုင်ပြီးကြည့်နေသည်။ အသေးစိတ် ပြောပြဘို့ ထိုက်မထိုက် စဉ်းစားနေသည်။ အဖေရှာပုံတော်တွင် ကူညီခိုင်းမည်ဆိုလျှင် အခြေအနေအားလုံးကို သူသိထားမှဖြစ်မည်။ ဤအချိန်သည် အပြီးအပြတ် ပြောထားရမည့် အချိန်ဖြစ်သည်။

"တင်မ်က ကျွန်တော့် မိတ်ဆွေပုလိပ်ပါ။ ကျွန်တော် ဆယ့်လေးနှစ်သားအထိ သူနဲ့နေခဲ့တယ်။ ငယ်ငယ်တုန်းကတော့ သူ့ကို ကျွန်တော့်အဖေလို့ ထင်နေခဲ့တာ။ ဆယ်နှစ်သားလောက်ရောက်မှ ကျွန်တော့်ကို အဖေက မမွေးနိုင်လို့ သူတို့ဆီပေးထားမှန်း သိရတယ်။ ကျွန်တော် ငယ်ငယ်ကတဲက ကျောင်းမတက်ခဲ့ရဘူး။ ကိုယ့်စာကိုယ်သင်ရတာဘဲ။ ကျွန်တော် ဆယ့်လေးနှစ်သားမှာ တင်မ်က မိန်းမယူလိုက်တာနဲ့ ကျွန်တော် သူ့အိမ်မှာ မနေတော့ဘူး။ အဲဒီအချိန်ကျမှ တင်မ်ကပြောတယ်။ ကျွန်တော့်အဖေက လစဉ် ဒေါ်လာအစိတ် ထောက်ပံ့တယ်တဲ့။ ကျွန်တော့်ကို ဆယ့်ငါးဒေါ်လာပေးပြီး သူက ဆယ်ဒေါ်လာယူတယ်တဲ့။ နောက်ပိုင်းတော့ ဆယ်နှစ်လုံးလုံး တင်မ်က လတိုင်း ဆယ့်ငါးဒေါ်လာ လာပေးတယ်။ တစ်ခါတစ်လေ သူညီအလစ်သုတ်သမား မာဖီကို ခေါ်လာတတ်တယ်။ ပီးခဲ့တဲ့ ဆောင်းဦးတုန်းက အဲ့ဒီစာရတယ်။ ဒါနဲ့ ဒီကို ပြောင်းလာခဲ့တာဘဲ"

ရှာလီသည် ကို၏ ကိုယ်ရေးရာဇဝင်ကို စာစာနာနာ နားထောင်နေရာမှ

"ရှင်အခု အခြေကျနေပီဘဲ။ ဘာမှမလုပ်ဖူးလား"

"ဘာလုပ်စရာလိုသလဲ။ နောက်တလည့်က သူ့အလည့်ဘဲဟာ"

ရှာလီက မေးလက်ထောက်ကာ

"ကျမထင်မြင်ချက်ကို ပြောရမလား"

"ပြောပါလေ"

"ရှင့်အဖေက လူသိရှင်ကြား မနေဝံ့တာကော မဖြစ်နိုင်ဘူးလား"

"ဒီလိုဆို ဘာဖြစ်လို့ စာထဲထဲ့မရေးသလဲ"

"မသိဘူးလေ"

"နောက်တစ်ချက်က ရှင့်ကို စမ်းနေတာကော မဖြစ်နိုင်ဘူးလား"

"ဘာအတွက် စမ်းနေရမှာလဲ"

"ရှင့်ကို တွယ်တာတတ်တဲ့စိတ်ထားဘို့၊ မိတ်ဆွေအပေါင်းအသင်းရှာဘို့၊ လူတွေကို ချစ်ခင်ဘို့တွေ ပြောနေတာထောက်ရင် ရှင့်ကို မြှော်လင့်ထားလို့ ဖြစ်မှာပေါ့ရှင်။ ဘာမြှော်လင့်တယ်တော့ မသိဘူးပေါ့။ ရှင်က သူ့ကိုရှာရင် . . . "

"ရှာဘို့ဆိုတာကတော့ စကားထဲ ထည့်ပြောမနေပါနဲ့ဗျာ။ သူ့ရှာဘို့အချိန်ကို ကျွန်တော့်စာအုပ်အတွက် ပေးထားတဲ့အချိန်ထဲက ဖဲ့မယူနိုင်ပါဘူး"

"တနည်းတော့ ရှိသေးတာပေါ့"

"ဘာနည်းပါလိမ့်"

"တင်မ်ကွိဆီ သွားမေးပေါ့"

ကွိသည် ဖျော့တော့တော့ အပြုံးဖြင့်

"ခဲယဉ်းသားဘဲ။ တင်မ်ကတော့ သိတာပေါ့။ ကျွန်တော့်အဖေနဲ့အမေ လက်ထပ်ပွဲကို သူတက်ခဲ့တယ်။ ကျွန်တော့်အမေမသာလဲ သူလိုက်ပို့ခဲ့တယ်။ ဒါဘဲ။ ဘာမှ ပိုမပြောဘူး။ ကျွန်တော့်အဖေ သေသလား ရှင်သလား တောင် မပြောဘူး။ ကျိန်စာဆိုထားလို့တဲ့"

"ဒါပေမယ့် ဒီလိုငတ်တုတ်ထိုင်ပြီး . . . "

'ပြန်ဆုံဘို့ကိစ္စကို အဖေ့လွှဲထားလို့ မဖြစ်ဖူးလို့ ပြောချင်တာလား။ ကျွန်တော်ကတော့ လွှဲထားမှာဘဲ"

"သူ သူ။ ရှင့်အဖေ စိတ်ဆင်းရဲနေမှာပေါ့ရှင်"

"ဒီလိုဆိုလဲ ယောကျ်ားရင့်မကြီးဘဲ လာတွေ့လည့်ပေါ့။ သူဘာလိုချင်တယ်ဆိုတာ ပြောပေါ့။ ကျွန်တော်ကတော့ စာရေးတဲ့အလုပ်ကို ချမထားနိုင်ဘူး။ ခင်ဗျားသိထားရင် တော်ပါဗီ။ တနေ့ကျ ခင်ဗျားကို အကူအညီတောင်းရမှာ"

"စိတ်ချပါရှင်။ ဒီအကြောင်းတွေ ပြောပြတာလဲ ကျေးဇူးတင်ပါတယ်။ ကူညီနိုင်ရင် ကူဘို့ အသင့်ပါဘဲ"

"ကျွန်တော့်ခေါင်းကြီးတွေကို ဘယ်လိုထင်လဲ"

ကွိက စကားဖြတ်၍မေးသည်။

"ကျမတော့ တလုံးတပါဒမှ နားမလည်ပါဘူးရှင်"

ကွိသည် မြေးကလေး၏ ချီးမွမ်းသံကို ကြားရသည့်အဖိုးပမာ လက်ကို ရမ်းပြပြီး

"တွေးတဲ့ခေါ်တဲ့လူတွေ၊ ကျွမ်းကျင်သူတွေအတွက် ရေးတာဘဲ" ဟုပြောကာ ခဲတံကို ကောက်ကိုင်လိုက်လေသည်။

ရှာလီက အရိပ်သုံးပါးနားလည်သူပီပီ ထိုင်ရာမှ ထလိုက်သည်။ ကွိအပေါ် အသနားပိုသည်ထက် ပိုမိ၏။

"ရှင့်အတွက် ဘာအကူအညီပေးရပေးရ ကူညီပါရစေ။ ကျမရုံးက သတင်းစာတိုက်နဲ့ သုံးလမ်းလောက်ဘဲ ခြားပါတယ်။ ဟိုပန်းခြံထဲက အဆောက်အဦးဟာ ကျမတို့ရုံးဘဲရှင့်"

"ရုံး၊ ဟုတ်လား။ ခင်ဗျား အလုပ်လုပ်သလား"

"လုပ်ရတာပေါ့ရှင်"

"ဘာလုပ်တာလဲ။ ကျောင်းဆရာမလား။ မဟုတ်သေးပါဘူး။ ရုံးဆိုတော့ စာရေးလား။ စာရင်းကိုင်လား။ လက်ရေးတို လက်နှိပ်စက်စာရေးလား"

ရှာလီက လေးလေးပင်ပင်ကြီး ခေါင်းညိတ်ပြသည်။

"ရှင်ထင်တာ မလွဲဘူး။ ဟုတ်တယ်။ စာရေးလဲကျမဘဲ။ စာရင်းကိုင်လဲ ကျမဘဲ။ တရားဝင်ရာထူးကတော့ နဲနဲထယ်တယ်ရှင့်"

"ဘာတဲ့လဲ"

"ပြည်နယ်ကူညီစောင့်ရှောက်ရေးဌာန လက်ထောက်အတွင်းရေးမှူးလို့ ခေါ်တာဘဲ"

ကို အံ့သြသွားသည်။ သူမျက်နှာတွင် ဤမျှ အမူအရာ ပြောင်းနိုင်လိမ့်မည်ဟု ရှာလီ ဘယ်တုန်းကမျှ မထင်ခဲ့။

"ခင်ဗျားလား။ ခင်ဗျားလား။ ဒီလိုအလုပ်မျိုး ဘယ့်နဲ့လုပ် ရနေသလဲ"

"အကပ်ပေါ့ရှင်"

ရှာလီက အရွှန်းဖောက်လိုက်သည်။

"အတွင်းအရေးမှူးက ဘယ်သူလဲ"

"ကမ္ဘာပေါ်မှာ အတော်ဆုံးပုဂ္ဂိုလ်ပေါ့။ မစ္စတာဒိန်း၊ ဘုန်းတော်ကြီး ကျော့ဒိန်းလေရှင်"

"ဘုန်းကြီး၊ ဟုတ်လား။ သူ့အလုပ်ကော သူနားလည်ရဲ့လား။ သူက ကျွမ်းကျင်သူလား။ လူမှုကယ်ဆယ်ရေးပညာတွေ သင်ဘူးသလား။ ဝီလောက်ဘီ* က သူဖတ်ဖူးသတဲ့လား။ စမတ်သာတို့၊ ကိုနန့်** တို့ကိုရော သိသတဲ့လား"

"အာဂုံတောင် ဆောင်နိုင်သေး။ အဲဒီစာအုပ်တွေကို လှန်မကြည့်ဘဲ စာပိုဒ်လိုက်ရေးချနိုင်တယ်"

"ခင်ဗျားကကော"

"အဲဒီဆရာတွေရဲ့ သဘောတရားတွေကို ကြားဘူးနားဝ ရှိရုံလောက်ပါရှင်"

ကိုသည် ခဲတံကို ဟိုလှည့် ဒီလှည့် လုပ်ကာ

"လူမှုရေးသိပ္ပံပညာဆိုတာ ဘာလဲလို့ ခင်ဗျားကို ကျွန်တော် တစ်ခါက ရှင်းပြဘူးတယ်"

"မှတ်မိသားဘဲ"

"အဲဒီဆရာတွေက ထင်သလောက်မဟုတ်ဖူး။ အထူးသဖြင့် စမတ်သာက အတော်ချာတယ်။ ကျွန်တော့်စာအုပ်ထဲမှာ စမတ်သာဖျင်းပုံတွေ ဖွင့်ချမယ်"

---

*ဝီလောက်ဘီ၊ ဝီလျံဖရင်ကလင်(၁၈၇၆–)။ ။ အမေရိကန် စီးပွားရေးပါရဂူ။ ပရင့်စတန်တက္ကသိုလ်၏ ဥပဒေနှင့် နိုင်ငံရေး ဥပဒေ ပါမောက္ခ အလုပ်သမားများ၏ ဖူလုံရေးအာမခံ၊ ခေတ်သစ်နိုင်ငံများ၏ အစိုးရအဖွဲ့ အစည်း စသော စာအုပ်များကို ရေးသားခဲ့သည်။

**ကိုနန့်ချားလ်စ်အာသာ (၁၈၆၁–၁၉၁၅)။ ။ အမေရိကန် ဘောဂဗေဒ ပညာရှင်။ နယူးယောက်မြို့ ကုန်သွယ်မှုဂျာနယ်၊ စပရင်းဖီး ရီပတ်ဘလစ်ကန် သတင်းစာတို့တွင် ငွေကြေးလုပ်ငန်း၊ သတင်းထောက် လုပ်ခဲ့သည်။ ငွေးကြေးစနစ်ဆိုင်ရာ စာအုပ်စာတန်းပေါင်းများစွာကို ရေးသားခဲ့သည်။

"ကျမတို့ ဖတ်ပါ့မယ်ရှင်။ စိတ်ချပါ။ ခေတ်ပေါ်အယူအဆတွေကိုလဲ ကျမတို့က ရင်ဘောင်တန်းလိုက်နိုင်အောင် လေ့လာနေကြတာပါ"

"အင်း ဒီလိုတာဝန်မျိုးကို သိပ်ပွဲနည်းကျ ဗဟုသုတမရှိတဲ့ မိန်းကလေးလက်ထဲ ပေးထားတာ အတော် ထူးပေဆန်းပေတာဘဲ။ ခင်ဗျားတို့ဌာနက အတော် ခေတ်နောက်ကျနေသေးတာဘဲ"

"ဒါကတော့ ဖွင့်တာမှ လေးနှစ်ရှိသေးတာဘဲရှင့်။ နောက်တနှစ် နှစ်နှစ်ဆိုရင် အများကြီး တိုးတက်လာမှာပေါ့"

"ဒါကြောင့် ခင်ဗျားက စောင့်ရှောက်ရေးဂေဟာအကြောင်း ခေါင်းကြီးရေးစေချင်တာကိုး။ အမျိုးသမီးစောင့်ရှောက်ရေးဂေဟာဖွင့်ဖို့ တောင်းဆိုနေတာမဟုတ်လား"

"ဟုတ်ပါတယ်။ ကျမတို့က ဒေါ်လာတသိန်း တောင်းနေတာ။ မြေအတွက်က ခြောက်သောင်း၊ အဆောက်အဦးအတွက်က လေးသောင်းဆိုပါတော့ရှင့်။ ပီးတော့ နှစ်နှစ်လောက်ဆက်ပီး အထောက်အပံ့ပေးဘို့။ ဒါပေမယ့် ဒီလွတ်တော်ကတော့ ခြုံးတပြားမှ ကျမှာမဟုတ်ပါဘူး။ နောက်နှစ် ရွေးကောက်ပွဲပြီးလို့ လွှတ်တော်သစ် တက်တော့မှဘဲ ရမှာထင်ပါရဲ့ရှင်"

ကွိက မဟာဂရုဏာရှင်ကြီးပမာ

"ခင်းဗျား ကျွန်တော့်ကို ကူညီတယ်။ ဒီတော့ ခင်ဗျားတို့ကိစ္စကို ကျွန်တော်ကိုယ်တိုင် ခေါင်းကြီးရေးပေးမယ်"

ရှာလီ၏ပါးပြင်တွင် အားနာသွေးကလေး လွှမ်းသွားသည်။ စောင့်ရှောက်ရေးဂေဟာ ခေါင်းကြီးကို ကွိရေးလျှင် သိပ်ပွပညာအားဖြင့် ခြောက်ပစ်ကင်း သဲလဲစင်ဖြစ်မည်မှာ သေချာသော်လည်း ဖတ်မည့်သူ ရှိမည်မဟုတ်။ ဗိုလ်မှူးကြီးကောင်းသည် ဝီလောက်ဘီတို့၊ စမတ်သာတို့ကို ကြားဘူးနားဝပင်ရှိသူမဟုတ်။ သို့သော် သူရေးလျှင် လူဖတ်သည်။ နလပိန်းတုံးများပင် သူဘာဆိုလိုသည်ကို ဒင်းကနဲ ဒက်ကနဲ သိသည်။

"ကျမတို့ကို ကူမယ်ဆိုတာ ကျေးဇူးကြီးလှပါတယ်ရှင်။ ဒါပေမယ့် ရှင့်အချိန်ကို . . ."

"မထိပါဘူး။ ပြီးတော့ အခွန်စနစ်အကြောင်း ရေးနေတာကြာပီ။ လူထုပြန်ပီး သုံးသပ်ချင့်ချိန်နိုင်အောင် အသက်ရှူချိန်လေးပေးဘို့ စီစဉ်ထားတယ်။ ဒီတော့ သုံးလေးရက်တော့ တခြားအကြောင်းတွေ ရေးမလို့ စိတ်ကူးတယ်။ နက်ဖြန်ခါ ဘာဗေးရီးယားနယ်* ရဲ့ စက်မှုလုပ်ငန်း ပြဿနာအကြောင်း ရေးမယ်။ သဘက်ခါကျတော့ . . ."

"ဒီလို ကူဖော်ရတာ ကျမတို့ သိပ်လေးစားပါတယ်ရှင်။ ဒါပေမယ့် ဒီကိစ္စမှာ တိုလီမုတ်စ အချက်အလက်တွေက အများကြီး ရှိနေသေးတယ်။ ပီးတော့ ကျမတို့ဌာနရဲ့ နောက်ကြောင်းရာဇဝင်ကလဲ ထဲ့ပြောရအုံးမှာ။ ကျမ ဗိုလ်မှူးကြီးကောင်းကို ခရေစေ့တွင်းကျ ပြောထားပီးသား ဆိုတော့ . . ."

"ဟော ဗိုလ်မှူးကြီးကောင်းလာပြီ"

ရှာလီသည် သက်ပြင်းကြီးတချက် ချလိုက်မိလေ၏။ ကွိသည် သူ့ဘက်က ရေးကြီးသုတ်ပျာ လက်လှမ်းချက်ကို ရှာလီက လက်မခံ၍ တော်သေးရဲ့ဟု ရင်ပေါ့သွားသော်လည်း လျှာချောင်မိသည့်အတွက် ၁၈ မိနစ်မျှ အချိန်ကုန်သွားရခြင်းကို နှမြောမိဖြစ်ကာ ရှာလီက သွားတော့မယ်ဟု နှုတ်ဆက်သည်ကိုပင် မကြားလိုက်မိတော့ချေ။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

*ဂျာမနီပြည် အနောက်တောင်ပိုင်းပြည်နယ်။ မြို့တော်မှာ မြူးနစ်မြို့ဖြစ်သည်။

ရှာလီသည် ကြယ်ကလေးများ ထွက်ပြူစ ညအေးအေးတွင် လေးလမ်းကျော်ရှိ နေအိမ်သို့ ပြန်လျှောက်လာသည်။ သူ့စိတ်ထဲတွင် ကိုအဖေသည် ဝရမ်းပြေးကြီး ဖြစ်လေမလား ငယ်ငယ်ရွယ်ရွယ် မိုက်ဖော် ဆိုးဖက် လိုနေ၍ နှစပေါင်းများစွာ ပစ်ထားသော သားကို သွေးတိုးစမ်းနေခြင်း ဖြစ်လေမလားဟူသော စိုးရွံ့စိတ်ကလေး ပေါ်မိလေ၏။

(၇)

ဘာဗေးရီးယားပြည်နယ်၏ စက်မှုလုပ်ငန်း ပြဿနာသည် ခလုတ်မထိ ဆူးမငြိ ခေါင်းကြီးတစ်ခုသာ ဖြစ်ဖွယ်ရှိသည်။ သို့သော် ကံကြမ္မာဟူသည် ဖယ်ရှောင်း၍ ရစကောင်းသောအရာ မဟုတ်ချေတကား။

ကိုသည် ပိုစ့်သတင်းစာမှ သူ့ခေါင်းကြီးများကို ပုံနှိပ်ပြီးသည့်နောက်ပိုင်းတွင် ပြန်ဖတ်လေ့မရှိ။

ကြမ္မာဖန်ချင်တော့ ထိုနေ့က နှင်းကျ၍ ကိုဓာတ်ရထားစီးသည်။ လူကြပ်လွန်း၍ နောက်တစီးကျမှ တက်ရန် ကြံပြီးမှ တစုံတယောက်က တနေရာစာပေး၍ တက်စီးမိသည်။ ထိုဓာတ်ရထားကိုသာ မစီးမိလျှင် ပိုစ့်သတင်းစာ စာစီဆရာတို့၏ လက်ချက်ကို သူကြားမည်မဟုတ်။ မကြားလျှင် သူ့ဘဝလမ်းကြောင်းသည် တမျိုးတဖုံး ဖြစ်ဖို့ မရှိ။

သူထိုင်းခုံရှေ့မှ လူနှစ်ယောက်သည် ပိုစ့်သတင်းစာ ခေါင်းကြီးကိုဖတ်ကာ တဟားဟား အူတက်နေကြသည်။

“ ‘ရှည်လျားစွာ စီတန်းလှည့်လည်သော ခွေးသန်း ဆန္ဒပြပွဲကြီးသည် လွတ်တော်ကို အပြတ်ကိုက်လျက် ရှိလေသည်’ တဲ့။ ဟား ဟား ဟား”

ကိုသည် ပွဲကျနေသူနှစ်ဦး၏ လက်ထဲမှ သတင်းစာကို အတင်းခေါင်းလျှိုဖတ်သည်။ သတင်းစာ ကိုင်ထားသူက ငြူငြူစူစူ လှည့်ကြည့်နေသော်လည်း သူဂရုမထား။ ဟုတ်ပါပြီ။ သူတို့ပွဲကျနေသည်မှာ သူရေးသော ခေါင်းကြီး။ သူရေးခဲ့သည်မှာ ‘ရှည်လျားစွာ စီတန်းလှည့်လည်သော သွေးစမ်းဆန္ဒပြပွဲကြီးသည် လွတ်တော်ကို အကြပ်ကိုင်လျက် ရှိလေသည်’ ဟူ၍ဖြစ်သည်။ စာစီဆရာတို့က ‘သွေးစမ်း’ ဆိုသောစကားလုံးကို ‘ခွေးသန်း’ ဖြစ်အောင် လုပ်သည်။ သူ့ခေါင်းကြီးတွင် အော်ဂလီဆန်စရာကောင်းသော၊ မသတီစရာကောင်းသော ခွေးသန်း ဝင်မွှေနေသည်။

ကိုသည် ပိုစ့်သတင်းစာမှ သူ့စာများကို အမှုထားလှသည်မဟုတ်။ သို့သော် သူဦးနှောက်က မွေးထုတ်လိုက်သည့် စာသား စာမြေး ကလေးများအပေါ် မည်မျှပင် သေးနုပ်သိမ်ငယ်သည်ဖြစ်စေ ကိုယ့်ရင်သွေးပမာ ကြင်နာယုယစိတ် မွေးသည်။ လူကိုစော်ကားတာ ခံနိုင်သည်။ စာကို အတို့အဆိတ်မခံနိုင်။ ကို သွေးဆုတ်သလို ဖြူဖတ်ဖြူယော် ဖြစ်လာသည်။ ခေါင်းထဲတွင်လည်း သွေးတဒိန်းဒိန်း ဆောင့်လျက်ရှိသည်။ သူနှင့် သူ့စာကို ဓာတ်ရထားပေါ်မှ တေလေဂျိုးများ၏ လှောင်ဖတ်ပြောင်ဖတ်ဖြစ်အောင် လုပ်သည့် စာစီဆရာ၊ စာပြင်ဆရာ ရာဇဝတ်ကောင်များစွာထံမှ သိက္ခာလျှော်ကြေး တောင်းရပေတော့မည်။

စာလုံး အမှားအယွင်းများအတွက် တာဝန်ရှိသော စာပြင်ဆရာချုပ် မစ္စတာပက်က ၆ နာရီခွဲမှ အလုပ်ဝင်မည်။ ကိုသည် အချိန်တနာရီ စောနေသေး၍ နက်ဖြတ်အတွက် ခေါင်းကြီးတပုဒ်ရေးပြီး ဗိုလ်မှူးကြီးကောင်းလက်သို့ ထည့်လိုက်လေသည်။

ကိုသည် စက်သံတဂျုံးဂျုံး ဆူနေသော အပေါ်ထပ်သို့တက်သွားသည်။ ဘလောက်ခန်းမှ အက်စစ်ရဲမီးနုံက စူးစူးဝါးဝါး နံနေသည်။

“ပက်ဆိုတာ ဘယ်သူလဲ”

မင်အလိမ်းလိမ်း ပေကျံနေသော စက်ဆရာလေးက ရှည်ရှည်ကိုင်းကိုင်း နှုတ်ခမ်းမွေးနှင့် လူတယောက်ကို လက်ညှိုးထိုးပြသည်။

"စာပြင်ဆရာချုပ် မစ္စတာပက်ဆိုတာ ခင်ဗျားလား"

"ကျုပ်ဘဲ" ပက်သည် တဖက်ကလာသည့် လေသံမာမာကို နဂါမျက်စောင်းဖြင့် ပြန်ဖြေသည်။

"ကျုပ်ခေါင်းကြီးကို လူရီစရာဖြစ်အောင်လုပ်ပြီး ကျုပ်ကို ဘာဖြစ်လို့ အရှက်ခွဲရတာလဲ"

"နေစမ်းပါဦးဗျ။ ခင်ဗျားက ဘာမို့လဲ။ ပြောစမ်းပါအုံး"

"ဒီသတင်းစာမှာ အထူးခေါင်းကြီးရေးတဲ့ ကွိဆိုတာ ကျုပ်ဘဲ။ ဒီမှာ ကြည့်စမ်း"

ကွိသည် ခဲတံပြာဖြင့် မျဉ်းထူထူတားထားသည့် သတင်းစာမှ အမှားကို ထိုးပြလိုက်သည်။

"ဘာပြုလို့ ကျုပ်စာကို မှားအောင်လုပ်ရတာလဲ။ ဘာပြုလို့ ကျုပ်စာထဲမှာ အယုတ်တမာ ခွေးသန်းကို ထဲ့ရတာလဲ"

မစ္စတာပက် ဒေါသူပုန် ထလာသည်။ ယခုရက်ပိုင်းအတွင်း စာလုံးအမှားအယွင်းများကြောင်း မကြာခဏ အဆူအပွက် ခံနေရ၍ သူ စိတ်အချဉ်ပေါက်နေသည်။ အထိမခံ ကြွေပန်းကန် ဖြစ်နေသည်။

"ဒီလိုပြောလို့တော့ ဘာရမလဲ။ ခြောက်ပြစ်ကင်းမှန်ချင်လို့ ဖြစ်နိုင်ပါ့မလား။ တနေ့ကို ကော်လံရှစ်ဆယ် ပြင်နေရတာဗျ။ မျက်စိရှန်းတာကလေး ဘာလေး . . . "

"ကျုပ်ခေါင်းကြီးမှာတော့ မျက်စိကိုမရှန်းရဘူး။ ရှန်းတဲ့လူကို ဆုံးမရမှာဘဲ"

"ဘာ။ ဘာ။ ပြန်ပြောစမ်း"

"ခင်ဗျားထလိုက်။ လိမ့်ကို ကန်ပစ်မယ်"

အခြားလူသာဆိုလျှင် 'သွားတော့ဗျာ။ ခင်ဗျား သွားရင် ကောင်းမယ်' ဟုပြောပြီး ရယ်နေလိုက်ရုံသာရှိမည်။ သို့သော် ပက်ကမူ ကြက်ခေါင်းဆိတ်ခံသူမဟုတ်။ ပြီးတော့ သူ့ပိုင်နက်တွင် သူ့ကိုလာ၍ စော်ကားမော်ကာ လုပ်သည်ကို မခံနိုင်။ သူသည် မျက်နှာကြီးနီလာကာ ညာလက်သီးတချက် စွပ်ထိုးပစ်လိုက်လေ၏။

ကွိသည် လက်သီးစာလှလှကြီး မိသွား၍ ဒုံးကနဲမြည်အောင် လဲကျသွား၏။ အောက်နှစ်ထပ်မှ စာစီဆရာများကပင် ဘယ်သူများ လဲသေပါလိမ့်၊ လူနာတင်ကားဘဲ ခေါ်ရမလား၊ မသာကားဘဲ ခေါ်ရမလားဟု တွေးကာ အပေါ်ထပ်သို့ ပြေးတက်လာကြသည်။

အယ်ဒီတာကလေးသည် ယောင်တီးယောင်တာ မျက်နှာထားဖြင့် ပြန်ထလာသည်။

မစ္စတာပက်က

"သွားဗျာ။ သွားတော့" ဟု ပြောသည်။ ကွိသည် မစ္စတာပက်အနီး၌ လာရပ်ပြီး စိုက်ကြည့်နေသည်။

"သွားလေဗျာ။ နောက်ထပ် ဂြိုဟ်ကျမနေနဲ့တော့"

အယ်ဒီတာကလေးသည် ခြေပစ်လက်ပစ်ကြီးရပ်ကာ ပက်ကို တထူးတဆန်း ကြည့်မြဲ ကြည့်နေသည်။

ပက်သည် မိမိကို ဖက်ပြိုင်နိုင်စွမ်း မရှိသူကို အရမ်းကာရော လုပ်မိခြင်းအတွက် ရှက်တက်တက်ဖြစ်ကာ

"မစ္စတာကွို၊ သွားပါတော့ဗျာ။ ခင်ဗျားကို ထိုးမိတာ ဝမ်းနည်းပါတယ်။ ခင်ဗျားက မစရင် ဒီလိုဖြစ်မှာ မဟုတ်ပါဘူး" ဟု ပြောလိုက်လေသည်။

ကွိအဖို့ကား အသစ်ကျပ်ချွတ်အတွေးထဲတွင် နစ်နေသည်။ မစ္စတာပက်ကို သူမထိုးနိုင်။ ဘယ်သူ့ကိုမှလည်း သူမထိုးနိုင်။ သူ့ခေါင်းကြီးများကို တလောကလုံးက စော်ကားချင်တိုင်း စော်ကားနိုင်တော့မည်။ နဘယံ ဘေးမရှိ အကြောင်းကား ခေါင်းကြီးများ၏ မွေးသဖခင်သည် ကိုယ်ခံပညာ အစွမ်းအစ လုံးဝမရှိခြင်းကြောင့်ပေတည်း။

ဤရန်ပွဲသည် သူတစ်သက်တွင် ပထမဆုံး ဖြစ်သည်။ သူခေါင်းထဲတွင် မကောင်းဆိုးရွားစိတ်က မစ္စတာပက်ကို တွေ့ရာနှင့် ကောက်ရိုက်ပစ်ရန် သွေးထိုးနေ၏။ နှိုင်းနှိုင်းချိန်ချိန် သုခမိန်စိတ်ကမူ ရန်ပွားသလောက် နောက်ထပ် အရှက်ကွဲလိမ့်မည့်အရေးကို သတိပေးနေ၏။

စိတ်ညံ့ စိတ်မြတ် လွန်ပွဲသည် ကြောက်ခမန်းလိလိ ပြင်းထန်လှ၍ သူနဖူးတွင် ချွေးသီးချွေးပေါက်များ တလိမ့်လိမ့်ယိုစီးကျနေ၏။ သူသည် ဆင်ခြင်တုံတရား ကြီးမားလှသည်ဆိုသော သူတကာတို့ထက် ပို၍ ဆင်ခြင်တုံတရား ကြီးမားသူဖြစ်၍ သူ့ ဆင်ခြင်တုံတရားက မကောင်းဆိုးရွားစိတ်ကို အပေါ်စီးရသွားလေ၏။

"ခင်ဗျားကို ကျွန်တော် လှိမ့်ကန်မယ်လို့ ပြောမိတယ်။ စကားတည်အောင် လုပ်နိုင်တဲ့အစွမ်း မရှိလို့ အဲဒီ စကားကို ရုပ်သိမ်းပါတယ်"

"ခင်ဗျား ဘယ်ကန်နိုင်ပါ့မလဲ။ ကျုပ်ကရော ခေါင်းငုံ့ခံနေမတဲ့လား"

"ကျွန်တော်ကတော့ တကယ်ကန်ချင်တာဘဲ။ ဒါပေမယ့် ခုတော့ ကန်နိုင်တဲ့အား မရှိသေးဘူး"

"တော်တော့ဗျာ။ ခင်ဗျားက ဘာလုပ်အုံးမှာမို့လဲ"

"ခင်ဗျားကို လှိမ့်ကန်နိုင်ဘို့လို့ တနှစ်ကြိုးစားရရင် ကြိုးစားရမယ်။ ငါးနှစ်ကြိုးစားရရင် ကြိုးစားရမယ်။ ဒါပေမယ့် ဒီလောက်အချိန်ဖြုန်းဘို့ တန်တဲ့အလုပ်မဟုတ်ဖူး။ နောင်ကို ကျွန်တော့်ခေါင်းကြီးတွေထဲမှာ အော်ဂလီဆန်စရာ ခွေးသန်းတွေ မထဲ့ပါနဲ့"

ကွိသည် မျက်နှာသေဖြင့် ထွက်သွားသည်။ မစ္စတာပက်သည် စာစီဆရာများနှင့် ဒေါတလုံး မောတလုံး ပြော၍ ကျန်ခဲ့သည်။

"ခေါင်းကောင်းတဲ့လူ မဟုတ်ပါဘူးကွာ။ သူရေးနေတဲ့ အရူးချီးပန်း အခွန်စနစ် ခေါင်းကြီးတွေကိုသာ ကြည့်ပေတော့"

မစ္စတာပက်သည် လေလံကြော်ငြာကအစ ပို့စ်သတင်းစာတွင် ပါသမျှစာမူများကို ဖတ်ရသည့် တပတ် ၂၇ ဒေါ်လာရသော စာပြင်ဆရာဖြစ်၍ ကွိ၏ ခေါင်းကြီး စာဖတ်ပရိတ်သတ်တဦးလည်း ဖြစ်နေရလေသည်။

ကွိ ဓာတ်လှေကားဖြင့် ဆင်းလာစဉ် ဓာတ်လှေကားထဲတွင် အရပ် ထောင်ထောင်မောင်းမောင်း လူငယ်တဦးကို တွေ့ရ၏။

"ဟလို ဒေါက်" ထိုလူငယ်က ကွိကို ဒေါက်တာဟု မခေါ်ဘဲ ဒေါက်ဟု အတိုကောက်ခေါ်သည်။

"နေကောင်းရဲ့နော် မစ္စတာကလင်ကာ"

"မာကြူရီ ကစားရုံမှာ လက်ဝှေ့ပွဲကလေးတစ်ခု လုပ်မလို့။ ခင်ဗျားတို့ အားကစား အယ်ဒီတာကြီးနဲ့ လာတွေ့တာပါ"

ကလင်ကာက ကွိကို စေ့စေ့ကြည့်ပြီး

"အိမ်ပြန်တော့မှာလား" ဟု မေးသည်။

"အင်း"

"လမ်းလျှောက်ပြန်မယ်မှုတ်လား။ ကျွန်တော်လဲလိုက်မယ်"

လမ်းပေါ်သို့ ရောက်သောအခါ ကလင်ကာက ကြင်နာစွာဖြင့်

"ခင်ဗျားကြည့်ရတာ ပိုးဟတ်ဖြူကျနေတာဘဲဗျာ" ဟု ပြောလေ၏။

"နေကောင်းပါတယ်။ အသားရောင်ကတော့ တစ်သက်လုံး ဒီလိုပါဘဲ"

"ဝမ်းနာခေါင်းကိုက်ကော မဖြစ်ဖူးလား"

"ခေါင်းတော့ တခါတလေကိုက်တယ်။ ဒါပေမယ့် ရေးကြီးခွင်ကျယ် လုပ်မနေတော့ပါဘူးဗျာ"

"လုပ်ရမယ်ဗျ။ ခေါင်းကိုက်တယ်ဆိုတာ ကိုယ်ထဲမှာ ချွတ်ယွင်းလာတာကို ခေါင်းခေါက်ပြောတာဘဲ။ ညစာစားတိုင်း ခင်ဗျားကို ကျွန်တော်ကြည့်နေတာ။ ခင်ဗျား မနက်တိုင်း အိပ်ရာကထရင် ဧီးသီးမီးဖုတ်ထားသလို ရှုံ့တွတွကြီး ဖြစ်မနေဘူးလား"

"ဖြစ်ချင်လဲ ဖြစ်မှာပေါ့။ ကျွန်တော်က ဧီးသီးမဟုတ်တော့ ဘယ်သိမလဲ။ ဒါပေမယ့် အရေးမကြီးလှပါဘူး"

"ကိုယ့်ကိုကိုယ် လိမ်မနေနဲ့ဗျို့။ ခင်ဗျားကို ဘာဒုက္ခပေးနေသလဲဆိုတာ ကျွန်တော်ပြောမယ်"

ဆိုစမ်းပါအုံး"

"ကိုယ်လက်လှုပ်ရှားမှု လိုနေတာပေါ့ဗျ"

ကိုသည် ကလင်ကာ၏ အသားအရည် စိုစိုပြေပြေ၊ အရပ်ခြောက်ပေ ခန္ဓာကိုယ် အတွဘောကြီးကိုမနာလို တိုရှည် ဖြစ်နေမိသည်။ ဒီလိုလူကို ဘယ်သူ စော်ကားရဲ့မှာလဲ။

"ကျွန်တော့်နေရာ ခဏလေး ဝင်ကြည့်စမ်းဗျာ။ ပြစရာရှိလို့ပါ။ ကျွန်တော်က စတပ်ဆိုင် မန်နေဂျာနေဗျာ။ ဆေးလိပ်တို့၊ ဘိလပ်ရည်တို့၊ စာနယ်ဇင်းတို့ ရောင်းတယ်။ ကျွန်တော်ဆိုင်မှာ အားကစားသမားတွေ၊ နိုင်ငံရေးသမားတွေ၊ မြို့လုံးပတ်လည်သမားတွေလဲ စတည်းချတယ်"

"ဒီနေ့ညနေတော့ အချိန်မရှိဘူးဗျာ။ နောက်များမှဘဲ"

"ဘာအချိန်လဲဗျာ။ မဝေးပါဘူး၊ ညစာမစားခင် ခင်ဗျား စာရေးစရာ မရှိပါဘူး"

သူတို့နှစ်ယောက် စတပ်ဆိုင်ထဲသို့ ဝင်လာကြသည်။ ကိုသည် ကလင်ကာမှာပေးသော ဖျော်ရည်တခွက်ကို သောက်သည်။

"အားကစားရုံဆိုတာ မြင်ဘူးရဲ့လား"

ကိုက မမြင်ဘူးကြောင်း ဝန်ခံသည်။

"ဒီဆိုင်နောက်မှာရှိတယ်ဒေါက်။ ခင်ဗျား ဒီနေ့ အတော်အထိနာလာတယ်နဲ့တူတယ်"

"ခင်ဗျား ဘယ်လိုလုပ်သိသလဲ"

"ခင်ဗျားမျက်လုံးက သက်သေခံနေလို့ပေါ့ဗျ။ နက်ဖြန်ဆိုရင် လှလှကြီး ဖူးထနေမှာဗျို့"

"အရေးမကြီးပါဘူးဗျာ"

"ခင်ဗျားက စိတ်ဘဲအရေးကြီးတယ်၊ ရုပ်အရေးမကြီးဘူးလို့ ထင်နေတာကိုး။ အဲဒါ ခင်ဗျား မှားနေတာဘဲ။ ခင်ဗျားစိတ်ကို သယ်နေတာက ခင်ဗျား ရုပ်ဗျ။ ရုပ်ကြီး ဘုံးဘုံးလဲရင် ဘာဖြစ်မလဲ"

"ဘယ်တော့ အလဲခံမလဲဗျ။ ကျွန်တော့် ကျမ်းမာရေးက ကောင်းပါတယ်"

"တော်စမ်းပါ။ ကျွန်တော်က မမြင်တာမှ မဟုတ်ဘဲဟာ။ ခင်ဗျားဟာက အလုပ်ဖိလုပ်ပီး ကိုယ့်ကိုယ်ကို သေကြောင်းကြံနေတာဗျ။ သိလား"

"ကျွန်တော် ဒီလိုလုပ်လာတာ ဆယ့်နှစ်နှစ်ကျော်ပီ"

"အဲဒါမျိုးပေါ့၊ တခါဖြစ် တခါသေဆိုတာ။ ခင်ဗျားကိုယ် မြေကြီးထဲရောက်သွားရင် စိတ်တို့ စာတို့ဆိုတာတွေ ဘယ်ရောက်ကုန်မလဲ"

ကိုသည် ဘာမျှ ပြန်မဖြေတော့ဘဲ ပြန်ရန် ဟန်ပြင်ပြီး

"ဖျော်ရည်တိုက်တာ ကျေးဇူးတင်ပါတယ်။ ဖျော်ရည်က တော်တော်ထူးသားနော်"

"ဟေး ဒေါက်။ ခေါင်းကိုက် ပျောက်သွားပီ မှတ်လား"

"တစက်မှ မကိုက်တော့ဘူး။ အဲဒီဆေးနာမယ်ပြောစမ်းပါဗျာ။ စာတန်းတစောင်လောက် ရေးချင်လို့"

"နစ် . . ."

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net
မြန်မာ့မျှားနတ်မောင်

"နစ်၊ ဟုတ်လား။ နစ်တော့ မကြားဖူးဘူး။ နပ်* ဘဲကြားဘူးတယ်"

မှတ်စု စာအုပ်ထဲတွင် နစ်အကြောင်း ရေးမှတ်ရန် ဟန်ပြင်နေသည့် ကိုကို ကလင်ကာက . . .

"နေပါအုံး၊ နစ်ဆိုတာ နတ္တိ၊ ဘာမှ မဟုတ်ဖူးလို့ ပြောတာ။ ဒါသောက်ရုံနဲ့ မထူးပါဘူး။ ခင်ဗျားပြန်လာခဲ့။ ခင်ဗျားအတွက် တကယ့်ဆေးကို ကျွန်တော်ပြောပြမယ်"

"အင်း၊ အဲ"

"ခင်ဗျားနာရီကြီး ထုတ်ပြမနေစမ်းပါနဲ့ဗျာ။ ခင်ဗျား အဲဒါ ခက်နေတာဘဲ"

---

*ခပေါင်းပင်မျိုး အဆိပ်ဖြစ်စေတတ်သည်။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

ကိုသည် ကလင်ကာ၏ သူ့ကိစ္စ သူပိုင်နိုင်ပုံကို သဘောကျသွားသည်။ နှစ်ဦးသား ဆိုင်နောက်ဖေးသို့ မှောင်ထဲမဲထဲ စမ်းလျှောက်လာကြသည်။ ကလင်ကာက ဓာတ်ငွေ့မီးကို ညှိလိုက်သည်။

"မာကြူရီ အားကစားကလပ် ခန်းမဆိုတာ ဒါဘဲ"

ကို အမြင်တွင် အားလုံး ဆန်းနေသည်။ ဒိုင်ဗင်မွေ့ယာကြီးကို ညစောင့်အိပ်သည့် မွေ့ယာဟု သူထင်မိသည်။

ကလင်ကာက

"ဒေါက်။ ဒါတွေဟာ ခင်ဗျားရဲ့ ဩသဓ ဆေးကြီးဘဲ"

"ခင်ဗျား ဘာပြောချင်တာလဲ"

"ကျွန်တော် ပြောချင်တာက ခင်ဗျား နေ့တိုင်း အချိန်မှန် အစာစားသလို နေ့တိုင်း အချိန်မှန် ဒီကိုလာပြီး တနေ့နာရီဝက် တနာရီ ပင်ပင်ပန်းပန်း အလုပ်လုပ်ဖို့ဘဲ"

"ခင်ဗျားနည်းက အကျိုးရှိနိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော့်စာအုပ်ရဲ့ အချိန်ကို ဖဲ့ထုတ်လို့ မဖြစ်ဖူး"

ကိုသည် ပျားတုပ်ခံရသူပမာ နေမထိ ထိုင်မသာနှင့် ချောင်းတချက်ဟန့်ရင်း ပြောသည်။

"အဲဒါ ခင်ဗျားမှားတာဘဲ။ ဒီအတိုင်းဆိုရင် ခင်ဗျား စာအုပ်ပြီးအောင် ရေးဘို့ သက်ဆိုးရှည်မှာ မဟုတ်ဖူး။ ခင်ဗျားလုပ်နေပုံ ပြန်စဉ်းစားပါအုံး။ အမြဲအခန်းအောင်း၊ တကုပ်ကုပ်ထိုင်၊ တနေ့ နာရီနှစ်ဆယ်လုပ်"

ကို ငြိမ်နေ၏။ ကလင်ကာ၏ လျှောက်လဲချက်သည် သူ့ဆင်ခြင်တုံတရားကို အသနားခံလျက် ရှိသည်။

"ခင်ဗျားကို ကျွန်တော် ကတိပေးလိုက်မယ်။ တနေ့ တနာရီသာ ကိုယ်လက်လှုပ်ရှား။ ခင်ဗျား ခါတိုင်း ထက်လဲ အလုပ်ပိုလုပ်နိုင်မယ်။ ဒင်ပြည့်ကျပ်ပြည့်လဲ နေကောင်းထိုင်သာ ရှိမယ်"

ကိုက ငြိမ်မြဲ။ တနေ့ တနာရီကြီးများတောင်။

"ကဲ၊ တလစမ်းဗျာ။ နောင်ဆိုရင် ဒေါ်လာတရာပေးတောင် ခင်ဗျား မလာဘဲ မနေနိုင်တော့ဘူး။ ကျွန်တော် လောင်းဝံ့တယ်"

သူ့စာအုပ်ကြီးမှ နာရီ ၃၀ နှုတ်ရတော့မည်။ ယခင်ကဆိုလျှင် ဤစကာမျိုးကို သူနားက လက်သင့်ခံမည် မဟုတ်။ ယခုတော့ ကာယဗလဘက်တွင် သူပေမမီ ဒေါက်မမီ ဖြစ်နေသည်ဆိုသော အသိက ရှိနေသည်။ လွန်ခဲ့သည့် ၁၀ နှစ်ကသာ သူ စနစ်တကျ ကျန်းမာရေး လေ့ကျင့်ခဲ့လျှင် ယနေ့ စာပြင်ဆရာ မစ္စတာပက်ကို တချက်တည်းနှင့် အလဲထိုးနိုင်ကောင်း ထိုးနိုင်ခဲ့မည်။

"ကောင်းပီဗျာ။ တနေ့ တနာရီ တလစမ်းမယ်"

မြန်မာ့မျှားနတ်မောင်

"ကောင်းပါလေဗျာ။ ခင်ဗျား နောင်တ မရစေရပါဘူး။ စိတ်သာချ"

မိုးရွာရွာ နေပူပူ အလုပ်သွား အလုပ်ပြန် လမ်းလျှောက်တာအပြင် နေ့တိုင်း လေဟာပြင်တွင် တနေ့နာရီဝက် လမ်းမြန်မြန် လျှောက်ရမည်။ ညနေ ၆ နာရီတွင် အားကစားရုံသို့ လာပြီး နာရီဝက် အပြင်းအထန် လေ့ကျင့်ရမည်။ ဤသံမဏိ စည်းကမ်းကြီးအတိုင်း နက်ဖြန်မှစ၍ ကိုလုပ်ရတော့မည်။

"ခင်ဗျားကို ပထဆုံး သင်ရမယ့် သင်ခန်းစာက ကစားဖော်ချင်းကို မစ္စတာ တပ်မခေါ်ရဘူး"

"ကောင်းပါဗိ ဝီလျံ"

"အားလုံးက ခေါ်သလို ဘတ်လို့သာ ခေါ်ဗျာ"

ရေခဲနေသော လမ်းပေါ်တွင် နှစ်ယောက်သား လျှောက်၍ အိမ်သို့ ပြန်လာကြသည်။ ကိုက မထုံတက်တေး လုပ်နေသည်။ ကလင်ကာနှင့် စကားလက်ဆုံ ကျမိသည့်အတွက် သူ့ကိုယ်သူ မကျေမချမ်း ဖြစ်နေမိလေသည်။ ကလင်ကာကမူ သူ့တပည့်ကျော် အသစ်စက်စက်ကလေးအား ကိုယ်လက်လှုပ်ရှားမှု မရှိ၊ လေ့ကျင့်ခန်းမယူဘဲ နေ့မအား ညမအား အလုပ်လုပ်နေသူများ အကြောင်းကို တဖောင်ဖောင် ပြောလာသည်။ ထိုပုဂ္ဂိုလ်များ၏ သင်းချိုင်းမြေပုံကို ကြည့်ချင်လျှင် တနေ့ကျမှ ပြဦးမည်ဟုပင် လိုလိုလားလား စကားကမ်းလှမ်းလိုက်သေးသည်။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

(၈)

ကိုသည် ငြိမ်ငြိမ် ကုပ်ကုပ်ကြီး ညစာစားနေသည်။ အားလုံးက ဖူးရောင်နေသော သူ့မျက်စိကို စပ်စပ်စုစု ဝိုင်းကြည့်နေကြသည်။ သူ အမှုမထား။ စားသောက်ပြီးသောအခါ သူ့အခန်းသို့ ပြန်တက်လာသည်။ သို့သော် ကြာကြာ မနေနိုင်။

သူ့အခန်းသည် ညတိုင် မထိုင်နိုင်လောက်အောင် ချမ်းခိုက်ခိုက် တုန်သည်။ တပတ်တိတိရှိပြီ။ သူ့လက်သည် စာရေးမရနိုင်လောက်အောင် ထုံနာလွန်းမက ထုံနာနေသည်။ ယခုည ခါတိုင်းထက် ပိုဆိုးသည်။ ညစာစားခန်းသို့ သူဆင်းလာသောအခါ အိမ်ရှင်၏ သမီးကလေး သူ့အရင် ရောက်နှင့်နေသည်။ သူ့ သန်္ဓာစာအုပ်များကို ပြန့်ကြဲခင်းနှင့်ပြီး ဖြစ်နေသည်။

ဖီဖီ ဤအခန်းသို့ မလာချင်။ ကိုလာမည်ကို ကြိုတင်သိသည်။ ထို့ကြောင့် အက္ခရာသင်္ချာ တွက်၍ ချက်၍ ရလမ်းမမြင်။ သို့သော် အမေက အိပ်ခန်း အေးလွန်းသည်။ ဖီဖီအတွက် မသင့်တော်။ သက်တောင့်သက်သာ နေနိုင်သော နွေးနွေးထွေးထွေး ညစာစားခန်းသို့ ဖီဖီသွားရမည်။ သွားကို သွားရမည်။ ဖီဖီ ငါပြောတာ ကြားရဲ့လား။ ကိုက တမှောင့် ဖြစ်နေသလား။ ဒါတော့ ရှာလီ နောက်တခါ ထပ်ပြောရင် ရပါတယ်။

ဖီဖီက "ကောင်းသော ညနေခင်းပါ" ဟု မပွင့်တပွင့် နှုတ်ဆက်၍ ကိုက ဦးညွတ်ပြသည်။ သူ့မျက်နှာပေါက်က ဆိုးလှသည်။ ခါတိုင်းလိုပင် 'တိုးတိုး' စာတန်းကို ထောင်လိုက်သည်။

ဖီဖီသည် ခါတိုင်းထက် ပို၍ ခွေချည့်နေသည်။ နားရင်း ပါးရင်း ပို၍ ချောင်ချောင်၊ မျက်စိပို၍ ငေးကြောင်ကြောင် ဖြစ်နေသည်။ သူ့ချောင်းဆိုးသံသည် ယနေ့ည ပို၍ ပြင်းသည်။ လည်ချောင်းက ယားလွန်း၍ သူ မအောင့်နိုင်။

ဖီဖီအဖို့ ယနေ့ မိုးလင်းကတည်းက အပေါက်အလမ်းမတည့်။ အိပ်ရာထချိန်တွင် မလှုပ်မချောက် မအီမသာ ဖြစ်နေ၍ ကျောင်းတက် နောက်ကျရသည်။ **စီစေရီ*** သင်ခန်းစာ မရ၍ အတန်းထဲ ဒဏ်ပေးခံရသေးသည်။

နေ့လည်ပိုင်း ကျောင်းလက်ဖက်ရည်ပွဲသို့ သွားစရာ ရှိသော်လည်း အမေက မလွှတ်။ သူကလည်း နွမ်းနယ်လွန်း၍ မသွားနိုင်။ ညစာလည်း မစားနိုင်။ ညစာစားခန်းသို့ စာဆင်းကျက်ရမည့် ကိစ္စကိုလည်း အမေနှင့် အချီအချပြောရသေး။ ယခု ဇ နာရီထိုးချိန်တွင် အိပ်ချင်နေပြီ ဖြစ်သော်လည်း အကွရာသန်္ဌာက အဖြေ မပေါ်။ ဘဝနယ် ကြမ်းတမ်းပါဘိ။ ငါ အသက်ရှင်နေဘို့ မထိုက်တော့။

"မင်း ငိုနေသလား" စားပွဲတဖက်မှ ပျိုမျစ်တည်ငြိမ်သောအသံ ပေါ်လာသည်။

အခြေအနေကို ရင်ဆိုင်ရန်အတွက် ဖီဖီ စကားတခွန်းမျှ မဟ။ ငြိမ်နေလိုက်သည်။

"ဘာဖြစ်နေလို့လဲ" ပါမောက္ခလေသံက မေးလာ၍

"ဘာမှ မဖြစ်ပါဘူး" ဟု ဖီဖီက ကညဝတ္တပြုံးကလေးဖြင့် မျက်ရည်စသိမ်းရန် မျက်တောင် ပုတ်ခတ် ပုတ်ခတ်လုပ်ကာ ဖြေသည်။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

***စီစေရို** မားကပ်တူလီယပ်၊ (ခရစ်မတိုင်မီ ၁၀၆–၄၃)။ ။ ရောမခေတ် နိုင်ငံရေးခေါင်းဆောင်။ နှုတ်မှုပါရဂူ။ လက်တင်ဘာသာ သင်သူတိုင်း သူ့စာကို လေ့လာရသည်။

"ပုစ္ဆာတခုဖြေနေသော တနာရီကျော်ပီ။ အဖြေရှာမရလို့ပါ။ ရှင့်ကို နှောင့်ရှက်မိတာ ဝမ်းနည်းပါတယ်ရှင်"

ကိုက အတန်ကြာ ငြိမ်နေပြီးမှ လည်ချောင်းရှင်းသံ တချက်လုပ်ပြီး

"ပုစ္ဆာက တွက်လို့ မရဘူးလား" ဟု ပြန်မေးသည်။

"မရသေးဘူး။ ဒါပေမယ့် ရမှာပါ။ ကျမ ကောင်းကောင်းနားလည်ပီးသားပါ။"

ဖီဖီက ပန္နသက်ကလေး ရှိုက်လိုက်ပြီး ရဲစိတ်တင်းသည်။

ဖီဖီက သူ့မျက်နှာကို စာအုပ်နှင့် အတင်း အပ်ထားသည်။ သို့သော် ကို၏ မျက်မှန်ဝိုင်းကြီးများ နောက်ကွယ်မှ အကြည့်ကို တလှပ်လှပ် ခံစားနေရသည်။ ဤအတွင်း ကို၏ စိတ်လျော့ လက်လျော့လေသံဖြင့် ပြောလိုက်သည့် စကားကြောင့် လန့်ဖျတ်သွားသည်။

"စာအုပ်ယူခဲ့။ ငါတွက်ပေးမယ်"

"အကွရာသန်္ဌာလဲ ရှင် နားလည်တာဘဲနော်"

ဖီဖီသည် ချောင်းသံကို မျိုသိပ်ရင်း မေးကာ ကိုဘေးမှ ကုလားထိုင်တွင် လာထိုင်သည်။ သူတို့နှစ်ယောက် အကြားတွင် စာအုပ်ကို ဖြန့်လိုက်သည်။

"ပုစ္ဆာပြစမ်း"

ဖီဖီက လက်ညှိုးထောက်ပြသည်။ ပုစ္ဆာအမှတ် ၇၁။

'ကျောက်နံရံတခု ဆောက်လုပ်သော အလုပ်သမားတဦးသည် ကျောက်တိုင် ၁၀၅ တိုင် စိုက်ပြီးနောက် တနေ့လျှင် ၂ တိုင်ကျ လျှော့စိုက်သော် ကျောက်နံရံတခုလုံး ဆောက်လုပ်ပြီးစီးရန် ၆ ရက် ပိုမိုကြမည်ဖြစ်ကြောင်း သိရသည်။ ထိုအလုပ်သမားသည် တနေ့လျှင် တိုင်မည်မျှ စိုက်ထူခဲ့သနည်း။'

ကိုသည် ပုစ္ဆာကို မြင်းကောင်းဒုံးစိုင်း တခေါက်ဖတ်ပြီး

"တနေ့ ခုနစ်တိုင် စိုက်တာပေါ့" ဟု အဖြေပေးလိုက်လေသည်။

ဖီဖီခမြာ တအံ့တသြဖြစ်ကာ ကိုကို ပြူးပြူး ကြောင်ကြောင် စိုက်ကြည့်နေသည်။

"ကဲ၊ မှန်ရဲ့လား တွက်ကြည့်ရအောင်။ မင်းရေးထားတာတွေ ဖတ်ပြစမ်း"

"မသိကိန်း X သည် တနေ့စိုက်ထူသော တိုင်အရေတွက်နှင့် ညီမျှပါစေ"

"ဆက်ဖတ်"

"၁၀၅ ကို တည်ကိန်းထား။ X ကို စားကိန်းထား။ ညီမျှခြင်းသည် အလုပ်လုပ်ခဲ့သည့် ရက်ပေါင်း ဖြစ်သည်။ ၁၀၅ ကို X –၂ နှင့်စားလျှင် ညီမျှခြင်းသည် တရက် ၂တိုင် လျှော့၍စိုက်သော် အလုပ်လုပ်ရမည့် ရက်ပေါင်း ဖြစ်သည်"

"ဟုတ်ပီ"

"(၁၀၅ ÷ X – ၂) + ၆ ရက်ပို၍ လုပ်လျှင် အလုပ်လုပ်ရမည့် ရက်ပေါင်းဖြစ်သည်"

"ဒီလို ဘယ်ဟုတ်မလဲ"

ဖိဖိက ချောင်းဆိုးလိုက်ပြီး

"ကျမတော့ မသိဘူး" ဟု ပြောသည်။

"ပုစ္ဆာထဲမှာ ၆ ရက်ပိုကြာမည်ဆိုတာ ဘယ်ရက်ထက် ပိုကြာတာလဲ"

"ကြာနိုင်တာထက် ပိုကြာတာကို ဆိုလိုတာပေါ့"

"ဒါပေါ့။ ပုစ္ဆာရဲ့ အညွှန်းအတိုင်း ချတွက်ပေါ့"

"ပုစ္ဆာအညွှန်းအတိုင်း၊ ပုစ္ဆာအညွှန်းအတိုင်း"

ဆရာကွိက

"ရက်ပိုကြာမယ်ဆိုတာ တခုခဲ့ ဖြစ်နိုင်တယ်။ မူလအလုပ်လုပ်ချိန်နှုန်းထက် ပိုကြာတာဘဲ ဖြစ်ရမှာပေါ့။ အလုပ်လုပ်ချိန်နှုန်းသစ်မှာ ၆ ကိုပေါင်းထဲ့လေ"

"ကျမ နားမရှင်းဘူး။ တကယ်ပါဘဲ။ ကျမ သိပ်ညံ့ဖျင်းတာဘဲ"

"ဒီလို တွက်ကြည့်စမ်း။ ကိန်း နှစ်ကိန်းရှိတယ်။ တကိန်းက မူလ အလုပ်လုပ်နှုန်းနဲ့ လုပ်ရင် လိုမယ့်ရက် အရေအတွက်။ ဒုတိယကိန်းက အလုပ်လုပ်နှုန်းသစ်နဲ့လုပ်ရင် လိုမယ့်ရက် အရေအတွက်။ ကဲ ဒီကိန်းနှစ်ကိန်းရဲ့ ခြားနားခြင်းက ဘာလဲ"

"အဲဒါ ကျမ မသိတာပေါ့"

"ပုစ္ဆာထဲမှာ ပြထားသားဘဲ"

"မတွေ့ပါလား"

"ဒါဖြင့် ၆ ရက်ဆိုတာက ဘာလဲ"

"အိုး၊ ကျမ သိပီ။ သိပီ။ အဲဒါက အလုပ်လုပ်ရမယ့် ရက်တွေရဲ့ ခြားနားချက် မဟုတ်လား"

"ဒါပေါ့။ ကဲ ညီမျှခြင်းတွေ ချရေးစမ်း။ မဟုတ်ဖူးလေ အလုပ်လုပ်ချိန်နှုန်းကြီးရင် ရက်အရေအတွက် ငယ်ရမှာပေါ့။ ငယ်တာထဲက ကြီးတာကို မနုတ်နဲ့လေ"

ယခုမှပင် ဖိဖိသည် သွက်လက်ချက်ချာစွာ ရေးချလိုက်နိုင်တော့သည်။

$$[၁၀၅ / (X - ၂)] - [၁၀၅ / X] = ၆$$

$$၁၀၅X - ၁၀၅X + ၂၁၀ = ၆X' - ၁၂X$$

$$၆X' - ၁၂X = ၂၁၀$$

$$၆ X' - ၁၂ X - ၂၁၀ = ၀$$

$$X' - ၂ X - ၃၅ = ၀$$

$$(X - ၇) (X + ၅) = ၀$$

$$X = ၇ သို့မဟုတ် -၅$$

ဖီဖီသည် မထိပ်မပြာ ချိုချိုသာသာကလေး ပြုံးကာ ကို မျက်လုံးကို ပြန်ကြည့်နေ၏။

"ခုနစ်တိုင်။ ရှင်ပြောတဲ့ အတိုင်းပါဘဲလား။ ရှင့်လိုသာ ကျမတော်ရင် ဘယ်လောက်ကောင်းလိုက်မလဲ။ သိပ် သိပ်ကို ကျေးဇူးတင်တာဘဲ မစ္စတာကွိရယ်။ ကျမ အိပ်တော့မယ်"

"နောက်ကို ဒီလိုခက်တဲ့ ပုစ္ဆာတွေ့ရင် ငိုမနေနဲ့။ ငါ့ကို လာပြလဲ့" ကွိက ဖီဖီ့ အပြုံးကို တမင်ကလာ မျက်နှာလွဲပြီးပြောသည်။

ဖီဖီက "တကယ်နော်၊ သိပ်ကျေးဇူးတင်တာဘဲရှင်။ ဒါပေမယ့် ရှင့်ကို အနှောင့်အရှက် မပေးချင်ပါဘူး။ ဒီနေ့ ညတောင် ဒီကို ဆင်းလာဘို့ မဟုတ်ဖူး။ အမေက အတင်းဆင်းခိုင်းလို့"

"မင်းအမေက ဘာပြုလို့ ဆင်းခိုင်းရတာလဲ"

"အပေါ်ခန်းက အေးလွန်းလို့ပါ။ ကျမ ချောင်းဆိုးရောဂါနဲ့ မတော်လို့"

ကွိက မျက်မှောင်ကုပ်၍ "အပေါ်မှာ သိပ်အေးလွန်းတဲ့ နေ့ဆိုရင်လဲ အောက်ထပ် ဆင်းလာခဲ့ပေါ့"

"ကျမ ရှင့်ကို လာမရှုပ်ချင်ပါဘူးရှင်"

"ငါမလာစေချင်ရင် လာပါလို့ ဘယ်ခေါ်နေပါ့မလဲ"

ကွိက ခပ်ဆတ်ဆတ် စကားပြတ်ပြောခဲ့ပြီး ခဲတံကို ကောက်ကိုင်လိုက်သည်။ "သွားပေတော့" ဟု သူ့နည်း သူ့ဟန်ဖြင့် ပြောလိုက်ခြင်းဖြစ်သည်။ သို့သော် ဖီဖီသည် ကျောင်းစာအုပ်များကို ဂျိုင်းညှပ်ကာ သူပြောချင်ရာ ဆက်ပြောနေသည်။

"မစ္စတာကွိ၊ ရှင့်နဖူးက ဒဏ်ရာကြီးကို တခုခုလုပ်ပေးပါရစေနော်"

"အို၊ နေပါစေ၊ အရေးမကြီးပါဘူး"

"ရှင့်ဟာ ရှင်မမြင်တော့ ဘယ်အရေးကြီးတယ် ထင်မလဲ။ **အာနီကာ** လေးဖြစ်ဖြစ် **ဝစ်ဟေယ်** လေးဖြစ်ဖြစ် နဲနဲတော့ တို့လိုက်ပါနော်။ ဟုတ်လား"

"ကိစ္စမရှိပါဘူး"

"ဆေးတခုခုထဲ့လိုက်ရင် မြန်မြန် အနာကျက်သွားမှာပေါ့ရှင်" ဖီဖီက စိတ်ပျက်လက်ပျက်နှင့် လှည့်ထွက်သွားသည်။

[**ဟာအာနီကာ မွန်တနာ။** ။ အမေရိကတိုက်တွင် ပေါက်သော နေကြာတမျိုး။ ပွန်းနာ ပဲ့နာများအတွက် အသုံးပြုသော တင်ချာခေါ် အဆိပ်တမျိုးကို ထိုအပင်မှ ထုတ်လုပ်သည်။

ဝစ်ဟေယ်။ ။ရက္ခဗေဒ ဝေါဟာရမှာ ဟာမာမီလစ် ဗာဂျီးနီးယားနားဖြစ်သည်။ မြောက်အမေရိကတိုက် အရှေ့ပိုင်းတွင် ပေါက်ရောက်သည်။ အရွက်နှင့် အခေါက်မှ ဆေးထုတ်သည်။]

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

ကွိစိတ်တွင် အတွေးတခု ပေါ်လာသည်။ အနာမကျက်မချင်း လူတကာက တမေးထဲ မေးနေကြတော့မှာဘဲ။

"အနာ မြန်မြန်ကျက်မှာ သေချာရင်တော့ . . ."

"ကျိန်းသေပေါ့ရှင့်" ဟု ပြောပြောဆိုဆို ဖီဖီ ဝမ်းသာအားရ ပြေးထွက်သွားလေသည်။

ကိုယ်လက်လှုပ်ရှားဘို့ တနေ့တနာရီ အချိန်ပေးရမယ်။ ဘုရား၊ ဘုရား။ ဖြုန်းမယ့် အချိန်တွေက ဘယ်လောက် များလိုက်သလဲ။ ဘက်လောက် ကြာလိုက်သလဲ။

ပိတ်စ၊ ကတ်ကျေး၊ ဆေးပုလင်း နှစ်ပုလင်းနှင့်အတူ ဖီဖီပြန်ရောက်လေသည်။

"သိပ်မကြာပါဘူးနော် မစ္စတာကွို။ ဒီဆေးပုလင်းက ဝစ်ဟေဇယ်။ မစပ်ဖူး။ မြန်မြန်တော့ မပျောက်ဖူး။ ဒီဆေးပုလင်းက တာပင်တိုင်။ အနာမြန်မြန်ကျက်တယ်။ ဘာဆေးထဲ့ရမလဲ"

"တာပင်တိုင်" ကွိက အာဇာနည်လေသံဖြင့် အဖြေပေးသည်။

ဖီဖီက ကျင်လည်စွာ ဆေးထည့်ပေးနေသည်။ ကွိအဖို့ သူ့တသက်တွင် မိန်းမသားတဦး၏လက်ဖြင့် ပထမဆုံးအကြိမ် အတို့အထိ ခံရဘူးခြင်း။ သူထင်ထားသလို အခံရမဆိုးပါလားဟု စိတ်ထဲတွင် သူ့ကိုယ်သူ ဖြောင့်ချက်ပေးနေမိလေ၏။

"နာသလား"

"ပရွက်ဆိတ် ကိုက်သလောက်ပါ"

"တာပင်တိုင်က အနာတော့ မြန်မြန်ကျက်တယ်။ ဒါပေမယ့် ဘယ်လိုပြောရမလဲ။ ဇာတ်သိမ်းခန်းကလေး ရောက်ရင်တော့ အတော်နေဆိုးတယ်။ အဲဒီအခါကျ ကျိတ်မှိတ်သာခံပေါ့"

"ခံနိုင်ပါတယ်"

"ဆေးထဲ့ခွင့်ပေးလို့ ကျေးဇူးတင်ပါတယ်။ အက္ခရာ သန်္ဂြာအတွက်လဲပေါ့။ မင်္ဂလာပါ"

"မင်္ဂလာပါ"

ကွို အလုပ်ဆက်မလုပ်နိုင်တော့။ တာပင်တိုင်၏ ဇာတ်သိမ်းခန်းသည် ချက်ချင်းရောက်လာသည်။ သူလမ်းထလျှောက်သည်။ သူ့ကိုယ်သူ မြည်တွန်တောက်တီးသည်။ သို့သော် ဆေးဖတ်ကို ခွာမပစ်ချင်။ ခွာပစ်လျှင် ဆေးထည့်တာမှားလေခြင်းဟု ဝန်ခံရာရောက်မည်။ သူက ဘယ်တော့မှ မှားသော လူစားမျိုးမဟုတ်။

ထိုအချိန်တွင် ဘိုင်လက်ရှ်သည်။ ဧည့်ခန်းဆောင်၌ စာဖတ်နေရာမှ ရေတ်၍ ညစာစားခန်းထဲသို့ ဝင်လာသည်။ ခြေသံပြင်းပြင်းနင်း၍ လမ်းလျှောက်လိုက်၊ မြည်တွန်တောက်တီးလိုက် လုပ်နေသော ကွိကို တွေ့ရသည်။ စကားမဟရဲ၍ ထွေလီကာလီ မပြော။ ရေကို တကျိုက်ချင်းသောက်ကာ ကွက်ကြည့် ကွက်ကြည့် လုပ်နေသည်။ သို့သော် ကွိက ဂရိစကား လက်တင်စကားဖြင့် ကျိန်တွယ်ဆဲရေးနေသဖြင့် ဘိုင်လက်ရှ်ခမြာ တလုံးတပါဒမျှ နားမလည်ရှာ။

ငါးမိနစ်အတွင်း ကွိအလုပ်စားပွဲတွင် ပြန်ထိုင်သည်။ ဖီဖီ ပြောခဲ့သလို တာပင်တိုင်က ပူစပ်ပူလောင် လျော့သွား၍မဟုတ်။ တာပင်တိုင်သည် **ရှာဒရက်နှင့် အဗက်နီဂို** တို့၏ မီးလောင်တိုက် တမျှ ပူလောင်ကင်မြိုက်နေဆဲ။

ခေါင်းမီလောင်နေသည်ဟု ဆိုရမလိုဖြစ်နေသည်။ သို့သော် ကိုယ်လက် လှုပ်ရှားမှုအတွက် တနေ့ တနာရီတောင် အချိန်ဖြုန်းရမှာပါကလား၊ တစက္ကန့်တဗီဇနာရရ အချိန်ရခိုက် လုံ့လစိုက်ရမှာကလား ဟူသော အတွေးကြောင့် အလုပ်စားပွဲတွင် ချက်ချင်း ပြန်ထိုင်ခြင်းဖြစ်သည်။

[ရှာဒရက်နှင့် အဗက်နီဂို = သမ္မာကျမ်းစာလာ ဗာဗလုန်ပြည်မှ 'ပညာရှိတို့ကို အုပ်စိုးသော ဝန်' ဒံယေလ(ပရောဖိတ်ဒင်နီယယ်)၏ ပညာသင်ဖက် ရောင်းရင်းနှစ်ဦး။ သမ္မာကျမ်းစာ ဒံယေလအနာဂတ္တိကျမ်း ၃း၂၀ တွင် "ခွန်အားကြီးသော စစ်သူရဲတို့သည် ရှာဒရက်၊ မေရှက်၊ အဗေဒနေကာတို့ကို တုပ်နှောင်၍ မီးလောင်လျက်ရှိသော မီးဖိုထဲသို့ ချပစ်စေခြင်းငှာ" ဟု လာသည်။**]**

ယနေ့ည ဂြိုလ်ဆိုးမွေကို မွေသည်။ နာရီဝက်ခန့်အတွင်း အနာပူစပ်ပူလောင် သက်သာသွား၍ ကလောင် သော့တော့မည်ကြံကာရှိသေး၊ ပါမောက္ခကြီး နီကိုလိုဗီးယပ် တံခါးဖွင့်၍ ဝင်လာသည်။ မီးခြစ်လိုချင်သတဲ့လေ။ မီးခြစ်ဗူး တထောင်လောက်ဝယ်ပီး ကိုယ့်အခန်းထဲကိုယ် လှောင်ထားပါလား။

ပါမောက္ခကြီးက အနှောင့်အရှက် ပေးမိခြင်းကို သာယာညှင်းပျောင်း တောင်းပန်သည်။ သို့သော် လာသုတ်သုတ် ပြန်သုတ်သုတ်မဟုတ်။ မီးလင်းဖိုမှ မီးခြစ်ကိုယူကာ ဆေးပြင်းလိပ်ကို တစိမ့်စိမ့်မီးညှိရင်း ဒေါက်တာကလေး၏ ခေါင်းမှ ဒဏ်ရာကို ကြည့်ပြီး

"ခင်ဗျား မတော်တဆ ခိုက်မိတယ်ထင်တယ်။ စိတ်မကောင်းဘူးဗျာ။ ကျုပ်ဘာလုပ်ပေးရအုံးမလဲ"

"ဘာမှ မလိုပါဘူး။ ကျေးဇူးပါဘဲ"

ကို၏ လေသံသည် ပါမောက္ခကြီးပတ်တော ပိတ်သွားလောက်အောင် တောက်တောက်ခါးခါး ရှိလှသည်။ ပါမောက္ခကြီးသည် စကားကြောမပြတ်။ မီးလင်ဖိုကြီးကို မှီလျက် ဆေးလိပ်မီးခိုးများကို မှုတ်ထုတ်ရင်း

"ညတိုင်း ခင်ဗျား ဒီမှာထိုင်ရတာ အေးအေးလူလူရှိမှာဘဲနော်"

"လမ်းလယ်ခေါင် စာထိုင်ရေးရတာလောက် ရှိတာပါဗျာ"

"ဟုတ်လား"

"အနှောင့်အယှက်က အတောမှ မသတ်နိုင်တာချည်းကိုး"

ပါမောက္ခအိုကြီးက ရယ်သွမ်းသွေးလိုက်ပြီး

"ခင်ဗျားပြောတာ အပြစ်မတင်ပါဘူး။ ကွန်မျူနစ်ဝါဒ စစ်စစ်ဖြစ်နေတဲ့ ဒီလို ဘုံရိပ်သာမျိုးမှာတော့ တခါတလေလဲ ကသိကအောင့် ဖြစ်ရတတ်တာမျိုးပေါ့။ ကျုပ်တယောက်အဖို့ကတော့ ခင်ဗျားကို အခုဘဲ ဘေးမဲ့ပေးပါတော့မယ်ဗျား။ မင်္ဂလာညပါ"

ည၁၁ နာရီတွင် မစ္စမီလာ လုပ်လိုလုပ်လဲနှင့် ဝင်လာသည်။ ရေသောက်ချင်သည်။ ၁၁ နာရီ ၄၅ မိနစ်တွင် ကလင်ကာ ရောက်လာပြန်သည်။ ပုလင်းကြီးလက်က ဆွဲလာ၍ ဖီဖီထံမှ တာပင်တိုင် ပုလင်း နောက်ထပ် ပို့လိုက်ပြန်ပလားဟု ကို တွန့်သွားမိသေးသည်။ သူ့အကြောလိမ်းဆေး ဖြစ်နေ၍ တော်ပေသေးသည်။

နောက်ဆုံးတွင် အသံပလံ လုံးဝတိတ်ငြိမ် ကင်းဆိတ်သွား၍ ကို စာဆက်ရေးနေလေ၏။ တမြို့လုံး အိပ်ပြီ။ တာပင်တိုင်ဆေးကလည်း မပူမလောင်တော့ပြီ။ နာရီ၏ စက်ချက်ချက် မြည်သံကိုသာ ကြားရတော့သည်။ ပါရဂူကလေးသည် သူ့ချစ်ဖူးခေါင်းဖျားကို ပွေ့ဖက်လိုက်သည်။ သိပ္ပံပညာသည် သူ့ကို ရက်ရက်ရောရော ချစ်တုံ့ပြန်သည်။ သူ့စိတ်အာရုံသည် အက္ကနိဋ္ဌဘုံတိုင်အောင် လွင့်မျောပျံတက်နေသည်။

သူ့ မနောဝိညာဉ်တွင် ကင်းခြောက်ပစ်ကွာသော လူ့ဘုံခန်းဝါကြီးကို ဓမ္မာရုံရနေမိလေ၏။ ကေစိဆရာတို့ မျက်ရမ်းမှန်းဆ ကြံသိခဲ့ကြကုန်သည့် လူမှုရေး သိပ္ပံ ပညတ်တရား ဥာဏ်လေ့ကားကြီးကို သူသာလျှင် တက်လှမ်းနိုင်သည်။ လူမှုရေး ပညတ်တရားများကို သူသာလျှင် လက်မွန်မဆွ ပြဋ္ဌာန်းနိုင်သည်။ လူမှုရေးသိပ္ပံ မဟာစီမံချက်ကြီး၏ လျှို့ဝှက်ချက်ကို သူသာလျှင် ကနဦးအစ ယုယပိုက်ထွေးနိုင်ပြီး ပုံသေနည်း ရှာနိုင်သည်။ ကမ္ဘာကြီးတခုလုံးကို သူသာလျှင် **ကိုလိုဆပ်ရှပ်ထုကြီး**ပမာ မော်မော်ကြွားကြွား ကားယားခွ နင်းနိုင်သည်ဟူသော စိတ်ကူးအိပ်မက်များကို မြင်မက်နေမိလေ၏။

[**ကိုလိုဆပ်ရှပ်ထုကြီး** = ရှေးခေတ်ဟောင်း အံ့ဘွယ်ခုနှစ်ပါးအနက် တပါးအပါအဝင် ဂရိနိုင်ငံ ရုတ်ကျွန်း ဆိပ်ကမ်း၌ ခရစ်နှစ်မတိုင်မီ ၂၈၀ က စိုက်ထူခဲ့သည့် အပိုလို ကြေးရုပ်ထုကြီး။]

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net
မြန်မာ့မျှားနတ်မောင်

စိတ်ကူးကမ္ဘာမှ မြေပြင်သို့ ဖုတ်ကနဲ ပြန်ကျသောအခါ ည နှစ်နာရီထိုးရန် ၁၅ မိနစ်သာလိုတော့သည်။ မီးလင်းဖိုလည်း သေ၊ အခန်းလည်း အေး၊ မီးတိုင်လည်း ငြိမ်းလုပြီ။

မှောင်ထဲ၌ စမ်းဝါး၍ အခန်းသို့ ပြန်ရသည်။ အိပ်ရာဝင်ချိန် လွန်သွားသည်ကို သူ့ဖာသာသူ မကျေမချမ်း ဖြစ်မိသည်။

တညလျှင် ၆ နာရီခွဲအိပ်၍ သူ့အိပ်ယာဝင်ချိန် ည တနာရီခွဲဖြစ်သည်။ တနှစ်နေ၍မှ ငါးမိနစ် အချိန်မလွဲ။ ထူးဆန်းထွေလာ ယနေ့ညဖို့မှာကား အိပ်ရာသို့ တန်းတန်းမတ်မတ်မဝင်နိုင်။ လုပ်စရာ ကျန်နေသေးသည်။ သူ၏ အချိန်ဇယားကြီးကို ထိပါး ဖောက်ဖျက်ရဦးမည်။

အိမ်ခန်းခ ပြဿနာ မပေါ်မီက ကြည်ရွှင် ချမ်းမြေ့ဖွယ်ကောင်းသော နေ့များ၏ သူ့သံမဏိ အချိန်ဇယားကြီးမှာ

၈း၂၀ = နံနက်စာ
၈း၄၀ = လူမှုရေးသိပ္ပံ
၁၂း၃၀ = နေ့လယ်စာ
၂း၀၀ = လူမှုရေး သိပ္ပံ
၇း၀၀ = ညစာ
၇း၂၀ = လူမှုရေး သိပ္ပံ

အချစ်စစ် အချစ်မှန်တို့၏ ချစ်ခရီးလမ်းဟူသည် ဘယ်တော့မျှ မဖြောင့်ဖြူးသကဲ့သို့ ထိုအချိန်ဇယားကြီးသည်လည်း မဖြောင့်မဖြူး။ ပထမ ပို့စ်သတင်းစာ အလုပ်က ဝင်လာသည်။ တနာရီပဲ့သွားသည်။ ယခု သူ့ခန္ဓာကိုယ် အတွင်ဘောကြီးက အချိန်တောင်းပြန်ပြီ။ နောက်တနာရီ။ အိမ်ရှင်မကြီး၏ သမီးကလေး ပြဿနာက အရေးကောင်း ဒိန်းဒေါင်းဖျက်သေးသည်။

သူ့ဘက်က လိုက်လျောမှုကို ကလေးမက ငတေမာပြီးရော စိတ်ဖြင့် အခွင့်ကောင်းတော့ မယူစကောင်း။ သူ့အချိန်သည် နှောင်းခေတ်နှင့် နှောင်းလူတို့အတွက်ဖြစ်သည်။ အထက်တန်း ကျောင်းသူ နလပိန်းတုံးကလေး၏ နဝေတိမ်တောင် ကိစ္စအတွက် မဟုတ်။ တပတ် ငါးမိနစ်တန်သည် ဆယ်မိနစ်တန်သည်ဆိုလျှင်ပင် တလ မိနစ်လေးဆယ်ကုန်မည်။ မဖြစ်နိုင်။ အချိန်ဇယားတွင် ထည့်၍ မဖြစ်နိုင်။

သို့သော် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းအတွက် တနာရီကိုကား မတိမ်းလွယ် မရှောင်သာ။ အချိန်ဇယားတွင် ပါဝင်စေရတော့မည်။ သူ့အချိန်ဇယားသစ်မှာ

၈း၂၀ = နံနက်စာ
၈း၄၀ = လူမှုရေးသိပ္ပံ
၁၂း၃၀ = နေ့လယ်စာ
၂း၀၀ = လူမှုရေးသိပ္ပံ
၄း၄၅ မှ ၅း၁၅ = လေဟာပြင်လမ်းလျှောက်
၅း၁၅ မှ ၆း၁၅ = ပို့စ်သတင်းစာလုပ်
၆း၁၅ မှ ၆း၄၅= ကိုယ်လက်လှုပ်ရှားမှု
၇း၀၀ = ညစာ
၇း၂၀ = လူမှုရေး

ကိုသည် ဆံပင်စုတ်ဖွားထဲတွင် လက်နှစ်ဖက်ချိတ်ကာ အချိတ်ဇယား အပြိုအပျက်ကြီးကို ရင်ထုမနာ ငေးစိုက်ကြည့်နေသည်။

ပို့စ်သတင်းစာတွင် နောက်ဆုံး ဂယ်လီများကို ပရဖတ်ရင်း ဆေးတံမှိန်နေမည့် မစ္စတာပက်ခမြာ သူ့ 'ခွေးသန်း' များက နောင်လာ နောင်သားတို့အတွက် မဟာ မျှော်လင့်ချက်ကြီးကို မည်မျှ ဖြောင်းဆန်အောင် ကိုက်ခဲပစ်လိုက်ကြကြောင်း သိသာသိလျှင် များစွာ ရင်သပ်အံ့သြ ဖြစ်ရှာလိမ့်မည် မုချ။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

(၉)

ကြာသပတေးနေ့ **ဂျာမန်ကိုတီလွန်**ကပွဲသည် ပျော်ရွှင်ကြည်နူးစရာ အိပ်မက်ပမာဖြစ်သည်။

ဝါတွင်းကာလ ကုန်ဆုံးခါနီး အချိန်ဖြစ်၏။

၁၈၇၁ မှ စ၍ ကပွဲရာသီတိုင်း ဂျာမန်ကပွဲများကို ခြောက်ကြိမ် ကျင်းပလေ့ရှိသည်။ ကပွဲနေ့တွင် မြင်းကရထားကြီးများ တသီတတန်း။ ဓာတ်လှေကားများ တက်ချည် သက်ချည်။ စက််ီများ ယောကျ်ားမိန်းမ အပြည့်။

ခန်းမဆောင်ကြီးထဲ၌ စုံတွဲအချို့ကခုန်နေကြပြီ။ စင်မြင့်ပေါ်၌ ဖက်ဇီဇ၏ ဟန်ဂေရီ ဂီတဆရာများ တီးမှုတ်နေကြပြီ။ ချားလ်စ် ဂါဒင်နီယာဝက်စ်နှင့် မစ္စ မီလီစင့်အေဗာရီတို့ ဝင်လာကြသည်။ လူကြီးသူမများကို ဂါရဝပြုပြီး နောက် ကုလားထိုင်တွင် ထိုင်ကြသည်။ ဝက်စ်သည် ကုလားထိုင်နှစ်လုံးကို လက်ကိုင်ပုဝါဖြင့် သစ်နှောင်းကြိုး တည်းသလို ချည်တွဲလိုက်သည်။ ထို့နောက် သူတို့သည် ပန်းလိပ်ပြာ လေမှာဝဲသလို ဂီတလှိုင်းထဲတွင် ကခုန် မြောပါသွားကြလေ၏။

[**ဂျာမန်ကိုတီလွန်** = စုံတွဲပေါင်းများစွာ စုပေါင်း၍ ယိမ်းကွက်ပြောင်းသလို ကကွက်အမျိုးမျိုး ပြောင်းကာ လဲကာ ကခုန်နည်း။ ပြင်သစ်ပြည်၌ထွင်သည့် ကနည်းဖြစ်သော်လည်း ဂျာမန် ကိုတီလွန် သို့မဟုတ် ဂျာမန်ဟု အတိုကောက်ခေါ်လေ့ရှိသည်။

ဝါတွင်းကာလ = ခရစ်တော် သေလွန်ရာမှ ထမြောက်သောနေ့ အထိမ်းအမှတ် ဖြစ်သော အီစတာပွဲတော်ရက် မတိုင်မီ တနင်္ဂနွေနေ့မပါ ရက်ပေါင်း ၄၀ တိတိ ပွဲတော် ရက်ဖြစ်သည်။ ဝါတွင်းအစရက်မှာ အင်္ဂါ ဗုဒ္ဓဟူးနေ့ ဖြစ်သည်။ (အီစတာပွဲတော်ရက်သည်။ နေ့ ည အချိန်နာရီ တိုရှည်ညီမျှသော သမရာသီအလွန် ပထမဆုံး လပြည့် နေ့အကျော် ပထမ တနင်္ဂနွေနေ့ဖြစ်သည်။ အများအားဖြင့် ဧပြီလတွင် ကျရောက်လေ့ရှိသည်။)]

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

မစ္စအေဗာရီက

"ဒီနေ့ည ကျမ လွတ်ပျော်တာဘဲရှင်။ ဘာကြောင့်မှန်းမသိဘူး"

မစ္စအေဗာရီ ဤမျှလောက် အလှကြွယ်သည်ကို ဝက်စ်တခါသားမျှ မမြင်စဖူး။ ထိုအလှနှင့် နီးနီးကပ်ကပ် ရင်ချင်းအပ်ရခြင်းသည် သူ့ကို ယစ်မူးရီဝေစေသည်။ ဝက်စ်က

"ကျွန်တော်ကတော့ ကျွန်တော့်ကို ပျော်အောင် လုပ်နိုင်တဲ့အင်အား ခင်ဗျားမှာ ဘယ်လောက်ရှိတယ်ဆိုတာ ခင်ဗျားကိုယ်ခင်ဗျားသိမှ သိရဲ့လားလို့ တွေးပြီး အံ့သြနေတယ်"

ဂီတသံရပ်သွား၍ လူတောထဲမှ ကွေ့ပတ် တိုးဝှေ့ပြီး ကိုယ့်နေရာသို့ ကိုယ်ပြန်လာကြသည်။ သူတို့ စုံတွဲလျှောက်လာသည်ကို မျက်စိပေါင်းများစွာက ဝိုင်းကြည့်နေကြ၏။

မစ္စအေဗာရီသည် ချောသည်၊ ကျိကျိတက် ချမ်းသာသည်ဟု သတင်းပြေးသည်။ ဝက်စ်ကမူ ပင်ကိုယ် အရည်အချင်း ရှိသည်။ ယောကျ်ားချော ချောသည်။ ပါးနပ်ချက်ချာသည်။ ယဉ်ကျေးသည်။ ခေတ်သစ် အမေရိကန် တောင်ပိုင်းသား လူငယ်ပုံစံဖြစ်သည်။ လူကြီးလူကောင်းလည်းဖြစ်၊ ဒီမိုကရက်တစ် ဝါဒီတစ်ဦး လည်းဖြစ်၍ အနာဂတ်ကို စိုးပိုင်မည့် အညွှန့်တလူလူ လူငယ်တဦးဖြစ်သည်။

"ဒီ မတ်လ ၇ ရက်ဟာ တကယ် မမေ့တဲ့နိုင်လို့ ဆိုရမယ့်နေ့ဘဲ။ ဒီနေ့ ဂုဏ်ထူးကြီး နှစ်ခု ကျွန်တော့်ဆီ ရောက်လာတယ်။ ခင်ဗျားတယောက်ထဲကိုသာ ပြောပြချင်တယ်"

မစ္စအေဗာရီသည် သူမျက်လုံးကြီးများကို ဝင့်လိုက်၏။ ရွှန်းရွှန်းလဲ့သော မျက်လုံးကြီးများ။ မြအသွေးလို စိမ်းဖန့်ဖန့် မျက်လုံးကြီးများ။ မဝန်းမကျယ် ထူးထူးခြားခြား သွယ်လျားသော မျက်လုံးကြီးများ။ ဝက်စ်သည် ထို မျက်လုံးကြီးများကို သိမ်းကျုံးစူးစိုက် ကြည့်နေ၍ မစ္စအေဗာရီက ညင်သာစွာ ပြုံးပြလိုက်၏။

"နောက်ဂုဏ်ထူး တခုကတော့ . . ." ဝက်စ်က စကားဆက်သည်။

"နောက် ဂုဏ်ထူးတခုကတော့ ကျွန်တော့်ကို ဘလိန်းကောလိပ် ဥက္ကဋ္ဌရာထူး ပေးချင်နေတယ်တဲ့"

"အော်၊ ဟုတ်လား။ ရှင်ကရော လက်ခံမှာလား"

ဝက်စ်က ခေါင်းညိတ်လိုက်ပြီး

"ဆောင်းမကုန်ခင် ဆင်ပယ်နှင့် ဝက်စ် ကုမ္ပဏီဟာ ဆင်ပယ်နဲ့ တယောက်ယောက် ကုမ္ပဏီ ဖြစ်တော့မယ်။ ကျွန်တော့်ကို သူတို့ ဂျွန်လမှာရွေးမယ်။ ဒီကိစ္စ ဘယ်သူမှ မသိသေးဘူး။ ခင်ဗျား တယောက်ဘဲ သိတယ်"

"ကျမကလဲ ဂုဏ်ယူပါတယ်ရှင်။ ဒါပေမယ့် အခုအလုပ်ကို ဘာဖြစ်လို့ လက်လွှတ်ချင်ရတာလဲ"

"ကိုယ့်လုပ်ရည် ကိုင်ရည်ကို ငွေနောက် ကောက်ကောက်ပါလိုက်နေရတဲ့ အလုပ်မှာထက် တခြားမှာ ပိုပြီး အသုံးချချင်လို့ပေါ့"

မစ္စအေဗာရီက သူ့စကား အသုံးအနှုန်းကို မကြိုက်လှချေ။

"ကမ္ဘာပေါ်မှာ အကြီးဆုံး စတော့ရှယ်ယာ လုပ်ငန်းရှင်ကြီး ဖြစ်လာတောင်မှ သေသွားရင် ဘယ်သူက အမှတ်ရမှာဘဲ။ ကျွန်တော်က လူထုကို အလုပ်အကျွေး ပြုချင်တဲ့လူ။ ကိုယ့်ပြည်နယ်၊ ကိုယ့်မြို့၊ ကိုယ့်ပတ်ဝန်းကျင် တိုးတက်မှုရှိအောင် လုပ်နိုင်ဖို့ မျှော်မှန်းတဲ့လူ။ ဒီကောလိပ်အလုပ်က . . ."

ပြောတုန်းဆိုတုန်းက ကကွက်ပြောင်းသွား၍ ဘီဗာလေဘတ်လက်သို့ မစ္စအေဗာရီ ပါသွားသည်။ အကြောင်း သင့်ချင်တော့ ဝက်စ်သည် ရာလီဝေလင်နှင့် ကကွက် တွဲမိလိုက်သည်။

"ဒီ ကပွဲကတော့ သိပ်မြိုင်တာဘဲနော်" ရာလီက ပြောသည်။

"ရှင်နဲ့ မတွေ့ ရတာ နှစ်ပရိစ္ဆေဒ ကြာလှပြီ ထင်နေတုန်း ခုလို တွေ့ရတာ ဝမ်းသာပါတယ်ရှင်။ ရှင့် မိန့်ခွန်းက ကောင်းလိုက်တာ။ ကျမ လူလေးယောက်ကိုတောင် ပြောပြပီးဘီ"

"တခြား ထူးခြားတာကလေးတွေကော ပြောစရာ မရှိတော့ဘူးလား"

"ရှိပါ့ရှင်။ ဒီနေ့ည ရှင့်အတွက် လာသမျှထဲမှာ အချောဆုံး အလှဆုံးဆိုတာနဲ့ . . ."

"အမိန့်ရှိပါ ခင်ဗျာ"

"သူ့အတွက်လဲ ဒီဧရာမ ခန်းမကြီးထဲမှာ အတော်ဆုံးလူဆိုတာပါဘဲ"

"အဲဒါကိုရော လူဘယ်နှစ်ယောက်ကို ပြောပြီးပြီလဲ"

စကားမပြတ်မီ ကကွက်ပြောင်း၍ လူချင်းကွဲသွားပြန်သည်။ သူတို့ချင်း လက်ချင်း ပြန်ဆက်မိချိန်တွင်

"ချားလ်စ် ဂါဒင်နီယာ ဝက်စ်ကိုဘဲ ပြောပြရပါသေးသတဲ့ရှင်"

ကမ္ဘာပေါ်တွင် ကသူခုန်သူ ကုဋေကုဋာ ပေါသော်လည်း ရှာလီကပုံမှာ လူတိုင်းငေးကြည့်ရသည့် ကပုံမျိုး ဖြစ်သည်။ လူပ်ရှားမှု၏ ကဗျာ။ ရှာလီကို အေဗာရီထက် သိသိသာသာ ချောသည် လှသည်ဟု အများက ယူဆကြသည်။ သူ့ကိုယ်ဟန်က မနွဲ့ပျောင်း။ သူ့အသံက မမြူချို့။ သူ့မျက်လုံးက မကော့ပျံ။ သို့သော် ရုံးဆန်ဆန်၊ အရာရှိဆန်ဆန်၊ လက်ရေးတို့ စာရေးမဆန်ဆန်။ ဟန်အမူအရာလည်း မရှိ။ သူဦးနှောက်ထဲတွင် ချို့ငဲ့နွမ်းပါးသော လူတန်းစားအား ကယ်မစောင့်ရှောက်ရေးအတွက် အချက်အလက်များ ပြည့်လျှမ်းနေစေကာမူ ထို အချက်အလက် များသည် ကပွဲ ခုန်ပွဲ ဧည့်ခံပွဲ စကားဝိုင်း၌ ရိုးတိုး ရိတ်တိတ်မျှ မပေါ်။

ဝက်စ်သည် တွဲကနေရင်းက ရှာလီကို ငုံကြည့်လိုက်သည်။ သူ့သွေးထဲတွင် ဂီတလှိုင်း ထနေသည်။ ဘလိန်း ကောလိပ် ဥက္ကဋ္ဌရာထူး ကမ်းလှမ်းချက်ကို ပြောပြသည်။

ရှာလီက သူဘာလုပ်မလဲ မမေး။ သူလုပ်ချင်သော အများအကျိုးဆောင်လုပ်ငန်း လုပ်ခွင့်ပေါ်လေပြီဟု ချက်ဆို နားခွက်က မီးတောက်သော ရှာလီက သိလိုက်သည်။ ထို့ကြောင့် သူပါ ရောပျော်မိသည်။

ဝက်စ်သည် သူ့အစီအစဉ်များကို ရှာလီအား စီကာပတ်ကုံး ပြောပြနေလေ၏။ ဘလိန်းကောလိပ်ကို ခေတ်သစ် ပညာရေး အဖွဲ့အစည်းကြီးဖြစ်အောင် လုပ်မည်။ ပြည်နယ်နှင့် မြို့တော် တိုးတက်ကြီးပွားရေး၌ တတပ်တအား ပါဝင်ကြမည့် လူငယ်လူထက် ရဲရဲတောက်ကလေးများကို မွေးထုတ်မည်။

"ကျွန်တော့်ကို ဂျွန်လမှာ ရွေးမယ်။ ဒါပေမယ့် အတိအကျတော့ မသိရသေးဘူးပေါ့။ ဒီစကားကို လျှို့ဝှက်ထားနော်။ ဧပြီမှာ ကျွန်တော့်လုပ်ငန်းကို ဖျက်မယ်။ မေလမှာ ကျောင်းသစ်တွေ ပြုဝင်လာအောင် လှုံ့ဆော်ရေးတွေ လုပ်မယ်။ ဂျွန်လမှာ ဥရောပကို သွားမယ်။ ကမ္ဘာဟောင်းရဲ့ ပညာရေးစနစ်တွေကို လေ့လာမယ်။ ဩဂုတ်လလယ် ဆိုရင် ဥက္ကဋ္ဌစားပွဲမှာ ထိုင်ပီ"

ရှာလီက ဘုန်းတော်ဘွဲ့ တေးသီသလို ကြည်နူးဝမ်းမြောက် စကားဆိုသည်။

ရှာလီသည် ဘီဗာ လေဘတ်က လက်ဆောင်ပေးသည့် နှင်းဆီ ပန်းစည်းကြီးထဲမှ တျာတျာနီရဲသော နှင်းဆီပန်းတပွင့်ကို ယူကာ

"ပြည်နယ် ကယ်ဆယ်စောင့်ရှောက်ရေးဌာန လက်ထောက် အတွင်းရေးမှူးက ဥက္ကဋ္ဌကြီးဝက်စ်ကို သစ္စာတော်ခံ အထိမ်းအမှတ်နဲ့ ပန်းလက်ဆောင် ဆက်ပါတယ်ရှင်" ဟု ရယ်ရွှန်းရွှန်း ပြောလိုက်၏။

"အား၊ ဥက္ကဋ္ဌကြီးက ပန်းကို သူ့အင်္ကျီအပုံးမှာ ထိုးပေးဘို့ သစ္စာတော်ခံကလေးကို အမိန့်ရှိတော်မူတယ်"

ခဏကြာသောအခါ ဝက်စ်သည် မစ္စအေဗာရီနှင့် တွဲကနေလေ၏။ ဂီတသံဆုံးလျှင် ညစာစားကြဘို့ ပြင်သည်။ မစ္စအေဗာရီသည် ကုလားထိုင်မှထကာ နှင်းပန်းကလေးတပွင့်ကို ယူလိုက်သည်။

"လှတယ်နော်၊ ကပွဲအတွက် ကျေးဇူးတင်လို့ ပန်းလက်ဆောင် ကလေး ပေးပါရစေ" ဟု ပြောပြီးမှ ဝက်စ်၏ ရင်ဘတ်မှ နှင်းဆီနီနီကို မြင်ကာ "အော်၊ ရှင့်မှာ ပန်းရှိနေပီဘဲ" ဟု မျက်နှာထားကလေး မသိမသာ ပြင်လျှက် ပြောသည်။

ဝက်စ်က ခပ်သောသော ရယ်လိုက်ပြီး နှင်းဆီပွင့်ကို ဖြုတ်၍ အိတ်ထဲထိုးထည့်လိုက်သည်။

"ကဲ ထိုးပေးလေ"

"မလိုတော့ပါဘူးရှင်ရယ်။ ပန်းဆိုတာ ခဏနဲ့ ညှိုးတာမျိုးပဲဟာ"

"ထင်တလုံးနဲ့တော့ မလုပ်လိုက်ပါနဲ့ဗျာ။ ဒီကလေးမတွေက ကျွန်တော်နဲ့ အူဝဲ ဆိုကထဲက သိလာကြတာ။ သူတို့က ပန်းထိုးပေးတော့လဲ ဘယ်ငြင်းလို့ ကောင်းမလဲ။ ကဲ ခင်ဗျားပန်းကို ထိုးပေးမှာသာ ထိုးပေးပါ"

မစ္စအေဗာရီက ခေါင်းခါလိုက်သေး၏။ ပြီးမှ မျက်လုံးချင်းဆိုင်လိုက်ကာ ဝက်စ်၏ရင်တွင် နှင်းပန်း ဖြူဖြူကလေးကို ထိုးပေးလိုက်လေ၏။

ညစာစားပွဲတွင် တူယှဉ်တွဲ၍ စားကြ သောက်ကြရင်း "ရှင့်လုပ်ငန်းကို စွန့်ရတာချင်းအတူတူ ကောလိပ် ထက်ကြီးတဲ့ တခြား လူထုအဖွဲ့အစည်း အလုပ်တခုခု လုပ်ပါလား" ဟု မစ္စအေဗာရီက စကားစသည်။

"လူထုကလဲ တောင်းဆိုအုံးမှကိုး"

"တနေ့က ရှင့်မိတ်ဆွေကြီး ဗိုလ်မှူးကြီးကောင်းနဲ့ တွေ့တယ်။ သူက လူတော် လူကောင်းသာဆိုရင် မြို့တော်ဝန် ဘဝကနေပြီး ဘုရင်ခံ ဖြစ်နိုင်သတဲ့။ လူတော် လူကောင်းဆိုတာ ဘယ်လိုလူမျိုးလို့ ထင်သလဲ"

ဝက်စ်က မသိကြောင်း ခေါင်းခါပြသည်။

"ရှင်လိုလူမျိုးတဲ့၊ သိလား။ မြို့တော်ဝန်ကနေ ဆီးနိတ်အထက် လွှတ်တော်အထိ တက်နိုင်မှာတဲ့။ ဒီတော့ ဘာပြုလို့ ကောလိပ်ဥက္ကဋ္ဌ အဖြစ်နဲ့ ထွက်ပေါက်မရှိတဲ့ တလမ်းသွားထဲကို ချောင်ပိတ်မိအောင် ဝင်ရမှာလဲ"

ဤသို့ဆိုလျှင် ဒီလိုင်လာကပြော၍ **ဆင်မဆင်** က ဖြေသည်မှာ ကောလိပ်ဥက္ကဋ္ဌ ရာထူးသည် မပြန်လမ်း မဟုတ်။ ပြည်သူ့ အရေးအခင်းများကို စောင့်၍ လေ့လာနေမည်။ သတင်းစာများတွင် ဆောင်းပါးရေးပြီး ပြည်သူ့ ထင်မြင်ချက်ကို ဖန်တီးဖော်ထုတ်မည်။ အခြေအနေက တောင်းဆိုလျှင် နိုင်ငံရေးထဲသို့ ခြေစုံပစ်ဝင်လာမည်။

"ဒီလိုဆိုလဲ ပို့စ်သတင်းစာ အယ်ဒီတာလုပ်တာကမှ ကောင်းအုံးမယ်" ဒီလိုင်လာ သက်ပြင်းကလေး ရှိုက်၍ ပြောသည်။

ဒီလိုင်လာ၏စကားသည် ဆင်မဆင်၏ ခေါင်းထဲတွင် စွဲဝင်သွားသည်။

[**ဆင်မဆင်** = သမ္မာကျမ်းစာ ဓမ္မဟောင်းကျမ်း တရားသူကြီးမှတ်စာ ၁၆ လာ မာယာရှင်နှင့် ဗလကြီး ဝတ္ထုကို ရည်ညွှန်းသည်။ တရားသူကြီးမှတ်စာတွင် ဒေလီလနှင့် ရုံဆုန်ဟု ရေးသည်။ ရုံဆုန် (ဆင်မဆင်) သည် အင်အားကြီးသည်။ ခြင်္သေ့ကိုပင် ဆိတ်သူငယ်ကဲ့သို့ ဆွဲဖြတ် သတ်နိုင်သည်။ ရုံဆုန်သည် ဣသရေလအမျိုး ဖြစ်သည်။ ဣသရေလအမျိုးကို အုပ်စိုးသော ဖိလိတ္တိအမျိုးကို သတ်ညှစ်ပြီး ဣသရေလအမျိုးကို နှစ် ၂၀ အုပ်စိုးသည်။ ဖိလိတ္တိမင်းတို့က ရုံဆုန်၏ကြီးသော ခွန်အားအဘယ်မှာ တည်သနည်းဟု သိလို၍ ရုံဆုန်ချစ်သော ဒေလီလ (ဒီလိုင်လာ) ကို ဖျားယောင်းမေးစေသည်။ ဒေလီလက နေ့တိုင်းပူဆာ၍ ရုံဆုန်က သူ့ဆံပင်ကို ရိတ်ဖြတ်လျှင် ခွန်အားလျော့မည်ဟု ပြောသည်။ ရုံဆုန်အိပ်နေစဉ် ဖိလိတ္တိတို့က ရုံဆုန်တို့ ဆံပင်ဖြတ်၊ မျက်လုံးဖောက်ပြီး ဂါဇာမြို့သို့ ဆောင်ယူ၍ အကျဉ်းချသည်။]

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

ကပွဲ စောစောသိမ်းသည်။ အပြန်တွင် ဝက်စ်သည် ရှာလီဝေလင်နှင့် မျက်နှာချင်း ဆုံမိပြန်သည်။

"ဥက္ကဋ္ဌကြီးရဲ့ကိစ္စ စဉ်းစားကြည့်မိတယ်။ စဉ်းစားလေ ပိုပြီးသဘောကျလေဘဲ။ ကျောင်းသားတွေကို လိမ်မာရေးခြားရှိဘို့ အလုပ်ကြိုးစားဘို့ သင်ပါနော်။ ကျမတို့ ဌာနကို ဒုက္ခပေးမယ့်လူတွေလဲ ဖြစ်မလာပါ စေနဲ့အုံးရှင်"

"ပြည်နယ်ကယ်ဆယ်စောင့်ရှောက်ရေးဌာနကိုတော့ ဘလိန်းကောလိပ်က မဖျက်ဆီးပါဘူးဗျာ။ ဒါ့ထက် သတင်းဆိုးတခု ပြောရအုံးမယ်။ ခင်ဗျား ပါရဂူကလေးကို ပို့စ်သတင်းစာ ဖြုတ်ပစ်တော့မယ်"

"မဖြစ်နိုင်တာရှင်"

"ဒါရိုက်တာတွေ ဇာတ်ပြီလမှာ စဉ်းစားကြမယ်။ ဗိုလ်မှူးကြီးကောင်းကလဲ ဖြုတ်ပစ်ဖို့ ထောက်ခံလိမ့်မယ်။ သူက ပြောတော့ ဒေါက်တာလေးက ပိဋ္ဌကတ်အိုးကွဲ ဖြစ်နေလို့တဲ့"

ရှာလီသည် ညှိုးယော်သွားသည်။

"ရှင် မကူနိုင်တော့ဘူးလား"

"ကူမှာပါ။ ဒီလူ အဖိုးတန်ပါတယ်။ မဖြုတ်အောင် ကျွန်တော် တတ်နိုင်သလောက် လုပ်ပါ့မယ်"

ပြောင်ရွှန်းတာရာကလေးနှင့် ဂြိုလ်နက္ခတ်ကြီးတို့သည် မစ္စတာကွိအား သနားကယ်မ ကြရပေဦးတော့မည်။

တာရာကလေးက

"ကျေးဇူးတင်လိုက်တာရှင်၊ ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး။ ဒီပန်းကလေးနဲ့ဘဲ ကျေးဇူးဆပ်မှဘဲ"

ရှာလီက နှင်းဆီပန်းစည်းကြီးထဲမှ ကျက်သရေ အရှိဆုံး အပွင့်တပွင့်ကို ဆွဲနုတ်ယူလိုက်ပြီးမှ စောစောက ပန်းတပွင့် ပေးခဲ့ပြီးဖြစ်သည်ကို သတိရသည်။

ဝက်စ်သည် သူ့ရင်ဘတ်ကို ကသုတ်ကရက် ငုံ့ကြည့်လိုက်သည်။ တော်သေးရဲ့ မစ္စအေဗာရီပေးသည့် နှင်းပန်းဖြူကလေး ဘယ်ကျနေမှန်းမသိ။ မရှိတော့။ သူသည် စောစောက ရှာလီပေးထားသော နှင်းဆီပန်းကလေး ကို အပေါ်အင်္ကျီအိတ်ထဲမှ တယုတယ ဆွဲထုတ်လိုက်သည်။

"ဥက္ကဋ္ဌကြီး ဒီနှင်းဆီပန်းကို သူ့အသဲပေါ်မှာ ပန်ဆင်ထားပါတယ်"

"အဲဒီပန်းက ဥက္ကဋ္ဌကြီးအတွက်ပါ။ ဒီတပွင့်ကတော့ ဒါရိုက်တာကြီးအတွက် ယောက်ျား ရင့်မကြီးအတွက်" ဟု ဆိုကာ ဝက်စ်၏ အင်္ကျီ ရင်ဖုံးတွင် နှင်းဆီပွင့်ကို ထိုးပေးလိုက်သည်။

ပန်းထိုးပေးပြီးချိန်တွင် ရှာလီသည် မစ္စအေဗာရီနှင့် မျက်လုံးချင်းဆုံမိလိုက်သည်။

မိန်းကလေးနှစ်ဦးသည် တဦးကိုတဦး ထူးထူးလည်လည် ရွှင်ကြည်စွာဖြင့် ပြုံးပြရင်း ဦးညွှတ် နှုတ်ဆက်လိုက် ကြလေ၏။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

(၁၀)

"မစ္စတာကွိ။ တမိနစ်လောက် မေးပါရစေ"

"နေအုံး။ အချိန် မရောက်သေးဘူး"

"စီစေရှိရဲ့ စာတွေက ခက်လွန်းလို့ပါ"

"ခက်တာတွေ စုထားလို့ ပြောထားတယ် မဟုတ်လား။ အချိန်ရောက်မှမေး။ ကိုးနာရီကျမှ ငါခဏနားမယ်"

ကွိက စာနားမလည်လျှင် ဆူဆူညည်ညိုမနေဘဲ လာမေးလှည့်၊ ပြေးမယ်ဟု ပြောထားသည့် အတိုင်း ဖီဖီက ညတိုင်း စာမေးနေသည်။ သို့သော် အချိန်ဇယားအတိုင်းသာ မေးရသည်။ ည ၉ နာရီထိုးလျှင် ကွိ အလုပ်ခဏနားသည်။ ၉ နာရီ ၄၅ မိနစ်အထိ ဖီဖီ၏ အခက်အခဲများကို ရှင်းပေးသည်။ 'တိုးတိုး' ဆိုင်းဘုတ်ကြီး မရှိတော့သော် လည်း ကွိသည် မီးရထားကြီးထက်ပို၍ အချိန်ဇယားကိုက်အောင် လုပ်သည်။

"ကိုးနာရီ။ ကိုင်း ခက်တယ်ဆိုတာတွေ ယူခဲ့စမ်း"

ကွိက စီစေရိစာအုပ်ကို ခဲတံဖြင့် မလိုတမာ ထိုးလှန်လိုက်ပြီး "မစ္စ၊ မစ္စဖီဖီ။ မင်း လက်တင် သဒ္ဒါကို နားမလည်တာချည်းကိုး"

"ကျမကို တခြား မိတ်ဆွေတွေက ခေါ်သလို ဖီဖီလို့ဘဲ ခေါ်ပါလားရှင်"

"ငါက မင်းမိတ်ဆွေမှ မဟုတ်ဘဲ"

ဖီဖီ၏ ဖြူဖတ်ဖတ် ပါးပြင်ပေါ်၌ ဖြာတောင့်ဖြာခဲ သွေးရောင် ဖြာသွားသည်။

"ကျမကို ဒီလောက် ကူညီနေတော့ ကျမကို ခင်လို့လို့ ထင်တာပေါ့ရှင်"

ကွိသည် ချောင်းတချက်ဟန့်ပြီး

"ခင်ပါတယ်လေ။ ဖီဖီလို့ ခေါ်စေချင်လဲ ခေါ်ပါ့မယ်။ ဒါပေမယ့် မိတ်ဆွေဆိုတာကတော့ မဖြစ်ဖူး။ မဖြစ်ဖူး။ မိတ်ဆွေရှိတာ အချိန်ကုန်တယ်"

"ကျမက မိတ်ဆွေ ဖြစ်သွားလဲ ခုထက်တော့ အချိန်ပိုမတောင်းပါဘူးရှင်" ဖီဖီက စင်းစင်းကြီး ပြော၍ "ငါ ဘာဆိုလိုတယ်ဆိုတာ ငါသိတယ်" ဟု နယူးယောက်မြို့ရှိ မိတ်ဆွေနှစ်ဦး၏ ပိုင်ရှင် ကွိက ဖြေလိုက်သည်။ "ဆိုပါတော့လေ" ဖီဖီက ဆက်ပြောသည်။

"ရှင့်စာအုပ်ကြီး ထွက်လာတော့ ရှင် သိပ်နာမယ်ကျော်သွားရော ဆိုပါတော့။ မိတ်ဆွေ မရှိဘဲ တကမ္ဘာလုံးမှာ ရှင်တယောက်ထဲ ဖြစ်နေမှာပေါ့။ ရှင်သေတော့လဲ ငိုမယ့်လူ၊ လွန်းကျန်ရစ်မယ့်သူ တယောက်မှ မရှိဘူး ဆိုရင်ကော။ အဲဒါ အောင်မြင်တဲ့ဘဝလို့ ရှင်ထင်သလားဟင်"

"အေး၊ အေး။ ထင်တယ်"

"ရှင့်ကို လူတွေက ခင်တာ၊ မိတ်ဆွေ ဖြစ်ချင်တာကို ရှင်မလိုချင်ဘူးလားဟင်"

"ငါလိုချင်တာ မလိုချင်တာ ပြဿနာ မဟုတ်ဖူး။ ပျော်ပျော်နေ သေခဲလုပ်နေဘို့ ငါ လူဖြစ်လာတာ မဟုတ်ဖူး။ လူသားတွေ အကျိုးအတွက် လေးနက်တဲ့ အလုပ်ကို လုပ်ဖို့ လူဖြစ်လာတာ။ အဲဒီအလုပ်ကို လုပ်ဖို့ စွဲစွဲမြဲမြဲကြီး အာရုံစူးစိုက်ရတယ်။ အသေးအဖွဲတွေကို ရက်ရက်စက်စက်ကြီး ဖယ်ထုတ်ရတယ်။ သဘောပေါက်ရဲ့လား"

"ဒါပေမယ့် ရှင် မနက်ဖြန်ခါ သေသွားတယ် ဆိုပါတော့"

ကွိ၏ မကျိုးမပေါက်သော ဧကစာကျင့်သုံးမှုကို ရွံ့ထိတ်စွဲလမ်းစွာ ဖီဖီက ပြောသည်။ "ရှင့်အတွက် တကယ် အစစ်အမှန် ဝမ်းနဲမယ့်သူ ရှိတာကော သိလား"

"မစဉ်းစားမိဘူး။ နယူးယောက် ငါ့မိတ်ဆွေ နှစ်ယောက်ကတော့ ဝမ်းနဲချင် ဝမ်းနဲမှာပေါ့။ သူတို့ဘဲ ရှိတာဘဲ"

"သူတို့ မဟုတ်သေးဘူး။ တခြားရှိသေးတယ်"

"ဘုရားသခင်လေ" ဟု ဖီဖီက ပြောလိမ့်မည်ဟု ကွိမှန်းဆမိ၍

"ဘယ်သူလဲ"

ဖီဖီ စိတ်ပျက်သွားသည်။ ကွိကို ငေးစိုက်ကြည့်ရင်း ကလေးဆန်ဆန် ခဲ့ဒိုးကြီး ပြောချလိုက်သည်။

"ကျမက ရှင်သိတယ် ထင်နေတာ။ ကျမလေ။ ကျမပေါ့ရှင့်"

ကွိ မျက်လွှာချသွားသည်။ တခန်းလုံး ခေတ္တငြိမ်သွားသည်။ ကွိသည် သူ့ရင်ထဲတွင် သူ ခြေခြေမြစ်မြစ် နားမလည်သော ခံစားချက် အဆန်းတခု ပေါ်နေသည်ကို သိလိုက်သည်။ စကားဖြတ်ရန် ဖွင့်ထားသော စာအုပ်ကို ခဲတံဖြင့် ခေါက်ပြီး

"ကိုင်း၊ ကိုင်း။ ခက်တာတွေ ဆက်ရှင်းရအောင်။ ကဲ **ကွမ်အော့ရမ်၊ ကွိရိုက်**"

ဖီဖီသည် အချိန်ဇယားထက် တစက္ကန့်ပိုမနေ။ သူ၏ **'အမ်တီ၊ စီစေရိုနစ်၊ အိုရေရှင်းနက်၊ ဆီလက်တေး'** စာအုပ်ကို ပိတ်လိုက်သည်။ အခြားပစ္စည်း ပစ္စယကလေးများကိုလည်း သိမ်းလိုက်သည်။ ပြီးမှ ဆိုင်းမဆင့် ဘုံမဆင့်

"ကျမ ရှေ့အပတ် ကျောင်းထွက်ရတော့မယ် မစ္စတာကွို။ ကျမ စာမေးပွဲအောင်အောင် ဖြေနိုင်မယ် မထင်တော့ဘူး"

ကိုက တအံ့တသြဖြစ်ကာ မကျေမနပ်သံဖြင့်
"ဘာပြုလို့လဲ" ဟု မေးသည်။
"ကျမ မကျန်းမာဘူးတဲ့။ ဒီနေ့ လာကုတဲ့ ဆရာဝန်က ပြောသွားလို့"
"မင်းက စာမေးပွဲ အောင်ချင်တာလား"
ကိုသည် ခဲတံဖြင့် ကယောင်ကယင် ထင်ရာ လျှောက်ခြစ်နေရာမှ မေးခွန်းထုတ်သည်။
"သိပ်အောင်ချင်တာပေါ့ရှင်"

[Quam 0b rem Quirites။ ။ လက်တင်စကား။ 'သို့ဖြစ်ခြင်းကြောင့် သင်မျှော်မှန်းရမည်မှာ' ဟု အဓိပ္ပာယ်ရသည်။

M.T. Ciceronis Orationes Selectae ။ ။ လက်တင်စကား။ 'အမ် တီ စီစေရို မိန်ခွန်း ကောက်နုတ်ချက်' ဟု အဓိပ္ပာယ်ရသည်။]

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

ဆိတ်ငြိမ်နေသည်။ ကိုသည် ဖြုံးစား ဖြင်းစား ပေါ်လာသော စိတ်ရူး စိတ်နှမ်းနှင့် နပမ်းလုံးနေသည်။ ဖီဖီကို သူညတိုင်း စာပြပေးချင်သည်။ နားမရှင်းမှ ပြပေးရုံမဟုတ်။ ဖီဖီစာများများ မကျက်ရတဲ့ စာလိုက်နိုင်အောင် ပြပေးချင်သည်။ ထိုစိတ်ရူး စိတ်နှမ်းကို ကြမ်းကြမ်း ရမ်းရမ်းပင် ချိုးနှိမ်ပစ်လိုက်ရသည်။ ဤနေရာတွင် သူ့ ပရဟိတစိတ်၊ ကိုယ်ကျိုးစွန့်စိတ်၊ အနစ်နာခံစိတ်ကို အထင်ကရ ပြလိုက်ချင်သည်။ သို့သော် နောင်လာနောက်သား အများ ကောင်းစားရေး အလို့ငှာ သူ့ မဟာလုပ်ငန်းကြီးမှ သူအချိန်မခိုးနိုင်။
"ဆိုတာပေါ့"
"ကျမ လာမရှုပ်နိုင်တော့လို့ ရှင်ကတော့ ဝမ်းသာမှာဘဲဆိုတာ ကျမ သိပါတယ်ရှင်"
"ဒီလိုလဲ မဟုတ်ပါဘူး"
ကိုသည် ဖီဖီကို အနီးကပ်ကြည့်ပြီး သူ့မျက်နှာကလေးကို လေ့လာနေသည်။
"မင်းသိပ်မမာဘူး။ ဒီအချိန်ဆို အိပ်ဖို့တော်ပြီ"
"ဟုတ်ပါတယ်။ ကျမ မကျန်းမာမှန်း သိပါတယ်"
ဖီဖီ တကယ်လည်း မကျန်းမာ။
ယခုရက်ပိုင်းအတွင်း ကိုယ်အလေးချိန် သုံးပေါင်ကျသွားသည်။ စောစောကလည်း ၁၁ ပေါင် ကျခဲ့သည်။ စားပွဲပေါ်မှ သူ့လက် ပိန်ညောင်းညောင်းကလေးများသည် မီးရောင်ပင် ပေါက်ထွက်နေသလို ထင်ရသည်။
"ကျမ ဆင်းမလာရင် ရှင် လွမ်းနေမှာလားဟင်"
ဖီဖီက မရှက်မရွံ့မေးသည်။
"လွမ်းမှာ ဟုတ်လား"
"မလွမ်းဘူးဆိုတာ ကျမ သိပါတယ်လေ"
ကိုက နာရီကို ကြည့်လိုက်ကာ
"မင်း စာမေးပွဲ မဖြေရမှာကိုတော့ ငါဝမ်းနဲတာ အမှန်ပဲ"

ချောင်းတဟွတ်ဟွတ်နှင့် ဖိဖိထွက်သွား၏။ ဖိဖိနှင့် သူ့ချောင်းဆိုးသံသည် မဟာလုပ်ငန်းကြီးကို ယနေ့ည အလိုက်ကန်းဆိုးမသိ ဝင်ရှုပ်သွားသည်။ ဖိဖိ ထွက်သွားပြီးသည့် နောက်မှာပင် သူ့အကြောင်းကို စိတ်ထဲမှ ပယ်ဖျောက်ရန် တမိနစ်ခွဲလောက် အချိန်ကုန်ရသေးသည်။ ယခုတဖန် စာရေးစက္ကူ ကုန်နေပြန်၍ အပေါ်ထပ်သို့ တက်ယူရန် အချိန်နုတ်ရဦးမယ်။

အချိန်တွေ တနုတ်ထဲ နုတ်နေရခြင်း။ ဒါပင် သူ့ဘဝလို ဖြစ်နေလေပြီ။

ကလင်ကာအတွက် နုတ်ထားရသော ရက်ပေါင်း သုံးဆယ်မှ နာရီများသည် ယနေ့ စေ့မြောက်ပြီ။ သို့သော် ကလင်ကာက နောက်ထပ် အချိန် ငါးဆယ်ရာခိုင်နှုန်း တိုးပေးရန် တိုက်တွန်း တောင်းဆိုသည်။ သူကိုယ်တိုင် ကလည်း သဘောတူရန် မဆွတ်ခင်က ညွှတ်ချင်နေသည်။ ကိုယ်လက်လှုပ်ရှားမှု စတင်လုပ်ချိန်မှစ၍ သူ သိသိသာသာ နေကောင်းထိုင်သာ ရှိလာသည်။ ခေါင်းမကိုက်သည်ပင် တပတ်ခန့်ရှိသွားပြီ။ အလုပ်လည်း ပို၍ လုပ်နိုင် လာသည်။

မည်သို့ပင်ဖြစ်စေ တနေ့ တနာရီ နုတ်ရသည်များ နုတ်ရတာပင်ဖြစ်သည်။ တနှစ် နာရီပေါင်း သုံးရာခြောက်ဆယ့်ငါးနာရီ။ စာအုပ်ပြီးဘို့ သုံးလနောက်ကျသွားပြီ။ ကလင်ကာကလည်း မကြာမကြာ အလည် လာသေးသည်။ ဖိဖိကလည်း တမှောင့်။ (ယနေ့ည ဆယ့်ရှစ်မိနစ် အချိန်ကုန်သည်။) တောင် သမုဒ္ဒရာရှိ လူမသိသူမသိ ကျွန်းတကျွန်းပေါ်တွင် သွားနေပါမှ လွတ်လွတ် ကင်းကင်း နေနိုင်ကောင်း နေနိုင်မည်။ ဤအိမ်တွင် လွတ်လွတ် ကင်းကင်း နေဘို့ကား မျှော်လင့်ချက် မရှိ။

"အား။ မစ္စတာကွိပါလား။ တွေ့ရတာ အတော်ဘဲ။ ကျွန်တော့် အခန်း ခဏပေးဝင်ပါအုံဗျာ။ ခင်ဗျား အလုပ်တွေ သိပ်များတယ်ဆိုတာ သိပါတယ်။ ဒါပေမယ့် ကျွန်တော် စုထားတဲ့ စာအုပ်ကလေးတွေ ပြချင်လို့ပါ"

လှေကားမှ တက်လာသော ပါမောက္ခနီကိုလိုဗီးယပ်က စာရေး စက္ကူယူပြီး ဆင်းလာသည့် ကွိကို ဖိတ်မန္တက ပြုသည်။ ပါမောက္ခကြီး၏ အမှန်းကန်းလမ်းမသိခြင်းသည် ပါရဂူကလေး၏ ခါးခါးသည်းသည်း စိတ်အချဉ်ပေါက် နေခြင်းနှင့် ကွက်တိဝင်သွားသည်။

"ကောင်းပါပီဗျား။ ကောင်းပါပီ" ဟု ကွိက ဒေါပွပွနှင့် ပြောလိုက်သည်။

နီကိုလိုဗီးယပ်က သူ့အခန်းတံခါးကို ဖွင့်လိုက်သည်။ တပတ်လျှင် ၁၈ ဒေါ်လာပေးရသည့် အခန်းဖြစ်၍ ကွိမြင်ဘူးသမျှ အခန်းများအနက် နေချင့်စဖွယ် အကောင်းဆုံး အခန်းဖြစ်၏။

ကွိသည် စာအုပ်စင်ဘက်သို့ လျှောက်သွားပြီး စာအုပ်နာမည်များကို ကြည့်နေသည်။ ပါမောက္ခအိုကြီးသည် အရပ်ရှည်ရှည် ကိုင်းကိုင်း။ ခေါင်းတွင် ဆံပင်တပင်မျှမရှိ။ လက်ဖဝါးလို ပြောင်ချောနေသည်။ နှုတ်ခမ်းမွေးကြီး ကမူ ရှည်ရှည် သန်သန်ကြီး ဖြစ်သည်။ နီကျင်ကျင် မုတ်ဆိပ်မွေး ချွန်ချွန် တိုနုံနုံကလေးလည်း ဖြစ်သည်။ မျက်စိများက မဲနက်ပြောင်လက်သည်။ မခိုးမခန့် ကြည့်တတ်သည်။ နဖူးကြောကြီးများ တွန့်နေသည်။ တကြိမ် တခါက ချွန်မြပေါ်လွင်သော နှာခေါင်းသည် ယခုအခါ အလယ်မှ ပိုင်းပိုင်းကျိုးနေသည်။

Commercial use of this book will be at your OWN RISK !

http://myanmarcupid.net

"ခင်ဗျားလေ့လာနေတာက သိပ္ပံပညာထင်ရဲ့။ ကျုပ်မှာ **စပင်ဆာ** တို့၊ **ဟပ်ဇလေ** တို့၊ **ဒါဝင်** တို့၊ **မီးလ်** တို့၊ **ဟွမ်း** တို့၊ **ဂျွန်ဖစ်** တို့ရဲ့ စာအုပ်တွေတော့ရှိတယ်။ နိုင်ငံများ၏ **ဓနအင်အား** စာအုပ်လဲရှိတယ်။ ဟောဒီ စာအုပ် ဟောင်းကြီးက **ဆာဟင်နရီမိန်း** ရဲ့ ခေတ်ဟောင်း တရားဥပဒေဆိုတာလေ။ ခင်ဗျားဖတ်ဖူးမှာပေါ့"

[စပင်ဆာ၊ ဟားဘတ် (၁၈၂၀–၁၉၀၃) ။ ။ အင်္ဂလိပ် ဒဿနဗေဒ ပညာရှင်။ အဆင့်ဆင့် တိုးတက်ပြောင်းလဲမှု သဘောတရားသည် လောကသုံးပါးစလုံးကို လွှမ်းမိုးသည်။ လူ့အဖွဲ့အစည်းကိုလည်း ဩဇာ သက်ရောက်သည်ဆိုသော အယူအဆကို လက်ကိုင်ထားသည်။

ဟပ်ဇလေ၊ သောမတ်ဟင်နရီ (၁၈၂၅–၉၅) ။ ။ အင်္ဂလိပ် သတ္တဗေဒ ပညာရှင်။ စာရေးဆရာ။ ဒါဝင်၏ မိတ်ဆွေ။ ဒါဝင် ဝါဒကို နှစ်နှစ်ကာကာ ထောက်ခံသူ။ သိပ္ပံပညာကို ဆောင်းပါးများ၊ ဟောပြောချက်များဖြင့် လူသိများအောင် ပွဲထုတ်ပေးခဲ့သည်။

ဒါဝင်၊ ချားလ်စ်ရောဘတ် (၁၈၀၉–၈၂) ။ ။ အင်္ဂလိပ် သဘာဝဝတ္ထုပညာရှင်။ စာရေးဆရာ။ လူသည် မျောက်က ဆင်းသက်ခဲ့သည်ဟူ၍ သာမန်အားဖြင့် လူပြိန်းနားလည်သော အဆင့်ဆင့် တိုးတက်ပြောင်းလဲမှု သဘောတရားကို သက်သေထုတ်ခဲ့သူ။ ကမ္ဘာကို ကိုင်လှုပ်ခဲ့သော **မျိုးရင်းများ၏ မူလအစ** (၁၈၉၀) **လူဆင်းသက်ပေါက်ဖွားမှု** (၁၈၇၁) စာအုပ်များကို ရေးသားခဲ့သည်။

မီးလ်၊ ဂျွန်စတူးဝပ် (၁၈၀၆–၇၃) ။ ။ အင်္ဂလိပ် ဒဿနပညာရှင် ဘောဂဗေဒပညာရှင်။ အစိုးရ၏ လုပ်ငန်းတာဝန်သည် လူပုဂ္ဂိုလ်တဦးစီ၏ ကောင်းကျိုးကို ဆောင်ရွက်ရန်ဖြစ်သည်ဟူသော သဘောထားကို ကိုင်စွဲသည်။ လွတ်လပ်စွာ တွေးကြံခွင့်၊ ပြောဆိုခွင့်ကို ပိတ်ပင်သည့် အစိုးရလုပ်ငန်းများကို လက်မခံ။ ၁၈၅၀ တွင် သူရေးသော လွတ်လပ်ခွင့် အမည်ရှိ စာအုပ်သည် လူတဦးချင်းစီ၏ အခွင့်အရေးကို ကာကွယ်ရေးသားခဲ့သည့် စာအုပ်များအနက် ဂန္ထဝင်မြောက် စာအုပ်ဖြစ်သည်။

ဟွမ်း၊ ဒေးဗစ် ။ ။ စကော့တလန်ပြည်သား ဒဿနပညာရှင်။ သမိုင်းပညာရှင်။ ဒွာရဝါဒီ။ အတွေ့အကြုံသက်သက် ဝါဒီ။ ဗြိတိသျှ ဒဿနပညာရှင်များအနက် အထင်ရှားဆုံး ဖြစ်သည်။ စိတ်နှင့် ကျိုးကြောင်းဆက်စပ်မှု ဝါဒကို လက်မခံ။ ဘာသာရေးကို ပစ်ပယ်သည်။

ဖစ်၊ဂျွန် (၁၈၄၂–၁၉၀၁) ။ ။ အမေရိကန် ဒဿနပညာရှင်။ သမိုင်း ပညာရှင်။ အဆင့်ဆင့် တိုးတက်ပြောင်းလဲမှု သဘောတရားနှင့် ခရစ်ယာန်အယူဝါဒကို ရင်ကြားစေ့ပေးခဲ့သည်။ ၁၈၀၀ ပြည့်နှစ်များ၏ နောက်ပိုင်းတွင် အမေရိကန် ပညာတတ် လောကတွင် ဩဇာလွှမ်းမိုးခဲ့သူ ဖြစ်သည်။

နိုင်ငံများ၏ ဓနအင်အား ။ ။ စာအုပ်အမည် အပြည့်စုံမှာ **နိုင်ငံများ၏ ဓနအင်အား၏ သဘောသဘာဝနှင့် အကြောင်းရင်းများကို စူးစမ်းလေ့လာခြင်း** ဖြစ်သည်။ စီးပွားရေး ဗေဒပညာရှင် အဒမ်စမစ် (၁၇၂၃–၉၀) ရေးသားခဲ့သည့် ကမ္ဘာကျော် ဘောဂဗေဒ ပညာစာအုပ်။ ၁၅၀၀ ခုနှစ် ပတ်ဝန်းကျင်တွင် ခေတ်စားခဲ့သော ပြည်ပသို့ ကုန်များများပို့၊ ပြည်တွင်းသို့ ကုန်လျော့သွင်းဆိုသည့် မာကင်တိုင် ဝါဒကို ပစ်ပယ် ဝေဖန်တိုက်ခိုက်ပြီး စီးပွားရေးတွင် အစိုးရ လုံးဝ ဝင်မစွတ်ရေး (လေဇဲဖဲယား) ဝါဒ၏ ဩဇာရှိသော ခေါင်းဆောင်ပုဂ္ဂိုလ်ဖြစ်သည်။ ဗြိတိသျှ နိုင်ငံရေး ဘောဂဗေဒစနစ်ကို တည်ထောင်သူဖြစ်သည်။

မိန်း။ ဆာဟင်နရီဂျိမ်းဆွမ်နာ (၁၈၂၂–၈၈) ။ ။ ဗြိတိသျှ ဥပဒေပညာရှင်။ သမိုင်းပညာရှင်။ ခေတ်ဟောင်းတရားဥပဒေ အမည်ရှိ စာအုပ်ကြောင့် ကျော်ကြားသည်။ ထိုစာအုပ်ကို ၁၈၆၁ တွင် ရေးခဲ့သည်။]

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

မြန်မာ့မျှားနတ်မောင်

"အကုန်ဖတ်ဖူးတယ်" ကိုသည် ချိုင်းတွင် စာအုပ်နှစ်အုပ် ညှပ်ထားလျက်က နောက်တအုပ်ကို ထပ်ဆွဲထုတ်ပြန်ပြီး ပါမောက္ခကြီး အမေးကို ဖြေသည်။ "ကျွန်တော်ဖတ်ဖူးခဲ့တာတွေ များလွန်းလို့ စဉ်းစားရင် အံ့အားတောင် သင့်တယ်။ **ဘင်ဂျင်မင်ကစ်** ပါလား။ ဟား၊ ကျွန်တော် သူ့ကို ဖတ်ဖူးတဲ့ အချိန်တုန်းက စာကြည့်တိုက်တိုင်းမှာ သူ့စာအုပ်တွေ မရှိသေးဘူး။ အင်း၊ ခင်ဗျားစာအုပ်စင်က နိုင်ငံရေး ဘောဂဗေဒ အတော်စုံသားဘဲ။ **အဲလ်ဖရက်မာရှယ်** အတော်ကောင်းတယ် ဒဿနိကပညာတော့ ဘာမှ မပါပါဘူး။ **ကွန်ထရက်ဆိုရှယ်** အလကားဟာပါ"

[**ကစ် ဘင်ဂျင်မင် (၁၈၅၈–၁၉၁၆)** ။ ။ အင်္ဂလိပ် လူမှုရေး၊ သိပ္ပံပညာရှင် **လူမှုရေးအဆင့်ဆင့် ပြောင်းလဲတိုးတက်မှု၊ အပူပိုင်းဒေသများ ချုပ်ကိုင်ရေး၊ အနောက်တိုင်း ယဉ်ကျေးမှု အခြေခံမူများ တကိုယ်ရေဝါဒနှင့် ထိုဝါဒလွန်သည့်နောက်** စသည် စာအုပ်စာတမ်းများကို ရေးသားခဲ့သည်။

မာရှယ်၊ အဲလ်ဖရက် (၁၈၄၂–၁၉၂၄)။ ။ အင်္ဂလိပ်လူမျိုး ဘောဂဗေဒ ပညာရှင်။ **စက်မှုလုပ်ငန်း၏ဘောဂဗေဒ၊ စီးပွားရေး အခြေခံမူများ၊ စက်မှုနှင့် ကုန်သွယ်မှု** စသော စာအုပ်စာတန်းများကို ရေးသားခဲ့သည်။

ကွန်ထရက် ဆိုရှယ်။ ။ လူမှု သဘောတူ စာချုပ် အမည်ရှိ စာအုပ် (၁၇၆၂)၊ ပြင်သစ်ဒဿန ဗေဒပညာရှင် စာရေးဆရာ ဂျင်းဂျက်ရူးဆော (၁၇၁၂–၁၇) ရေးသည့် ကမ္ဘာကျော် လူမှုရေး ဗေဒဆိုင်ရာ စာအုပ်။ အတွေ့အကြုံသက်သက် ဒွါရဝါဒ၏ ဖခင်ဟု ဆိုရမည့် အင်္ဂလိပ် လူမှုရေးသိပ္ပံပညာရှင် ဂျွန်လော့ခ်၏ အစိုးရဟူသည် ပြည်သူတို့၏ ဆန္ဒကိုဖော်ထုတ်သည့် အဖွဲ့အစည်းဆိုသော သဘောတရားကို ချဲ့ထွင်ရေးသားထားသည်။]

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

"ဒါတွေကော လိုသေးသလား" နီကိုလိုဗီးယပ်က သမ္မာကျမ်း ဝေဖန်ချက် စာအုပ်စာတန်းများကို လက်ညှိုးထိုး၍ မေးသည်။ "ဂျာမန် လူမျိုးတွေက ဒီ ဘာသာရပ်ဘက်မှာတော့ အတော် ရှေ့ပြေးနေတာဘဲ။ ကျုပ်က တော့ ဘာသာပြန်ဘဲ အားကိုးနေရတယ်"

"ဟော၊ တွေ့ပီ။ ဒီစာအုပ်တော့ ငှားမှဘဲ။ ရမှကို ဖြစ်မယ်"

ကိုသည် စာအုပ်စင် အောက်ဖက်ရှိ စာအုပ်ထူကြီး တအုပ်ကို ဆွဲထုတ်ရင်း ကမူးရှူးထိုး ပြောသည်။ **ကရော်ဇီယာ** ရဲ့ယဉ်ကျေးမှုနှင့် လူမှုတိုးတက်ရေး။ "တွေ့ချက်ကောင်းလိုက်ပုံတော့ဗျာ၊ ကျွန်တော် သိပ်လိုချင်နေတာ။ ကျွန်တော် ခဏယူသွားမယ်နော်"

"ယူပါဗျာ။ နောက်ထပ် လိုချင်တာရှိလဲ ယူပါအုံး"

"နေပါအုံး။ ခင်ဗျားစာအုပ်စာအုပ်စင်မှာ သမိုင်း စာအုပ်လဲ တအုပ်မှ မရှိပါလား"

နီကိုလိုဗီးယပ် မျက်နှာထားပြောင်းသွားသည်။

"မရှိဘူး။ သမိုင်းကို မကြိုက်တဲ့ အကြောင်းကလဲ ရှိနေလို့"

[ကရော်ဇီယာ ဂျွန်ဘီတီ (၁၈၄၉–၁၉၂၁)။ ။ အင်္ဂလိပ် ဒဿနပညာရှင်။ ကနေဒါနိုင်ငံ ဇာတိ။ စကော့လူမျိုး အနွယ်ဖြစ်သည်။ ကနေဒါနိုင်ငံတွင် ဆေးပညာ သင်ကြားခဲ့ပြီး ဗြိတိန်နိုင်ငံတွင် ဆေးကုစားရင်း

ဒဿနိကဗေဒနှင့် ဘောဂဗေဒပညာများကို စနစ်တကျလေ့လာသည်။ **အနာဂတ်ကာလတွင် ဘာသာရေး၊ အသိဉာဏ် ဖွံ့ဖြိုးတိုးတက်မှု သမိုင်း၊ ကျွန်ုပ်၏ အစ္စတွာဘဝ၊ ခနခြား ရဟပ်၊ လူမှုရေး ဗေဒကို လက်တွေ့နိုင်ငံရေး၌ ကျင့်သုံးခြင်း၊ မဟာ အရေးအခင်းများ၏ နိဂုံး** စသော ကမ္ဘာကျော်စာအုပ်များကို ရေးသားခဲ့သည်။]

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

ကိုက ခါးဆန့်ရယ်လိုက်ပြီးမှ

"ခင်ဗျားက လူဘဝကိုရော၊ လူသားတွေကိုရော လူသားတွေရဲ့ အဆင့်ဆင့် တိုးတက်ပြောင်းလဲမှုကိုရော မုန်းတယ်လို့ ပြောတာနဲ့ အတူတူပေါ့"

"မီးဖိုနား ခဏထိုင်ပါအုံး။ ကျုပ် ဒီလိုစိတ်ပေါ်ရတာ ဘာကြောင့်လဲဆိုတာ ပြောပြမယ်။ ခင်ဗျား ဆေးလိပ် မသောက်တတ်ဖူးထင်တယ်"

လူကပ်မခံ၊ စကားအပြော မခံသူဖြစ်၍ အိမ်ဌားနေသူများအကြားတွင် နီကိုလိုဗီးယပ်သည် လျှို့ဝှက်မှုကြီး တခုပမာ ဖြစ်သည်။ မစ္စတာမီလာ အလိုအရ ဆိုလျှင် ဝရမ်းပြေးနေသော မင်းသားတပါးအဖြစ်မှ အငြိမ်း ထိုင်စားနေသော ငွေစက္ကူတု ဂိုဏ်းခေါင်းဆောင် အဖြစ်အထိ ထင်ကြေးအမျိုးမျိုး အပေးခံရသူဖြစ်သည်။ ကိုကမူ သူ့အကြောင်းကို မသိချင်။ စာအုပ်စင်နားက လုံးဝမခွာ။

ထို့ကြောင့် ပါမောက္ခကြီးသည် မီးဖိုဘေးမှ ပြန်ထလာရပြီး ကိုကို ကျောဘက်မှ နေ၍ စကားပြောနေရ တော့သည်။

ကိုကို သူပြောပြသည့် အတိုင်းဆိုလျှင် နီကိုလို ဗီးယပ်သည် အမေရိကန် လူမျိုးမဟုတ်၊ အိုင်းရစ်လူမျိုး ဖြစ်သည်။ အဖိုးက ဂျာမန်လူမျိုးဖြစ်သော်လည်း မိခင်မျိုးရိုးကိုလိုက်ပြီး အိုင်ယာလန် မျိုးချစ်ကြီးဖြစ်လာသည်။ သစ်ပင်များပင် ငုတ်တုတ်ငြိမ်ငြိမ် မပေါက်သော အိုင်ယာလန်တွင် ဟုန်းဟုန်းတောက် စကားပြောကောင်းသူ၊ အလွန်အကျွံသမားတို့၏ အလွန်အကျွံသမားဖြစ်လာသည်။ အိုင်ယာလန် လူငယ်လူပျိုရှားမှု ခေါင်းဆောင် **ဟုမ်းမရူး** ကိုယ်ပိုင် အုပ်ချုပ်ရေး လှုပ်ရှားမှု ခေါင်းဆောင်ဖြစ်လာသည်။

'ပါနယ်ဝါဒ နှင့် ရာဇဝတ်မှု ' ခေတ်တွင် အိုင်ယာလန်မှ ပြေးလာရသည်။ ထိုနှစ်မှာ ၁၈၈၂ ဖြစ်သည်။

နီကိုလိုဗီးယပ်သည် အမေရိကန်သို့ ရောက်လာသောအခါ ကျောင်းဆရာဝင်လုပ်သည်။ နယူးယောက်နှင့် စိန့်ပေါမြို့များတွင် အခြေစိုက်သည်။ ချီကာဂိုလ်မြို့၌လည်း နှစ်ပေါင်းများစွာ နေထိုင်ဘူးသည်။ သူကျန်းမာရေး အတွက် ပိုမိုသင့်လျော်သော တောင်ပိုင်းသို့ ပြောင်းလာရာမှ ဤမြို့ကလေးသို့ ရောက်လာပြီး ကွိနှင့် ဆုံခြင်းဖြစ်သည်။

"အိုင်းရစ်ပြည်ပြေးဆိုတာ သမိုင်းဖတ်ချင်စိတ် မရှိဘူးဗျ" ဟု နီကိုလိုဗီးယပ်က နိဂုံးချုပ်သည်။

[**ဟုမ်းမရူး** ။ ။ အိုင်ယာလန် ကိုယ်ပိုင် အုပ်ချုပ်ရေး လှုပ်ရှားမှု။ ၁၈၈၆ နှင့် ၁၈၉၃ တွင် ဗြိတိသျှ ဝန်ကြီးချုပ် ဂလက်စတုံး၏ လစ်ဘရယ် အစိုးရက ပါလီမန်တွင် ဟုမ်းမရူး ဥပဒေကြမ်း တင်သည်။ သို့သော် အထက် လွှတ်တော်တွင် ပယ်ချခံရ၍ နောက် ရွေးကောက်ပွဲတွင် လစ်ဘရယ် အစိုးရ ပြုတ်ကျသည်။ ၁၉၁၂ တွင် ဥပဒေ ကြမ်း အတည်ဖြစ်သော်လည်း အိုင်ယာလန် နှစ်ခြမ်းကွဲ၍ ဥပဒေအကောင်အထည် မပေါ်။

ပါနယ်၊ ချားလ်စတီးဝပ် (၁၈၄၆–၉၁) ။ ။ အိုင်ယာလန် နိုင်ငံရေးခေါင်းဆောင်။ လယ်သမား လှုပ်ရှားမှုများကို ခေါင်းဆောင်ခဲ့သည်။ ဗြိတိသျှ ပါလီမန်တွင် အိုင်ယာလန် ဟုတ်မရူး ကိုယ်ပိုင် အုပ်ချုပ်ရေး ဥပဒေ တင်သွင်းအောင် အကြပ်ကိုင်နိုင်သည်အထိ နိုင်ငံရေးဩဇာ ကြီးခဲ့သည်။ ၁၈၈၃ တွင် ကက်သရင်း အိုရှီးယားဆိုသူ လင်ရှိမိန်းမတဦးနှင့် ငြိစွန်းသည်ဟု စွပ်စွဲခံရသည်။ ၁၈၉၁ တွင် ထိုအမျိုးသမီးနှင့် လက်ထပ်သည်။ သို့သော် သူနိုင်ငံရေးဩဇာကျဆင်းပြီး အိုင်ယာလန် လူထု စည်းရုံးညီညွတ်မှုကြီးလည်း ပြိုကွဲခဲ့ရသည်။]

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

စကားပြောနေချိန် တလျှောက်လုံး ကွိုကို သူ တစိမ့်စိမ့် ကြည့်နေသည်။ "ကျုပ်ဘဝက ရှင်ရက်နဲ့ သေနေတာပါဗျာ။ ကျုပ် ဘဝ ဇာတ်သိမ်းခဲ့တာ ခင်ဗျား အရွယ်သာသာကတဲ့ကဘဲ"

ပါမောက္ခကြီး၏ ခါးခါးသည်းသည်း နိုင်လှသော လေသံကြောင့် ကွို ကြောင်အမ်းအမ်း လှည့်ကြည့်လိုက်မိ၏။

"အဖိုးကြီးဆိုတော့ လွမ်းစရာ ဆွေးစရာတွေ ပြန်သတိရမိတာပေါ့ဗျာ။ ခွင့်လွှတ်ပါ။ ကျုပ်ဒါမျိုး ပြောခဲပါတယ်။ မိတ်ရင်းဆွေရင်းလို ယုံယုံကြည်ကြည် ဖွင့်ပြောချင်တဲ့စိတ် ကျုပ်မှာ ပေါ်တာ ခင်ဗျားဟာ ပထမဆုံးလူပါဘဲ။ တညတလေ ကျုပ်ဆီ လာလည်ပါဗျာ"

'မိတ်ဆွေ' ဆိုသည့် စကားကို ကြားလိုက်ရ၍ ကွို တုံ့ကနဲ ဖြစ်သွားသည်။ တကမ္ဘာလုံး သူ့ကို မိတ်ဆွေဖွဲ့ရန် စက်ပုန်းခုတ်နေကြပြီလား။

"ကျွန်တော့်မလဲ ရှိသမျှ အချိန်က အလုပ်နဲ့ ကုန်နေတာပါဗျာ"

ကွိသည် မီးမှိန်မှိန်ကလေး ထွန်းထားသော ပါမောက္ခကြီး၏ အခန်းကို လှည့်ပတ်ကြည့်ရင်း သူ့ပို့ကတ်ခန်း ကလေးနှင့် မနှိုင်းယှဉ်မိဘဲ မနေနိုင်အောင် ဖြစ်မိ၏။

"ခင်ဗျားအခန်းက သက်တောင့် သက်သာ ရှိလိုက်လေဗျာ"

နီကိုလိုဗီးယပ်က ပခုံးချိလိုက်ကာ

"ဒီလိုပါပဲဗျာ" ဟု ဖာသာလဝါဖြေသည်။ ဆက်၍ "ကျုပ်လဲ မကြာခင် ပြောင်းတော့မှာပါ" ဟု ပြောသည်။

"ဟုတ်လား"

"ကျုပ်က ဒါ့ထက် ကျယ်ကျယ်လွင့်လွင့်နဲ့ လွတ်လွတ်လပ်လပ် ငြိမ်ငြိမ်ဆိမ်ဆိမ် နေချင်တယ်။ ဒါကြောင့် အိမ်ကလေး တလုံးရှာမလို့ ကြံနေတာ"

နီကိုလိုဗီးယပ် ပြောနေသည်မှာ ကွိအလွန်နေချင်သော နေရာမျိုးနှင့် တထပ်တည်း ဖြစ်နေသည်။

"မနှစ်ကထဲက ပြောင်းဘို့ဘဲ။ ဒါပေမယ့် အသက်က ကြီးလာတော့ တကောင်ကြွက်ဘဝနဲ့လဲ မနေချင်ဘူး။ အဖော်ကလဲ မရှိတာနဲ့ မပြောင်းဖြစ်သေးတာ"

ကွိသည် ကိုယ်ကျိုးစွန့်စိတ် မဆန့်ဆုံး စိတ်ကူးစိတ်သန်းများနှင့် အတွေးနယ်ချဲ့နေမိ၏။

ငြိမ်လည်း ငြိမ်၊ လူတကာနှင့်လည်း မတွေ့ရသည့် ပါမောက္ခကြီး၏ အိမ်သို့ ဘာကြောင့် သူလိုက်မနေနိုင်ရမလဲ။ ပါမောက္ခကြီးက အိမ်စရိတ်ခံမည်ဖြစ်၍ အခစားနားရသော အလုပ်လည်း လုပ်စရာမလိုတော့။ သူဖတ်ချင် သော စာအုပ်များကိုလည်း ရနိုင်သေး။

သူမော်ကြည့်လိုက်သောအခါ သူ့ကို ငေးစိုက်နေသော ပါမောက္ခကြီး၏ မခိုးမခန့် မျက်လုံးများကို မြင်ရသည်။ မဖြစ်သေးပါဘူး။ ဒီလို အဖိုးကြီးနဲ့ တအိမ်ထဲ နေရတာထက် မစွက်ပိန်တာ အိမ်မှာ နေရတာက ကောင်းပါ လိမ့်အုံးမယ်။

"သွားအုံးမှ" ကွိက အလောသုံးဆယ်ပြောသည်။

မြန်မာ့မျှားနတ်မောင်

"လာလည်တာဝမ်းသာပါတယ်ဗျာ။ နောင်လဲ လာပါအုံး"

တံခါးပေါက်သို့ ရောက်နေသော ကွိက "ဒီစာအုပ်ကို ပြန်ပေးပါ့မယ်။ မျဉ်းတားတာတော့ စိတ်မရှိပါဘူးနော်"

"ကြိုက်သလို လုပ်ပါဗျာ။ ကိုယ်ပိုင်ပေးတာ လက်ခံမယ်ဆိုရင်လဲ"

"မယူပါဘူး။ ကျွန်တော် မျဉ်းတားတာတွေ၊ မှတ်စုတေးတာတွေက စာအုပ်တန်ဘိုးကို မလျော့စေမှာသေချာပါ တယ်"

ခန်းမထဲရောက်၍ နာရီကို ကြည့်လိုက်သောအခါ ၁၀ နာရီထိုးရန် ၁၀ မိနစ်သာ လိုတော့သည်။ ပါမောက္ခကြီး အခန်းတွင် ၂၅ မိနစ်ဖြုန်းခဲ့ရသည်။ လုံးဝဆုံးရှုံးရသည့် အချိန်များတော့မဟုတ်။ ကရိဇီယာစာအုပ်ကို ရခဲ့သည် မဟုတ်လား။ ကရိဇီယာ့စာအုပ်က ၂၅ မိနစ်မက တန်သည်မဟုတ်လား။ သို့သော် ဤသို့ အဟောသိကံဖြစ်နေရ သော အချိန်များကို သူ့အချိန်ဇယားကြီးထဲတွင် ဘယ်လို ဝင်အောင်သွင်းရပါ့မလဲ။

ကွိ၏ အချိန်ဇယား ပရိဒေဝသည် ဖိဖိနှင့် ပတ်သတ်၍မူ အဓိပ္ပာယ်မရှိတော့ပြီ။ သူနောက်ဆုံး စာပြေးပြီး ကတည်းက ဖိဖိ မပေါ်လာတော့ချေ။ ချောင်းဆိုး၍ တရက် နှစ်ရက် တန်သည် အိပ်ရာထဲက မထွက်ခိုင်းဘဲ ထားရသည်ဟု သူ့အမေက ဆိုသော်လည်း နေ့ကိုရက်စား၍ ရက်သတ္တပတ်ပေါင်း များစွာပင် ကြာပြောင်းလာခဲ့သည်။

ရံဖန်ရံခါ ဖိဖို့ထံမှ အသေးအဖွဲ ကိစ္စစကားလက်ဆောင် ကလေးများ ရောက်ရောက်လာခြင်းက ဖိဖိ ပျောက်ချက်သားကောင်းနေခြင်းကို မမေ့ပျောက်နိုင်အောင် ရှိစေသည်။

ကွိသည် ထိုစကား လက်ဆောင် ကလေးများကို အမှုမဲ့ အမှတ်မဲ့ပင် နေလိုက်သည်။ နေ့လယ် နေ့ခင်း သူ့ကို လာကြည့်ချင် ကြည့်လှည့်ပါဟုဆိုသော ဖိဖို၏ ဖိတ်ခေါ်ချက်ကိုပင် ပေယျာလကံ လုပ်ထားလိုက်လေသည်။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

(၁၁)

ပြည်နယ် ကယ်ဆယ်စောင့်ရှောက်ရေး ဌာနသည် ကွိ တခါက ပြောဘူးသည့် အတိုင်း မည်ကာမတ္တမျှသာ ဖြစ်သည်။ မြေစမ်း ခရမ်းပျိုးခါစမျှသာ ဖြစ်သည်။ လွတ်တော်က ခွဲဝေသတ်မှတ်ပေးသော ထောက်ပံ့ငွေမှာ ခေါင်းပါးလှ၏။ ဌာနကိုပင် လွတ်တော် အဆောက်အဦတွင် အခန်းကလေး တခန်းဖွဲ့ကာ ကပ်ရပ်ဖွင့်ထားရသည်။ တောင်ပိုင်းပြည်နယ်စု စစ်တပ်ကဲ့သို့ပင် လက်ချိုးရေမှ ဗိုလ်ချုပ် နှစ်ယောက်သာ ရှိသည်။ သို့သော် အတွင်းရေးမှူးနှင့် လက်ထောက် အတွင်းရေးမှူးသည် တက်ညီလက်ညီ လုပ်ကြသည်။ မြောက်လင့်ချက်ကြီး တခွဲသားနှင့် ကြိုးစားပမ်းစား လုပ်ကြသည်။

စောင့်ရှောက်ရေးဂေဟာကိစ္စကို လွတ်တော်က အရေးအရာလုပ်၍ မစဉ်းစားခဲ့ချေ။ သို့သော် ဥပဒေကြမ်းတခုကိုကား တင်သွင်းနိုင်ခဲ့သည်။ ပို့စ်သတင်းစာက ဒုတိယအကြိမ်မြောက် ခေါင်းကြီးရေးကာ ဂေဟာစီမံကိန်းကို အကောင်အထည်ဖော်ရန် လှုံ့ဆော်ခဲ့သည်။ ပြည်နယ်အတွင်းရှိ အခြားသတင်းစာများကလည်း ပို့စ်၏ ခြေရာကိုနင်းကာ ဝိုင်းဝန်းထောက်ခံ ရေးသားကြသည်။

ရှာလီဝေလင်သည် လက်နှိပ်စက်စားပွဲတွင် ထိုင်ကာ ပြည်နယ်အတွင်းရှိ မြို့နယ် ၃၁ မြို့နယ်မှ ဘိုးဘွားရိပ်သာများသို့ ပို့ရမည့် စာများကို ရေးနေသည်။ မွန်းတည့်လု နီးပြီ။

မစ္စက်ပိန်တာအိမ်သို့ ရှာလီညစာစား မရောက်သည်မှာ ကြာလှပြီ။ သို့သော် လေးပတ်ခန့် အိပ်ရာထဲတွင် လဲနေသော ဖီဖီထံ လူမမာမေးရန် ညနေတိုင်းရောက်သည်။

ကိုသည် တံခါးခေါက်သံမပေး ဘာမပေးနှင့် အခန်းထဲသို့ ဝင်လာသည်။ ရှာလီက ဝမ်းသာအားရ ထလာပြီး အတွင်းရေးမှူးကြီးနှင့် မိတ်ဆက်ပေးသည်။ ကိုက

"ခင်ဗျားနဲ့ နှစ်ယောက်ထဲ ခဏလေး စကားပြောချင်တယ်" ဟု ရှာလီထံ ခွင့်တောင်းသည်။

ခန်းမကြီးထဲသို့ ထွက်လာပြီး သူတို့နှစ်ယောက်ထဲ စကားပြောကြသည်။ ကိုက ဘာဘာညာညာ စကား ပလွင်မခံဘဲ

"ကျွန်တော်နေတဲ့အိမ်မှာ ကောင်မလေးတယောက်ရှိတယ်။ မမာလို့ အိပ်ရာထဲ လဲနေတယ်။ ကျောင်းလဲ ဆက်မတက်ရလို့ စိတ်ပျက်နေတယ်"

"ဖီဖီကို ပြောတာလား" ရှာလီက ငြင်သာစွာ မေးသည်။

"ခင်ဗျား စိတ်ဝင်စားတယ်ဆိုရင်တော့ နာမည်ထည့်ပြောရမှာပေါ့။ ဟုတ်တယ်၊ သူ့နာမည်က ဖီဖီဘဲ"

"ကျမနဲ့ ညီအမဝမ်းကွဲ တော်တယ်လေရှင်"

"အမျိုးသမီး တယောက်ယောက်ဆီက အကြံဉာဏ်ရဘို့ လိုနေလို့လာတာဘဲ။ ကျွန်တော်သိတဲ့ တခြားအမျိုးသမီးဆိုလို့ ခင်ဗျားဘဲရှိလို့ ခင်ဗျားဆီလာတာ"

ကို၏ မျက်လုံးများသည် ထောပတ်ပန်းကန်လောက်ကြီးသော မျက်မှန်ဝိုင်းကြီးအတွင်းမှ ရှာလီကို မှုန်မှုန်ကြီး ကြည့်နေသည်။

"တအိမ်ထဲ နေသူချင်းမို့ သူ့ကို ကျွန်တော် တခါတလေ စာပြပေးခဲ့ဘူးတယ်။ သူဖျားနေတုန်း တခြား သူတွေ သူ့ဆီ လူမမာ သွားမေးကြတယ် ထင်တယ်။ ကျွန်တော့်ကိုလဲ ဖီဖီက လာမေးဘို့ ခဏခဏ မှာနေတယ်။ ကျွန်တော်မသွားနိုင်ဘူး။ အရင်တုန်းက သူ့ကို စာပြပေးရလို့ အချိန်ကုန်ခဲ့ပီးပီ။ မာကြောင်း သာကြောင်း ကိစ္စ လောက်နဲ့တော့ နောက်ထပ် အချိန်ကုန် မခံချင်ဘူး။ သဘောပေါက်ပါတယ်နော်"

ဖီဖီအား ဤကိစ္စ သဘောပေါက်အောင် ပြောပြီးဆိုပြီး ဖြစ်နေသည့် ရှာလီက

"ဟုတ်ကဲ့၊ ရှင်းပါတယ် မစ္စတာကို" အဖြေပေးသည်။

"ဒါပေမယ့် သူ့အတွက် အရင် အချိန်ကုန်ခဲ့ရလို့ အတေးအမှတ် ထားတယ်လို့လဲ သူ့စိတ်မှာ မထင်စေချင်ဘူး။ ဒါကြောင့် အဟမ်း၊ လက်ဆောင်ကလေးတခု ပေးရကောင်းမလားလို့ စိတ်ကူးပေါက်မိတယ်"

ရှာလီက အဖြေမပေးဘဲ ပြတင်းပေါက်ဘက်သို့ လျှောက်သွားပြီး အပြင်သို့ ရပ်ကြည့်နေ၍ ကို ဘာသဘော မှန်း နားမလည်နိုင်အောင် ဖြစ်နေမိ၏။

"ကျွန်တော်ပြောတာ ခင်ဗျား သဘောမပေါက်ဘူးထင်တယ်။ ဘယ်လိုလက်ဆောင်မျိုး ပေးသင့်တယ်ဆိုတာ အမျိုးသမီးတဦးဆီက အကြံဉာဏ်လိုချင်တယ်။ ဒါ ကျွန်တော်ပြောချင်တာဘဲ"

"နားလည်ပါတယ်။ ဖီဖီလဲ သိပ်ဝမ်းသာမှာပါရှင်။ ဘယ်လိုလက်ဆောင်မျိုး ပေးချင်တာလဲ"

"ဒီလာရင်း လမ်းက ဆိုင်တွေမှာတော့ ပစ္စည်းတခုတွေ့ခဲ့တာဘဲ။ ဒါပေမယ့် ဇဝေဇဝါဖြစ်နေလို့"

"ပြောပါအုံး၊ ဘာပါလိမ်"

"လက်အိတ်လေး တစုံလောက် ပေးမလားလို့"

"ဘာဖြစ်လို့ လက်အိတ်မှ ပေးချင်ရတာလဲ"

"ကျွန်တော် သုံးမယ်မှန်းထားတဲ့ ခုနစ်ဆယ့်ငါးဆင့်နဲ့ လောက်လို့ပါ"

ရှာလီသည် နဖူးကြောများ တွန့်လာသည်အထိ ချိန်ဆပြီးမှ

"ဖီဖီက အိပ်ရာထဲ လဲနေတာဆိုတော့ လက်အိတ်တွေ ဝတ်နိုင်မှာ မဟုတ်ဘူး။ သိမ်းထားရအုံးမှာ။ ဒီတော့ ချက်ချင်းသုံးနိုင်တဲ့ လက်ဆောင်မျိုး၊ အခန်းအောင်းနေရလို့ ထိုင်းမှိုင်းနေတဲ့စိတ်ကို ခဝါချနိုင်တဲ့ လက်ဆောင်မျိုးပေးရင် မကောင်းဘူးလား"

"ကျွန်တော်က စာအုပ်တောင် ပေးရမလား စဉ်းစားနေ"

"ကျမပြောမယ်" ရှာလီက စိတ်ကူးကောင်းကလေး ရလိုက်သလို အသံမြှင့်ကာ "လူတိုင်းလိုလို နေမကောင်း ထိုင်မသာဖြစ်နေတဲ့သူဆီကို ပန်းဘဲ ပို့ပေးလေ့ရှိတာဘဲ ရှင်" ဟု ပြောလိုက်၏။

"ပန်း"

"ဟုတ်တယ်။ ပန်း။ ရှင်ကတော့ ရူးတယ် မိုက်တယ် ဖြုန်းတယ် ထင်မှာဘဲလေ။ ဒါပေမယ့် မိန်းခလေး ဆိုတာ ပန်းမြင်ရင် ဆွေ့ဆွေ့ခုန်အောင် ပျော်တာမျိုးရှင့်။ ပီးတော့ နေမကောင်းတဲ့ လူရဲ့အခန်းမှာ ပန်းရှိရင် သိပ်စိတ်ချမ်းမြေ့စရာကောင်းတာ။ ရေလဲပေးရင် ပန်းကလဲ ကြာရှည်ခံပါတယ်"

"ကောင်းပီလေ။ ဒီတော့ ဘာပန်းမျိုးပေးရမလဲ။ ကျွန်တော်က ရက္ခဗေဒ ဗဟုသုတဘဲရှိတယ်။ ဂန္ဓမာပေးရ မလား။ ထပ်တရာပန်း ပေးရမလား။ ဒေလီယာ ပေးရမလားဆိုတာတော့ မသိဘူး"

"နှင်းဆီပန်း ပေးပေါ့ရှင်"

"ဘယ်လောက်ကုန်မှာလဲ"

"လွယ်ပါတယ်။ ပန်းဆိုင်သွားပီး နှင်းဆီနီ ခုနစ်ဆယ့်ငါးဆင့်ဘိုး လိုချင်တယ်ပြောပါ။ စိတ်ချရတဲ့ ဆိုင်လိပ်စာ ကို ကျမ ပေးလိုက်ပါမယ်ရှင်"

ကွိသည် ပန်းဆိုင်လိပ်စာ စာရွက်ကလေးကို ယူပြီး ကျေးဇူးတင်စကားပြောသည်။ ဦးညွှတ်ပြီး ပြန်ရန် နောက်သို့လှည့်လိုက်သည်။

ထို တဒင်္ဂကလေးတွင် ရှာလီ နှုတ်ဖျားမှ စကားတခွန်း ထွက်သွားသည်။

"ပို့စ်မှာ လုပ်ရတာ ဘယ်နဲ့လဲ"

"ဒီနေ့မနက် ကျွန်တော့်ကို အလုပ်ဖြုတ်လိုက်ပီလေ"

"အော်"

ရှာလီ ဒါဘဲ ပြောနိုင်သည်။ လွန်ခဲ့သည့် နှစ်ရက်ကပင် ဗိုလ်မှူးကြီး ကောင်းမှတဆင့် ဤကိစ္စကို ရှာလီ သိပြီးသားဖြစ်သည်။ ပို့စ်သတင်းစာ ဒါရိုက်တာ အဖွဲ့၏ ဧပြီလ အစည်းအဝေးက ဆုံးဖြတ်ခဲ့ခြင်းဖြစ်၏။ ချားလ်ဂါဒင်နီယာဝက်စ်က ကွိဘက်မှ ကာကွယ်ပြောဆိုရန် ဖြစ်သော်လည်း ဥရောပသို့ ခရီးသွားရန် ပြင်ဆင်နေ၍ အစည်းအဝေး မတက်နိုင်ခဲ့။ ထို့ကြောင့် အစည်းအဝေးက သိပ္ပံပညာရှင်ကလေးကို ဖြုတ်ပြီး လခ ကောင်းကောင်းပေး၍ လက်ထောက် တယောက်ရှာရန် ဗိုလ်မှူးကြီးကောင်းကို လွှဲလိုက်သည်။

"ဒါပေမယ့် ပို့စ်က ကျွန်တော့်ကို မေ ၁၅ ရက်ကျမှ ဖြုတ်မှာပါ။ တိုးတက်မှု ရှိ မရှိ။ စောင့်ကြည့်အုံး မယ်တဲ့"

"စိတ်မကောင်းလိုက်တာရှင်။ သိပ် စိတ်မကောင်းတာဘဲ"

ရှာလီက အချီတင်ကဲ ဝမ်းနည်းစကားပြောသည်။ "အင်းလေ ရှင့်ဘက်ကလဲ စရိတ်ကလေး ကာမိရုံ လုပ်တဲ့အလုပ်ဘဲ။ ဒီလောက်အလုပ်ကတော့ ဘယ်မှာ ရှာရှာ မခက်ပါဘူးလေ"

"ဘာဘဲဖြစ်ဖြစ်လေ။ ဒါက အတော် စော်ကားမော်ကား လုပ်တဲ့ကိစ္စဘဲ"

"အို၊ ဒါပေမယ့် ရှင်က သတင်းစာအလုပ်ကို ဂုဏ်ယူတဲ့လူမှ မဟုတ်ဘဲ။ အောက်တန်းကျတယ်တောင် ထင်နေသေးတာ မှုစရာတော့ မရှိပါဘူးရှင်"

"မှုတာပေါ့ဗျ"

ဤစကားမျိုး ကိုနူတ်မှ ထွက်သည်မှာ ရယ်စရာလိုဖြစ်သော်လည်း ရှာလီက သူ့ကို စာစာနာနာကြီး ကြည့်နေမိသည်။

"အကျိုးသင့် အကြောင်းသင့်နဲ့ နားပေါက်အောင် ရှင်းပြဘို့တော့ မတတ်နိုင်ဘူးပေါ့။ ဒါပေမယ့် ကျွန်တော် မကျေနပ်ဘူး။ အဖိုးတန် အကြံဉာဏ်တွေကို ထောက်ထောက် ချင့်ချင့် ရေးနိုင်သားနိုင်အောင် ကျွန်တော့်ကိုယ် ကျွန်တော် အကြာကြီး ပျိုးထောင်လာခဲ့ရတာ။ ခုတော့ ဒုတိယတန်း သတင်းစာ တစောင်ကနေပီး ရုံးစေလို ကန် ထုတ်တယ်။ ကျွန်တော် ခေါင်းငုံ့မခံနိုင်ဘူး"

"ရှင်က ဘာလုပ်မယ်ကြံသလဲ။ ပြောပါအုံးလေ"

"ဘာလုပ်မလဲ ဟုတ်လား" ကိုသည် တံခါးဘောင်ကို လက်ဝါးကြီးနှင့် ဖြန်းကနဲ ရိုက်ပြီး "ပို့စ်သတင်းစာ အယ်ဒီတာဖြစ်အောင် လုပ်ပြမယ်" ဟု ပြောလိုက်လေသည်။

"ဒါပေမယ့် ဒါပေမယ့်" ကို၏ မိုးလုံးလေလုံး စီမံကိန်းကြီးကို ကြားရ၍ ကြောင်အမ်းသွားသော ရှာလီက "ဗိုလ်မှူးကြီးကောင်းကို ပထုတ်မှာလား"ဟု မေးသည်။

"နက်ဖြန်လား သဘက်လား ကိစ္စကို ပြောနေစရာမလိုပါဘူး။ ပထမအဆင့်က ကျွန်တော့်ကိုဖြုတ်ပစ်တာ ရုပ်သိမ်းရမယ်။ ဒုတိယအဆင့်က ခု လခထက် သုံးဆပိုပေးပြီး အမြဲတမ်း လက်ထောက် အယ်ဒီတာ ခန့်ရမယ်။ အယ်ဒီတာခန့်ဘို့ကတော့ ဗိုလ်မှူးကြီးကောင်း သေတဲ့အထိ စောင့်နိုင်ပါတယ်"

"ရှင် တကယ် ပို့စ် အယ်ဒီတာ လုပ်ချင်တာလား"

"လုပ်ချင်တာလား တဲ့။ ဟုတ်လား။ ဒီနေ့ အယ်ဒီတာခန့် နောက်တနေ့ ထွက်ပစ်မယ်။ မာနချိုးခံရလို့ လို့ ပြောချင်ပြော။ အယ်ဒီတာ တရက်လုပ်မှာကလဲ အဲဒီအလုပ်ကို လွှင့်ပစ်နိုင်တယ် ဆိုတာ ပြချင်လို့ လုပ်မှာ"

ခါးသည်းမှုဖြင့် ပြည့်လျှမ်းနေသော မျက်လုံးများဖြင့် ရှာလီကို ကျော်ကာ ပြတင်းပေါက်မှ တဆင့် ပြင်ပသို့ လှမ်းကြည့်နေရာမှ ကိုသည် သူ့ အကြံအစည်ကို ကျယ်ကျယ်လောင်လောင် ဆက်ပြောလေသည်။

"စာရေးတာနဲ့ ပတ်သက်ပြီး ကျွန်တော် တတ်ထားသမျှကို အကုန်ပြန်ဖျက်ရမယ်။ ပီးတော့မှ အာဝဇ္ဇန်းနဲ့ လေဖမ်း ဝါးတန်းချည်တဲ့ ငမိုက်သားတွေရဲ့နည်းနဲ့ ရေးတတ်သားတတ်အောင် သင်ရမယ်"

ကိုက ယုံကြည်ချက် ပြင်းပြင်းဖြင့် ပြောနေသော်လည်း ဤစိတ်ထားမျိုးဖြင့် ဘယ်တော့မှ သူ အယ်ဒီတာ မဖြစ်နိုင်ကြောင်း ရှာလီသိသည်။ ကိုသည် ပညာတတ် မာန်ကြောင့်ပင် အရေးနိမ့်ခဲ့ရပြီ။ သို့သော် ဤမာန် မာနကို မြွေပွေး ခါးပိုက်ပိုက်လုပ်နေပေဦးတော့မည်။

"ရှင့် စာအုပ်ကိစ္စကကော"

"ဒီကိစ္စကတော့ ပြောမနေပါနဲ့တော့ဗျာ။ အယ်ဒီတာဖြစ်အောင် လုပ်ရမှာက အချိန် အတော်စားအုံးမှာ။ အနည်းဆုံး နှစ်လတော့ ကျွန်တော့်စာအုပ်ကို ဘေးချထား လိုက်ရတော့မှာဘဲ"

နှစ်လဆိုပါကလား။ ငါးနှစ်ကြာမည်ဆိုလျှင်လည်း ကြာနိုင်သည်။ တသက်လုံး အယ်ဒီတာ ဖြစ်ချင်မှလည်း ဖြစ်တော့မည်။ ရှာလီသည် စကားစရမှာ တွန့်ဆုတ်ဆုတ်ဖြစ်နေသည်။

"အယ်ဒီတာလုပ်ဖို့ ရှင်တကယ် စိတ်ပိုင်းဖြတ်ပီးပီလား"

ကိုက ဟောဟောဒိုင်းဒိုင်း ပြောချလိုက်သည်။

"ဒီမေးခွန်းမျိုးနဲ့ အချိန်မဖြုန်းစမ်းပါနဲ့ဗျာ။ ဘယ်လို ကိစ္စကိုမှ ပိုင်းပိုင်းပြတ်ပြတ် မဆုံးဖြတ်ဘဲနဲ့ ကျွန်တော် ဘယ်တော့မှ မပြောဘူး။ မင်္ဂလာ မနက်ပါ"

"မသွားပါနဲ့အုံး ရှင်။ ခဏလေး ပြောပါရစေ"

ကိုက ရပ်လိုက်၏။ သို့သော် ရှာလီရှိရာသို့ ပြန်မလာ။ ရှာလီ အပြင်သို့ ငေးနေသည်။

ပါရဂူလေးကို ပတ်ကြမ်းတိုက်ဖို့ လိုနေပြီ။ တယောက်ယောက်ကတော့ ပြောမှ ဖြစ်တော့မည်။ မပြောပါက သူ့ဘဝ အဟောသိကံ ဖြစ်ရပေတော့မည်။ ကွိသည် မယုံနိုင်လောကအောင် သွေးကြီး မွေးကြီး စိတ်ကြီး ဝင်နေ၏။ လွန်လွန်ကဲကဲ အတ္တစွဲကြီးနေ၏။ **အာချီလီ** သံချပ်အင်္ကျီကို အယားဖျောက်သလို ကုတ်ခြစ်ရုံနှင့် မထိုးဖောက်နိုင်။

[အာချီလီ။ ။ ဂရိကဗျာဆရာကြီး ဟိုးမား၏ အိလိယက်ကဗျာထဲမှ ဂရိနိုင်ငံ၏ အကြီးဆုံး သူရဲကောင်း။ ဓားနှင့်ထိုး ဓားကျိုးလို့ လုံခွေဆိုသကဲ့ တကိုယ်လုံးတွင် အနှောင့်မှ အပ မထိမန နိုင်သူဖြစ်သည်။ နောက်ဆုံး ရန်သူက သူ့ခြေဖနှောင့် ထိုးနှက်မှ ကျဆုံးသည်။**]**

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

ထိုသွေးကြီး မွေးကြီး အတ္တစွဲကြီးကို ကြမ်းကြမ်းတမ်းတမ်း ထိုးနှက် ဖြိုချပစ်မှသာ ဖြစ်တော့မည်။ တစုံတယောက်ကတော့ သူ့ကို ပိုးစိုးပက်စက် နာနာကျည်းကျည်း ပြောမှ ဖြစ်တော့မည်။ ငါ ဘာဖြစ်လို့ မပြောနိုင်ရမလဲ။ တသက်လုံး ငါ့ကို ကြည့်ချင်မှာတော့ မဟုတ်တော့ဘူး။ ဒါပေမယ့် "မစ္စတာကွို" ရာလီက ကွိနှင့် မျက်နှာချင်း ဆိုင်လိုက်ကာ "ရှင် ဖီဖို့ကို မိတ်ဆွေလို့ သဘောထားသလို ကျမကိုလဲ မိတ်ဆွေလိုဘဲ သဘောထားသလားလို့ သိချင်တယ်ရှင်" ဟု မေးလိုက်သည်။

အလိုလေး။ ဘုရား၊ ဘုရား။ လာပြန်ပြီ နောက်တယောက်။

"ဟင့်အင်း" ကွိက မကွယ်မထောက်ပင် အဖြေပေးသည်။

"ဖီဖို့လို သဘောထားရမယ်လို့ မဆိုလိုပါဘူး။ ကျမဟာ ရှင့်အကျိုးကို လိုလားတဲ့စိတ်ရှိတယ်။ ရှင့်ကို ကူညီချင်တဲ့စိတ် ရှိတယ်ဆိုတာ ရှင်ယုံရဲ့လားလို့ ဆိုလိုတာပါရှင်"

ကွို စေ့စေ့တွေးသည်။

"ဒီလိုဆိုလိုတာ ဆိုရင်တော့ ဟုတ်ကဲ့လို့ ဖြေရမှာပေါ့"

"ဒီနေ့ ညစာ စားပီးရင် ရှင်ကျမကို နာရီဝက်လောက် အချိန်ပေးနိုင်မလား ဟင်"

"ဘာကိစ္စ"

"ရှင့်အတွက်ရော ကျမအတွက်ရော ဆိုပါတော့ရှင်" ရာလီက ပြုံးပြုံးကလေး ဖြေသည်။ "ရှင် ကျမအိမ်ကို လာခဲ့စေချင်တယ်။ ရှင်လဲ သိမှာဘဲ။ ဗိုလ်မှူးကြီးကောင်း အကြောင်းကို ကျမ ကောင်းကောင်းသိတယ်။ ပို့စ်ကိုလဲ နှစ်ပေါင်းများစွာ ဖတ်လာခဲ့တာ။ ဒီတော့ လူတွေ ကြိုက်တာ ဘယ်လိုခေါင်းကြီးလဲ။ ဆောင်းပါးလဲ ဆိုတာကိုလဲ သိသင့်သလောက် သိတာပေါ့ရှင်။ အဲဒီလို ခေါင်းကြီးတွေ ဆောင်းပါးတွေ ရေးဘို့ ဘာတွေ လိုတယ် ဆိုတာကိုလဲ သိတာပေါ့ရှင်။ ရှင့်ကို ကျမ အကြံဉာဏ်ကလေး တခုတလေတော့ ပေးနိုင်မယ်လို့ ထင်ပါတယ်။ ရှင်လာမယ်မှတ်လား ဟင်"

ကွိက တော်တော်ကြာကြာ စဉ်းစားပြီးမှ သဘောတူသည်။ ရာလီက ကျေးဇူးတင်ကြောင်းပြောသည်။

"ကျမအိမ်လိပ်စာကို ဒီစာရွက်ပေါ်မှာ ရေးပေးလိုက်မယ်။ ကျမနာမယ်ရော ရေးလိုက်မယ်။ ကျမနာမယ်ကို ရှင်ယောင်ဝါးဝါးတောင် သိမှာ မဟုတ်ဘူး ထင်တယ်"

"သိပါတယ်။ ရာလီဝေလင် မဟုတ်လား။ ယောကျ်ားလေး နာမည်မှည့်ထားတာလား"

"ကြောင်စီစီ နာမည်ပါရှင်။ ရော့ စာရွက်။ ရှစ်နာရီခွဲလောက် လာခဲ့နော်။ ဒါပေမယ့် အကူအညီ တကယ်လိုချင်တာ မဟုတ်ရင် မလာနဲ့နော်။ ဘာဖြစ်လို့လဲဆိုတော့ ရှင့်ဒေါသူပုန်ထမယ့် စကားတွေ အတော်များများကြားရမှာရှင့်။ သိလား"

ကိုက ဦးညွှတ်ပြီး ပြန်သွားသည်။ မစ္စတာ ဘတ်လက်၏ ပန်းဆိုင်သို့ ရှာလီ တယ်လီဖုန်းဆက်ပြောသည်။ ခဏကြာလျှင် လူငယ်တယောက်လာပြီး နှင်းဆီပန်း ၇၅ ဆင့်ဘိုးဝယ်လိမ့်မည် ဖြစ်ကြောင်း၊ နှင်းဆီနီ နှစ်ဒါဇင် ပေးလိုက်စေလိုကြောင်း လိုသောငွေကို မိမိထံတောင်းစေလိုကြောင်း၊ ဤကိစ္စကို လူမသိစေလိုကြောင်း။

လူမသိစေလိုပါမှ ဟိုးဟိုးကျော်သည်။ မစ္စက် ပိန်တာ၏ နေ့လယ်စာဝိုင်းတွင် နှင်းဆီပန်းအကြောင်းကို ပင်တိုင်ထား၍ စကားဖောင်ဖွဲကြသည်။

နောက်တနေ့တွင် အမေရိကန် အလှခေါ် နှင်းဆီနီကြီး တဒါဇင်လျှင် ၃၇ ဆင့်ခွဲဈေးဖြင့် ဘတ်လက် ပန်းဆိုင်က ရောင်းနေကြောင်း ပန်းသတင်း လေညှင်းဆောင်ကာ တမြို့လုံး ဟိုလေးတကျော် ဖြစ်သွားသည်။

သနားစရာ မစ္စတာ ဘတ်လက်ခမြာ နောက်တနေ့ထုတ် ပို့စ်သတင်းစာတွင် ၁၀ လက်မ ၂ ကော်လံ ကြောငြာကြီးထည့်ကာ လူသိများပြီးဖြစ်သော မူလနှင်းဆီပန်း ဈေးနှုန်းမှန်များကို အသစ်တဖန်ပြန်၍ ကြေညာ မောင်း ထုရရှာလေ၏။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

(၁၂)

ဖီဖီအတွက် ပန်းလက်ဆောင်ကလေးသည် ကိုအဖို့ တမနက်အချိန်ကုန်စေခဲ့ပြီ။ စောစောကတည်းက လူမမာမေး သွားလိုက်လျှင်မှ အချိန်ကုန် သက်သာဦးမည်။ ပန်းလက်ဆောင်မျှနှင့်လည်း မပြီးသေး။ လောက တွင် ဖြစ်ရပ်တခုသည် နောက်ဖြစ်ရပ်တခုနှင့် အမြီးပြန် ခေါင်းပြန် ဆပ်စပ်လျက် ရှိသည်သာတကား။

ညနေ ၄ နာရီ ၄၅ မိနစ်တွင် လေဟာပြင် လမ်းလျှောက် လေ့ကျင့်ခန်းလုပ်ရန် ကို အပြင်ထွက်လာသည်။ မစ္စက်ပိန်တာက လမ်းမှ ဆီးစောင့်ကာ ဖီဖီက ကျေးဇူးတင်ကြောင်း၊ သူကိုယ်တိုင် ကျေးဇူးတင်စကား ပြောချင် နေကြောင်း၊ ထို့ကြောင့် လူမမာခန်းသို့ တအောင့်တဖြုတ် ဝင်စေလိုကြောင်း တောင်းပန်သည်။ ကိုသည် သူဘာ လုပ်မိမှန်း မသိမီမှာပင် ဖီဖီ၏ အခန်းထဲသို့ ရောက်နေတော့သည်။

နေသာသော ညနေခင်းကလေး။ ဧပြီလ၏ လေညှင်းကလေးသည် ဇာခန်းဆီးများကို ပျင်းတိပျင်းတွဲ ကန်ကျောက်နေသည်။ ဖီဖီသည် ပြတင်းပေါက်အနီးရှိ **မောရစ်ကုလားထိုင်**ပေါ်တွင် ထိုင်နေသည်။

[မောရစ်ကုလားထိုင်။ ။ အင်္ဂလိပ်ကဗျာဆရာ၊ ဆိုရှယ်လစ် စာရေးဆရာ၊ ပရိဘောဂပုံစံထုတ်ဆရာ ဝီလျံမောရစ် (၁၈၃၄–၉၆) တီထွင်ခဲ့သည့် ကုလားထိုင်ပုံစံ။ ယနေ့ မြန်မာနိုင်ငံတွင် ခေတ်စားသော ဧည့်ခန်းသုံး ဆက်တီ ကုလားထိုင်ပုံစံမျိုး ဖြစ်သည်။ နောက်မှီကို အထောင်အလဲ ရွှေ့၍ ရအောင် အရှင်တပ်သည်။ ကူရှင်ဖုံးကိုလည်း အရှင်တပ်သည်။**]**

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

မျက်နှာကလေး ချိုမြ ချိုနေသော်လည်း မျက်လုံးက ဟောက်ပက်။ အသားအရောင်က ဖျော့တော့တော့။ စောင်အထပ်ထပ်ကြားမှ သူလက်ကလေးကို ထုတ်လိုက်သည်။

"ကြည့်စမ်းပါအုံး။ ကျက်သရေမရှိဘူးလား ဟင်"

သူ့ဘေးမှ စားပွဲပေါ်ရှိ နှင်းဆီပန်းအိုးကိုပြသည်။ အသွေးတောက်တောက်။ ရနံ့ ထုံထုံ။

"မစ္စတာကွိုကို ကျမ ဘယ်လိုကျေးဇူးတင်မှန်း မသိဘူးရှင်။ ပန်းတွေက လှလိုက်တာ။ ကျမ နှင်းဆီပန်းကို သိပ်ကြိုက်တာရှင့်"

သူကြည်နူးမှုသည် ထင်ထင်လင်းလင်း ပေါ်လွင်နေသည်။

"မင်း သဘောကျတယ်ဆိုရင် ဝမ်းသာပါတယ်။ ဘယ်နဲ့နေသေးလဲ။ သက်သာတယ် မဟုတ်လား"

"ဟန်ကျပါတယ်ရှင်။ ငြိမ်ငြိမ်ဆိမ်ဆိမ် အေးအေးဆေးဆေးဘဲ။ ကျမစာမေးပွဲ မဖြေရတာလဲ စိတ်ထဲမှာ ဘယ်လိုမှ မနေတော့ဘူးရှင့်။ ရီစရာ မကောင်းဘူးလားဟင်"

"ဖီ၊ ဖီဖီ မြန်မြန် နေကောင်းအောင်လုပ်။ ထမင်းစားခန်းထဲ ဆင်းခဲ့။ အက္ခရာသင်္ချာတွေ တွက်ရအောင်"

"ဒါတွေ မပြောစမ်းပါနဲ့ရှင်။ မကြားချင်တော့ပါဘူး"

ဖီဖီသည် လက်ကိုင်ပုဝါစွန်းကလေးဖြင့် မျက်ရည်စို့နေသော မျက်လုံးများကို တို့လိုက်သည်။ သို့သော် ကွိုကို ပြန်ကြည့်သော သူ့မျက်နှာကမူ ရွှင်ကြည်ပြုံးလဲ့နေသည်။

"ကျမ မလာတော့ ရှင်မလွမ်းနေဘူးလားဟင်"

"လွမ်းတယ်။ ဟုတ်လား" ကွိုက သူပြောဘူးသည့် စကားကို ပဲ့တင်ထပ်လိုက်သည်။

ဤအကြိမ်တွင်တော့ ဖီဖီက မရှက်မကြောက် ပြောသည်။

"ရှင်လွမ်းနေပါတယ်။ လောင်းမလား"

"ဘယ်လိုလဲ ကွို။ ရိုးရိုးသားသား ပြောလေ။ မင်းမှာ အမှန်တရားကို မြတ်နိုးတဲ့ သိပ္ပံနည်းကျ စိတ်ဓာတ် ရှိတယ် မဟုတ်လား။ တခြားလူတွေဆီကတော့ အမှန်တရားကို မင်း မထောက်မညှာ တောင်းဆိုတယ်။ အခု မင်းရဲ့ ဆေးခါးကြီးကို မင်း ပြန်သောက်ပေအုံးတော့။ ယောကျ်ားပီသစမ်းပါ။ ဒီကောင်မကလေး မပေါ်လာတာ မင်း မလွမ်းဘူးလား၊ လွမ်းသလား"

"အေးပါ။ ငါလွမ်းပါတယ်" ပါရဂူကလေးသည် အက်ကွဲကွဲ အသံဖြင့် ဝန်ခံလိုက်သည်။

"မစ္စတာကွို။ ရှင်သိလား။ ရှင့်ပါးစပ်က ဝန်ခံတာထက်ပိုပြီး ရှင်ကျမကို ခင်တယ်။ သိရဲ့လားဟင်"

ဖီဖီသည် မျက်နှာပြောင်တိုက်ကာ ပြုံးပစ်လိုက်သေးသည်။

ပါရဂူကလေးက မျက်စိလွဲလိုက်ပြီး သက်ပြင်းရှည်ကြီး တချက်ရှိုက်လိုက်၏။

"မင်း တခါက ငါ့ကို မင်းမိတ်ဆွေလို့ ပြောဖူးတယ်။ ဟုတ်လား ဖီ၊ ဖီဖီ။ အဲဒီတုန်းက ငါက မဟုတ်ဘူးလို့ ပြောခဲ့တယ်လေ"

"မှတ်မိပါတယ်"

"အဲဒါ ငါ မှားနေတာ" ကွိုသည် သူ့ဆေးခါးကြီးကို ခွက်ပပ်ပင် မကျန်အောင် မျိုချလိုက်သည်။

"ငါဟာ မင်းရဲ့ မိတ်ဆွေပါပဲကွယ်"

ဖီဖီ့အပြုံးက မိခင်ဆန်သော ထာဝရအပြုံး။ ထိုအပြုံးဖြင့် "မစ္စတာကွိုရယ်။ ကျမ ဒါကို တချိန်လုံး သိနေခဲ့တာပါရှင်" ဟု ဖီဖီက ပြောလိုက်လေသည်။

ကွိုသည် ကြမ်းပြင်ကို စိုက်ကြည့်နေသည်။ ယနေ့ ဖီဖီ့ကို မြင်ရသည်မှာ သူ့အဖို့ ဆန်းဆန်းပြားပြား ဖြစ်နေသည်။ နေမထိ ထိုင်မသာ ဖြစ်နေသည်။

ဖီဖီကလည်း ကွိုကို စေ့စေ့စပ်စပ် အကဲခပ်နေသည်။

"ရှင့်ကြည့်ရတာ လွန်ခဲ့တဲ့ တလလောက်ကထက် ဆယ်ဆလောက် ကျန်းမာလာတယ်"

"ကိုယ်လက်လှုပ်ရှားလို့နဲ့ တူပါတယ်။ ဒါပေမယ့် တနေ့ မိနစ် တရာနှစ်ဆယ် ကုန်နေတယ်"

ကိုသည် ဖိဖိနှင့် စိတ်ရွှင်ကြည်စရာ စကားကိုသာ ပြောရန် ဆုံးဖြတ်လိုက်ပြီး

"ငါ အရင်ကထက် နေထိုင်ကောင်းလာသည်။ လူရော စိတ်ရော ဆိုပါတော့။ ကိုယ်လက်လှုပ်ရှားမှုကြောင့်ဘဲ ဖြစ်မှာပါ။ ဒါတခုဘဲ ငါအပြောင်းအလဲလုပ်တာရှိတယ်။ ကိုယ်လက် လှုပ်ရှားတာ ဒီလောက် လက်တွေ့ အကျိုးရှိမှန်း ငါ ဘယ်တုန်းကမှ မသိခဲ့ဘူး။ လောကမှာ ငါနားမလည်တာတွေ အများကြီး ရှိပါသေးလားဆိုတာ ငါယုံလာတယ်"

ဤစကားများသည် ပါရဂူကလေး၏ အကြီးဆုံး မာန်ကျိုးသည့် ဖြောင့်ချက် ဖြစ်တော့၏။ ဤစကားများသည် ဖိဖို၏ ဆန္ဒကို ဝေလျှံ ယိုဖိတ်စေသည်။ ပါရဂူကလေးကို ရင်ဝယ် ပိုက်ထွေး စောင့်ရှောက်ချင်စိတ် ပြင်းပြစေသည်။

"ရှင့်မှာ ဘာလိုနေသလဲ သိသလား မစ္စတာကို။ မိတ်ဆွေတွေရှင့်။ မိတ်ဆွေကောင်းတွေ အများကြီး . . ."

ကိုသည် လက်သီးချက် ထိခံလိုက်ရသလို တွန့်သွားပြီးမှ

"စိတ်ချ၊ စိတ်ချ" ဟု ရေလိုက်ငါးလိုက် ပြောသည်။

"ပထမဆုံး မိန်းကလေးမိတ်ဆွေ ရှိရမယ်။ ကျမထက် အသက်လဲကြီး၊ သဘောထားလဲ ပြည့်တဲ့ မိန်းကလေး ဖြစ်ရမယ်။ ရှာလီလို မိန်းကလေးမျိုး ဆိုပါတော့ရှင်။ အိုး၊ ရှာလီနဲ့ရှင် မိတ်ဆွေသာဖြစ်ရင် ဘယ်လောက် ကောင်းလိုက်မလဲ။ သူက ကမ္ဘာပေါ်မှာ အတော်ဆုံး မိန်းကလေးရှင့်။ ပြီးတော့ အမျိုးသား မိတ်ဆွေတွေလဲ အများကြီး ရှိဖို့လိုတယ်။ ရှင် သူတို့ကို ပိုပြီး ခင်မင်တတ်ရမယ်။ သူတို့နဲ့တူအောင် နည်းယူရမယ်"

"သူတို့နဲ့ တူအောင်။ ဘာဆိုလိုတာလဲ။ ငါလဲ သူတို့လို ယောကျ်ားပဲဟာ"

ဖိဖိက ပြုံးနေ၍ ကိုက ချက်ချင်း ဆက်ပြောသည်။

"စာအုပ်ထဲမှာ အာရုံမြုပ်ထားတာကလွဲပြီး ငါ့မှာ သူတို့နဲ့ ခြားနားတာများ ဘာရှိသေးလို့တုံး"

"ခြားနားတာပေါ့ရှင်။ သူတို့လုပ်တာတွေ ရှင် ဘာတခုမှ မလုပ်ပဲဟာ"

"ဘယ်လိုဟာတွေလဲ။ သူတို့နဲ့တူအောင် ဘာတွေ လုပ်ရမှာလဲ"

"ဆေးလိပ်သောက်ပေါ့။ ယောကျ်ားတိုင်းလိုလို ဆေးလိပ်သောက်တာပဲရှင့်။ ပီးတော့ ဟေးလေးဝါးလား လုပ်ပေါ့။ နောက်လား ပြောင်လား၊ ရီစရာပြောလား လုပ်ပေါ့။ သပ်သပ်ရပ်ရပ်လဲ နေပေါ့။ ကိုယ့်ပတ်ဝန်းကျင်က ကိစ္စတွေကိုလဲ စိတ်ဝင်စားပေါ့။ နိုင်ငံရေးတို့၊ ဘောလုံးပွဲတို့ ဆိုတာတွေလေ။ မိန်းကလေးတွေနဲ့လဲ အသိဖွဲ့၊ ပွဲတွေလမ်းတွေလဲ ခေါ်ပေါ့။ အရက်သောက်သင့်လဲ သောက်ပေါ့။ အဲဒါကိုတော့ ကျမ သိပ်မကြိုက်လှပါဘူးရှင်"

ကို စိတ်ရှည်လက်ရှည်ကြီး နားထောင်နေ၍ ဖိဖိ အံ့အားသင့်နေသည်။ ဖိဖိသည် သူ့သဘောတရား ကလေးကို အနုစိတ် ရှင်းပြနေသည်။ စကားဆုံးမှ ကိုက

"ဖိဖိ၊ မင်းကို ငါပြောဖူးသားပဲ။ ငါ့ပထမဆုံး တာဝန်က ငါ့စာအုပ်ရေးဘို့။ လူ့အဖွဲ့အစည်းအတွက် ဒီစာအုပ်ကို စောနိုင်သမျှ စောစောပြီးအောင် ရေးဖို့။ ဒါကြောင့် ပြဿနာက အချိန်ကိစ္စဘဲ"

ကိုယ်လက်လှုပ်ရှားမှုလုပ်ဖို့ ကြံတုန်းကလဲ ရှင် ဒီစကားမျိုး ပြောခဲ့မှာပါပဲ။ ကဲ ရှင်အခု ဘယ်လောက် တောင့်တင်းနေသလဲ။ မစ္စတာကို။ ရှင် ပျော်နေတယ် မဟုတ်လား"

ကို အိုးတိုး အတ ဖြစ်သွားသည်။

"ငါ မစဉ်းစားမိဘူး။ ဖြစ်သမျှ အကြောင်း အကောင်းချည်းလို့ ထင်တာပဲ"

ဖိဖိက ရယ်၍

"ဘယ်တူမလဲရှင့်။ ကိုယ်လက် လှုပ်ရှားတာကလေးနဲ့ ဘယ်လောက် ပြောင်းလဲ သွားသလဲ။ အရင်က ရှင် နေမကောင်းမဖြစ်ရုံ မဖြစ်တာ။ အခုတော့ ရှင် သိပ်နေကောင်းနေတာ။ ပျော်ရွှင်တာနဲ့ ရောင့်ရဲတာ မတူဘူး ရှင့်ရဲ့" ဟု ပြောပြီး

"အခု ကျမ သိပ်ပျော်တာပဲ။ မနက် မိုးလင်းရင် အသက်ရှင်နေတာကိုပဲ သိပ်ဝမ်းသာမိတယ်။ တနေ့လုံး နေရတာလဲ စိတ်ထဲမှာ သီချင်းဆိုနေရသလိုဘဲ။ ရှင်ကော ဒီလိုပဲလား"

ဖီဖီလို မဟုတ်ကြောင်း ဝန်ခံရပါလိမ့်မည်။ သူသည် နာရီကို ငုံကြည့်လိုက်ပြီး "အလိုလေး။ ငါးနာရီထိုးဖို့ ဆယ်မိနစ်ဘဲ လိုပါတော့ကလား။ ငါ့အချိန်ဇယား နှစ်ဆယ့် ငါးမိနစ် ပျက်သွားပြီ"

ဖီဖီက ပြုံး၍

"ကျမတော့ ဝမ်းမနည်းပေါင်။ ရှင့် အချိန်ဇယားထဲက ကျမ အချိန် မနုတ်တာ တလကျော်ပီ"

"သွားတော့မယ် ဖီဖီ"

ဖီဖီက သူ့လက်ကလေးကို ထုတ်ပေးသည်။ ကွိက မရှောင်သာ၍ လက်ဆွဲ နှုတ်ဆက်လိုက်သည်။

"ကျမပြောတဲ့ မိတ်ဆွေအကြောင်း၊ လူတွေအကြောင်း အမှတ်ရနော် မစ္စတာကွို။ အစဆုံး လုပ်ရမှာကတော့ လူတွေကို ခင်ဖို့။ လူတိုင်းကို ခင်ဖို့ပဲ။ ရှင် လူတွေကို တကယ်ခင်ရင် သူတို့အတွက် တခုခုလုပ်ပေးချင်တဲ့စိတ် ပေါ်လာလိမ့်မယ်။ အဲဒါ တကယ့်ပျော်ရွှင်မှုပဲ"

ကွိသည် ဖီဖီ၏ ပျော်ရွှင်မှု အဓိပ္ပာယ်ဖွင့်ဆိုကို ကြားရ၍ ကြက်သေ သေကာ ငိုင်နေသည်။ ပြီးမှ

"ဒါ မင်းရဲ့ ဘာသာရေး ယုံကြည်ချက်ပဲလား" ဟု မေးလိုက်မိသည်။

"မဟုတ်ပါဘူးရှင်။ ဒါ ဆင်ခြင်တုံတရားပါ"

"အေး၊ ငါမှတ်ထားပါ့မယ်။ သွားတော့မယ်နော်"

တံခါးဝရောက်မှ ကွို ပြန်လှည့်ကြည့်သည်။ ဖီဖီ၏ မျက်လုံးကြီးများသည် သူ့ကို စူးစူးဝါးဝါး ကြည့်နေသည်ကို တွေ့ရ၍

"ကဲ သွားတော့မယ်။ မြန်မြန်နေကောင်းအောင်လုပ်နော်" ဟုတ် နှုတ်ဆက်သည်။

"သွားတော့။ အင်း၊ သွားတော့" ဖီဖီသည် ပြတင်းပေါက်မှတဆင့် ကောင်းကင်ပြာကြီးဘက်သို့ ခေါင်းလှည့် လိုက်သည်။

ကွိသည် သူ၏ ပဋိကတ် ခန်းကလေးထဲတွင် မဖောက်ဖျက်နိုင်သော သူ့အချိန်ဇယားကြီးကို ကိုင်ကာ ထိုင်နေသည်။ ယခင်ကလို ပြန်နေလျှင် နေ၊ မနေလျှင် သူ့အချိန်ဇယားကြီးသည် ပျက်ပြယ်ရဦးတော့မည် မုချ။ ဖီဖီ့ကို သူ့မိတ်ဆွေပါဟု သူဝန်ခံခဲ့ပြီ။ သူသည် အမှန်တရားနှင့် ဂုဏ်သိက္ခာကို စွဲကိုင်သူဖြစ်သည်။ မိတ်ဆွေ ဖြစ်ကြောင်း ဖြောင့်ဆိုချက်ကို သူမရုပ်သိမ်းနိုင်။ ထို့အတူ မိတ်ဆွေတို့ ယူသင့်ရအပ်သော အခွင့်ထူးများကို သူခေါင်းမခါသာ။ ထို့ကြောင့် သူ့အချိန်ဇယားတွင် မလိုအပ်သော အရာများကို လက်သင့်မခံရန် သူ မစွမ်းနိုင် တော့။

ဤအချက်များသည် အကြည့်တန်သော အချက်များ ဖြစ်သည်။ သို့သော် ယခု သူအသိအမှတ် ပြုရတော့ မည်။

သူသည် အချိန်ဇယားကြီးကို အသည်းနာနာနှင့် ဆုန်ဖြဲပစ်လိုက်သည်။ အချိန်သတ်မှတ်ချက် အသစ်များကို တိုးဖြည့်လိုက်သည်။ ထိုအချိန်သစ်မှာ လူမှုဆက်ဆံရေးအတွက် တလလျှင် မိနစ်သုံးဆယ်။

'လူတွေ ကြိုက်တာကိုသိသည်' ဆိုသော ယောကျ်ားရှာ နာမည် မိန်းကလေးကို သွားတွေ့ရန် နာရီဝက် တိတိ လိုသေးသည်။

ယနေ့သည် သူ့ဘဝ တလျှောက်လုံးတွင် ဂြိုလ်အမွှေဆုံးနေ့။ နယူးယောက်က ခွာခဲ့မိတာ မှားလေခြင်း ဟု သူတွေးမိသည်။ နယူးယောက်တွင် သူ့မှာ မိတ်ဆွေ နှစ်ယောက်သာ ရှိသည်။ နောက်ထပ် တိုးဖို့လည်း လမ်းမမြင်။

ဤမြို့တွင်ကား သူ့မှာ မိတ်ဆွေနှစ်ယောက် စာရင်းပေါက်ခဲ့ပြီ။ နောက်နှစ်ယောက်ကလည်း တိုးလာဦးမည် တကဲကဲ။ သူ့မှာ ဖီဖီရှိသည်။ ဘတ်ကလင်ကာရှိသည်။ ရှာလီဝေလင်ဆိုသော မိန်းကလေးက ယနေ့ပင် မိတ်ဆွေအဖြစ် ကမ်းလှမ်းသည်။ ပါမောက္ခ နီကိုလိုဗီးယပ်ကလည်း သူ့ကို မိတ်ဆွေဖမ်းနေသေးသည်။

ရက်ပေါင်းများစွာ ကြာသည့်တိုင်အောင် တင်မ်နှင့် မာမီကွိုကို မတွေ့ခင်လျှင် မတွေ့ပဲ နေ၍ ရခဲ့သည်။ နယူးယောက်မြို့တွင် သူ့အဖို့ များစွာအနေချောင်ခဲ့သည်။ သို့သော် . . .

နယူးယောက်မြို့ကို သူ ပြန်ချင်သေးရဲ့လား။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

(၁၃)

ရှာလီသည် ကိစ္စတရပ်လုံးကို သုံးသုံးသပ်သပ် စဉ်းစားပြီး စိတ်ဒုန်းဒုန်း ချလိုက်လေသည်။ မထိခလုတ် ထိခလုတ် သောလုံးကလေး ထုတ်ရုံနှင့် ပြီးမည့် ကိစ္စမဟုတ်။ ပါရဂူကလေးကို ဓားကြိမ်း ကြိမ်းမှ ဖြစ်တော့မည်။ သွေး နားထင်ရောက်အောင် မြင့်နေသော သူ့ဘဝင်ကို မိုင်းဗုံးထောင်ခွဲသလို ဖျက်ဆီးရတော့မည်။

ဤအလုပ်မျိုးကို ရှာလီ မလုပ်ချင်။ မစ္စတာကွိုကို ရှာလီ ခင်မင်ပါ၏။ သို့သော် သူ့ကို ကွို မကြည့်ချင် လောက်အောင် ဖြစ်ချင် ဖြစ်သွားပါစေတော့။ ဤအလုပ်ကို လုပ်မှဖြစ်မည်။ သူ့စရိုက်က သာယာပျော်ရွှင်မှုကို ပေးချင်သည်။ ကွိုကိုမူ နာကျည်းမှုပေးရန်အတွက် သူအစွမ်းကုန် ဖျစ်ညှစ် လုပ်ရတော့မည်။ ကွိုက သူ့ကို ခင်မင်စေချင်သည်။ သို့သော် ကွိုက သူ့ကို ခွင့်မလွှတ်လောက်အောင် ကွိုကို စော်ကားမော်ကား လုပ်ရတော့မည်။ ဒါတောင်မှ ကွိုအဖို့ ထူးမှ ထူးပါတော့မလားဟု သံသယ ဖြစ်မိ၏။

ဧည့်သည်တော်ကြီးကွို သူ့အခန်းသို့ ဝင်လာသောအခါ ရှာလီသည် သူကိုယ်သူ အလွန် ကိုယ်ကျိုးစွန့်သူ၊ မြင့်မြတ်သူပမာ ခံစားမိသည်။ ဤညမှပင် သူ အလွန်လှနေသည်။ ညပွဲထိုင် အင်္ကျီကို ဝတ်ထားသည်။ ဂါဒင်နီယားဝက်စ်နှင့် အပြင်သို့ ထွက်ရန် အစီအစဉ်ရှိသည်။

"အား မစ္စတာကွို။ ထိုင်ပါ"

ရှာလီက တိုတိုတောင်းတောင်းပင် နှုတ်ဆက်ပြီး သူ့အလှပြင်လုပ်ငန်းကို ဆက်လုပ်နေသည်။

မှန်တကြည့်ကြည့် လုပ်နေရုံနှင့် အားမရသေး။

"မေရီရေ။ အလှပြင်သေတ္တာလေး ယူခဲ့ပါဦးကွယ်"

မီးရောင်အောက်မှာ ထိုင်ကာ အသေးတကာ့ အသေးဆုံး မှန်ကလေးကိုထုတ်ပြီး မျက်နှာကို ခြယ်မှုန်းပြန်သည်။ လှုပ်ကလားထိုင်ပေါ်တွင် သုန်သုန်မှုန်မှုန် ထိုင်နေသော ကွိုကို မှန်ထဲမှ သူ မြင်နေ၏။

"ခဏလေးစောင့်ပါဦးနော်။ စိတ်မရှိပါနဲ့"

"စိတ်ချ"

"နာရီဝက် တွေ့ချိန်ပေးမယ်လို့ ရှင် ကတိပေးထားတာပဲရှင်။ ကျမ ပိုပြီး အချိန်မဆွဲပါဘူးရှင်"

"ကျွန်တော် ကတိပေးတာက ဒီလို"

"ဒီအချိန်ကို ဘယ်လိုသုံးမယ်ဆိုတာက ကျမရဲ့ ဆုံးဖြတ်ပိုင်ခွင့်ဘဲရှင် ကျမပြောမှာက တိုတိုပါ။ ဒါပေမယ့် ရှင့်အဖို့ သိပ်စိတ်ဝင်စားစရာ ကောင်းပါလိမ့်မယ်"

ပါရဂူကလေးက ခပ်မဆိတ်ပင် နေလိုက်သည်။ ရှာလီသည် အလှပြင် သေတ္တာကိုပိတ်ပြီး အိမ်ဖော်မလေးကို ခေါ်ပြန်သည်။ ဤတကြိမ်တော့ ရေတောင်းသည်။ ရေကို တကျိုက်ချင်း သောက်ရင်း မှန်နှင့် ခပ်လှမ်းလှမ်းမှ နေ၍ သူ့တကိုယ်လုံးကို သနေပြန်သည်။

"ကဲ၊ မစ္စတာကွို"

သူ့တကိုယ်လုံး မြှုပ်သွားအောင် ကြီးမားသော ကုလားထိုင်ကြီးပေါ်တွင် ထိုင်ချလိုက်ပြီး ရှာလီက စကားစသည်။ ကိစ္စက ဘာပါလိမ့်ဟု ပြန်စဉ်းစားနေသလို လုပ်ပြီးမှ . . .

"အော် ဟုတ်ပါရဲ့။ ပို့စ် သတင်းစာ ကိစ္စ"

ရှာလီသည် မီးလင်းဖို ခုံပေါ်မှ နာရီကို လှမ်းကြည့်လိုက်ပြီးမှ

"ကျမ ဒီနေ့ည အပြင်သွားစရာရှိတယ်။ ရှင့်ကို အချိန်တော့ သိပ်များများ မပေးနိုင်ဘူး။ စကားလိပ်ပတ်မလယ်ရင်လဲ ခွင့်လွှတ်ပါ။ ကိစ္စက ဒီလိုရှိတယ်။ သတင်းစာတစောင်မှာ လက်တို လက်တောင်း အလုပ်လုပ်တဲ့ လူတယောက်ကို လုပ်ရည်ကိုင်ရည် မပြည့်ဘူးဆိုပြီး ဖြုတ်ပစ်တယ်။ သူက သူ့ကို တလအတွင်း အလုပ်ပြန်ခန့်ရမယ်။ နောင်ကျရင် သူ့ကို အယ်ဒီတာခန့်ရမယ်လို့ ပြောတယ်။ ဒါဟာ မဟာကြွားလုံးပဲ။ ဘာဘဲဖြစ်ဖြစ်ပေါ့လေ။ အဲဒီအတိုင်း ဖြစ်လာဖို့ဆိုရင် သူလုပ်နည်း လုပ်ဟန်ကို လုံးဝ ပြင်ပစ်ရမယ်။ တလအတွင်း လုပ်ရည်ကိုင်ရည် မပြည့်ဝရာကနေ ပြည့်ဝလာတဲ့ အထိ ဆိုပါတော့လေ။ အဲဒီမဟာကြွားလုံးကြီးကို ထုတ်တဲ့လူက ရှင်ပဲ။ ရှင့်အမှားတွေကို ကျမထောက်မပြခင် ဒီကြွားလုံးအတိုင်း ဖြစ်လာအောင် ရှင် ဘာတွေ လုပ်မယ်ဆိုတာ တဆိတ်ကလေး ရှင်းပြပါဦးလား"

ကွိ၏ ရင်ထဲ၌ ခံစားနေရပုံမျိုး ခံစားနေရပါက သူလို အံ့သြစရာ တည်ငြိမ်မှုမျိုးဖြင့် မည်မျှ စကားပြန်ပြောနိုင်မည်မဟုတ်။

"ကျွန်တော်လုပ်မှာက ပို့စ် သတင်းစာဟောင်းတွေကို ရှာပြီး ဗိုလ်မှူးကြီးကောင်းရဲ့ ရိစရာ ခေါင်းကြီးတွေအားလုံးကို ပြန်ဖတ်မယ်။ ကျွန်တော်သိရသလောက်တော့ သူက ခေါင်းကြီးဘုရားလို့ ဆိုတာပဲ။ အဲဒီခေါင်းကြီးဆောင်းပါးတွေကို သိပ်ပံနည်းကျ လေ့လာမယ်။ သတ္တုချကြည့်မယ်။ ကျွန်တော့ ရေးဟန်ကို ဖျက်ဆီးပစ်မယ်။ ဗိုလ်မှူးကြီးကောင်း ရေးဟန်မျိုး ရေးမယ်။ အတိုချုပ်ကတော့ နလပိန်းတုံးထုကြီးရဲ့ နလပိန်းတုံးက နလပိန်းတုံးထုကြီးအတွက် ရေးသလို ရေးတတ်အောင် သင်မယ်"

"ရှင့် စိမ်ကိန်းက ဒါအကုန်ပဲလား"

"လိုတာထက် ပိုနေသေးတယ်တောင် ထင်တယ်"

"အော" ရှာလီက သူ့ကို ပြက်ချော်ချော် ကြည့်လိုက်သည်။

"ကျမ အခေါ်ရဲ့ အလုပ်တာဝန်ခံအဖြစ်နဲ့ ပြောရရင် ရှင့်အတွက်တော့ မေ ၁၅ ရက်ကစပြီး အိမ်ခန်းသစ် ရှာပေးရတော့မှာပဲ။ ခေါင်းကြီးရေးတာနဲ့ ဝေါဟာရ အဘိဓာန်ရေးတာ အပြင် ရှင်တခြား ဘယ်အလုပ်ကလေး အကိုင်ကလေးများ လုပ်တတ်သေးလဲ"

"ကျွန်တော့်ကို ပို့စ်က မေ ၁၅ရက်မှာ ဖြုတ်မယ်လို့ ခင်ဗျား ထင်နေလို့လား" ကွိက မှုန်တေတေနှင့် မေးသည်။

"မြေကြီး လက်ခတ်မလွဲပေါ့ရှင်"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ။ ရှင့်ကို ဖြုတ်ပစ်ဖို့ စီစဉ်တဲ့ အကြောင်းပြချက်အတိုင်းပေါ့။ လုပ်ရည် ကိုင်ရည် မရှိဘူးဆိုတာပဲပေါ့"

"ဒါဆို ဗိုလ်မှူးကြီးကောင်းပြောတာ ခင်ဗျား သဘောတူတယ်ဆိုပါတော့။ ခင်ဗျားကရော ကျွန်တော့်မှာ ခေါင်းကြီးရေးနိုင်တဲ့ လုပ်ရည်ကိုင်ရည် မရှိဘူးလို့ ထင်သလား"

"ရာနှန်းပြည့်ထင်တယ်။ ဒီကိစ္စက ရေးဟန်တခုထဲနဲ့သာဆိုင်တာ မဟုတ်ဘူးရှင့်။ မစ္စတာကို၊ ရှင့်ဟာက အခြေခံကစပီး မှားနေပီ"

ကိုစိတ်ထဲတွင် ရာလီထံမှ အကြံဉာဏ်ကောင်းများ ရနိုင်မည်ဟု ထင်ခဲ့သည်။ သို့သော် ရာလီကလည်း သူ နာခေါင်းရှဲ့သော 'လူထု'။ သူ စက်ဆုပ်သော 'သာမန် ပရိသတ်' ပင် မဟုတ်လား။ သို့သော သူလို ခေတ်သစ်၏ ရှေ့ဆောင် သိပ္ပံပညာရှင် ရင့်မကြီးကို ဘာကြောင့် ဤအပေါက်မျိုး ချိုးနေသည်ကို သူ နားမလည်နိုင်။

"စိတ်ဝင်စားစရာပဲ။ ကျွန်တော် အခု လုပ်ရည်ကိုင်ရည် မရှိဘူး။ မေလ ၁၅ရက်ကျရင်လဲ လုပ်ရည်ကိုင်ရည် ရှိဦးမှာ လုံးဝ မဟုတ်ဘူး။ ကျွန်တော အခြေခံကစပီး မှားနေပီ။ ခင်ဗျား ပြောတာ ဒီလိုမဟုတ်လား။ ကဲ၊ ဆက်ပြောပါဦး"

ရာလီ အတွေးကျွံနေရာမှ ခေါင်းကလေးကို ငဲ့စောင်းကာ စကားဆက်သည်။

"ပထမအချက်က ရှင်ဘာကြောင့် ခေါင်းကြီးရေး ဆရာအဖြစ် မအောင်မြင်ရသလဲ။ ရှင်က ရေးဟန် ပြဿနာလို့ ထင်တယ်။ ရှင့်ရေးဟန်မှာ အကြီးဆုံး ချွတ်ယွင်းချက်တွေ ရှိပေမယ့် တကယ်ကတော့ ဒါက အကြောင်းရင်း မဟုတ်သေးဘူး။ တကယ့် ပြဿနာ အကြောင်းရင်းခံက ရှင့်သဘောထားပဲ။ ရှင်က ခေါင်းကြီး ရေးတာကို လက်တိုလက်တောင်း အလုပ်လို့ ထင်တယ်။ လူမဖတ်တဲ့ ကျောက်ခေတ်က မဂ္ဂဇင်းကြီးတွေမှာ ဆောင်းပါးကလေး တပုဒ်တလေပါတာနဲ့ ဒီခေါင်းဆောင်ရေးတဲ့ အလုပ်ကို နိမ့်ကျတဲ့ အလုပ်လို့ ရှင်ထင်တယ်။ တကယ်ဆိုတော့ ခေါင်းကြီးရေးတဲ့ အလုပ်က တကယ် ကြီးမြတ်တဲ့အလုပ်။ အတတ်ပညာတွေထဲမှာ တကယ့် အံ့သြကုန်နိုင်ဘွယ် အလုပ်။ အကျော်အမော်တွေနဲ့သာ ထိုက်တန်တဲ့အလုပ်။ ရှင်က ဗိုလ်မှူးကြီးကောင်းကို မထီမဲ့မြင်လုပ်တယ်။ မခန့်မရန့်လုပ်တယ်။ ခေါင်းကြီး ရေးတဲ့နေရာမှာ ရှင့်ကိုယ်ရှင် သူ့ထက် အများကြီး သာတယ် စွာတယ်လို့ထင်တယ်။ တကယ်တော့ သူက ရှင့်ထက်သာတယ်။ ပို့စ် ပရိသတ်ထဲမှာ သူ့ခေါင်းကြီး ထက် ရှင့်ခေါင်းကြီးကို ပိုကြိုက်တဲ့လူ တယောက်တောင် ရှိမယ်မထင်ဘူး။ သူ့ထက် ရှင့်ကို အယ်ဒီတာ ခန့်ချင်မယ့် စာနယ်ဇင်းဆိုတာလဲ ကမ္ဘာမှာ တစောင်မှ ရှိမယ်လို့ ကျမ မထင်ဘူး"

"ခင်ဗျားလူရီစရာဖြစ်အောင် မှားနေပြီ"

ကိုက အေးတိအေးစက် ကြားဖြတ်ပြောသည်။ "ကျွန်တော့်ကို အယ်ဒီတာ ခန့်ချင်တဲ့ စာနယ်ဇင်းတွေကို ပြနိုင်ပါတယ်ဗျာ"

"ဟုတ်ပါတယ်၊ ရှင်ရေးနေတဲ့ နိုင်ငံရေး သိပ္ပံ သုံးလတကြိမ်ထုတ်တို့၊ မနုဿဗေဒဌာနဂျာနယ် တို့ပေါ့လေ"

ရာလီက ခနဲ့ပြုံး ပြုံးလိုက်ပြီး ချက်ချင်း စကားပြန်ဆက်သည်။

"ရှင် ခေါင်းကြီးထိုင်ရေးတဲ့အခါ ဘယ်လိုလူတွေ အတွက် ရေးတယ်လို့ ထင်သလဲ။ သိပ္ပံပညာရှင် တစုအတွက်လား။ မုတ်ဆိတ်ဖြူဖြူ သုခမိန်ကြီးတွေ အတွက်လား။ ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်နေတဲ့ ဥပဒေပါရဂူ အိုကြီးတွေ အတွက်လား။ ပို့စ်ကို ဖတ်တဲ့လူထဲမှာ အဲဒီလူမျိုးက လက်တဆုပ်စာပဲ ရှိတယ်။ ရှင်တကယ် ရေးရ မယ့် လူတွေကို အာရုံသွင်းကြည့်လို့ မမြင်ဘူးလား။ အဲဒီလူတွေကို ရှင်လမ်းပေါ်လျှောက်သွားရင်း နေ့တိုင်း တွေ့နိုင်တယ်။ ညနေ ၆ နာရီလောက် ဓာတ်ရထားစီးကြည့်။ အဲဒီလူတွေရဲ့ မျက်နှာတွေကို မြင်နိုင်တယ်။ အဲဒီလူတွေဟာ ပို့စ်ရဲ့ ပရိသတ်ပဲ။ ဈေးသည်တွေ၊ အလုပ်သမားတွေ၊ စာရေးစာချီတွေ၊ ရေပိုက်ပြင်သမားတွေ၊ ကားသမားတွေ၊ အရောင်း ကိုယ်စားလှယ်တွေ၊ မိန်းမပစ္စည်း အရောင်းသမားတွေ။ သူတို့ကို ကြည့်။ သူတို့ကို ဘယ်လို ဆွဲဆောင် စည်းရုံးရမလဲ စဉ်းစား။ ဒီလိုဖြစ်ရမယ်။ ရှင် အခုလုပ်နေတာက အဲဒီလူတွေ တန်းစီ ချီတက်လာပြီး ရှင့်ကို တခုခုလာမေးအုံးတော့ ရှင်က သေတောင် စိတ်ဝင်စားမယ့် သဘောထားမရှိဘူး"

"ခြေကုန်လက်ပန်းကျနေတဲ့ ပန်းရန်သမားကို ဆွဲဆောင် စည်းရုံးဖို့တို့။ အရေမရ အဖတ်မရတွေ ရေးဖို့တို့ ဆိုတာမျိုး ကျွန်တော် ဘယ်တုန်းကမှ မမှန်းခဲ့ဘူး။ ကျွန်တော့်ဘဝက အဖိုးတန်တဲ့ အကြံဉာဏ်နဲ့ ရင့်ကျက်တဲ့ အဆုံးအဖြတ်ကို . . ."

"မဟုတ်ပါဘူးရှင်။ ရှင့်တာဝန်က ရှင်ရေးတာကို လူဖတ်ဖို့။ အဲဒီမှာ ရှင် မအောင်မြင်ရင် ဘယ်မှာမှ မအောင်မြင်တော့ဘူး။ သတင်းစာရဲ့ တာဝန်ဆိုတာက လူတွေကို နံရံကျောမှီခိုင်းပီး အချက်အလက်တွေကို လေမှုတ်စက်နဲ့ ခေါင်းထဲ မှုတ်သွင်းရမယ်လို့ ရှင်ထင်နေသလား။ အဲဒါ သွက်သွက်လည်တဲ့ အမှားပဲ။ ရှင့်စိတ်ကူးထဲက သတင်းစာမျိုးကို ဖတ်မယ့်လူ ဒီမြို့မှာ တကျိပ်ပြည့်အောင် ရှိမှာ မဟုတ်ဘူး။ အဲဒီ သတင်းစာမျိုးထုတ်ရင် **မစ္စတာမောဂန်**တောင် နှစ်ဝက်မကျိုးခင် မွဲမယ်။ သေနေတဲ့သတင်းစာဆိုတာ တကမ္ဘာလုံး ဘယ်မှာဖြစ်ဖြစ် အသုံးမကျဘူး။ အသက်ဝင်လှုပ်ရှားတဲ့ သတင်းစာကောင်းဆိုတာက ပရိသတ် ဖတ်ချင်တာ၊ လက်ခံနိုင်တာထက် နည်းနည်းပိုပြီး ကောင်းရတယ်။ ပိုပြီး ပေါ့ပါးရတယ်။ အဖိုးတန် အချက်အလက်နဲ့ ရင့်ကျက်တဲ့ အဆုံးအဖြတ်တွေ ပိုပြီးပေးရတယ်။ ပို့စ်က အဲဒီလို သတင်းစာမျိုးရှင့်။

ပရိသတ်အများစု တက်လှမ်းချင်တာထက် ပိုပြီး မြင့်မြင့်ရောက်အောင် အမြဲဆွဲတင်ပေးတယ်။ ဒါပေမယ့် ပို့စ်က သူ့ ပထမဆုံးတာဝန်ဟာ လူဖတ်ဖို့ပဲဆိုတာ အသိအမှတ်ပြုတယ်။ ပို့စ်က အခြေအနေကို နှိုင်းနှိုင်းချိန်ချိန် ကိုင်တွယ်တယ်။ သဘောတရားကို မကိုင်တွယ်ဘူး။ လူဖတ်အောင် လုပ်တယ်။ ပို့စ်ရဲ့ ခေါင်းကြီးရေး ဆရာအဖြစ်နဲ့ ရှင့် ပထမဆုံးတာဝန်ကလဲ ရှင့် ခေါင်းကြီးတွေကို လူဖတ်ဖို့ပဲ။ လူဖတ်အောင် မလုပ်နိုင်ဘူးဆိုရင် ရှင်ဟာ ပို့စ်အတွက် ဘာမှ အသုံးမကျတော့ဘူး။ ရှင် အဲဒီကိစ္စကို လုံးဝ မလုပ်နိုင်ဘူး။ ဒါကြောင့် ရှင့်ကို ဖြုတ်ပစ်ဖို့ စီစဉ်တာပဲ။ ရှင့်ကိုယ်ရှင် ထင်တလုံးလုပ်နေတာတွေကို ပယ်လိုက်စမ်းပါရှင်။ ဒီလွယ်လွယ်ရှင်းရှင်း အချက်ကလေးကို သိပ္ပံပညာရှင်ရဲ့ တည်ငြိမ်မှု၊ အဂတိကင်းမှုနဲ့ ဆင်ခြင်စမ်းပါ။ ပို့စ်သတင်းစာမှာ ဗြိတိသျှ စွယ်စုံကျမ်းကြီးထဲက စာတွေကို မနက်တိုင်း ကော်လံဝက်လောက် ပုံနှိပ်ဖော်ပြနေရင် ရှင်ရေးခိုင်းတာနဲ့ အကျိုး သက်ရောက်ပုံချင်း အတူတူနေမှာပဲ။ ငွေကုန်တောင် သက်သာဦးမယ်"

[**မစ္စတာမောဂန်**။ ။မော်ဂန် ဂျန်ပါးပွန့်။ အမေရိကန်သန်းကြွယ်သူဌေးကြီး (၁၈၃၇–၁၉၀၃)]

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

ရာလီသည် အချိန်မရှိတော့သလို စားပွဲသို့ သုတ်သုတ်ကလေး ထသွားပြီး ပန်းစည်းတခု လုပ်နေသည်။ ကွိကမူ ငြိမ်ငြိမ်ကြီးထိုင်ကာ ရာလီကို မျက်နှာတင်းတင်း ကြည့်နေသည်။

"ကျမ ဒီမှာတင် စကားဖြတ်ဖို့ပဲ။ ဒါပေမယ့် ဆက်ပြောရဦးမယ်။ ခေါင်းကြီးရေးဆရာအဖြစ် ရှင် မအောင်မြင်တာက ခေါင်းကြီးဖတ်တဲ့ လူများစုကြီးရဲ့ ဆန္ဒသဘောထား အနဲစုကလေးနဲ့ ပတ်သတ်ပြီးတော့ တောင်မှ ရှင့်မှာ ပြောစရာ ဆိုစရာ မရှိလို့ပဲ။ ပြောစရာ ဆိုစရာရှိလဲ မပြောတတ် မဆိုတတ်လို့ပဲ။ မစ္စတာကွိ။ ရှင် ခေါင်းကြီးရေးဆရာအဖြစ် မအောင်မြင်တာက အဲဒီအလုပ်ထက် ပိုပြီး အရေးကြီးတဲ့ဘက်မှာ အရေးနိမ့်နေလို့ပဲ။ ရှင်ဟာ လူသားတယောက်။ ယောကျ်ားတယောက် အနေနဲ့လဲ မအောင်မြင်တဲ့လူပဲ"

ရာလီက သူ့မျက်နှာကို အနီးကပ်လေ့လာနေသည်။

ကွိသည် နဖူးကြောများ မုန်တိုင်းထနေသလို တွန့်ရှုံသောမျက်နှာထားဖြင့်

"ဒီလေကြောရှည်ကြီးကို ဆက်ပြောနေလို့ အကျိုးမထူးတော့ပါဘူး။ ခင်ဗျား ယူဆတဲ့ အကူအညီ အကြံဉာဏ်ဆိုတာက"

ရာလီအသံက သူ့အသံကို ဖုံးသွားသည်။

မြန်မာ့မျှားနတ်မောင်

"ဘာလဲ။ ရှင့်ကို လွန်လွန်ကဲကဲ ဩဘာပေးမိလို့လား" ရှာလီက ချိုချိုပြုံးပြုံးနှင့် ခနဲ့သည်။ "ရှင်ဟာ သူလို ငါလိုလူပဲ။ မြောက်ပင့်ပြောမှ နှလုံးခွေ့တဲ့လူပဲလို့ ရှင့်ကို ကျမ မှတ်မိနေတော့မှာပဲ။ မင်္ဂလာဦးပါရှင်။ တွေ့ရတာ ဝမ်းသာပါတယ်"

ရှာလီက ဦးခေါင်းကို အသာအယာ ညွှတ်ကာ နောက်ဖက်တံခါးကို ထသွားသည်။

ကိုက ရှာလီကို ကွန်ဖြေရရှင်း စကားအတန်သား ပြောပြီးပြန်ရန် ကြံထားသော်လည်း ယခုမူ သူ့ကို ကျက်သရေရှိရှိနှင့် စကားအတန်သား ပြောကာ နှင်ထုတ်သလို ဖြစ်နေသည်။ ဒါကို သူ လက်မခံနိုင်။ စကား လည်း မဖြတ်ချင်သေး။

"မစ္စဝေလင်"

ရှာလီက သမင်လည်ပြန် လှည့်ကြည့်သည်။

"ခွင့်လွှတ်ပါရှင်။ ကျမက ရှင်ပြန်သွားပီ ထင်နေတာ။ ရှင့်ဦးထုပ်လား။ ရှေ့ခန်းမထဲမှာ ရှင်ထားခဲ့တယ် နဲ့တူတယ်"

"ဦးထုပ်ကိစ္စ မဟုတ်ပါဘူး"

"အော်၊ ဒါဖြင့် ဘာကိစ္စပါလဲရှင်"

"ဘုရားသခင် သိမှာပေါ့ဗျာ" ကိုက အသံအက်ကွဲကွဲနှင့် ဖြေသည်။

ကိုသည် အခန်းအလယ်တွင် ခြေစုံရပ်နေသည်။ သူ့ရင်ထဲတွင် ဘလောင်ဆူနေသည်။ မကြံ့ဘူးသော အတွေ့အကြုံဖြစ်၍ အမျိုးအမည်ပင် မခွဲတတ်နိုင်အောင် ဖြစ်ရသည်။ လှောင်ချိုင့်သွင်းခံရသည့် ခြင်္သေ့လို အခန်းထဲတွင် လမ်းလျှောက်နေမိသည်။ ရှာလီကမူ ဤအဖြစ်မျိုးသည် ညတိုင်း သူ့ဧည့်ခန်းဌ မြင်ရိုးမြင်စဉ် မြင်နေကျပမာ မသိလိုက် မသိဖာသာ ကြည့်နေသည်။

"ဆက်စမ်းပါအုံး၊ ဆက်စမ်းပါအုံး" ကိုက မာကြွပ်ကြွပ်ပြောသည်။ "ပြောသာပြော။ ခင်ဗျား ပြောတတ် သလောက် ပြောစမ်း။ ကျွန်တော် လိုနေတာ ဒါတွေပဲလို့ ခင်ဗျား ထင်သလား"

"အစစ်ပေါ့" ရှာလီက ကြည်သာစွာ ပြောသည်။

ရှာလီသည် သူ့အောင်မြင်မှုအတွက် မျက်နှာကလေး နီနေသည်။ ကို ဒေါမာန်ထခြင်းကို သဘောကျသည်။ ကို ဒေါသချုပ်ထိန်နိုင်စွမ်း ရှိခြင်းကိုလည်း သူပညာစွမ်းထက် ပို၍ သဘောကျမိသည်။

"မထိုင်တော့ဘူးလား မစ္စတာကို"

ကို ထိုင်ချလိုက်သည်။

"တခြားလူတွေက ရှင့်ကွယ်ရာမှာ ပြောမယ့် စကားကို ကျမက ရှေ့မျက်နှာ နောက်ထားပြီး ပြောတာပဲ။ ဘာဖြစ်လို့ ပြောတာလဲဆိုတော့ ရှင်ဟာ ရိုးသားတဲ့လူ၊ ကိုယ့်ချွတ်ယွင်းချက်တွေကို ကိုယ်မြင်ချင်တဲ့လူလို့ ကျမ ယုံလို့ပဲ။ ရှင့်ကို မြောက်ပင့် ပြောတာပဲ ကြိုက်တယ်ဆိုရင်တော့ စောစောကတည်းက ပြောထား။ ကျမမှာ ဘော်ကြော့ ကိစ္စတွေ ပြောနေဖို့ အချိန်မရှိဘူး"

တော်ကြာ။ ကျော်ကြားတဲ့ အချိန်ဇယားကြီးရဲ့ ပိုင်ရှင်ကိုများ လူဘော်ကြော့တဲ့။ ကိုက ခပ်အုပ်အုပ် အသံဖြင့်

"ဆက်ပြောပါ" ဟုပြောသည်။

"ခေါင်းကြီးရေးဆရာဟာ လူသာမန်တွေကို စည်းရုံးသိမ်းသွင်း ရှေ့ဆောင်နိုင်ဖို့ဆိုရင် ပထမဆုံး လူသာမန် တွေအပေါ်မှာ စိတ်ဝင်စားရမယ်။ လူသားချင်းဆိုတဲ့စိတ် မွေးနိုင်ရမယ်။ စာနာမှုရှိရမယ်။ ချစ်မြတ်နိုးရမယ်။ ဒါဟာ အယ်ဒီတာ အဖြစ်နဲ့ အောင်မြင်တဲ့ ဗိုလ်မှူးကြီးကောင်းရဲ့ မဟာလျှို့ဝှက်ချက်ပဲ။ သူက မျိုးကောင်း ရိုးကောင်း လူကြီးလူကောင်းဆိုပေမယ့် အမြဲတမ်း လူတွေကြားထဲက လူပဲ။ သူ့ဘဝတလျှောက်လုံး လူတွေနဲ့

အတူ လက်တွဲပြီး လူတွေအတွက် လုပ်ခဲ့တာချည်းပဲ။ ပြည်တွင်းစစ်မှာ ပါခဲ့တယ်။ စစ်ပြီးတော့ ကော်ဇောအိတ်သမားတွေကို ဆန့်ကျင်ခဲ့တယ်။ ဒီနေ့ ပြည်နယ် ထိုးတက်ကြီးပွားနေတာ သူတို့လို၊ ကျမအဖေတို့လို လူမျိုးတွေ ဆောင်ရွက်ခဲ့ကြလို့ပဲ။ ပို့စ်သတင်းစာမှာ လုပ်တော့လဲ လူတွေအတွက် လုပ်တယ်။ လူတွေနဲ့ အတူလုပ်တယ်။ ကိုင်တယ်။ တွေးတတ် ခေါ်တတ်တယ်။ တိုက်ပွဲဝင်တယ်။ သူလုပ်သမျှ ပြည်သူတွေကို အလုပ်အကျွေးပြုဖို့ချည်းပဲ။ ဒါကြောင့် သူ့ခေါင်းကြီးကို ဒီနေ့ မဖတ်ရရင် ဒီနေ့အဖို့ မပြည့်စုံဘူးလို့ထင်တဲ့ စာဖတ်ပရိတ်သတ်တွေ ထောင်နဲ့ သောင်းနဲ့ ချီနေတာပေါ့။ အဲဒါ ဗိုလ်မှူးကြီးကောင်း အကြောင်းပဲ။ ရှင်စိတ်ဝင်စားရဲ့လား ဟင် မစ္စတာကွိ။ စိတ်မဝင်စားရင်တော့ ဆက်ပြောနေလို့ အကြောင်းမထူးဘူး”

ကွိက တိုတိုတောင်းတောင်းပင် ဆက်ပြောခိုင်းသည်။

“အဲဒီ ဗိုလ်မှူးကြီးကောင်းကို ရှင်က ရွှတ်ချတယ်။ ဘာပြုလို့လဲ။ သူက ရှင့်လောက် နိုင်ငံရေး၊ လူမှုရေး သိပ္ပံတွေ မတတ်ဘူးလို့ ရှင်ထင်လို့။ ရှင်ဘာကြောင့် ဒီကျောင်းသုံးစာအုပ်ထဲက သိပ္ပံပညာတွေကို ဘုရားတဆူ ဂူတလုံး လုပ်နေတယ်ဆိုတာ ကျမ နားမလည်နိုင်ဘူး။ ခေါင်းကြီးရေးတဲ့လူက ရှေ့ဆောင် လှုံ့ဆော်မယ်လို့ မှန်းတဲ့ ပြည်သူတွေဟာ အဲဒီပညာတွေကို အရေးမလုပ်ဘူးရှင့်။ ရှင်ကဲ့ရဲ့တဲ့ ခြေကုန်လက်ပန်းကျနေတဲ့ ပန်းရန်သမားကလဲ အဲဒီ ပညာတွေကို အရာမသွင်းဘူးရှင့်။ ဒါပေမယ့် မစ္စတာကွိရယ်။ ပန်းရန်သမားလဲ ပြည်သူပါပဲ။ အဲဒီလူတွေက ဗိုလ်မှူးကြီးကောင်း ဆင်းတွေ့တဲ့လူတွေ။ သူတို့တတွေ အိမ်ကောင်းကောင်းနေဖို့ သူတို့ရဲ့ကလေးတွေ ပညာကောင်းကောင်း သင်ဖို့၊ သူတို့တတွေ ပျော်ပျော်ပါးပါး သွားလာ လှုပ်ရှားနိုင်ဖို့ ဗိုလ်မှူးကြီးကောင်း ဆင်းကူနေတဲ့လူတွေ။ ဗိုလ်မှူးကြီးကောင်းက လူဘဝ ဆိုတာဟာ ရိုးရိုးပြည်သူတွေ၊ သာမန်ပြည်သူတွေ၊ လမ်းပေါ်မှာ နေ့တိုင်းတွေ့နေရတဲ့ ပြည်သူတွေနဲ့ အတူနေပြီး သူတို့ရဲ့ ကောင်းကျိုးကို အလုပ်အကျွေးပြုဖို့ အခွင့်အရေးလို့ မြင်တယ်။ ရှင်က လူဘဝဆိုတာဟာ ရှင့်ဖာသာ အထီးထီးနေပြီး ရှင့်မဟာအကြံအစည်ကြီးကို အလုပ်အကျွေးပြုဖို့ အခွင့်အရေးလို့ မြင်တယ်။ သူက လူတွေရဲ့ နှလုံးသားအတွက် ရေးတယ်။ သူက နှလုံးကြီးတဲ့ လူတယောက်ရှင့်။ ရှင်က သိပ္ပံဖော်နည်းကား တခုရှင့်။ ပိုဆိုးတာက အဲဒါကို ရှင်က ဘဝင်မြင့်တယ်။ စိတ်ပျက်စရာ အကောင်းဆုံးက ကျောက်ဖြစ်ရပ်ကြွင်း တခုနှစ်ခုကို ရှင့်ပတ်ဝန်းကျင်မှာ အသက်ရှင်နေတဲ့ လူတွေထက် ပိုကြီးကျယ်တယ်လို့ ရှင်ထင်နေတာပဲ”

ကွိသည် ကျောက်ရုပ်ပမာ ငြိမ်နေသည်။

“ရှင်နဲ့ ဗိုလ်မှူးကြီးကောင်း ဘယ်လောက်ကွာတယ်ဆိုတာ ရှင်သိလောက်ရောပေါ့။ အဲဒီ ကွာခြားမှုမှာ ရှင့်ဘက်က သာတယ်လို့ ရှင် ဆက်ထင်နေရင် ရှင် ပို့စ်သတင်းစာမှာ ခေါင်းကြီးရေး ဆရာလုပ်မယ်ဆိုတဲ့ အကြံကို လျော့လိုက်တော့။ ရှင်မနက်တုန်းက ကြွားခဲ့တဲ့အတိုင်း ဖြစ်အောင်လုပ်မယ် ဆိုရင်တော့ ဗိုလ်မှူးကြီးလို လူမျိုးကို မသရော်နဲ့တော့။ ရိုရိုကျိုးကျိုးနဲ့ အတုခိုးပေတော့။ ရှင် လူတယောက်အနေနဲ့ မအောင်မြင်တဲ့ အကြောင်းက ရှင့်မှာ လူဘဝနဲ့ ဘာအဆက်အသွယ်မှ မရှိလို့ပဲ။ ရှင်က လူသားတွေကို သင်ကြားမယ်၊ ရှေ့ဆောင်မယ်လို့ မှန်းတယ်။ ဒါပေမယ့် လူသားဆိုကာ ဘာလဲဆိုတာလဲ ရှင်မသိဘူး။ သိအောင်လုပ်ဖို့လဲ နည်းနည်းမှ စိတ်မကူးဘူး။ ရှင့်ပတ်ပတ်လည်မှာ သွေးနဲ့ကိုယ် သားနဲ့ကိုယ် လူတွေဟာ ကမ္ဘာကြီးကို ပြောင်းပစ်နေတယ်။ ရှင်ကတော့ ဒီလူတွေကို ကျောင်းသုံးစာအုပ် သိပ္ပံပညာတွေ မတတ်ရ ကောင်းလားဆိုပြီး သိပ္ပံပေတံကလေး တဝင့်ဝင့်နဲ့ ကျွဲတွေ နွားတွေလို မောင်းပစ်နေတယ်။ ကမ္ဘာကြီးက ရှင်ရှင်သန်သန် လှုပ်ရှားနေတယ်။ ရှင်က ဘီးလယက် ဘောလုံးလို လိမ့်နေတယ်။ လူသေကြပ်စည်းခြောက် လက်တဆုပ်စာကို စကြဝဠာလို့ အထင်မှားနေတယ်။ ဒါကြောင့် ဒီလိုဖြစ်နေရတာပဲ”

“တိုက်ဆိုင်ပုံကတော့ တော်တော်ဆန်းဆန်းပဲ” ကွိက ညည်သာစွာပြောသည်။

“ဖိဖိကလဲ ဒီသဘောအတိုင်းပဲ ကျွန်တော့်ကို ဒီညနေ ပြောလွှတ်လိုက်တယ်”

"ဖီဖီပြောတာ အရင်ဆုံး မဟုတ်ပါဘူးရှင်။ လွန်ခဲ့တဲ့ နှစ်လကတည်းက ရှင့်အဖေကလဲ ဒီအတိုင်း အကြံပေးခဲ့တာပဲလေ . . ."

"ကျွန်တော့်အဖေ။ ဟုတ်လား"

"ရှင် ကျမကို သူစာ ပြဖူးတယ်လေ"

ကိုသည် သူ့အဖေထံမှ စာကို အိတ်ထဲမှ ဆွဲထုတ်လိုက်ပြီး ဖတ်ကြည့်သည်။

"မိတ်ဆွေ အပေါင်းအသင်းရှာပါ။ လူအများနှင့် ဆက်ဆံ ရောနှောပါ။ လူအများကို ခင်မင်တတ်အောင် ကြိုးစားပါ။ မင်းဖခင်၏ လေးလေးနက်နက် ညွှန်ကြားချက် ဖြစ်ပါသည်။ ။ မင်း ဖခင်"

"ရှင်က ရှင့်အဖေကို အပြစ်တင်တယ်။ သူက တကယ့်ပညာပေးတာတော့ ရှင်မယူဘူး"

ရှာလီက နာရီကို ကြည့်လိုက်ပြီး ပန်းစည်းကလေးကို ထယူသည်။ ပြီးမှ ကုလားထိုင်တွင် ပြန်ထိုင်ကာ တည်ငြိမ်စွာ ဆက်ပြောသည်။

"ခေါင်းကြီးရေးဆရာ အဖြစ်နဲ့ရော၊ လူသားတယောက်အဖြစ်နဲ့ရော မအောင်မြင်တော့ လူမှုရေး သိပ္ပံပညာ ရှင်တယောက်အဖြစ်နဲ့လဲ ရှင် မအောင်မြင်ဘူး"

ရှာလီက စကားကုန်ပြောခြင်းဖြစ်၏။ ကို ငုံ့ခံလိမ့်မည်ဟု ရှာလီမထင်။ ကိုကလည်း ငုံ့မခံ။ ရှာလီ ဝမ်းသာသည်။ သို့သော် သူထင်ထားသလို ရှူးရှူးရှားရှား မဟုတ်ဘဲ အလွန်သိမ်မွေ့ နူးညံ့စွာ တုံ့ပြန်လိုက်၍ ရှာလီခမြာ ကြောက်စိတ်ပင် ပေါ်မိသည်။

"ဒီကိစ္စ ချန်ထားလို့ မဖြစ်ဘူးလား။ ကျွန်တော် မအောင်မြင်တာတွေ ပြောရတာ တညစာတော့ ဖူလုံနေပါဝိ"

ကိုသည် ယောင်တီးယောင်ချာ ထရပ်လိုက်သည်။ နာရီ စက်သံကိုသာ ကြားနေရသည်။

"ခေါင်းကြီးကိစ္စ၊ ဆောင်းပါးကိစ္စ၊ ယောကျ်ားဘသားကိစ္စ၊ ဘဝကိစ္စတွေမှာ ခင်ဗျား ပိုင်နိုင်ပါပေတယ်။ ဒါပေမယ့် လူမှုရေးသိပ္ပံပညာနဲ့ ပတ်သက်လို့ ခင်ဗျား ခြေခြေမြစ်မြစ် ပြောနိုင်မယ်လို့ ကျွန်တော် မထင်ဘူး"

ရှာလီက အဖြေမပေး။

ကိုက တည်ငြိမ် အေးချမ်းမှု အပြည့် လေသံဖြင့်

"ကျွန်တော် ဘာ့ကြောင့် လူမှုရေး သိပ္ပံပညာရှင် အဖြစ်နဲ့ မအောင်မြင်နိုင်ဘူးဆိုတာ ရှင်းပြအုံး" ဟု စကား ခေါ်သည်။

"တကယ့်ဘဝနဲ့ ဆက်စပ်မှုမှ မရှိတာ။ ဘယ်လိုလုပ်ပီး အောင်မြင်နိုင်ပါ့မလဲရှင်။ ကျောင်းသုံး စာအုပ်တွေထဲမှာ ရေးထားတာတွေကလွဲရင် လူ့အဖွဲ့အစည်းအကြောင်းကို ရှင် နကန်းတလုံးမှ မသိတာ။ ရှင်ကိုယ်ရှင် အဆင့်ဆင့် တိုးတက်ပြောင်းလဲသော လူမှုရေးသိပ္ပံပညာရှင်လို့ ဆိုတယ်။ ရှင့်ပတ်ဝန်းကျင်မှာ လူမှုရေး အဆင့်ဆင့် တိုးတက်ပြောင်းလဲမှုတွေ ဖြစ်ပေါ်နေတယ်။ ရှင်ကတော့ သိတောင်မှ မသိဘူး။ ရှင့်အိမ်ရှေ့မှာ ပြဇာတ်ကြီး ထွက်နေတာကို ရှင်က တသမ်းသမ်း တဝေဝေနဲ့ တံခါးခန်းဆီး ချပစ်တယ်"

အပြင်မှ လူခေါ်ခေါင်းလောင်းသံ ပေါ်လာသည်။

"ထိုင်ပါ မစ္စတာဝက်စ်" ဟုပြောနေသော မေရီ၏ အသံကို ကြားရသည်။

တိတ်ဆိတ်သွားပြန်သည်။ ရှာလီက တိတ်ဆိတ်မှုကို ခွင်းလိုက်ပြန်ပြီး သူ နောက်ဆုံး ပြောစရာရှိသမျှကို ဆက်ပြောသည်။

"ကျမ အသေးစိတ် ပြောနေတာက ရှင့် ကမ္ဘာကလေးကို ရှင်ထင်ထားသလို မဟုတ်ကြောင်း ရှင် သိစေချင်လို့ပါ။ ကျမ ပြောချင်တာကို ခြုံပြောရရင် စကား လေးငါးခွောက်လုံးနဲ့ ပီးနိုင်ပါတယ် ကျမပြောတာတွေကို

ရှင်ပြန်ပီး သတိရမယ်ဆိုရင် အနည်းဆုံး အဲဒီစကားလေးငါးလုံးကို သတိရစေချင်တယ်။ ဒီမှာ မစ္စတာကို။ ရှင့်မှာ ရောဂါကျွမ်းနေပီ။ ရှင့်လောက က အတ္တလောကပဲ"

ကိုက အသက်ဝိညာဉ်ကင်းမဲ့သော အသံဖြင့် စကားစပြောသည်။

"ကျွန်တော် လေးနှစ်သားမှာ စာ စဖတ်ရတယ်။ ဝက်သားထုတ်ယူလာတဲ့ နယူးယောက် အီဗနင်းပို့စ် သတင်းစာကို စဖတ်တာ။ အိမ်မှာ ဖတ်စရာကလဲ မရှိတော့ အဲဒီသတင်းစာကိုပဲ ဖတ်ရတယ်။ ခြောက်နှစ်သား ရောက်တော့ ငါးခေါက်ပြန်ဖတ်ပီး နေပီ။ အဲဒီကတည်းက ကျွန်တော့်မှာ ပုံနှိပ်စာလုံး အစွဲရှိခဲ့တယ်။ ကျွန်တော် ရှစ်နှစ်သားမှာ စာကြည့်တိုက်တွေရှိတာ သိလာတယ်။ အဲဒီအချိန်က ကျွန်တော်ဖတ်တဲ့ စာအုပ်တွေ၊ ရေးတဲ့ စာတွေကို ခင်ဗျားသိရင် အံ့သြမယ်။ ကျွန်တော် ဆယ့်တနှစ်သားမှာ တခြားစာတန်းတွေအပြင်ကမ္ဘာသမိုင်း အကျဉ်းတစောင် ရေးပီးနေပီ။ တွေးတတ် တောတတ်တာလဲ ငယ်ငယ်ကတည်းကပဲ။ လူမှုရေးအဆင့်ဆင့် တိုးတက်ပြောင်းလဲမှုရဲ့ အခြေခံမူတွေဟာ ဘာတွေလဲ။ အဲဒီ အခြေခံမူတွေကို တခြားသိပ္ပံပညာတွေနဲ့အတူ ပေါင်းစပ်ပီး စည်းမျဉ်းဥပဒေတခု လုပ်လို့ရမလား။ ကျွန်တော် ဘောင်းဘီတိုကလေးနဲ့ နေတဲ့ အရွယ်ကစပြီး အဲဒီမေးခွန်းကို တွေးရင်း အိပ်မပျော်တဲ့ညတွေ ရှိခဲ့တယ်။ ဆယ့်လေးနှစ်သားကျတော့ နယူးယောက် **အရှေ့ဘက်ခြမ်း** မှာ ကျွန်တော် တယောက်ထဲ အိမ်ငှားနေတယ်။

[**အရှေ့ဘက်ခြမ်း**။ ။ နယူးယောက်မြို့ အရှေ့ဘက်ခြမ်း လူဆင်းရဲ ရပ်ကွက်]

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

"ကျွန်တော်နဲ့ ပတ်ဝန်းကျင်ကလူတွေ မတူဘူး။ သူတို့က ကျွန်တော့်ကို ခင်ခင်မင်မင် မရှိကြဘူး။ ကျွန်တော်နဲ့ သူတို့ကလဲ မတူမှ မတူဘဲကိုး။ ဘယ်ခင်မလဲ။ ခင်ဗျားပြောတဲ့ လူသားချင်းချင်း စိတ်ဆိုတာလဲ ရှိမှ မရှိဘဲ။ ဒီတော့ ကျွန်တော့်မှာ လူတွေနဲ့ ကင်းကင်းကွာကွာ နေဖို့နဲ့ အလုပ်လုပ်ဖို့ စိတ်ပဲ ရှိတယ်။ ကျွန်တော့်တသက်လုံး ကျောင်းတရက်မှ မတက်ဖူးဘူး။ အကြံပေးတဲ့ လူလဲ မရှိဘူး။ ဆုံးမတဲ့လူလဲ မရှိဘူး။ ဒီအရွယ်ထိ ဆူပူကြိမ်းမောင်းတာလဲ မခံဖူးဘူး။ လူတဦးချင်းရဲ့ တာဝန်ကို မျိုးရိုးတို့၊ ပတ်ဝန်းကျင်တို့ရဲ့ အားတွေနဲ့ ဘယ်လို ရင်ကြားစေ့လို့ရမလဲ။ ခင်ဗျား ဝေဖန်သလို ကျွန်တော်က လူ့အဖွဲ့အစည်းနဲ့ လူ့ဘဝကို ဇီဝဗေဒသမားက ယုန်အပေါ် သဘောထားတဲ့အတိုင်း ထားလို့ ရမယ်ဆိုရင် ကျွန်တော်ခဏ ခဏ ခွဲစိတ်ကြည့်နေမိမှာပဲ။ ကျွန်တော့်မှာ ပြောစရာ တွေ အများကြီးရှိတယ်။ ဒါပေမယ့် စကားစစ်ထိုးဖို့ ကျွန်တော်တို့ ရည်ရွယ်တာ မဟုတ်တော့ နည်းနည်းပဲ ပြောချင်တယ်။ ခင်ဗျားရဲ့ ဘဝအပေါ် အခြေခံအယူအဆက မြင့်မြတ်ပါပေတယ်။ ဒါပေမယ့် ဘာမှ မခိုင်လုံဘူး။ ခင်ဗျားရဲ့ အယူအဆက အသုံးကျတဲ့ လူဘဝ၊ အကျိုးပြုတဲ့ လူဘဝဖြစ်ဖို့ ကိုယ့်ဘဝကို တခြားလူသားတွေ လက်မှာ ဝကွက် အပ်ရမယ်။ တခြားလူတွေနဲ့ လက်ပွန်းတတီးနေရမယ်။ တခြားလူတွေအတွက် မြင်သာ ထင်သာ ကိစ္စတွေ လုပ်ရမယ်လို့ဆိုပါတယ်။ ဒါပေမယ့် စဉ်းစားကြည့်ပါအုံး။ ကမ္ဘာပေါ်မှာ လူသားတွေအတွက် အကောင်းဆုံး လုပ်ငန်းအများစုဟာ ကျွန်တော့် ဘဝမျိုးနဲ့ မကွာခြားလှတဲ့ လူတွေ လုပ်ခဲ့တာပဲဆိုတာ တွေ့ပါလိမ့်မယ်။ **ပလစ်စီ** ဆိုပါတော့။ လူတိုင်းက သူ့ကို အရူးထင်တာပဲ။ သူ့လောကဟာ အတ္တလောကပဲလို့ ပြောကြတာပဲ။ ဒီနေ့ လူတွေ ပလစ်စီကို ကျေးဇူးတင်နေကြပီ။ သူ့သားမယားတွေ ဒုက္ခခံခဲ့ကြရတာကို ထည့်မစဉ်းစားကြ သလောက်ပဲ။ **ညူတန်** ဆိုလဲ လူတွေနဲ့ ဖက်လဲ တကင်း လုပ်တဲ့ ပြည်သူ့ ခေါင်းဆောင်တယောက် မဟုတ်ဘူး။ **ဘောကွန်** ဆိုရင် မိတ်ဆွေအပေါ်မှာ သစ္စာတောင် ရှိတဲ့လူ မဟုတ်ဘူး။ ဆိုခရာတီးကိုတော့ သူ့ခေတ်က လူတွေက သတ်တောင် ပစ်သေးတယ်။

ကမ္ဘာဥာဏ်ကြီးရှင်တွေ၊ တီထွင်သူတွေ၊ သိပ္ပံပညာရှင်တွေ၊ ဒဿနိကဗေဒ ပညာရှင်တွေ၊ ပရောဟိတ်တွေဆိုတာ သူတို့အချိန်တွေကို ပန်းရန်သမားတွေနဲ့ ဒူးတင်ပေါင်တင်နေရင်း ဖြုန်းခဲ့တဲ့ လူတွေ မဟုတ်ဘူး။ ဒါပေမယ့် အဲဒီပုဂ္ဂိုလ်တွေဟာ လူသားတွေကို တခြားလူတွေထက် ပိုပြီး အကျိုးပြုခဲ့တယ်။ သူတို့ပါရမီနဲ့ သူတို့ပေါ့။ ကျွန်တော်သာ လူသားတွေရဲ့ အဆင့်ဆင့် တိုးတက်ပြောင်းလဲမှု သဘောတရားတွေကို အနှစ်ထုတ်လို့ အောင်မြင်မယ်ဆိုရင် ကျွန်တော့်ဘဝကို နောင်လာနောင်သားတွေ ဘယ်လိုဆုံးဖြတ် ဆုံးဖြတ် မစိုးရိမ်ပါဘူး။ လူသားတွေကို အမြင့်မားဆုံး အဆင့်နဲ့ အကျိုးပြုနိုင်တဲ့ ကိစ္စပဲ။ ဘာစိုးရိမ်စရာရှိမလဲ။ ဘာပဲဖြစ်ဖြစ်၊ ခင်ဗျား ပြောတာတွေကို ကျွန်တော် သဘောကျပါတယ်။ ကျွန်တော် အားလပ်ချိန်မှာ ပြန်ပြီး သုံးသပ်ကြည့်ပါမယ်။ လောလောဆယ်တော့ ခင်ဗျား ဒီကိစ္စကို စိတ်ဝင်စားတာ ကျေးဇူးတင်ပါတယ်။ မင်္ဂလာ ညနေခင်းပါ”

[ပလစ်စီဘားနက် (၁၅၁၀–၁၅၈၉)။ ။ ပြင်သစ် ကြွေထည်ပညာရှင်။ ပြင်သစ်ပြည်တွင် ခရစ်ယာန်ဘာသာ ကာဗင်နစ်ဂိုဏ်း ထူထောင်ခဲ့သူ။ ၁၅၆၂ တွင် နိုင်ငံရေး ဘာသာရေး လှုပ်ရှားမှုများ ပြုလုပ်သည်ဆိုကာ သူ့ကြွေထည်အလုပ်ရုံများကို လူထုက ဖျက်ဆီးပစ်သည်။ ၁၅၈၈ တွင် အဖမ်းခံရပြီး ထောင်ထဲ၌ ကွယ်လွန်သည်။

ညူတန်ဆာအိုင်ဆက် (၁၆၄၂–၁၇၂၇)။ ။ အင်္ဂလိပ် ဒဿနိက ပညာရှင်။ သခ်ၤာပညာ။ အကဗုဏ သဘောတရား (ဆွဲငင်ခြင်း သဘောတရား)ကို ရှာဖွေတွေ့ရှိခဲ့သူ။ သိပ္ပံပညာလောက၏ အထူးချွန်ဆုံး ပုဂ္ဂိုလ်ဟု ယူဆကြသည်။

ဘောကွန်၊ ဖရန်စစ် (၁၅၆၁–၁၆၂၆)။ ။ အင်္ဂလိပ်စာရေးဆရာ။ နိုင်ငံရေးခေါင်းဆောင်။ ဒဿနိကပညာရှင်။ ရှိတ်စပီးယား၏ ပြဇာတ်များကို ရေးသားသူဟူ၍ ထင်မြင်ခံရလောက်အောင် အင်္ဂလိပ်စာပေလောကၭ ထင်ရှားသူ။ အယ်လီဇာဘတ် (၁) နှင့် ဂျိမ်း (၁) ဘုရင်များ လက်ထက်တွင် ဗြိတိသျှ အထက်လွှတ်တော် ဥက္ကဋ္ဌ၊ တရားရေးဝန်ကြီးဖြစ်ခဲ့သည်။ ၁၆၂၁ တွင် လာဘ်စားမှုဖြင့် ရာထူးမှ ဖယ်ရှားခံရသည်။]

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

“မစ္စတာ ကို”

ရှာလီ ကသုတ်ကရက် ထသည်။ ဘာကြောင့်မှန်း မသိ။ စိတ်လှုပ်ရှားနေသည်။ မာနခဲ ရွှေမင်းသမီးကလေး ဟန်ပန် လေသံများ လွှင့်ပြယ်သွားသည်။

“ရှင် ဒီလိုခံယူနိုင်တာကို ကျမ အများကြီးလေးစားပါတယ်။ လူသာမန်သာဆိုရင် ဒီလို နားထောင်နိုင်မှာ မဟုတ်ဘူး”

“ကျွန်တော့်ကိုယ် ကျွန်တော် ဘယ်တုန်းကမှ လူသာမန်လို့မှ သဘောမထားဘဲ”

ကိုရှေ့မှ ရှာလီ ဆီးဆို့ရပ်လိုက်သည်။ သူ့မျက်လုံးများသည် ကိုအား ဖိဖိမျက်လုံးများကို ဝိုးတဝါး အမှတ်ရစေသည်။

“ကျမ ရှင့်ကို ဘာ့ကြောင့် ပြောရတယ်ဆိုတာ”

“မပြောနဲ့လေ” ကိုက သူ့ကို ပြုံးကြည့်ပြီး ဘိုးအေကြီး လေသံဖြင့်

"ကျမ ဒီလိုဆိုတာ မဟုတ်ပါဘူးလို့ မပြောနဲ့။ ပြောခဲ့သမျှတွေကို သဲထဲ ရေသွန် မလုပ်ချင်နဲ့လေ" ဟု ပြောသည်။

သူ့အပြုံးကြောင့် ရာလီ ရုက်သွေးရေးရေးဖြန်းပြီး ကြောင်အမ်းအမ်းဖြစ်သွားသည်။ ကွိက တံခါးပေါက်ရောက်မှ သူ့ကို လှည့်ကြည့်ပြီး ပြောသွာသည်မှာ

"ဒါထက် တောင်ပိုင်းမှာ ဖြစ်ပေါ်နေတဲ့ အဆင့်ဆင့် တိုးတက်ပြောင်းလဲမှုတွေကို ကျွန်တော်မကြည့်ဘဲ တံခါးခန်းဆီးချပစ်တယ်လို့ ခင်ဗျားပြောတာ မှားနေတယ်။ အဲဒီကိစ္စကို ကျွန်တော်ရဲ့ သမိုင်း ရှုဒေါင့်စာအုပ် ပထမတွဲမှာ စာလုံး လေးထောင်ကျော် ထည့်ရေးထားပါတယ်"

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

(၁၄)

ပြည်နယ်လွှတ်တော် အစည်းအဝေး ရွှေ့ဆိုင်းလိုက်ပြီးသည့်နောက် ပို့စ်သတင်းစာ အခွန်တော်ဆိုင်ရာ ခေါင်းကြီးများလည်း ရပ်ဆိုင်းသွားသည်။ ထိုခေါင်းကြီးများကို လွှတ်တော်က အရေးမစိုက်ခဲ့ချေ။ မစ္စတာကွိသည် ကမ္ဘာ့ငွေကြေးစနစ် ခေါင်းကြီးများကို တပတ် သုံးပုဒ် ဆက်တိုက်ရေးနေပြန်၏။ မိမိစိတ်ကြိုက် အကြောင်းရပ်ကို အခြေပြု၍ရေးသည့် ခေါင်းကြီးများကိုလည်း တင်ပြသည်။ သို့သော် နှစ်ပတ်အတွင်း ရေးသမျှသည် ဗိုလ်မှူးကြီးကောင်း၏ အမှိုက်ခြင်းထဲသို့သာ ရောက်ကုန်သည်။

သူ့စာအုပ်ကိစ္စကိုမူ ဤရက်များအတွင်း ကွိ မစဉ်းစားဝံ့အောင်ရှိရသည်။ ပို့စ်သတင်းစာ အယ်ဒီတာ မဖြစ်မချင်း လှည့်မကြည့်နိုင်တော့။ စားပွဲ အံဆွဲထဲသို့ ထိုးထည့်ထားလိုက်သည်။ အယ်ဒီတာဖြစ်ပြီးမှ ဗိုလ်မှူးကြီးကောင်း သေချိန်ကို စောင့်စားရင်း စာမူများကို အံဆွဲထဲမှ ပြန်ထုတ်တော့မည်။ ထိုအချိန်သို့ရောက်ရန် နှစ်လခွဲကြာဦးမည်။

သူ့ ပဋိကတ်ခန်းကလေးသည် အနှစ်ချုပ်စရာ သတင်းစာပညာသင်တန်းကျောင်းအဆင့်သို့ လျှောကျသွားသည်။ သူသည် စားပွဲငယ်ကလေးပေါ်တွင် ပို့စ်သတင်းစာဟောင်း ဖိုင်တွဲများကို တင်ကာ ဗိုလ်မှူးကြီးကောင်း၏ ခေါင်းကြီးများအား **ဆူလေဗီယန်** ကျောက်ခဲကို ဘူမိဗေဒပညာရှင် လေ့လာသလို လေ့လာသည်။ ခေါင်းကြီးများကို ဆန်းစစ်သည်။ ခွဲခြမ်းစိတ်ဖြာသည်။ ဇယားချသည်။ ပျမ်းမျှ သဘော ရှာသည်။ အခြေခံသဘောတရား ထုတ်သည်။ ခေါင်းကြီးတထောင်ခန့်မှ ပကတူပ မူလ အခြေခံတရားအချို့ကို အောက်ပါအတိုင်း ကောက်ချက်ဆွဲ၍ ရရှိသည်။

[**ဆူလေဗီယန်။** ။ လွန်ခဲ့သည့် နှစ်ပေါင်း သန်း ၄၀၀က တည်ထွန်းခဲ့သည့် ပါလီယိုးဇိုးအစ်ကပ်၊ ဆူလေဗီယန်ခေတ်မှ ကျောက်ခဲ၊ ထိုခေတ်သည် ကမ္ဘာတွင် လေ့ရှုရှိုက်သော သတ္တဝါများ စတင်ပေါ်ပေါက်သည့်ခေတ်ဖြစ်သည်။]

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

ဝင်းတင် မြန်မာပြန်သော ကို

၁။ ။ ဗိုလ်မှူးကြီးသည် နယ်ပယ် ကျယ်ဝန်းမြောက်မြားသော လက်ငင်းလက်တွေ့ အကြောင်းရပ်များကို ရေး သည်။ အချို့အကြောင်းအရပ်များသည် အလွန်အမင်းသေးဖွဲသည်။

၂။ ။ လူကြိုက်များ လူဖတ်များသော ဗိုလ်မှူးကြီးကောင်း၏ 'ခေါင်' ခေါင်းကြီးများသည် ဒေသဆိုင်ရာ အကြောင်းရပ်များ၊ အရှည်မတည်တံ့သော အကြောင်းရပ်များဖြစ်သည်။

၃။ ။ ဗိုလ်မှူးကြီးကောင်းသည် အချက်အလက် အားလုံးကို နက်နက်ရှိုင်းရှိုင်း ပြည့်ပြည့်စုံစုံ မရှာဖွေ။ ကျယ်ဝန်းရိုးရှင်းသော အနုမာန ထင်မြင်ယူဆချက်တစ်ခုကိုသာ အခြေခံ၍ ထပ်ဖန်တလဲလဲ နည်းမျိုးစုံဖြင့် ရေးသည်။ စိတ်ကူးကြွယ်သည်။ စကားလုံး သရုပ်ပေါ်သည်။

၄။ ။ ဗိုလ်မှူးကြီးကောင်းသည် တခါတရံ ပျော်စေ ပြက်စေ ကလက်စေ၍၊ တခါတရံ ပက်ပက်စက်စက် သရော်ခြင်းဖြင့် ဟာသကွက်ကို ဖန်တီးသည်။ တခါတရံ မိမိ ထိုးနှက်တိုက်ခိုက်နေသည့် အကြောင်းရပ်ကို ပုံကြီးချဲ့ခြင်းဖြင့် လူရယ်စရာဖြစ်အောင် လုပ်သည်။

၅။ ။ ဗိုလ်မှူးကြီးကောင်းသည် မည်သည့် အကြောင်းရပ်ကိုမဆို ဒေါနှင့် မောနှင့်၊ အထိုးနှင့်အဆွနှင့်၊ အရောင်နှင့် အသွေးနှင့် ရေးသည်။ ကမ္ဘာတဖက်ခြမ်းမှ အရေးအခင်းပင်ဖြစ်ဖြစ်၊ ကိုယ့်အရေးပမာ သဘောထား ကာ အမှုကိစ္စအလိုက် ကျေနပ်ဝမ်းမြောက်သည်။ ဒေါသအမျက် ချောင်းချောင်းထွက်သည်။

ကိုယ်ပိုင် ခေါင်းကြီးများကို ရေးရာ၌ ထိုအခြေခံများကို အသုံးပြုရန် ကို အားထုတ်သည်။ သို့သော် ကလင်ကာ၏ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများ လုပ်ရသည်ထက် သူ့အဖို့ပို၍ ခက်ခဲသေးသည်။ ယနေ့နံနက်ထုတ် ပို့စ်တွင်ပါလာသော မြို့တော် အမှိုက်သိမ်းစနစ် ပြုပြင်ရေးခေါင်းကြီးကို သူ ၇ နာရီတိတိ ရေးခဲ့ရသည်။

မေလ၏ မိုးရွာသော ညတည်။ ဖီဖီ အခြေအနေဆိုးနေသည်မှာ ရက်အတန်ကြာပြီဖြစ်၏။ ကိုသည် ဖီဖို့အကြောင်းကို တွေးရာမှ ဖီဖီ၏ အယူဝါကလေးကို ရေရွတ်နေမိသည်။

'လူတွေကို ခင်မင်၊ တခြားလူတွေလုပ်တဲ့ အလုပ်မျိုးလုပ်၊ ဆေးလိပ်သောက်၊ ရယ်စရာပုံတိုပတ်စပြော'

ပိဋ္ဌကတ်တိုက်တပိုင်း၊ ခေါင်းကြီး သုတေသနစခန်း တပိုင်း အခန်းကလေး တံခါးပွင့်သွားသည်။ ဘတ်ကလင်ကာ ဝင်လာသည်။ မပြောမဆို အိပ်ရာပေါ်လှဲချလိုက်ပြီး အိပ်ရာပေါ်မှ စာအုပ်တအုပ်ကို ယူကြည့် သည်။

"**ဗနတီဖဲယား** ပါလား။ ဒေါက်။ ခင်ဗျား ဘယ်တုန်းကမှ ဝတ္ထုဖတ်တာ မတွေ့ဘူးပါဘူး"

[ဗနတီဖဲယား။ ။ အိန္ဒိယဇာတိ အင်္ဂလိပ်လူမျိုး စာရေးဆရာကြီး ဝီလျံမိတ်ပိစ် သက္ကရေး (၁၈၁၁–၆၃) ၏ ဝတ္ထု၊ (၁၈၄၆–၄၈)။ ။ ဇာတ်ဆောင်မင်းသား ဘက်ကီရှပ်နှင့် ဇာတ်ဆောင်မင်းသမီး အမယ်လီယာတို့၏ စရိုက်ဖော်ပုံကောင်းလွန်း၍ အင်္ဂလိပ်စာပေတွင် ကျော်ကြားသည့် စာအုပ် တအုပ်ဖြစ်သည်။**]**

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

မြန်မာ့မျှားနတ်မောင်

ပါရဂူကလေးက ဘာမျှ ပြန်မဖြေ။ ဖီဖီတိုက်တွန်းချက်များကို ယခုထိ ဘာတခုမှ မလုပ်ရသေးသည်ကိုသာ စဉ်းစားနေသည်။ ဆေးလိပ်က အချိန်မရွေး သောက်နိုင်သည်။ ဘတ်ကလင်ကာက ဆေးလိပ်ဆိုင်တွင် အလုပ်လုပ်သူဖြစ်၍ သူနှင့် တိုင်ပင်နိုင်သည်။ ရယ်စရာ ပုံတိုပတ်စ ပြောဖို့မလွယ်။ သူ ဘာမျှ မသိ။ စာကြည့်တိုက်တွင် ရယ်စရာစာအုပ်နှစ်အုပ် တွေ့ဖူးရုံသာ တွေ့ဖူးသည်။

ကွိုက လည်ချောင်းရှင်းလိုက်ပြီး "ဘတ်၊ ဘီလင်စ်ဂိတ်က ငါးသယ်မတွေကို ဒေါက်တာဂျွန်ဆင် နှုတ်လှန်ထိုးတာ ကြားဖူးသလား"

"ဂျွန်ဆင်၊ ဘယ်သူလဲ။ ဟိုဘက် တတိယ လမ်းမှာနေတဲ့ လူဝကြီးလား"

"မဟုတ်ပါဘူး။ အင်္ဂလိပ် စာရေးဆရာကြီး ဂျွန်ဆင်ကိုပြောတာပါ။ တခါတုန်းက ဘီလင်စ်ဂိတ်မှာ ဂျွန်ဆင် ငါးသွားဝယ်တယ်တဲ့။ အသေးစိတ်တော့ မမှတ်မိတော့ဘူး။ ဂျွန်ဆင်နဲ့ ငါးသယ်မတွေ ရန်ဖြစ်ကြတော့ ငါးသယ်မတွေက ဆဲတယ်တဲ့။ ဂျွန်ဆင်က ဘာပြန်ပြောတယ် ထင်သလဲ။ ဂျွန်ဆင် ငါးသယ်မတွေကို **ပရယ်လယ်လို ပီပေဒွန်** လို့ ပြန်ပြောသတဲ့။ **အိုင်ဆိုစီလက်တြိုက်** လို့လဲ ပြောတယ်လို့ တချို့က ဆိုတယ်"

ဘတ်က ကွိုကို ကြောင်ကြည့်နေသည်။ ကွိုကလည်း ဘတ်ကို ပြန်စိုက်ကြည့်နေသည်။ သူမျက်နှာက သိလိုဇောနှင့် မောရိပ်သန်းနေသည်။

"ပြောဖို့ လိုသွားတယ်။ အဲဒီစကားလုံးတွေက ညစ်ညမ်းတဲ့ စကားလုံးတွေ မဟုတ်ဘူး။ ဂဲသြမေထရီ ပညာထဲက စကားလုံးတွေ"

"အော်" ကလင်ကာထံမှ စကားသံထွက်လာသည်။ "အော်"

[**ပရယ်လယ်လို ပီပေဒွန်** ။ ။ ဂရိစကား။ ခြောက်ထောင့်ညီ ဆဋ္ဌံ ဟု အဓိပ္ပာယ်ရသည်။

အိုင်ဆိုစီလက်တြိုက်။ ။ ဂရိစကား။ ခြေနှစ်ဖက်ညီဟု အဓိပ္ပာယ်ရသည်။ နှစ်ဖက်ညီ တြိုက်ဟု ဆိုလိုသည်]

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

ကွိုက "ကဲပါလေ။ ကျွန်တော်တို့ အိမ်အပြန် လမ်းမှာ ပြောခဲ့တဲ့စကား ပြန်ဆက်ပါအုံး"

"ပြောတာပေါ့။ ဒါပေမယ့် ခုနက ခင်ဗျားဘာပြောတာလဲ။ ကျွန်တော် နားမလည်ဘူး"

"ရီစရာ ပုံတိုပတ်စ ပြောတာပါဗျာ"

"ခင်ဗျားဟာ ရယ်စရာမှ မဟုတ်ပဲ ဒေါက်ရဲ့"

"ဟုတ်ပါသကောဗျာ"

"ကျွန်တော်တော့ နားမလည်ရိုး အမှန်ပဲ"

"ပုံလဲ ပြောရ။ ပုံကို နားလည်တတ်တဲ့ ဦးနှောက်လဲ ရှာပေးရတော့ မလုပ်နိုင်ဘူးဗျို့။ ကဲ၊ ခင်ဗျား ပြောတဲ့ ဟာသာ ဆက်ပြောပါတော့"

ဘတ်က မြို့ကြီး ပြကြီးတိုင်း၌ ကြုံတွေ့နေရသော ပြဿနာတခုကို ပြောပြသည်။ ဘတ်၏ ဝေါဟာရ အတိုင်းဆိုရလျှင် 'လမ်းမတော် လိင်သရဲများ' ပြဿနာဖြစ်သည်။ ညနေညခင်းတိုင်း အထူးသဖြင့် စနေနေ့ ညနေ ညခင်းတိုင်း လမ်းဒေါင့်တွင် လူငယ်များ လူစုကာ အလုပ်သွား အလုပ်ပြန် မိန်းကလေးများကို နောက်ပြောင်ကြသည်။ "ဟဲလို ချာတိတ်"၊ "မီးမီးလေး ဘယ်သွားမလို့လဲ" စသည် မကြားတကြား ပြောကြသည်။

"တနေ့တော့ ကောင်မကလေးတယောက်က သူတို့နဲ့စကားရော ဖောရောလုပ်တယ်။ ပျော်စေပြက်စေ သဘောပေါ့။ အန္တရယ်ကို မြင်တာ မဟုတ်ဘူး။ အဲဒီမှာ ပြဿနာတွေ စတော့တာပဲ။ အဲဒီနေ့ည ရုပ်ရှင်အပြီး ပဲလား၊ နောက်တနေ့ ညပဲလားတော့ မသိဘူးပေါ့"

ကွိက မေးခွန်းထုတ်သည်။ "ဒီလို လူစိမ်းခေါ်ရာ လိုက်ရင် ဒုက္ခရောက်တတ်တယ်ဆိုတာ အိမ်မှာ ဆုံးမမယ့်လူမှ မရှိဘူးလားဗျာ"

"ဘယ်သူက ဆုံးမ မလဲ။ သူတို့တတွေ ဘယ်လိုအိမ်မျိုးမှာ နေရတယ်ဆိုတာ ခင်ဗျားမသိဘူး။ ပြီးတော့ သူတို့ မောင်တွေ ဘွားတွေ ကိုယ်နှိုက်ကလဲ အဲဒီလို ပါးစပ်သရမ်းကလေးတွေပဲဗျ"

ဘတ်က ထိုမိန်းကလေးများ၏ မိသားစု အခြေအနေဆိုးများကို ရှင်းပြနေသည်။ နဖူးကချွေး ခြေကျအောင် လုပ်ရသည်။ ကုန်းကောက်စရာမရှိအောင် ဆင်းရဲသည်။ ပျော်စရာမရှိ။ ရွှင်စရာ နတ္ထိ။ ထို့ကြောင့် ငွေပြ၍ သွေးဆောင်လျှင် ကောက်ကောက်ပါလွယ်သည်။

ပြယုဂ် ဖြစ်လောက်သည့် မိန်းကလေး တဦး၏ ဖြစ်ကြောင်းကုန်စင်ကို ဘတ်က ဆက်ပြောပြသည်။ ကုန်ပဒေသာဆိုင်တွင် တပတ် သုံးဒေါ်လာနှင့် အလုပ်လုပ်နေသည့် မိန်းကလေးတယောက်အကြောင်း။ သူ့လုပ်စာကို သူ့အဖေ အမူးသမားက တပြားတချပ်မကျန် တောင်းသုံးပစ်သည်။ မိန်းကလေးက အသက် ၁၆ နှစ်။ သူနာမည်က အီဗာဘန်းဟိုင်မာ။ ယခု 'မဖုံးနိုင် မဖိနိုင်' အဖြစ်ရောက်နေသည်။

"ခင်ဗျား ဘာလုပ်ရမလဲ သိလား ဒေါက်။ သတင်းစာထဲမှာ ဖွင့်ချရမှာဗျ"

ကွိက ဘတ်ကို လေးလေးစားစားကြည့်ကာ

"ခင်ဗျား ပြောတာ မှန်တယ်။ ရေးရမယ်"

"အင်း၊ ဒါပေမယ့် ခင်ဗျား ဘယ်လိုရေးမှာလဲ။ ဒီအခန်းထဲမှာ တနေ့လုံး တညလုံးအောင်းပြီး စာအုပ်တွေနဲ့ နှစ်ပါးသွားနေတာ ဘယ်လိုလုပ်ပြီး ဒီလို လူမှုဒုက္ခတွေကို ကုစားနိုင်မှာလဲ"

"မေးသင့်တဲ့ မေးခွန်းပါပဲ။ လက်တွေ့ကျကျ ကွင်းဆင်း လေ့လာရအုံးမှာပေါ့လေဗျာ။ ဒီလို ယေဘုယျ ပြဿနာမျိုးဟာ လူမှုရေးသိပ္ပံအဖို့ ဖြေရှင်းရ အခက်ဆုံး ပြဿနာပဲ"

"ဘာလုပ်ရမယ်ဆိုတာ ကျွန်တော်သိတယ်။ အဲဒီပါးစပ်အရမ်းသမားတွေကို အားလုံး တန်းစီ ပစ်သတ်။ တယောက်မကျန်ဗျာ"

ကွိသည် ဘဝနှင့် လက်တွေ့ဆက်စပ်နိုင်သည့် ဤဖြစ်ရပ်ကို နက်နက်နဲနဲ စဉ်းစားနေသည်။ 'လိင်သရဲ' ကလေးများကို ဘတ်က ပြ၍ သူ့မျက်စိနှင့်လည်း တပ်အပ်မြင်ဖူးသည်။ ကျောင်းသုံးစာအုပ်ထဲက လူမှုရေး ပြဿနာ မဟုတ်။ ကိုယ့်ပတ်ဝန်းကျင်က အရှုးမီးဝိုင်းဖြစ်နေသည့် အရေးအခင်း။

ကလင်ကာက သူ့အား အချက်အလက်များပေး၍ ခေါင်းကြီးရေးရန် တိုက်တွန်းသည်။ ပြဿနာ တည်နေရာကိုလည်း လမ်းညွှန်လိုက်သေးသည်။ ဤရက်များအတွင်း သူ့အား အကြံဉာဏ်ပေးသူတွေ ဝိုင်းဝိုင်း လည်နေသည်။ ယခင်တပတ်က ဖီဖီ။ ပြီးတော့ တနေ့ထဲမှာပင် ရှာလီဝေလင်။

ကလင်ကာ၏ အကြံပေးချက်ကို သူကျေးဇူးတင်စွာ လက်ခံသည်။ ဖီဖို့ အကြံပေးချက်ကိုလည်း လုံးဝ အမှုမထားဟု သူမပြောနိုင်။ ဖီဖို့စကားများကို လွန်ခဲ့တဲ့ ဆယ်မိနစ်ကပင် ပြန်ရွတ်မိသေးသည်။ ရှာလီဝေလင်၏ ဝေဖန်ချက်များကိုမူ အစွဲအလန်းကင်းကင်း ဆန်းစစ်ပြီးမှ သူ့ဆင်ခြင်တုံ အသိတရားက လုံးဝ ဥဿုံ ပယ်လိုက်သည်။ သို့သော် သူ့စိတ်အာရုံမှ လုံးဝ ပ ထုတ်နိုင်လိုက်ပြီဟုတော့ မဆိုနိုင်။ ရှာလီ၏ စကားလုံးအချို့သည် သူ့ဦးနှောက်ကို လောင်မြိုက် လှိုက်စားနေသည် မဟုတ်လား။

ချက်ချင်းပင် ကလင်ကာ စကားလမ်းကြောင်း ပြောင်းသွားသည်။

"သမ္မာကျမ်းစာထဲမှာ အထူးခြားဆုံး စာတကြောင်းက ဘာလဲသိလား။ ယေရှုက **မိမိကိုယ်တည်းဟူသော ဗီမာန်ကို အမှတ်ပြု၍ မိန့်တော်မူ၏** ဆိုတာပဲ။ ဘုန်းကြီးတပါး တရားဟောတဲ့အထဲ ထည့်ဟောတာ ကြာဖူးတာပဲ။ ကိုယ်လက်လဲ လှုပ်ရှား ဖြောင့်ဖြောင့်မှန်မှန်လဲ နေထိုင်။ သင့် ဗိမာန်ကိုလဲ ခိုင်မာတောင့်တင်းစေ။ စင်ကြယ်သန့်ပြန့်စေလို့ ပြောတာပဲ။ ကျွန်တော်သာ ဘုန်းကြီးဖြစ်ရင် 'လာမည့် စနေနေ့တွင် သတ္တမလမ်းကို သွားလော့။ ဗဟိုလမ်းမကို သွားလော့။ နှုတ်သရမ်းသမျှကို ကိုယ်ခန္ဓာတည်းဟူသော ဗိမာန်အကြောင်း ဟောပြောလော့လို့ ပြောမှာပဲ"

[မိမိကိုယ်တည်းဟူသော ဗီမာန်ကို အမှတ်ပြု၍ မိန့်တော်မူ၏။ ။ ဓမ္မသစ်ကျမ်း။ ။ ရှင်ယောဟန် ခရစ်ဝင် ၂း၂၁**]**

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

ဗြုံးကနဲ ကလင်ကာ ပါးစပ်ပိတ်သွားသည်။ အောက်ထပ်မှ အော်ဟစ် ငိုကြွေးသံကြီးကို ကြားလိုက်ရသည်။ ကလင်ကာ မျက်နှာ ဖြူစပ်ဖြူရော် ဖြစ်သွား၏။

"ကျွန်တော် အာကျယ်တာ ဘုရားသခင် ခွင့်လွှတ်တော်မူပါ။ ကျွန်တော် သတိရသင့်တယ်ဗျာ"

"ဘာဖြစ်လို့လဲ၊ ဘယ်သူငိုတာလဲ" ကိုက ထိပ်ထိပ်ပျာပျာ မေးသော်လည်း ကလင်ကာက ပြန်မဖြေ။ ခြေဖျားထောက်၍ ဖော့ဖော့ကလေး လျှောက်ကာ ထွက်သွားသည်။

ကိုက ယောင်တီးယောင်တ ဖြစ်ကျန်ခဲ့သည်။ ငိုသံနှင့်အတူ လူသံသူသံများ ကြားရ၏။ အိမ်ဌားနေသူများသည် ဧည့်ခန်းဆောင်သို့ လာ၍ ဆိတ်ဆိတ်ငြိမ်ငြိမ် ကွန်ဒြေကြီးကြီး စုထိုင်နေကြ၏။ ဘုရင် နတ်ရွာလား နေစေကာမူ မိဖုရားများကတော့ အစာစားကြရမည် မဟုတ်လား။ သူတို့ ထိုင်နေရာသို့ ရှာလီဝင်လာသည်။ မျက်နှာမှာ သွေးမရှိ။ မျက်ရည်လည်း မရှိ။

"ညစာ အတော်နောက်ကျနေပြီရှင်။ အမ်မာနဲ့ လော်ရာလဲ ကယောင်ချောက်ချား ဖြစ်နေကြလို့ပါ။ ကျမပဲ ညစာပြင်ပေးပါ့မယ်"

ရှာလီ ခန်းမထဲသို့ ထွက်လာသောအခါ ကိုကို လှေကားပေါ်၌ တွေ့ရသည်။ ရှာလီက လှေကား လက်ရမ်းအနီးသို့ လျှောက်လာပြီး

"ရှင် သိရောပေါ့"

"ဟင့်အင်း မသိဘူး။ ဘာဖြစ်တာလဲလို့ သိရအောင် အခုမှ အောက်ထပ်ဆင်းလာတာ"

"ဖီဖီ သူ"

"ရောဂါ သိပ်ဆိုးလာပြန်ပလား"

"စောစောကပဲ ဆုံးသွားပြီ"

"သေပီ"

ထိုစကားလုံးကြောင့် ရှာလီ ဆတ်ကနဲ တုန်သွားသည်။

ဖီဖီသေလိမ့်မည်ဟု ကို ဘယ်တုန်းကမျှ မထင်ခဲ့။ ဘယ်တော့မှ အကွရာ သခ်ျာ ပြေးရမှာ မဟုတ်တော့ပါ ကလားဟူ၍ တွေးမိလိုက်၏။ တစုံတခု ပြောချင်သည်။ သို့သော် တသက်နှင့်တကိုယ် မကြုံစဖူး စကားလုံး တိတိကျကျ ရှာမရဖြစ်နေသည်။

"တနလ်ံနေ့ အသုဘချမယ်။ ရှင်လိုက်ပို့မယ် မဟုတ်လား"

ကိုက မျက်ကြောကြီးများ ရှုံ့၍ ကြည့်နေသည်။ သူ့စာအုပ်တွင် အရိုင်းအစိုင်းတို့၏ ထုံးတမ်းဟု ကင်ပွန်းတပ်ထားသည့် သေခန်းသေနားမျိုးတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်လိုစိတ်မရှိ။

"ဟင့်အင်း" ကိုက ကတိုက်ကရိုက်ပြောလိုက်သည်။

"ကျွန်တော် လိုက်ပို့နိုင်မယ် မထင်ဘူး"

"ဖီဖီကတော့ ပို့စေချင်မှာပဲ။ သူ့အတွက် ရှင်နောက်ဆုံးအကြိမ် တခုခုလုပ်ပေးနိုင်တာ ဒါပဲ ရှိတော့တာပဲရှင်"

"ပို့စေချင်မယ် ဟုတ်လား။ သူက သိတော့မှာမှ မဟုတ်ပဲ"

"မသိရော ဘာဖြစ်လဲ။ မိတ်ဆွေတယောက်အပေါ်မှာ ရှင်ဒီလောက်ကလေးမှ အလေးမထား နိုင်ဘူးလားဟင်"

ဓာတ်ငွေ့ မီးခက်မှ အလင်းရောင်သည် ရှာလီ့ မျက်နှာပေါ်သို့ ထိုးကျနေသည်။ ရှာလီ ပင်ပန်းနွမ်းနယ်နေပုံကို ကို သတိပြုမိသည်။

"ဖီဖီ သိမှာပဲလို့ ကျမ ထင်တယ်။ ပျော်လဲ ပျော်မှာပဲ"

ရှာလီက ဆက်ပြောသည်။

"သူက ရှင့်ကို ခင်ရှာတယ်။ အထင်လဲ ကြီးရှာတယ်။ တနေ့ကပဲ ရှင့်အကြောင်း စကားစပ်မိလို့ ပြောနေသေးတယ်။ အခု သူ ဆုံးရှာပီ။ သူ့အတွက် ကျမတို့ ဝမ်းနည်းတယ်ဆိုတာပြဖို့က ဒီတနည်းထဲ ရှိတော့တာပဲရှင်"

ရှာလီ 'မျက်တောင်ကော့ကြီးများသည် ရုတ်တရုတ် ယိုစိမ့်လာသော မျက်ရည်စဖြင့် မီးရောင်တွင် ဖိတ်ဖိတ်လက်နေသည်။ ချက်ချင်းပင် ကို အည့်ခံလိုက်ကာ လှေကားပေါ်သို့ စိတ်လေး ကိုယ်လေး ပြန်တက်သွားသည်။

နောက်မှ ပြန်စဉ်းစားမိသည်မှာ ရှာလီ၏ မျက်တောင်ကော့ကြီးများသာ မျက်ရည်ဖြင့် ဖိတ်ဖိတ်လက်မနေခဲ့လျှင် အသုဘပို့ရန် သူ ငြင်းပယ်ခဲ့မိမည် အမှန်။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

(၁၅)

ဈာပန အခမ်းအနား၏ အလှသည် ကိုကို ဖမ်းစားလိုက်လေသည်။

ဖီဖီ၏ ဈာပနကို မြို့ပြင် တောအုပ်ကလေးများကြားရှိ ဘုရားရှိခိုးကျောင်းတွင် သရဏဂုံတင်သည်။ ဤနေရာတွင် ဖီဖီ၏ဖခင် မစ္စတာပိန်တာ မွေးဖွားကြီးပြင်းခဲ့သည်။ ဖီဖီလည်း နေထိုင်ကောင်းစဉ် ဥပုသ်နေ့တိုင်း ဤဘုရားရှိခိုးကျောင်းသို့ လာ၍ တနင်္ဂနွေ ကျောင်းတက်လေ့ရှိသည်။

တောအုပ်ကလေးများထဲတွင် လမ်းလျှောက်ရင်း ဝဝပြပြ မျက်နှာနီရဲရဲ လူကြီးတဦးနှင့် ကိုတွေ့သည်။ မော်တော်ကား မောင်းသမားကြီးဖြစ်သည်။ ဖီဖီနှင့် အလွန်ခင်သည်။ စေတနာရှင်မလေး ဖီဖို့အကြောင်းကို စုံတကာစေ့အောင် လေကြောရှည်ဆွဲ၍ ပြောပြနေသည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ကျော်က တင်မ်က သူ့ကို ဘုရားရှိခိုးကျောင်းတခုသို့ ခေါ်မသွားခဲ့ဘူးဆိုလျှင် ယခုအကြိမ်သည် ကိုအဖို့ ဘုရားရှိခိုးကျောင်းထဲသို့ ပထမဆုံးအကြိမ် ရောက်ဖူးခြင်းဖြစ်မည်။ ၁၄ နှစ်သားမှစ၍ ဘာသာရေးကို ယုံကြည်မှု၏ အထွတ်အထိပ် ဓလေ့တခုကို သူမျက်မြင်ကိုယ်တွေ့ ကြည့်နေရသည်။

ကိုသည် နှစ်နှစ်ကာကာ စိတ်ဝင်စားစွာ သူ့ပတ်လည်ကို လှည့်ကြည့်သည်။ အလင်းရောင်မှိန်မှိန်။ ကြေကွဲသော မျက်နှာများဖြင့် ခုံတန်းပေါင်းများစွာ၌ ထိုင်နေသော လူများ။ ထူးဆန်းပေစွ။ အံ့သြစရာနှင့် အတိ

ပြီးသည်တကား။ အသွေးအသား သေသော်လည်း လူမသေဟူသော အနိုင်မခံ အရှုံးမပေးသည့် ယုံကြည်ချက်။ ဆင်ခြင်တုံတရားကို အံတုသည့် စိတ်ဓာတ်။ မယုံကြည်နိုင်လောက်အောင် ကြီးမားသော မြတ်နိုးခင်တွယ်မှု ဗီဇစိတ်။ ဤဆန်းပြားသော အခြင်းအရာတို့၏ ထူးခြားချက်သည် အဘယ်နည်း။

ငါသည် ထမြောက်ခြင်း အကြောင်း၊ အသက်ရှင်ခြင်းအကြောင်း ဖြစ်၏။ ငါ့ကို ယုံကြည်သော သူသည် သေလွန်သော်လည်း ရှင်လိမ့်မည်။

[ဓမ္မသစ်ကျမ်း။ ။ ရှင်ယောဟန် ခရစ်ဝင် ၁၁း၂၅။]

ကျယ်လောင် လှိုက်လှဲသော အသံသည် ရုတ်ချည်း ပေါ်လာသည်။ လူအများချက်ချင်း မတ်တပ်ရပ်လိုက်သည်။ ကွိလည်း အစောဆုံး ထရပ်လိုက်သည်။ သူ့မျက်လုံးသည် ဝက်ရုံဖြူ ဝတ်ဆင်၍ တလှမ်းချင်း လျှောက်လာသော လူငယ်တဦးအပေါ်သို့ ရောက်သွားသည်။ သူ့မျက်နှာသည် ပျို့သစ်စ နံနက်အရုဏ်ကဲ့သို့ လန်းဆန်းသည်။ သူသည် စာအုပ်တအုပ်ကို ဖွင့်လိုက်၏။ သို့သော် စာအုပ်ကို မကြည့်။ လောကပြင်ပသို့ မျှော်ကြည့်နေသယောင် ဦးခေါင်းကို မော့ထားသည်။

'ငါ့ဘက်၌ နေတော်မူသော ဘုရားသခင်ကို ငါ မြင်မည်။ သူတပါး မြင်သည်သာမက ငါသည် ကိုယ့်မျက်စိနှင့် ဖူးမြင်မည်"

[ဓမ္မဟောင်းကျမ်း။ ။ ယောဘဝတ္ထု ၁၉း၂၇]

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

ထိုလူငယ်၏ ကျောဘက်တွင် ပန်းစည်းပန်းခွေများ အဆင့်ဆင့် ဖုံးနေသည့် ဖီဖီ၏ မသာခေါင်းရှိသည်။ ခရစ်ယာန်သံပြိုင်ဝတ်သီချင်းများ အပြန်အလှန် ဆိုကြပြီးနောက် ထိုလူငယ်က သမ္မာကျမ်းလာ ဓမ္မစာများကို ရွတ်ဖတ်သည်။ ထို့နောက် လေမှုတ်စန္ဒယားသံ ပေါ်ထွက်သည်။ သံပြိုင်ဝတ်သီချင်းဆိုသည်။

'သူတော်စင်တို့ လုပ်ငန်းခွင်မှ အနားယူကြပြီ'

သူတော်စင်။ ဖီဖီကို သူတို့ ဒီလိုပဲ အပြီးအပိုင် သတ်မှတ်နေကြပြီ။ စဉ်းစားသာ ကြည့်ပေတော့။ လွန်ခဲ့သည့် ရက်သတ္တပတ်ကပင် ဖီဖီကို သူ နှင်းဆီပန်းများ ပို့ခဲ့သေးသည်။

လက်အိတ်နက် စွပ်ထားသော လက်တခုက ကွိအား နောက်မှ နေ၍ ဖွင့်လျက်သား စာအုပ်တအုပ် ပေးလာသည်။ စာအုပ်ကို သူအသာကိုင်ထားလိုက်သည်။ စောစောက တွေ့ခဲ့သည့် မော်တော်ကားသမားကြီးက "သူတို့ဆိုနေတာ ဒီသီချင်း" ဟု စာအုပ်ပေါ် လက်ထောက်ပြရင်း လေသံဖြင့် ပြောသည်။

[ရန်အမှုတို့ ပြင်းပြချိန်၊ စစ်ပွဲတို့ ရှည်လျားချိန်တွင် အဝေးမှ အောင်တေးသံသည် နားထဲသို့ စိမ့်ဝင်လာသည်။ ရဲသွေးတို့ တက်ကြွလာသည်။ လက်ရုံးတို့ သန်မာလာသည်]

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

မြန်မာ့မျှားနတ်မောင်

သရဏကုံတင်အပြီးတွင် မသာခေါင်းကလေးကို ဘုရားရှိခိုးကျောင်းဝင်းထဲသို့ သယ်သွားသည်။ မြေမှုန့်မှ မြေမှုန့်အဖြစ်သို့ ရောက်စေလေပြီ။ အဝတ်နက် ဝတ်ဆင်ထားသော မိန်းမများ၏ ငိုရှိုက်သံပေါ်လာသည်။ ထိုအချိန်တွင် ခေါင်းပျဉ်ပေါ်သို့ ပထမဆုံး မြေစိုင်ခဲ ဒုတ်ကနဲ ကျသည့် ကြေကွဲဖွယ် အကောင်းဆုံး အသံကို ကြားလိုက်ရလေ၏။ စောစောက တွေ့ခဲ့သည့် မျက်နှာနီရဲရဲ ကားသမားကြီးပင် မျက်ရည်တွေ စီးကာ ငိုကြီးချက်မ ဖြစ်နေသည်။

[ထာဝရအရှင် ဘုရားသခင်သည် 'သင်သည် မြေမှုန့်ဖြစ်၍ မြေမှုန့်သို့ ပြန်ရမည်' ဟု မိန့်တော်မူ၏ (သမ္မာကျမ်းစာ။ ကမ္ဘာဦးကျမ်း၊ ၃း၁၉)]

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

အိမ်အပြန် ဓာတ်ရထားပေါ်တွင်မူ ကွိသည် သူ့အတွေးများကို ဆင်ခြင်တုံတရား လမ်းကြောင်းပေါ်သို့ ပြန်လည် တည့်မတ်ပေးနိုင်တော့သည်။

ဝိညာဉ် ထာဝရ တည်မြဲသည်ဆိုသော သဘောတရားသည် ဆင်ခြင်တုံတရားပေါ်၌ မရပ်တည်နိုင်။ စိတ်ဆိုသည်မှာ ဓာတ်လေးပါးဖွဲ့စည်းမှုမှ ပေါက်ဖွားသော အရာသာဖြစ်သည်။ သေခြင်းတရား၌ အဆုံးရှိသော ဓာတ်လေးပါး အဖွဲ့အစည်း ပျက်ပြယ်သောအခါ စိတ်လည်း ကွယ်ပျောက်ရသည်။ ဖယောင်းတိုင်မှ မီးကို မှုတ်ငြိမ်းလိုက်သလို ဖြစ်သည်။ သို့ရာတွင် လူသမိုင်းတလျှောက်လုံး ဤသဘောတရားသည် တည်တံ့နေခဲ့သည်မှာ မယုံနိုင်စရာ ဖြစ်၏

သိပ္ပံပညာသည် ထိုသဘောတရားကို အဖန်တလဲလဲ ချေဖျက်ခဲ့သည်။ သို့သော လူအပေါင်းတို့သည် သိပ္ပံပညာကို လက်မခံခဲ့။ သိပ္ပံပညာကို ကျိုးသင့် ကြောင်းသင့် အဖြေမပေးနိုင်သောအခါ ပုဆိန်များ၊ တံကျင်များနှင့် အဖြေပေးသည်။ ထူးဆန်းပေစွ။ သိပ္ပံပညာနှင့် ဘာသာရေး၏ ပဋိပက္ခသည် လူသားနှင့် သူ့ဆင်ခြင်တုံတရား၏ ပဋိပက္ခသာ ဖြစ်ပါပေသည်တကား။

ကယ်တင်ခြင်းခံရသော ခန္ဓာကိုယ်၊ ကယ်တင်ခြင်းခံရသော ဝိညာဉ်ဆိုသည့် သဘောတရားကို လူအပေါင်းတို့ ဧကန်ဧက ယုံကြည်ကြရဲ့လား။ ငွေဆိုသည်မှာ လောကီကိစ္စမျှသာ ဖြစ်သည်။ ဟု သူတို့ ပရိယာယ်မခိုဘဲ ယုံကြည်ရိုးမှန်ကြလျှင် သူတို့၏ လောကီတရား တို့သည် သူတို့ကို စောင့်ကြို နေမည့် ထာဝရ ဘုန်းကျက်သရေတို့နှင့် နှိုင်းစာသော် ပင်လယ်ကမ်းခြေမှ သဲတပွင့်လောက်ပင် အလေးထားစရာ မရှိ။

သို့သော် ယခုကားပေါ်၌ လိုက်ပါ လာသူတို့သည်ပင် နက်ဖြန်ဆိုလျှင် ရေပွက်ပမာ ကြာရှည် မတည်သော အကျိုးအမြတ်အလို့ငှာ အချင်းချင်း လည်ပင်း လှီးကြတော့မည်။ အချင်းများကြတော့မည်။ လိမ်ညာစဉ်းလဲကြတော့မည်။ အမနာပ ပြောကြတော့မည်။ အသရေ ဖျက်ကြတော့မည်။ မုသား ဆိုကြတော့မည်။ ရန်ပွားကြတော့မည်။ ဘာသာရေးဟူသည် ကိုယ့်ကိုယ်ကို အိပ်မွေ့ချခြင်းမျှသာ ဖြစ်သည်။ လူ့လောက၏ ပရိဒေဝ သောကဗျာပါဒကို ဖြေဖျောက်၍ ရကောင်းစိမ့်သောငှာ တပါးသော လောကကို ဖန်ဆင်းခြင်း ဖြစ်သည်။

ဤသည်ပင် လူတို့၏ ဘာသာရေး သမိုင်း ဖြစ်ချေ၏။ လူအပေါင်းတို့ ကိုယ်တိုင်လည်း ထိုလောကပွား ဖန်ဆင်းမှု သဘောကို သိသည်သာ။

ဟာရုစပက်တို့လည်း သူတို့အချင်းချင်းတွေ့လျှင် တတောသော ရယ်မောကြမည်သာ။

[**ဟာရုစပက်**။ ။ ရှေးဟောင်း ရောမခေတ်က ယာဇ်ပူဇော်ပသမှု အဆောင်အရွက်ဖြင့် အသက်မွေးသော လူတန်းစား။]

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

မစ္စက်ပိန်တာအိမ်တွင် ညစာ စောစော စားကြသည်။ ကိုသည် ခြေဖွဖွနင်းကာ သူ့အခန်းသို့ ပြန်တက်လာသည်။ မစ္စက်ပိန်တာ အခန်းရှေ့သို့ ရောက်သောအခါ အခန်းတွင်းမှ ကျိတ်၍ ငိုရှိုက်နေသံကို ကြားရသည်။ ရင်သွေးတို့ အတွက် ပရိဒေဝမီး တောက်လောင်ကာ ငိုကြွေးသော **ရာခယ်** ၏ ငိုကြွေးသံမျိုးပင်ဖြစ်သည်။

ကိုသည် အခန်းတံခါးကို ပိတ်ကာ ဓာတ်ငွေ့မီးကို ထွန်းညှိလိုက်သည်။ စားပွဲတွင် ၁၉၀၂ မတ်လထုတ် ပို့စ်သတင်းစာ အဟောင်းတွဲက သူ့စူးစမ်းရှာဖွေမှုကို အသင့် ငုံလင့်နေသည်။ သို့သော် ခါတိုင်းနှင့်မတူ တမူခြားကာ သူအိပ်ရာပေါ်တွင် လဲအိပ်လိုက်လေ၏။

သူ ယနေ့ည သေသွားလျှင် သူ့အတွက် ဘယ်သူ ဒီလိုငိုပါ့မလဲ။

တခါကမူ ကွီသေလျှင် သူဝမ်းနည်းမည်ဟု ဖီဖီက ပြောခဲ့ဖူးသည်။ သို့သော် ဖီဖီက အရင်ဆုံးရှာပြီ။ သူကတိ တည်စရာ မလိုတော့ပြီ။

[**ရာခယ်**။ ။ ခရစ်ယာန် ဓမ္မဟောင်းကျမ်းလာ ဂျကော့၏မယား။ ဂျိုးဆက်နှင့် ဘင်ဂျမင်တို့၏ မိခင်။ သမ္မာကျမ်းစာ ကမ္ဘာဦးကျမ်း (၂၉း၃၅) တွင် ယာကုပ်၏ မယားရာခေလ ဟူ၍ဆင်း၊ ရာခေလသားကား ယောသပ်နှင့် ဗင်ယာမိန်းတည်းဟူ၍ ၎င်းရေးသည်။ ဓမ္မသစ်ကျမ်း၊ ရှင်မသည်း ခရစ်ဝင်တွင် 'ရာခေလသည် မိမိသားတို့ မရှိသောကြောင့် ငို၍ စိတ်မပြေနိုင်ဟူသော စကားသည် ထိုအခါ၌ အမှန်မကျသတည်း' (၂း၁၈) ဟု ဖော်ပြသည်။]

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

ဖီဖီသေသော်လည်း သူ့အတွက် ဝမ်းနည်းမည့် မိတ်ဆွေများစွာ ကျန်ခဲ့သည်။ သူသေလျှင် တင်မ်နှင့် မာဖီနှစ်ယောက်သာ ဝမ်းနည်းမည့်သူရှိသည်။ မသာပို့ရန်တော့လာနိုင်ကြမည် မထင်။

သူသချိုင်းဘေးသို့ ရောက်နိုင်ကောင်းဘွယ် ရှိသူမှာ ဘတ်ကလင်ကာ တဦးသာဖြစ်သည်။ သို့သော် ကလင်ကာ ငိုလိမ့်မည်ဟု မြော်လင့်ရန်မှာမူ ရလေလိုလေ အိုတဆွေ လုပ်လွန်းရာရောက်မည်။ လူတယောက်တည်းသာ ပို့မည်သူရှိသော မသာဖြစ်ရမှာကလည်း အတော်မျက်နှာပန်းမလှ။ လူကြောင် သူကြောင်မို့သာ သေချိန်တွင် ရှားရှားပါးပါး မိတ်ဆွေ တယောက်တည်း ကျန်ခဲ့တာဖြစ်မည်ဟု ဖြတ်သွားဖြတ်လာ လူတကာတို့က မသာကို ကဲ့ရဲ့သဂြိုလ်စကားတင်း ဆိုဘွယ်ဖြစ်သည်။ သို့သော် သေလမ်း သေနားကို သူစဉ်းစားစရာ မလို။ လူရိုင်း သူရိုင်းတို့၏ ထုံးဓလေ့သည် သူနှင့် မအပ်မရာကိစ္စသာဖြစ်သည်။ ဘတ်က စီစဉ်ပေးနိုင်မည်။ အလောင်း မီးရှို့ စက် အနီးတွင် ငိုကြွေးနေမည့် ဘတ်၏ပုံပန်းကို သူစိတ်ကူးကြည့်သည်။ ပုံမပေါ်။

သူ့အဖေ ရှိသေးသည်။ တကမ္ဘာတည်း အတူ နေနေကြသော်လည်း ၂၄ နှစ်လုံးလုံး သူနှင့်တခါမျှ မျက်နှာချင်း မဆုံဖူးသေးသည့် သူ့အဖေ။ သူ့အဖေလုပ်ပုံသည် နည်းနည်း ဂွကျသည်။ ကမ္ဘာထုံးတမ်းအတိုင်း ပြောရလျှင် ကိုယ့်သားကို ကိုယ် လက်မခံသူ ဖြစ်သည်။

ယင်းသို့ လုပ်မြဲမမှတာ မဟုတ်သော လူ့ကျင့်ဝတ် ဖောက်ဖျက်ခြင်းအတွက် အကြောင်းပြချက် ရှိရမည်။ အခြေအနေ အရပ်ရပ်က တခုတည်းသော လမ်းကိုသာ ညွှန်ပြနေသည်။ ထိုလမ်းမှာ သူ့အမေသည် သူ့အဖေနှင့်

တရားဝင်လက်မထပ်ခဲ့ဆိုသော လမ်းဖြစ်သည်။ သူ့မိဘများ၏ လက်ထပ်ပွဲသို့ တက်ရောက်ခဲ့ရသည်ဆိုသော တင်မိ၏အဆိုကို သူအမြဲတစေ သံသယဖြစ်ခဲ့သည်။ သို့သော် ထိုကိစ္စကို ယခု သူလုံးဝ မစဉ်းစားတော့ကိုယ်ကျင့်တရားတာဝန်မှာ သူ၌မတည်။

နာမည်ကိစ္စမှာလည်း ကွိဆိုသော အမည်သည် အခြားအမည်များ ကောင်းသလောက်ပင် ကောင်းသည်။ ကိုယ့်ဘဝပတ်ဝန်းကျင်နှင့် အခြေအနေ၏ တံဆိပ်ကပ်ခြင်းမှ ကင်းလွတ်ရအောင် လုပ်နိုင်သူအဖို့ အိတ်စ်နာမည် ယူယူ၊ ဝိုင်နာမည် ယူယူ ကောင်းသည်ချည်းသာ။

သူသေသွားလျှင် မစ္စက်ပိန်တာက ဖီဖီအတွက် ငိုသလို သူ့အဖေသာ အသက်ရှင်နေလျှင် သူ့အတွက် သူ့အဖေပေါ်လာပြီး ငိုကြွေးလိမ့်မည်ဟု ထင်မိ၏။ သူ့အလောင်း မီးသင်္ဂြိုလ်မည့် မီးရှို့စက်ဘေးတွင် သူ့အဖေ ငိုနေမည့်ပုံပန်းကို စိတ်မှန်းနှင့် တွေးကြည့်ပြန်၏။ သူ့အဖေ၏ အင်္ဂါရုပ်နှင့် စပ်လျဉ်း၍ မပီဝိုးဝါးမှုက လွှမ်းထားခြင်းကြောင့် တစိတ်တဒေသ ဖြစ်ကောင်းဖြစ်မည်။ သူ့စိတ်ကူးထဲမှာ ပုံမပေါ်။

သူ့အဖေသည် သူတရားမျှတစွာ ထမ်းဆောင်ရမည့်တာဝန်ကို ရှောင်သည်ဟု ကွိခံစားရ၏။ “ဟောဟိုမှာ ငါ့အဖေ” ဟု တစုံတယောက်ကို သတ်သတ်မှတ်မှတ် လက်ညှိုးထိုးပြနိုင်လျှင် သူ့အဖို့ ကောင်းလေစွဟုလည်း သူ့တသက်တွင် ပထမဆုံး အကြိမ်တွေးတောမိ၏။

သူနှင့်ဘတ်သာ ကျန်ကြတော့သည်။ လောကအလယ်တွင် သူတို့နှစ်ဦးသားသာ အတူတကွ ရှိကြသည်။ သူသည် မီးရောင်ထိန်ထိန်တွင် အတွေးခြာခြာလည်နေ၏။

သူ့ဘဝတွင် သူ့ကို ဝေဖန်ထောက်ပြသူ သုံးဦးသာရှိခဲ့သည်။ သုံးဦးစလုံးက သူ၏ ဘဝအမြင်ကို တလေသံတည်း ထိုးနှက်ခဲ့ကြသည်။ သုံးဦးစလုံးက ပတ်ဝန်းကျင်လောကနှင့် ဆက်ဆံထိတွေ့ရန် သူ့ကို တိုက်တွန်းခဲ့ကြသည်။

သူ့ဘဝအောင်မြင်မှု၏ အတိုင်းအတာသည် သူ့ကိုယ်သူ ပတ်ဝန်းကျင်နှင့် အိုးစားကွဲအောင် လုပ်ထားနိုင်သည့် အတိုင်းအတာနှင့် အမျှဖြစ်ကြောင်း ပြန်လှန် မချေပနိုင်အောင် သူပြသခဲ့၏။ သို့သော် ထိုသုံးဦးက ထိုအတိုင်းအတာသည် သူ့ဘဝဆုံးရှုံးမှု၏ အတိုင်းအတာဖြစ်သည်ဟု စိုက်လိုက်မတ်တတ် ဆိုကြသည်။ သူက သူ့အဆိုပြုချက်ကို သက်သေပြသလို သူတို့က သူတို့၏ အဆိုပြုချက်ကို သက်သေမပြနိုင်ကြ။ သို့သော် သူတို့၏ ကျိုးကြောင်း ယုတ္တိကင်းမဲ့မှုသည် သူတို့၏ အဆိုပြုချက်ကို တုတ်တုတ်မျှ မလှုပ်မရွေ့စေနိုင်။ ကွို၏ ဆင်ခြင်တုံတရားနှင့် ကွိကို ဝေဖန်သူတို့၏ ဗီဇစိတ်တို့အကြား ထင်ရှားသော ဝိရောဓိ တခုပါပေ။

သူသိရသလောက် သူ့ကို ဘယ်သူကမျှ ချီးကျူးလေးစားခြင်းမရှိ။ သူလုပ်ငန်းကို လေးစားချင် လေးစားမည်။ လူပုဂ္ဂိုလ်အရမူ သူ့အတွက် ဝမ်းနည်းသူ သို့မဟုတ် သူ့ကို ပြစ်တင်ရှုတ်ချသူသာ ရှိသည်။ သူ့လုပ်ငန်းကို လေးစား ချီးကျူးသူကလည်း နည်းလှသေးတော့သည်။ ပို့စ်သတင်းစာက ကျေနပ်လောက်သော သက်သေအထောက်အထား ပြခဲ့ပြီ မဟုတ်လား။

လူဘောင်အဖွဲ့အစည်း၏ ညွှန်ပိုင်ကြားပိုင်သူ ဧရာမပုဂ္ဂိုလ်ကြီးတဦးအဖို့ သူကိုယ်တိုင် သဘောတရားရေးအရ စီမံကွပ်ကဲနေသည့် လူဘောင်အဖွဲ့အစည်းတွင် ပုဂ္ဂိုလ်ရေး ဒွေးရောယှက်တင် ပါဝင်လှုပ်ရှားနေမှ ပိုမိုကြီးမြတ်သော ညွှန်ပိုင်ကြားပိုင်သူ ဖြစ်လာနိုင်လေသလား။

ဧကစာ ကျင့်သုံးခြင်းနှင့် အချိန်ဇယားကို ဘိန်းစွဲသလိုစွဲနေခြင်းက သူတွင် အရေးကြီးသော လစ်ဟင်းချက်များရှိနေစေသလား။

ရှာလီဝေလင်ပြောသလို အခြေခံကစ၍ သူမှားနေသည်ဟု ဆိုနိုင်စရာ အကြောင်းရှိနေသလား။ ပါရဂူကလေးသည် အိပ်ရာပေါ်တွင် မလှုပ်မယှက် အတွေးကျွံနေသည်။ မိနစ်ကို နာရီစားလာသည်။

သူ့စာအုပ်ကြီးကို သူ အသက် ၂၇ နှစ်တွင် ရေးသားပြုစုပြီးစီးသွားလျှင် ကျန်နေသေးသော ဘဝတာကို ဘယ်လိုကုန်လွန်စေမလဲ။ စာအုပ်အပေါ် ဝေဖန်ချက်များကို တုန့်ပြန်ဖြေကြားရန်မှတပါး အခြားလုပ်စရာမရှိ။ သူ့စာအုပ်ကြီးသည် ဒဿနိကဗေဒ၊ သမိုင်းနှင့် သိပ္ပံပညာအားလုံး၏ အခေါင်အထွက် အဆီအနှစ်ဖြစ်၍ လူသား၏ အမြင့်မားဆုံး ဉာဏ်ပညာ၊ ပရမတ္ထ၊ ပဋိဘာန် ဖြစ်သည်။ ထိုစာအုပ်ကြီးပေါ်လာလျှင် ကမ္ဘာ့လုပ်ငန်းစဉ်သမိုင်းပြီဟု ဆိုနိုင်ပေတော့မည်။ ဤသို့ဆိုလျှင် ကျန်ရှိနေသော သူ့ဘဝသက်တမ်း နှစ်ပေါင်း ၃၀ ကျော် ၄၀ ကို မည်သို့ ကုန်ဆုံးရအံ့နည်း။

ယခု သူအသက် ၂၄ နှစ်ရှိပြီ။ ပဲ့ပြင်သွန်သင်မှု လုံးဝ မခံယူရဘဲ တကောင်ကြွက်အဖြစ် ကြီးပြင်းခဲ့ရသည်။ သူခန္ဓာကိုယ်ရော စိတ်ဝိညာဉ်ကိုပါ စာအုပ်များ၏ အကူအညီဖြင့် သူဖာသာသူ ပျိုးထောင်ခဲ့ရသည်။ သူတပါး သင်ပြသည့် ပညာဆို၍ ရှာလီဝေလင်က နာရီဝက်ကြာ နာနာကျည်းကျည်း ပြောလိုက်သည့် စကားများသာ ရှိသည်။

သူ၏ အပယ်ခံ လူငယ်ဘဝသည် ထကြွလာပြီး သူ့ကို တိုက်ခိုက်သည်။ သို့သော် သူ အသိအမှတ်မပြု။ သူ့ကို တိုက်ခိုက်သည့် ထို အပယ်ခံလူငယ်ဘဝသည် ဝံ့ဝံ့စားစား ရှိသည်ဟုသာ သူအသိအမှတ်ပြုသည်။ ထိုဘဝနှင့် သူ လက်ချင်းချိတ်လိုက်သည်။ ထို့နောက် အသူတရာချောက်ထဲသို့ ကျသွားကြလေ၏။

နံနက် ၂ နာရီတွင် လူပျိုဝိုင်းမှ ပြန်လာသည့် ဘတ်ကလင်ကာသည် ပိုင်္ဂကတ်ခန်း၌ မီးထိန်ထိန်လင်းနေသည်ကိုမြင်၍ တက်လာသည်။ အခန်းထဲတွင် ဖိနပ်မစီးဘဲ လမ်းရှောက်နေသည့် ပါရဂူကလေးကို တွေ့ရသည်။ ကွိသည် ဘတ်ကို မြင်သောအခါ လမ်းလျှောက်ရပ်လိုက်သည်။ ဘတ်ကို မသိသလို စူးစူးဝါးဝါး စိုက်ကြည့်နေသည်။သူမျက်နှာသည် သွေးမရှိသလို ဖြူဆွတ်ကာ တင်းတင်းမာမာ ခက်ခက်ထန်ထန် ဖြစ်နေ၍ ဘတ်က “မင်လာညပါ။ ဒေါက်” ဟု ပြောရုံပြောကာ ပြန်ထွက်သွားတော့လေသည်။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

(၁၆)

နွေရာသီတလျှောက်လုံး ရှာလီဝေလင်ထံသို့ ဓာတ်ပုံ ပို့စ်ကဒ် အမြောက်အမြား ရောက်လာသည်။ ပို့စ်ကဒ်များကို ကြည့်ကာ ကမ္ဘာဟောင်းတွင် ချားလ်စ် ဂါဒင်နီယာဝက်စ် တယောက် ဇွဲနဲ့ဘဲကြီးကြီး လေ့လာနေပုံကို သိရသည်။

ဂျွန်လဆန်းတွင် ရောမမှ စခဲ့သည့် သူ့ခရီးသည် ဩဂုတ်လလယ်ပိုင်းတွင် လန်ဒန်မြို့၌ တစခန်းထောက်သည်။ ရှာလီဝေလင်ထံသို့ လန်ဒန်မြို့အနီးအနားမှ သူ ပို့စ်ကဒ်တစောင် ပို့လိုက်သည်။

‘သမိုင်း အပြောင်ဆုံးခရီး ပြီးဆုံးပြီ။ ၂၁ ရက်တွင် သဘော်စီးမည်။ အားအင်နှင့် စိတ်မာန် မပြည့်စဖူး ပြည့်နေသည်။ အလှအပဆုံး စီမံကိန်းများကို ပြန်လည် သုံးသပ်နေရသည်’

သို့သော် ဩဂုတ်လ ၂၁ ရက်တွင် ဝက်စ်မပြန်ဖြစ်။ မူလက ဩဂုတ် ၁၅ ရက်တွင်ပင် ပြန်ရန် စီစဉ်ထားခဲ့၏။ လန်ဒန်တွင် တွေ့ရသော ကောလိပ်ပညာရေးစနစ်က စွဲမက်စရာ ကောင်းလွန်း၍ မပြန်နိုင်။ ဩဂုတ်လ ၂၅ ရက်တွင်မှ ပြန်နိုင်သည်။ စက်တင်ဘာ ၃ရက်တွင် မြို့ကို ပြန်ရောက်သည်။ စက်တင်ဘာ ၄ ရက်တွင် ရှာလီရုံးခန်းသို့ ဝင်လာသည်။

ရုံးခန်းတွင် သူတို့နှစ်ယောက်သာ ရှိသည်။

“ကျွန်တော်ပို့တဲ့ ပို့စ်ကဒ်တွေ ရတယ်နော်”

"အထပ်လိုက်ပါပဲရှင်။ ဒီစားပွဲလောက်ရှိတဲ့ ဓာတ်ပုံစာအုပ်ထဲမှာကို ကပ်ထည့်ရတာ စနေ နေ့တဝက်ကို ကုန်ပါရောလား။ ရှင့်ခရီးတလျှောက်လုံး ဘာအကြိုက်ဆုံးလဲ ဟင်"

"ကျွန်တော်ထင်တယ်" ဝက်စ်က သူ့မျက်လုံးပြာကြီး တစုံလုံးကို ရှာလီအပေါ် လွှမ်းခြုံလိုက်ပြီး

"ပြန်လာရတာ အကြိုက်ဆုံးပဲ"

ရှာလီက ရယ်သည်။

"ရှင့်အဖို့ သိပ်ကောင်းတယ်ထင်တယ်။ ရှင့်ကြည့်ရတာ တောင်ကြီးတွေကို ဖြိုတော့မယ့်ဟန်ပဲ"

"တောင်ထွတ် တောင်ညှန့်ကိုတောင် ကိုက်ကိုစားမှာဗျ"

ရှာလီက အလုပ်အသစ် စပြီလားဟု မေး၍

"သင်္ဘောပေါ်ကနေ တခါထဲ အလုပ်ထဲ ဂျမ်းထိုးဝင်ခဲ့တာ"ဟု ဖြေသည်။

ဝက်စ်က ဘလိန်းကောလိပ်အတွက် သူ့မျှော်လင့်ချက်ထားသမျှကို အိတ်သွန်ဖာမှောက် ထက်ထက်သန်သန်ကြီး ပြောပြနေသည်။ အခက်အခဲများက ယခုကတည်းက ပေါ်သည်။ ယနေ့ ဂျပကအဖွဲ့ဝင် လူကြီးများ၏ စိတ်သဘောက အသိရခက်သည်။ ကောလိပ်၏ ပြုပြင်ပြောင်းလဲမှုများကို ကြော်ငြာရန် စီစဉ်သည်။ သို့သော် ဘာပြုပြင်ပြောင်းလဲရေးမျှ မလုပ်ရသေး။ ဘလိန်းကောလိပ်ကပေးမည့် ကျောင်းသား အခွင့်ထူးများကိစ္စ ဆွေးနွေးသည်။ ပေးစရာ ဘာအခွင့်ထူးမျှမရှိ။ သို့သော် မှန်မှန်ကန်ကန် လုပ်ကိုင်သွားလျှင် ဤ အခက်အခဲများကိုရော အခြား အခက်အခဲများကိုပါ ကျော်လွန်နိုင်မည်ဟု သူ ယုံကြည်သည်။

ရှာလီက စိတ်ထက်သန်စွာဖြင့်

"ဘာပဲဖြစ်ဖြစ်လေ ငါးနှစ်အတွင်း ကျောင်းသား သုံးလေးဆ တိုးလာမယ်ဆိုတာနဲ့ပဲ အားရစရာ ကောင်းလှပါဝိဘဲရှင်"

"ကျောင်းသားတိုးဖို့ ကျွန်တော် သိပ်စိတ်မသန်တော့ဘူး။ ဒီလေ့လာရေးခရီးမှာ ကျွန်တော် အမြင်ပြောင်းသွားတာဘဲ။ ဧရာမအကြီးဆုံး ကောလိပ်ဖြစ်ဖို့ မမှန်းတော့ဘူး။ ပညာရေး အဆင့်အတန်း အမြင့်ဆုံး ကောလိပ်ဘဲ ဖြစ်ချင်တော့တယ်။ ထူးချွန်ထင်ရှားတဲ့ မဟာဌာနတွေ ရှိရမယ်။ ထက်မြက်ထက်ကြွတဲ့ ကျောင်းသား အင်အား ရှိရမယ်။ ကျောင်းသားကို စည်းကမ်း တင်းတင်းကျပ်ကျပ်နဲ့ ရွေးမယ်။ အဆင့်အမြင့်ဆုံး ပညာဆည်းပူးမှု တံဆိပ်အဖြစ် တပြည်လုံးက အသိအမှတ်ပြုရတဲ့ ဘွဲ့မျိုး နှင်းမယ်။ ဒါတွေဖြစ်အောင် ကျွန်တော် အားထုတ်မှာပဲ။ ကျွန်တော့် အမြင့်မားဆုံး ရည်မှန်းချက်က . . ." ဝက်စ်က အိပ်မက်မက်နေသလိုပြောသည်။

"ဘလိန်းကောလိပ်ကို ပြင်သစ်ပြည်က ပဲရစ် တက္ကသိုလ်လိုဖြစ်အောင်လုပ်ဖို့ပဲ"

စကားဆုံးလျှင်ဆုံးချင်း ထလိုက်ပြီး ပြန်ရန် ခွင့်တောင်းသည်။ ဗိုလ်မှူးကြီးကောင်းထံ ဝင်၍ နှုတ်ဆက်ဦးမည်ဟု ပြောသည်။

"ဒါထက် အဖိုးကြီးကော ဘယ့်နယ့်နေလဲ"

"စိတ်ကတော့ ခါတိုင်းလိုပဲ။ အလုပ်ကိုလဲ ကြုံးလုပ်နေတာပဲ။ ဒါပေမယ့် အသက်ကလေးတော့ နည်းနည်း အကြောင်းပြလာပီပေါ့ရှင်"

"သူ့အသက်ကလည်း ခုနှစ်ဆယ် နီးနေပြီကိုး။ စကားမစပ် သူ့လက်ထဲ ပုံအပ်ထားတဲ့ သူ့ကူဖော်လောင်ဖက် ကလေးကရော။ နာမည် ဆန်းဆန်းနဲ့ လူဆန်းဆန်း ကလေးလေ"

ထိုလူဆန်းကလေးကို ကာကွယ်ရန် ရှာလီအား သူပေးခဲ့သည့် သူ့ကတိကို ဥက္ကဋ္ဌကြီးဝက်စ် မေ့နေပြီဖြစ်ကြောင်း ရှာလီသိလိုက်သည်။

"ရှင်တို့ နောက်တပတ် ဒါရိုက်တာ အစည်းအဝေးမှာ သူ့ကို အမြဲတမ်း လက်ထောက် အယ်ဒီတာတောင် ခန့်တော့မှာရှင့်"

"ဟုတ်လား၊ ကျွန်တော်က ဖြုတ်တောင်ပီးနေပြီ ထင်နေတာ"

"ဂုတ်ပေါ် ဓားဝဲနေတော့ သူ့ခမြာလဲ သူ့ဖာသာသူ ပြင်လာတယ်နဲ့ တူပါတယ်။ နေ့ချင်း ညချင်း ရေးတတ် သားတတ် ဖြစ်လာတာပဲတဲ့ရှင့်။ ဗိုလ်မှူးကြီးကောင်းကိုသာ မေးကြည့်ပေတော့"

"ကျွန်တော်ကတော့ မအံ့သြဘူး။ ဒီသူငယ် အဖြစ်ရှိမှာပဲဆိုတာ ကျွန်တော်ယုံတတယ်လို့ ဆောင်းတွင်း တုန်းက ခင်ဗျားကို ကျွန်တော်ပြောဖူးသားပဲ။ အင်း။ ကိုယ့်မြို့ ကိုယ်ပြန်လာရတာ တယ်လဲ ကျက်သရေ ရှိပါ လား"

ဝက်စ်သည် ပန်းခြံထဲမှ ဖြတ်၍ လျှောက်လာသည်။ သစ်ပင်များကို သူမမြင်။ အတွေးကြွယ်သူတို့ ပြောလေ့ ရှိသည့် အနာဂတ်ကိုသာ သူမြင်နေရသည်။

သူစင်မြင့်ပေါ်၌ ရပ်နေသည်။ သူ့ကို မော်ကြည့်နေကြသည့် မျက်နှာများသည် မြက်ခင်းဖြူကြီးပမာ ဖြစ်သည်။ မြက်ခင်းဖြူကြီးကို သူ မိန့်ခွန်းခွေသည်။ သူ့မိန့်ခွန်းမှာ 'ပညာရေးနှင့် လူထုနိုးကြားမှု' ဖြစ်သည်။ လူထုကြီးက တရားပွဲများတွင် မကြုံစဖူးသော ထက်သန်တက်ကြွမှုမျိုးဖြင့် ထက်သန် တက်ကြွနေသည်။

ညစာစားပွဲ စားပွဲရှည်ကြီး၌ သူ မတ်တပ်ရပ်လိုက်သည်။ အတန်းလိုက် အတန်းလိုက် စားပွဲရှည်ကြီးများကို မြင်ရသည်။ ညစာစားပွဲ တက်သူများသည် ကုလားထိုင်ကို ရွှေ့ကာ သူ့ဘက်သို့ လှည့်ပြီး နားထောင်နေ ကြသည်။ သူ့မိန့်ခွန်း နိဂုံးချုပ်လိုက်သောအခါ လုပ်ငန်းရှင်ကြီးများသည် အလှူငွေ ထည့်ရန် ချက်လက်မှတ်များ ကို ထုတ်ရေးတော့သည်။ ဂဏန်းနောက်မှ သုညများစွာကို တသီကြီးရေးချရန် ကော်ဖီပန်းကန်များကိုပင် တွန်းရွှေ့နေကြသည်။

ဘလိန်းကောလိပ်သည် ယခုအခါ မြို့ပြင်ရှိ မှန်ထည် အဆောက်အဦကြီးသို့ ပြောင်းရွှေ့ဖွင့်သည်။ ဥက္ကဋ္ဌကြီး ဝက်စ်မတိုင်မီက ကောလိပ်ဖွင့်ခဲ့ရသည့် တင်းကုတ် ကလေးမှာလည်း စက္ခင်ကျောက် အဆောက်အဦး အဖြစ်သို့ ရောက်နေသည်။ ဥက္ကဋ္ဌကြီးဝက်စ်သည် ခမ်းနားသော သူ့ရုံးခန်း၌ ပဲရစ် တက္ကသိုလ်မှ ကမ္ဘာကျော် ပါမောက္ခကြီးများ၏ ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံနေသည်။ ထိုအဖွဲ့သည် ဥက္ကဋ္ဌကြီးဝက်စ်၏ ပညာရေးနည်းနာနိဿျများကို လေ့လာရန် ပြင်သစ်အစိုးရက စေလွှတ်လိုက်သည့် အဖွဲ့ ဖြစ်လေသတတ်။

"ဟဲလို ဗိုလ်မှူးကြီး။ တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျား"

ဗိုလ်မှူးကြီးကောင်းကလည်း သူ့ကို ဖက်လဲတကင်း ကြိုဆိုသည်။ ဝက်စ်က ဘလိန်းကောလိပ်အတွက် သူ့စီမံကိန်းများကို ပုံကြမ်းလောင်းပြနေပြန်သည်။ ဘလိန်းကောလိပ်ကိုယ်စား ပို့စ်သတင်းစာ၏ သြဇာတိက္ကမကို တောင်းခံသည်။ ကတိရသည်။

"မနှစ်က ကျွန်တော် လက်ဆောင်ပေးခဲ့တဲ့ သိပ္ပဆရာလေးက သိပ်အောင်မြင်နေတယ်လို့ ကြားတယ်"

"ကွိလား၊ တကယ်ထူးတာဗျို့" ဗိုလ်မှူးကြီးက ဆေးပြင်းလိပ်ကို မီးညှိပြန်သည်။ "ခင်ဗျားလဲ သိသားပဲ ကျွန်တော်က သူ့ကို ဖြုတ်တော့မယ့်ဆဲဆဲ လုပ်နေတာ။ သူ့စာတွေကလဲ စိတ်ညစ်စရာကြီးတွေဗျာ။ နက်နက်နဲနဲ ကြီးတွေ။ တနေ့တော့ ခါတိုင်းနဲ့ လုံးဝ မတူတဲ့ဟာတွေ ရေးလာတယ်။ ပထမတန်း စာတွေပဲ။ တယောက် ယောက်ကိုများ ရေးခိုင်းလာသလားလို့တောင် ထင်မိသေးတယ်။ ခင်ဗျား ခရီးသွားနေတုန်း ကျွန်တော်တို့ သတင်းစာ ဖတ်ရရဲ့လား"

"သိပ်မှန်မှန် မဖတ်ရပါဘူးဗျာ"

"တလောတုန်းက ဗဟိုလမ်းမကြီးပေါ်က ပါးစပ်သရမ်းကလေးတွေ အကြောင်း သူရေးလာတယ်"

"ဟုတ်ကဲ့"

"အဲဒီကိစ္စက ကျွန်တော်တောင် ရေးဖို့ ကြံမိသေးတယ်။ မြို့ကျက်သရေ ယုတ်တဲ့ **ဒွန်ဟွမ်း** လူတန်းစား ပေါ်နေတာကိုးဗျ။ အဲဒါကို သူရေးလာတယ်။ ပတ်ပတ်နပ်နပ် ကျွမ်းကျွမ်းကျင်ကျင်ကြီး ရေးထားတာ။ အဲဒီ

အချိန်ကထဲက သူပြောင်းလဲလာတာပဲဗျို့။ ကျွန်တော်က ဆက်ရေးဖို့ တိုက်တွန်းတာနဲ့ ရက်ဆက်ရေးတာ။ ပြည်နယ်တခုလုံး စိတဝင်စားလာတယ်။ အခြားအနေနဲ့လဲ အများကြီး ပြောင်းသွားတယ်”

[**ဒွန်ဟွမ်း။** ။ ဒဏ္ဍာရီထဲမှ စပိန်လူမျိုး မင်းစိုးရာဇာတဦး။ မိန်းမသိုက်တူးသည့်ဘက်၌ ပြောစမှတ် ပြုလောက်အောင် စွမ်းသည်ဟု ဆိုသည်။ အင်္ဂလိပ် ကဗျာဆရာကြီး ကျော့ဂေါ်ဒန်ဘိုင်ရွန် (၁၇၈၈–၁၈၂၄) က သူ့ကဗျာများအနက် အပြောင်မြောက်ဆုံးဖြစ်သော ဒွန်ဟွမ်း ကဗျာရှည်ကြီး (၁၈၁၉–၂၃)တွင် အင်္ဂလိပ် လူဘောင်ဖောက်ပြန်မှုများကို သရော်ရင်း ဒွန်ဟွမ်း အကြောင်းကို ဖွဲ့နွဲ့သီကုံးခဲ့၍ ကမ္ဘာကျော်နာမည်တခု ဖြစ်လာခဲ့သည်။]

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

“ကောင်းပါလေဗျာ။ ဒီသူငယ်ကို တွေ့တွေ့ချင်း အရည်အချင်းရှိတယ်ဆိုတာ ကျွန်တော်သိသားပဲ”

“ခင်ဗျားက ကျွန်တော့်ထက် လူကဲခပ်ပိုကောင်းပါပေတယ်ဗျာ။ ဒီသူငယ်က လူရည်လူသွေးလဲ ပြောင်းလာတယ်။ အလုပ်လဲ မနားမနေ လုပ်တာပဲ။ ခင်ဗျားကို တွေ့ရတာ ဝမ်းသာတယ်ဗျာ။ ဒီနေ့ညစာ ကျွန်တော်နဲ့ ကလပ်မှာ စားပါလား”

ဝက်စ်က လက်ခံသည်။ မြို့လုံးပတ်လည် ပျော်ပျော်လှည့်ရန် ထွက်သွားပြန်သည်။

ညနေ ၄ နာရီတွင် တဖက်ခန်း တံခါးဖွင့်ပြီး သူ့လက်ထောက် အယ်ဒီတာ ဝင်လာသံကို ဗိုလ်မှူးကြီး ကောင်း ကြားရသည်။ နာရီဝက် အကြာတွင် ဗိုလ်မှူးကြီးသည် သူ့စာမူကို လက်စသတ်ပြီး ခေါင်းထောင်ကြည့် လိုက်သည်။

“မစ္စတာကွို”

“ဟုတ်ကဲ့”

ဘေးခန်းမှ တံခါးပွင့်လာပြီး ကွိုဝင်လာသည်။

“နက်ဖြန် ဘာကိစ္စ ကားစင်တင်ဖို့ ကြံထားသလဲ”

“ခင်ဗျားရေးစေချင်တာ ရေးမယ်လေ”

‘ကောင်စီဝင်ကြီး ဟန်နင်ဂန်ရဲ့ စွပ်စွဲချက်ကို ဖော်ဆန်းက ပြန်ချေတာ ကြည့်ပီးပီလား။ ဘယ်လိုထင် သလဲ”

“ဟန်နင်ဂန် ချောင်ပိတ်မိနေတာပေါ့”

“ဟုတ်တယ်။ ကော်လံဝတ်လောက် ရေးပါလား”

ကွိုက ခေါင်းညိတ်လိုက်ပြီး

“ဒါဝင် ရာပြည့်ပွဲတော်အတွက် နက်ဖြန် နယူးယောက်မှာ ပြင်ဆင်ရေး အစည်းအဝေးရှိတယ်။ အဲဒါ အတွက် ဒါဝင်လုပ်ခဲ့တာတွေကို လူနားလည်တဲ့ ပုံစံနဲ့ ရေးချင်တယ်”

“ဒါဝင်က ဘာတွေ လုပ်ခဲ့လို့လဲ”

ကွိုက လက်နှစ်ဖက်ကို မြှောက်ကာ ဒါဝင်၏ ကမ္ဘာအတွက် အကျိုးပြုမှု ကြီးမားပုံကိုပြသည်။

“ဒါဖြင့် ဘယ်ဟာကို ခင်ဗျား ရေးမှာလဲ”

“နှစ်ခုလုံး ရေးချင်ပါတယ်”

“ဟန်နင်ဂန် ကိစ္စကို ဆယ်ယောက်ဖတ်ရင် ဒါဝင် ကိစ္စကို တယောက်ပဲ ဖတ်မှာပဲ”

"အဲဒီ အချိုးအစား ကွာဟမှု လျော့အောင်လုပ်ဖို့က ပို့စ်ရဲ့ တာဝန်လို့ ကျွန်တော် ယူဆပါတယ်"

"ဒါဖြင့်လဲ နှစ်ပုဒ်စလုံး ရေးပေတော့" ဗိုလ်မှူးကြီးက ပြောသည်။

"ဒါပေမယ့် တခုတော့ မှတ်ထား။ လူများစုက ဗဟိုလမ်းမမှာ ကြောင်ကိုက်ပွဲဖြစ်တာကို အကျော်ဆုံး သိပ္ပံပညာရှင်ရဲ့ အထူးခြားဆုံး ရှာဖွေတွေ့ရှိချက်ထက် ပိုပြီး စိတ်ဝင်စားတယ်"

"ဟုတ်ကဲ့၊ မှတ်ထားပါတယ်"

"နက်ဖြန်ညကျရင် ခင်ဗျား ကလပ်လိုက်ပြီး ကျွန်တော်နဲ့ ညစာ စားစေချင်တယ်"

ကွိက မဆိုင်းမတွ လက်ခံလိုက်သည်။ သူ့မိတ်ဆွေစာရင်းတွင် ဗိုလ်မှူးကြီး ခေါင်းလျှိုဝင်ရန် ကြံနေကြောင်း သူသတိပြုမိသည်။ ထို့ပြင် ကလပ်အကြောင်းကိုလည်း သူသိချင်သည်။

မွမ်းမံ ပြုပြင်ထားသည့် ဘဝဇယားကို ယာယီသဘော၊ အစမ်းသဘော ကျင့်သုံးရန် ကွိ ဆုံးဖြတ်ခဲ့ပြီး သည့်နောက် မေ၊ ဂျွန်၊ ဂျူလိုင်၊ သြဂုတ်လများ ငုပ်ချည် ပေါ်ချည်နှင့် ကျော်လွန်ခဲ့ပြီ။ ဗိုလ်မှူးကြီးကောင်းကို သူ ပထမဆုံးအကြိမ် နှစ်လို နှစ်ခြိုက် ရှိခဲ့သည်မှာ ထိုကာလ၏ လက်မွန်မဆွကပင် ဖြစ်သည်။

ထိုနေ့မှာ နေ့ပြုတ်မလား ညပြုတ်မလား ဖြစ်နေသော အယ်ဒီတာ လက်ထောက်ကလေး ခေါင်းကြီးပုံစံသစ် ပွဲဦးထွက် တင်ပြသည့်နေ့ဖြစ်သည်။ ထိုခေါင်းကြီးကို သူ့မိတ်ဆွေ ဘတ်ကလင်ကာ ပေးသည့် ကြောင်းရပ်ပေါ်တွင် အခြေပြု၍ ရေးသည်။ လူဘဝ၏ ရေစီးကြောင်းတွင် ပါရဂူကလေး ပထမဆုံးအကြိမ် ခြေချကြည့်ခြင်း ဖြစ်သည်။

မမေ့တဲ့နိုင်သော ထိုခေါင်းကြီးကို ဗိုလ်မှူးကြီး၏ စားပွဲပေါ်သို့ ခါတိုင်းလိုလိုပင် တင်လိုက်သည်။ သို့သော် သူခါတိုင်း လုပ်ရိုးလုပ်စဉ်လို ကြက်ပျောက် ငှက်ပျောက် ထွက်မသွား။ အခြား တဦးဦးသာဆိုလျှင် လုပ်ကောင်း လုပ်မည့် စွယ်စုံကျမ်း ဖတ်သလိုလို၊ ပြတင်းပေါက်နား ရပ်သလိုလိုလည်း သူ မလုပ်။ အယ်ဒီတာက သူ့ခေါင်းကြီးကို ဖတ်နေသည့်တချိန်လုံး စားပွဲဘေးတွင် အသေကပ်ပြီး စောင့်ကြည့်နေသည်။ အယ်ဒီတာအိုကြီးက သူ့ကို မော်ကြည့်ပြီး

"ခင်ဗျား ရေးတာလား"

"ဟုတ်ကဲ့။ ဘာပြုလို့လဲ"

"**ဟင်နရီဂျိမ်းစ်** ရဲ့ ဟန်နဲ့ ကျုပ်ရဲ့ဟန် ကွဲသလောက်ကို ခင်ဗျားရဲ့ ပင်ကိုယ်ဟန်နဲ့ ကွဲလွန်းနေလို့ပေါ့"

"ဒါဖြင့် ကောင်းတယ်လို့ မထင်ဘူးပေါ့"

[**ဂျိမ်းစ်၊ ဟင်နရီ (၁၈၄၃–၁၉၁၆)။** ။အမေရိကန် စာရေးဆရာကြီး ဘော်စတန်သား။ ချိုတောင်ပံ၊ သံအမတ် စသော ဝတ္ထုများကို ရေး၍ ကမ္ဘာကျော်ခဲ့သည်။]

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

"သိပ်ကောင်းတယ်လို့ ထင်တယ်။ နက်ဖြန် ထိပ်ဆုံး ခေါင်းကြီးလုပ်သုံးမယ်။ ဒါပေမယ့် ဟန်ပြောင်းတာ သက်သက်ကြောင့် မဟုတ်ဘူး"

ကွိ သက်ပြင်းရှည်ကြီး ချလိုက်သည်။ ဤခေါင်းကြီးကို ၁၆ နာရီတိတိ ရေးခဲ့ရသည်။ သူ့ကျောင်းသုံးစာအုပ်ဟု ဆိုရမည့် ပို့စ်သတင်းစာ ဖိုင်ဟောင်းကြီးကို မပြတ် ကိုးကားကာ ရေးခဲ့ခြင်းဖြစ်သည်။ စကားလုံးများကို ထပ်မနား စစ်ဆေးပြီးမှ အသင့်တော်ဆုံးနေရာတွင် ကွက်တိရွေး၍ သုံးခဲ့သည်။

"ဒီရက်ပိုင်းအတွင်း ကျွန်တော် လေ့လာနေတာ"

"ဆရာကောင်း တွေ့နေပီဆိုပါတော့။ နေပါအုံး။ ဒီစကားလုံးတွေက ဘာတဲ့။ အန္တိမ ကျိုးယုတ်ရှက်ကွဲခြင်းနှင့် ဆုံးခန်းတိုင် အတင်းပုပ်ခြင်း" ဗိုလ်မှူးကြီးကောင်းက နှုတ်ခမ်းကို လက်နှင့်ပုတ်ရင်း "ကျုပ်သုံးဘူးတဲ့ စကားလုံးတွေနဲ့ တူနေပါလား"

"ဟုတ်ပါတယ်။ ၁၉၆၀ ပြည့် အောက်တိုဘာလ ၂၆ ရက် ထုတ်မှာပါတဲ့ သမတရွေးပွဲ ပြီးခါနီးမှာ ခင်ဗျား သုံးခဲ့တဲ့ စကားလုံးတွေပါ"

ဗိုလ်မှူးကြီးကောင်းက သူ့ကို ကြောင်ကြည့်နေသည်။

"ခေါင်းကြီးရေးနည်း ကျွန်တော် လေ့လာနေသည်။ ညတိုင် နှစ်နာရီအထိထိုင်ပြီး ပို့စ်အဟောင်းတွေ ပြန်လှန်တယ်။ ခင်ဗျားခေါင်းကြီး ဘယ်လိုရေးသလဲဆိုတာ လေ့လာတယ်"

ဗိုလ်မှူးကြီးကောင်း၏ အကြည့်သည် အရှိန်ပျော့သွားပြီး

"ချီးကျူးပါတယ်ဗျာ။ ခင်ဗျား ဘယ်လောက် စိတ်ကူးမှန်သလဲ။ ရေးနည်း ကျွမ်းကျင်သလဲ ဆိုတာတော့ စောင့်ကြည့်ရမှာပေါ့။ ဒါပေမယ့် ဒီခေါင်းကြီးကတော့ ခင်ဗျား ပို့စ်အတွက်ရေးခဲ့သမျှ ခေါင်းကြီး အားလုံးထက် ပိုကောင်းတယ်"

"ခင်ဗျား ကြိုက်တယ်ဆိုရင် ဝမ်းသာပါတယ်"

ဗိုလ်မှူးကြီးသည် စားပွဲကို ဖြန်းကနဲ ရိုက်လိုက်ပြီး

"စိတ်လိုက်မာန်ပါ ထက်ထက်သန်သန်လုပ်။ ပေါ်ပေါ်လွင်လွင် မြင်တတ်အောင်ကြည့်။ စိတ်ကောင်းနှလုံးကောင်းထား။ ဒါပေမယ့် စာရေးရင် ချုပ်တီးထားနိုင်လို့သာ အော်ဟစ် မပစ်ရသလို အရှုးအမူးရေး၊ မှတ်ထား"

ထိုနေ့မှာ မေလဆန်းပိုင်းဖြစ်၏။ အယ်ဒီတာအိုကြီးသည် အဖိုးတန်လာမည့် အလားအလာကောင်း၊ အရည်အချင်းကောင်းများနှင့် ပြည့်စုံသော လူငယ်ကလေးအား အခွန်စနစ်နယ်ပယ် ငွေကြေးစနစ်နယ်ပယ်မှ ဆွဲထုတ်ကာ နေ့စဉ် သတင်းစာထဲမှ ပေါ်လာသော ကိစ္စရပ်များကို ရေးရန် တာဝန်ပေးလာသည်။

မေ ၁၅ ရက်တွင် အယ်ဒီတာကြီးက ကွိုကို မဖြုတ်။ ဤအတိုင်း အလားအလာကောင်း ရှိနေသရွေ့ ဆက်ခန့်မည်ဟု ပြောသည်။ ဗိုလ်မှူးကြီးသည် လူငယ်ပိုင်းကို ရှေ့တွင် ချီးကျူးလိုသူမဟုတ်။ ကွယ်ရာတွင်မူ အမွှန်းတင်သည်။ သို့ဖြင့် သူ့သူငယ်ချင်း ဂျွန်းရန်းဒေါ်ဝေလင်၏ သမီးကလေးက ကွို၏ တက်လမ်းကို ကြိုတင်သိနေခြင်းဖြစ်လေသည်။

ကွိုအဖို့ တန္ခေါ်း အလုပ်များသည်။ နေ့စဉ် ဘဝနှင့် ဆက်စပ်နေသော ခေါင်းကြီးများရေးနိုင်ရန် ရေးသူကိုယ်တိုင် နေ့စဉ် ဘဝနှင့် ဆက်စပ်မှုရှိရမည်ဟု သူ တစိမ့်စိမ့် သဘောပေါက်လာသည်။

ဂျွန်လတွင် မာကျူရီအားကစား အသင်းပြုပြင်ဖွဲ့စည်းသည်။ ကစားဖော်တို့ စနေနေ့ညတိုင်း ဆုံကြသည်။ ကွိုလည်း စနေနေ့ညတိုင်း ထိုတွေ့ဆုံပွဲများသို့ တက်ပြီး အခြားသူများနှင့် ယှဉ်ပြိုင်ဖို့ အခွင့်ကြုံလာသည်။ ဆရာကြီးကလင်ကာက တပည့်ကွိုကို လက်ဝှေ့သင်ပေးသည်။ စောစောပိုင်းတွင် ကွို တဘိုင်းဘိုင်းလဲသံသည် စတပ်ဆိုင်ခန်းမကြီးကို တုန်ဟီးနေစေသည်။

ကလင်ကာက ကြပ်ကြပ်မတ်မတ် သင်ပေး၍ နွေလလယ်လောက်တွင် သိပ်ပံနည်းကျ တိကျမှုရှိသူအဖြစ် ကွိုနာမည်ထွက်လာသည်။

ယခုအခါ ကွို အလွန် သန်မာတောင့်တင်းလာသည်။ မာကျူရီကလပ်ကလည်း ခန္ဓာကိုယ် ဖွံ့ထွားမှုထက် ပို၍ ကြီးမားသောနည်းဖြင့် သူ့အဖို့ အသုံးဝင်လာသည်။

ဤကလပ်တွင် ဘဝနှင့် ဖိဖိစီးစီး ထိတွေ့မှုရှိသော လူငယ်များနှင့် ကွိုတွေ့ဆုံသည်။ ထိုလူငယ်များကလည်း သူ့ကို ကာယဗလအရာတွင် တန်းတူရည်တူ ဆက်ဆံသည်။ သတင်းစာပညာလုပ်ငန်းနှင့် ပတ်သက်၍

လည်း လေးလေးစားစားဆက်ဆံသည်။ ဘတ်ကလည်း လူတွေ့တိုင်း "ပို့စ်အယ်ဒီတာနဲ့ နှုတ်ဆက်ပါအုံး" ဟု သူ့လူကို သာသာထိုးထိုး မိတ်ဆက်ပေးသည်။

စနေနေ့လက်ဝှေ့ပွဲများ၊ စွမ်းရည်ပြပွဲများ ပြီးတိုင်း စကားဝိုင်းဖွဲ့ကြသည်။ ထိုစကားဝိုင်းများမှ အဖိုးတန် သတင်းအချက်အလက်များကို ကွိ အမြဲရသည်။ အသင်းသားအချို့သည် သတင်းစာတွင် ဖော်ပြသည့် အတိုင်း အတာထက် မြို့တော်၏ နိုင်ငံရေးကို ပိုသိကြသည်။

ဂျင်မီဝါထရောက်ဆိုလျှင် ပလိုနီနီး၏ ညာလက်ရုံးအဖြစ် နာမည်ထွက်စ ပြုနေသူဖြစ်သည်။ ဂျင်မီသည် မာကျူရီ အသင်းဝင်များနှင့်တွေ့လျှင် ရင်ဖွင့်လေ့ရှိသည်။ မကြာခဏဆိုသလို မစ္စတာနီးကိုယ်တိုင် မာကျူရီ ကလပ်သို့ ပေါက်လာတတ်သည်။ ခေါင်းဆောင်ကြီး ပလိုနီနီးသည် မြို့တော်ကို သူ့လက်ခုပ်ထဲက ရေပမာ ချယ်လှယ်ကြိုးကိုင်သူ ဖြစ်သည်။

ဗိုလ်မှူးကြီးကောင်းအား တအံ့တသြ အကြိုက်တွေ့စေသည့် ကွိ၏ခေါင်းကြီးများစွာသည် စတပ်ဆိုင် နောက်ဖေးခန်းရှိ မာကျူရီကလပ်တွင် မွေးဖွားခဲ့ကြသည်။

ဤကိစ္စအားလုံးသည် အချိန်ယူသည်။ အချိန်စားသည်။ သူနှင့် သူ့နောင်လာ နောက်သားများသည် အလှည့်ဖျား ခံနေရပြီလား၊ မပြင်နိုင်တော့သော မဟာအမှားတော်ပုံကြီးကို သူကျူးလွန်မိပြီလား ဟူသော အတွေးများဖြင့် ချွေးသီး ချွေးပေါက်ကျကာ မျက်လုံးကြောင်သည့် ညပေါင်းများစွာကို ကွိ ကြုံနေရသည်။

မေ၊ ဂျွန်၊ ဂျူလိုင်လများသည် ပါရဂူကလေးအဖို့ စိတ်ကယောက်ကယက် အဖြစ်ဆုံး လများပေတည်း။ ထိုလများအတွင်း သူ့စာအုပ်အတွက် စာတလုံး မရေးဖြစ်။ သူ့စာအုပ်ကြီးနှင့် အချိန်ဇယားကြီးသည် စားပွဲအံဆွဲထဲ၌ အလုံပိတ်ခံနေရသည်။

ခေါင်းကြီးရေးသိပ္ပံပညာ အတွက် တနေ့ ၁၃ နာရီသုံးသည်။ ကာယဗလသိပ္ပံပညာအတွက် တနေ့ ၂ နှစ်နာရီသုံးသည်။ ပေါင်းသင်းဆက်ဆံရေးသိပ္ပံပညာအတွက် တနေ့တနာရီ (ပျမ်းမျှခြင်း) သုံးသည်။ သို့သော် သိပ္ပံပညာတကာတို့၏ သိပ္ပံပညာအတွက်ကား ဘယ်တနေ့မှာမျှ ဘယ်တနာရီပင် မသုံးနိုင်။ ကျန်သည့် အချိန်မှာ စားချိန်နှင့် အိပ်ချိန်။

ဤသို့ နေလာခဲ့သည်မှာ သုံးလကြာခဲ့သည်။

ဂျွန်လကုန်ပိုင်းသို့ရောက်သောအခါ ခေါင်းကြီးရေးအတတ်ပညာသည် သူ့လက်ဖျားမှာ ရှိနေပြီ။ ထို့ကြောင့် စံနမူနာခေါင်းကြီးများအား လေ့လာချိန်ကို စိတ်ချလက်ချ လျှော့ပစ်လိုက်နိုင်သည်။ အကြောင်းအရာ၊ အချက်အလက် ရှာဖွေစုဆောင်းချိန်ကို ပို၍ပေးနိုင်လာသည်။ စာအများကြီး ဖတ်နိုင်လာသည်။ သမိုင်း၊ အတ္ထုပ္ပတ္တိ၊ ကိုယ်ရေးမှတ်တမ်း၊ စစ်မှတ်တမ်း၊ ဌာနဆိုင်ရာ အစီရင်ခံစာများကို ကျွမ်းကျွမ်းကျင်ကျင် မှတ်ဉာဏ် ရွှင်ရွှင်ဖတ်ဖို့ အချိန်ရလာသည်။

ဂျူလိုင်လကုန်တွင် နယ်ကုန် ပယ်ကုန် ဖတ်ရှုပြီးပြီ ဖြစ်၍ စာဖတ်အလုပ်ကို လျှော့နိုင်လာသည်။ ဩဂုတ်လဆန်း တရက်တွင် သူ့စားပွဲအံဆွဲကို ဖွင့်နိုင်တော့သည်။ အချိန်ဇယားကြီးကို ပြန်လည်နေရာပေးနိုင်ပြီ။ ဒေါက်တာကွိသည် ထိုရက်မှ စ၍ ညစဉ် ၉နာရီခွဲမှ ၁ နာရီခွဲအထိ သူ့ပို့ဆက်ခန်းတွင် ထိုင်ကာ သူ့အချစ်ဦးနှင့် ပိုက်ထွေး ကြည်နူးနိုင်ပြန်လေပြီ။

နွေပြယ်၍ ဆောင်းဦးပေါ်လာသည်။ ပေါင်းသင်း ဆက်ဆံရေး သိပ္ပံပညာကိုကား ကွိ စွဲစွဲမြဲမြဲ ကျင့်သုံးဆဲ ဖြစ်သည်။

ဤရက်များတွင် ကွိအဖို့ ဗိုလ်မှူးဘရွတ်၏စကားများကို အောင့်အည်း နားထောင်ရခြင်းမျိုး မဟုတ် တော့ရုံမက ကြားရအောင်ပင် ရေလာမြောင်းပေး လုပ်နေ၏။ ၁၈၇၀-၇၅ ခုနှစ်များအတွင်း ရီပတ်ဘလစ်ကန်

ပါတီများအပေါ် ဗိုလ်မှူးဘရွတ် အောင်ပွဲဆင့်ခဲ့ပုံများကို စိတ်ပါလက်ပါ နားထောင်သည်။ ပါမောက္ခ နီကိုလိုဗီးယပ် အခန်းသို့လည်း နှစ်ကြိမ်ဖိတ်လျှင် တကြိမ်သွားလည်သည်။

ဗိုလ်မှူးဘရွတ်၏ ရှေးဟောင်းနှောင်းဖြစ်များ၊ နီကိုလိုဗီးယပ်၏ ပညာပြည့်ဝသော စကားများတွင် မှတ်သားဘွယ်ရာများ ပါဝင်သည်။ သူ့အဖို့ကား နားထောင်သမား သက်သက်ဖြစ်သည်။ ဤကမ္ဘာ၌ အပြောသမားက လိုတာထက် ပိုနေသည် မဟုတ်လား။

အောက်တိုဘာလတွင် ဘတ်က သူ့တပည့်ကို အတတ်ကောင်း သင်ပေးသည်။ မစ္စမီလာနှင့် ရုပ်ရှင်စုံတွဲကြည့်ရန် ဖြစ်သည်။

ကွိသည် ထိုပညာကို မယူဖြစ်သော်လည်း စိတ်ထဲမှာကား မရဲဘဲနှင့် ကျွဲပြစီးကြည့်နေမိလေသည်။

ယခုအခါ ကွို၏ ခေါင်းကြီးများသည် ပို၍ ပို၍ ဖတ်ပျော်လာသည်။ လူထု ထင်မြင်ချက်၊ ပြည်နယ်လွှတ်တော်၏ ထင်မြင်ချက်ကို ဆွဲဆောင်ဖန်တီးနိုင်လာသည်။ သူငယ်စဉ်က စာဖတ်သင့်ခဲ့ရသည့် ဝက်သား ထုပ်သော နယူးယောက်မြို့မှ သတင်းစာ၌ ကိုးကား ဖော်ပြခြင်းခံရသည့် ရေးချက် ရေးလက်မျိုးကိုပင် သူသိလာသည်။

အောက်တိုဘာ ၁၀ ရက်တွင် ပို့စ်သတင်းစာ ဒါရိုက်တာ အစည်းအဝေး ကျင်းပပြီး ကွိအား လစာငွေ တနှစ်ဒေါ်လာ ၁၅၀၀ ဖြင့် လက်ထောက်အယ်ဒီတာခန့်ရန် ဆုံးဖြတ်လိုက်သည်။

ကွိက မဆိုင်းမတွပင် လက်ခံသည်။

မဟာကြွားလုံးကြီးက မှန်လေပြီ။

စနေနေ့တွင်အလုပ်ရပြီးနောက် တနင်္ဂနွေနေ့တွင် လက်ထောက်အယ်ဒီတာ အသစ်စက်စက်ကလေးသည် မြို့ပြင်သို့ လမ်းလျှောက်ထွက်လာခဲ့သည်။ ညနေ ၄ နာရီခန့်တွင် သူမြင်ခဲ့ဖူးသည်ဟု ချက်ချင်း မှတ်မိသော ထင်ရူးပင်တောအုပ်ကလေးသို့ ရောက်လာလေ၏။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

(၁၇)

ဖီဖို မြေပုံကလေးသည် မြုပ်နှံပြီးစကကဲ့သို့ အမြင်မဆိုးတော့။ မြက်ပင်ကလေးများ လွှမ်းဖုံးစ ပြုလာပြီ။ နှင်းဆီချုံကလေးများကလည်း လေယူရာ ယိမ်းနေသည်။ ရှာလီသည် မြေပုံပေါ်တွင် ပန်းများကို အသာအယာ ချလိုက်သည်။

ကိုက် ၁၀၀ ခန့်အကွာရှိ တံတားပေါ်တွင် လူတယောက် ရပ်နေသည်။ တံတားပေါ်မှ ရှာလီဖြတ်လျှောက်သွားသည်။ ထိုအချိန်တွင် သူ့အမည်ကို ခေါ်သံကြားရသည်။

"မစ္စဝေလင် နေထိုင်ကောင်းရဲ့လား" ရှာလီ လှည့်ကြည့်လိုက်သည်။ အံ့အားသင့်သွားသည်။

"မစ္စတာကွို"

သူတို့ လက်ဆွဲ နှုတ်ဆက်ကြသည်။

"ရှင့်ကို မတွေ့ရတာ ကြာလှပီ" ရှာလီက သွက်သွက်ကလေး ပြောသည်။ "ရှင် သိပ်ပြောင်းလဲနေတာပဲ" လူမှုရေး သိပ္ပံပညာကြီးမှ ငါးမိုင်ဝေးသော ဤတံတားပေါ်သို့ အလည်အပတ်ရောက်နေသည့် ကွို၊ အမျိုးသမီးကို ကိုယ်ကစ၍ နှုတ်ဆက်ဖော် ရတတ်လာသည့် ကွိကို ရှာလီ စူးစူးစမ်းစမ်း ကြည့်နေသည်။ ကွို တကယ် တသွေးတမွေး ပြောင်းလဲနေသည်။ အရပ်ထွက်လာသည်။ ရင်မောက်ကာ ပခုံးကျယ်လာသည်။ ကိုယ်လုံး ပြည့်ဖြိုးလာသည်။ ခါးလည်း မကိုင်းတော့။

ကွိသည် နက်ပြာရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။ ဦးထုပ်ဆောင်းထားသည်။ ဆံပင်ကလည်း သပ်သပ်ရပ်ရပ်။ အသားအရည် စိုစိုပြေပြေ။ အံ့ဖွယ် အကောင်းဆုံးမှာ မျက်မှန် မတပ်တော့ခြင်းဖြစ်သည်။ ပုံပျက်ပန်းပျက် မျက်မှန်းဝိုင်းကြီး မရှိတော့သဖြင့် သူ့မျက်လုံးများ ပါမောက္ခမဆန်တော့။

သိပ်မဆန်။ မျက်မှန်မပါသော ကွိအပေါ် ရှာလီ အနှစ်ခြိုက်ဆုံးအချက်မှာ သူနှင့်ပတ်သက်၍ ရှိ့တိုးရှန့်တဲ့လုံးဝ မရှိခြင်း ဖြစ်သည်။

"ဒီနေ့မနက် ဘုရားရှိခိုးကျောင်းမှာ ဗိုလ်မှူးကြီးကောင်းနဲ့ ကျမ တွေ့ခဲ့တယ်။ ရှင့်အကြောင်း ပြောပြသွားတယ်။ ချီးကျူးပါတယ်ရှင်"

"ခင်ဗျား ကျွန်တော့ ခေါင်းကြီးတွေ ဖတ်သေးသလား"

ရှာလီက "ပို့စ်ကို နှစ်ပေါင်းများစွာကတည်းက ကျမ အစအဆုံး ဖတ်တာပဲရှင်" ဟု ဖြေသည်။

"ကျွန်တော် ခေါင်းကြီးတွေနဲ့ ဗြိတိသျှ စွယ်စုံကျမ်း ကွာပါဝီနော်"

"အရစ္စတိုတယ်တို့၊ ပလေတိုတို့တွေ ထည့်မရေးရင် ဗိုလ်မှူးကြီးကောင်းရဲ့ ခေါင်းကြီးနဲ့တောင် ခွဲမသိနိုင်ပါဘူးတဲ့ရှင်။ ဓာတ်ရထားထွက်ချိန် နီးပီ။ ရှောက်သွားကြရအောင်"

"ဒီတစ်နွေလုံး ကျွန်တော် ခြေကုန်လက်ပန်းကျနေတဲ့ ပန်းရန်သမားတွေအကြောင်း ကောင်းကောင်း စဉ်းစားတယ်။ ပန်းရန်သမားတယောက်ကိုတောင် သိနေပီ။ ဒါပေမယ့် ခြေကုန်လက်ပန်း ကျတာတော့ မတွေ့ရပါဘူးဗျာ"

ပန်းရန်သမားအကြောင်း ကွိ သတိရနေခြင်းကို ရှာလီကျေနပ်သည်။ ထိုစကားလုံးသည် သူ့ကို ရည်ရွယ်ပြောသော ကျေးဇူးတင်စကား ဖြစ်လေမလားဟု တွေးမိသည်။ ဤကိစ္စ စကားမဆက်တော့၍ ပျောက်ချက်သားကောင်းသွားသော မျက်မှန်ကြီးအကြောင်း စကားရောက်သွားသည်။

"စားပွဲပေါ်က ကျကွဲသွားတာနဲ့ ပစ်ထားလိုက်တာပဲ။ အတော်ဟန်ကောင်းတဲ့ မျက်မှန်ဗျာ"

ရှာလီက "ဒါဖြင့် ရှင့်မျက်စိက မြင်ရရဲ့လား"

"မြင်ပါတယ်" ကွိက စကားဆက်သည်။ "အဲဒီမျက်မှန်ကြီးက ဟန်သာ ကောင်းနေတာ။ ရိုးရိုးမှန်တွေပါ။ ကျွန်တော် ၁၂ နှစ်သားတုန်းက ကုန်ပဒေသာတိုက်က ဝယ်တပ်ခဲ့တာ"

"ဘာဖြစ်လို့ တပ်ရတာလဲ"

စာကြည့်တိုက်ကို မှန်မှန်လာတဲ့လူတိုင်း မျက်မှန်တပ်တာ တွေ့တာနဲ့ ကျွန်တော်လဲ ဝယ်တပ်လိုက်တာပဲ။ နောက်တော့ အကျင့်ဖြစ်နေရော။ တကယ်တော့ ကျွန်တော့်မျက်လုံးက လူတကာထက်ကောင်းပါတယ်"

သူဖွင့်ပြောဖူးသမျှထဲတွင် ဤစကားသည် ကရုဏာ သက်စရာ အကောင်းဆုံး စကားဟု ရှာလီထင်မိ၏။

"ခင်ဗျား ဘုရားရှိခိုးကျောင်းဝင်းထဲ ရောက်ခဲ့တယ်မဟုတ်လား" ကွိက မေးသည်။ "ကျွန်တော်လဲ ခင်ဗျားမလာခင်ကလေးတင် ရောက်ခဲ့တယ်။ အုတ်ဂူတွေက စာတွေက စိတ်ဝင်စားစရာပဲ။ အိမ်ရောက်မှ ပြန်ဖတ်ရဦးမယ်။ ဒီဆောင်းဦးမှာ ခင်ဗျားတို့ သမ္မာကျမ်းစာကို ကျွန်တော် အသေးစိတ် လေ့လာနေတယ်။ ခရစ်ယာန်အယူဝါဒါတွေကို ခင်ဗျား အားလုံး လိုက်နာတာပဲလား"

ရှာလီက တွန့်ဆုတ်ဆုတ်ဖြစ်နေပြီးမှ "အဖြေရခက်သားလားပဲရှင်။ တိုက်ရိုက်ကြီး ဟုတ်ကဲ့လို့လဲ မဖြေနိုင်ဘူး။ ဟင့်အင်းလို့လဲ မဖြေနိုင်ဘူး။ ပညတ်ချက်အားလုံးကို ကျမ ယုံတယ်။ ကျမရဲ့ ဆင်ခြင်တုံတရားနဲ့ အပ်စပ်အောင်တော့ ဟိုနေရာနဲ့နဲ့ ဒီနေရာနဲ့နဲ့တော့ လိုတိုးပိုလျော့ လုပ်ရတာပေါ့"

"အား၊ ဒီလိုဆိုတော့ ခရစ်ယာန် အယူဝါဒတွေက ပြုပြင်လို့ရတယ် ဆိုရမှာပေါ့"

"ဒါပေါ့။ ရှင်ဆိုရင်ကော မပြင်ဘူးလား။ ကျမကော မပြင်ရဘူးလား။ ရှင်သန်နေတဲ့ အရာဝတ္ထုတိုင်းဟာ မွမ်းမံပြုပြင်မှုကို ခံရမှာချည်းပဲ။ ဒီတရားတော်တွေက ဘဝကို အခြေခံတဲ့ သဘောတရားတွေဖြစ်လို့ အဆင့်ဆင့် ပြောင်းလဲ တိုးတက်တာပဲပေါ့ရှင်"

"ဒီလိုဆို ခင်ဗျားလဲ အဆင့်ဆင့်ပြောင်းလဲတိုးတက်မှု ဝါဒီပဲပေါ့လေ"

"အဆင့်ဆင့် ပြောင်းလဲ တိုးတက်မှု ပညာရှင်က လူမှုရေးအဖွဲ့အစည်းကလေးတွေ၊ နိုင်ငံတွေ၊ လူမျိုးတွေ၊ ဆိုတာတွေကို သုံးသပ်တာ။ ခင်ဗျားတို့ သမ္မာကျမ်းက ငဖြူ၊ ငနီ၊ ငကြောင် ငကျားတွေနဲ့ ဆက်ဆံတာပဲ။ တခြားစီပါ"

"ဟုတ်ပါ့ရှင်။ ဒါပေမယ့် ရှင်ပြောတဲ့ လူအဖွဲ့အစည်းကလေးတွေ၊ နိုင်ငံတွေ၊ လူမျိုးတွေ ဆိုတာ ငဖြူ၊ ငနီ၊ ငကြောင်၊ ငကျားတွေနဲ့ ပေါင်းစပ်ထားတာပဲ မဟုတ်လား။ ကျမတို့ သမ္မာကျမ်းစာက လူတဦးချင်းစီနဲ့ ဆက်ဆံတယ်။ တခြားနည်း ဆက်ဆံစရာလဲ မရှိဘူးလေ။ လူတဦးချင်းစီရဲ့ လိပ်ပြာဟာ အရာရာတိုင်းရဲ့ မူလဘူတပဲ မဟုတ်လားရှင်"

"အား၊ ခင်ဗျားပြောတဲ့ လိပ်ပြာဆိုတာကို ပိုပြီး ထိန်းချုပ်နိုင်တာအပေါ်မှာ ခင်ဗျားရဲ့ အဆင့်ဆင့် ပြောင်းလဲ တိုးတက်မှုဆိုတာက တည်နေတာပေါ့။ ဟုတ်လား"

"ဒီလိပ်ပြာဆိုတာ အပေါ်မှာတော့ အားလုံး တည်ချင်မှ တည်မှာပေါ့။ တွေးခေါ်ဉာဏ်ပေါ်မှာလဲ တချို့ တဝက် တည်သေးတယ်လို့ ထင်ပါတယ်"

"အဲဒီမှာ ခင်ဗျား သွက်သွက်ခါအောင် မှားတော့တာပဲ"

"ဘာဖြစ်လို့လဲရှင့်။ တွေးခေါ်ဉာဏ်ရင့်သန်လေ အရင့်မာစား လူတွေ ပေါ်လာလေ မဟုတ်ဖူးလား"

"ဖြေးဖြေး လျှောက်ကြရအောင်ဗျာ" ကိုက ခေါင်းပေါ်မှ သစ်ကိုင်းခြောက် တကိုင်းကို ချိုးချလိုက်ပြီး ဆက်ပြောသည်။

"လူအမျိုးအစားကို ခင်ဗျား ဘယ်လိုတိုင်းတာသလဲ။ အရင့်မာစားလူတွေလို့ ပြောတာ ဘာကို တိတိကျကျ ဆိုလိုတာလဲ"

"အရင့်မာစား လူဆိုတာက" ရှာလီက သူကိုယ်တိုင်လည်း ခြေခြေမြစ်မြစ် သိဟန်မတူပဲ ဆက်ပြောသည်။

"တခြား လူစားတွေထက် အသိဉာဏ်၊ တွေးခေါ်ဉာဏ် မြင့်မားတာကို ပြောချင်တာပါရှင်"

"အနာဂတ် လူ့ယဉ်ကျေးမှုကို အအောင်မြင်ဆုံး ဖန်တီးနိုင်မယ့်လူတွေ၊ စိုးမိုးဘို့၊ မျိုးမပြုတ်ဖို့ အထိုက်တန်ဆုံး လူတွေလို့ ခင်ဗျား ဆိုလိုတယ်ပြောပါလေ။ ဒါပေမယ့် သမိုင်းကို ပြန်ကြည့်ရင် တွေးခေါ်ဉာဏ်ရင့်သန်ရုံနဲ့ အဲဒီလို လူစားမျိုးတွေ ဖြစ်လာနိုင်ဘို့ အာမခံချက် မရှိသေးဘူးဆိုတာ ခင်ဗျားတွေ့ပါလိမ့်မယ်"

"ဒါတော့ ကျမလဲ မသိပါဘူး မစ္စတာကို"

"ဒီလိုဆို ကျွန်တော် ရှင်းပြမယ်။ ပြင်သစ်တွေကိုကြည့်။ ဥရောပလူမျိုးတွေထဲမှာ တွေးခေါ်ဉာဏ် အထက်မြက်ဆုံး လူတွေပဲ။ သူတို့ ဒီနေ့ တခြား လူမျိုးတွေနဲ့ ပခုံးချင်း ယှဉ်နိုင်ရဲ့လား။ အဆင့်ဆင့် ပြောင်းလဲ တိုးတက်မှု ပညာရှင်တွေက ပြင်သစ် လူမျိုးမှာ ဆုတ်ယုတ်မှု လက္ခဏာတွေ တွေ့နေရတယ်။ ဂရိတွေကို ကြည့်။ ဂရိလူမျိုးတွေဟာ ဒီနေ့ ကမ္ဘာကြီးကို ကြီးစိုးနေတဲ့ လူမျိုးတွေထက် တွေးခေါ်ဉာဏ် ကြီးရင့်တယ်ဆိုတာ ကျောင်းသား ကလေးတိုင်းသိတယ်။ ဒီနေ့ အင်္ဂလိပ်အနွယ် လူမျိုးတွေနဲ့ **ပရီကခေတ်** ဂရိတွေရဲ့ တွေးခေါ်ဉာဏ် အဆင့်ကွာခြားမှုဟာ ဒီနေ့ အာဖရိက လူရိုင်းတွေနဲ့ အင်္ဂလိပ်လူမျိုးတွေ ကွာခြားသလောက် ကွာခြားတယ်ဆိုတာ မနုဿဗေဒ ပညာရှင်တိုင်း သိတယ်။ အရစ္စတိုတယ်တို့။ ပလေတိုတို့၊ ဆိုခရားတီးတို့နဲ့ တွေးခေါ်ဉာဏ်ချင်း ယှဉ်နိုင်တဲ့ ဒီခေတ်သားတယောက်ကို ပြနိုင်ပါ့မလား။ သူတို့ရဲ့ တွေးခေါ်ဉာဏ်မြင့်မားမှုက သူတို့ကို ကယ်နိုင်ခဲ့ရဲ့လား။ ဒီနေ့ ဂရိတွေ သစ်သီးရောင်းနေရတယ်။ ပလေတိုရဲ့သား မြေး မြစ်တွေ ကမ္ဘာလှည့်ပြီး ဖိနပ်တိုက်

နေရတယ်။ တွေးခေါ်ဉာဏ် ရင့်သန်မှုဟာ လူမျိုးကြီးကျယ်မှုအတွက် လိုအပ်တယ်ဆိုတဲ့ အယူအဆကို သူတို့ ပယ်ဖျက်ပြနေတာပဲ။ ဒါဖြင့် အောင်မြင်တဲ့ အဆင့်ဆင့် ပြောင်းလဲတိုးတက်မှုရဲ့ အခြေခံမူက ဘယ်မှာလဲလို့ မေးစရာရှိတယ်။ ဟာဒါ လူမှုရေး စီမံချက်တိုင်းရဲ့ အခရာကိစ္စပဲ။ သမိုင်းဦးကာလနေပြီး လူတွေ တိုးတက် ပေါ်ထွက်လာပုံကို သုံးသပ်ကြည့်ရအောင်"

ပရီကခေတ် ။ ။ ဂရိပြည် အေသင်မြို့ နိုင်ငံ အထွန်းကားဆုံးခေတ်၊ ခရစ်နှစ် ငါးရာစု။

Commercial use of this book will be at your OWN RISK !

http://myanmarcupid.net

ကိုသည် ဆောင်းဦး၏ တောအုပ်ကလေးထဲတွင် တကမ္ဘာလုံး တယောက်သာ သူသိသော မိန်းကလေးနှင့် အတူ လမ်းလျှောက်ရင်း သမ္မာကျမ်းစာမှ တဆင့် တွေးခေါ်ဉာဏ် မြင့်မားမှုတခုတည်းဖြင့် လူမျိုးနှင့် ယဉ်ကျေးမှု အရှည် မတည်တံ့နိုင်ပုံများကို အကျယ်တဝင့် ရှင်းပြလာသည်။

စကားခဏပြတ်ချိန်တွင် ရှာလီက ကို့ စာအုပ်ကြီးအကြောင်းကို မေးသည်။ ကို့က မေလမှ စက်တင်ဘာလထိ တလုံးတပါးဒမျှ မရေးဖြစ်ကြောင်း ဖြေသည်။

"ဒါပေမယ့် တနေ့ ခြောက်နာရီတော့ အချိန်ပေးနိုင်ပါပြီ။ ဒါလဲ နှောင့်နှေးအုံးမှာပါပဲ။ ဘာဘဲဖြစ်ဖြစ် ဒီတနေ့လုံး အချိန်ဖြုန်းပစ်လိုက်ရတယ်လို့တော့ မထင်မိပါဘူး"

"ဟုတ်ကဲ့၊ ရှုခင်းက လှလိုက်တာနော်"

ကို့က ရှာလီ လှမ်းမျှော်ကြည့်နေသည့် နေဝင်ချိန် ရှုခင်းကို လိုက်ကြည့်ပြီး

"မလှပါဘူး။ သိပ်ငြိမ်လွန်းနေတော့ ငြီးငွေ့စရာ ကောင်းတယ်။ ရှုခင်းဆိုတာက ပင်ကိုယ်စရိုက်၊ ပင်ကိုယ်ဟန် ရှိမှပေါ့။ ကျွန်တော်ကတော့ ခင်ဗျားကို လှတယ်ထင်တယ်"

ရှာလီ တုန်သွားသည်။ ရုက်သွေးဖြန်းသွားသည်။ သို့သော် ကို့ အသံက ပုဂ္ဂလဒိဋ္ဌာန် လုံးဝမဟုတ်၍ တော်သေး။

"အော် ရှင်က ဒီလိုထင်သလား။ ကျေးဇူးပါပဲရှင်။ လူတော်တော်များများကတော့ အဲဒီလို မထင်ကြပါဘူး"

ရှာလီက စကားကို ချက်ချင်း လှီးလွှဲလိုက်သည်။

ကို့က ငြိမ်မြဲငြိမ်နေသည်။ ရှာလီက "ရှင် တခြားလူတွေရဲ့ အင်္ဂါရုပ်ကို သတိပြုမိတတ်မှန်း ကျမမသိဘူး" ဟုပြောသည်။

"ကျွန်တော်မှတ်မိသလောက်တော့ အရင်က ကျွန်တော်လဲ ဒါမျိုး ဘယ်တော့မှ အမှတ်မထားတတ်ပါဘူး။ ကျွန်တော်ထင်တော့ လွင်ပြင်ထဲ လှမ်းကြည့်နေတဲ့ ခင်ဗျားရဲ့ မျက်လုံးတွေက ကျွန်တော့်ကို အမှတ်ထားမိအောင် လုပ်တယ် ထင်တာပဲ။ အဲဒီ မျက်လုံးတွေကို ဂရုတစိုက် ကြည့်လိုက်မှ ခင်ဗျားလှတာကို ကျွန်တော် သတိပြုမိတာပါ"

ချီးချီးပပ ပြောပုံက ထူးခြားလှသည်။ အပြစ်ကင်းလှသည်။ ထပ်ပြောလျှင် ပျက်ပြယ်သွားနိုင်သည်။

ထို့ကြောင့်

"မစ္စတာကို့၊ ဒီနေ့ပါတဲ့ ကယ်ဆယ်ရေးဂေဟာ ခေါင်းကြီးအတွက် ကျမတို့ ဌာနက ဗိုလ်မှူးကြီးနဲ့ ရှင့်ကို ဘယ်သူ့ ကျေးဇူးတင်ရမလဲဟင်"

"နှစ်ယောက်လုံး တင်ပေါ့။ သူက အကြံပေးတယ်။ ကျွန်တော်က ရေးတယ်။ ကျွန်တော်တို့ နှစ်ယောက်ကို ခွဲပြောလို့ မဖြစ်ဘူး"

ရှာလီက ခေါင်းညိတ်လိုက်ပြီး

"ဒီဂေဟာအတွက် ကျမတို့ ဒီတဆောင်းလုံး အလုပ်လုပ်ကြရမှာပဲ။ ပြည်နယ်တစ်ခုလုံးက ဂေဟာအပေါ် စိတ်ညွှတ်လာအောင် လုပ်ရမယ်။ လွှတ်တော်ကျင်းပတဲ့အခါ ဂေဟာအတွက် ငွေကို မငြင်းနိုင်အောင်ကို လုပ်ထားရမယ်။ ဒီဂေဟာကိစ္စ ပီးသွားရင် ကျမ လုပ်ချင်တာတွေ ထောင်သောင်းချီပီး ရှိနေသေးတယ်။ ရှင် ငွေမလိုချင်ဘူးလားဟင်။ သမုဒ္ဒရာ အတန်တန်လောက်ကို များတဲ့ငွေတွေလေ"

"မလိုချင်ပါဘူးဗျာ"

"ကျမကတော့ လိုချင်တယ်ရှင့်။ ပြည်နယ်ထဲမှာ ဂေဟာတွေ အဖွဲ့အစည်းတွေကို ငြုပ်ကောင်းမွန်ဖြူးသလို ပြန့်ကြဖွင့်ပစ်လိုက်ချင်လို့။ ကျမတို့လဲ တခါတုန်းက ငွေအထုတ်အထည်ကလေး တော်တော်များများ ရှိခဲ့ပါရဲ့။ ကျမ တလသမီးလောက်ကပေါ့လေ"

"ဟုတ်ကဲ့ ကြားဖူးပါတယ်။ ဟင်နရီဂျီဆာဖေအကြောင်းက မကြားချင်လို့မှ မနေရတာ။ ခင်ဗျားက နှမြောနေလို့လား"

"ကျမအဖေ သိမသွားတာပဲ ဝမ်းသာလှပါပီရှင်"

မြို့ထဲသို့ ပြန်မည့် ဓာတ်ရထားရောက်လာသည်။

"မစ္စဝေလင်" ကွိက ရုတ်တရက်ပြောလိုက်သည်။ "ခင်ဗျားနဲ့ ပထမအကြိမ်တွေ့တုန်းက ကျွန်တော့် ကိုယ်ရေးကိုယ်တာ အတွင်းရေးကိစ္စတခု ခင်ဗျားကိုပြောပြခဲ့တယ်။ အဲဒီတုန်းက ဒါ အတွင်းရေးကိစ္စပါလို့ မပြောခဲ့မိဘူး။ ဒါပေမယ့်"

"ကျမက ရှင်မပြောလဲ အတွင်းရေးလို့ပဲ သဘောထားခဲ့ပါတယ်ရှင်။ ဘယ်သူ့မှလဲ ပြန်မပြောမိပါဘူး"

ယခင်က သူတို့နှစ်ဦးသား ပွင့်လင်းစွာ ဆွေးနွေးခဲ့သည့် ဤကိစ္စကို ယခု သူတို့နှစ်ဦးစလုံး မပြောဝံ့ဝံ့ ပြောဝံ့ဝံ့ ဖြစ်နေခြင်းသည် မစ္စတာကွိ မည်မျှ ပြောင်းလဲနေကြောင်း ရှာလီအဖို့ အတိုင်းအတာပင် ဖြစ်ပေတော့သည်။

ရှာလီသည် အဝေးသို့ မျှော်ငေးကြည့်နေရင်း ကွိကို မေးခွန်းတခု မေးချင်နေသည်။ ထိုအချိန်မှာပင် ကွိက မမေးရသော ရှာလီ၏ မေးခွန်းကို စိတ်မချမ်းမမြေ့ ဖြေလိုက်သည်။

"ကျွန်တော့်အဖေနဲ့ပတ်သတ်ပြီး ကျွန်တော့်မှာ စိတ်ကူးသုံးမျိုးရှိတယ်။ တမျိုးက ကျွန်တော့်အဖေမှာ ထူးထူးဆန်းဆန်း သားသမီး မွေးမြူနည်း အယူအဆတွေ ရှိတယ်လို့ ထင်တယ်။ ဒုတိယတမျိုးက ကျွန်တော့်ကို လက်ရှိအခြေအနေနဲ့ သူမွေးဘို့ စိတ်ကူးမရှိဘူးလို့ ထင်တယ်။ တတိယတမျိုးကတော့ သူ့ကို လက်ရှိအခြေအနေနဲ့ ကျွန်တော်က အဖေလို့ သဘောထားချင်မှာ မဟုတ်ဘူးလို့ သူထင်နေတယ်ထင်တယ်။ ခင်ဗျားကို ကျွန်တော် ပြတဲ့စာ ရပြီးကတည်းက နောက်ထပ် ဘာစာမှ မရတော့ဘူး။ ကျွန်တော်ထင်တော့ သူ သေပီနဲ့ တူပါရဲ့"

"မသေရင်တော့ ရှင်တို့ တနေ့ တွေ့ကြမှာပဲလို့ ကျမ ထင်ပါတယ်ရှင်။ သူက အတွေ့မခံချင်တာ ဆိုရင်တော့ ရှင့်ကို နယူးယောက်ကနေပြီး ဒီမြို့ကို ခေါ်မှာမဟုတ်ပါဘူး။ ရှင် အဲဒီလို မထင်ဘူးလား"

ကွိက ရှာလီ ဓာတ်ရထားပေါ် တက်သည်ကို အကူအညီ တစုံတရာမပြုဘဲ ဆက်ပြောသည်။

"ကျွန်တော်သာ ခင်ဗျားတို့ ဘာသာရေး အယူဝါဒတွေကို ယုံရင် ကျွန်တော့ အဖေဟာ ဘုရားသခင်ရဲ့ အလိုတော်အတိုင်း ပြုမူတာပဲ။ ကျွန်တော့်ကို ဒီမြို့ ရောက်အောင်လုပ်တာ ဘုရားသခင်ရဲ့ အလိုတော်ပဲလို့ ကျွန်တော်ယုံကြည်မှာပဲ"

ဓာတ်ရထား တရွေ့ရွေ့ ထွက်စပြုချိန်တွင် ရှာလီက

"ရှင်ကော မလိုက်ဘူးလားဟင်"

"မလိုက်တော့ဘူး။ လမ်းလျှောက်ပြန်မှာ" ကွိသည် ကမြောသောပါး ဦးထုပ်မြှောက်ပြကာ နှုတ်ဆက်လိုက်သည်။

သူတို့ ခွဲခွာရခြင်းသည် ဤကမ္ဘာပေါ်တွင် နောင် ဘယ်သောအခါမှ ပြန်လည် မတွေ့ဆုံကြရတော့မည့် ခွဲခွာခြင်းမျိုး ဖြစ်လေသည်။

"မကြာခင် ပြန်တွေ့ကြဦးမယ်လို့ မြှော်လင့်ပါတယ်" ဟူသော လောကဝတ်စကားမျှ မပြောလိုက်ရခြင်းကို မိုင်ဝက်ခန့် လမ်းလျှောက်မိမှ ကို စဉ်းစားမိသည်။ ဤအမှားကို အဖတ်ဆယ်၍ရမည့်လမ်း သူမမြင်။ ရှာလီဝေလင်အဖို့ သူနှင့် နောက်ဆုံးခွဲခွာခြင်း ခွဲခွာရန် နှုတ်ဆက်ခြင်း ဖြစ်သည်ဟုသာ တထစ်ချ ယူဆပေတော့မည်။

သို့သော် လမကုန်မီမှာပင် မစ္စက်ပိန်တာ၏ ညစာဝိုင်းများသို့ ရှာလီဝေလင် ရောက်လာသည်။ ဆောင်းကာလ တလျှောက်လုံးပင် တလတကြိမ် နှစ်ကြိမ်ဆိုသလို ရောက်လာလေ့ရှိသည်။

တညတွင်မမျှော်လင့်ဘဲ ညစာစားခန်းထဲသို့ ကွိုဝင်လာသည်။ ၈ နာရီခန့် ရှိပြီ။ သတင်းစကားတခု ပြောစရာရှိ၍ လာသည်ဟု ဆိုသည်။

ရှာလီက ကွိုကို မျှော်နေသည်ဟု ပြောသည်။ မစ္စက်ပိန်တာအိမ်သို့ ရှာလီရောက်သည့် အကြိမ်ပေါင်း မည်မျှရှိပြီကို ကွိအား ခန့်မှန်းခိုင်းသည်။ ထိုသို့ အကြိမ်ကြိမ် လာနေသဖြင့် ဘေးလူများက စကားတင်း ဆိုနေကြကြောင်း ပြောပြသည်။ ရှာလီ မကြာခဏလာခြင်းသည် မစ္စတာကွိကို ကာအိန္ဒြေမဲ့ လာတွေ့နေခြင်း ဖြစ်သည်ဆိုသော စကားတင်းဖြစ်သည်ဟု ပြောပြသည်။ ရှာလီက နှုတ်ခမ်း ဆတ်ဆတ်တုန်လျှက် ပြောပြနေသည်။ အလွန်အမင်း ရှက်နေပုံရသည်။

ကွိက မနေတတ် မထိုင်တတ် ဖြစ်နေသည်။ ထိုသို့သော သိမ်ဖျင်းမှုများကို စကားတခွန်းတည်းနှင့် သူချေဖျက်ပစ်နိုင်သည်ဟု ပြောသည်။ ရှာလီဘက်ကလည်း အခြေအမြစ်မရှိသော စကားတင်းများကို ငြင်းဖို့ ဘာမျှ ခက်စရာမလိုဟု ပြောသည်။

"ကျမ မငြင်းနိုင်ဘူး။ ဘာဖြစ်လို့လဲ သိလား" ရှာလီက သူ့ စကားကို ဖြတ်ကာ ရီဝေဝေအပြုံးနှင့် ပြောသည်။

"သူတို့ပြောတာက မှန်နေတာကိုး"

ရှာလီသည် လှစ်ကနဲ ထသွားသည်။ ပစ္စည်းများကို ရွှင်ရွှင်မြူးမြူး သိမ်းဆည်းနေသည်။ ကွိက မကျေမချမ်းနှင့် ငြိမ်ထိုင်နေပြီး ရှာလီကို ကြည့်နေသည်။

"ရှင် ဘာပြန်ပြောရမလဲ စဉ်းစားနေတုန်း လူမှုရေး ပြဿနာကလေးတခုအတွက် အကြံဉာဏ် တောင်းပါရစေ။ လော်ရာတို့ ကိစ္စပါ"

ကွိက စိတ်မရှည်သံဖြင့် "ဘယ်သူလဲ လော်ရာ ဆိုတာက"

"လော်ရာက မစ္စက်ပိန်တာရဲ့ ထမင်းချက် ကပွလီမလေးပါ။ သူ့ယောကျ်ားက ပစ်ပြေးတယ်။ အခုတော့ ခိုးမှုနဲ့ ထောင်ကျနေတယ်။ လော်ရာက နောက်တစ်ယောက်နဲ့ ယူမလို့ လုပ်နေတယ်။ ဒါပေမယ့် လင်မယားကွာရင် ဆယ်ဒေါ်လာ ကုန်မယ်။ သူက အကုန်မခံချင်ဘူး။ နောက်ယူမယ့်လူက အကုန်ခံသင့်တယ်လို့ ပြောနေတယ်။ ရှင့်သိပ္ပံပညာက ဒီလို အသဲနှလုံး ပြဿနာကို ဘယ်အဖြေမျိုးပေးမလဲ"

"လက်သုတ်ပုဝါတွေ ချထားလိုက်ဗျာ။ ငြိမ်ငြိမ်ရင်လဲနေ။ ခင်ဗျား တဖျက်ဖျက် လုပ်နေရင် ကျွန်တော် စကားပြောလို့ မရဘူး"

ရှာလီက သေဝပ်စွာ ထိုင်လိုက်သည်။ ဝတ်ပြုသလို လက်စုံယှက်ထားသည်။ ကွိက မတ်တပ်ရပ်ပြီး သူ့ကို စိုက်ကြည့်နေသည်။

"ခင်ဗျားကို မစ္စက်ပိန်တာရဲ့ အလုပ်ကိုယ်စားလှယ်အဖြစ်နဲ့ စကားပြောချင်တယ်။ ပါမောက္ခ နီကိုလိုဖီးယပ်က နွေဦးပေါက်ရင် အိမ်ပြောင်းတော့မယ်။ ကျွန်တော့်ကိုလည်း သူနဲ့လိုက်နေဖို့ ကမ်းလှမ်းတယ်"

"အော်၊ ရှင်က ငြင်းလိုက်ရောလား"

"မငြင်းဘူး။ ချက်ချင်း လက်ခံလိုက်တယ်"

ရှာလီက အံ့အားသင့်သွားပြီး

"ရှင့်ကို သူခင်အောင် ရှင်ဘယ်လိုများ လုပ်ထားလဲ။ လူတကာကို မုန်းတဲ့လူကြီးပဲ။ ကျမကို သိပ်မုန်းတာတော့ ကျမ သိတယ်"

"ကျွန်တော်ကလွဲရင် သူ လူတိုင်းကို မုန်းတယ်လို့ ထင်တယ်"

"ဆန်းလိုက်တာရှင်" ရှာလီက ပြုမည့်သူ မရှိ၊ စုမည့်သူ မရှိ။ နေပတိုင်း ဘဉ်ပြုတ်၍ စားနေကြရမည့် ပညာရှင် နှစ်ယောက်ကို စိတ်ထဲ၌ မြင်ယောင်နေသည်။

"ဒီလူကြီးက လူတွေနဲ့ ကင်းကွာတာတော့ မှန်တယ်။ ရောက်ခါစက ကျွန်တော်နဲ့လဲ လမ်းမှာ တွေ့ရင် တောင် စကားပြောတာ မဟုတ်ဘူး။ တဖြေးဖြေးနဲ့ ကျွန်တော့်ကို ခင်လာတာပဲ"

"ဒါနဲ့ ရှင်က သူ့ဆီ လိုက်နေတယ် ဆိုပါတော့"

"မဟုတ်ပါဘူး။ ကျွန်တော့်အတွက် အဆင်ပြေလို့ သဘောတူလိုက်တာ"

"အော်"

"ကျွန်တော်လခပေးနေမှာပါ။ ဒီမှာ ပေးရသလောက်ပဲ ပေးရမယ်။ ဒါပေမယ့် ပိုပြီး တိတ်ဆိတ်မယ်။ သက်တောင့်သက်သာ နေရမယ်။ လွတ်လပ်မယ်"

ရှာလီက ကွိကို စေ့စေ့စပ်စပ်ကြည့်ရင်း ပါရဂူကလေး တကယ်မှ ပြောင်းလဲလာသေးရဲ့လားဟု သံသယ ဖြစ်နေမိသည်။

"ရှင်ပြောင်းမယ်ဆိုတာ ကျမ စိတ်မကောင်းပါဘူးရှင်"

"ခင်ဗျား ဝမ်းသာပေးဖို့တောင် ကောင်းသေးတယ်"

"ဘာပြုလို့လဲ"

"သူက တယောက်ထဲနေဖို့ ငွေလဲ မတတ်နိုင်ဘူး။ ငွေတတ်နိုင်တောင်မှ တကိုယ်ရေနေလို့ မဖြစ်ဘူး။ နှလုံးရောဂါဆိုလား ရောဂါရှိတယ်။ ခင်ဗျား သူ့ဇာတ်လမ်းသိသလား"

"ဘာမှ မသိပါဘူးရှင်"

"ကျွန်တော် အကုန်သိတယ်"

ကွိသည် မရေမရာဖြစ်နေသည်။ မျက်မှောင်ကြုတ်ထားကာ စဉ်းစားနေသည်။ စိတ်ဂဏှာမငြိမ် ဖြစ်နေသည်။

"ဒီမှာ၊ ကျွန်တော် ပြောင်းသွားရင် ခင်ဗျား အဒေါ်ကို ထိခိုက်မှာလား"

အလုပ်ကိုယ်စားလှယ်မကလေးက တဟားဟား ရယ်လိုက်၏။ ကွိက ကြောင်ကြည့်နေသည်။

"ဒီအခန်းတွေကို တနာရီအတွင်း လူငှားတင်လို့ရပါတယ်။ ရှင်တို့ နှစ်နေရာစာက အမြဲလူပြည့်မနေတောင် အိမ်ငှားလုပ်ငန်း သိပ်တွင်ကျယ်နေတယ်ဆိုတာ ရှင်သိသားပဲ။ လူတွေကို ငြင်းတောင် လွတ်နေရတာပါရှင်။ ရှင့်ဆီက ကျမ ဒေါ်လာ နှစ်ဆယ်တောင်းတဲ့ညက အဖြစ်ကို ရှင်သတိရတယ်မဟုတ်လား"

"အော်၊ ဒါထက် ခင်ဗျားရဲ့ အပျော်ခွေးကြီး ဘယ့်နှဲ့ နေသလဲ"

"ကျေးဇူးပါပဲရှင်။ တနေ့တခြား ကြီးသထက်ကြီး။ ပျော်စရာ ကောင်းသထက် ကောင်းနေပါတယ်။ ညနေတိုင်း ငါးနာရီဆိုရင် ကျွန်မတို့ လမ်းလျှောက်တယ်။ လမ်းလျှောက်တိုင်း ကျမအတွက် လူတယောက် တယောက်တော့ သူ တိုးလဲ့ပေးနေတာပဲ။ ပျော်စရာကြီးရှင့်။ ဒါပေမယ့် ရှင့်ကို တိုးလဲ့ရတာလောက် သူမပျော်ရွာဘူးနဲ့ တူပါရဲ့ရှင်"

ကိုက မျက်နှာထားတည်တည်ဖြင့် တံခါးဝသို့ ထွက်သွားပြီး

"ကျွန်တော် အလုပ်လုပ်ဦးမယ်။ ခင်ဗျား အဒေါ်ကို ကျွန်တော်ပြောင်းတော့မယ်ဆိုတာ ပြောပြပေးပါ။ မင်္ဂလာပါ"

"မင်္ဂလာပါ မစ္စတာကို"

တံခါးပိတ်သွားသည်။ ချက်ချင်းပင် တံခါးပြန်ပွင့်လာကာ ကို ကိုယ်တိုင်း ပေါ်လာသည်။

"ဒါထက် မနေ့က ဖြစ်ပုံကလေး ခင်ဗျားစိတ်ဝင်စားမှာပဲ။ ပို့စ်ထဲမှာ ဖတ်ပီးပလား။ ကို နှစ်ယောက်ဆိုတဲ့ သတင်းလေ"

"ဟင့်အင်း၊ ရှင်နဲ့ တင်မိ ကို အကြောင်းလား"

"တင့်မိ အကြောင်းပါ။ ကျွန်တော် မပါပါဘူး။ တလောတုန်းက တင်မိ ကင်းလှည့်တဲ့ နေရာ ပြောင်းသွားတယ်။ မနေ့မနက်ကတော့ သူနယ်ထဲမှာ ဘဏ်ဖောက်နေတာ တွေ့ရတယ်။ ဒါနဲ့ ဝင်ဖမ်းတယ်။ မှောင်ထဲမှာ သူခိုးနဲ့ ပက်ပင်းတွေ့တာပေါ့။ တခြားရဲတွေရောက်လာပြီး မီးဖွင့်ကြည့်တော့မှ သူခိုးက သူညီ မာဇီဖြစ်နေတာ တွေ့ရတယ်တဲ့"

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

(၁၈)

ဘလိန်းကောလိပ်၏ ခရီးလမ်းသည် မဖြောင့်ဖြူး။ ဥက္ကဋ္ဌဝက်စ်၏ ထကြွနိုးကြားသော စိတ်ဓာတ်ကို ပွန်းပဲ့စေသည့် အနှောင့်အယှက်များ တဆောင်းလုံး ပေါ်နေခဲ့သည်။

ကောလိပ်က စိတ်ပျက်စရာနှင့်ဖွင့်သည်။ ကျောင်းသား တိုးလာသည်။ သို့သော် တိုးလာသည့် အရေအတွက်မှာ ၉ ယောက်ထဲသာ။ ဝက်စ်က ကျောင်းသား ၅၀ တိုးမည်ဟုမှန်းသည်။ ကျောင်းသားဦးရေ စုစုပေါင်း ၁၆၇ ဦး စာရင်းကို အောက်တိုဘာ အစည်းအဝေးတွင် တင်ပြသောအခါ ဂေါပကအဖွဲ့က တပတ်ရိုက်ခံရသလို သဘောထားသည်။ ကြော်ငြာအတွက် ငွေကုန်ကြေးကျများသည်။ ဥက္ကဋ္ဌ အလုပ်လုပ်ချိန် နှောင်းသည် စသဖြင့် အပြစ်တင်ကြသည်။

"ကုန်ကျစရိတ် ဆယ်ရာခိုင်နှုန်းတက်ပြီး ကျောင်းသားအသစ် ၉ ယောက်ထဲတိုးတယ်" ဂေါပက တဦးက တုံးတိ အပြစ်တင်သည်။

ထိုပုဂ္ဂိုလ်မှာ ဂျိမ်းစ်အီးဝင်းတားဆိုသူ ဖြစ်သည်။ မြို့တော်၏ ကိုယ်စားလှယ်ဖြစ်သည်။ ကောလိပ်အတွက် မြို့တော်က နှစ်စဉ် ဒေါ်လာ ခုနှစ်သောင်းငါးထောင် ထောက်ပံ့ရ၍ ကောလိပ်ဂေါပကအဖွဲ့သို့ အဖွဲ့ဝင်သုံးဦး ကိုယ်စားလှယ် လွှတ်ခွင့်ရှိသည်။

ဝင်းတား၏ မိတ်ဆွေကြီး မစ္စတာဖိုင်း ရှိသေးသည်။ မစ္စတာဖိုင်းသည် ကောလိပ်အတွက် ဒေါ်လာ ငါးသောင်း လှူခဲ့သည်။ ထိုငွေကို ရန်ပုံငွေ ဖွင့်ထားသည်။

ဝက်စ်ကို ဥက္ကဋ္ဌရွေးရာ၌ ဂေါပကအဖွဲ့က တညီတညွတ်တည်း မဆုံးဖြတ်နိုင်ခဲ့။ ခုနှစ်မဲ ငါးမဲနှင့် ရွေးခဲ့ရသည်။ ထိုအကွဲသည် သက်စိုး ရှည်နေလေသည်။ ပို၍ပင် နက်ရှိုင်းလာသေး၏။ ဝက်စ်တင်ပြလာသည့် ထောက်ခံ အကြံပေးချက်မှန်သမျှကို စဉ်းစားရာ၌ ခုနှစ်မဲ ငါးမဲ ကွဲမြဲကွဲနေပြန်၏။ ဝက်စ်၏ စွမ်းအင်နှင့် စိတ်ဓာတ်ကား ကြီးမားခိုင်မြဲလျက်ပင်ရှိသည်။ အချို့ကိစ္စတွင် အလားအလာ မကောင်းသော်လည်း ကောလိပ်လုပ်ငန်းသည် လူမှုမြှင့်တင်ရေးလုပ်ငန်း၏ တကယ့်လက်နက်ကရိယာဖြစ်သည်ဟု သူခံယူမြဲ ခံယူသည်။

မဟာဌာနများ၏ ဆရာစာရင်းကို စစ်ဆေးသည်။ ကျေနပ်စရာမတွေ့။ ပါရဂူဘွဲ့ရသူ သုံးဦးသာ ပါဝင်သည်။ ဆရာတို့၏ ပျမ်းမျှ ပညာရည်သည် အလယ်အလတ် အဆင့်ထက်ပင် နိမ့်ကျနေသည်။ အပေါစားကောလိပ်အတွက် အပေါစားဆရာများသာ ဖြစ်နေလေသည်။ ဤဆရာအဖွဲ့မျိုဖြင့်ဆိုလျှင် ဘလိန်းကောလိပ်ကို ထူးချွန်ပြောင်မြောက်သော အဆင့်အတန်းသို့ မပင့်တင်နိုင်။

ဝက်စ်၏အကြံမှာ ပညာရည်ညံ့သော ဆရာများကို တသုတ်စီ ဖြုတ်ပစ်ပြီး ပညာရည်ချွန်သူများဖြင့် အစားထိုးသွားရန်ဖြစ်သည်။ သို့သော် အဟန့်အတားကြီးက ရှိနေပြန်၏။ ပထမတန်းစားပညာရှင်များက ပထမတန်းစား လစာရိက္ခာကိုတောင်းကြသည်။ ဘလိန်းကောလိပ်၏ လက်ရှိအခြေအနေက ထိုလစာရိက္ခာမျိုးကို ပေးနိုင်စွမ်း မရှိ။

ပထမဆုံး ဆရာများနှင့် တွေ့ဆုံပွဲတွင်ပင် ဝက်စ် လက်မခံနိုင်သူ ဆရာတစ်ဦးပေါ်လာ၏။ တနှစ် ဒေါ်လာ တထောင်ပေးထားရသည့် သခ်ၤာလက်ထောက်ပါမောက္ခ ဟတ်ကလေယန်း ဆိုသူဖြစ်သည်။ သူ့အပြုအမူ အပြောအဆိုက ပညာရှင်နှင့် မတူဟု ဝက်စ်ထင်သည်။ သူ့ကို ရာထူးနှင့် မတန်သူဟု ဝက်စ်က ဆုံးဖြတ်လိုက်သည်။ ဒီဇင်ဘာလလယ်တွင် လက်ထောက်ပါမောက္ခ ယန်းထံ အကြောင်းကြားစာ ပို့လိုက်သည်။ ခရစ်စမတ် ကျောင်းပိတ်ရက်အပြီးတွင် ဖြုတ်ပစ်တော့မည်။

လက်ထောက်ပါမောက္ခက လူကြီးလူကောင်းလို အသာခေါင်းလျှိုပြီး ထွက်မသွား။ ဘလိန်းကောလိပ်နှင့် ဥက္ကဋ္ဌ ဝက်စ်ကို တရားစွဲသည်။ တနှစ်အတွက် လစာအပြည့် လျော်ကြေးတောင်းသည်။ သူ့တွင် ကလေး ခြောက်ယောက်ရှိပါသည်။ ဤအလုပ်ပေါ်တွင် မှီခို စားသောက်နေရပါသည်ဟု ရုံးတော်တွင် လျှောက်သည်။

ယန်းသည် ကောလိပ်တွင် ကျောင်းသားနှင့်လည်း မတည့်။ လုပ်ဖော်ကိုင်ဖက်ချင်းနှင့်လည်း မသင့်သူဖြစ်သည်။ သို့သော် ဂေါပကအဖွဲ့တွင် ဝင်းတားအုပ်စုက ပါမောက္ခယန်းခမျာ ပတ်ကြမ်းတိုက်ခံရရှာသည်ဟု ယူဆသည်။ လူထု အကျိုးစီးပွား ပြဿနာမဟုတ်၊ လူတန်းစား တခု၏ အကျိုးစီးပွား ပြဿနာဟု သူတို့က အကဲဖြတ်သည်။

အဖိနှိပ်ခံများနှင့် လူထုကြီးဘက်က ရပ်တည်သည်ဟု ကြွေးကြော်သော ခရော်နီကယ် ညနေသတင်းစာက ပါမောက္ခယန်း၏ ကြေညာချက်ကို ဖော်ပြကာ သတင်းကို ပုံကြီးချဲ့ရေးသည်။ “လက်သီးပုန်း ကောလိပ်” ခေါင်းစဉ်ဖြင့် ခေါင်းကြီးရေးကာ ဝေဖန်တိုက်ခိုက်သည်။

ကောလိပ်၏ ဥပဒေအတိုင်ပင်ခံများက ပူညံ ပူညံလုပ်နေသော ပါမောက္ခလေးအား လျော်ကြေး ဒေါ်လာ သုံးရာပေး၍ အမှုကျေအေးရန် အကြံပေးသောအခါ ဝင်းတားက ဗြောင်ဝေဖန်တော့သည်။ ဆရာအပြောင်းအလဲများကို ဂေါပက အဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရဘဲ မလုပ်ရန် ဥက္ကဋ္ဌအား ချုပ်ချယ်သည့် အဆိုတင်သွင်းသည်။ သို့သော် ခုနှစ်မဲ ငါးမဲဖြင့်ပင် ရှုံးသွား၏။

မစ္စတာဖိုင်းက “ဥက္ကဋ္ဌ ရဲ့ ဆုံးဖြတ်ချက်ကို ယုံကြည်မှု မရှိရင်လဲ ခင်ဗျားတို့ ယုံကြည်မှုရှိတဲ့ ဥက္ကဋ္ဌအသစ် ရှာပေါ့ဗျာ” ဟု ဒေါသတကြီးပြောသည်။

“အဲဒါ ကျွန်တော်တို့ ပြောနေတာပေါ့” ဂျိမ်းစ်အီးဝင်းတားက ခွန်းတုံ့ပြန်သည်။

ဝက်စ်သည် ဆရာအဖွဲ့ နောက်ထပ် အပြောင်းအလဲများကို ရှေ့နှစ်အထိ ရွှေ့ဆိုင်းထားလိုက်လေသည်။ ကောလိပ်ငွေရေး ကြေးရေး အခြေခိုင်ရန်၊ ပို့လျှံနေသော သူ့ကိုယ်စွမ်း ဉာဏ်စွမ်းများကို ဧောက်ချအသုံးချရန် ဆုံးဖြတ်သည်။ သို့သော် ထိုလုပ်ငန်းတွင်လည်း ဂေါပကအဖွဲ့ထဲမှ တယ်တို့၏ တံတိုင်းထူထူကြီးနှင့် ဝင်တိုးမိပြန်သည်။

ဝက်စ်သည် အသက်အရွယ် နုသေးသော်လည်း မြို့တော်တွင် အပြောကောင်း၊ အဟောကောင်းအဖြစ် လူသိများသည်။ သူ့ဟောပြောချက်ကို ပွဲတောင်းသည့် ဖိတ်စာများ တဖွဲဖွဲ ရောက်လာသည်။ ဒီဇင်ဘာလတွင်

တိုးတက်ရေး ဘုတ်အဖွဲ့များ အဖွဲ့ချုပ်တွင် သူစကားပြောရသည်။ ချီးမွမ်းထောပနာ ပြုခံရသည်။ နောက်တစ်လတွင် ထင်ရှားသော အမေရိကန် အထက်တန်းပညာရေး မြှင့်တင်မှုအသင်းကြီး၏ နှစ်ပတ်လည် အစည်းအဝေးတွင် သူ စကားပြောခွင့်ရ၏။ သူနှင့်အတူ စကားပြော စင်မြင့်ပေါ်၌ထိုင်သည့် အမေရိကန် ငွေကြေးလုပ်ငန်းရှင်ကြီး တဦးက ဘလိန်းကောလိပ်အကြောင်းကို မေးခွန်းပေါင်းများစွာ ထုတ်သည်။ ဥက္ကဋ္ဌဝက်စ်သည် ကြွကြွရွရွ စိတ်ဓာတ်ဖြင့်ပြန်လာသည်။ သို့သော် ဂေါပကအဖွဲ့က ရင်ဝ ဆီးကန်သလို လုပ်လေသည်။

ဂျန်နဝါရီလ ဂေါပက အစည်းအဝေးတွင် ဝင်းတားက

"ဥက္ကဋ္ဌကြီး ဒီလို ဧည့်ခံပွဲတွေ တက်နေတာ အဓိပ္ပာယ်ရှိရင် ဘာအဓိပ္ပာယ်လဲလို့ မေးချင်တယ်" ဟု မေးခွန်းထုတ်သည်။

ဝက်စ်က အပြုံးမပျက်။ ဝင်းတားသည် ရန်စွယ်ငေါငေါ အဖွားအိုကြီးပမာ မဖွယ်မရာ နိုင်လွန်းသည်ဟု သူထင်သည်။

"အဓိပ္ပာယ်ကတော့ ရန်ပုံငွေ ရရေးပါပဲ။ လက်ရှိအခြေအနေနဲ့ဆိုရင် ခေတ်မီကောလိပ်ကြီးတွေနဲ့ ပြိုင်နိုင်မှာ မဟုတ်ဘူး။ ဒါကြောင့် ဘလိန်းကောလိပ်ကို စေတနာရှင်ကြီးတွေ မျက်မှန်းတန်းမိအောင် လုပ်တာပါ"

"အဓိပ္ပာယ်မရှိပါဘူး ခင်ဗျာ" ဝင်းတားက သူ၏ ကန်ထရိုက်တာ လက်သီးကြီးကို စားပွဲပေါ်တွင် ဒိုင်းကနဲ ထုလိုက်ပြီး ကျားလို ဟိန်းလိုက်သည်။ "ဒါတွေဟာ ဘလိန်းကောလိပ်ရဲ့ အစဉ်အလာနဲ့ ဆန့်ကျင်ပါတယ်။ ဘလိန်းကောလိပ်ဟာ အလှူခံစားနေတာ မဟုတ်ပါဘူး။ ယန်ကီးကောလိပ်တွေလို သူတောင်းစား ကောလိပ် မဟုတ်ပါဘူး။ **ရော့ကဲဖဲလာ** လို သဘွေးတွေ ဆီမှာ ဘလိန်းကောလိပ် ဥက္ကဋ္ဌက လက်ဝါးဖြန့်တောင်းနေတာ သိက္ခာကျပါတယ်"

ရော့ကဲဖဲလာ ဂျွန်ဒေဗီဆန် (၁၈၃၉–၁၉၃၇) ။ ။ အမေရိကန် ရေနံသဘွေးကြီး။ ၁၈၆၅ ခုနှစ်တွင် ရေနံချက်စက်ရုံကြီး ထူထောင်ပြီး စဘင်းဒတ် ရေနံကုမ္ပဏီဖွဲ့သည်။ သူ့အလှူငွေဖြင့် ချီကာဂို တက္ကသိုလ်များသို့ ဒေါ်လာသန်း ၅၀၀ ကျော် လှူခဲ့သည်။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

အပုံပိုးခံ ပညာရေးအကြောင်းကို ထပ်တလဲလဲ ဆွေးနွေးကြသည်။ ဝင်းတားက အဆိုတင်ရန် အသင့်ပြင်ထားခြင်းမရှိ၍ အဆိုမတင်သော်လည်း အများစုဆန္ဒမှာ ဘလိန်းကောလိပ် (၁၈၉၄ ခုနှစ်တွင် တည်ထောင်သည်) ကို ငွေရေးကြေးရေး ကင်းကင်းရှင်းရှင်းပင် နေစေလိုသည်။

ဝက်စ်သည် ဂေါပကအဖွဲ့ကို အော့နလုံးနာသွားသည်။ သို့သော် စိတ်ကောင်း သဘောကောင်း အရှိဆုံး လူတဦးဖြစ်၍ သူ မကျေမချမ်း ဖြစ်သမျှ မကြာမီ ကွယ်ပျောက်သွား၏။

ရန်ပုံငွေရရှိရန် အခြား မြို့ကြီးပြကြီးများသို့ သူမချဉ်းကပ်တော့သော်လည်း ကိုယ့်မြို့တော်တွင်မူ သူကြိုးစားမြဲ ကြိုးစားသည်။ သို့သော် ရန်ပုံငွေ တိုးမလာ။

ကောလိပ်ဥက္ကဋ္ဌကြီး၏ ဩဇာတိက္ကမသည် မြို့ပေါ်၌ ကြီးမားတိုးတက်နေ၍ ဝက်စ်အဖို့ ကျေနပ်စရာဖြစ်သည်။ သူ့ပညာရေးအယူအဆများသည် မြို့တော်တွင် ၎င်း၊ တပြည်လုံးတွင် ၎င်းလူရာမဝင်ခဲ့သော်လည်း ပို့စ်သတင်းစာက ဝက်စ်နှင့် တွေ့ဆုံ မေးမြန်းပြီး ထိုအယူအဆများကို အကျယ်တဝင့် ဖော်ပြခဲ့သည်။

ကျေနပ်စရာ အကောင်းဆုံးမှာ သူနှင့်ကျောင်းသားများ၏ ဆက်ဆံရေးဖြစ်၏။ ကျောင်းသားများက သူ့ကို မြတ်နိုး ကိုးကွယ်ကြသည်။ သူလမ်းလျှောက်ပုံ၊ သူအင်္ကျီဝတ်ပုံ၊ သူခေါင်းဖီးပုံက အစ ကျောင်းသားများက အတုယူကြသည်။ ကျောင်းသားများကို သူ ညစာ ဖိတ်ကျွေးသည်။ အင်္ဂါနေ့နှင့် သောကြာနေ့တိုင်း ကျောင်းသား

များအား ဘလိန်းကောလိပ်၏ ရည်မှန်းချက်များကို ရှင်းပြသည်။ ထိုရှင်းပွဲများမှာ မတက်မနေရ မဟုတ်သော်လည်း အမြဲ အခန်းလျှံသည်။ ဩဘာသံညံသည်။ ဘောလုံးပွဲများတွင် သူ့ကို ကျောင်းသားထုက တခဲနက် ဩဘာပေးကြ၍ မစ္စအေဗာရီနှင့် မစ္စဝေလင်ကိုပင် တလှည့်စီတွဲ၍ ပွဲထုတ်မိသေးသည်။

ယင်းသို့ အစစအရာရာ အဆင်ပြေနေချိန်တွင် ပြဿနာကောက်ရိုးစ ကလေးတစ လေထဲ လွင့်လာသည်။ မကြာမီ ကောက်လှိုင်းစည်းကြီးဖြစ်လာသည်။ ထို့နောက် ကောက်ရိုးပုံကြီး ဖြစ်လာသည်။ ဧပြီလ မကုန်တတ်သေး။ ဘလိန်းကောလိပ် ပွက်လောရိုက်နေလေတော့၏။

ဤဖြစ်ရပ်မျိုးသည် သမိုင်းတွင် အနမတက္ကရှိသည်။ အဦးအစတွင် အသေးအဖွဲဖြစ်သည်။ လိုရာဆွဲကြသည်။ ဆိတ်ကိုဆင် ဖြစ်အောင်လုပ်ကြသည်။ နောက်ဆုံးတွင် နိုင်ငံအချင်းချင်း လက်နက်စွဲကာ တဦးလည်ပင်း တဦး လှီးကြတော့သည်။

ဘလိန်းကောလိပ် ကျောင်းသားကြီးနှစ်ဦးက ကျောင်းသားသစ်ကလေးတဦးကို သူတို့အခန်းသို့ခေါ်ပြီး ဝက်ဆီနှင့် သံလွင်ဆီရောတိုက်သည်။ ကျောင်းသားသစ်ကလေးခမျာ အစာအိမ် မကောင်းရသည့် အထဲ ထိုဆီဦးထောပတ်များကို ကင်းမြီးတောက် ထောင်၍ သောက်မျိုရရှာသဖြင့် အသည်းအသန် ဝေဒနာခံစားရရှာသည်။ သို့ဖြင့် မိဘများသိ၊ ကောလိပ်အာဏာပိုင်များနား ပေါက်ကြား ဖြစ်ကုန်သည်။

ကျောင်းသားသစ်ကလေးက တရားခံများကို မဖော်ထုတ်သော်လည်း ကြံရာပါတဦးကို အာဏာပိုင်များက စုံစမ်းသိရှိရ၍ ဝက်စ်ထံသို့ ပို့သည်။ ထိုကျောင်းသားက ကြံရာပါမိပါသည်ဟု ဝန်ခံသော်လည်း တစ်တရားခံမှာ သူမဟုတ်ဟု ငြင်းသည်။ တစ်တရားခံကို အမည်ဖော်သည်။

တစ်တရားခံဆိုသူကို ဝက်စ်ခေါ်မေးပြန်သည်။ သူက ဝန်မခံ၊ တရားခံဖော်ထုတ်ရန်လည်း ငြင်းသည်။ ဝက်စ်ထံသို့ စာများရောက်လာသည်။ တယ်လီဖုန်းများ ခေါ်သည်။ ထိုသို့ မတရားညှဉ်းပန်းမှု၏ တစ်တရားခံကို ပြင်းပြင်းထန်ထန် အရေးယူရန် တိုက်တွန်းကြသည်။ ပို့စ်သတင်းစာကလည်း မည်သည့် အကျိုးဆက်များ ပေါ်နိုင်သည်ဖြစ်စေ၊ စည်ကမ်းကို တင်းတင်းကြပ်ကြပ် ကိုင်သင့်ကြောင်း တိုက်တွန်းရေးသား၏။ ပို့စ်ခေါင်းကြီးမှာ ဗိုလ်မှူးကြီး၏ အကောင်းဆုံးရေးဟန်ဖြင့် ရေးထားသော်လည်း ကွိ၏ လက်ရာ ဖြစ်လေသည်။

ဝက်စ်သည် အမြန်ဆုံးနှင့် အပြတ်သားဆုံး အရေးယူရတော့မည်။ ထိုနေ့က မည်သူ့ကိုမျှ အတွေ့မခံဘဲ အခန်းတံခါးပိတ်ကာ တရားမျှတ၍ မှန်ကန်သော ဆုံးဖြတ်ချက်ကိုချရန် စဉ်းစားသည်။ စာရေးသူက ရေး၊ တယ်လီဖုန်းနှင့် ပြောသူကပြော၍ အကြံပေးကြသည့် အချက်များကို သူသုံးသပ်သည်။

ဂေါပကအဖွဲ့က မှာကြားထားသည့် စောင့်ထိန်းအပ်သော ဘလိန်းကောလိပ် အစဉ်အလာကောင်းများနှင့် ပို့စ်သတင်းစာရေးသားချက်များကလည်း တသဘောတည်း ဖြစ်နေသည်။ တရားလွန် နောက်ပြောင်မှုကို မည်သည့်နည်းနှင့်မျှ လက်ပိုက်ကြည့်မနေနိုင်။ တယောက်ယောက်တော့ ခေါင်းဖြတ်ရတော့မည်။

မူလက ပြင်းပြင်းထန်ထန် အရေးယူရန် ဝက်စ် စိတ်ကူးမထည့်ခဲ့။ သို့သော် မြို့လူထုက အပြင်းထန်ဆုံး အရေးယူလိမ့်မည်ဟု မြော်လင့်နေသည်။ အများ ဆန္ဒက မတွန့်တမ်း မဆုတ်တမ်း ပြတ်ပြတ်သားသား အရေးယူစတမ်း ကြွေးကြော်နေသည်။ ထို့ကြောင့် တာဝန်ရောက်လာလျှင် ဖြစ်ချင်ရာဖြစ် သူပြတ်သားကြောင်း ပြရတော့မည်။

ဝက်စ်သည် ကြံရာပါမိပါသည်ဟု ဝန်ခံသည့် ကျောင်းသားကို ပြင်းထန်စွာ သတိပေးပြီး တရားခံဖော်ထုတ်ရန် ငြင်းဆိုသည့် ကျောင်းသားကို ကျောင်းထုတ်ပစ်လိုက်လေ၏။

ထိုအဖိန့်များသည် မွန်းတည့်ချိန်မှ စ၍ အာဏာတည်သည်။ ညနေ ၄ နာရီတွင် တိုက်ပွဲစတော့၏။ အီဗနင်းခရော်နီကယ် သတင်းစာ ညနေ ၄ နာရီတွင် စက်ပေါ်မှ ပူပူနွေးနွေးထွက်လာသည်။ ကျောင်းထုတ်ခံရသည့် ကျောင်းသားသည် ရေပိုက်ဆက် အလုပ်သမားတဦး၏ သားဖြစ်သည်။ ထိုရေပိုက်ဆက် အလုပ်သမား

သည် သာမန်အလုပ်သမားမဟုတ်။ သူ့ရပ်ကွက်တွင် လူသိများသူ။ နိုင်ငံရေးလှုပ်ရှားသူဖြစ်သည်။ အီးဗနင်း ခရော်နီကယ် သတင်းစာက ထိုသတင်းကို သုံးကော်လံခေါင်းတပ်၍ ဖော်ပြသည်။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

မျက်နှာမဲ့ ကျောင်းသားလေး
ဥက္ကဋ္ဌကြီး ဝက်စ်၏ ကန်ထုတ်ခံရ

သတင်းနှင့်အတူတွဲ၍ ကာတွန်းတပုံလည်း ဖော်ပြလိုက်သေးသည်။ ကာတွန်းတွင် အထက်တန်းလွှာပုံစံ ဝတ်စားဆင်ယင်ထားသည့် ဥက္ကဋ္ဌ ဝက်စ်က ကျောင်းသားကလေးတဦးကို တံခါးပေါက်မှ ကန်ထုတ်နေပုံ ဖြစ်သည်။ ကျောင်းသားကလေး၏ လည်ပင်းတွင် 'အလုပ်သမားသား' ဆိုသည့် စာတန်းကလေး ဆွဲပေး ထားသည်။ ကာတွန်းအောက်တွင် 'သူဝါဒ' ဆိုသော စာတကြောင်းလည်း ထည့်ထားသေးသည်။ စာမျက်နှာ ၄ တွင် 'ပိုးသား ခြေစွပ်ထဲမှ တရားမျှတမှု' ခေါင်းစဉ်ဖြင့် ခေါင်းကြီးရေးလေသည်။

ဤအထိမှာ နိဒါန်းပျိုးရုံသာ ရှိသေးသည်။ နောက်တနေ့ထုတ် ပို့စ်သတင်းစာတွင် ကောလိပ်အရေးအခင်း နှင့် ပတ်သက်၍ တလုံးတပါဒမျှ မပါ။ သီးထပ်သီးညှပ်အကြောင်းနှင့် လွှတ်တော် ရွေးကောက်ပွဲ အကြောင်း ကိုသာ ဝေဖန်ဆွေးနွေးသည်။

ထိုနေ့နံနက် ကျောင်းသား စုဝေးပွဲသို့ သူ ဝင်သွားသောအခါ စူးစူးဝါးဝါး အော်ဟစ်ဆူပူသံများကို ကြားရသည်။ ဆူပူအော်ဟစ်သူများမှာ လူနည်းစု ဖြစ်သော်လည်း အမှုမထား၍ မဖြစ်လောက်အောင် ကျယ်လောင်သည်။ ညနေ ၄ နာရီ ခရော်နီကယ် သတင်းစာထွက်လာသောအခါ ကျောင်းသားထုက ကောလိပ် ဥက္ကဋ္ဌ ဝက်စ်ကို သရော်ကြောင်း၊ လှောင်ကြောင်း၊ စာလုံးမဲကြီးဖြင့် ခေါင်းတပ်လျက် သတင်းဖော်ပြသည်။ ခေါင်းကြီးပိုင်းကလည်း မြို့လူထုထောက်ပံ့ထားသည့် ကောလိပ်တွင် ဤသို့ ကသောင်းကနင်း ဖြစ်နေသည်ကို ဥပေက္ခာ ရှုထားမည်လောဟု ပယ်ပယ်နယ်နယ် ဝေဖန်ရေးသားလိုက်သည်။

ညပိုင်း ကလပ်သို့ရောက်သောအခါ သူမိတ်ဆွေအားလုံးက ဤပြဿနာကို အချီအချ ဆွေးနွေးကြသည်။ အားလုံးက သူမှားသည်ဟု ယူဆကြ၏။ ကျောင်းထုတ်စား ထုတ်လျှင် တရားခံ ဖော်သူရော မဖော်သူပါ ထုတ်သင့်သည်။ အကောင်းဆုံးမှာ လုံးဝ ကျောင်းမထုတ်ခြင်း ဖြစ်သည်ဟု ထင်မြင်ချက်ပေးကြလေသည်။

တညလုံး သူ အိပ်မပျော်။ ကျောင်းထုတ်ပစ်တာ မှန်ရဲ့လား။ ဆန္ဒစွဲဖြင့် ကျောင်းထုတ်ပစ်မိသလား။ သူသည် တွေးတော့ တမျိုး၊ လုပ်တော့ တမျိုး လူစားလား။ သံသယများသည် သူ့အား အိပ်ရာထဲ၌ တလူးလူး တလွန့်လွန့် ဖြစ်စေသည်။

နောက်တနေ့တွင် ဆုံးဖြတ်ချက် အသစ်ဖြင့် သူ အိပ်ရာမှ ထသည်။ ကျောင်းထုတ်ထားသူကို ပြန်လည် လက်ခံမည်။ လူသိရှင်ကြား ဖြစ်ရသည်နှင့်ပင် ထိုကျောင်းသားအဖို့ နောင်ကြဉ်လောက်ပြီ။ အခြားအလားတူ ကျောင်းသားများလည်း သတိတရားရလောက်ပြီ။ ဤဖြေရှင်းနည်းသည် လွယ်လွန်းရှင်းလွန်း၍ စောစောက မစဉ်းစားမိခဲ့သည်ကိုပင် အံ့သြနေမိသေး၏။

အချိန်မသင့်စေတော့ဘဲ ကျောင်းထုတ်ခံ ကျောင်းသား၏ ဖခင်ထံ လူလွှတ်၍ အကြောင်းကြားစာပို့သည်။ ကျောင်းသား၏ဖခင်က စာကို ထက်ပိုင်းဆုတ်ပြီး ထိုစာပို့သူနှင့်ပင် ဝက်စ်ထံပြန်ပေးလိုက်သည်။ ထို့နောက် သူလုပ်ပုံကို ခရော်နီကယ်သတင်းစာသို့ သတင်းပို့သည်။

ခရော်နီကယ်က အထုတ်ခံကျောင်းသားဖခင်၏ ပြောကြားချက်ကို ငါးကော်လံခေါင်းဖြင့် ဖော်ပြသည်။ ကျောင်းသားဖခင်က သူ့သားကို ကျောက်ခဲထု စားချင်စားရပါစေ။ လက်ရှိ အုပ်ချုပ်မှုအောက်မှ ဘလိန်းကောလိပ်တွင်မူ ကျောင်းမထားလိုပါဟု တောက်တောက်ခါးခါး ပြောကြားလိုက်သည်။

သတင်းစာ ခေါင်းကြီးပိုင်းကလည်း ဝက်စ်၏စာသည် ယောကျ်ားပီသစွာ ပြန်လည်ရုပ်သိမ်းခြင်း၊ ဝန်ခံခြင်း တည်းဟူသော သိက္ခာကိုမျှ ထိန်းရကောင်းမှန်း မသိသောအမှား ဝန်ခံချက်ဖြစ်ကြောင်းဖြင့် ရေးသားပြီး "ဝက်စ် နှပ်ပစ်ခံရခြင်း" ဟူ၍ ခေါင်းစဉ်တပ်လိုက်သည်။

ခရော်နီကယ်၏ ဦးဆောင်မှုကို ခံယူသော ပြည်နယ်သတင်းစာ အများအပြားကလည်း သံယောင်လိုက်၍ ရေးကြသည်။ ရီပတ်ဘလစ်ကန် ပါတီဝင်များကလည်း အမြတ်ဝင်ထုတ်ကြသည်။ တဖြည်းဖြည်းနှင့် အရေးအခင်းကြီး တရပ်ဖြစ်လာသည်။

ထိုနေ့ နေ့လယ်ပိုင်းတွင် ပို့စ်သတင်းစာသို့ ဝက်စ် ရောက်သွားသည်။ ဗိုလ်မှူးကြီးကောင်း မကျန်းမမာဖြစ်နေ၍ ကွိုက ခေတ္တအယ်ဒီတာလုပ်ပြီး ခေါင်းကြီးများကို တာဝန်ယူရေးနေသည်။

"ခင်ဗျားသတင်းစာကို ကျွန်တော်နေ့တိုင်း ဖတ်နေပါတယ်" ဝက်စ်က ပြောသည်။ "မြောက်ပြောတာ မဟုတ်ပါဘူး။ ခင်ဗျားလုပ်တာ ကိုင်တာ ကျွန်တော် အံ့တောင် အံ့သြတယ်။ ပို့စ်သတင်းစာရဲ့ အစဉ်အလာကို အဟုတ် ထိန်းနိုင်ပါပေတယ်။ ခင်ဗျား အသက်အရွယ်နဲ့ဆိုရင် တကယ့် စွမ်းဆောင်ချက် တခုပါဗျာ"

ကွိုသည် ချီးကျူးစကားကြောင့် ကျေနပ်သွားသော်လည်း ချက်ချင်း စကားလမ်းကြောင်း ပြောင်းပစ်လိုက်သည်။ ဝက်စ်လုပ်ငန်းကိုင်ငန်း ဖြောင့်ဖြူး လိမ့်မည်ဟု မြော်လင့်ကြောင်း အလွှာပ သလွှာပ ပြောသည်။

ဝက်စ်က စိတ်ရ လက်ရ ရယ်လိုက်ပြီး

"မဖြောင့်ပါဘူးဗျာ။ ခင်ဗျားတို့ မိတ်ဆွေကြီး ညနေ သတင်းစာက ကျွန်တော့်ကို ဝိုင်းတွယ်နေတာ ခင်ဗျားလဲ တွေ့နေသားပဲ။ ဒါထက် ပို့စ်ကလဲ ဘာမှ မရေးပါလားဗျ" ဟု စိတ်ကောင်း သဘောကောင်းနှင့် မေးသည်။

"ဟုတ်ကဲ့မရေးဘူး" ကွိုက တလုံးချင်းပြောသည်။ ခဏတုံ့ဆိုင်းနေပြီးမှ "ခင်ဗျား စိတ်ကြိုက်တွေ့အောင်လဲ ကျွန်တော်မရေးနိုင်ဘူး။ ဒါကြောင့် ဘာမှ မရေးဘဲ နေတာ"

ဝက်စ်က လန့်ဖျပ်သွားသလို လက်နှစ်ဖက်ကို မြှောက်ကာ "လာပြန်ပြီ တယောက်။ ချကြပါဗျာ။ ကျွန်တော့်မှာ မိတ်ဆွေကို မရှိတော့ဘူး" ဟု ညည်းသည်။

ကွိုက ပြုံးနေလိုက်သည်။

"ကျွန်တော်လဲဗျာ၊ ခင်ဗျားတို့ သတင်းစာက အဲဒီနေ့က ကြုံးဝါးတဲ့အတိုင်း မတတ်တတတ်နဲ့ လိုက်လုပ်မိတာပါ"

"ကျွန်တော်လဲ စိတ်မကောင်းပါဘူးဗျာ" ကွိုက ပြောသည်။

"ဒီလောက်အထိလဲ ဖြစ်လာလိမ့်မယ် မထင်ခဲ့ဘူး။ ကျွန်တော်ကလဲ ကိုယ့်နယ်သတင်းကို အသားပေးရေးရမယ်ဆိုတဲ့ ဗိုလ်မှူးကြီးရဲ့ ဩဝါဒအတိုင်း လုပ်လိုက်တာပဲ"

ဝက်စ်က ရယ်ရယ်မောမောနှင့် ပြန်ရန် ထလိုက်ပြီးမှ

"ဗိုလ်မှူးကြီး မရှိတော့ ခင်ဗျားလဲ အလုပ်အတော်ပိမှာပဲ။ ခေါင်းကြီးတွေ တနေ့ သုံးကော်လံ ရေးနေရတာ ခင်ဗျား ဘယ်လိုများ နိုင်အောင် လုပ်နေသလဲ"

"မနက် ရှစ်နာရီကတည်းက စလုပ်တာပဲ"

"ဘယ်အချိန်မှ ပြန်ရသလဲ"

"သတင်းစာ စက်ပေါ် တင်ပီးမှပဲပေါ့ဗျာ"

"ဒီအတိုင်းဆို ခင်ဗျား လဲလိမ့်မယ်ဗျို့။ ကျွန်တော် ကူမယ်လေ။ ခု ရေးပေးမယ်လေဗျာ"

ဝက်စ်၏ ဆောင်းပါးများကို ဗိုလ်မှူးကြီးကောင်း ကိုယ်တိုင် လိုလိုလားလား လက်ခံလေ့ရှိသည်ကို ကွို အမှတ်ရကာ

"ဝမ်းသာပါတယ်။ ရေးပေါ့" ဟု ဖိတ်ခေါ်လိုက်သည်။

ဝက်စ်သည် ခဏစဉ်းစားပြီး နာရီဝက်ခန့် ဆောင်းပါး ထိုင်ရေးသည်။

"အဲဒီမှာ ကောလိပ်အကြောင်း ဖြည့်စာကလေးပေါ့ဗျာ။ ကျွန်တော် ချိန်းထားတာရှိနေလို့ သွားလိုက်ဦးမယ်။ နက်ဖြန်လဲလာခဲ့ဦးမယ်။ ကိစ္စရှိရင်လဲ ညကျ တယ်လီဖုန်းဆက်ပေါ့ဗျာ။ ကူညီခွင့်ရတာ ကျေးဇူးပါပဲ"

ကွိက သူ့ဆောင်းပါးကို ဂရုတစိုက် ဖတ်ကြည့်သည်။ ကောလိပ်အရေးအခင်းကို ပိုင်ပိုင်နိုင်နိုင် ကာကွယ်ရေးသားထား၏။

ကွိသည် အတော်ကြာကြာ အတွေးနယ်ချဲ့နေသည်။ သူသည် ယခင်ကကဲ့သို့ အရာရာ ငါသိ ငါတတ် မဟုတ်တော့။ ဝက်စ်၏ အာဘော်သည် ခိုင်လုံ၏။ ထို့ပြင် ဝက်စ်သည် ပို့စ်သတင်းစာ၏ ပိုင်ရှင်တစ်ဦး၊ ဒါရိုက်တာ တဦးလည်းဖြစ်၏။ သို့သော် သူ့ဆောင်းပါးကို ကွို လက်မခံနိုင်။

ဂိုဏ်းဟောင်း သတင်းစာဆရာကြီး ဗိုလ်မှူးကြီးကောင်း၏ လက်ကတုံး တောင်ဝှေး တရားသေကလေးတခု ရှိသည်။ ကွိကလည်း တရားသေကလေးကို ကျင့်သုံးသည်။ ထိုတရားသေကလေးမှာ သတင်းစာ အာဘော် ကော်လံတွင် ဖော်ပြသမျှ ခေါင်းကြီး၊ ဆောင်းပါး၊ အယူအဆများအတွက် အယ်ဒီတာက တာဝန်ခံရမည်။ ထိုကော်လံကို အစဉ်သဖြင့် စင်ကြယ်သန့်ရှင်းနေစေရန်အတွက် အယ်ဒီတာ၏ ကိုယ်ပိုင်ယူဆချက်များအား စစ်မှန်စွာ ထင်ဟပ်သည့် စာကိုသာ ထည့်သွင်းဖော်ပြရမည် ဟူသတည်း။

ထို့ကြောင့်လည်း ဗိုလ်မှူးကြီးကောင်းသည် ဒါရိုက်တာများက ရေးပေးသော ခေါင်းကြီးများ၊ ဆောင်းပါး များကို ကြိမ်ဖန်များစွာ ပြောင်ပြောင်တင်းတင်း ငြင်းပယ်ခဲ့ခြင်းဖြစ်သည်။ ထိုငြင်းပယ်ချက်များနှင့်အတူ သူ့နှုတ်ထွက်စာကို တပါတည်း ပူးတွဲပေးပို့လေ့ရှိသည်။

လတ်တလေအချိန်တွင် ကွိသည် ဗိုလ်မှူးကြီးကောင်းကိုယ်စား အယ်ဒီတာ တာဝန်ထမ်းနေရသည်။ လွန်ခဲ့သည့်လေးရက်ကပင် ဗိုလ်မှူးကြီးကောင်းက သူ့ကို တယ်လီဖုန်းဆက်၍ ဒွိဟ ဖြစ်သည့် ကိစ္စများကိုသာ သူ့ထံ သို့မဟုတ် ဒါရိုက်တာများထံ မေးမြန်းရမည်။ ကိုယ့်ခြေထောက်ပေါ် ကိုယ် မြဲမြဲ မြံမြံ ရပ်ပြီး လုပ်ကိုင် သွားရမည်ဟု မှာထားခဲ့သည်။

ကွို၏ သိပ္ပံပညာရှင်ရင်ထဲတွင် အစွဲအလမ်းရှိသည်ဆိုလျှင် ထိုအစွဲအလမ်းသည် မတွန့်မဆုတ်သော အမှန်တရားအတွက်သာ ဖြစ်သည်။ ယခု အရေးအခင်းတွင် ပို့စ်သတင်းစာက ရေငုံနှုတ်ပိတ် လုပ်နေရသည့် အတွက်ပင် သူ၏ အမှန်တရားစိတ်ကို ညစ်နွမ်းပန်းလျစေလှပြီ။ ရိုးသားဖြောင့်မတ်သော သတင်းစာ ဟူသည် ကိုယ့်ပတ်ဝန်းကျင်မှ ပြဿနာတခုအပေါ်တွင် ထင်မြင်ဝေဖန်ချက်ပေးသင့်သည်ဟု သူ့လိပ်ပြာက စေ့ဆော် နေသည်။

ယခု ဝက်စ်၏ ဆောင်းပါးကို အာဘော်ကော်လံအဖြစ် ဖော်ပြရမည်ဆိုလျှင် သူ၏ အမှန်တရားစိတ်ကို ပြိုကွဲ ပျက်ယွင်းစေတော့မည်။ မိမိမှ လွဲ၍ တခြား တပါးသူတို့ သိသည်ဖြစ်စေ။ မသိသည်ဖြစ်စေ။ ပို့စ် အယ်ဒီတာသည် မိမိသဘောမတူသော ဝက်စ်၏ အယူအဆကို လက်ခံသည်ဟူ၍ ဆိုရာရောက်စေပေတော့မည်။

ည ၈ နာရီတွင် ဝက်စ်ထံတွင် တယ်လီဖုန်းဆက်၍ " မစ္စတာဝက်စ်၊ ခင်ဗျားဆောင်းပါးကို ကျွန်တော် မထည့်နိုင်ပါဘူး။ ဝမ်းနည်းပါတယ်"

"အလို ရန်သူဆိုတာ ကိုယ့်မိသားစုထဲမှာ ရှိတယ်ဆိုတာ ဒါမျိုးပါလား။ ဘာဖြစ်လို့လဲ အယ်ဒီတာကြီးရဲ့"

ကွိက သူ့သဘောထားကို ရှင်းပြသည်။

"ကျေနပ်စရာမရှိဘူးလို့ ယူဆရင် ကျွန်တော့်နုတ်ထွက်စာကို အခုတခါတည်း တင်ပါတယ်။ သတင်းစာကို ခင်ဗျားပဲ ခုချက်ချင်း လာကိုင်ပါတော့"

"ကိစ္စမရှိပါဘူးလေ။ အမှိုက်ခြင်းထဲသာ ထည့်လိုက်ပါတော့။ တခုမေးပါရစေ။ ခရော်နီကယ် သတင်းစာက ရေးနေတာတွေ ခင်ဗျား သဘောတူသလား"

"မတူဘူး"

"ဒါဖြင့် ခင်ဗျား သဘောမတူတာ နက်ဖြန်ခါကျ မဖော်ပြတော့ဘူးလား"

"ဒါတော့ ကျွန်တော် လုပ်နိုင်တာပေါ့"

နောက်တနေ့ထုတ် သတင်းစာအတွက် ကို ခေါင်းကြီးရေးသည်။ သတင်းစာ ရောင်းကောင်းစေရုံ သက်သက်မျှဖြင့် လူတန်းစားမုန်းတီးရေးကို လှုံဆော်ရန် မသင့်ကြောင်း ဝေဖန်သည်။ ခရော်နီကယ် သတင်းစာက ပို့စ်သည် ဝက်စ်ဘက်မှဝင်၍ မိုးကြိုးပစ်ရာ ထန်းလက်ကာသည်။ ဝက်စ်၏ လက်ကိုင်တုတ် သတင်းစာကပင် သူတို့ အချစ်တော်ကလေးကို ဝုံဝုံစားစား မထောက်ခံနိုင်သည်မှာ အံ့သြစရာမရှိ။ ခရော်နီကယ်၏ မကြောက်တမ်း မရွံ့တမ်း ဖွင့်ချမှုကြောင့် လူထုကြီးက ဒေါသအိုးပေါက်ကွဲနေပြီ ဖြစ်သည် စသဖြင့် တုံ့ပြန်တိုက်ခိုက်လေသည်။

ဝက်စ်သည် အပြုံးမပျက် စိတ်ချုပ်တည်းနိုင်သည်။ ရှာလီဝေလင်က သူ့ကို အပြည့်အဝ ထောက်ခံသည်။ သူလုပ်သမျှ မှန်သည်ဟု ယုံသည်။ သို့သော် မစ္စအေဗာရီ၏ စကားကို ဝက်စ် နားပိုဝင်သည်။

"သူတို့က ရှင့်ကို အကောင်းထင်တာမဟုတ်ဘူးရှင့်။ ဒီလိုဖြစ်ရတာ နယ်သစ် ပယ်သစ်ရှာချင်တဲ့ ရှင့်မှာလဲ တာဝန်ရှိတယ်။ ရှင့်မိတ်ဆွေတွေမှာလဲ တာဝန်ရှိတယ်"

စနေနေ့တွင် ကောလိပ်ဂေါပကအဖွဲ့အစည်းအဝေးကျင်းပသည်။ ခရော်နီကယ် သတင်းစာကမူ မှန်မှန်ကြီး တိုက်ခိုက် ရေးသားလျက်ရှိသည်။ ထိုနေ့ထုတ် သတင်းစာတွင် "ကောလိပ်ဥက္ကဋ္ဌ အလိုရှိသည်။ လူတန်းစား ဥက္ကဋ္ဌ အလိုမရှိ" ဟူသော ခေါင်းစဉ်ဖြင့် ခေါင်းကြီးရေးပြီး ကောလိပ် အုပ်ချုပ်ရေးသစ် ပြောင်းလဲသင့်ပြီ ဖြစ်ကြောင်း ဂေါပကအဖွဲ့ကို ပွင့်လင်းစွာ တိုက်တွန်းသည်။ ဂေါပကအဖွဲ့ဝင်အချို့က အူယားဖားယား လိုလိုလားလား လက်ခံမည့် တိုက်တွန်းချက်ပင်ဖြစ်တော့သည်။

မစ္စတာဝင်းတားက ဝက်စ် တာဝန်ထမ်းဆောင်ခြင်းမှ ခေတ္တရပ်နားနေရန် အစည်းအဝေးတွင် အဆိုတင်သွင်းသည်။ ဝက်စ်က ငြင်းသည်။

ဥက္ကဋ္ဌအား မှိုချိုး မျှစ်ချိုး ပယ်ပယ်နယ်နယ် ဝေဖန်တိုက်ခိုက်မှုများ ပြုလုပ်သည့် ဝင်းတားက ဥက္ကဋ္ဌကြီး တာဝန်ဆက်လက်ယူခြင်းသည် ဘလိန်းကောလိပ်၏ အကျိုးစီးပွားကို ဆန့်ကျင်ကြောင်း အဆိုတင်သည်။ ၉ မဲ ၃ မဲ ဖြင့် အဆိုရှုံးသွားသော်လည်း ဝက်စ်အဖို့ ထို အစည်းအဝေးသည် သူ့တသက်တာတွင် စိတ်မချမ်းမြေ့ဖွယ် အကောင်းဆုံးဖြစ်ရပ်တခုအဖြစ် အမှတ်ထင်ထင် စွဲကျန်ရစ်တော့သည်။ ဝက်စ်သည် အစည်းအဝေးမှ စိတ်ဆိုး မာန်ဆိုး စိတ်ပျက်လက်ပျက် ထွက်လာခဲ့လေ၏။

ဝက်စ်သည် သူကိုယ်သူ အနိုပ်ကွပ်ခံ မျိုးချစ်တယောက်အဖြစ် မြင်သည်။ ကောလိပ်ဥက္ကဋ္ဌ ရာထူးကို လက်ခံခဲ့သည့်အတွက် တနှစ်ဝင်ငွေ ဒေါ်လာ ငါးထောင် လက်လွတ်ခဲ့ရသည်။ ယခု ဤအဖြစ်မျိုးဖြင့် ကျေးဇူး ဆပ်ခံရသည်။

သူရုံးခန်းတွင် ထိုင်ကာ သူ့ဘဝကံအကြောင်း မလှပုံများ အတွေးနယ်ချဲ့နေစဉ် ဧည့်သည်တစ်ယောက် ဝင်လာသည်။ မြို့တော် နိုင်ငံရေးလောက၏ နာမည်ကျော် ထိပ်သီး ပလိုနီနီးဖြစ်၏။ ဝက်စ်၏ အကြံပေး ချက်ဖြင့် ပို့စ်သတင်းစာက ခေါင်းကြီးတခုတွင် သူ့ကို 'သတင်းပုပ်သော အဂတိဝိဇ္ဇာ' ဟု ကင်ပွန်းတပ်ခဲ့ဖူးသည်။

နီးက သူ့ကို မဖွယ်မရာ ရေးသည်ဟု ယူဆခဲ့သည်။ သို့သော် နီးသည် ရန်ငြိုးတစ်ခုကို ထပ်တွန်းအတိုးဖြင့် မဆပ်နိုင်သေးသရွေ့ မေ့ပျောက်ထားနိုင်သူဖြစ်သည်။

ဂျိမ်းအီးဝင်းတားကို ဘလိန်းကောလိပ် ဂေါပကအဖွဲ့မှ ဖြုတ်ပစ်ရန် အလွန်လွယ်ကြောင်း ပြောရန် လာလည်ခြင်းဖြစ်သည်ဟု နီးက ဆိုသည်။ ထိုကိစ္စကို ပြောကြဆိုကြပြီးနောက် ဝက်စ်က အခြားကိစ္စတခုကို စကားစပ်ပြောသည်။

"ခရော်နီကယ် သတင်းစာက ခင်ဗျား ခြေထောက်တွေ အငှားသုံးပြီး ကျွန်တော့်ကို ခုန်အုပ်နေတာ တွေ့တယ် မဟုတ်လား" ဝက်စ်က မရယ်ချင့် ရယ်ချင် ရယ်၍ ပြောသည်။ "ဒီလူတွေ ဘာကြောင့် သဲကြီး မဲကြီး လုပ်နေရတာလဲဗျာ။ ပြီးတာလဲ ပြီးပါစေတော့လား"

"ဒီလူတွေကို ဘယ်သူမှ အရေးမစိုက်ပါဘူးဗျာ။ ဆယ်ဒေါ်လာ လက်ငင်းနဲ့ ဒေါ်လာတရာပေးမယ်ဆိုရင် နှုတ်ပိတ်လို့ ရပါတယ်။ ဒေါ်လာအစိတ် လက်ငင်းနဲ့ ဒေါ်လာနှစ်ရာပေးရင် ခင်ဗျားအကြောင်း တပတ်သုံးခါ ဘုန်းတော်ဘွဲ့ ရေးခိုင်းလို့ ရပါတယ်။ ကျွန်တော် သူတို့သတင်းစာကို ပရိဘောဂတွေပို့ရင် ထုပ်လို့ ပယ်လို့ ကောင်းတာနဲ့ ဝယ်နေတာပါ"

နီးသည် ခရော်နီကယ် တစောင်တည်းသာ မှန်မှန်ဝယ်ဖတ်သူဖြစ်သည်။ သို့သော် ထိုသတင်းစာကို ကွယ်ရာ၌ စကားတင်းဆိုရန် ဝန်မလေး။

"ဒီကိစ္စ ကျုပ်ဝင်မရှုပ်ချင်ပါဘူးဗျာ။ မိတ်ဆွေ တယောက်အဖြစ်နဲ့ ပြောရရင် ခင်ဗျား ဘာဖြစ်လို့ ဒီကလေး ကစားစရာ ကိစ္စတွေနဲ့ ခေါင်းရှုပ်ခံနေရတာလဲ"

"ဘာ ကလေးကစားစရာလဲဗျ"

"ဒီကောလိပ်ကိစ္စပေါ့။ ခင်ဗျား အဲဒီမှာ ဗိုလ်မဟုတ်ဘူးဗျ။ တနှစ်နေလို့ အတွေးသစ်တခု မပေါ်တဲ့ သမရိုးကျသမားတွေက ခင်ဗျားခေါင်းပေါ် ခွစီးနေတာ။ ဒီမသာကောင်တွေနဲ့တော့ **ဂဘရီရယ်** ဆင်းလာလဲ အလုပ်ဖြစ်မှာ မဟုတ်ဘူး။ ဘာဖြစ်လို့ အဲဒီ ကျစ်စာကျင်းထဲက ထွက်ပြီး တန်းမစီချင်ရတာလဲဗျာ"

ဂဘရီရယ်။ ။ ခရစ်ယာန် ဘာသာထာဝရဘုရား၏ အကြီးမြင့်ဆုံး တမန်တော် "ကောင်းကင်တမန်က ငါသည် ဘုရားသခင် ထံတော်၌ ခစားသော ဂါဗြေလ ဖြစ်၏"

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

"တန်းစီရမယ် ဟုတ်လား"

"ခင်ဗျား အဲဒီမှာ အရိုးဆွေးမှာပဲ။ အခု ခင်ဗျားက လမ်းပေါ် လျှောက်အော်နေတဲ့ သတင်းစာ ကိစ္စကို ပြောနေတယ်။ ကိုယ်ပိုင်သတင်းစာနဲ့ ကိုယ်ပိုင်စိတ်ကူးတွေ ဖော်ထုတ်ပြီး လောက်လောက်လားလား လုပ်ငန်းတွေကို အောင်အောင်မြင်မြင် လုပ်နိုင်မယ့် ကိစ္စကျတော့ ဘာဖြစ်လို့ မလုပ်သလဲ"

"ပို့စ်ကို ပြောတာလား"

"ပို့စ်သတင်းစာ အယ်ဒီတာက တန်းစီနိုင်တယ်။ ဘလိန်း အထက်တန်းကျောင်း ဥက္ကဋ္ဌက တန်းမစီနိုင်ဘူးပေါ့ဗျ"

"ပလိုနီ၊ တန်းစီတယ်ဆိုတာ ခင်ဗျား ဘာကို ဆိုလိုတာလဲ"

"ဒီလိုပြောလဲ ဖြစ်တာပဲ။ ဟိုလိုပြောလဲ ဖြစ်တာပဲပေါ့ဗျာ။ ခင်ဗျားနိုင်ငံရေးများ တခါမှ စိတ်ကူးထဲ မထည့်ဘူးလား"

"ယေဘူယျ သဘောလောက်တော့ စိတ်ကူးဖူးတာပေါ့ဗျာ"

မစ္စတာနီးက တံခါးဝရောက်မှ

"ထပ်စဉ်းစားဦးပေါ့ဗျာ။ နိုင်ငံရေးရုံခါချိန်တော့ နီးနေပြီထင်တာပဲ။ လူတွေက နိုင်ငံရေးမှာ ကျုပ်ကို သြဇာရှိတယ်လို့ ထင်ကြတယ်။ တကယ်တော့ မဟုတ်ပါဘူး။ လူတွေပေးတဲ့ မဲဆန္ဒထက် ပိုပြီးတော့ သြဇာမရှိပါဘူး။ လူတွေက လက်ရှိငနဲတွေကိုတော့ ငြီးငွေ့နေတာ အမှန်ပဲ။ တိုးတက်တဲ့ လူငယ် လူသစ်တွေကို အာဏာအပ်တော့မယ် ထင်တာပဲ"

ဘလိန်းကောလိပ် ဥက္ကဋ္ဌကလေးသည် ပျော်မြူးကျန်ခဲ့သည်။ ပလိုနီနီး၏ စကားသည် ဒါထက် ပို၍ မပြတ်သားနိုင်။ တန်းစီလျှင် ရာထူးကြီးပေးမည်ဟု သူ့ကို လေသံပစ်သွားခြင်းဖြစ်သည်။ မြို့တော်ဝန် ရာထူးကို ပြောချင်တာဖြစ်မည်။ မြို့တော်ဝန်ရာထူးမှ တဆင့် နောက်လေးနှစ်ကြာလျှင် ပြည်နယ်ဘုရင်ခံ ဖြစ်နိုင်သည်။ ဝက်စ် အတွေးစျာန် ဝင်စားနေသည်။ လက်ရှိရာထူးကို လက်ခံမိသည့်အတွက် သူ့ကိုယ်သူ အံ့သြမိသည်။ ဤရာထူးသည် ဘောင်ကျဉ်းလွန်းသည်။ အခွင့်အလမ်း ကန့်သတ်လွန်းသည်။ ဒေသစိတ်ကြီးလွန်းသည်။ ပုံပန်းပျက်လွန်းသည်။ ကောလိပ် ဥက္ကဋ္ဌ လုပ်နေသမျှ ကာလပတ်လုံး သူ အညတရသာ ဖြစ်နေလိမ့်မည်။ စက်ဆုပ်စရာ ကောင်းသော ဂေါပကအဖွဲ့မှ တဇောက်ကန်းများ လက်လှမ်းမမှီသော ကောလိပ် ပရဝုဏ်ပြင်ပမှ ပြည်သူတို့က သူ့ကို စင်တော်ကောက်နေပြီ။ သူသည် သန့်ရှင်းသော သြဇာကြီးသော။ အကြောက်တရား ကင်းသော ပြည်သူ့ဝန်ထမ်း အမျိုးအစားသစ် ဖြစ်လာနိုင်သည်။ စိတ်ပျက် အားငယ်နေသော ပြည်သူတို့အား သန့်ရှင်းသော နိုင်ငံရေးလောကသို့ ဦးဆောင်လမ်းပြမည့် **မိုးဇက်** ဖြစ်လာနိုင်သည်။

မိုးဇက်။ ။ ထာဝရဘုရား၏ မိန့်ကြားချက်အရ ရှေးခေတ်ဟောင်း အစွဲရေးလူမျိုးတို့အား အီဂျစ်ပြည်သူမှ ရှေ့ဆောင်ကယ်ဆယ်ပြီး ထာဝရဘုရားက ပေးမည်ဟု ကတိပြုထားသော နိုင်ငံသို့ ပို့ဆောင်ပေးသူ။ သမ္မာကျမ်းစာ ထွက်မြောက်ရာကျမ်းတွင် မောရှေဟူ၍ ၎င်း၊ ကွသရေလလူမျိုးဟူ၍ရင်း၊ အဲဂုတ္တုပြည်ဟု ၎င်း၊ ပေးမည်ဟု ကျိန်ဆိုသော ပြည်ဟူ၍ရင်း ရေးသည်။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

သူ့စိတ်အာရုံတွင် မြက်ခင်းဖြူကြီးများ ပေါ်လာပြန်သည်။ ယခုတကြိမ်တွင် သူ ဂန္ဓဝင်စာပေအကြောင်း မဟော။ နိုင်ငံရေး ကလိန်ခြုံများအကြောင်းကို ဖွင့်ချပြီး ဟောပြောနေလေ၏။

ဝက်စ်ခေါင်းထဲ၌ ဤအတွေးမြင်မပြတ်မီ ဂျွန်လ ၁ ရက် ည ၁၁ နာရီတွင် ဗိုလ်မှူးကြီးကောင်းသည် ရေချိုးခန်းထဲ၌ လဲကျ သေဆုံးသွားသည်။ ပို့စ်သတင်းစာကို အယ်ဒီတာ မရှိဘဲ ထားရစ်ခဲ့လေသည်။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

(၁၉)

ဗိုလ်မှူးကြီးကောင်း၏ နာရေးသတင်းကို ဖတ်ရသူတိုင်း၏ စိတ်ထဲတွင် သူ့ခမျာ **ရီယူနီယန်** နဲ့ လွဲရှာတယ် ဟူသော အတွေးပေါ်မိ၏။

ရက်များ မကြာမီအတွင်း ပြိုကွဲသွားသော စစ်တပ်များမှ စစ်ပြန်များ၏ နှစ်စဉ် ပြန်လည် တွေ့ဆုံပွဲကို မြို့တော်တွင် ကျင်းပတော့မည်ဖြစ်၏။

ဗိုလ်မှူးကြီးကောင်းသည် နှစ်ပေါင်း ၃၀ အတွင်း ထိုပွဲများကို တကြိမ်မျှ မလွတ်တမ်း ပါဝင်ဆင်နွှဲခဲ့၏။ မြို့လူထုသည် စစ်သားဟောင်းကြီးကို ကောင်းမွန်စွာ သဂြိုလ်ကြသည်။ မျက်ရည်ကျကြသည်။ သူ့လက်ထောက်

အယ်ဒီတာသည် သူတန်ဖိုးထားသော အကြံပေးပုဂ္ဂိုလ်တဦး၊ မိတ်ဆွေ တဦး ဆုံးရှုံးရလေခြင်း ဟူသော စိတ်ဖြင့် သချိုင်းမှ အိမ်သို့ ပြန်လာခဲ့၏။

သူပြန်လာသောအိမ်မှာ မစ္စက်ပိန်တာ၏ အိမ်မှ ပိဋကတ်ခန်းကလေး မဟုတ်။ မြို့စားကြီး ဂလောက်စက် စတာလမ်းပေါ်ရှိ အိမ်ကောင်းကလေးတလုံး ဖြစ်၏။ အကြောင်းမူ ပါမောက္ခနီကိုလိုဗီးယပ်သည် သူကြိုတင် ကြံရွယ်ထားခဲ့သည့်အတိုင်း မေလဆန်းတွင် အိမ်ပြောင်းထားခဲ့ပြီး ကွိလည်း သူနှင့်အတူ လိုက်ပြောင်း လာခဲ့ခြင်း ကြောင့် ဖြစ်သည်။

ရီယူနီယန်။ ။ အမေရိကန် ပြည်တွင်းစစ်တွင် တောင်ပိုင်းပြည်နယ်စု တပ်များဘက်က ဝင်ရောက် တိုက်ခိုက်ခဲ့ကြသည့် စစ်ပြန်များ၏ ပြန်လည် တွေ့ဆုံပွဲ စစ်ရေးပြအခမ်းအနား။

Commercial use of this book will be at your OWN RISK !

http://myanmarcupid.net

ညနေ ၆ နာရီခွဲအချိန်ဖြစ်၏။ ကွိသည် အိမ်တံခါးကို သူ့ကိုယ်ပိုင်သော့ဖြင့် ဖွင့်ကာ အပေါ်ထပ်သို့ တက်လာသည်။ နီကိုလိုဗီးယပ်သည် ဧည့်ခန်းပြတင်းပေါက်အနီးတွင် ဆေးလိပ်ထိုင်သောက်ရင်း စာဖတ်နေသည်။

"ပြန်လာပီကိုး။ ခါတိုင်းထက် နောက်ကျပါလားလို့ ကျုပ်တွေးနေတာ"

"ဗိုလ်မှူးကြီးကောင်း အသုဘ လိုက်ပို့နေလို့ပါ။ လူတော်တော် စည်တယ်ဗျာ"

"အော်"

ကွိသည် ကုလားထိုင် တလုံးပေါ်တွင် ထိုင်ချလိုက်သည်။ ဤအိမ်အသစ်တွင် သူနေရေးထိုင်ရေး အလွန်သက်တောင့်သက်သာရှိသည်။ တပတ်လျှင် ခုနှစ်ဒေါ်လာခွဲသာ ငွေထည့်ရ၍ သက်တောင့် သက်သာ ရှိလွန်းသည်ဟုပင် ဆိုရမလား မသိ။ နီကိုလိုဗီးယပ်သည် အိမ်ကို အစွမ်းကုန် မွမ်းမံပြုပြင်ထားသည်။

"တချို့လူတွေဆိုရင် ဘုရားရှိခိုးကျောင်းထဲကိုတောင် မဝင်နိုင်လို့ အပြင်မှာ ရပ်နေကြရတယ်"

"သူ့အတွေးအခေါ်နဲ့ သူတော့ လူတော် တယောက်ပါပဲလေ" နီကိုလိုဗီးယပ်သည် ပြတင်းပေါက်ပြင်ပသို့ ငေးကြည့်ရင်း ပြောသည်။

"နီးနီးကပ်ကပ် သိလာမှ သူ့အတွေးအယူတွေဟာ အတော်မြင့်မားမှန်း သိရတယ်"

နီကိုလိုဗီးယပ်က ဆေးလိပ် ဆက်သောက်နေသည်။

နှစ်ယောက်စလုံး တိတ်ဆိတ်ခြင်းကို အရသာ ခံနေကြသည်။ ညစာစားဝိုင်းများတွင်လည်း သူတို့ ငြိမ်ငြိမ် စားလေ့ရှိသည်။ တခါတရံ စကားတလုံးတလေမျှပင် ဟဟမပြောမိကြ။

"သူ့နေရာ လူရွေးဖို့ ပို့စ် ဒါရိုက်တာတွေ ဘယ်တော့ စည်းဝေးကြမှာလဲ"

"မသိပါဘူး။ အမြန်ဆုံးတော့ လုပ်ကြမှာပေါ့"

"ခင်ဗျားကို ရွေးမှာသေချာတယ်လို့ပဲ ကျုပ်ထင်နေတယ်"

နီကိုလိုဗီးယပ်က ပြောသည်။

"မဖြစ်နိုင်ပါဘူး။ ကျွန်တော်ကတော့ ပေးရာတာဝန် ယူမှာပဲ"

ကွိက နာရီကြည့်ပြီး ထလိုက်သည်။

"ခဏလေးများ နားပါဦးလားဗျာ။ ကျုပ်နဲ့လဲ အဖော်အလှော် လုပ်ရတာပေါ့"

"ကျွန်တော့် စာအုပ်အတွက် တာဝန်က ရှိသေးလို့ပါ" ကွိက တုံ့ဆိုင်းဆိုင်း ဖြေသည်။

ကပ်လျက်ရှိ သူ့အိပ်ခန်းသို့ ဝင်သွားကာ တံခါးပိတ်လိုက်ပြီးမှ အဖိုးကြီးနှင့် စကားစမြည် ပြောရန် အချိန်ပို ပေးသင့်သည်ဟု သူတွေးမိ၏။

မြန်မာ့မျှားနတ်မောင်

တကိုယ်ကောင်းစိတ်ဖြင့် ကြည့်လျှင် သူ့အိမ်တွင်းရေး အစီအမံမှာ ဟန်ကျရှိလှသည်ဟု မဆိုနိုင်။ သက်တောင့်သက်သာ ပို၍ ရှိသော်လည်း သူ့အလုပ်က သက်တောင့်သက်သာ နေရေးထိုင်ရေးပေါ်၌သာ တည်သည်မဟုတ်။ မစ္စက်ပိန်တာအိမ်တွင် နေစဉ်က အိမ်စရိတ်ပေးရသလောက်ပင် ယခုပေးနေရသော်လည်း လွတ်လွတ်ကျွတ်ကျွတ် နေရချိန် နည်းလှသည်။ အဖိုးကြီးအပေါ် ကိုယ်ရေးကိုယ်တာ တာဝန်ရှိရမလိုလို ဖြစ်နေသည်မှာ စိတ်အနှောင့်အယှက် ဖြစ်စရာကောင်းသည်။

မစ္စတာပိန်တာအိမ်ရှိ ပိုင်ရှင်ကက်ခန်းလေးသို့ ပြန်ပြေးချင်စိတ်ပေါ်နေကြောင်း သူကိုယ်သူ သိ၏။ ကမ္ဘာပေါ်တွင် အလွတ်လပ်ဆုံး လူသည် ယခုမလွတ်လပ်တော့။ ပါမောက္ခကြီးကို သူ အိမ်ပြောင်းတော့မည်ဟု ပြောရန် ခက်သည်။ အဖိုးကြီးက ငိုကြီးချက်မ လုပ်ချင်လုပ်မည်။ ဒေါသဖြစ်စရာ ကောင်းဆုံးမှာ နီကိုလိုဗီးယားသည် သူ့လိုပင် တကောင်ကြွက် ဖြစ်သော်လည်း တကိုယ်ရေ တကာယထဲနေရခြင်းကို မကျေမနပ် ဖြစ်နေရုံမက သူ့ကို မှီခိုအားထားနေခြင်းပင်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ၊ ဤအိမ်တွင် သူကျေနပ်သည်။ သူ့စာအုပ်အလွန်တွင်ကျယ်သည်။ သို့သော် ကံကြမ္မာသည် သူ့အချိန်ဇယားသစ်ကြီးကို ဗုံးပစ်ခွင်းပြန်ပြီ။ ဗိုလ်မှူးကြီး ကွယ်လွန်သွားပြီဖြစ်၍ ဒါရိုက်တာများက သူ့ကို အစားထိုး ခန့်ချင်ခန့်မည်။ ခန့်ချင်မှလည်း ခန့်မည်။ သို့သော် သူ့ကို အယ်ဒီတာ အဖြစ်ရွေးချယ်လျှင် လက်ခံမည်ဟု သူ ယတိပြတ် စိတ်ဆုံးဖြတ်လိုက်လေသည်။

သတင်းစာနှင့် ပတ်သက်၍ ကွိသည် ဝိညာဉ်လောကနှင့် ကဝေလောကကို "ဖွင့်ချ" မည်ဟု တက်ထောင်မောင်းနင်း ပြောပြီး နောက်ဆုံးတွင် နတ်ဝင်သည်တို့၏ ဖောက်သည်ကောင်းကြီးဖြစ်သွားရသည့် ဒိတ်ဒိတ်ကျဲသိပ္ပံပညာရှင်အချို့၏ အဖြစ်မျိုး ကြုံနေသည်။

အယ်ဒီတာဘဝကို ယခင်က သူ သရော်မောက်ကားပြုခဲ့သော်လည်း တဖြည်းဖြည်းနှင့် ယခု အကြီးအကျယ် လေးစားလာသည်။ သတင်းစာ အလုပ်က သူ့ကို အံ့မခန်း ကျုံးသွင်းသည်။ ဤပညာသည် ထူးထူးဆန်းဆန်း စွဲမက်စရာ ကောင်းသော လက်ငင်း လက်တွေ့သိပ္ပံပညာဖြစ်သည်။

ဗိုလ်မှူးကြီးကောင်း နာမကျန်းဖြစ်နေစဉ်နှင့် ကွယ်လွန်ပြီးသည့်နောက် အယ်ဒီတာ တာဝန်ကို သူ လုံးလုံးလျားလျား ဆောင်ရွက်ရသည့် အချိန်အတွင်း သူ့တသက်တွင် ကြုံဖူးသမျှ အာရုံခံစားမှုများထက် သူ့ကို သာလွန်ညှို့ငင်နိုင်သော ပုဂ္ဂိုလ်ရေး ဩဇာအာဏာ သဘောကို သူကြုံတွေ့လာရလေသည်။

ထိုဆွဲဆောင်မှုမျိုး သက်သက်မျှဖြင့်ကား သူ့စာအုပ်ကြီးကို သူ စိမ်းကားနိုင်မည် မဟုတ်။ သူ့ကို အယ်ဒီတာခန့်လျှင် လက်ထောက်တဦးလည်း ခန့်မည်ဖြစ်၍ နံနက်ပိုင်းအချိန်များသည် သူ့ကိုယ်ပိုင်အချိန် ဖြစ်မည်။ ထိုအချိန်သည် တနေ့လေးနာရီမျှ ရှိမည်။ တနေ့ လေးနာရီနှုန်းနှင့်ဆိုလျှင် သူ့စာအုပ်ကြီးကို လေးနှစ်ခွဲအတွင်း ပြီးစီးနိုင်မည်။

ကွိသည် စားပွဲ၌ ထိုင်လိုက်သည်။ စာရွက်များ၊ စာအုပ်စာတန်းများ၊ ခဲတံ ခဲဖျက်များ စသည် သူအသုံးလို သမျှ ပစ္စည်းများက အသင့်ရှိနေကြသည်။ သို့သော် သူ ဘာတခုကိုမျှ မကိုင်။ နာရီကို ကြည့်လိုက်သည်။ သူ့စိတ်သည် မူလအတွေးသို့ ပြန်ရောက်သွားပြီး ဧည့်ခန်းသို့ ပြန်ထွက်လာခဲ့သည်။

နီကိုလိုဗီးယပ်သည် သူ့နေရာတွင် ထိုင်မြဲ ထိုင်နေသည်။

"အား၊ ဥာဏ်မီးမတောက်တော့ဘူး ထင်တယ်"

"ဒါလဲ တကြောင်းပေါ့လေ"

"ကျုပ် ပျင်းနေမှာစိုးလို့ ထွက်လာတာများလားဗျာ"

ကွိက ကုလားထိုင်တွင် မရွှင်မပျ ထိုင်ချလိုက်သည်။ စကားတခွန်းမျှ ပြန်မပြော။

"ပို့စ်ထဲမှာ ဖတ်ရတယ်" နီကိုလိုဗီးယပ်က စကားဆက်သည်။

"ဗိုလ်မှူးကြီးကောင်းက ရောဂါသက်သာနေပြီးမှ ရီယူနီယန်လို့ သူတို့ပြောနေတဲ့ ကိစ္စကို လုပ်ရင်း အိပ်ရာထဲ ပြန်လဲတာဆိုပဲ။ ဒီလို သူတောင်းစားအုပ်အတွက် ကိုယ့်အသက်များ အဆုံးခံရတယ်လို့ဗျာ"

"စစ်ပြန်တွေကို ခင်ဗျား ဒီလိုပဲ မြင်နေသလား"

"သူတို့ ဝတ်ပုံစားပုံတွေကို ခင်ဗျား တွေ့ဖူးသလား"

"ဟင့်အင်း"

"ကျုပ်က ဒီမှာ နေတာကြာတော့ သူတို့အကြောင်း သိသင့်သလောက် သိတယ်။ ရှေ့အပတ်ဆိုရင် ခင်ဗျား တွေ့ရတော့မှာပါ။ လေ့လာကြည့်ပေါ့"

"ကျွန်တော်လဲ စီစဉ်ထားပါတယ်"

ကိုကို ရှာလီဝေလင်က သူတို့အိမ် ဆင်ဝင်ပေါ်မှ လာကြည့်ရန် ဖိတ်ခေါ်ထားသည်။

"ခင်ဗျားတွေ့ပါလိမ့်မယ်ဗျာ။ တသက်လုံး ရိုးရိုးသားသား အလုပ်ဆိုလို့ ဘာအလုပ်မှ မလုပ်ခဲ့တဲ့ စုတ်တီးစုတ်ဖတ် အိုနာကျိုးကန်းတွေ"

နီကိုလိုဗီးယပ်သည် ဆေးလိပ်ကို ကုန်အောင်သောက်ပြီး စကားပြန်ဆက်သည်။

"လယ်ထွန်ရတာထက် ကောင်းတယ်ဆိုပြီး ငယ်ငယ်က စစ်ထဲဝင်ခဲ့တဲ့ လူတွေပေါ့။ ဒါမှမဟုတ် တခြားလုပ်စရာမရှိလို့ရင်လဲ ဖြစ်မယ်။ အတင်းစစ်ထဲ ဆွဲသွင်းခံရလို့ရင်လဲ ဖြစ်မယ်။ စစ်ပြီးတော့ သမိုင်းမှာ ဒုစရိုက်အပွေဆုံးလူတွေ ဖြစ်လာတော့တာပဲ။ မြင်ဖောင်းစောင့်တဲ့လူက သူရဲကောင်းကြီး ဖြစ်လိုဖြစ်။ ဒီတော့ တသက်လုံး ထိုင်စားဖို့ပဲ ကျန်တော့တာပေါ့။ လူတွေကြည့်တော့ သန်သန်မာမာပဲ။ ဒါပေမယ့် သူတို့ ချစ်တယ်ဆိုတဲ့ ပြည်နယ်နဲ့ အိတ်ထဲက ဒေါ်လာသန်းပေါင်းများစွာကို မျိုဆို့ပစ်ကြတာပဲ။ နိုင်ငံရေးပါတီတွေကလဲ သူတို့ကို ရရာအလုပ်ပြန်လုပ်ကြဖို့ ပြောဝံ့တဲ့သတ္တိ မရှိကြဘူး။ တယောက်မကျန် သေကုန်တော့မှ ကိစ္စ ငြိမ်းတော့မှာပဲ"

ကိုသည် သိပ္ပံပညာရှင်စိတ်ရှိသူဖြစ်၍ အခြားသူပြောစကားနှင့် မကျေနပ်။ ကိုယ်တိုင်ကိုယ်ကျ လေ့လာသည်။ ဤပြည်နယ်နှင့် အမေရိကန်တောင်ပိုင်း ပြည်နယ်များ၏ သမိုင်းမှတ်တမ်းများကို လေ့လာနေခဲ့သည်မှာ တနှစ်ရှိပြီ။ ထို့ကြောင့် နီကိုလိုဗီးယပ်က စစ်ပြန်ဆယ်ယောက်တွင် တယောက်ရှိမည့် လူစားမျိုးကို ပြယုဂ်လုပ်ပြီး သမိုင်းကို ပုံပျက်ပန်းပျက်ဖြစ်အောင် ပြောနေကြောင်း သူသိသည်။ ဘာကြောင့်ပါလိမ့်ဟုလည်း တွေးနေမိသည်။

"ကျွန်တော်ဖတ်ထားတဲ့ တောင်ပိုင်းပြည်နယ်တွေရဲ့ သမိုင်းကြောင်းနဲ့ ခင်ဗျားအမြင်ကတော့ တခြားစီပဲ"

"ကျုပ်ပြောတာ ယုံလာအောင် ရှေ့ဆက်ဖတ်ဦးပေါ့"

"ခင်ဗျားကျတော့ ဖတ်ကို မဖတ်ဘူး မှုတ်လား"

ပါမောက္ခက ရယ်၍

"ဖတ်ပီလားဗျာ။ ဗိုလ်မှူးဘရွတ် ပါးစပ်ဖျားမှာ ဖတ်တယ်။ သတင်းစာတွေမှာ ဖတ်တယ်။ ဖြစ်ပေါ်နေတဲ့ သမိုင်းကိုဘယ်ရောင်လို့ရမလဲ။ ကဲ၊ ညစာ ခေါင်းလောင်းတီးနေပီ။ ဆင်းကြစို့"

ညစာစားပြီးကြသောအခါ ကိုက

"မနေ့ညက ခင်ဗျား အိပ်လို့ မပျော်ဘူးထင်တယ်"

"အင်း ရောဂါဟောင်းပေါ့ဗျာ။ ခဏပါပဲ။ ဘာပဲဖြစ်ဖြစ် ကျုပ်တယောက်ထဲ မဟုတ်ဘူးဆိုတာ သိနေတော့ ရောဂါပေါ်တဲ့အချိန်မျိုးမှာ အားရှိတယ်"

"အကူအညီလိုလဲ ခေါ်လိုက်ပေါ့ဗျာ" ကိုက ပြောသည်။

"ကျေးဇူးပါပဲ"

နီကိုဗီးယပ်က မျက်လုံးနက်များဖြင့် သူ့ကို ဆန်းဆန်းပြားပြား ကြင်နာစွာ ကြည့်နေသည်ကို ကို တွေ့လိုက်ရ၏။

ကို ညပိုင်းအလုပ်သို့ သွားသောအခါ စိတ်စနှောင့်စနင်းဖြစ်ရသော အတွေးနှစ်ခုက သူ့ကို အာရုံရှုပ်ထွေးစေသည်။ အတွေးတခုမှာ ပါမောက္ခကြီးက သူ့ကို လက်ကတုံးတောင်ဝှေး လုပ်လာခြင်းဖြစ်၏။ ဒုတိယအတွေးမှာ အိုင်ယာလန် လွတ်လပ်ရေးတိုက်ပွဲမှ ပြေးလာခဲ့သူက အမေရိကန်တောင်ပိုင်း စစ်ပြန်များကို သွားပုပ်လေလွင့်ပြေနေ၍ ဆန်းနေခြင်း ဖြစ်၏။

ထိုအတွေးနှစ်ခု သည် သူ့ခေါင်းထဲတွင် သံမှိုနှက်သလို စွဲနေလေ၏။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

(၂၀)

တနလ်ာနေ့၌ ပို့စ်သတင်းစာ ဒါရိုက်တာအဖွဲ့ အစည်းအဝေး ကျင်းပသည်။ ချားလ်ဂါဒင်နီယာဝက်စ်တင်သွင်းသော ဗိုလ်မှူးကြီးကောင်းအား ချီးကျူးကြောင်း မှတ်တမ်းတင် အဆိုကို ပထမဆုံး စဉ်းစားဆုံးဖြတ်သည်။ ထို့နောက် သတင်းစာဖွဲ့စည်းပုံကို ပြင်ဆင်သည်။ ကွယ်လွန်သူ ဗိုလ်မှူးကြီးကောင်း ထမ်းဆောင်ခဲ့သည့် ကြီးလေးသော တာဝန်များကို နှစ်ခန်း နှစ်ကဏ္ဍခွဲလိုက်ပြီး အုပ်ချုပ်မှု အယ်ဒီတာအမည်ဖြင့် ရာထူးသစ်တခု တီထွင်သည်။ ထိုပုဂ္ဂိုလ်က သတင်းဌာနကို တာဝန်ယူ၍ အယ်ဒီတာက အာဘော် စာမျက်နှာကို တာဝန်ယူသည်။ သတင်းအယ်ဒီတာ အီဗန်မွန်တေဂူကို အုပ်ချုပ်မှု အယ်ဒီတာ ခန့်သည်။ အကောင်းဆုံး သတင်းထောက်တစ်ဦးကို သတင်းအယ်ဒီတာ ရာထူးသို့ တိုးမြှင့်လိုက်သည်။

ထို့နောက် ဒါရိုက်တာ အဖွဲ့ ဥက္ကဋ္ဌ စတီးဝပ်ဘတ်က အယ်ဒီတာ ရာထူးအတွက် အမည်စာရင်း တင်သွင်းရန် ဖိတ်ခေါ်သည်။

ဒါရိုက်တာတဦးဖြစ်သူ မစ္စတာဟော့ပကင်က ကိုယ့်နယ်သားမှသာ အယ်ဒီတာခန့်မည်ဟူသော အစွဲမရှိသင့်ကြောင်း၊ ပို့စ်သတင်းစာ သြဇာကြီးမားလာနေပြီ ဖြစ်၍ ကြံရည် ဉာဏ်ရည် အကောင်းဆုံး အယ်ဒီတာကိုသာ ခန့်သင့်ကြောင်း၊ ထိုအယ်ဒီတာမျိုးကို နယူးရောက်တွင်ဖြစ်စေ၊ ဘော့စတန်တွင်ဖြစ်စေ၊ ဆန်ဖရန်စစ်စကိုတွင်ဖြစ်စေ ရှာဖွေသင့်ကြောင်း တင်ပြသည်။

ဒါရိုက်တာတဦးဖြစ်သူ မစ္စတာဘော့ကမူ တနယ်သား အယ်ဒီတာမှ သင့်တော်သူဖြစ်မည်ဟု မယူဆစေလိုပါ။ အယ်ဒီတာ ရာထူးနှင့် အလွန်သင့်တင့်သူတဦးမှာ မိမိတို့မြို့တော်တွင် ရှိနေရုံမက မိမိတို့ သတင်းစာတွင်ပင် ရှိနေပါသည်။ ဗိုလ်မှူးကြီးကောင်း ကွယ်လွန်ချိန်မှ စ၍ တနေ့ ၁၄ နာရီ အလုပ်လုပ်နေပါသည်ဟု တင်ပြသည်။

"မစ္စတာဘော့ တင်ပြတာ အလွန် အချက်ကျပါတယ်။ ကျွန်တော့ အိမ်မှာ ရီယူနီယန်စစ်ရေးပြပွဲတက်ဖို့ ဆီးနိတ် လွှတ်တော် အမတ်တယောက် လာတည်းနေတယ်။ သူက ပို့စ်သတင်းစာခေါင်းကြီးတွေကို ဖတ်ပြီး အလွန်အမင်း ချီးကျူးနေတယ်။ ရေးတဲ့ ပုဂ္ဂိုလ်ကိုလည်း မေးနေတယ်။ အမတ်မင်းက သူ့နယ်က သတင်းစာမှာ ဆိုရင်၊ သူ့နယ်ဆိုတာ ဘော်စတန်ကိုပြောတာပါ။ မစ္စတာဟော့ပကင်၊ ဖတ်ကြည့်ရလောက်အောင် တန်ဖိုးတန်တာမပါလို့ ဖတ်ကို မဖတ်ဘူးလို့ ပြောပါတယ်"

မစ္စတာ ရော့တာနှင့် မစ္စတာပေါ်တာတို့က မစ္စတာဟစ်ကော့၏ တင်ပြချက်ကို သဘောတူကြသည်။ မစ္စတာ ဝီလ်မာဒင်က ဗိုလ်မှူးကြီးကောင်းက ထိုလူငယ်သည် မိမိကို ဆက်ခံနိုင်လောက်သည့် အရည်အချင်းပြည့်ဝသူဖြစ်သည်ဟု ပြောဖူးကြောင်း၊ ထိုလူငယ်အား တာဝန်များ လွှဲပေးပြီး အနားယူတော့မည်ဟုပင်

မကွယ်လွန်မီက ပြောဖူးကြောင်းရှင်းပြသည်။ ထို့ကြောင့် မစ္စတာကိုကို အယ်ဒီတာခန့်ရန် ဝမ်းသာအားရ အဆိုပြုလိုကြောင်း ရှင်းပြသည်။

မစ္စတာ ရှော့တာနှင့် မစ္စတာပေါ်တာတို့က အဆိုကို ထောက်ခံကြောင်း တင်ပြကြသည်။

မစ္စတာ ချားလ်ဂါဒင်နီယာဝက်စ်က မစ္စတာကိုအား ချီးကျူးကြခြင်းကို ကြားသိရ၍ များစွာ ကျေနပ်ကြောင်း၊ မစ္စတာကိုကို မိမိပင် ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ယင်းသို့ ထက်မြက်သော အယ်ဒီတာကို ချီးကျူးခြင်းသည် သတိသမ္ဗဇ်ရှိရှိ ဆောင်ရွက်သော ဒါရိုက်တာ (မိမိ) ကို ချီးကျူးရာရောက်ကြောင်း (ပြုံးကြသည်။)

မစ္စတာကိုတို့၏ လုပ်ကိုင်ဆောင်ရွက်မှုများသည် အထူးသဖြင့် မကြာမီ လများအတွင်းက အလွန်အဆင့်အတန်းမြင့်မားကြောင်း၊ ဗိုလ်မှူးကြီးကောင်းသာ တနှစ်တန်သည် နှစ်နှစ်တန်သည် အသက်ရှည်မည်ဆိုလျှင် ယခု ဒါရိုက်တာကြီးများ တင်ပြနေသည့်အတိုင်း ဆောင်ရွက်ရေးမှာ ဘာမျှ ဆိုဘွယ်ရာမရှိကြောင်း၊ သို့သော် မစ္စတာကိုကို စင်တော်ကောက်ခဲ့သူတစ်ဦးအဖြစ် အချက်နှစ်ချက် စဉ်းစာရန် မိမိတင်ပြလိုကြောင်း၊ ပထမအချက်မှာ အသက်အရွယ် ငယ်လွန်းသေးခြင်းဖြစ်ကြောင်း၊ ဒုတိယအချက်မှာ ဤပြည်နယ်တွင် နှစ်နှစ်မျှသာ နေဖူးသေးသူဖြစ်၍ ပြည်နယ်အကြောင်းကို နှိုက်နှိုက်ချွတ်ချွတ် မသိသေးခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကြီးမားသော တာဝန်များ မပေးမီ လေ့လာချိန် ပေးသင့်ကြောင်း တင်ပြသည်။

ဝက်စ်၏ ဆွေးနွေးချက်ကို ဒါရိုက်တာများ သဘောကျကြသည်။ ဆွေးနွေးမှုအရှိန် လျော့သွားသည်။ ဥက္ကဋ္ဌက မဲခွဲဆုံးဖြတ်ရန် အသင့်ဖြစ်မဖြစ် မေးသည်။

“နေပါဦး၊ နေပါဦး။ တခြား အဆိုတင်စရာ ရှိချင်ရှိနေဦးမှာပေါ့”

အခြားအဆိုတင်မည့်သူ မရှိ။ ဒါရိုက်တာကြီးများကလည်း နာရီတကြည့်ကြည့် ဖြစ်နေကြပြီ။

“မစ္စတာဝက်စ်” ဒါရိုက်တာအဖွဲ့၏ အသက်အငယ်ဆုံး ဒါရိုက်တာဖြစ်သူ သီယိုဒိုဖိုင်းက ပြောသည်။

“ခင်ဗျားပဲ အယ်ဒီတာလုပ်ဖို့ တိုက်တွန်းပါရစေလား။ ကောလိပ်ဥက္ကဋ္ဌရာထူးက ထွက်လိုက်ဗျာ”

မစ္စတာဝက်စ်က ထိုအကြံပေးချက်ကို မလိမ်မိုး မလိမ်မာ မကြံပေးချက်ပမာ လက်ဟန်ဖြင့် ပယ်ချသည်။ သို့သော် ဒါရိုက်တာများက မစ္စတာဖိုင်း၏ အကြံပေးချက်ကို စိတ်ဝင်စားကြသည်။

မစ္စတာဝက်စ်က ငြင်းသည်။

“ဒီလိုဆိုရင် မစ္စတာဝက်စ် အမည်တင်သွင်းတဲ့ အဆိုကို အဆိုရှင်က ပြန်ရုပ်သိမ်းဖို့ တာဝန်ရှိပါတယ်”

မစ္စတာဟစ်ကော့က ပြောသည်။

သို့သော် ဝက်စ်အမည်ကို ပြန်လည်ရုပ်သိမ်းရန် မလွယ်။ ဒါရိုက်တာများက ဇွတ်တိုက်တွန်းကြသည်။ နောက်ဆုံးတွင် ဝက်စ်က ထပ်ဆင့် ရှင်းလင်းချက် ထုတ်ရပြန်သည်။

သူ ရှင်းပြချက်မှာ ပို့စ်သတင်းစာ အယ်ဒီတာလုပ်ရန် မည်သည့်အခါမျှ ကြံရွယ်ချက်မရှိကြောင်း၊ လက်ရှိအခြေအနေတွင် သူ့အား အမည်စာရင်းတင်သွင်းခြင်းကို သဘောမတူညီနိုင်ကြောင်း၊ ဒါရိုက်တာများက ကျားကုပ်ကျားခဲ ဆက်လက်၍ စဉ်းစားနေကြဦးမည်ဆိုလျှင် အစည်းအဝေး ရွှေ့ဆိုင်းရန် အကြံပေးလိုကြောင်း စသဖြင့် ဖြစ်သည်။

မစ္စတာဟစ်ကော့က သဘောမတူသော်လည်း အများစု ဆန္ဒအရ အစည်းအဝေးကို တရက်ခြားသို့ ရွှေ့ဆိုင်းလိုက်သည်။

နောက်တစ်နေ့တွင် မစ္စတာဝက်စ် ဘလိန်းဥက္ကဋ္ဌ ရာထူးမှ နုတ်ထွက်လိုက်ကြောင်း ပို့စ်သတင်းစာတွင် သတင်းပါလာသည်။ ထိုနေ့ထုတ် ပို့စ်သတင်းစာက ဘလိန်းကောလိပ်အတွက် မစ္စတာဝက်စ်၏ အကျိုးပြုချက်များအကြောင်းကို ခေါင်းကြီးရေးသည်။

ခရော်နီကယ် သတင်းစာကမူ 'ဘလိန်းကောလိပ်မှ လူတန်းစား၀ါဒကို ဆန့်ကျင်သည့် တိုက်ပွဲကြီး၌ ခရော်နီကယ်သတင်းစာ အောင်ပွဲခံပြီ' ဟု ရေးသည်။

တတိယနေ့တွင် ပို့စ် ဒါရိုက်တာ အစည်းအဝေး ပြန်လည်ကျင်းပသည်။ မစ္စတာ၀က်စ် အစည်းအဝေး မတက်။ မစ္စတာဟော့ပကင်က အစည်းအဝေး ဆက်လက်ကျင်းပပြီး လုပ်စရာရှိသည့် ကိစ္စကို ပြီးအောင် ပြန်လုပ်ရန် သူ့သဘောထားကို တင်ပြသည်။

"မစ္စတာကွိုကို အမည်စာရင်းတင်သွင်းခဲ့တဲ့ ဒါရိုက်တာကြီးကို အဆိုပြန်လည်ရုပ်သိမ်းဖို့ ကျွန်တော် မေတ္တာရပ်ခံချင်ပါတယ်။ ကျွန်တော်တို့ ဆုံးဖြတ်ချက်ဟာ ကန့်ကွက်သူမရှိ တညီတညွတ်ထဲ ဖြစ်သင့်ပါတယ်။ မစ္စတာကွိုကို အမည်စာရင်း တင်ထားမြဲ တင်ထားရင်တော့ ကျွန်တော် သူ့ကို မဲပေးရမှာပဲ" ဟု မစ္စတာဟစ်ကော့က ပြောသည်။

ကွို၏ အမည်ကို တာ၀န်သိစွာ ရုပ်သိမ်းလိုက်ပြီးနောက် ဒါရိုက်တာအားလုံးက ၀က်စ်ကို ပို့စ်သတင်းစာ အယ်ဒီတာခန့်လိုက်သည်။ အထူးဆုံးဖြတ်ချက်အဖြစ် အယ်ဒီတာမရှိချိန်တွင် စွမ်းစွမ်းတမန် ဆောင်ရွက်ခဲ့သည့် အတွက် မစ္စတာကွိုအား ကျေးဇူးတင်ကြောင်းနှင့် မစ္စတာကွို၏ လစာငွေကို တနှစ်ဒေါ်လာ ၁၈၀၀ သို့ တိုးမြှင့်ကြောင်း ဆုံးဖြတ်လိုက်သည်။

မစ္စတာဟစ်ကော့မှတပါး အခြားဒါရိုက်တာများက များစွာ ကျေနပ်အားရဖြစ်ကြသည်။ ပြည်နယ်အတွင်း စွမ်းရည်အထက်မြက်ဆုံး၊ အရည်မွန်ဆုံး၊ လူသိအများဆုံး လူငယ်များအနက် တဦးကို မိမိတို့ သတင်းစာအတွက် အယ်ဒီတာအဖြစ် ခန့်ထားနိုင်လိုက်သဖြင့် ကိုယ့်အချင်းချင်းပင် ချီးကျူးနေမိကြသည်။

ပို့စ်သတင်းစာ၏ ပရိသတ်တဦးကမူ သူတို့ဆုံးဖြတ်ချက်ကို မကျေမနပ်ဖြစ်နေသည်။ မစ္စရှာလီဝေလင်ဖြစ်၏။ ရှာလီက ကွိုကို မဆိုင်းမတွ အယ်ဒီတာခန့်သင့်သည်ဟု ယူဆသည်။ မစ္စတာ၀က်စ်လည်း အယ်ဒီတာ ကောင်းတစ်ယောက် လောက်လောက်လားလား ဖြစ်နိုင်သော်လည်း ဘလိန်းကောလိပ် ဥက္ကဋ္ဌရာထူးမှ မထွက်သင့်ဟု သူထင်သည်။

ထိုသဘောထားကို ရှာလီကြာရှည်စွာ နှလုံးသွင်းနေရန် မလို။ အယ်ဒီတာသစ် ၀က်စ်ကိုယ်တိုင် သူ့ဆီသို့ မြူးတူးတက်ကြွ စိတ်အားထက်သန်စွာ ရောက်လာသည်။

"ကောလိပ်ကြီးတော့ ခေါင်းပေါ်ကကျသွားပြီ။ ဟူး။ ကျောင်းပိတ်ရက် အစမှာ ကျောင်းသားကလေး ပျော်သလို ပျော်တယ်ဗျာ။ စိတ်လွတ်လူလွတ် ဖြစ်သွားတာပဲ။ ပို့စ်အတွက် အင်အားတွေ၊ စိတ်ဓာတ်တွေ၊ စီမံကိန်းတွေ ကျွန်တော့်မှာ တပြုံကြီးရှိတယ်"

"မစ္စတာကွိကော စိတ်ပျက်နေသလား" ရှာလီက မေးသည်။

ထိုမေးခွန်းကြောင့် ၀က်စ် အံ့အားမသင့်။ သို့သော် ကွိအယ်ဒီတာရာထူးရသင့်သည့် အခွင့်အရေး ရှိသည်ဟု ရှာလီထင်နေကြောင်း သူ့လေသံမှာ ပေါ်နေသည်ဟု ထင်မိ၏။

"စိတ်ပျက်မယ် မထင်ပါဘူး" ၀က်စ်က ပြတ်ပြတ်ဖြေသည်။

"ဘာကြောင့် စိတ်ပျက်ရမှာလဲ။ သူစောင့်ရလှ တနှစ်၊ အများဆုံး နှစ်နှစ်ပေါ့။ ကျွန်တော်ကလဲ ပို့စ်မှာ တသက်လုံး လုပ်မှာ မဟုတ်ပါဘူး"

၀က်စ်က အခြေအနေကို အကြမ်းဖျင်း ပြောပြနေသည်။

"သူ့တက်လမ်းကို ကျွန်တော် မပိတ်ပါဘူး။ သူမြန်မြန်တက်နိုင်သလောက် တွန်းတင်ပေးချင်တာပါ။ ကျွန်တော်တို့ ခင်ဗျားနဲ့ ကျွန်တော်ပေါ့။ သူ့ကို ရှာတွေ့ထားတာမဟုတ်လား။ သူက သိပ်ထက်မြက်ပေမယ့် သိပ်ငယ်သေးတယ်။ အတွေ့အကြုံကလဲ သိပ်နည်းသေးတယ်။ အချိန် နည်းနည်း လိုသေးတယ်။ အချိန်မကျ

သေးပဲ တာဝန်ကြီးကြီး သွားပေးရင် နလံမထူနိုင်တဲ့အမှားမျိုး လုပ်မိမှာသေချာတယ်။ ကျွန်တော်က ဘုရင်မဟုတ်ပါဘူးဗျာ။ ဘုရင်အရွယ်မရောက်ခင် ရင်ခွင်ပိုက် နန်းစံရတဲ့လူပါ"

ရှာလီက မတရားအထင်လွဲမိလေခြင်းဟု တွေးမိသည်။

"ရှင်က ကျွန်မထက် အလိမ္မာလည်း ကြီးပါပေတယ်။ အမြင်လဲ ကျယ်ပါပေတယ်ရှင်"

"တော်စမ်းပါ"

"ကျွန်မပါရဂူကလေးမှာ ဒီလိုမိတ်ဆွေကောင်းရှိတာ ဝမ်းသာပါတယ်။ ဒါပေမယ့် သူက ပါရဂူလည်း မဟုတ်တော့ဘူး။ ကလေးလည်း မဟုတ်တော့ဘူး"

"တခြားလူ ဆိုရင်လည်း ကျွန်တော့်လိုပဲ လုပ်မှာပါ"

"တခြားလူဆိုရင် ဒီလိုသဘောထား ကြီးချင်မှ . . ."

ဤစကားကိုလည်း ဝက်စ် လက်မခံ။

"ရှင်အယ်ဒီတာလုပ်ရမှာ သဘောတော့ ကျပါတယ်နော်"

"သိပ်သဘောကျတယ်။ ဒီအလုပ်ထက် မြင့်မြတ်တဲ့အလုပ် ဘယ်မှာရှိမှာလဲ။ ဘလိန်းကောလိပ်မှာဆိုရင် ကျောင်းသား လက်ဆုပ်စာလောက်ကိုသာ လက်လှမ်းမီတာ။ သတင်းစာ ဆိုတော့ ဧရာမ နယ်ကျယ်တာပေါ့။ တနေ့ကို လူတသိန်းလောက် နောက်လိုက်ရှိနေတာ။ မနက်တိုင်း တိုးတက်မှုတွေ၊ မြောက်မှန်းချက်တွေ၊ ရဲရင့်မှု၊ ရိုးသားမှု၊ ကြင်နာမှု၊ ယုံကြည်မှုတွေကို တရားဟောဖို့ ပရိသတ်ရှိနေတာပဲ။ သူတို့ရဲ့ အမြင်တွေ၊ ယုံကြည်ချက်တွေ၊ မြော်မှန်းချက်တွေ၊ တွေးခေါ်ပုံ အလေ့အထတွေကို ပုံလောင်းပေးနိုင်မှာ"

ဝက်စ်သည် ည ၁၁ နာရီထိ စကားထိုင်ပြောသည်။ ရှာလီကလည်း အထင်တကြီး နားထောင်သည်။ ဝက်စ် ပြန်သွားချိန်တွင် ကို မကျေမလည်များ ဖြစ်နေမလား ဟူသော စနိုးစနောင့် စိတ်ကလေးသည် ရှာလီ၏ ရင်ထဲတွင် ကျန်ခဲ့သည်။ ရက်အတန်ကြာ၍ ကိုကို တွေ့မှ ထိုစနိုးစနောင့်စိတ်ကလေး ပျောက်ကွယ်သွားသည်။

ကိုတွင် လောကကို ထောင်းချင်သည့် သဘောထား တပြားသားမျှ မရှိ။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

(၂၁)

လမ်းတဖက်တချက်တွင် တမျှော်တခေါ် လူတန်းရှည်ကြီး ပြည့်နေ၏။ သွားမရ၊ လာမရ။ ရဲများက လမ်းတလျှောက်စုန်ချီ ဆန်ချီ သွားကာ လူအုပ်ကို နောက်ဆုတ်ရန် တဟဲ့ဟဲ့ အော်နေရသည်။ အောက်လူအုပ်ပေါ် ပြုတ်ကျမည်စိုး၍ သစ်ပင်ပေါ်မှ ကလေးများကိုလည်း ဆွဲချရသေး။

နေရာတကာတွင် တလူလူလွင့်နေသော အလံများ။ ဟိုနေရာ ဒီနေရာတွင် ခရီးဦးကြိုဆိုသော ပန်းမုခ်ဦးကြီးများ။ ယနေ့သည် တောင်ပိုင်းပြည်နယ်တပ်စုများ ပြန်လည်တွေ့ဆုံပွဲ၏ အထွတ်အထိပ်နေ့။ ဗိုလ်ချုပ်ကြီး၏ ကွယ်ပျောက်စ ပြုပြီဖြစ်သော တပ်ကြွင်းတပ်ကျန်များ နှစ်ပတ်လည် စစ်ရေးပြတော့မည်။

မစ္စက်ဝေလင်၏ အိမ်သည် စစ်ရေးပြလမ်းကြောင်းပေါ်တွင် တည်ရှိသည်။ အိမ်မကောင်းလှသော်လည်း ကြီးသည်။ သက်တောင့်သက်သာ ထိုင်နိုင်သည့် ဆင်ဝင်အောက်ကလေးရှိသည်။ ရှင်သန်သော တိုင်းပြည် (အမေရိကန် ပြည်ထောင်စု) နှင့် သေလွန်သော တိုင်းပြည် (တောင်ပိုင်းပြည်နယ်စု)၏ အလံနှစ်မျိုးလုံးကို လွှင့်ထူထားသည်။

မစ္စက်ဝေလင်၏ အိမ် ဆင်ဝင်ဆောင်ကလေးသို့ ရှာလီဝေလင်၏ အထူးဖိတ်ကြားချက်အရ ကို ရောက်လာသည်။

ရှာလီက ဆီးကြို နှုတ်ဆက်သည်။

"ရှင် မမေ့ဘူးနော်"

မြန်မာ့မျှားနတ်မောင်

"ကျွန်တော် ခုနစ်နှစ်သားတုန်းက ညစာအတွက် ဝက်ပေါင်ခြောက် ကြော်ထားတာ ကြည့်လိုက်လို့ တင်မ်က မှာပြီး အပြင်ခဏထွက်သွားတယ်။ ကျွန်တော် စာအုပ်ဖတ်နေတော့ မေ့သွားတယ်။ တင်မ် ပြန်လာတော့ ဝက်ပေါင်ခြောက်က မီးသွေးခဲ ဖြစ်နေပြီ။ အဲဒီနေ့ကစပြီး ကျွန်တော် ဘာမှ မမေ့တတ်တော့ဘူး။ ဒီနေ့ ခင်ဗျားတို့ရုံးလဲ ပိတ်သလား"

"ဒီနေ့ ကျွန်မတို့ အလုပ်လုပ်မယ်လို့များ ထင်သလားရှင်"

ရှာလီက သူ့ကို မိခင်ဖြစ်သူနှင့် မိတ်ဆက်ပေးသည်။ မစ္စက်ဝေလင်က သူ့ကို ခြေဆုံးခေါင်းဆုံး အကဲခပ်နေ၏။

ရှာလီက လက်နှစ်လုံးခန့် အလံကလေးတခု ယူလာသည်။

"ရှင်လဲ ကျွန်မတို့ဘက်တော်သားပဲ မဟုတ်လား။ ရှင့်ဖို့ ကျွန်မ အလံကလေး ယူလာတယ်"

"ဘာအဓိပ္ပာယ်နဲ့ ရင်ဘတ်မှာ ထိုးရမှာလဲ"

"တောင်ပိုင်းကို ရှင်မြတ်နိုးတယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ပေါ့ရှင်"

"ကောင်းပါပြီလေ။ ခင်ဗျား ထိုးစေချင်လဲ ထိုးရတာပေါ့"

ရှာလီက သူ့မိခင်၏ မျက်စိရှေ့အောက်မှာပင် ကို အကျီ၌အလံထိုးပေးသည်။ ထို့နောက် မြက်ဖျာကလေး ယူလာပြီး ဆင်ဝင်လေ့ကားပေါ်၌ ကိုနှင့်အတူ ယှဉ်ထိုင်လိုက်သည်။

"လူတွေ ကြည့်လိုက်စမ်းပါရှင်။ သိန်း သန်း ကုဋေပဲ"

"ဗိုလ်မှူးကြီးကောင်းသာရှိရင် သိပ်ကျေနပ်မှာပဲ" ကိုက ပြောသည်။

နောက်ထပ်ရောက်လာသော ဧည့်သည်များဆီသို့ ရှာလီထသွားပြီး နှုတ်ဆက်သည်။ ဆင်ဝင်ပေါ်တွင် လူနှစ်ဆယ် အစိတ်ခန့်ရှိသည်။

ရှာလီပြန်လာပြီး သူ့ဘေးတွင် ထိုင်သည်။

"မစ္စတာကို။ ပို့စ် ဒါရိုက်တာတွေ ဆုံးဖြတ်တာ ရှင်ကျေနပ်ရဲ့လား"

"ကျေနပ်ပါတယ်။ တခြားလူကို ရွေးရင်တော့ မထီမဲ့မြင်လုပ်တာလို့ ကျွန်တော် ထင်မိချင် ထင်မိမှာ။ မစ္စတာဝက်စ်ဆိုတော့ ဘာမှ ပြောစရာမရှိပါဘူး။ ကျွန်တော်ကတော့ စောင့်မှာပဲ။ ခင်ဗျားလဲ မှတ်မိမှာပေါ့။ ဒီနှစ်ထဲမှာ အယ်ဒီတာဖြစ်ရမယ်လို့ ကျွန်တော်ပြောတာမှ မဟုတ်ပဲ"

"သိပါတယ်။ ဒါပေမယ့် သူတို့က ရွေးရင်တော့ ကျွန်မကို ရှင်ပြောဖူးသလို အဲဒီအလုပ်ကို လွှင့်ပစ်ဦးမှာလားဟင်"

"မပစ်တော့ပါဘူး။ လက်ခံဖို့ စိတ်ပိုင်းဖြတ်ထားပြီးပြီ"

ရှာလီ စိတ်ထဲက ပြုံးလိုက်သည်။

"ရှင်ဒီအလုပ်ကို စိတ်ဝင်စားနေပြီလား ဟင်"

"ဘယ်လောက်စိတ်ဝင်စားတယ်ဆိုတာ ပြောပြဖို့တောင် ခက်တယ်"

"အယ်ဒီတာ ဖြစ်ရမယ်ဆိုတဲ့ ရှင့်စကားကို မဟာကြွားလုံးကြီးလို့ ကျွန်မပြောခဲ့တာ မှတ်မိမှာပေါ့။ ရှင် ကျွန်မထက် သာသွားပြီလို့ ဝန်ခံရတော့မယ် ထင်တယ်"

"ကျွန်တော် ထင်တယ်" ကိုက တိုးတိတ် ညင်သာဆုံး လေသံဖြင့် ပြောသည်။

"ကျွန်တော်က ခင်ဗျားထက် သာသလား။ ခင်ဗျားက ကျွန်တော့်ထက် သာသလားဆိုတာ ပြောဖို့ စောလွန်းသေးတယ်"

ရှာလီက လမ်းပေါ်သို့ မျှော်ကြည့်ရင်း

"တနေ့ကျရင် ရှင်အယ်ဒီတာဖြစ်မှာက ကျိန်းသေနေပြီပဲရှင်"

"ကျွန်တော်သတိရသလောက်တော့ အဲဒီနေ့ညက ကျွန်တော်တို့ပြောကြတာ ခေါင်းကြီး ကိစ္စတခုထဲ မဟုတ်ပါဘူး"

"အို၊ နားထောင်စမ်း"

အဝေးမှ ဒစ်ဇီ သီချင်းသံ ကြားရသည်။ ဩဘာသံများ ရှည်လျားကျယ်လောင်စွာ ပေါ်လာသည်။ ရှာလီက ဧည့်သည်တဦးကို ထနှုတ်ဆက်ပြီး ပြန်ထိုင်သည်။

ဒစ်ဒီ။ ။ ၁၈၅၉ တွင် ဒီ–ဒီ–အမ်မက်ဆိုသူ ရေးစပ်သော သီချင်း။ တောင်ပိုင်းပြည်နယ်စု စစ်တပ်များ၏ စစ်သီချင်းအဖြစ် ကျော်ကြားသည်။ ၁၈၆၁ ဖေဖော်ဝါရီ ၁၈ တွင် ကျင်းပသော တောင်ပိုင်းပြည်နယ်ပေါင်းစု သမ္မိတဂျက်ဖာဆန်ဒေးဗီး၏ ကျမ်းသစ္စာကျိန်ဆိုပွဲတွင်လည်း ထိုသီချင်းကိုပင် သီဆို တီးမှုတ်ခဲ့သည်။

ကွိုက စကားပြောင်းလိုက်ပြီး

“ခင်ဗျားတို့ စစ်ပြန်ကြီးတွေ အကြောင်းပါမောက္ခနီကိုလိုဗီးယပ်ပြောပုံ ခင်ဗျား ကြားစေချင်တယ်”

“အမနာပတွေ ဖြစ်မှာပေါ့”

“ဒီလူတွေက နှစ်ပေါင်း လေးဆယ်လောက် ယူနီဖောင်းဝတ်ပြီး တောင်းစားနေတာတဲ့။ တိုင်းပြည်အတွက် သူတို့ အကျိုးပြုနိုင်တာကတော့ မြန်နိုင်သမျှ မြန်မြန်သေပေးဖို့ပဲတဲ့။ ခင်ဗျားသာကြားရင် ဒီလူကြီး အရင်က ပြည်ထောင်စု စစ်ဗိုလ်ဖြစ်ခဲ့မှာပဲလို့ ထင်မှာ”

“သူ့အကြောင်း ရှင်အကုန်သိတယ်ဆို ရှင့်”

“သူပြောတာသာ သိတာပါဗျာ” ကွိုက ရိုးရိုးသားသား ဝန်ခံသည်။

“ရှာလီ” သူမိခင်က လှမ်းမေးသည်။

“ကျောက်ပြားပေါ်ထိုင်နေတာလား”

“ဖျာခင်းထိုင်နေတာပါ မေမေရဲ့”

“ပြည်ထောင်စုစစ်ဗိုလ်တောင် ဟုတ်မှာ မဟုတ်ပါဘူး။ သူ့လို စိတ်အချဉ်ပေါက်နေတဲ့ လူတွေက ဘယ်အထဲမှာမှ မပါတဲ့ သရဲဘောကြောင်သူတွေသာ များပါတယ်။ ကြည့်၊ မစ္စတာ ကွို။ ကြည့်လိုက်စမ်း”

တလမ်းလုံး ဝရုန်းသုန်းကား ဖြစ်သွားသည်။ အော်သံဟစ်သံများ ပိုမိုကျယ်လောင်လာသည်။ စစ်ကြောင်းတပ်ဦးကို နှစ်လမ်းကျော်တွင် လှမ်းမြင်ရသည်။ ကွို မျှော်ကြည့်လိုက်သည်။ သူ့စိတ်ထဲတွင် လှိုက်ဖိုသွားသည်။

တပ်ဦးတွင် ရှေ့ပြေးတပ်ဖွဲ့ ချီလာသည်။ ဘင်ခရာ သုံးဖွဲ့ပါသည်။ ဘိုင်စကယ်စီးရဲများ၊ မြို့တော်အရာရှိများ၊ စစ်ဧည့်သည်တော်များ၊ စစ်ပြန်ကြီးများ၏ ရင်သွေးများ၊ ရစ်ခမွန်ဘလူး ခြေလျင်တပ်များ ချီလာသည်။

ရှေ့ပြေးတပ်ဖွဲ့နောက်တွင် စစ်ပြန်တပ်ဖွဲ့. သေနာပတိချုပ်နှင့် အဖွဲ့၊ ဗိုလ်ချုပ်ကြီးနှင့်အဖွဲ့၊ မြင်းစီးတပ်ဖွဲ့များ မြင်းကိုယ်စီနှင့်လိုက်ပါလာကြသည်။ သေနာပတိချုပ်သည် မြင်းကြီးစီးလာသည်။ နောက်မှ စစ်ပြန်များ ခြေလျင် ချီလာကြသည်။

ပရိသတ်အားလုံး မတ်တတ်ရပ်လိုက်ကြသည်။ တမြို့လုံး ထိုင်နေသူ ရှိမှ ရှိသေးရဲ့လားဟု သံသယဖြစ်လောက်စရာပင်။

သေနာပတိချုပ်သည် ဝေလင့်အိမ် ဆင်ဝင်ခန်းရှေ့သို့ ရောက်သောအခါ တစုံတယောက်၏ မျက်နှာကို ရှာသလို ကြည့်လိုက်ပြီး ငှက်တောင်စိုက် ဦးထုပ်ဆောင်းထားသော သူခေါင်းကို ဦးညွှတ်လိုက်သည်။ ဆင်ဝင်ပေါ်မှ လူများက လက်ခုပ်တီးကြ အလံခွေ့ရမ်းကြဖြင့် တုံ့ပြန်ကြသည်။

“ကျမဖွားဖွားကို နှုတ်ဆတ်တာ။ သူက ၁၈၅၀ ခုနှစ်ကတည်းက ဖွားဖွားကို ပိုးလာတာ” ရှာလီက ကွိုကို ပြေးလာပြောသည်။ ချက်ချင်းပင် တစုံတယောက်ကို တစုံတခုပြောရန် ပြန်ပြေးသွားသည်။

စစ်ပြန်တပ်များ တတပ်ပြီး တတပ် ချီလာသည်။ ကွိုထိုင်နေရာနှင့် ကိုက်ငါးဆယ်ခန့်တွင် စစ်ပြန်ကြီး တဦးလဲကျသွားသည်။ အနီးရှိလူများက သူ့ကို အိမ်တအိမ်အတွင်းသို့ ပွေ့သယ်သွားကြသည်။ တပ်အလံများကို မြင်ရသည်မှာ စစ်ပြန်များထက်ပင် ကြေကွဲစရာကောင်းသေးသည်။ အလံများသည် ဖွာလံကျဲအောင် စုတ်ပြတ်ညစ်ပေနေသည်။

ငိုသူတို့ ငိုကြသည်။ ဆင်ဝင်ပေါ်မှ အမျိုးသမီးကြီးများသည် သူတို့၏ လက်ကိုင်ပုဝါများကို စစ်ပြန်ကြီးများအား နှုတ်ဆက်ခွေ့ရမ်းပြရန် အတွက်သာ အသုံးပြုသည် မဟုတ်တော့။ အမျိုးသမီးတဦးဆိုလျှင် စစ်ပြန်အဖွဲ့တဖွဲ့ကို သူ့လက်ကိုင်ပုဝါဖြင့် ဆွေ့ဆွေ့ခုန် လှုပ်ရမ်းပြပြီးနောက် ကုလားထိုင်ပေါ်တွင် ဖွဲ့အိပ်ပစ်ချသလို ထိုင်ချလိုက်သည်။ သူ့လက်ကိုင်ပုဝါသည် သူ့မျက်ရည်ကို သုတ်ပေးနေရသည်။ လာသမျှလူကို ဒိုင်ခံရှင်းပြနေသည့် ရှာလီက

“သူ့ယောကျ်ားနဲ့ မောင်က နှစ်ယောက်စလုံး **ရက်တစ်ဘတ်စ်** မှာကျသည်။ သူ့ယောကျ်ားက **ပစ်ကစ်** တပ်မှာ ဝင်တိုက်ခဲ့တာ။ ခုနက ဖြတ်သွားတာက ပစ်ကစ်တပ်က စစ်ပြန်တွေပေါ့”

ရက်တစ်ဘတ်စ်။ ။အမေရိကန်ပြည် ပင်ဆီဗေးနီးယားပြည်နယ် တောင်ပိုင်း မြို့ကလေး။ ၁၈၆၃၊ ဂျူလိုင် ၁ မှ ၃ ရက်ထိ ထိုမြို့ကလေးအနီး၌ဖြစ်ပွားသော တိုက်ပွဲကြီးတွင် တောင်ပိုင်းပြည်နယ်စုတပ်များ အရေးနိမ့်သည်။

ပစ်ကစ်။ ။ ဂျော့အက်ဒွပ်ပစ်ကစ် (၁၈၂၅–၇၅)။ ။ တောင်ပိုင်းပြည်နယ်စု စစ်တပ်ဗိုလ်ချုပ်ကြီး တဦး။

ခဏကြာပြီးနောက်မှ ရှာလီက စကားဆက်ပြန်သည်။

"ရှင်တို့ မြောက်ပိုင်းက တပ်မတော်နေ့တွေလိုတော့ ပျော်စရာ မကောင်းဘူးပေါ့ရှင်။ ဒီအဖိုးကြီးတွေက ကျမတို့ အမေတွေရဲ့ မောင်တွေ ဘွားတွေ၊ ချစ်သူရည်းစားတွေ၊ ဦးလေးတွေ၊ အဖေတွေ၊ သူတို့တွေ စစ်ချီတုန်းကလည်း ဒီလမ်းပေါ်က ချီခဲ့တာပဲ။ ဒီဆင်ဝင်ပေါ်မှာ ရှိသမျှ ရှင်ကလွဲရင်ပေါ့လေ။ သူတို့ချစ်တဲ့ခင်တဲ့လူ မဆုံးရှုံးဘူးတဲ့သူ တယောက်မှ မရှိဘူး။ ပီးတော့ ကျမတို့ရဲ့ မာန်ကလဲ ရှိသေးတယ်။ ဒါကြောင့် ဒီအမျိုးသမီးကြီးတွေ ငိုနေကြတာ"

"အမျိုးသမီးကလေးတွေကရော ဘာဖြစ်လို့ ငိုရတာလဲ"

"အိုး၊ ကျမ မငိုပါဘူးရှင်"

"လူတယောက် ငိုတာ မငိုတာတောင် ကျွန်တော် မသိတတ်ဘူးထင်လို့လား။ ခင်ဗျား ဘာပြုလို့ ငိုရတာလဲ"

ရှာလီက မျက်လွှာချလိုက်ပြီး

"အင်း၊ အတော်ကြေကွဲစရာကောင်းတာ၊ ကြေကွဲစရာ"

သူတို့ ဘာအတွက် ငိုနေကြသလဲ။ ရှာလီ ရှင်းပြသည်မှာ မခိုင်လုံ။ စစ်ပြီးသည်မှာ ကြာလှပြီ။ ရှာလီမမွေးမီကတည်းက စစ်ရေးပြဿဲအကြိမ်ကြိမ် ကျင်းပခဲ့သည်။

ဤအမျိုးသမီးကြီးများသည် သူတို့ ဆုံးရှုံးခဲ့ရသည့် မိဘမောင်ဘွား ချစ်သူ ရည်းစားများအတွက် ငိုကြွေးကြသည်မဟုတ်။ နှစ်ပေါင်းလေးဆယ်ကျော်က သေလွန်ခဲ့သူတို့အတွက် မည်သူမျှ မငို။ မနှစ်ကမှ ဆုံးရှာသည့် ဖီဖို့အတွက်ပင် ငိုသူမရှိ။ စင်စစ် သူတို့ ငိုသည်မှာ အယူအဆ တခုအတွက်။ စိတ်ဝေဒနာတခုအတွက်။ ရှာလီ မျက်ရည်သည်လည်း ထိုအယူအဆအတွက် လက်ဆောင်ပဏ္ဏာဖြစ်သည်။

စစ်ပြန်များအနက် နီးဂရိုး လူမဲကြီးများကိုလည်း တွေ့ရသည်။ သူတို့သည် သူတို့၏ ကျွန်ပိုင်ရှင် လူဖြူများကို သစ္စာခံမြဲခံကာ တောင်ပိုင်းပြည်နယ် တပ်များဘက်မှ ဝင်တိုက်ခဲ့သူများ ဖြစ်ကြသည်။

ကွိသည် ပရိသတ်၏ ပြောသံဆိုသံများကို နားထောင်ရန် ဆင်ဝင်လှေကား အောက်ဆုံးဆင့်အထိ ဆင်းလာခဲ့သည်။ လူငယ်တဦး၏ ဘေးတွင် ရပ်မိလျက်သား ဖြစ်သွား၏။

ထိုလူငယ်ကို ကြည့်ရသည်မှာ အောင်မြင်သော အမေရိကန်လုပ်ငန်းရှင်ကလေးတဦးနှင့်တူသည်။ သို့သော် ဦးနှောက်ပျက်သူကဲ့သို့ ပြုမူနေသည်။ **ဘက်လမ်**မှ သူရူးလို အော်ဟစ်နေသည်။ ဦးထုပ်မြောက်ပစ်လိုက်၊ မမြင်ရသော ရန်သူကို လက်သီး လက်မောင်း တန်းပြလိုက် လုပ်နေသည်။

"ငါတို့ကို မနိုင်နိုင်တော့ဘူးကွ။ မနိုင် နိုင်တော့ဘူး"

ဘက်လမ်။ ။ လန်ဒန်မြို့ ဘက်သယ်ဟန် စိန့်မေရီ စိတ္တဇဆေးရုံ၏ အရပ်ခေါ်အမည်။

ကွိက

"သူတို့ နိုင်တုန်းကတော့ ခင်ဗျားတို့ထက် အများကြီးသာတာပဲ"

ထိုလူငယ်က ဦးထုပ်ကို လူအုပ်ကြီးပေါ်သို့ နောက်ထပ် မြောက်ပစ်လိုက်ပြန်ပြီး

"လက်နက် သာချင်သာမယ်။ ရိက္ခာ သာချင်သာမယ်။ ဗိုလ်ချုပ်မသာပါဘူး။ စစ်သား မသာပါဘူး ခင်ဗျာ"

"ခင်ဗျား သိပ်စိတ်ကြွနေပါကလား။ ဒါတောင် နှစ်ပေါင်း လေးဆယ်ကျွာနေလို့"

"ကျွန်တော့်ကို မေးနေတဲ့ လူက ယန်းကီးလား"

"မဟုတ်ပါဘူး။ အမေရိကန် လူမျိုးတယောက် မေးနေတာပါ"

"ခင်ဗျား ဖြေပုံ မဆိုးဘူး"

လူငယ်သည် စစ်ရေးပြဿဲမှ မျက်စိတချက်ခွာပြီး မေးသူကို လှည့်ကြည့်လိုက်၏။

"ဟဲလိုး။ ဒေါက်။ မစ္စတာကွိပါလား"

ကွို အံ့သြသွားသည်။

'ယား' လူငယ်သည် မြင်းစီးသွားသည့် ထောင်ထောင်မောင်းမောင်း အဖိုးကြီးတဦးကို လှမ်းအော်လိုက်သည်။ အဖိုးကြီးက ပြုံးလျက် လက်မြှောက်ပြသည်။

"အတော်ခန့်တဲ့အဖိုးကြီးပဲ" ကိုက ပြောသည်။

"ကျွန်တော့် အဖေလေ"

"ခင်ဗျားအဖေက ပြည်တွင်းစစ်ထဲ ပါသလား"

"မိတ်ဆွေကြီးခင်ဗျား။ ဒီမြို့ကို ဘီးစိပ်နဲ့ တိုက်ရှာတောင် စစ်ထဲ မပါဘူးတဲ့ လူဆိုလို့ တယောက်မှ တွေ့မှာ မဟုတ်ပါဘူး"

ကိုက

"စစ်ပြန်တွေက ဘယ်သူတွေလဲ။ ဘယ်လိုလူစားတွေလဲ"

"ကမ္ဘာပေါ်မှာ အကောင်းဆုံး လူတွေပေါ့ဗျာ"

တောင် ကာရိုလိနာပြည်နယ်ကို ကိုယ်စားပြုသော အမျိုးသမီးကလေးနှစ်ဦး စီးလာသည့် လေးဘီးတပ် မြင်းလှည်းတစီးဖြတ်သွားသည်။ အမျိုးသမီးကလေးများက ထိုလူငယ်ကို ပြုံး၍ နှုတ်ဆက်သွားသည်။ လူငယ်ကလည်း ပြန်လှန် အလေးပြုလိုက်သည်။

"ကျွန်တော် နလပိန်းတုံးစကား ပြောနေသလို ဖြစ်ချင်ဖြစ်မယ်။ အမေရိကန်လူမျိုးအကြောင်း ပြောလို့ ပြောရဦးမယ်။ မစ္စတာကို။ ကျွန်တော်တို့ မြို့လောက် အမေရိကန် စစ်စစ်တွေ မွေးထုတ်တာ တပြည်လုံးမှာ ပြည်နယ်အလိုက်တောင် မရှိဘူး။ ပြည်ထောင်စုကို အပြည့်အဝ ထောက်ခံတယ်။ ဒါပေမယ့် ကျွန်တော်တို့ ပြည်နယ်တခုလုံးကို တစပြင် ဖြစ်စေခဲ့တဲ့ သမိုင်းရဲ့ အကြီးဆုံးဖြစ်ရပ်ကိုတော့ ဘယ်တော့မှ မမေ့နိုင်ဘူး။ ဒါကို ကျွန်တော်တို့ မေ့ရင် ကျွန်တော်တို့ ယောကျ်ားတွေ မဟုတ်တော့ဘူး။ အမေရိကန်လူမျိုးလဲ မဖြစ်နိုင်တော့ဘူး"

ထိုလူငယ်က သက်ပြင်းတချက် ချလိုက်ပြီး

"ကဲ စစ်ရေးပြပွဲလဲ ပီးတော့မယ်။ တနေ့လုံး ပျော်ထားတာတွေ အကြွေးဆပ်ရတော့မယ်။ ညအလုပ် ပြန်လုပ်လိုက်ဦးမှပဲ"

ထိုလူငယ်ကို ကို သဘောကျသည်။ သူ့စိတ်တွင် ချားလ်စ်ဂါဒင်နီယာဝက်စ်ကို မြင်ယောင်မိသည်။

"ကျွန်တော်က အားရက်မှာ အလုပ်လုပ်တာ သတင်းစာတခုပဲ ရှိတယ်ထင်တာ"

လူငယ်က ရယ်လိုက်သည်။ သူ့လက်ကို ဆန့်တန်းပေးလိုက်ပြီး

"ကျွန်တော်က အလုပ်ကြိုးစားတယ် ဆိုပါတော့ဗျာ။ မစ္စတာကိုကို တွေ့ရတာ ဝမ်းသာပါတယ်။ ခင်ဗျားကို ကျွန်တော် သိနေတာကြာပြီ။ တနေ့နေ့ကျ လာတွေ့ပါဦး။ သွားတော့မယ်။ ကျွန်တော်က စစ်စကားတွေပြောတော့ ခင်ဗျား နားငြီးမလားမသိဘူး။ ကျွန်တော့် အဖိုးတယောက်၊ ဦးလေးသုံးယောက် အဲဒီစစ်မှာ ကျခဲ့တာ ဆိုတော့ ကျွန်တော် စိတ်မဝင်စားပဲ မနေနိုင်ဘူးဗျာ"

စစ်ရေးပြပွဲ ပြီးဆုံး၍ လူစုကွဲသွားလေ၏။ ဆင်ဝင်ပေါ်တွင် သူနှင့် ရှာလီတို့ သားအမိ၊ မြေးအဖွားသာ ကျန်ခဲ့သည်။

"ကျွန်တော့်ကို ဒီနေ့ဖိတ်ပြတာ ကျေးဇူးတင်ပါတယ်။ စိတ်ဝင်စားစရာလဲ ကောင်းပါတယ်။ ပညာလဲ ရပါတယ်"

"ကျမဆီ အလယ်လာဦးမယ် မဟုတ်လား ဟင်"

"ကျွန်တော် အိမ်လယ်လေ့ မရှိပါဘူး"

ရှင် ကျမနဲ့ နေရာ သဘောမကျဘူးလား။ ပျော်စရာကောင်းတယ်လို့ မထင်ဘူးလား"

"ဒီမေးခွန်းမျိုး ကိုယ့်ကိုယ်ကို တခါမှ မမေးဖူးဘူး"

ကွိ၏ မျက်လုံးသည် တဖျတ်ဖျတ်လှုပ်နေသည်။ ထိုမေးခွန်းကို သူကိုယ်သူ ယခုမေးပြီးဖြစ်ကြောင်း ထင်ရှားသည်။ သူမျက်နှာသည် ထူးထူးဆန်းဆန်း ပြောင်းလဲသွားသည်။

"ဟုတ်ကဲ့။ ပျော်စရာကောင်းပါတယ်" ဝန်ခံစကားသည် သူမျက်နှာကို ဖြူဖတ်ဖြူယော် ဖြစ်သွားစေသည်။

"ဒါပေမယ့် ကျွန်တော်က **ဟီဒွန်ဝါဒီ** မဟုတ်ဘူး"

ဟီဒွန်ဝါဒီ။ ။ဂရိဘာသာဝေါဟာရ 'တီဒွန်'မှ လာသည်။ ပျော်ရွှင်မှုဟု အဓိပ္ပာယ်ရသည်။ အပျော်အပါး၌ အာရုံလိုက်စားခြင်း။ ဂရိဒဿနဗေဒပညာရှင် အရစ်တိပတ်စ်၏ အယူအဆမှ ပေါက်ဖွားလာသည့် ဝါဒ။ အာရုံငါးပါး လိုက်စားခြင်းဖြင့် သန္တိသုခကို ရရှိသည်ဟု ယူဆသော သဘောတရားဖြစ်သည်။ ၁၉၇၄ ဧပြီလ ၁၄ တွင် ဘုရင်ကျီ ပုပ်ရဟန်းမင်းက အီစတာသဝဏ် ထုတ်ပြန်ရာ၌ "ဟီဒွန်ဝါဒသည် ကျွန်ုပ်တို့ ခေတ်၏ ဖောက်ပြန်ယွင်းမှားသော တရားတော် ဖြစ်နေသည်။ ထိုတရားသည် အန္တိမအခြေ၌ တံလျှပ်ဒဿနပင်ဖြစ်သည်။" ဟု ဖော်ပြခဲ့သည်။

ရှာလီသည် ကွိပြန်သွားသောအခါ ဟီဒွန်ဝါဒီ ဆိုသော စကား အဓိပ္ပာယ်ကို အဘိဓာန်တွင် ရှာကြည့်ရလေ၏။

ထိုနေ့ည ရှာလီတို့သားအမိ အိမ်ပေါ်ထပ်တွင် အတူရှိစဉ် မိခင်ဖြစ်သူက

"ရှာလီ၊ သမီး ဒီနေ့ညနေ သိပ်အရေးပေးတဲ့ မစ္စတာကွိဆိုတာ ဘယ်သူလဲ"

"အမေကလဲ မသိဘူးလား။ ပို့စ်သတင်းစာ အယ်ဒီတာ ဖြစ်မယ့် လူလေ။ လူတိုင်းက သူ့ခေါင်းကြီးတွေကို ကောင်းလှချည်ရဲ့လို့ ချီးမွမ်းနေရတဲ့လူပေါ့"

"ဟုတ်ပါပီ။ မေမေ မေးနေတာက သူ ဘယ်သူလဲ။ ဘယ်က လာသလဲ။ သူညာတိသင်္ဂဟက ဘယ်သူတွေလဲ"

"ဒါပြောတာလား။ သူက နယူးယောက်က လာတာပါ။ စာပေးသမားလေ။ အမြဲတမ်း လေ့လာ မှတ်သားနေတာပဲ။ စာအုပ်တအုပ်လဲ ရေးနေတယ်"

"သူ့ ညာတိသင်္ဂဟကရော"

"တော်၊ ဒါကတော့ ဖြေရတာ နည်းနည်းခက်တယ်။ အစက ချီပြောရရင် သူက မိဘမဲ့လိုလို ဆိုပါတော့ မေမေရယ်"

"မိဘမဲ့လိုလိုဆိုတာ ဘာကိုပြောတာလဲ"

"အဲဒါ အဆန်းကြယ်ဆုံးအပိုင်းပဲ။ ကျမအားလုံးတော့ သိတယ်။ ဒါပေမယ့် ကျမကို ဒေါ်ဒေါ့်ကိုယ်စားလှယ်အဖြစ်နဲ့ လုပ်ငန်းသဘော၊ လျှို့ဝှက်စကားသဘော ပြောပြထားတာဆိုတော့ ဒီကိစ္စကတော့ ရေငုံနေဦးမှ ဖြစ်မယ် မေမေ"

"သူညာတိသင်္ဂဟအကြောင်းကို ကုန်စင်အောင် မသိဘူးလို့ သမီးဆိုလိုတာပေါ့"

"အကြမ်းသဘော ပြောရရင်တော့ အဲဒီလိုပဲ ပြောရတော့မှာပေါ့"

"သူ့ဓာတ် ယာယီကုန်စင်အောင် မသိပဲ အဌားအိမ်မှာ တွေ့တာနဲ့ သမီးက ဆွဲလွဲပြီး မိတ်ဆွေစာရင်းသွင်းလိုက်ရောလား"

"ဆွဲလွဲပြီးဆိုတဲ့ စကားလုံးကတော့ သမီးတွေရဲ့ ယောကျ်ားကလေး အပေါင်းအသင်း ကိစ္စနဲ့ ပတ်သတ်ပြီး အမေလုပ်သူတွေ ချိန်ချိန်ဆဆ သုံးရမယ့် စကားလုံးမျိုးပါ။ မေမေ နားမလည်ဘူးလားဟင်။ ကျမက ဒီမိုကရက် ရှင့်"

မစ္စက်ဝေလင်က လေသံမာမာဖြင့်

"ဒါက ဂုဏ်သရေရှိ မိန်းမတွေ မလုပ်အပ်တဲ့ အလုပ်မျိုးအေ့" ဟုပြောသည်။

ရှာလီက သူ့ဆံပင်ကို မှန်ထဲတွင် ကြည့်၍ ဖီးသင်ရင်း ဟက်ဟက် ပက်ပက် အကြာကြီး ရယ်နေသည်။

"မေမေမို့ ကိုယ့်သမီးမျက်နှာကို တည့်တည့်ကြည့်ပြီး ဂုဏ်သရေရှိ မိန်းမမဟုတ်ဘူးလို့ ပြောရက်လေခြင်း မေမေရယ်"

"သမီး ဒီသူငယ်ကို သဘောကျနေသလား" မစ္စက်ဝေလင်က ဆက်မေးသည်။

"သူ့အပေါ် သမီး တပုံတပင်ကြီးကို စိတ်ဝင်စားတယ်"

မစ္စက်ဝေလင်က သက်ပြင်းချလိုက်ပြီး

"တခုပဲ ပြောချင်တယ်" ဟု ကုလားထိုင်ပေါ် ခွေခွေကြီးထိုင်ကာ သူ့စာအုပ်ကို ကောက်ကိုင်လိုက်ရင်း ပြောသည်။

"ဒို့များ ခေတ်တုန်းကတော့ ဒါမျိုး ကြား မကြားဘူးပေါင်"

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

(၂၂)

ကွိသည် ဂလောက်စက်စတာလမ်း အိမ်၏ ဧည့်ခန်းတွင် တစ်ယောက်တည်း ထိုင်နေသည်။ နေ့လယ်ပိုင်းက စစ်ရေးပြ အတွေ့အကြုံကို အလွန်စိတ်ဝင်စားမိသည်။ သို့သော် နူးညံ့သိမ်မွေ့သော ထိုဖြစ်ရပ် အစဉ်သည် သူ၏ ဆန်းစစ်မှုကို အံတုနေသည်။ ကြားခဲ့သမျှ မြင်ခဲ့သမျှသည် လျှို့ဝှက်ဆန်းကြယ်လှ၍ စိတ်ကသိကအောင့် ဖြစ်စရာပင် ကောင်းသည်။

ရှာလီနှင့် ပြောခဲ့ရသည့် စကားများကလည်း သူ့ကို စိတ်အနှောင့်အယှက် ဖြစ်စေသည်။ စောစောပိုင်းက သူစိတ်ဂဏှာမငြိမ်နိုင်အောင် ဖြစ်ခဲ့ရသော်လည်း ယခုမူ ဘာမျှ မစဉ်းစားတော့ပဲ ထိုင်နေလိုက်သည်။

နီကိုလိုဗီးယပ်က အိုင်ယာလန်တော်လှန်ရေး ပြည်ပြေးဘဝကို ဘာကြောင့်များ တန်းတန်းစွဲ ဖြစ်နေရပါလိမ့် ဟူ၍လည်း တွေးနေမိသည်။ သူသည် အဖိုးကြီး အိမ်တွင်နေပြီး အဖိုးကြီးကို သူလျှို့လုပ်နေရသလိုဖြစ်နေသည်။

ကွိသည် နီကိုလိုဗီးယပ်၏ အပြောအဆိုက အိုင်းရစ်လူမျိုးနှင့် မတူပုံကို သတိပြုမိသည်။ အိုင်ယာလန် သူပုန်တဦးဖြစ်၍ ၁၈၈၂ က ပြည်ပြေးခဲ့ရသည်ဆိုလျှင် နှစ်ပေါင်းများစွာကပင် ကိုယ့်နိုင်ငံသို့ ကိုယ် ပြန်သွားနိုင်ခဲ့ပြီဖြစ်သည်။

အဖိုးကြီးတွင် လျှို့ဝှက်ချက်ရှိမည်။ သူ့လျှို့ဝှက်ချက် သူမြို့ထားသည်မှာ အကြောင်းမဟုတ်။ ဘာမျှ အကျယ်အကျယ်မငြိမ်းဖွယ် လုပ်နေစရာမရှိ။ သို့သော် တအိုးတအိမ်တည်း အတူနေပြီး တဦးလုပ်သမျှကို တဦး စိတ်ထဲက သံသယ ရှိနေပါလျက် ယုံဟန်ဆောင်နေရသည်မှာမူ မလျော်လှချေ။ နီကိုလိုဗီးယပ်နှင့် သူ ဆက်ဆံရေးတွင် ရိုးသားပွင့်လင်းမှု ကင်းမဲ့နေရသည့်အတွက်ကို လိပ်ပြာမသန့်ဖြစ်နေရသည်။

ကွိထက် အနည်းငယ်နောက်ကျ၍ နီကိုလိုဗီးယပ်ရောက်လာသည်။ သူ့ဖိနပ်သည် ခါတိုင်းလို ပြောင်မနေ။ ဖုံအနည်းငယ်ကပ်နေသည်။

"စစ်ရေးပြပွဲ မြင်ခဲ့တယ်မဟုတ်လား။ ရှောင်လို့မှ မလွတ်နိုင်တာ မမြင်ပဲ ဘယ်နေမလဲလေ"

ကွိက မြင်ခဲ့ကြောင်း ပြောသည်။

"မြင်သာတဲ့ နေရာက ကြည့်ခဲ့ရရဲ့လား"

ကွိက အလွန်မြင်ကွင်းကောင်းကြောင်း၊ မစ္စက်ဝေလင်၏ အိမ်ဆင်ဝင်မှ ကြည့်ခဲ့ကြကြောင်း ပြောသည်။

မြန်မာ့မျှားနတ်မောင်

"ကျုပ်လဲ ရဲရဲတောက် စစ်ရေးပြပွဲကြီးကို မြင်ခဲ့ရပါသဗျား"

နီကိုလိုဗီးယပ်က ခနိုးခနဲ ပြောသည်။

သူသည် ပက်လက်ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်ပြီး သူ့စိတ်ကူးများကို ကျယ်လောင်စွာ ဖွင့်အန်နေသည်။

"ပြည်တွင်းစစ်ပြီးကာလ တောင်ပိုင်းရဲ့ စစ်ပြန်ကိုးကွယ်တဲ့ ဝါဒကို ဘယ်စာရေးဆရာကမှ ဖွင့်မချသေးဘူး။ ဘယ်ယဉ်ကျေးတဲ့နိုင်ငံမှာမှ ဒီလိုဟာမျိုး မရှိဘူး။ တောင်ပိုင်းရဲ့ အသိဉာဏ်ဟာ ဒီဒွန်း စဏ္ဍားတွေရှေ့မှာ ဦးညွှတ်ခိုင်း ခံနေရတယ်။ စစ်ပြန်ဝါဒဆိုတာ ဘုရားမကြိုက်တဲ့ အယုတ်အညံ့ဆုံး အသက်မွေးဝမ်းကျောင်းမှုပဲလို့ ကျုပ်ထင်တယ်။ **ဘားနဲ့မိုလော့** တို့တောင် ဒီယူနီဖောင်းဝတ် နတ်စုတ်နတ်အိုတွေလို နတ်ကိုးသူတွေကို မည့်ဉ်းဆဲဘူး"

ဘားနဲ့မိုးလော့။ ။ သမ္မာကျမ်းစာတွင် ခါနာန်ပြည်ဟု ဖော်ပြသော လက်ရှိ အစ္စရေးနိုင်ငံနေရာ၌ ရှေးက နေထိုင်ခဲ့ကြသည့် ဆီးမိုက်လူမျိုးတို့ ကိုးကွယ်သည့် သားဆုပန် ဘားနတ်ဘုရားနှင့် ကလေးသူငယ်၏ သွေးဖြင့် ယဇ်ပူဇော်ရသည့် မိုးလော့နတ်ဘုရား။ ၎င်းတို့အကြောင်းကို ခမ္မဟောင်းကျမ်း ယေရမိအနဝတ္တိကျမ်း (၃၂း၃၅) တွင် "သူတို့၏ သားသမီးများတို့ကို မောလုပ်ဘုရားအား ပူဇော်ခြင်းငှာ ဟိန္နွှမသား၏ ကုန်းချိုင့်၌ ရှိသော ဗာလ ဘုရား၏ ကုန်းတို့၌တည် လုပ်လေပြီ" ဟု ဖော်ပြသည်။ ဝတ်ပြုရာ ကျမ်း (၁၈း၂၁) တွင်လည်း သင်၏ သားသမီးတို့ကို မောလုပ်ဘုရားအား မီးဖြင့် မပူဇော်ရဟု ရေးသည်။

"တောင်ပိုင်းသမိုင်းနဲ့ ပတ်သတ်တဲ့ ခင်ဗျားရဲ့ အယူအဆတွေက ဘယ်ကရတာလဲ ပါမောက္ခကြီးရဲ့"

"လေ့လာတာပေါ့ဗျ။ ဒီမြို့မှာ ကျုပ်နေတာ သုံးနှစ်ရှိပြီ။ ကျုပ်နားတွေ မျက်စိတွေကို အမြဲအသုံးချနေခဲ့တာ"

ကို မတ်တပ်ရပ်လိုက်သည်။ အခန်းထဲတွင် လမ်းလျှောက်နေသည်။ သူ့စိတ်တွင် ဆုံးဖြတ်ချက်တခု အခိုင်အမာ ချလိုက်သည်။ သံသယများကို မပယ်ဖျောက်နိုင်သရွေ့ သူ့ကိုယ်သူ ရိုးသားသည်ဟု ထင်နိုင်တော့မည် မဟုတ်။ သူသည် နီကိုလိုဗီးယပ်၏ ကျေးဇူးခံ ကျေးဇူးစားမဟုတ်။

"ကျုပ်အမြင်တွေကို ထူးခြားလှပီလို့ မထင်စေချင်ပါဘူး။ နာမည်ကျော် တောင်ပိုင်းသမိုင်းဆရာတွေလဲ ရေးနေတာပါပဲ"

ကိုက သူ့ဘက်သို့ လှည့်ပြီး

"ခင်ဗျား ဘယ်တုန်းကမှ တောင်ပိုင်း သမိုင်းဆရာတွေရေးတာ မဖတ်ဖူးဆို"

နီကိုလိုဗီးယပ်ပြုံးလိုက်ပြီး

"ကျုပ်ဝန်ခံရဦးမယ်။ သုံးရက်လောက်တုန်းက ကျုပ် အနှစ်အစိတ်လောက် လုပ်လာခဲ့တဲ့ အကျင့်ကို ဖျက်လိုက်တယ်။ စာအုပ်အဟောင်း ဆိုင်ကလေးတခုမှာ သမိုင်းစာအုပ်တအုပ်တွေ့တာနဲ့ ဝယ်လာခဲ့တယ်"

ကိုသည် ဗိုလ်မှူးဘရွတ်ပြောသော စကားကို ကြားယောင်နေသည်။ ထိုစကားမှာ

"ဒီလူကြီးကို ကျွန်တော် ဟိုတုန်းက မြင်ဖူးတယ် ထင်တာပဲ။ အဲဒီတုန်းကတော့ ရုပ်တမျိုးပေါ့။ ဒါပေမယ့် ဒီမျက်နှာပေါက်ပါပဲလေ"

"ကျုပ်ဝယ်လာခဲ့တဲ့ စာအုပ်လေး ပြရဦးမယ်"

နီကိုလိုဗီးယပ်သည် သူ့အခန်းထဲသို့ ဝင်သွားသည်။ သားရေဖုံး စာအုပ်ကလေးတအုပ်ကို ယူပြီး ချက်ချင်း ပြန်ထွက်လာသည်။ စာအုပ်ပေါ်မှ ဖုံများကို ပါးစပ်နှင့် မှုတ်ထုတ်သည်။

ကိုစိတ်ထဲတွင် 'သုံးရက်လဲ ဆိုသေး၊ ဖုံတွေလဲ မှုတ်ထုတ်နေရသေး' ဟု မတွေးမိပဲ မနေနိုင်အောင် ဖြစ်ရသည်။

"ဘာစာအုပ်လဲ"

"ပြန်လည်တည်ဆောက်ရေးကာလ အကြောင်းကို ခိုင်ခိုင်လုံလုံ ရေးထားတဲ့ စာအုပ်ပေါ့။ ခင်ဗျားကို စာပိုဒ် ကလေးပိုဒ် ဖတ်ပြမယ်။ ဒါမှ ခင်ဗျား အမြင်မှန်ရမယ်"

နီကိုလိုဗီးယပ်က ထိုင်လိုက်ပြီး စာရွက်များကို တရွက်ချင်း လှန်နေ၏ ကိုက အနီးတွင်ကပ်ကာ စူးစိုက် ကြည့်နေလေသည်။

"မတွေ့တော့ပါဘူးဗျာ။ ခင်ဗျားကို ဖတ်ပြနေလဲ မထူးပါဘူး။ ခင်ဗျားတို့ခေတ်က သက်ကြီးစကား သက်ငယ် မကြားချင်တဲ့ ခေတ်ပဲ"

နီကိုလိုဗီးယပ်သည် စကားပိတ်ပြောလိုက်ပြီး ဆေးလိပ်ပြာကို စားပွဲပေါ်မှ ပြာခွက်ထဲတွင် ချေချရန် ကုန်း လိုက်သည်။ ထိုအခိုက်တွင် သူ့ပေါင်ပေါ်မှ စာအုပ်ကလေး အောက်သို့ ကျသွားသည်။ စာအုပ်ထဲမှ စာတရွက် ကိုခြေထောက်နားသို့ လာကျသည်။ ကို ကောက်ယူလိုက်၏။

စာကလေးတစောင်။ စာအိတ်ပေါ်တွင် လိပ်စာ ရေးထားသည်။ မှုန်မှုန်မှားမှားသာ ထင်တော့သော်လည်း လက်ရေးထင်ရှား၍ ကိုအဖို့ မကြည့်ချင် မြင်ရက်သား ဖြစ်နေ၏။

ဟင်နရီဂျီဆာဖေ့
၃၆၊ ဝါရှင်တန်လမ်း

ငြိမ်သက်သွားသည်။

ကိုက စာအုပ်ကို လှမ်းပေးသည်။ နီကိုလိုဗီးယပ်က စာအိပ်ကို မကြည့်သလိုနှင့် ကြည့်သည်။ သူ့မျက်နှာ သည် သွေးဆုတ်သလို ဖြူနေ၏။ နီကိုလိုဗီးယပ်သည် စာအုပ်ကို တဖျတ်ဖျတ်လှန်နေသည်။ ဘာမျှ မပြောလို၊ ဘာမျှ မလုပ်လို။ မသိလိုက် မသိဖာသာ နေလိုက်ဖို့ပင်ဖြစ်သည်။

သို့သော် ကို မျိုသိပ်မထားနိုင်တော့။ နီကိုလိုဗီးယပ်ရှေ့တွင် တောင့်တောင့်ကြီး ရပ်ပြီး

"ပါမောက္ခ နီကိုလိုဗီးယပ်" ဟုခေါ်လိုက်သည်။

"ဘာပါလိမ့်"

"ခင်ဗျား မကြိုက်မယ့် စကား ပြောရဦးမယ်။ ခင်ဗျား ကျွန်တော့်ကို ပြောပြတဲ့ ခင်ဗျားဇာတ်ကြောင်းကို ကျွန်တော် ယုံရခက်ကြီးဖြစ်နေတာ ကြာပြီ"

"အား ယုံစရာမလိုပါဘူး။ ဒီကိစ္စရေးကြီးခွင်ကျယ် လုပ်မနေပါနဲ့လေ" နီကိုလိုဗီးယပ်က စာအုပ်မှ မျက်နှာ မခွာပဲ ပြောသည်။

"ကျွန်တော် ရိုးရိုးပဲ ပြောမယ်။ စာအိတ်ပေါ်က လိပ်စာကို ကျွန်တော်မြင်လိုက်တယ်"

"ဒါလဲ ရေးကြီးခွင်ကျယ် လုပ်စရာမလိုပါဘူး"

"ပါမောက္ခကြီးသည် မနေသာတော့သည့် အဆုံးမှ ခေါင်းမော်ကြည့်လိုက်သည်။

"ကဲ ကဲ ဆိုပါဦး။ ဘယ်သူနာမည် တွေ့သလဲ"

ကိုသည် ပါမောက္ခကြီးအတွက် စိတ်မကောင်းဖြစ်မိ၏။ သံမဏိလို ခိုင်မာသော သူ၏ စိတ်ထိန်းချုပ်နိုင်မှု ကိုလည်း ချီးကျူးမိ၏။ သူ့နှုတ်ခမ်း သွေးရောင်မရှိ။ သို့သော် သူ့မျက်လုံးငြိမ်သည်။ သူ့အသံပြောရိုး ပြောစဉ်ပုံမှန်။

"ကျွန်တော်ထင်တော့" ကိုက ပြောသည်။

"ခင်ဗျားဆီကို လိပ်တပ်တာနဲ့ တူတယ်"

အကြာကြီးငြိမ်နေသည်။ နှစ်ယောက်လုံး မလှုပ်မယှက် တယောက်မျက်နှာ တယောက်မျက်လုံးကို တယောက် စိုက်ကြည့်နေသည်။ ကိုအဖို့ ကမ္ဘာကြီးပြိုပဲ့ကွဲ ကျသွားသည်ဟုထင်မိ၏။ စူးရှသော မျက်လုံးနှစ်က သူ့မျက်လုံးထဲသို့ ဖောက်ထွင်း စူးဝင်နေသည်။

နီကိုလိုဗီးယပ်က တိတ်ဆိတ်ခြင်းကို ခွင်းလိုက်သည်။ သူ့အသိဉာဏ်က သူ့စိတ်ခံစားမှုကို အောင်နိုင်လိုက်၍ ငြင်းချက်ထုတ်ရန် မကြိုးစားတော့။

"ကဲ ဒီတော့၊ ဒီတော့"

ကို၏ အကြည့်တွင် သူတုန်လှုပ်စ ပြုလာသည်။ ဧရာရိပ်သန်းနေသော သူမျက်လုံးများထဲတွင် ချောက်ချားမှု ပေါ်နေသည်။ ကိုသည် သူ့နှုတ်မှ ထွက်သွားသော သူ့စကားကို သူအံ့သြနေမိသည်။

"ကိစ္စမရှိပါဘူး။ ဘာမှ မဖြစ်စေရပါဘူး"

"ဒါဖြင့် ခင်ဗျားဒီမှာ ဆက်နေမယ်ပေါ့"

ကိုအသံက ဖြေသည်။

"ခင်ဗျား နေစေချင်သရွေ့ နေပါဦးမယ်"

နီကိုလိုဗီးယပ်သည် ပြိုလဲကျတော့မလို ဖြစ်သွားသည်။ သူသည် ကုလားထိုင်ပေါ်တွင် ထိုင်လိုက်ပြီး မျက်နှာကို လက်ဝါးဖြင့် အုပ်ထားသည်။ ကိုသည် ပန်းနုရောင်သန်းကာ နေဝင်ချိန် တိမ်တောက်နေသည့် အနောက်ကောင်းကင်ပြင်တခွင်သို့ လှမ်းမျှော်ကြည့်နေသည်။

မိနစ်ပိုင်းအတွင်း လျှို့ဝှက်ချက်ကြီး ပေါ်လာသည်။ ပါမောက္ခနီကိုလိုဗီးယပ်နှင့် နိုင်ငံရေး သစ္စာဖောက်ကြီး၊ ထောင်ထွက်ကြီး သစ္စာတရားအခေါင်းပါးဆုံး မိတ်ဆွေတုကြီးသည် တယောက်တည်း တဦးတည်း ဖြစ်နေသည်။

ကံကြမ္မာသည် ကို၏ မေးခွန်းများကို ဖြေကြားရန် စာအိတ်ကလေးကို သူ့ရှေ့သို့ ချပေးလိုက်သလို ဖြစ်နေ၏။ စာအုပ်ကလေးသည် ပါမောက္ခကြီးငယ်စဉ်က သူ့စာကြည့်တိုက်မှ စာအုပ်ဖြစ်ပေလိမ့်မည်။ အခြားပစ္စည်းမှန်သမျှကို သဲလွန်စမပေါ်အောင် အကုန်အစင် ဖျက်ဆီးပြီး ဖြစ်သော်လည်း ဤစာအုပ်ကလေးကိုကား အကြောင်းတခုခုကြောင့် သိမ်းမြဲ သိမ်းထားခဲ့ခြင်းဖြစ်မည်။ ထိုစာအုပ်ကလေး အကြား၌ သူ့ကို စွဲချက်တင်မည့် စာကလေးသည် နှစ်ပေါင်း သုံးဆယ်လုံးလုံး မေ့မေ့ပျောက်ပျောက် ညပ်နေခဲ့သည်။ ယခုတခဏ၌ ဘွားကနဲ ပေါ်လာရန် စောင့်စားနေသကဲ့သို့ ဖြစ်သည်။

ဟင်နရီ ဂျီဆာဖေ့။

ဤနာမည်သည် ရိုးသားသူတိုင်း စက်ဆုပ်ရွံရှာသော သစ္စာဖောက်ခြင်း ၊ သစ္စာမဲ့ခြင်း၊ ကတိယွင်းခြင်း၊ မရိုးသားခြင်း စသော ဝေါဟာရများနှင့် သံတူကြောင်းကွဲဖြစ်သည်။

ဤနာမည်သည် နိုင်ငံရေး အဘိဓာန်မှ နာမည်ပျက်ခြင်း၊ သတင်းပုပ်ခြင်း၊ အသရေယုတ်ခြင်း စသော ဝေါဟာရများကို ဆာဖေ့ဝါဒဆိုသော စကားလုံးဖြင့် အစားထိုးသည့် နာမည်ဖြစ်သည်။

"ဟုတ်တယ်။ ကျုပ် အဲဒီလူပဲ။ ဘုရားကယ်တော်မူပါ"

ကိုသည် ပြတင်းပေါက်မှ ကျော်၍ နေဝင်ချိန် ရှုခင်းကို ကြည့်မြဲ ကြည့်နေသည်။ အိုင်ယာလန်သူပုန်ပြည်ပြေးကြီး နီကိုလိုဗီးယပ်ကို သူ မနှစ်မြို့ဟုဆိုလျှင် ကိုယ့်ယုံကြည်ချက်ကို စွန့်သူ **ဆေတန်** ဆာဖေ့ကို သူစက်ဆုပ်သည်။ ဘာကြောင့် ဤလိုလူမျိုးနှင့် အတူဆက်နေရန် ရူးရူးနှမ်းနှမ်း သူ ကမ်းလှမ်းမိပါလိမ့်။

ဆေတန်။ ။ ခရစ်ယာန်ဘာသာတွင် အကြီးဆုံး နတ်ဆိုး။ သမ္မာကျမ်းစာတွင် စာတန်မာရ်နတ်ဟု ရေးသည်။

ဤအပြုအမူမျိုး၏ သိပ္ပံနည်းကျ ဝေါဟာရကို သူသိသည်။ အယ်လ်ထရူးအစ်ဇင်၊ ကိုယ်ကျိုးစွန့်ခြင်း၊ အနစ်နာခံခြင်း ဖြစ်သည်။ ကိုယ်ကျိုးစွန့်မှုတွင် ဘဝပီတိ ရရှိနိုင်ကြောင်း ဖီဖီက သူ့ကို အာမခံခဲ့၏။ သို့သော် ဒါ ဘဝပီတိလား။

"ခင်ဗျား ဇာတ်ကြောင်းစုံ သိတယ် မဟုတ်လား"

"ဟုတ်ကဲ့။ ကြားဖူးပါတယ်"

"ကြားဖူးမှာပေါ့။ အစ္စကရိယော့လို လူတိုင်း သိနေတဲ့ နာမည်ပဲ။ လူတွေ ကျုပ်ကို အခဲမကျေပုံတော့ ပြောမပြနိုင်အောင်ပဲ"

သူ့အသံတွင် အရှက်ထက် နာကျည်းမှု လွှမ်းနေသည်။ သူ့မျက်နှာ သွေးရောင် ပြန်သန်းလာသည်။ သူ့နှုတ်ခမ်း နီလာသည်။ သူ့လက်၊ သူ့မျက်လုံး ငြိမ်လာသည်။ မဟာချောက်ချားမှုကြီးသည် ပေါ်လာပြီး ပြန်ပျောက်သွားသည်။ အခန်းကလေးသည် နကိုနေ မပျက်။

"တနေ့တော့ ခင်ဗျားကို အကုန်ပြောပြမယ်လို့ ကြံထားတာပါ" ဆာဖေ့က ပင်ကိုယ်သံမပျက် ပြောသည်။

"ဒါပေမယ့် မှန်းထားတာထက် စောနေတယ်။ ကျုပ်သေတဲ့အထိ ခင်ဗျား နှုတ်လုံမှာပဲလို့ ယုံပါတယ်"

"ကျွန်တော့်ကို စိတ်ချလက်ချသာ ယုံပါ။ ဒါပေမယ့် ပြောချင်မှလည်း ပြောပါ"

ဆာဖေ့၏ မျက်လုံးများသည် နူးညံ့မှုဖြင့် ရွှန်းလဲ့နေသည်။

"ခင်ဗျားမျက်နှာက လူတိုင်း ယုံရဲတဲ့ မျက်နှာပါဗျာ"

တယ်လီဖုန်းခေါ်သည်။ ဝက်စ်က အပြင်သွားစရာရှိ၍ သူ့ကို အလုပ်ဆင်းခိုင်းခြင်း ဖြစ်သည်။

ဆာဖေသည် စကားတတွတ်တွတ် ပြောလာသည်။ ကွိကို ပြောတာထက် သူ့ကိုယ်သူ ပြောနေသလို ပြောသည်။ သူဘဝ အပြိုအပျက်ကြီးထဲသို့ နောက်ပြန် လျှောက်နေသည်။ အလင်းရောင်ကွယ်လာပြီး ဆည်းဆာရောက်၊ ဆည်းဆာမှ ညချမ်းဝင်လာသည်။ သူ့စကား အမျှင်မပြတ်။ ကွိက တလုံးတပါဒမျှ ဝင်မပြောဘဲ လွှတ်ပေးထားလိုက်သည်။

"ခင်ဗျားမှာ ကိုယ့်အသိုင်းအဝိုင်းကို ကိုယ် မုန်းဖို့အကြောင်း မပေါ်တာ ဘုရားမတာပဲ။ ကျုပ်မှာတော့ အကြောင်းရှိခဲ့တယ်။ ဒါ ကျုပ်ဘဝရဲ့ မချမ်းမြေ့ရတဲ့ အရင်းခံအချက်ပဲ။ ကျုပ်မုန်းတာတော့ မပြောနဲ့တော့။ ခုလဲ မုန်းတုန်းပဲ။ ဝေလင်ကိုလဲ မုန်းတာပဲ။ လူတိုင်းက ကျုပ်ကို လှည့်မကြည့်ချင်နေတဲ့ အချိန်မှာ သူက ဟိတ်ကြီး ဟန်ကြီးနဲ့ မေတ္တာ စေတနာ သဒ္ဒါတွေ စွန့်ကြဲခဲ့တယ်လေ"

ရှာလီဝေလင်ကို ပါမောက္ခကြီး ဘာကြောင့် ခါးခါးသည်းသည်း ဖြစ်ရသည့်အကြောင်းကို ကွိ သဘောပေါက်လာသည်။

လေကလေး တဖြူးဖြူး ဝင်လာသည်။ ဆာဖေသည် ဆေးလိပ်ကို လုံးဝမဖွာအားဘဲ တလိပ်တိုသွားရင်း တလိပ်ညှိရင်းလုပ်နေသည်။ စကားကိုသာ ကရားရေလွှတ် တတွတ်တွတ် ပြောနေသည်။

"ကျုပ်က စိတ်ထက်တယ်။ ကျုပ်ကို ရိုက်ရင် အမြီးနုံ့ပြီး ခံတဲ့လူမဟုတ်ဘူး။ စော်ကားမော်ကားလုပ်ရင် ကမ္ဘာမကျေဘဲ။ လက်တုံ့ပြန်တယ်။ သူသေ ကိုယ်သေ ပြန်လုပ်တာ။ ကျုပ်ပြန်လုပ်တော့ ပြည်နယ်တခုလုံး ဗြောင်းဆန်သွားတာပေါ့။ ကျုပ်ဘက်မှာ ယုတ်မာတဲ့ နီးဂရိုးတွေ၊ စဏ္ဍာလလို လူဖြူတွေထက် သာတဲ့လူတွေသာရှိရင် ပြည်နယ်သမိုင်းကို ဒီလက်က ရေးနေမှာဗျ သိလား"

ဆက်ပြောသည်။

"ကျုပ်က ဒီလို လက်တုံ့ပြန်တော့ သူတို့က ဘာပြန်လုပ်သလဲ။ ဝိုင်းပယ်တယ်။ မိန်းမယုတ်တွေ၊ ခွေးစုတ်တွေ လုပ်တဲ့ အကျင့်လေ"

ဆက်ပြောပြန်သည်။

"ဒါပေမယ့် ကျုပ်ကို ကမ်းနေတဲ့ လက်တွေလဲ ရှိတာပဲ။ သရဲဘောကြောင်တဲ့ တဇောက်ကန်းတွေထက် ပိုပြီး သမစိတ္တမျှတဲ့ လူတွေ ရှိတယ်။ ကျုပ်က နှိမ်ထားလို့ရတဲ့လူ မဟုတ်ဘူး။ ကျုပ်အသိုင်းအဝိုင်းသစ်မှာ ကျုပ် ဘုရင်ပြန်ဖြစ်တာပေါ့။ ဒါပေမယ့်အရင်လိုတော့ ဘယ်ပြန်ဖြစ်တော့မလဲ"

ဆက်ပြောနေသည်။

"အင်း ဟုတ်တယ်။ ကျုပ်ဝေလင်ကိုလည်း နာနာဆုံးမချင်တယ်။ အပေါ်စီးနဲ့ စောင်မတာ၊ **ဆမာရီတန်** လုပ်တာကိုဆုံးမချင်တယ်။ သူ့ကို ဆုံးမရင်း သူ့အပေါင်းအသင်းတွေကိုလည်း ဆုံးမရတာပေါ့။ သူ ငွေပြန်လိုချင်တဲ့အခါ မရစေရဘူး။ ကျုပ်က အလုပ်ကြီး အကိုင်ကြီးနဲ့ နေနိုင်ရမယ်။ သူ ကျုပ်ကို အရေးယူလို့ မရစေရဘူး။ ဒါပေမယ့် ကျုပ်က ငွေကိစ္စ ကြေးကိစ္စ မနိုင်ဘူး။ ပြုတ်ကုန်တယ်။ အများစုက ဘာလုပ်သလဲ။ ရာဇဝတ်မှုလုပ်တယ်။ ပီးတော့ ဝိုင်းလှောင်ကြတယ်။ ကျုပ်ဒါတွေပြန်စဉ်းစားပီး အိပ်မပျော်တာ ကိုးနှစ်ရှိပြီ။

ဆမာရီတန်။ ။ သမ္မာကျမ်းစာလာ ကရုဏာရှင်။ ။"ရှမာရီ လူတယောက်သည် ခရီးသွားရာတွင် ထိုလူနာရှိရာသို့ ရောက်၍ မြင်ရသောအခါ ကရုဏာစိတ်ရှိသည်နှင့်" (ရှင်လုကာ ခရစ်ဝင် ၁၀း၃၃-၃၄)

"ကျုပ်ဘဝကို သင်ခန်းစာယူ။ လူအဖွဲ့အစည်းကို ခံတိုက်လို့ မရဘူးဆိုတာ မှတ်ထားဗျာ။ သူတို့မှာ အများစု အင်အားရှိတယ်။ အဲဒီအများစု အင်အားကိုသုံးဖို့ရာ ဝန်လည်းမလေးဘူး။ အရှက်လဲ မရှိဘူး။ ဒါပေမယ့် ကျုပ်လက်မခြောက်ပါဘူး။ ကျုပ်က တိုက်ရင်း သေမယ့်လူ။ သေတဲ့အချိန်မှာတောင် **ပသီမြွားတစင်း** တော့ ပစ်သွားဦးမယ့်လူ"

ပသီမြွားတစင်း။ ။ ရှေးခေတ် ပသီ မြင်းစီးမြွားသည်တော်တို့ စစ်ပွဲ၌ ဆုတ်ခွာပြေးရလျှင် နောက်ဆုံးလူက မြွားတစင်း ပြန်ပစ်သည့် အလေ့

"ဒါကြောင့် ပြန်လာတာ။ ဒီမှာ ပြန်သေမယ်။ ကိုယ့်အသိုင်းအဝိုင်းကြားမှာ ပြန်သေမယ်။ တခြားမှာ သေတာ အဓိပ္ပာယ်မရှိဘူး။ ကျုပ်ကိုယ်ကျုပ် မှန်ထဲ ပြန်ကြည့်တယ်။ ကျုပ်ကိုမွေးတဲ့အမေတောင် မှတ်မိမှာ မဟုတ်ဘူး။ ဒါကြောင့် လွန်ခဲ့တဲ့ နှစ်ငါးဆယ်က ကျုပ်လက်ပေါ်မှာ ကြီးတဲ့ ဂျင်နီပိန်တာအိမ်ကို တောက်လျှောက်လာခဲ့တာ။

"ညစာစားပွဲမှာ သူတို့ ပြောကြ ဆိုကြတာတွေ ရီရတယ်။ ဘရွတ်က အပြောဆုံးပဲ။ ဒါပေမယ့် ကျုပ် စိတ်တိုပုံမျိုးနဲ့ ကြာရှည်မဖြစ်ဘူး။ ဧရာထောင်းလာချိန်မှာ ဆိတ်ဆိတ်ငြိမ်ငြိမ် ကင်းကင်းရှင်းရှင်းကလေး နေချင်တယ်။ ကျုပ် ကြိုးကြိုးစားစား လုပ်ပြီး စုထားတဲ့ ငွေကလေးနဲ့ . . ."

အခန်းထဲတွင် မှောင်လာသည်။ ဆာဖေ့အသံ ညင်သာလာသည်။

"အဲဒီအိမ်မှာ ခင်ဗျားကို တွေ့တယ်။ စာပေလုပ်ငန်းမှာရော၊ သတင်းစာလုပ်ငန်းမှာရော၊ ကာယဗလ လုပ်ငန်းမှာရော တိုက်ပွဲဝင်နေတာ တွေ့တယ်။ ကျုပ်က တိုက်ရဲတဲ့လူမျိုးမှ ကြိုက်တာ ဒါနဲ့ ခင်ဗျားနဲ့ မိတ်ဆွေဖွဲ့ခဲ့တာ။ ခင်ဗျားက တခြားလူတွေလို ကျုပ်ကို ကန်မထုတ်တာ ကျေးဇူးသိပ်တင်တယ်"

"ဒီနေရာမှာ ကျေးဇူးတင်တာတွေ ဘာတွေ မလိုပါဘူးဗျာ"

ကို မီးထထွန်းသည်။ အဖိုးအိုကြီးသည် ပက်လက်ကုလားထိုင်ပေါ်တွင် လှဲနေသည်။ သူ့ကို ကြည့်ရသည်မှာ ခင်စရာမင်စရာ တကွက်မရှိ။ သို့သော် ကိုသည် နောက်ကြောင်းပြန်တွေးပြီး ဝမ်းနည်းတတ်သူမဟုတ်။ သူစိတ်ပိုင်းဖြတ်ပြီးပြီ။

အဖိုးကြီးရှေ့တွင် သူရပ်လိုက်သည်

"ပါမောက္ခနီကိုလိုဗီးယပ်" ကိုသည် နာမည်ကို အသံမြှင့်၍ ခေါ်သည်။

"ကျွန်တော်တို့ ဘာမှ မဖြစ်သလိုပဲ နေသွားကြတာပေါ့။ ကဲ ညစာ သွားစားကြစို့"

ဆာဖေ့သည် မတ်မတ်ရပ်လိုက်ပြီး ကို လက်ကို သံပြုတ်တူနှင့်ညှပ်သည့်ပမာ ညစ်လိုက်၏။ သူမျက်လုံးများသည် မျက်ရည်ဝဲနေသည်။

"ဘုရားသခင် စောင်မပါစေဗျာ။ ခင်ဗျား တကယ့်ယောကျ်ားပါပဲ"

ဆာဖေ့သည် ညည့်နက်သည်အထိထိုင်ကာ သူ့မိတ်ဆွေကလေးနှင့် ရှာလီတို့၏ ခင်မင်ရင်းနှီးမှုကို ခွဲပစ်ရမည့်အရေး တန့်နဲ့နဲ့ တွေးနေသည်။

ထိုအချိန်မှာပင် ကိုကလည်း သတင်းစာတိုက်တွင် အလုပ်ရှုပ်ရင်း သူ့ဖခင်ကို သစ္စာဖောက်၊ သူ့ဥစ္စာကို လုယူသည့် ဆာဖေ့နှင့် မိမိတို့ ပေါင်းဖက်တွေ့နေကြောင်း ရှာလီသာ သိလျှင် ပြောလာဆိုလာမည့် အရေးကို တမ်းတမြို့ တွေးနေမိလေ၏။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

(၂၃)

ဂျန်နဝါရီလတွင် လွတ်တော်ဆင့်ခေါ်သည်။ ဆောင်းဦးကာလနှင့် ဆောင်းရာသီလ တလျှောက်လုံး ပို့စ်သတင်းစာသည် အရေးကိစ္စကြီးနှစ်ရပ်ကို မပြတ်မလပ် ဖော်ထုတ်နေခဲ့သည်။ အခွန်ဥပဒေ ပြုပြင်ရေးနှင့် အမျိုးသမီး စောင့်ရှောက်ရေးဥပဒေ ဖွင့်လှစ်ရေး ကိစ္စကြီးနှစ်ခု ဖြစ်သည်။

ထိုလူပ်ရှားမှုကြီးနှစ်ခုလုံးကို လက်ထောက်အယ်ဒီတာ ကိုက တာဝန်ယူ ရေးပေးရသည်။ လွတ်တော်သည် သူ့ကို ပေလာယျက် လုပ်ထား၍ မရတော့။ ကိုယ့်ခေါင်းကို တင်းပုတ်နှင့် ထုနေသူအား ဥပေက္ခာပြု မထားနိုင်တော့သကဲ့သို့ပင်။

ကိုက နည်းမျိုးစုံနှင့် တင်ပြသည်။ သမိုင်းနည်း၊ နှိုင်းယှဉ်ချက်နည်း၊ နိုင်ငံရေးနည်း၊ ကိုယ်ကျင့်တရားနည်း၊ သိပ္ပံနည်း၊ လူမှုဆက်ဆံရေးနည်း၊ လူမှုရေးသိပ္ပံနည်း စသည့် နည်းပေါင်းများစွာဖြင့် ကိုးကားရေးသားသည်။

ပို့စ်နှင့် သူ့ယုတ္တိကို သဘောကျသည့် ပြည်နယ် အတွင်းရှိ အခြား သတင်းစာများကလည်း မထောက်မညှာ ဝေဖန်တိုက်ခိုက်မှုကို ဆက်လက်ပြုလုပ်သည်။

မြန်မာ့မျှားနတ်မောင်

ယခုနှစ် လွှတ်တော်သည် 'ချွေတာခြိုးခြံရေး' ကြွေးကြော်သံဖြင့် တက်လာသော လွှတ်တော်ဖြစ်သည်။ 'တိုးတက်ရေး' စကားလုံးသည် လက်သုံးစကားမဟုတ်။ အမြော်အမြင်ရှိရှိ အသုံးစရိတ်လျှော့ချဖြတ်တောက်ရေး' သည် လက်သုံးစကားဖြစ်သည်။

တပါတီ တရှည်ကြီးစိုးသော ပြည်နယ်များ၌ တနေ့နေ့တွင် မတော် မတရားလုပ်သမျှ ခြေချော်လက်ချော် ပေါ်ကုန်တတ်သည်။ ဤဖြစ်ရပ်မျိုး သမိုင်းတွင် ထပ်မနား ကြုံတတ်ကြောင်း လေ့လာသူတိုင်းသိသည်။

ရာထူးများကို စနစ်တကျ ချဲ့ထွင်သည်။ သစ္စာခံများအား ဆပ်ွားဆတိုး ရက်ရောပေးကမ်းသည်။ ဝန်ထမ်း လစာရိက္ခာကို မဆုံ့မပြဲ တိုးချဲ့သုံးစွဲသည်။ သို့ဖြင့် အချုပ်အချာ အာဏာပိုင်စိုးသူ လူထုက ဆူပွက်သည်။ မဲဆန္နယ်၏ ဒေါသကို လေးစားရကောင်းမှန်းသိသော ပါတီဆိုင်ရာတို့က ပြည်နယ်အသုံးစရိတ်များကို လျှော့ချမည်ဟု ကြေညာသည်။ လွှတ်တော်အသံသည် ခြိုးခြံ ချွေတာရေးဖြစ်လာသည်။

အောင်ပွဲခံသော အချုပ်အချာ အာဏာပိုင်လူထုကြီး ကိုယ့်လုပ်ငန်းခွင် ကိုယ်ပြန်ဝင်သည်။ နောက်တပတ် လွှတ်တော် ဆင့်ခေါ်သောအခါတွင်မူ အမတ်မင်းတို့ ပြည်သူ့ငွေအိတ် နှိုက်မြဲ နှိုက်ကြပြန်သည်။

ဤဖြစ်ရပ်မျိုးသည် ဤပြည်နယ်တွင် ယခု ကြုံလာသော အသုံးစရိတ်များကို ဆထက်တပိုး တိုးချဲ့သည်။ ကော်မရှင်များ ဘုတ်အဖွဲ့များ၊ လက်ထောက် ကြီးကြပ်ရေးမှူးများ၊ တတိယလက်ထောက်စာရေးများ စသည်ဖြင့် ရာထူး အရေအတွက်မှာလည်း မယုံနိုင်လောက်အောင်များသည်။ ပြည်နယ်အစိုးရကို ကြည့်လိုက်လျှင် ရာထူး အခေါ်အဝေါ် ဆန်းဆန်း၊ တာဝန်ဆန်းဆန်းနှင့် ပြည်သူ့ဘဏ္ဍာရင်နှီးကို တနှစ်၊ နှစ်နှစ်၊ နှစ်ပေါင်း နှစ်ဆယ် စသည် မှိန်းစို့နေကြပြီး နို့ဖြုတ်လိုက်လျှင် တအီအီငိုကြမည့် လူကြီးများကို တွေ့ရမည် ဖြစ်သည်။

သူတို့ လုပ်နေပုံကို ရွေးကောက်ပွဲတွင် ဖော်ထုတ်ခဲ့သည့် အတိုက်အခံတို့၏ တိုက်ခိုက်မှုများအား သစ္စာတော်ခံ ခေါင်းဆောင်များနှင့် ပါတီသတင်းစာများက 'ဖြေကြား' ကြသည်။ သို့သော် မနှစ်က အသုံးစရိတ်နှင့် လွန်ခဲ့သည့် ဆယ်နှစ်က အသုံးစရိတ် ကွာခြားမှုသည် သတင်းစာထဲမှာ မရှုမလှကြီးပေါ်လွင်နေသည်။

ထို့ကြောင့် ယခုနှစ် လွှတ်တော်သည် 'ခြိုးခြံရေး အစည်းအဝေး' ဖြစ်သည်။ ပြည်သူ့ဘဏ္ဍာကို တပြားတချပ်မှစ၍ စစ်စစ်ပေါက်ပေါက် သုံးစွဲလိမ့်မည်ဟု အများပည်သူတို့အား ထင်မြင်သဘောပေါက်စေသည်။ ရုံးဌာနလုပ်ငန်း အဖွဲ့အစည်းများအဖို့လည်း အသုံးစရိတ်ငွေ ပိုတောင်းလျှင် ရဖို့ နေနေသာသာ လေးချိုးတချိုး လျှော့မသွားလျှင် ကံတော်ပေစွဟု ဆိုရလောက်အောင် စစ်စီလိမ့်မည်ဟု အများပြည်သူအား ထင်မြင်သဘော ပေါက်စေသည်။

ပို့စ်သတင်းစာ၏ အခွန်စနစ်ပြုပြင်ရေးသည် ဤအခြေအနေနှင့် ထိပ်တိုက်တိုးသည်။ သို့သော် ကွိသည် လူထု ထင်မြင်ယူဆချက်ကို ဖန်တီးနိုင်သည်။ အခွန်စနစ် ပြုပြင်ခြင်းဖြင့် ပြည်နယ်အတွက် မနစ်နာ။ ငွေစာရင်း ခေါင်းစဉ် ပြင်ဆင်ခြင်း၊ ဖိဖိစီးစီးစည်းကြပ်ခြင်းဖြင့် ငွေ သိန်းပေါင်းများစွာ ဝင်ငွေတိုးလာနိုင်သည်။

အမျိုးသမီး စောင့်ရှောက်ရေးဂေဟာ အရေးမှာမူ တမျိုးတဘာသာဖြစ်သည်။ ပြည်နယ်က ဒေါ်လာတသိန်း ငွေရင်းမတည်ရမည့်အပြင် နှစ်စဉ်လည်း ထောက်ပံ့သွားရဦးမည်။ အလွန်ကောင်းမြတ်လုပါ၏။ သို့သော် ခြိုးခြံ ချွေတာရေး လွှတ်တော်သို့ တင်ပြတောင်းဆိုရန် ကျိုးကြောင်းမသင့်မြတ်ဆုံး ကိစ္စဖြစ်နေပါသည်ဟု ခေါင်း ဆောင်များက ဆိုကြသည်။

တကယ်ဆိုတော့ ထိုဒေါ်လာတသိန်းဆိုသည့်ငွေမှာ သူတို့အဖွဲ့အစည်း အကျိုးအတွက် အသုံးပြုရန် လိုအပ်နေသည့် ငွေကြေးပမာဖြစ်နေသည်။

လက်ထောက်အယ်ဒီတာကလေးသည် အမျိုးသမီး စောင့်ရှောက်ရေးဂေဟာ ဥပဒေကြမ်း မူချ အတည်ဖြစ်ရမည်ဟု ယုံကြည်သည်။

ဤအရေးသည် သူ့ခေါင်းကြီးကို ပွဲဦးထွက်အောင်ပွဲခံခဲ့သည့် အရေးဖြစ်သည်။ သူ့ခေါင်းကြီး၏ အကြောင်း အရာဖြစ်သော 'ပါးစပ်သရမ်း' ကလေးများသည် အမျိုးသမီး စောင့်ရှောက်ရေးဂေဟာကို မရှိမဖြစ် လိုအပ်စေခဲ့ သည်။

ဤအရေးသည်ပင် သူ့ကို လူမှုရေးပြဿနာတရပ်နှင့် နဖူးတွေ့ ဒူးတွေ့ တွေ့စေခဲ့သည်။ ရှာလီအား အမျိုး သမီး စောင့်ရှောက်ရေးဂေဟာအကြောင်း ခေါင်းကြီးရေးပေးမည်ဟု သူ ကမ်းလှမ်းခဲ့စဉ်က လူမှုပြုပြင်ရေး လုပ်ငန်းတရပ်အတွက် လူမှုရေးသိပ္ပံပညာရှင်တဦး၏ သိပ္ပံနည်းကျ စိတ်ဝင်စားမှု အဖြစ်သာ ကမ်းလှမ်းခဲ့ခြင်း ဖြစ်၏။

သို့သော် ယခုတော့ ကိုစိတ်တွင် ထိုဂေဟာသည် ၁၆ နှစ် သမီးနှင့် 'ဖုံးမရ ဖိမရ' ဖြစ်နေသည်ဆိုသော အီဗာဘန်ဟိုင်မာ၏ အခွင့်အရေးနှင့် ခွဲခြားမရအောင် ဆက်စပ်နေသည်။ အမျိုးသမီးဂေဟာသည် သူ့အဖို့ အီဗာဘန်ဟိုင်မာ ကလေးများ ဤကမ္ဘာမှ လွှင့်စဉ်နစ်မြုပ်မသွားအောင် ဆယ်တင်နိုင်မည့် ကရိယာဖြစ်နေလေပြီ။

ထို့ပြင် ဤသည်ပင် ရာလီဝေလင်အတွက် သူအကျိုးဆောင်ရန် ရရှိသည့် ပထမဆုံးအခွင့်အလမ်းလည်း ဖြစ်ချေသည်တကား။

သို့သော်ဂေဟာ ဥပဒေကြမ်းသည် ကော်မီတီအဆင့်တွင် တစ်နေသည်။ လွှတ်တော် အစည်းအဝေး သက်တမ်း တဝက်ကျိုးသွားသည်။ ဖေဖော်ဝါရီလ ကုန်လုပြီ။ ဥပဒေကြမ်းက တစ်နေဆဲ။ ကော်မီတီလက်မှ လွှတ်ကျွတ်လာဦးတော့၊ လွှတ်တော်ထဲတွင် ရှုံးမဲနည်းနည်း။ နိုင်မဲနည်းနည်းဆိုသလို မသေမချာ ဖြစ်နေသည်။ လူထုကလည်း ဥပဒေကြမ်းကို အတည်ပြုစေချင်သည်။ ပို့စ်ကလည်း ကော်မတီကို နည်းမျိုးစုံဖြင့် ထိုးနှက်နေသည်။

ဝက်စ်သည် သူ့လက်ထောက်ကို ယုံယုံကြည်ကြည် လွှဲအပ်တာဝန်ပေးထား၏။ သူတို့ဆက်ဆံရေးသည် နှစ်ဦးနှစ်ဝ ကျေနပ်အားရသော ပုံစံဖြစ်သည်။ ဝက်စ်သည် လှောင်ချိုင့်စံရလျှင် သေချင်စော်နံသော ငှက်လိုလူ ဖြစ်သည်။

သတင်းစာလုပ်ငန်းကို ကိုယ်ဖိရင်ဖို လုပ်လာရသောအခါ ဝက်စ် စိတ်ပျက်လာသည်။ သူက ခြေလွတ် လက်လွတ် နေခဲ့သူဖြစ်သည်။ ယခု သူ့တာဝန်သစ်များက နှောင်ဖွဲ့လွန်းသည်။ နံနက်စာ စားပြီးကတည်းက လုပ်ငန်းစရသည်။ ဘယ်အချိန်မှ ပြီးစီးမည်မှန်းမသိရ။ ညတိုင်းလုပ်ရသည့် အလုပ်ကို သူအစက်ဆုပ်ဆုံး၊ ညချမ်းချိန်ခါ ပျော်စရာ အလုပ်ကလေးများအတွက် ကန့်လန့်ကြီး ဖြစ်နေသည်။ အိပ်ရလည်း မဖြောင့်။ သူက တဝကြီး အိပ်ချင်သည်။

ခေါင်းကြီးနှင့်ပတ်သတ်၍ ခါးချိုးလုပ်ရန် လိုအပ်လှသည့် ပင်ပင်ပန်းပန်း အလုပ်ကလည်း ရှိသေးသည်။

ပို့စ်သတင်းစာသည် ပြည်နယ်တခုလုံးတွင်သာမက တနိုင်ငံလုံးတွင် ပြည်သူ့ထင်မြင်ချက်ကို ခေါင်းဆောင်နေသည့် စင်မြင့်ဖြစ်၍ ခေါင်းကြီးကို သမန်ကာလျှံကာ ရေး၍မရ။ စာအမြောက်အမြား ဖတ်ရမှတ်ရသည်။ သူစိတ်မဝင်စား။ အမှန်ပြောရလျှင် သူနားမလည်သော အကြောင်းရပ်များကိုလည်း ခေါင်းကြီးများ ရေးရတတ်သေးသည်။

ထို့ပြင် ပြည်သူ့ဟစ်တိုင်ခန်းတွင် ဖော်ပြရမည့် အယ်ဒီတာထံပေးစာများ၊ အကြောင်းပြန်ရမည့် အယ်ဒီတာထံပေးစာများကလည်း ရှိသေးသည်။ အခြားထွေလီကာလီ အောက်ခြေသိမ်း လုင်ငန်းကလေးများကလည်း ရှိသေး၏။

အားလုံး အဆင်ပြေနေလျှင် ထိုသဗ္ဗရုနာမ်ပေါင်း အလုပ်များကို သူပင်ရင်းအလုပ်၏ သဘောသဘာဝနှင့် ခွဲမရ ခွာမရ ဆက်စပ်နေသည့် ကိစ္စများအဖြစ် ဝက်စ် ပျော်ပျော်ကြီး လက်ခံနိုင်ပေသေး၏။ သို့သော် ကံခေချင်တော့ အားလုံး အဆင်ပြေနေသည်မဟုတ်။

လုပ်ရိုးလုပ်မြဲ အောက်ခြေသိမ်း အသေးအဖွဲကလေးများထက် ပို၍ဆိုးသည်မှာ အခြားသတင်းစာများနှင့် အလားတူစွာ သူ့သတင်းစာသည်လည်း မပြတ်မလပ် အတိုက်အခံလုပ်မှု၊ ဖီလာကန့်လန့် ဝေဖန်ပြစ်တင်မှုများကို ခံနေရခြင်းဖြစ်သည်။

သတင်းစာဖတ်သူများ၏စိတ်တွင် သတင်းစာအလုပ်ကို ၎င်းတို့သာ ဝင်ရောက်လုပ်ကိုင်ပါက ယခုလက်ရှိ လုပ်ကိုင်နေကြသူများထက် အဆ အရာထောင်မက သာလွန်ကောင်းမွန်အောင် လုပ်နိုင်လိမ့်မည်ဟု ထင်တတ်ကြမြဲဖြစ်၍ ထိုအထင်မှာ ရိုး၍ပင်နေချေပြီ။ ထိုသူများမှာ ၎င်းတို့၏ အထင်အမြင် ထင်မြင်ချက်ကို မျိုသိပ်၍ ထားနိုင်သည်အထိ နှိမ့်ချတတ်သူများလည်း မဟုတ်ကြပေ။ နေ့စဉ်သတင်းစာတစောင်ကို ပို့ကဆ်တပြားမျှဖြင့် ဖြစ်စေ ပေး၍ ဝယ်ယူရသူတိုင်း၏ စိတ်တွင် ထိုသတင်းစာကို ပြစ်တင်မှုကိုလည်း ပြုကြပေသည် သတင်းစာဖတ်သူများထဲမှ မည်သည့် ထင်မြင်ချက်ကိုမျှ မကြားရခြင်းသည်ပင်လျှင် ထိုသတင်းစာကို အထူးခြားဆုံး၊ အမြင့်မြတ်ဆုံးသော (၀၀) ထူးထူးခြားခြားကြီး ချီးကျူးသမှုကို ပြုကြခြင်းပင် ဖြစ်တော့သည်ဟု အယ်ဒီတာများက ယူဆကြသည်။ သတင်းစာဖတ်သူသည် သတင်းစာတွင်ပါသော အယ်ဒီတာမှတ်ချက်နှင့် အရေးအသားကို သဘောကျနှစ်ခြိုက်သည် ဖြစ်အံ့။ ထိုသူသည် တစုံတခုသော ထင်မြင်ချက် အယ်ဒီတာ၏ အချိန်မီ အပူတပြင်း ထင်မြင်ရေးသားချက်များနှင့် ပတ်သတ်၍ အနည်းငယ်မှ ကလေးကိုဖြစ်စေ။ အကြောင်းတစက်ကလေးကိုဖြစ်စေ ၎င်းတို့၏ စိတ်ကြိုက်နှင့် မတွေ့သည်ဖြစ်အံ့။ ထိုအယ်ဒီတာမှာ (မင်းများဖြင့်

အပက်ခံရသကဲ့သို့) မင်အိုးနှင့် ဝိုင်းပေါက်ကြမည့်ဆဲစာ၊ အပြစ်တင်စာများဖြင့် ချက်ချင်း လက်ငင်း ကြုံတွေ့ရလေမည်သာ ဖြစ်သည်ကို အသင့်ပြင်နေရပေမည်။

(ဤစာပိုဒ်ကို ကောက်နုတ်ချက်တခုအဖြစ် ထုတ်နုတ်၍ ဂျာနယ်ကျော် ဦးချစ်မောင်မြန်မာပြန်ခဲ့ဖူးပါသည်။ ထို့ကြောင့် ဦးချစ်မောင်၏ ရေးဟန်မူအတိုင်း ပြန်လည်ကူးယူပြီး ဤနေရာတွင် ဖော်ပြပါသည်။ (ဂျာနယ်ကျော် မမလေး၏ **"သူလိုလူ"**မှ))

ဤသည်မှာ ဝက်စ်၏ အကြိုက်နှင့် ဓမ္မာသောက ဖြစ်နေသည်။ သူက ဝေဖန်သံကို သဲ့သဲ့ကလေးမျှ မကြားချင်။ ချီးမွမ်းသံကို ဟိန်းဟိန်းကြီး ကြားလိုသည်။ မလိုတမာ ဝေဖန်ချက်များ မှန်မှန်ကြီး ပေါ်လာနေခြင်းသည် သူ့ကို စိတ်ဂယောက်ဂယက် ဖြစ်စေသည်။

မိတ်ဆွေများက သူ့ကို လမ်းမှာတားပြီး ဘာကြောင့် ဘယ်သို့ ဘယ်ညာ ရေးရတာလဲဟု အမေးအမြန်း ခံရခြင်းကို သူ မကြိုက်။

အမှန်တရားအား ခုခံကာကွယ်ရင်း၊ သို့မဟုတ် လူထုမြှင့်တင်မှုအတွက် အချက်ကောင်းယူရင်း ထိုးနှက်တိုက်ခိုက်ခြင်းကို ခံခဲ့ရသူများက သူ့ကို လမ်းမှာတွေ့လျှင် အေးတိအေးစက် ခေါင်းဆတ်ရုံ ဆတ်သွားခြင်းကို သူမကြိုက်။ တယ်လီဖုန်း တဂွမ်ဂွမ်မြည်ပြီး ဒေါသတကြီး ကန့်ကွက်ပြောဆိုခံရခြင်းကို သူမကြိုက်။ ပူးတွဲပါ မီးရထားကိစ္စ ရေးသားချက်သည် မီးရထားဌာနအပေါ် ပို့စ်သတင်းစာ၏ သဘောထားများ ဖြစ်ပါသည် ဟူသော တိုတိုတောင်းတောင်း မေးစာမြန်းစာမျိုးကိုလည်း သူမကြိုက်။ မှန်မှန်ကြီး တန်းစီ၍ ဝင်လာသော ထိုထို ဤဤကိစ္စများသည် ခံနိုင်ရည်မရှိသူ တဦးအဖို့ စိတ်ဝမ်း ပါးလျားစေသည်။

ဝက်စ်သည် အပြင်ပန်း မင်မောင်းကောင်းသော်လည်း ခံနိုင်ရည် ရှိသူ မဟုတ်။ ချီးကျူးမှု ကြီးကြီးမားမား စဉ်တိုက်ဆက်တိုက်လာမှ ဤသို့သော စိတ်ဝမ်း ပါးလျားမှုများကို ခုသာ ခံသာ ရှိနိုင်မည်ဖြစ်သည်။ သို့သော် ခုသာ ခံသာ ဖြစ်စေမည့် အရာများက လာပုံမပေါ်။

ဝက်စ် အသက်ရလာပြီ။ စိတ်ထက်သန်မှု လျော့လာသည်။ လောကနှင့် ရေလိုက် ငါးလိုက် မဖြစ်တော့။ လူထုမြှင့်တင်ရေးသမားဘဝ၏ ထာဝရကုသိုလ်၌ ယုံကြည်မှု လျော့လာသည်။ တကယ်ဆိုလျှင် သူ့အသက် ၃၃ နှစ်ရှိပြီ။ သူ့မျှော်မှန်းချက်များ ပြည့်မှပြည့်ပါ့မလားဟု မကြာမကြာ ဇဝေဇဝေဖြစ်မိ၏။

သို့သော် မရောရာမှုနှင့် မရောင့်ရဲမှုများသည် ဝက်စ်၏ ခန့်ချောသော အင်္ဂါရုပ်၊ မြူးကြွသော ဟန်ပန်ကို တစက်ကလေးမည်းစေ။ ညှိုးစေသည်ဆိုလျှင် ရိုးတိုးရိပ်တိတ်မှာသာ။ မစ္စဝေလင်နှင့် မစ္စအေဗာရီလို သူ့အခင်မင်ဆုံး မိတ်ဆွေများအဖို့ ဝက်စ်သည် ခါတိုင်းလိုပင် နှစ်လိုဖွယ်ရာ ကောင်းသည်။

ဤရက်များတွင် မိခင်ဖြစ်သူက ဝက်စ်ကို အိမ်ယာချထားချင်သည်။ အမျိုးမျိုးနားချသည်။ ဝက်စ်ကလည်း မစွန်းရှိ၍ ကန့်စွန်းခင်းငြိချင်သည်။ အခိက ပြဿနာမှာ ကြင်သူသက်ထား ရွေးချယ်ရေး ဖြစ်သည်။ သူ့အသည်းနှလုံးက မျက်နှာမများ။ သူ့အဖို့ ရွေးစရာ နှစ်ယောက်သာ ရှိသည်။ ဘာသာရေးနှင့် ဥပဒေက တယောက်သာ ရွေးခွင့်ပြုသည်။ ခက်လှပေစွ။

ဖေဖော်ဝါရီလ နောက်ပိုင်း လေထန်နေသော ညတညတွင် ဝက်စ်သည် မစ္စအေဗာရီ၏ အိမ်ရှေ့မှဖြတ်ကာ မစ္စဝေလင်အိမ်သို့ ရောက်သွားသည်။ ဂေဟာဥပဒေကြမ်းကိစ္စက မရေမရာဖြစ်နေသည်။ ကော်မီတီတွင် ၆ မဲစီ နှင့်ညီနေ၍ လွှတ်တော်ထဲသို့ ရောက်လာသည်။ လွှတ်တော်တွင်လည်း အင်အားချိန်ခွင်ညှာ ညီနေသည်။

ရှာလီနှင့်ဝက်စ်တို့ ထိုကိစ္စနှင့် စကားပလွှင်ခံကြသည်။ ပြီးမှ ရှာလီက ဤကိစ္စတွင် ပို့စ်သတင်းစာ၏ အလေးထားမှုအတွက် သူ့ကို ထောပနာပြုသည်။ ဥပဒေကြမ်း မုချ မဲကပ်နိုင်မည်ဟု တထစ်ချ ယုံကြည်ကြောင်း ဝက်စ်ကပြောသည်။

"အတိုက်အခံ အင်အားတွေက ငြိမ်ချက်သား ကောင်းနေလို့ကြောက်စရာတော့ ကောင်းတယ်" ရှာလီက ဝန်ခံသည်။

"ငြိမ်နေတာကလဲ သူတို့ အသေကိုင်ထားတဲ့ ဒီခြိုးခြံချေတာရေးဆိုတာက သဘောမရိုးဘူးဆိုတာ သူတို့သိနေတာပဲ။ မစ္စတာဒိန်းလဲ ဖုန်းကြီး မဲမဆွယ်ရဘူးဆိုတော့ မယုံတော့ဘူး။ အတိုက်အခံတွေကို ခြေရာလိုက်ခံနေတယ်"

"ဒီကိစ္စရဲ့ ဇစ်မြစ်က ဒီ ဒေါ်လာတသိန်းကို သူတို့ လုပ်ငန်းအတွက် လိုချင်နေလို့ ဖြစ်မှာပေါ့" ဝက်စ်က ထင်မြင်ချက် ပေးသည်။

"ဒီလောက် ကိုယ်ကျိုးကြည့်ကြတာ မသတီစရာ ကောင်းလိုက်တာရှင်။ သူတို့ တကယ်စွန့်လုပ်မယ်လို့ရော ရှင်ထင်သလားဟင်"

"ရိုးရိုးပြောရရင် ကျွန်တော်တော့ မသိဘူး။ ဒီကိစ္စ ကိုကို အကုန်လွဲထားတာ။ ကျွန်တော်က သူ့လို အကွက်စေ့အောင် လေ့လာထားတာ မဟုတ်ဘူး"

ရာလီက ဝက်စ်၏ လေသံကို မရိပ်စားမိ လောက်အောင် ဤကိစ္စတွင်ချည်း အာရုံကပ်ထားသည်မဟုတ်၍ "အို သူတို့မလုပ်ရဲပါဘူးရှင်" ဟု ပြောပြီး စကားကို ချက်ချင်း ပြောင်းကာ "ရှင် ဂျာမန်ကပွဲ သွားဦးမယ်မို့လား" ဟု မေးသည်။

"အလုပ်က တမှောင့်ဖြစ်မနေရင် သွားမှာပေါ့"

"မတမှောင့်အောင် လုပ်ပေါ့ရှင်။ ဒီနှစ် ဒါနောက်ဆုံးပါပွဲပဲဟာ"

"ဂျာမန်ဆိုလို့" ဝက်စ်က ရုတ်တရက်အော်ပြောသည်။ "ရှေ့နှစ်အတွက် ကျွန်တော် စာရင်းလုပ်နေတယ်။ ခင်ဗျား ကျွန်တော်နဲ့ ဘယ်နှစ်ခါ လိုက်မှာလဲ"

"ခြောက်ခါ"

"ဒါဖြင့် ဒီနေ့ည စာချုပ်ဗျာ"

"ဟင့်အင်း မမေဆူလိမ့်မယ်။ တခါဘဲ စာချုပ် ချုပ်ထားမယ်"

ရာလီ၏ ဧည့်ဝတ်ကျေမှု အယူအဆမှာ ဧည့်သည်ဆိုတာ သူ့စိတ်ထဲ ရှိသမျှ ပြောချင်ရာရာ ပြောနိုင်သည်ဟူ၍ ဖြစ်၏။ ဝက်စ်သည် ည ၁၁ နာရီ ၁၅ မိနစ်အထိ ထိုင်ရာမက စကားကောင်းနေသည်။ ထိုအချိန်တွင် အပေါ်ထပ်မှာ ရာလီ၏ မိခင်ဖြစ်သူက မီးညှပ်ကြီးကို ကြမ်းပေါ်သို့ သိသိသာသာ လွှတ်ချလိုက်သည်။

ဝက်စ်သည် ကြယ်ရောင်ရွှန်းသော ညထဲသို့ ထွက်လိုက်သည်။ သူနှလုံးသားသည် ယခုမှပင် တကယ့် ချစ်ဖက်သက်လျာကို တွေ့ရှာလေပြီ။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

(၂၄)

ဧည့်ခန်းဆောင်တွင် လူငယ်နှစ်ဦး ရောက်နှင့် နေသည်။ တဦးမှာ ဘီဗာလေဘတ်ဖြစ်၏။ တခြားတဦးမှာ မစ္စတာမီလာဆိုသူဖြစ်သည်။ မစ္စတာမီလာသည် ဤမြို့သို့ မကြာမီကမှ ရောက်လာသူဖြစ်သည်။ မစ္စဝေလင်နှင့် တယောက်ယောက်က တနေရာရာတွင် မိတ်ဆက်ပေး၍ မျက်မှန်းတန်းမိရုံမျှသာ ဖြစ်သော်လည်း မဖိတ်မခေါ်ပဲ အလည်ရောက်လာသည်။ ရာလီအဖို့ ကိုယ့်အိမ်ပေါ်တွင် ကိုယ့်ဧည့်သည်ကို မောက်မောက်မာမာဆက်ဆံရန် မဖြစ်နိုင်။ သို့သော် ဧည့်ဝတ်ပျက်ငှာ ဆက်ဆံသည်ဟုလည်း မဆိုသာ။ မစ္စတာမီလာကသာ ပျူပျူငှာငှာ ရှိနေသည်။

ဘီဗာလေဘတ်ကမူ သူ့ကို မြင်ရုံနှင့် မျက်စိစပါးမွေး စူးနေသည်။ ရာလီထံသို့ အရောက်အပေါက် ရှိသင့်သူမျိုးမဟုတ်ဟု သူယူဆသည်။ ထို့ကြောင့် မစ္စတာမီလာကို ကိုယ့်အိမ် ကိုယ်ယာစိတ်ပေါက်အောင် ဘတ်က ကာဆီး ကာဆီး လုပ်နေလေသည်။

ဘတ်သည် ပုံကျ ပန်းကျ ညစာဝတ်စုံကို ဝတ်ဆင်ထားသည်။ မစ္စတာမီလာလည်း အလားတူဖြစ်သည်။ ကိုကမူ သချိုင်းကုန်း တံတားကလေးပေါ်၌ ရာလီနှင့် တွေ့စဉ်က ဝတ်ခဲ့သည့် ထသွားလာသွား ဝတ်စုံပြာကိုသာ ဝတ်ထားသည်။ ရာလီနှင့် တွေ့စဉ်တုန်းကလောက် သစ်လွင်တောက်ပြောင်ခြင်း မရှိတော့။ သူအမြဲမပြတ် မြင်တွေ့နေရသည့် ချားလ်ဂါဒင်နီယာဝက်စ်၏ ကြော့မော့မှုသည် သူ့ကိုယ်အပေါ်တွင် ထင်ဟပ်မှု မရှိမဟုတ်။ မစ္စတာမီလာထက် သူက သိသိသာသာ အနေအထိုင် ညက်ညောသည်။ သူ့တွင် အဖိုးတန်သော ပိုင်ဆိုင်မှုတခု ရှိသေးသည်။ မစ္စတာမီလာတွင် မရှိသော လူကြီးလူကောင်း ဥပဓိရုပ်ရှိခြင်းဖြစ်သည်။

စကားဝိုင်း မပျက်ရန် သူ့တွင် တာဝန်ရှိကြောင်း ကို သိပုံရသည်။ ကုလားထိုင်ပေါ်တွင်ထိုင်ကာ ဘတ်၏ စကားကို နားထောင်နေသည်။ သို့သော် စကားဝိုင်းထဲသို့ သူကိုယ်တိုင် ဝင်မပါ။

မစ္စတာမီလာသည် မဟာဆံချင်သူ၊ အထက်တန်း တက်လှမ်းချင်သူ လူစားမျိုးဖြစ်သည်။ ကိုယ့်ဒူးကိုယ်ချွန်သမားလည်း ဖြစ်သည်။ အနုသုခုမပညာသည် သူ့အဖို့ ဒုက္ခပေးသော စွဲမက်မှုတရပ်ဖြစ်သည်။ စာအုပ်စာပေကို

သူ မြတ်နိုးသည်။ သို့သော် နှံ့စပ်မှုနည်းပါး၍ မကြာခဏ စာကိုးမှားသည်။ ရှာလီခမျာ မရယ်မိအောင် မနည်းအောင့်နေရသည်။ ဘတ်အဖို့ကား အချက်ကောင်းပေါ်၍ ပျော်စရာကြီးဖြစ်နေလေသည်။

မစ္စတာမီလာသည် သူ့အမှားပေါသွားတိုင်း မျက်နှာ အုတ်ခဲလို နီနီသွားသည်။ သို့သော် အမှတ်သည်းခြေမရှိ။

သူတို့စကားဝိုင်းသည် စိတ်ဝင်စားစရာများဖြင့် ပို၍မြိုင်လာသည်။ သမ္မတ၏ သဝဏ်လွှာများမှ ရောမနိုင်ငံကျဆုံးရခြင်း အကြောင်းရင်းများသို့လည်းကောင်း၊ ပြင်သစ် တော်လှန်ရေးသို့လည်းကောင်း၊ အမျိုးသမီးမဲပေးခွင့်သို့ လည်းကောင်း ရောက်တတ်ရာရာ စကားဦးလှည့်ကုန်သည်။

ဘတ်သည် မစ္စတာမီလာကို သူနှင့်တန်ရာ နေရာ၌ထားရန်ပင်မေ့ကာ သူ့စကားကြောထဲ မျောပါနေသည်။ ကိုက အမျိုးသမီးဘဝ တော်လှန်ရေး အကြောင်းရပ်ကို ငါးမိနစ်တိတိ မရပ်မနား ပြောသည်။ မစ္စတာမီလာပင် ပါးစပ်အဟောင်းသားနှင့် ငြိမ်နားထောင်နေရသည်။

"သူနာမယ်က ဘယ်သူ" မီလာက ရှာလီကို လေသံဖြင့် မေးသည်။ ရှာလီက ပြောပြသည်။

"မျက်နှာအတော်ကြည်တဲ့လူ။ ကျွန်တော် မျက်နှာတွေ အတော်လေ့လာဖူးတယ်။ သူ့မျက်နှာမျိုး တခါမှ မတွေ့ဖူးဘူး။ လုံးဝ မတွေ့ဖူးတဲ့ ကြန်အင်တခုရှိတယ်"

"ဘာကြန်အင်လဲ"

"နာမည်တပ်ရတာတော့ ခက်သား။ ဒါပေမယ့် တသမတ်တည်း ရိုးသားဖြောင့်စင်းမှုလို့ ခေါ်ရမယ်ထင်တယ်"

မစ္စတာမီလာသည် ည ၁၀ နာရီခွဲအထိ ထိုင်နေပြီးမှ ပြန်ဖော်ရသည်။ သူပြန်သည်နှင့် ဘတ်လည်းထလိုက်သည်။

"အော်၊ ဘီဗာလေရယ်။ မပြန်ပါနဲ့ဦးရှင်။ ရှင်နဲ့ကို စကားမပြောလိုက်ရသေးဘူး"

ဘတ်က "တာဝန်ရှိသေးတယ်လေ။ မစ္စတာမီလာနဲ့ အတူ ပြန်ရဦးမယ်"

"မပြန်ပါနဲ့ဦးလေ။ ဒီမှာလဲ ရှင်ခေါင်းနောက်ရပီးပိပဲ"

"မဖော်ရွေသင့်ပဲ ဖော်ရွေနေတာကိုးဗျ။ သူ အဟုတ်ကြီး ထင်မသွားအောင်လုပ်ဖို့ တာဝန်ရှိသေးတယ်။ ဒါကြောင့် အတူပြန်ရမှာ။ မစ္စတာကို နက်ဖန်ကျရင် ကုန်သည်ကြီးများကလပ်မှာ ကျွန်တော်နဲ့ နေ့လယ်စာစားလဲ့ဗျာ။ ကက်သလစ်နိုင်ငံတွေ ဘာကြောင့် ယိုယွင်းရတယ်ဆိုတဲ့အကြောင်း ခင်ဗျားနဲ့ စကားဆက်ချင်သေးတယ်"

ကိုက လာခဲ့ပါမည်ဟုပြော၍ ဘတ်က မစ္စတာမီလာကို အမှီလိုက်ရန် ဖုတ်ပူမီးတိုက် ထွက်သွားသည်။ ရှာလီရှေ့၌ ပညာရှိ လက်ထောက် အယ်ဒီတာကြီးနှင့် ဆက်ပြောနေလျှင် အခြေမလှမည့် အရေးကို တွေးမိ၍ ပြန်သွားခြင်းလည်း ဖြစ်နိုင်ပေသည်။

"ရှင်နေရစ်ခဲ့တာ ကျမ ဝမ်းသာပါတယ်" ရှာလီကပြော၍ ကို ပြန်ထိုင်လိုက်သည်။ "ရှင် ပထမဆုံးအကြိမ် အလယ်လာတုန်း စကားတခွန်းမှ မပြောလိုက်ရဘူး ဆိုတာမျိုး မဖြစ်ချင်ဘူးရှင်"

"ပထမဆုံးအကြိမ် အလယ်လာတာ မဟုတ်ပါဘူးဗျာ။ ခင်ဗျား မှတ်မိကောင်းပါရဲ့"

"ရှင့်သဘောနဲ့ ရှင် လာလယ်တာကို ပြောတာပါရှင်"

ကိုသည် တခန်းလုံးကို မျက်လုံး တေ့ရမ်း ကြည့်နေသည်။

"ခင်ဗျားနဲ့ စကားမပြောမချင်း ကျွန်တော်ပြန်ဖို့ စိတ်ကူးမရှိပါဘူး"

ခဏငြိမ်သွားသည်။ ရှာလီက ထိုငြိမ်မှုကို ဖျက်ရန်လိုသည်ဟု တွေးမိသည်။ ထို့ပြင် ကို ဘာပြောမည်ကို တွေးမရနိုင်အောင်ရှိသဖြင့် လျှာဦးလှည့်ရာ စကားကို ပြောလိုက်သည်။

"အော်၊ ဒါထက် ကျမကို ပြောပြပါဦး။ **ပါဂိုရီယို** ကြီးကော နေထိုင်ကောင်းရဲ့လား"

ပါဂိုရီယို။ ။ကမ္ဘာကျော် ပြင်သစ်စာရေးဆရာကြီး ဘောလ်ဇက် ရေးသားသည့် ဝတ္ထုအမည်နှင့် ထိုဝတ္ထုမှ အဓိကဇာတ်ဆောင်၏ အမည်။ သူတပါးအရေးကို ဘိတ်ဘိတ်သား နားမလည် မင့်ကွက်ဘဲ ကိုယ့်သမီးများအတွက်သာ ခြစ်ခြစ်ကုပ်ကုပ် ငွေစုဆောင်းသည့် အဖိုးအိုကြီးတဦး၏ အကြောင်းကို ဇာတ်လမ်းဖွဲ့ထားသည့် ဝတ္ထုဖြစ်သည်။

"ပါဂိုရီယိုဆိုတာ ကျွန်တော်မကြားဖူးပါဘူး"

"အော်၊ ခွင့်လွှတ်ပါရှင်။ ပါမောက္ခကြီး နီကိုလိုဗီးယပ်ကိုကွယ်ရာမှာ ကျမတို့ ပေးထားတဲ့ နာမည်ပါ"

"ဒေါင်ဒေါင်မြည် မာပါရဲ့ဗျာ"

ဤအကြောင်းကို သူမကြားချင်။ ပွင့်လင်းသော သူ့မျက်နှာက မဖုံးဖိနိုင်။ လျှို့ဝှက်ချက်မှန်သမျှကို သူ စက်ဆုပ်သည်။ ဤမိန်းကလေး မသိစေချင်သော ဤလျှို့ဝှက်ချက်သည် သူ့အဖို့ အထူးသဖြင့် မနှစ်မြို့ စရာဖြစ်သည်။

သူသည် စိတ်ဂဏှာမငြိမ်စွာ ထရပ်လိုက်သည်။ မီးလင်းဖို စင်ပေါ်မှ နာရီကိုမြင်၍

"အော် ဒီလောက်တောင် ညဉ့်နက်နေမှန်း မသိဘူး။ ကျွန်တော် ပြန်မှပဲ"

"နေပါဦး၊ ရှင် ကျမဆီ အလယ်လာတာ စရုံရှိသေးတာပဲရှင်။ စောစောက ဘီဗာလေဘတ်နဲ့ချည်း ရှင် စကားပြောနေတာပဲဟာ"

"ကျွန်တော် ဒီည ဒီကို ဘာအတွက် လာတယ် ထင်သလဲ"

ကွိုက မေးသည်။

ရှာလီက ကုလားထိုင်မှ လှမ်း၍ ပြုံးပြသည်။

"ကျမကို တွေ့ရအောင် လာတယ် ထင်တာပဲ"

"အို ဒါတော့ ဟုတ်တာပေါ့။ ဒါပေမယ့် . . ."

"ဒါဖြင့် မနှစ်တုန်းက ရီယူနီယန်နေ့ ပါတီအတွက် အပြန်အလှန် လယ်တာ ဖြစ်မှာပေါ့ရှင်"

"မဟုတ်ပါဘူး။ လုံးဝကို မဟုတ်ဘူး။ ဒါပေမယ့် အဲဒီနေ့ကတည်းက ကျွန်တော့် စိတ်ထဲမှာ ခင်ဗျားကိုပဲ အများကြီးတွေးနေမိတယ်"

ကွိသည် ပြောရိုးပြောစဉ်အသံဖြင့် ပြောလိုက်သော်လည်း သူ့ကိုယ်မူကိုယ်ဟန်တွင် ကတုန်ကယင် စိတ် လှုပ်ရှားမှု လွှမ်းနေသည်။ ကွိသည် အခန်းထဲသို့ လျှောက်သွားပြီးမှ ချက်ချင်း နေရာတွင် ပြန်ထိုင်သည်။

"အော်၊ ကျမကို တွေးနေမိတယ် ဟုတ်လား"

"ခင်ဗျား မှတ်မိမှာပေါ့။ အဲဒီနေ့က ကျွန်တော်ပြောတဲ့ စကားလေ။ ကျွန်တော်ကပဲ ခင်ဗျားထက် သာသ လား။ ခင်ဗျားကပဲ ကျွန်တော့်ထက်သာသလား မသိဘူးဆိုတာ"

"သိပ် မှတ်မိတာပေါ့"

"ခင်ဗျားက သာပါတယ်ဆိုတာ ပြောချင်လို့ ဒီနေ့ည လာခဲ့တာပါ"

ကွိသည် အိတ်ထဲရှိ ခဲတံများထဲမှ တချောင်းကို ထုတ်ယူပြီး သူ့လက်ကိုသူ မင်သေ့ထိုးသလို ထိုးပေါက်နေ ရင်း ရှာလီနှင့် မျက်လုံးချင်း ဆုံမိသည်။

"ကျွန်တော်ပြောနေတာ ကြားရဲ့လား"

"ရှင် ဘာဆိုလိုတယ်ဆိုတာလဲ ပြောပါဦး"

"မသိဘူးလား"

"တကယ်မသိပါဘူးရှင်။ အဲဒီတုန်းက ကျမပြောတာက ရှင် အယ်ဒီတာ ဖြစ်လာတဲ့ကိစ္စကိုပြောတာ"

"ကျွန်တော်က ဘဝသဘောတရားကိုပြောတာ။ ခင်ဗျားပြောသလိုပါပဲ။ အဲဒီနှစ်ခု အတူတူပါပဲ"

ခဲတံများကို အိတ်ထဲသို့ ပြန်ထည့်လိုက်သည်။ စိတ်ငြိမ်သွားပြီဖြစ်၍ ဆက်ပြောသည်။

"ကျွန်တော်ဘဝသဘောတရားက အပြည့်အဝ ကျိုးကြောင်းမျှတတယ်။ ခင်ဗျားရဲ့ ဘဝသဘောတရားထက် အများကြီးပိုပြီး ကျိုးကြောင်းမျှတတယ်။ ဆင်ခြင်တုံတရား မျက်စိနှံ့ကြည့်ရင် ခြောက်ပြစ်ကင်းတယ်။ ကျွန်တော့် ဘဝ သဘောတရားက ဘာလဲ။ အဲဒီတုန်းက ကျွန်တော့် ပတ်ဝန်းကျင်မှာ တွေ့ခဲ့တဲ့၊ အခုလဲ တွေ့နေတဲ့ အပျင်းထူတာ၊ ရည်ရွယ်ချက်မရှိတာ၊ စိတ်အလိုလိုက်တာတွေကနေ ရုန်းထွက်တဲ့ ဘဝသဘောတရားပဲ။ ကျွန်တော့်မှာ အရေးကြီးတဲ့ အလုပ်ရှိတယ်။ ဘာအခက်အခဲတွေရှိရှိဖြစ်အောင် လုပ်ရမယ်လို့ ထင်ခဲ့တယ်။ အခုလဲ ထင်တာပါပဲ။ ဒါပေမယ့် အဲဒီအလုပ်က တသက်တာ လုပ်ငန်းလဲ ဖြစ်ပြန်တယ်။ အတော်အသင့်လဲ အရှိန်ရနေပြန်ဆိုတော့ စောစောပြီးစီးရုံ သက်သက်နဲ့တော့ ကျွန်တော့်အဖို့ အလွန်အကျွံ တန်ဖိုးကြီးကြီး ပေးစရာ မလိုတော့ဘူး။ ဒါနဲ့ အသိဉာဏ်ကလွဲရင် အားလုံးကို စွန့်လိုက်တယ်။ ဒါပေမယ့် နေ့စဉ်ဘဝအတွက် အသိဉာဏ်ကို ပြန်ရှာတွေ့တဲ့နေရာမှာတော့ ခင်ဗျား ရှိပေလို့ပဲ"

"မဟုတ်ပါဘူး၊ မဟုတ်ပါဘူးရှင်" ရှာလီက စကားဖြတ်ပြောသည်။

"ကျမ ဘာမှ လုပ်ပေးခဲ့တာ မဟုတ်ဘူး။ ရှင့်ဖာသာရှင် လုပ်တာ။ ပထမဆုံး တွန်းအားကတော့ ဖိဖိဆီက လာတာပါလေ"

ကိုက လေးလေးဆေးဆေး ပြောသည်။

"ဖီဖီဆိုတာကလဲ ခင်ဗျား အငယ်စားလေးပါပဲ"

"တခြားစီပါရှင်"

ရှာလီသည် မေးကို လက်ထောက်ကာထိုင်နေသည်။ သူတို့ နှစ်ယောက်စလုံး၏ စိတ်အာရုံတွင် ဖီဖီကလေးကို မြင်ယောင်နေကြသည်။

"ကျွန်တော် ပြောသလိုပဲ ဆင်ခြင်တုံတရားတော်အတွက် အားလုံးကို ကျွန်တော် စွန့်လွှတ်လိုက်တယ်။ ခင်ဗျားက ကျွန်တော့်ကို ငါ့ဘို့သမား အတ္ထဝါဒီလို့ ထင်ခဲ့တယ်။ ပြောလဲ ပြောခဲ့တယ်။ ကျွန်တော့်အသိုင်းအဝိုင်းအဖို့တော့ ခင်ဗျားထင်တဲ့အတိုင်း အရင်ကလဲ ဟုတ်ခဲ့တယ်။ အခုလဲ ဟုတ်သေးတယ်။ ဒီတော့ ကျွန်တော် ငယ်ငယ်ကတည်းက ရည်မှန်းခဲ့တဲ့ဘဝ၊ ကျွန်တော့်ဇာတာပါလာတဲ့ ဘဝက လူတွေကို အလုပ်အကျွေးပြုတဲ့ ဘဝပါလို့ဆိုရင် ခင်ဗျား အံ့သြမှာပဲ။ လူသားတွေကို အလုပ်အကျွေးပြုတယ်ဆိုတဲ့စကားလုံးကို ကျွန်တော်က ကမ္ဘာ့အတိုင်းအတာနဲ့ အကျယ်ပြန့်ဆုံး အဓိပ္ပာယ်ဖွင့်တယ်။ ဒါကြောင့် အလုပ်အကျွေးပြုမှုမှာ ပုဂ္ဂိုလ် တဦးချင်း ကိစ္စတွေကို ကျွန်တော် ဖယ်ထုတ်ထားခဲ့တယ်။ ပြည့်ဝတဲ့ လူဘဝဆိုတာက ဆင်ခြင်တုံတရားနဲ့ လူသား အချင်းချင်း စိတ်ဓာတ်စေတနာလို့ ဆိုချင်ဆိုပေါ့လေ။ အဲ့ဒါတွေ ပေါင်းစပ်ရာကနေ ဖော်ထုတ်နိုင်တယ်။ အဲဒီအမှန်တရားကို လူတွေအားလုံးမှာ ခြံုကြည့်ပြီး ကျွန်တော် သဘောပေါက်ပါတယ်။ ဒါပေမယ့် လူပုဂ္ဂိုလ် တဦးတယောက်ချင်းနဲ့ ဟပ်ပြီးတော့ သဘောမပေါက်မိခဲ့ဘူး။ လူတဦးချင်းဘဝဟာလဲ အဲဒီအမှန်တရားကို အဓိပ္ပာယ်ပိုရှိစေနိုင်တယ်ဆိုတာ ကျွန်တော်ဝန်ခံပါတယ်။ အနာဂတ်အတွက် မဟုတ်ဘဲ မျက်မှောက်ကာလ အတွက် အလုပ်အကျွေးပြုတာ။ လူသားတမျိုးလုံးအတွက် မဟုတ်ဘဲ ကံအကြောင်းမလှတဲ့ လူတယောက် အတွက် အလုပ်အကျွေးပြုတာဟာလဲ အဲဒီအမှန်တရားကို လေးနက်စေနိုင်တယ်ဆိုတာ ကျွန်တော် ဝန်ခံပါတယ်။ ကျွန်တော်ပြောနေတာ သဘောပေါက်ပါတယ်နော်"

ရှာလီက သဘောပေါက်ကြောင်း ပြောသည်။

"ဒီလောက်ဆိုရင် ကျွန်တော့် အပေါ်မှာ ရှိတဲ့ ခင်ဗျားရဲ့ ကျေးဇူးအတိုင်းအတာကို သိရောပေါ့"

"မဟုတ်ပါဘူးရှင်၊ မဟုတ်ပါဘူး။ ကျမ ရှင့်အတွက် တခုခု လုပ်ပေးဖူးတယ်ဆိုရင် ဝမ်းလည်းသာပါတယ်။ ဂုဏ်လည်း ယူပါတယ်။ ရှင်ပြောသလိုတော့ မဟုတ်ပါဘူးလေ။ ဒါမျိုးဆိုတာက လူတွေမှာ ကိုယ့်ဖာသာကိုယ် ဖြစ်တာ။ အကူအညီက ကိုယ့်ကိုယ်ထဲက လာတာရှင့်" ရှာလီက လှိုက်လဲစွာပြောသည်။

"ဒီလို မပြောပါနဲ့လေ။ ခင်ဗျား ပြောနေပုံက ကျွန်တော့ဖာသာ ပြောင်းလဲလာသလိုလို ဖြစ်နေတယ်။ မပြောင်းလဲပါဘူး။ ကျွန်တော်က နဂိုအတိုင်းပဲ။ ကျွန်တော်ဝန်ခံနေတာက တိုက်ရိုက် ထုတ်လုပ်မှု စွမ်းအားမရှိတဲ့ တချို့ကိစ္စတွေအတွက် အချိန်သုံးတာ အကျိုးရှိနိုင်တယ် ဆိုတာပါပဲ။ အဲဒီအမြင်ကို ကျွန်တော် ယုံလာအောင် ခင်ဗျားပြောခဲ့တယ်။ ခင်ဗျား ပြောခဲ့တာ တချို့က ကျွန်တော့်ခေါင်းထဲမှာ ဒီနေ့အထိ စွဲနေတုန်းပဲ။ ဒါပေမယ့် ကျွန်တော့်လောကက အတ္တလောကပဲ ဖြစ်နေသေးတယ်။ ဘဝနဲ့ လုံးဝ ကင်းကွာမနေအောင် အပြောင်းအလဲတွေ လုပ်ထားတယ် ဆိုတာတော့ ခင်ဗျားကို ပြောပြသင့်တယ်လို့ တွေးမိတယ်"

"ရှင်ပြောပြဖော်ရတာ ဝမ်းသာပါတယ်။ ကျမကတော့ ပဝေသဏာကတည်းက သိနေတာပါ"

"တနည်းပြောရရင် ကျွန်တော့်ကို ခင်ဗျားပြောတဲ့ စကားတွေက လူအများစုအဖို့ သူတို့အမေတွေက ပြောတဲ့ စကားမျိုးပဲ"

ရှာလီက စကားမဟနိုင်။

"ကျွန်တော် ဒီလိုပြောတာ ခင်ဗျား သဘောကျချင်မှ ကျမယ်"

"အို သိပ်သဘောကျပါတယ်ရှင်"

"ဒါပေမယ့် လူတယောက်က သူ့အမေ၊ ဒါမှမဟုတ် သူ့နှမအပေါ် သဘောထားသလို ခင်ဗျားအပေါ် ကျွန်တော် သဘောမထားဘူး။ ပိုပြီး ထူးထူးခြားခြား သဘောထားတယ်။ ကျွန်တော့်စိတ်ထဲ ကျွန်တော့်အတွေးမှာ ထူးခြားတဲ့ နေရာကို ခင်ဗျား ယူထားပြီဆိုတာ ကျွန်တော် သဘောပေါက်လာတယ်။ ဒါပါပဲ။ မင်္ဂလာပါ"

ရှာလီက မော်ကြည့်ပြီး

"အို၊ သွားတော့မှာလားရှင်"

"ဟုတ်ကဲ့၊ ကျွန်တော် ဒီကိုလာပြီး ပြောချင်တာတွေ အကုန် ပြောပီးပီပဲ။ နေစေချင်သေးလို့လား"

"ရှင် မနေချင်ဘဲနဲ့တော့ မနေပါနဲ့လေ"

"ဒါဖြင့် မသွားခင် တခုခုပြောဦးမယ်"

ကိုသည် ရှာလို့ရှေ့တွင် ရပ်သည်။ မျက်မှောင်ကြုံ့ထားသည်။

"ရှေ့နှစ်ကျရင် လက်တွေ့လူမှုရေးလုပ်ငန်းတခု စမ်းသပ်မလို့ ကြံထားတယ်။ အလုပ်လုပ်နေရတဲ့ ခလေးတွေအတွက် အခလွတ် ညကျောင်းဖွင့်မယ်။ ခင်ဗျားရဲ့ ထင်မြင်ချက်ပေးပါဦး"

ရှာလီသည် သူ့မေးခွန်းကြောင့် အံ့အားသင့်သွားပြီးမှ အလွန်ကောင်းကြောင်း ထင်မြင်ချက်ပေးသည်။ ကိုက ဆက်ပြော၏။

"စက်မှုပညာကို အခြေခံမယ်။ လက်လှေ့တို့၊ ကာယပညာတို့လဲသင်မယ်။ ဘတ်ကလင်ကာက သင်ပေးမယ်။ ဒါထက် ဘတ်ကလင်ကာကို ခင်ဗျားသိထားဖို့ကောင်းတယ်။ သူက လုပ်သားပြည်သူတွေအတွက် ဘာလုပ်ပေးရမယ်ဆိုတာ ထိပ်တန်း စိတ်ကူးစိတ်သန်းတွေ ရှိတယ်။ စက်မှုပညာနဲ့ ကာယပညာတွေက ဆွဲဆောင်ရုံသက်သက်ပါပဲ။ အဓိက ဘာသာတွေကတော့ အသစ်ပဲ။ ဘယ်ကျောင်းတွေကမှ သင်ဖို့မကြိုးစားတဲ့ ပညာမျိုးကို သင်ပေးမယ်။ ခေါင်းထဲစွဲသွားအောင် ရိုက်သွင်းပေးမယ်"

"ဘာပညာလဲ"

"အချုပ်ကတော့ လူတဦးစီရဲ့ တာဝန်သဘောတရားဆိုပါတော့"

ရှာလီက သူ့စကားလုံးကို သံယောင်လိုက်ပြီး ရေရွတ်သည်။

"ကလေးတွေကို သူတို့ဟာ တသီးပုဂ္ဂလတွေ၊ တဦးချင်းတွေ မဟုတ်ဘူး။ ပရမ်းပတာ စကြဝဠာရဲ့ အဆက်အစပ်မရှိတဲ့ အနုမြူကလေးတွေ မဟုတ်ဘူးဆိုတာ ကျွန်တော် သင်ပေးချင်တယ်။ သူတို့ဟာ နိယာမ ဥပဒေသတွေနဲ့အညီ နေထိုင်ကြတယ်။ သူတို့ တဦးစီဟာ ကမ္ဘာဦးကနေပြီး ကမ္ဘာတည်သရွေ့ရှိနေမယ့်ဖြစ်စဉ် တရားကြီးထဲက အဆက်အထုံးကလေးတွေ ဖြစ်တယ်ဆိုတာ သင်ပေးမယ်။ ဘယ်ကြိုးဖြစ်ဖြစ် အားအပျော့ဆုံး အဆက်အထုံးကလေးတခု ခိုင်သလောက်ပဲ ခိုင်တယ်။ အဲဒီ အဆက်အထုံးကလေးတွေဟာ သူတို့တတွေပဲဆိုတဲ့ အသိကို ခေါင်းထဲ ရိုက်သွင်းပေးရမယ်။ လူတဦးချင်းစီ တာဝန်သိမှုကို မှန်ကန်တဲ့ လမ်းကြောင်းပေါ်မှာ ဦးတည်ပေးနိုင်ရင် လူမှုရေး အင်အားအဖြစ် ဘယ်လောက်ကြီးမားလာနိုင်တယ်ဆိုတာ ခင်ဗျားလဲ အသိပဲ။ ကလေးတယောက်က သူ့ဘဝဟာ သူ့ကိုယ်ရေးကိုယ်တာကိစ္စပဲလို့ ထင်ရင် စီးပွားရေးအရဖြစ်ဖြစ်၊ လူမှုရေးအရဖြစ်ဖြစ်၊ ကိုယ်ကျင့်တရားအရဖြစ်ဖြစ်၊ အဆိုးဘက်ကို ကံယုံ ဆူးပုံနင်းသလို စွန့်ပီး ခြေဦးလှည့်ချင်မှာပဲ။ ဒါပေမယ့် သူအဲဒီလိုလုပ်တာဟာ ပိုမို ကြီးကျယ်မြင့်မြတ်တဲ့ လူမှုရေးဖြစ်စဉ်ကြီး တရပ်လုံးကို ပျက်စေမယ်ဆိုတာ သိရင် ခြေလှမ်းတုံ့သွားမှာပဲ။ ကျွန်တော့်အစီအစဉ်က အောက်တန်းအကျဆုံး ကလေးပဲဖြစ်ဖြစ် လူ့အဖွဲ့အစည်းရဲ့ အရေးကြီးမှုကို ထိန်းသိမ်းစောင့်ရှောက် ထားရတယ်ဆိုတဲ့အသိ ဝင်အောင်လုပ်ပီး သူတို့ရဲ့ လူမှုရေးပြည့်ဝမှုကို မြှင်တင်ပေးဖို့ပဲ"

"ကျမ နားလည်ပါတယ်ရှင်။ ကလေးတွေနဲ့ လူမှုရေးသိပ္ပံပညာ စမ်းသပ်တာမဟုတ်ဘူး။ ကလေးတွေကို လူမှုရေး သိပ္ပံပညာသင်ပေးတာပဲ။ ဘယ်လောက် ကောင်းလိုက်သလဲ"

"ခင်ဗျား ကလေးတွေရအောင် စည်းရုံးပေးမလား"

ကိုက သူ့ကို လုပ်ဖော်ဆောင်ဖက်အဖြစ် လက်ခံခြင်းသည် သူ့ကို အမွန်မြတ်ဆုံး သိဒ္ဓိတင်လိုက်ခြင်းပင် ဖြစ်သည်ဟု ရှာလီခံစားမိသည်။

"ကျမ တတ်နိုင်မယ် ထင်ပါတယ်ရှင်။ ကျမတို့ ဌာနက အဆက်အသွယ်တွေ အများကြီး ရှိသားပဲ။ မစ္စတာဒိန်းလည်း မဟာမိတ်တယောက် တိုးတော့မှာပေါ့။ ရှင် သိပ်လိုက်လျော ညှာတာတာပဲ မစ္စတာကွိရယ်"

"မဟုတ်သေးပါဘူး"။

ကျွန်တော့်ကို တမျိုးမထင်ဖို့ တောင်းပန်ပါတယ်။ ဒီကျောင်းကို ကျွန်တော့်လုပ်ငန်းရဲ့ အဖက်အစပ် အဖြစ်နဲ့ လုပ်မှာပါ။ ဓာတ်ခွဲခန်း သဘောပါပဲ။ ငါးနှစ်လောက် ကြာရင် ကျွန်တော့်ရဲ့ စမ်းသပ်ချက်ကို ပြန်ဆန်းစစ်ပြီး ကောက်ချက် ဆွဲနိုင်မယ်လို့ မှန်းတယ်"

"ဘာပဲဖြစ်ဖြစ်လေရှင်။ ဒီငါးနှစ်အတွင်းမှာ ဆင်းတောင့် ဆင်းရဲကလေးတချို့၊ ကံအကြောင်းမလှတဲ့ ကလေးတချို့ကိုတော့ အများကြီး ကောင်းကျိုးပြုနိုင်မှာပေါ့ရှင်"

"ဒါပေမယ့် . . ."

"မစ္စတာကွိ၊ ရှင် နေရာတကာမှာ ရိုးဖြောင့်ပြီး ဒီကိစ္စကျမှ ဘာကြောင့် မရိုးဖြောင့်ချင်ရတာလဲ။ ဒီမြို့တော်ရဲ့ဘဝကို တဖက်တလမ်း ကူညီချင်လို့ ဒီကျောင်းကို ရှင်စိတ်ကူးတယ်ဆိုတာ ဘာဖြစ်လို့ ဝန်မခံချင်ရတာလဲ ဟင်"

"ဟုတ်မှ မဟုတ်ဘဲ။ လူမှုရေး သိပ္ပံပညာရှင်ဆိုတာ လူ့အဖွဲ့အစည်းရဲ့ ငါတွေ့ဗဟုသုတ ရှိရမယ်လို့ ခင်ဗျားပဲပြောတာ မဟုတ်လား"

ရာလီသည် ကွိကို မော်ကြည့်ပြီး ပန်းကလေးလို တဖြည်းဖြည်း ပွင့်လာသော အပြုံးကလေးဖြင့် ပြုံးနေသည်။ ကွိက မျက်လွှာချထားသည်။

"ခင်ဗျား ကျေနပ်အောင် ကျွန်တော့် ကြံရွယ်ချက်တွေကို အမြဲ ဆန်းစစ်မနေနိုင်ဘူးဗျာ။ အရေးကြီးတာက ကျောင်းစဖွင့်ဖို့ပဲ။ ခင်ဗျား အာရုံစိုက်ပေးစမ်းပါ။ ခင်ဗျားအတွေ့အကြုံက ကျွန်တော့်လုပ်ငန်းအတွက် အထောက်အပံ့ ဖြစ်မှာပါ။

"စိတ်ချပါရှင်။ မစ္စတာဒိန်းနဲ့လည်း ဆွေးနွေးမယ်။ ရှင်မကန့်ကွက်ဘူး မဟုတ်လား။ သူက"

"ကြိုက်သလိုသာလုပ်ပါ။ ကန့်ကွက်စရာ မရှိပါဘူး။ ကဲ၊ မင်္ဂလာပါ"

ရာလီက မတ်တပ်ရပ်ပြီး လက်ဆန့်ကမ်းလိုက်သည်။ ကွိသည် လက်ဆွဲ နှုတ်ဆက်ရင်း မျက်နှာ အမူအရာ ပြောင်းသွားသည်။

"ခင်ဗျားဆီကို အကူညီ အကြံဉာဏ် လာတောင်းတဲ့အကျင့် ကျွန်တော့်မှာ စွဲနေပီလို့ ခင်ဗျားကတော့ ထင်မှာပဲ"

"ဘာဖြစ်လို့ မလာရမှာလဲရှင်။ ကျမမှာလဲ သိစရာမှတ်စရာ ပညာ တိုးပါတယ်"

"ခင်ဗျားစေတနာကို ဒီလို လွယ်လွယ်နဲ့ ဘေးချိတ်လို့ ဘယ်ရမလဲ"

"ထူးထူးခြားခြား စေတနာထားတာ မဟုတ်ပါဘူးရှင်"

"ထားပါတယ်။ ကျွန်တော်သိပါတယ်။ ထားပါတယ်"

ကွိက လေးလေးပင်ပင်ကြီး ပြောနေ၍ ရာလီက သူစိတ်သက်သာရာရရန် အပြုံးကလေးဖြင့် ဖြေသိမ့်ရသေးသည်။

"ရှင် ဒီလို စွဲစွဲမြဲမြဲ ထင်နေရင် မကြာခင် ကျမကို ပြန်လာတွေ့ဦးမယ်လို့ ယူဆတယ် ဆိုပါတော့"

"ဟုတ်ကဲ့။ ကျွန်တော်မကြာခင် လာတွေ့ဦးမယ်။ ကျွန်တော့် ကျောင်းကိစ္စ စုံစုံလင်လင် ပြောပြချင်သေးတယ်။"

ကွိသည် ရာလီ့ကို ငေးစိုက်ကြည့်နေသည်။ ရာလီက မနေတတ် မထိုင်တတ် ဖြစ်လာ၍ ရယ်လိုက်ပြီး

"ကျမ မြော်လင့်နေတာက ကိစ္စတခုခုကို သတ်သတ်မှတ်မှတ် ပြောဖို့မဟုတ်ဘဲ ကျမနဲ့ စကားပြောဖို့ သက်သက် အတွက်ပဲ ရှင် လာလည်လိမ့်မယ် ဆိုတာပါရှင်"

"ဒါတော့ ကျွန်တော်မပြောနိုင်ဘူး။ မင်္ဂလာပါ"

ကွိသည် ရာလီနှင့် လက်ဆွဲ နှုတ်ဆက်ပြန်သည်။ ဤအကြိမ်တွင် သူလက်ကို မိုးကြိုးထိပြီး တကိုယ်လုံး တုန်ကနဲ ဖြစ်သွားသလို ခံစားလိုက်ရသည်။ သူလက်သည် ထုန်ကျင် မိန်းမောသွားရုံမက မိန်းမောရာမှ ယောင်ယမ်း၍ တေးတကြော်ကြော် အော်နေသကဲ့သို့ပင် ထင်မှတ်ရလေ၏။

"လာလည်တာ ဝမ်းသာပါတယ်ရှင်" ရာလီကပြောသည်။

သူ့စိတ် ကသောင်းကနင်းဖြစ်နေသည်ကို ကွိ ဖုံးဖိနိုင်စွမ်း မရှိ။ တံခါးဝ ရောက်မှ ပြန်လှည့်ကြည့်ပြီး

"ကလေးတွေ အကျိုးရှိကောင်း ရှိမယ်ဆိုတာ မတွေးမိဘူးလို့လဲ ကျွန်တော် မပြောတော့ပါဘူ။ နောက်တခါ လာလည်ရင် သတ်သတ်မှတ်မှတ် ကိစ္စတခုခုအတွက်ပဲ ဆွေးနွေးမယ်လို့လဲ ကျွန်တော် မပြောတော့ပါဘူး။ ပြောရဲတာ တခုကတော့ နောက်တခါ လာလည်ရင် ခဏတဖြုတ်ဖြစ်ဖြစ် ခင်ဗျားနဲ့ စကားပြောရုံ သက်သက်ပဲ ပြောချင်တယ် ဆိုတာပဲ"

ရာလီသည် အိမ်ပေါ်ထပ်သို့ တက်သွားပြီး မှန်ရှေ့တွင် ထိုင်ကာ သူ့ကိုယ်သူ အကြာကြီး စိုက်ကြည့်နေသည်။ ကွိက သူ့ကို သိပ်လှတယ်လို့ ထင်သေးရဲ့လားဟူသော စကားထာကလေးကို အဖြေရှာရန် အချည်းနှီး ကြိုးစားနေမိ၏။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

မြန်မာ့မျှားနတ်မောင်

(၂၅)

မွန်းလွဲ တနာရီခန့်တွင် တယ်လီဖုန်း သံမြည်သည်။ တယောက်တည်း အလုပ်လုပ်နေသော ကိုက တယ်လီဖုန်းကို ကောက်ကိုင်သည်။ တဖက်မှ စကားပြောနေသူမှာ ကယ်ဆယ်စောင့်ရှောက်ရေးဌာန အတွင်းရေးမှူး ဘုန်းတော်ကြီး မစ္ဆတာဒိန်း။

မစ္ဆတာဒိန်းက စောင့်ရှောက်ရေးဂေဟာ ဥပဒေကြမ်းကို နက်ဖြန် လွှတ်တော်တွင် တင်သွင်းမည်ဟု သူကြားရကြောင်း၊ ဘလောင်းဘလဲ နိုင်ငံရေးသမားများက ခြိုးခြံချွေတာရေး စိတ်ဓာတ်လိမ်းကို စွဲကိုင်နေသော်လည်း ပို့စ်သတင်းစာကို ကြောက်ရွံ့တုန်နေကြကြောင်း၊ ထို့ကြောင့် နက်ဖြန်ထုတ် သတင်းစာတွင် မစ္ဆတာကိုက အလဲထိုးပေးစေလိုကြောင်း ပြောသည်။

"ကျွန်တော်တို့ဘက်က ဒီနေ့အထိ အခြေအနေ ခိုင်နေတာ ခင်ဗျားတို့ရဲ့ အရေးအသားတွေကြောင့်ပါပဲ မစ္ဆတာကို။ ဒီတချီ တွန်းတင်ပေးလိုက်ရင် ကျွန်တော်တို့ လွတ်လွတ်ကျွတ်ကျွတ် ပန်းဝင်နိုင်တော့မှာပါ"

ကိုက သူတတ်စွမ်းသမျှ လုပ်ပါမည်ဟု ကတိပေးသည်။ မစ္ဆတာဒိန်းသည် ကိုက ဆယ်ကွေ့တကွေ့ပင်ဖြစ်စေ၊ သူ့ကို ဟက်ဟက်ပက်ပက် ပြောစေလိုသည့်ဆန္ဒ ပေါ်မိရင်း တယ်လီဖုန်းကို ချလိုက်သည်။ သို့သော် ကို၏ ကလောင်စွမ်းကို သူစိုးစဉ်းမျှ သံသယမရှိ။ ထို့ကြောင့် ဂေဟာအရေး တိုက်ပွဲရှည်ကြီးသည် အောင်ပွဲခံသလောက် ရှိနေပြီဟု သူတွေးမိသည်။

ကိုသည် တယ်လီဖုန်း ချလိုက်ပြီးနောက် ဆုံလည် ကုလားထိုင်ပေါ်တွင် နောက်လှန်ထိုင်လိုက်ကာ ဆေးတံကို ဆေးထည့်နေ၏။ ယခုအချိန်တွင် သူဆေးတံသောက်၍ ဇိမ်ယူတတ်နေပြီ။ ချက်ချင်းပင် အတွေးထဲတွင် နစ်မြုပ်သွားသည်။

သူဝသီအတိုင်း မစ္ဆတာဒိန်းကို အေးအေးငြိမ်ငြိမ် တိုတိုတုတ်တုတ် စကားပြန်လိုက်သော်လည်း သူအနှစ်သက်ဆုံးနှင့် သူ၏ အရှည်အလျားဆုံး အာဘော်တိုက်ပွဲကြီး သေရေးရှင်ရေး အနေအထားတွင် ရောက်နေကြောင်း စဉ်းစားမိသောအခါ သူနှလုံးသွေးသည် ထဒိန်းဒိန်း ခုန်လာ၏။

တိုက်ပွဲအောင်လိမ့်မည်ဟု သူမျှော်လင့်၏။ သူ ဘာရေးရမည်ကို ခရေစေ့တွင်းကျ သူသိသည်။ ပြဿနာမှာ လုံးဝ မလှန်နိုင်အောင် ဘယ်လိုရေးမလဲဟူသော ပြဿနာဖြစ်သည်။

ကုလားထိုင်ကို နောက်သို့ လှန်ထိုင်ရင်း မိုးရေစိုနေသော အိမ်ခေါင်မိုးများကို ကို ငေးကြည့်နေသည်။ ဂေဟာကိစ္စကို သူမစဉ်းစား။ ဟင်နရီဂျိဆာဖေနှင့် ဆုံဆည်းနေရသော သူ့ဘဝကြမ္မာ ဆန်းကြယ်ပုံကို တွေးမိသည်။ နှစ်မြို့စရာကောင်းသော အတွေးကား မဟုတ်ပါပေ။

သူနှင့် 'ပါမောက္ခအိုကြီး'တို့ အလွမ်းမသင့်သည် မဟုတ်။ သူတို့ လေပေးဖြောင့်နေသည်မှာ အံ့စရာပင် ကောင်းသေးတော့၏။ ဂျွန်လအတွင်းက တသက်လုံးဖုံးသမျှ ကုန်းကာမှ ပေါ်သလို ပေါ်ခဲ့သော လျှို့ဝှက်ဇာတ်လမ်းကြီးသည် စုံးစုံးမြုပ်သွားခဲ့ပြီ။ အဖိုးကြီးက သူ့ကို ပို၍ မှီခိုအားထား လာသည်နှင့်အမျှ သူကလည်း တာဝန်ပိုယူလာသည်။

သူ့စိတ်ကို ဖိစီးဆုံးကိစ္စမှာ နီကိုလိုဗီးယပ်၏ ငွေကြေးကိစ္စဖြစ်သည်။ ထိုငွေကို သူပါ ဝေမျှစားသောက် မျိုချဖို့နေသလို ဖြစ်နေသည်။ အဖိုးကြီးကလည်း အိမ်သာယာချမ်းမြေ့ရေးအတွက် ငွေကို ဘုံးဖောလအော သုံးလာသည်။ ကျောင်းဆရာဘဝနှင့် စုဆောင်းလာနိုင်ခဲ့သမျှထက် ပို၍ သုံးနေသည်။ ဘယ်က ငွေပို့ငွေလျှံ ရနေသလဲ။

"ဝင်ခဲ့ပါ" တံခါးခေါက်သံကြား၍ ခေါ်လိုက်သည်။ ပလိုနီနီး သူ့အခန်းထဲသို့ ဝင်လာသည်။ မာကြူရီ အားကစားကလပ်တွင် သူနှင့် ကို ကောင်းကောင်းသိခဲ့ကြသည်။

"ဟိုင်း၊ ဒေါက်။ ခင်ဗျားက ဟောရေ့ဂရီလေနဲ့ ထိုးမှာဆို"

မစ္ဆတာနီးသည် ဝက်စ်၏ အခန်းတံခါးကို တွန်းကာ အတွင်းသို့ လှမ်းကြည့်ပြီး တံခါးကို ပြန်ပိတ်လိုက်သည်။

"သတင်းစာတိုက် အောက်ထပ်ရောက်တုန်း ခင်ဗျားကို ဝင်နှုတ်ဆက်ဦးမယ်ဆိုပြီး တက်လာတာ" နီးက ရှင်းလန်းစွာ ပြောသည်။

"ဒေါက် ခင်ဗျားတို့ရဲ့ ဂေဟာ ရယ်ရွှင်ဘွယ်တွေကို ကျုပ်ရော ကျုပ်လူတွေရော ဖတ်နေကြတယ်"

"ကြားရတာ ဝမ်းသာပါတယ်။ ခင်ဗျားတို့ကို ကောင်းကျိုးပေးမယ့်ဟာပဲဗျာ"

ကွိုက ပြုံးလိုက်သည်။ အမှန်စင်စစ် တော်မီဝေါ်လ်ကာ မရှိကတည်းက ဒီလိုကို မရီရတော့ဘူးဗျာ။ ဒါပေမယ့် လူငယ်ကလေး တယာက် ညလုံးပေါက် ထိုင်ထိုင်လုပ်ရပြီး လူရီစရာဖြစ်နေတာတော့ မကြိုက်လှဘူး”

“နောက်ဆုံး ရီခြင်းဆိုတာ အကောင်းဆုံးပေါ့ဗျာ။ ခင်ဗျားကော အဲဒီ ရီနည်းမျိုး ရီဘူးသလား မစ္စတာနီး”

နီးထွက်သွားသောအခါ ‘ဘာတွေ ဥာဏ်နီ ဥာဏ်နက် ထုတ်နေပြန်ပီလဲ မသိဘူး’ ဟု ကွိတွေးမိ၏။

ဧဟာအရေးခေါင်းကြီးကို သူ စရေးလေ၏။

နီးသည် လက်ထောက်အယ်ဒီတာကို ထားရစ်ပြီး အယ်ဒီတာကို ရှာပုံတော်ဖွင့်သည်။ ကွိ တနာရီရှာရမည့် ဝက်စ်ကို နီးက ခြောက်မိနစ်နှင့်တွေ့၏။ ဝက်စ်သည် ယခင် သူ့အလုပ်တိုက်ဟောင်းသို့ ရောက်နေသည်။ ပလိုနီနီး ဝင်လာသောအခါ အားလုံးက ချိုသာစွာနှုတ်ဆက်ကြသည်။ ဝက်စ်ကမူ ဖော်ရွေလှိုက်လှဲစွာ ကြိုဆိုသည်။

ဆယ်မိနစ်ခန့် အကြာတွင် ဘရင်ဂါ၏ ရုံးခန်း၌ မစ္စတာနီးနှင့် မစ္စတာဝက်စ်တို့ တွေ့ကြသည်။ ထိုနေရာသို့ တယောက်တလမ်းစီခွဲ၍ လာခဲ့ကြခြင်းဖြစ်သည်။

မစ္စတာနီးက လိုရင်းကို စပြောသည်။ သူဝင်စွက်သည်ကို မစ္စတာဝက်စ် ဒေါပွကောင်း ပွမည်ဖြစ်ကြောင်း၊ သို့ရာတွင် မိတ်ဆွေတယောက်အနေဖြင့် လက်ပိုက်ကြည့်မနေနိုင်၍ ဝင်စွက်ရခြင်းဖြစ်ကြောင်း၊ ပို့စ်သတင်းစာသည် ဗိုလ်မှူးကြီးကောင်း လက်ထက်ကထက်ပင် ပို၍ ပြောင်ပြောင်မြောက်မြောက် ဖြစ်လာသည်ဟု လူတိုင်းက ပြောနေကြောင်း၊ သို့သော် ဧဟာအရေးအခင်းသည် အယ်ဒီတာသစ်ဝက်စ်၏ ချီးကျူးသူများအား စိတ်ပျက်စေကြောင်း ပြောပြသည်။

“ဒီဧဟာက ပြည်နယ်ရဲ့ စာရိတ္တနဲ့ လူမှုရေး တိုးတက်မှုအတွက် တကယ်လိုအပ်နေတယ်မဟုတ်လား။ ဒေါ်လာတသိန်းမကလို့ ငါးဆ ပိုကုန်တော့ရော ဘာဖြစ်လဲ။ နောက်ဆုံးတနေ့ကျ ဖွင့်ကို ဖွင့်ရမှာပဲ မဟုတ်လား”

ဝက်စ်က မေးခွန်းထုတ်သည်။

ပလိုနီနီးသည် ဝက်စ်ကို စိုက်ကြည့်နေ၏။

“ဖြစ်နေတာတွေ ခင်ဗျားသိရဲ့လား မစ္စတာဝက်စ်။ ခင်ဗျား ကလိန်ခြံစောင်ထဲ ကန့်လန့်ပါနေတယ်။ ကျုပ် ဗြောင်တိုက်ပြောတာ ခွင့်လွှတ်ပါ။ ခင်ဗျားကို ကျုပ်သိပ်စိတ်ဝင်စားလို့ ပြောနေတာ”

“ပြောင်ပြောင်ပဲ ပြောပါဗျာ။ ကျွန်တော်က ဇာတ်ရှုပ်ထဲ ဘယ်လို ကန့်လန့်ပါနေရတာလဲ။ ကလိန်ကျနေတာက ဘယ်သူလဲ”

“ကယ်ဆယ်ရေးဌာနက ဘုန်းကြီး ဂျော့ဒိန်းပေါ့ဗျ” ပလိုနီနီးက ချက်ချင်းဖြေသည်။

“သူကြိုးကိုင်နေတာပဲ။ အဲဒီလူက ဒိတ်ဒိတ်ကျဲ နိုင်ငံရေးသမားပေါ့”

“ပလိုနီ၊ ခင်ဗျားတော့သွားပြီ။ အတတ်ကျူးလို့ အရူးဖြစ်ပြီ။ ဒိန်းကို ကျွန်တော်ကောင်းကောင်းသိတယ်။ တကယ်ဖြောင့်တဲ့ပုဂ္ဂိုလ်ပါဗျာ”

နီးက စားပွဲပေါ်သို့ ငုံကြည့်နေရင်း ညင်သာစွာ ပြုံးနေ၏။

“ဒါတော့ ကိုယ့်ထင်မြင်ချက်နဲ့ ကိုယ်ပေါ့”

ခဏငြိမ်နေ၏။ ဝက်စ်သည် ရှာလီပြောဖူးသော ဘုန်းကြီးလဲ မဲဆွယ်ရတယ်ဆိုသော စကားကို အမှတ်ရနေသည်။

“ကျုပ် ခင်ဗျားထက်လဲ အသက်ကြီးတယ်။ လက်တွေ့ နိုင်ငံရေး အတွေ့အကြုံလဲရှိတယ်။ နိုင်ငံရေးသမား တယောက်ကို လမ်းမှာတွေ့ရင် သူ့ကို နိုင်ငံရေးသမားမှန်း ကျုပ်မသိဘူးဆိုရင် ဆန်းနေမှာပဲ။ သူများတွေ ပြောနေတာ ပြန်ပြောပြရရင် ဘုန်းကြီးဒိန်းက ပြည်နယ်ဘုရင်ခံ ဖြစ်ချင်နေတာဗျ။ အုံသြသွားသလား။ ဒီဧဟာကို သူသိပ်လိုချင်နေတာက ပြည်နယ်ကောင်းဖို့ထက် သူကောင်းဖို့ဗျ။ ဧဟာရရင် လူတွေခန့်မယ်။ တနှစ်လောက်ကြာရင် ခါးပိုက်ဆောင် ယန္တရားကလေး ရလာမယ်။ ခင်ဗျားကို ကျွန်တော် အတင်းမယုံခိုင်းပါဘူး”

“ခင်ဗျား မှားနေပြီ ပလိုနီ။ ခင်ဗျား ဆယ်ပြန်မှန်နေလဲ ဘာဖြစ်ရမှာလဲ။ ခင်ဗျားတို့က ထင်နေတယ်။ ဘုန်းကြီးဒိန်းက ခိုင်းတာနဲ့ ပို့စ်က ရေးနေတယ်လို့။ ပို့စ်က ဘယ်တော့မှ ဒီလိုအလုပ်မျိုး မလုပ်ဖူး။ အသေးစိတ်လေ့လာပြီးမှ ရေးတာ။ သိလို့ရေးတာ”

“ကောင်းလိုက်လေဗျာ။ ကျုပ်လူတွေက ခင်ဗျား နိုင်ငံရေးကစားနေတယ်လို့ ပြောတော့ ကျုပ်ဒီအတိုင်းပဲ ပြန်ပြောခဲ့တာပါပဲ။ ကျုပ်ကတော့ ဒိန်းဘာတွေ လုပ်နေနေ ဧဟာကိစ္စကို လိုလားပါတယ်”

“လိုလားတယ်၊ ဟုတ်လား။ စောစောက ပြောတော့ ဆန့်ကျင်တယ်ဆို”

“ဧဟာကို ဆန့်ကျင်တာ မဟုတ်ဘူးဗျ မစ္စတာဝက်စ်ရဲ့။ ကျုပ်ဆန့်ကျင်တာက ဘိုင်ကျတဲ့ နှစ်မှာ ဒေါ်လာတသိန်းသုံးဖို့ ကိစ္စဗျ”

"အော်၊ ခင်ဗျားက ဂေဟာဖွင့်ချင်တယ်။ ဒါပေမယ့် ဒီနှစ်မဖွင့်ချင်သေးဘူး။ ဒီလိုလား"

"လိုရင်းအချက်က ဒီလိုဗျ။ ဒီနှစ် ကျုပ်တို့ငွေတွေ သုံးလိုက်ရင် လူထုကလာမယ့် ရွေးကောက်ပွဲမှာ ပါတီကို ကန်ထုတ်မယ်။ ဒါ ခင်ဗျားမို့လို့ပြောတာ။ ပြောရတာလဲ ရှက်ပါရဲ့။ ပို့စ်က ပါတီကောင်းစားရေးကို ကြည့်စေချင်တဲ့ဆန္ဒ ခင်ဗျားမှာ ရှိတယ်လို့ ကျုပ်ယုံတယ်"

"သေချာတာပေါ့"

"ဒီနှစ် အစွမ်းကုန် ခြိုးခြံမယ်ဆိုတဲ့ မူဝါဒ ကြေညာချက်နဲ့ လွှတ်တော်ကို ရွေးလိုက်တာ။ ဒီတော့ ပါတီက ကတိအတိုင်း ခြိုးခြံရေး လုပ်ငန်းတွေကို တိတိကျကျ လုပ်တယ်။ စီမံကိန်းသစ်တွေ ရွှေ့ဆိုင်းတယ်။ လစာတွေ ဖြတ်တယ်။ အသုံးစရိတ် ခေါက်ချိုးလျော့တယ်။ ဒါတွေအားလုံး ခင်ဗျားအသိပဲ မဟုတ်လား"

ဝက်စ်က သိကြောင်းဝန်ခံသည်။

"ဒီလိုလုပ်နေတုန်းမှာ ခင်ဗျားက လုပ်ငန်းသစ်တခုဖွင့်ဖို့ ဒေါ်လာတသိန်း သုံးခိုင်းတယ်။ ခင်ဗျားပြောတဲ့အတိုင်း လုပ်ပီဆိုပါတော့။ ဘာဖြစ်မယ် ထင်သလဲ။ ခင်ဗျားကိစ္စမှာ နိုင်ငံရေးမစွက်ဘူးလို့ ထင်မယ်။ ရီပတ် ဘလစ်ကန်တွေကတော့ ဒီလိုမယူဆဘူး။ သူတို့က လက်ညှိုးထိုးလိမ့်မယ်။ ကျုပ်တတ်တဲ့နှစ်မှာ ပါတီက ပြည်သူ့ငွေ ဒေါ်လာ တသိန်းသုံးတယ်။ ပါတီလက်ကိုင်တုတ်တွေအတွက် စားပေါက်ထွင်တာ။ ဘာညာပေါ့။ ပါတီက ဒါမျိုး အပြောမခံနိုင်ဘူး။ ပါတီလဲ အခြေယိုင်နေပြီ။ ပြည်နယ်တိုးတက်မှုအတွက် ငွေတွေသုံးလွန်းလို့လဲ ယိုင်ခဲ့ရတာ။ ဒီတော့ မေးခွန်းတခုပဲ ဖြေဖို့ရှိတော့တယ်။ အသုံးစရိတ်တွေကို နှစ်နှစ်ဆိုင်းထားမလား။ ပါတီ အပြုတ်ခံမလား"

ဝက်စ်က မအီမသာ ရယ်လိုက်၏။

ဟုတ်တိုင်းမှန်ရာ ပြောရလျှင် ဂေဟာကိစ္စကို ဝက်စ် ကျေကျေညက်ညက်မသိ။ သူစိတ်ဝင်စားသည့် အခြားကိစ္စရပ်များနှင့် ယှဉ်လျှင် အသေးအဖွဲ ကိစ္စမျှသာဖြစ်သည်။ ဤကိစ္စကို လက်ထောက် အယ်ဒီတာနှင့် လွှဲထားပြီး သူ့စိတ်ထဲမှ ဖယ်ထုတ်ထားသည်။

ဂေဟာဖွင့်လှစ်ရေးသည် ပြည်နယ်အတွက် ကောင်းသော လုပ်ငန်းတခုဖြစ်သည်ဟု ယုံကြည်သည်မှအပ၊ အကြောင်းအချက်များကို သူ ရိပ်ဖမ်းသံဖမ်းမျှသာ သိသည်။ ထို့ကြောင့် ပလိုနီ၏ ကျိုးကြောင်းဆက်စပ် ရှင်းပြမှုများကို သူဘဝင်ကျသည်။ ထို့ပြင် ပလိုနီ၏ စေတနာထားမှုကို သူစိုးစဉ်းမျှ သံသယမရှိ။

ကွိသည် လူမှုရေးစိတ် ထက်သန်မှုဖြင့် လမ်းလွဲလိုက် နေသလိုလို၊ သတင်းစာ၏ ရပ်တည်ချက်သည် လက်ငင်း အခြေအနေများနှင့် ကင်းကွာနေသလိုလို ဝက်စ်အဖို့ ထင်စရာ မြင်စရာဖြစ်လာသည်။

ဝက်စ်သည် သူ့ရာထူး၏ တာဝန်ကြီးလေးမှုကို သတိရသည်။ ဒီမိုကရက်တစ်ပါတီ ကောင်းစားရေးကို ကာကွယ်မြှင့်တင်ရေးသည် ပို့စ်သတင်းစာ၏ ပကတိပ မူလ အခြေခံမူဝါဒဖြစ်ခဲ့သည်။ ထိုသတင်းစာ၏ ထုတ်ဖော်ရေးသားချက်များကို သူ ယခု ချုပ်ကိုင်လျက်ရှိသည်။ သို့သော် နီး ပြောပုံအရဆိုလျှင် အခြေအနေက ဆိုးဆိုးရွားရွား ရှိလှသည်။

"လာမယ့် နှစ်နှစ်ကျရင်လဲ ဒီကိစ္စ တိုက်တွန်းရဦးမှာပဲမဟုတ်လား"

"မလိုပါဘူး။ လွှတ်တော်ဆိုတာ ဒီတခါပိန်ရင် နောက်တခါ ဖောင်းတတ်တာပဲ။ တလည့်စီပေါ့"

"ဘာပဲဖြစ်ဖြစ်လေ။ ကျွန်တော်ကတော့ ရှေ့ကို လှမ်းဖို့မှ ခြေမခိုင်တဲ့ ပါတီမျိုးတော့ သိပ်အထင်မကြီးဘူး"

"ပါတီ။ မစ္စတာဝက်စ်ရဲ့၊ ကျုပ်က ပါတီကိစ္စ စဉ်းစားနေတာမဟုတ်ဘူးဗျ။ ကျုပ်စဉ်းစားနေတာက"

ပလိုနီသည် ဒေါသသံကို လျော့ချလိုက်ကာ ညင်သာစွာဖြင့် "ခင်ဗျားကိစ္စဗျ" ဟု ပြောလိုက်သည်။

"ကျွန်တော့်ကိစ္စ ဟုတ်လား။ ဘာဆိုင်လို့တုန်း"

"ဆိုင်တာပေါ့။ ငွေဖြုန်းပွဲကြီးမှာ ပါတီ လက်ရှိမိရင် ခင်ဗျားခိုင်းတာပဲ"

"ဒါတော့ ကျွန်တော် တာဝန်ယူရမှာပေါ့။ ကျွန်တော်က မှန်တယ်ထင်တာတော့ လုပ်မှာပဲ။ ဖြစ်လာတာလဲ ခံမှာပဲ"

"နှစ်နှစ်ကြာမှ ဖြစ်လာရင်ကော"

"ခံမှာပဲပေါ့"

"လတ်တလော ဖြစ်လာမှာကတော့ ပါတီခေါင်းဆောင်တွေက ခင်ဗျားကို အကောင်းမြင်တော့မှာ မဟုတ်ဘူး။ ဒီလူတွေက လူကောင်းတွေပါ။ ဒါပေမယ့် ပါတီကိုထိတဲ့လူဆိုရင် ဘယ်တော့မှ ခွင့်မလွှတ်ဘူး။ တသက်လုံး တေးထားတော့မှာပဲ"

"ဒီမှာ ပလိုနီ။ ကျွန်တော်က ပါတီခေါင်းဆောင်တွေဆီမှာ ဘာမှ လက်ဖြန့်တောင်းနေတာမှ မဟုတ်ပဲ"

"ဒါပေမယ့် ခင်ဗျား မိတ်ဆွေတယောက်တလေက ခင်ဗျားအတွက် လက်ဖြန့်တောင်းမယ် ဆိုရင်ကောဗျာ"

ပလိုနီက ရုတ်တရက် စားပွဲပေါ်သို့ ကုန်းလိုက်ကာ ကရားရေလွှတ် ပြောနေတော့သည်။

"နားထောင်စမ်း မစ္စတာဝက်စ်။ ခင်ဗျားစိတ်ဓာတ်ကိုရော၊ ခင်ဗျား တာဝန်ကိုရော ကျုပ်သိတယ်။ ခင်ဗျားမှာ လူထုဘဝ မြှင့်တင်ချင်တဲ့စိတ်ဓာတ် အပြည့်အဝရှိတယ်။ ဒါပေမယ့် မိုးပေါ်မှောပြီး လမ်းလျှောက်ချင်တယ်။ အောက်ငုံ့မကြည့်ချင်ဘူး။ လုပ်ငန်းဆောင်တာတွေ ပြီးမြောက်အောင်လုပ်ရတဲ့ လက်တွေ့ကိစ္စကို ထည့်မစဉ်းစားချင်ဘူး လုပ်ငန်းကြီးလုပ်ချင်ရင် လက်တွေ့ကျရတယ်ဗျ"

ပလိုနီက အားတက်သရော ပြောနေ၍ အသံများပင် တုန်နေ၏။ ဝက်စ်သည် သူ့ကို ဘာကြောင့် ပလိုနီဤမျှ တလေးတစားဖြစ်နေသည်ကို တွေး၍မရ။

"မစ္စတာဝက်စ်။ ခင်ဗျားလူထုကို အလုပ်အကျွေး ပြုချင်သလား။ နိုင်ငံရေးတာဝန်ထက် ဘာကပိုပြီး လူထုကို အလုပ်အကျွေးပြုနိုင်ပါ့မလဲ။ ခင်ဗျားကို ဒဲ့ဒိုး တခါ ထပ်ပြောရမလား"

ဝက်စ်က ပြောခွင့်ပေးသည်။

"နားထောင် မစ္စတာဝက်စ်။ ဂျွန်လထဲမှာ မြူနီစပယ် ရွေးကောက်ပွဲတွေလုပ်မယ်။ လျှို့ဝှက်မဲမကလို့ ဘာမဲဖြစ်ဖြစ် ပါတီက နိုင်မှာပဲ။ ခင်ဗျားလဲ သိတယ်။ ကောင်းပြီ။ ပါတီက ဘယ်သူ့ကို မြို့တော်ဝန်ရာထူးပေးမလဲ။ လူဟောင်းတွေကို မပေးချင်ဘူး။ လူဟောင်းတွေက လုပ်ချင်တောင် သူတို့ကို လူထုက လက်မခံဘူး။ ကျုပ်ကြားတာပြောရရင် တိုးတက်တဲ့ လူငယ်ပိုင်းကို တာဝန်ပေးချင်တယ်။ ပြုပြင်ပြောင်းလဲရေးသမားမျိုးလဲ ဖြစ်ရမယ်ပေါ့လေ။ အဲဒီလူငယ်က မလုပ်ချင်ဘူးလို့ ငြင်းကောင်းငြင်းမယ်။ ကျုပ်ကပြောမယ်။ ဒါတာဝန်ပဲ။ လူထုကို အလုပ်အကျွေးပြုချင်တဲ့သူတိုင်း အဲဒီတာဝန်ကို မငြင်းရဘူး။ အဲ့ဒီတော့ ခင်ဗျားကို ကျွန်တော်တခုမေးမယ်။ အဲဒီလူငယ်မှာ အစွန်းအထင်းရှိနေရင် သူ့အတွက် ပြောပေးတဲ့ သူ့မိတ်ဆွေတွေ ဘယ်လို ဇာတ်ကွက်လှည့်ကြမလဲ။ ပြည်နယ်အဆင့်မှာ ပါတီနောက်ကြော မားနဲ့ထိုးခဲ့တဲ့လူကို မြို့တော်အဆင့်မှာ ပါတီက တာဝန်ပေးဖို့လမ်းရှိနိုင်ပါဦးမလား"

ဝက်စ်သည် မေးကို လက်ထောက်ထိုင်နေသည်။ စားပွဲကို စိုက်ကြည့်နေသည်။ သူ့စိတ်အာရုံတွင် သူ့အစွဲမြင်ကွင်းပေါ်လာသည်။ တရားဟောသူကို စိုက်ကြည့်နေကြသည့် မျက်နှာကုန်ရော့ကုန်ဝှာ မြက်ခင်းဖြူကြီး။

"ပလိုနီ၊ ခင်ဗျား အနာဂတ်ထဲကို အရမ်းနင်းပြီး လျှောက်နေပြီ"

"ခင်ဗျား လမ်းဆုံ လမ်းခွမှာ ရောက်နေလို့ ကျုပ်က ရှေ့ကို အတင်းနင်း လျှောက်နေရတာပေါ့ဗျာ"

မစ္စတာနီးက ကျန်ခြေကြီးနှင့် ပြောလေသည်။

ဝက်စ် သတင်းစာတိုက်သို့ ပြန်ရောက်သောအခါ အယ်ဒီတာအခန်းတွင် တယောက်မျှမရှိ။ လက်ထောက်အယ်ဒီတာ နေ့လယ်စာပြန်စားနေသည်။ ရေးလက်စ ခေါင်းကြီးတိုနှစ်ပုဒ်ကို ဆက်ရေးပြီး သူလည်း နေ့လယ်စာထွက်စားသည်။ ထို့နောက် အစည်းအဝေးများ တက်သည်။ မိုးစုန်းစုန်းချုပ်မှ အလုပ်သို့ သူပြန်ရောက်သည်။

အိမ်ပြန်ရန် ဟန်ပြင်နေသည့် ကွိက သူ့အခန်းတံခါးကို တွန်းဖွင့်ပြီး ဝင်လာသည်။ နက်ဖြန် သတင်းစာ၏ အာဘော် စာမျက်နှာ အထားအသိုကို နှစ်ယောက်သား ဆွေးနွေးကြသည်။ ပြီးမှ ဝက်စ်က

"စကားမစပ် ဂေဟာအကြောင်း ရေးသေးသလား" ဟု မေးသည်။

"အကောင်းဆုံး ခေါင်းကြီးရေးထားတယ်။ နောက်ဆုံးပိတ်အိတ်နဲ့ လွယ်ရမှာပဲ" ကွိက အီဗာဘန်ဟိုင်မာအကြောင်း တွေးမိပြီး မျက်လုံးများ ဝင်းပြောင်လာသည်။ ဝက်စ်၏ မျက်နှာမှာ အနည်းငယ် ညှိုးသွားသည်။

"ဟုတ်လား ခင်ဗျား ဘယ်လိုရေးထားလဲ။ ဖတ်ကြည့်ရအောင်"

"ကြည့်လေ"

သူရေးသမျှ အစစ်အဆေးမရှိသည်မှာ ကြာပြီ။ ယနေ့မှ ထူးထူးခြားခြား မေးလားမြန်းလား လုပ်သည်။

သို့သော် ကွိက အံ့ဩသည့်အမူအရာ မပြ။

"ဒီကိစ္စ တွန်းရေးနေတာ များလွန်းနေပြီ" ဟူသော စကားလုံးများသည် ဝက်စ်၏ ပါးစပ်ဖျားမှ ထွက်လုတည်းကာရှိသည်။ သို့သော် သူကိုယ်သူ ထိန်းလိုက်သည်။ သူလက်ထောက်ကို ဘာကြောင့် သူ ဖြေရှင်းချက်ပေးရမလဲ။ သူ့ကို ယုံ၍ ပုံပေးထားလွန်းမိပြီ မဟုတ်လား။

ကွိက သူ့ခေါင်းကြီးကို ယူလာပြီး ဝက်စ်၏ စားပွဲပေါ်တွင် တင်လိုက်သည်။

"မေးစရာရှိရင်မေးပါ။ ကျွန်တော်စောင့်နေမယ်"

"မလိုပါဘူး။ အခြေအနေအားလုံးကို ကျွန်တော် ကောင်းကောင်းသိပါတယ်"

ကွိုက ဆုတ်ဆိုင်းဆိုင်းနှင့် မယောင်မလည်လုပ်နေသည်။ ပြတင်းပေါက်သို့ သွားရပ်ကာ လမ်းပေါ်သို့ ငုံ့ကြည့်နေသည်။ သူသည် ကမ္ဘာပေါ်တွင် ဟန်မဆောင်တတ်ဆုံး လူတယောက်၊ ဟန်ဆောင်ရမှာ စိတ်မချမ်းသာဆုံး လူတယောက်။

"မိုးကလဲ သဲလိုက်တာ လွန်ရော" ကွိုက ပြောသည်။

"ပုဆိန်ပေါက်ရွာနေတာပဲ" ဝက်စ်က ကွို၏ ခေါင်းကြီးစာမူကို ကိုင်ကြည့်ရင်း ဖြေသည်။

"ဒီည မေးစရာရှိရင် တယ်လီဖုန်းဆက်ပေါ့"

"မရှိပါဘူး။ မင်္ဂလာညပါ"

တယောက်တည်းကျန်ခဲ့သော ဝက်စ်သည် ကွို၏ ခေါင်းကြီးကို ကောက်ဖတ်လိုက်သည်။ သူ့အသိဉာဏ်က ခေါင်းကြီးရေးသူကို ချီးကျူးမိသည်။ စံတင်လောက်သော ခေါင်းကြီးတခုပါပေ။ တင်ပြချက် စေ့စပ်သည်။ သွက်လက်သည်။ စကားလုံးပြောင်သည်။ ရေးဟန်စူးရှသည်။ 'ဒီလိုရေးတတ်အောင် ဘယ်မှာများ သင်ထားပါလိမ့်' ဝက်စ် အံ့သြနေမိ၏။

'တရားသေ စကားတွေပဲ။ ဒဿနိက ဆရာရဲ့ စိတ်ကူး စိတ်သန်းတွေပဲ။ အခြေအနေမှန်နဲ့ ဘယ်လောက် အလှမ်းဝေးသလဲ' ဝက်စ်သည် ငေးမော တွေးတောနေ၏။

သူစဉ်းစားမိသည်မှာ အခြေအနေမှန်ကို သူကိုယ်တိုင်သိထားသည်မှာ ကံတော်လေစွ။ အခြား အယ်ဒီတာများကဲ့သို့သာ သိမထားလျှင် ဤခေါင်းကြီးမျိုးကို အစစ်အဆေးမရှိ ဖော်ပြမိမည်။ ပို့စ်သတင်းစာကို လူရယ်စရာ ဖြစ်စေမည်။ ရေးသင့်တာ မရေးသင့်တာ အပထား။ ဤရေးပုံမျိုး မရေးသင့်။ ပါတီကို စောင့်ရှောက်နေသော ပုဂ္ဂိုလ်များအဖို့ အရေးမထားလောက်သည့် အနုစိတ်ကိစ္စကလေးတွင် ပို့စ်နှင့်အမြင်ကွဲလွဲသော ရိုးသားသူများအား တိုက်ခိုက်ရေးသားသင့်သည့် ပုံစံမဟုတ်။

ဝက်စ်သည် ကုလားထိုင်ကို နောက်သို့ မှီလဲ့ချလိုက်ပြီး နံရံကို စိုက်ကြည့်နေ၏။

မှန်၏။ ဤကိစ္စသည် အရေးမထားလောက်သော အသေးစိတ်ကိစ္စကလေးဖြစ်၏။ အရေးထားရမည့်ကိစ္စမှာ စောင့်ရှောက်ရေးဂေဟာ ဖွင့်လှစ်နိုင်ခြင်းသာ ဖြစ်၏။ ယခုနှစ်ဖွင့်ခြင်းနှင့် နောက်နှစ်နှစ်ကျမှဖွင့်ခြင်းသည် ခြားနားမှုမရှိလှ။ သူ့ လက်ထောက်အယ်ဒီတာကဲ့သို့သော အတိုင်းအတာစိတ် ကင်းမဲ့နေသူများအဖို့ဟာ ခြားနားမှု ရှိကောင်းရှိမည်။

သူဘာလုပ်လုပ် သူ့နောင်ရေးကို ထိခိုက်မခံနိုင်။ ဂေဟာမရှိပဲ။ တသက်လုံး နေခဲ့ပြီးမှ ပြည်နယ်အဖို့ နှစ်နှစ် စောင့်ရ၍ ခက်ခဲစရာမရှိ။ ပလိုနီစိတ်ကူး မှန်သည်။

လူသိရှင်ကြား ဝန်ခံဝံ့သူ မရှိသော်လည်း ပါတီသည် အကြပ်အတည်း ဆိုက်နေသည်။ ပါတီကို ကယ်မလား။ ဖြိုမလား။ ပါတီ၏ ကံကြမ္မသည် သူ့လက်ထဲတွင် ရှိသည်။ ပို့စ်သတင်းစာကို အားလုံးက ဝိုင်းကြည့်နေကြသည်။

လူထုက ငွေကုန်ကြေးကျများသော တိုးတက်မှုများကို ရပ်ဆိုင်းရန် တောင်းဆိုနေသည်။ ပါတီခေါင်းဆောင်များကလည်း တတ်စွမ်းသမျှ လိုက်နာ ဆောင်ရွက်နေကြသည်။ ဂေဟာအတွက် သုံးရမည့်ငွေသည် ပါတီကို ကျောက်ကျစေနိုင်သည်။ လူထုက နှစ်နှစ်ကြာမှ ငွေကုန်ခံလိုသည့် အမျိုးသမီး စောင့်ရှောက်ရေးဂေဟာကို ပါတီ ပြုတ်ခံပြီး ဖွင့်ခိုင်းရန်မှာ ရာဇဝတ်မှု ကျူးလွန်ခြင်းပင် မဟုတ်ပါလား။

ဤသဘောထား၏ စိတ်မချမ်းသာစရာတကွက်မှာ တလောကလုံး သူအချစ်ဆုံးဖြစ်သော ရှာလီဝေလင့်ကိစ္စ ဖြစ်၏။ ရှာလီ အကြီးအကျယ် စိတ်ပျက်ရှာတော့မည်။ သူ့ကိုလည်း စိတ်နာနိုင်သည်။ မိန်းမဆိုတာ ဒီလိုပဲဟု သူတွေးမိ၏။

သို့သော် ရှာလီသည် ဆင်ခြင်ဉာဏ်ရှိသူဖြစ်၍ ရှင်းပြလျှင် သဘောမပေါက်နိုင်စရာမရှိ။ ပလိုနီနီးက လျှို့ဝှက်ရန် မှာထား၍ ရှာလီကို လုံးဝပါဌ်စေ့ ပြောမပြနိုင်စေကာမူ သူ့အနေဖြင့် ပြည်သူ့တာဝန်သိသိ လုပ်ရကြောင်း ရှင်းပြနိုင်သည်။ သူချစ်သော မိန်းကလေးအတွက် စိတ်ပျက်စရာအလုပ်ကို သူလုပ်ရန် ကြံကြိုက်လာသည်မှာ ကံကြမ္မာ၏ အညာအတာကင်းမဲ့မှုပင် ဖြစ်တော့၏။

ကွို၏ ခေါင်းကြီးကို ကောက်ကိုင်လိုက်ပြန်ကာ အံ့စရာ လန့်စရာ စကားလုံးများကို သူဖတ်ကြည့်နေမိ၏။ ပို့စ်၏ သြဇာတိက္ကမ အရှုန်အဝါကိုယူလျက် ပါတီကို လက်ပြန်ကြိုးတည်းကာ သေတွင်းပို့နေသည့် စကားလုံးများပါတကား။

ကိုကို သူ မကျေမချမ်းဖြစ်မိသည်။ လူယုံသတ်တယ်ဆိုတာ ဒါမျိုးပဲ။ အလုပ်ဆိုတာ မှန်မှန်ကန်ကန် ဖြစ်စေချင်ရင် ကိုယ်တိုင်ကိုယ်ကျလုပ်မှဟုတ်တော့မိ၏။ သူက ကိုကို ကြိုးကလေးတချောင်း သုံးခွင့်ပေးခဲ့သည်။ ကိုက ထိုကြိုးဖြင့် ပို့စ်နှင့် ပို့စ်၏ အယ်ဒီတာကို ကြိုးဆွဲချသတ်ရန် ကြိုးစားပမ်းစားလုပ်ခဲ့သည်။ ပြီးတာ ပြီးစေတော့။

ကံအားလျော်စွာ ပို့စ်၏ ယေဘုယျရပ်တည်ချက်က ခိုင်လုံသည်။ ထိုရပ်တည်ချက်ကို လက်ထောက် အယ်ဒီတာက ဆင်ခြင်တုံတရားကင်းမဲ့သော အစွန်းတဖက်သို့ တွန်းပို့ထားလျှင် အယ်ဒီတာက ဘာလုပ်ရမလဲ။ ကိုယ်တိုင်ကြပ်မတ်ပြီး မူလနေရာမှန်သို့ ပြန်ရွှေ့ရုံသာရှိတော့သည်။ ထိုသို့ပြုလုပ်ရန် အသိဉာဏ်ရှိသူတိုင်း အဘယ်မှာ ဆုတ်ဆိုင်း တွန့်ဆုတ်နိုင်အံ့နည်း။

ဝက်စ်သည် အဝေးသို့ ငေးနေ၏။ သူ့မိတ်ဆွေများသည် သူ့ကို ဆိတ်ငြိမ်စွာ၊ စိုးရွံ့စွာ စောင့်ကြည့်နေကြသည်။ သူ့စိတ်ကူးထဲတွင် ထိုမိတ်ဆွေများသည် ဩဇာတိက္ကမ ကြီးမားသူများ၊ လေးစားအပ်သူများ ဖြစ်နေ၏။ သူတို့က သူ့ကို ခြေလှမ်းမှားမှာ စိုးရိမ်နေကြသည်။ သူခြေလှမ်းမှားလျှင် သူ့နိုင်ငံရေးဘဝ အနာဂတ်ဆုံးရှုံးသွားမည်။

ပလိုနီနီးက သူ့ကို ပြည်သူ့အကျိုးဆောင်ဘဝ၏ လမ်းဆုံ လမ်းခွသို့ ရောက်နေသည်ဟု ပြောသွား၏။ ရှင်ဘုရင်များကို နန်းတင်နန်းချလုပ်နေသည့် **မဟာဝါးဝစ်** ကမ္ဘို့ဝန်ရာထူးတွင် သူ့ကိုလျားထားကြောင်း မကွယ်မထောက် ပြောသွားခဲ့သည်။ ရှစ်လလုံးလုံး သူတန်းစီခဲ့သည်။ သူတာဝန်ကို သူငြိမ်သက်စွာ ကျေကျေပွန်ပွန် ထမ်းရွက်ခဲ့သည်။ မည်သူ့ထံကမျှ မည်သည့်အခွင့်အရေးကိုမျှ မတောင်းခဲ့။ နောက်ဆုံးတွင် ဝါးဝစ်က သူ့ကို ခေါ်ပြီး အမှတ်တံဆိပ် ခတ်နှိပ်လိုက်လေပြီ။

မဟာဝါးဝစ်။ ။ဝါးဂစ်မြို့စားကြီး (၁၄၂၈–၇၁)။ အင်္ဂလိပ်စစ်ခေါင်းဆောင်နှင့် နိုင်ငံရေးခေါင်းဆောင်ကြီး။ အင်္ဂလိပ်သမိုင်းတွင် ဘုရင်ခန့်သူ (ကင်းမိတ်ကာ) ဟု ကျော်ကြားသည်။

စိတ်ကူးရေယာဉ်ကြောတွင် မျောနေရာမှ သူဝိညာဉ်သည် သူခန္ဓာကိုယ်ထဲသို့ ပြန်ရောက်လာသည်။ သတင်းစာ၏ ရပ်တည်ချက်ကို ညင်ညင်သာသာ ဘယ်လိုပြောင်းမလဲ။ ဘယ်လို အကျိုးသင့် အကြောင်းသင့် ဖြစ်စေမလဲ။ ပို့စ်သတင်းစာ၏ စွဲမြဲမှုကို မပျက်ပြားစေပဲ ပါတီကို သူ ဘယ်လိုကယ်တင်မလဲ။

ဝက်စ်သည် ဘီရိုကို ဖွင့်၍ စောင့်ရှောက်ရေးဂေဟာဟု ခေါင်းစဉ်တပ်ထားသည့် စာတွဲကြီးကို ထုတ်ယူလိုက်သည်။ လွန်ခဲ့သည့် ၁၂ လကာလအတွင်း ဂေဟာကိစ္စ ရေးခဲ့သမျှ ခေါင်းကြီးများကို ကသုတ်ကရက် ပြန်ဖတ်သည်။ စာပိုဒ်အချို့သည် သူ့ကို အံ့ကြိတ်မိစေသည်။ ထိုစကားလုံးများသည် သူ့ခေါင်းထဲတွင် မခံချည့်မခံသာဖြစ်အောင် မြုပ်ချည်ပေါ်ချည် ဖြစ်နေသည်။

တစတစနှင့် သူ့စိတ်ကူးထဲတွင် ကျိုးကြောင်းဆက်စပ်မှုလမ်းကြောင်းတခု ပေါ်လာသည်။ ပို့စ်သတင်းစာ၏ အခြေခံစဉ်ဆက်မပြတ်မှုကိုလည်း သဟဇာတဖြစ်စေ၊ သဘောထားပြောင်းလဲမှုကိုလည်း မှေးမှန်းသေးသိမ်စေသည့် လမ်းကြောင်းဖြစ်သည်။

ခေါင်းကြီးကို တလုံးချင်း သူစရေးသည်။ နောက်ပိုင်းတွင် သွက်သွက်ကြီး ရေးနေတော့သည်။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

(၂၆)

ကွိသည် မိုးကာအင်္ကျီကို လည်ပင်းအထိ ကြယ်သီးတပ်လျက် မိုးရွာထဲတွင် လျှောက်လာခဲ့သည်။ သူ့တွင် ထီးမရှိ။ လိုလည်း မလိုချင်။ မျက်နှာကို မိုးရေဆမ်းသည်မှာ သူ့ကိုလန်းစေသည်။

ရှာလီဝေလင့်ဖခင်၏ မိတ်ဆွေတုကြီးက ရှာလီဝေလင့်ထံမှ ခိုးယူခဲ့သည့်ငွေဖြင့် သူ စားသောက်နေထိုင်ခဲ့သည်မှာ တနှစ်နီးပါး ရှိပြီ။

မြန်မာ့မျှားနတ်မောင်

ဆာဖေ၏ ဝင်ငွေအရင်းအမြစ်ကို ယခင်က မစစ် မမေးခဲ့မိသည့် သူ့ပေါ်လျော့မှုကြောင့် သူ့ကိုယ်သူ ပစ်ပစ် ခါခါ ရှုတ်ချနေမိ၏။ အဖိုးကြီးသည် အလွဲသုံးစားမှုဖြင့် ထောင်ကျခဲ့ကြောင်း သူသိခဲ့သည်မှာ နှစ်တဝက်ကျော်ခဲ့ ပြီ။ သို့သော် အဖိုးကြီးက မိမိ၏ စုဆောင်းငွေပါဟု ဆိုသည့်စကားကို သူယုံခဲ့သည်။

အဖိုးကြီး အမြဲဝယ်နေသော အဖိုးတန်စာအုပ်များ၊ အကုန်အကျများသော အိမ်မွမ်းမံပြုပြင်မှုများ၊ ညစာ စားပွဲပေါ်သို့ ညတိုင်းရောက်သော ဝိုင်အရက်ပုလင်းများ၊ ယခု စာသင်နှစ်ကုန်လျှင် အငြိမ်းစားယူတော့မည်ဟု ဆိုသော အဖိုးကြီး၏ စကားများကို သူအားလုံး ပြန်တွေးနေမိသည်။

သူတို့၏ နေထိုင်စားသောက်စရိတ်သည် တနှစ် ဒေါ်လာ ၃၅၀၀ မှ ၅၀၀၀ ခန့်အထိ ရှိလိမ့်မည်ဟု သူ တွက်ချက်မိ၏။ ဆာဖေ၏ ကျောင်းဆရာလစာသည် တနှစ် ဒေါ်လာ ၉၀၀ ဖြစ်သည်။ သူ့ထည့်ဝင်ငွေမှာ တနှစ်ဒေါ်လာ ၃၉၀ ဖြစ်သည်။ ပျမ်းမျှ ကုန်ကျစရိတ် ဒေါ်လာ ၄၀၀၀နှင့် ရငွေ ဒေါ်လာ ၁၂၉၀ ၏ ခြားနားမှု သည် ဒေါ်လာ ၂၇၁၀ လစာနှင့် နေထိုင်စားသောက်နေရသည့် ရှာလီဝေလင်၏ ငွေအိတ်ထဲမှ နှိုက်ယူနေသည့် ငွေပင်ဖြစ်သည်။

ကိုသည် ခေါင်းငိုက်စိုက်ချ၍ လျှောက်လာသည်။ သတ္တမလမ်းဒေါင့်တွင် မာကြူရီကလပ်အဖွဲ့ဝင် သူ့ မိတ်ဆွေကလေးများက သူ့ကိုလှမ်းအော်၍ နှုတ်ဆက်ကြသည်။ သို့သော် သူ မကြား။

သူ နာရီမဆိုင်း၊ ပထမဆုံးလုပ်ရမည့် အလုပ်မှာ သူ့ရိုးသားစိတ်ကို သိက္ခာပြန်တင်ရန်ဖြစ်သည်။ မစ္စဝေလင် ၏ ငွေများကို တပြားတချပ်မကျန် ပြန်ပေးစေရန် ဆာဖေ့ကို အကြပ်ကိုင်ရတော့မည်။

ဆာဖေ့က သူ့အကြံကို အကြောက်အကန်ငြင်းမည် မုချ။ အဖိုးကြီးသဘောမတူ တူအောင်လုပ်နိုင်မည့် လက်နက်ကို သူသိ၏။ ထိုလက်နက်မှာ အဖိုးကြီးအိမ်တွင် သူဆက်၍ အတူနေရေး မနေရေးပင်ဖြစ်သည်။

သူဘက်ကလည်း လွန်ခဲ့သည့် ၉ လအတွင်း ကုန်ကျခဲ့သည့် စရိတ်ကို တဝက်ကျခံမည်။ ထိုငွေကို ရှာလီ အား လွှဲပြောင်းပေမည့် ငွေထဲတွင် ထည့်သွင်းမည်။ သူ့ဝင်ငွေမှာ ပို၍ ရရန်လမ်းမရှိ။ ထို့ကြောင့် ဝင်ငွေရှာရန် သူ့စာအုပ်ကြီးမှ အချိန်ပိုကို နုတ်ယူရမည်။ ပို့စ်သတင်းစာခေါင်းကြီးများအဖြစ် သူရေးခဲ့သည့် အခွန်စနစ် ပြုပြင်ရေး ဆောင်းပါးများကို ကောလိပ်ကျောင်းသုံး စာအုပ်ထုတ်ရန် ထုတ်ဝေသူတဦးက ကမ်းလှမ်းထားသည်။ ဂျာနယ်များတွင် သူဆောင်းပါးများ ရေးနိုင်သည်။ ထိုအတွေးများနှင့်အတူ အိမ်သို့ သူပြန်ရောက်လာသည်။ အဖိုးကြီးက ကြင်နာရွှင်လန်းစွာ ကြိုဆိုနှုတ်ဆက်သည်။

ညစာစားကြသည်။ စားပွဲပေါ်တွင် ရှန်ပိန်ဝိုင်အရက်ကို သူ့အတွက် ဆေးဟုဆိုသည်။ ကိုခံတွင်းပျက်နေ၍ စားဖိုမှူးကြီးဟင်ဒါဆင်ပင် စိတ်မကောင်းဖြစ်ရသည်။ ဟင်ဒါဆင်သည် သူတို့အတွက် ကော်ဖီယူပေးပြီးနောက် ပြန်ထွက်သွားသည်။ နောက်ထပ်မခေါ်မချင်း မလာရတော့။ သံမဏိစည်းကမ်းဖြစ်သည်။

"ပါမောက္ခကြီး မကြားချင်တဲ့ကိစ္စကို ကျွန်တော် ပြောရဦးမယ်" ကိုက ရင်ထဲ၌ ဘလောင်ဆူနေသည့်စိတ် ကို မျက်နှာတွင် မပေါ်အောင်ထိန်း၍ ပြောသည်။

ဆာဖေ့သည် ကော်ဖီပန်းကန်ကိုလှမ်းယူနေစဉ် ကို၏ စကားကို ကြားလိုက်ရ၍ လက်ကို စားပွဲပေါ်သို့ ချလိုက်သည်။

"ဝမ်းနည်းတယ်ဗျာ။ ကျုပ်က ဒီကိစ္စပြီးပြတ်ပီထင်နေတာ"

"ကျွန်တော်လဲ ထင်တာပါပဲ။ ဒါပေမယ့် ကျွန်တော်ထင်တာမှားတယ်"

စားပွဲကိုကျော်၍ တယောက်ကို တယောက် ကြည့်နေကြသည်။ ဆာဖေ့၏ မျက်နှာသည် ဘာမျှ သိသိ သာသာ မပြောင်းလဲ။

"ဒီအိမ်မှာ ခင်ဗျားသုံးနေတဲ့ ငွေတွေဟာ ခင်ဗျား ကိုယ်ပိုင်ငွေတွေလို့ပဲ ကျွန်တော်အမြဲယူဆခဲ့တယ်" ကိုက ပြောသည်။

တခန်းလုံး ငြိမ်နေသည်။ ကိုသည် စားပွဲခင်းကို စိုက်ကြည့်နေ၏။ ပြောရမှာ ဝန်လေးနေသည်။ မြန်မြန်နှင့် ပြန်ပြတ်သားသား ပြောရန်လိုသည်။

အဖိုးကြီး စိတ်မပါတပါနှင့်

"ခင်ဗျားကို တခါမက ကျုပ်ပြောပြခဲ့ပြီးပီပဲ"

"ခင်ဗျားစကားတွေကို ကျွန်တော် လက်မခံနိုင်ဘူး"

"ခင်ဗျားစကား နည်းနည်းလွန်လွန်းတယ် ဆိုတာ သိရဲ့လား"

"သိပါတယ်။ စိတ်လဲ မကောင်းပါဘူး။ ခင်ဗျား ဒီမှာသုံးနေတာ အရင်း ဒေါ်လာခုနှစ်သောင်း ငါးထောင် လောက်ကမှ ရနိုင်တဲ့အတိုးကို သုံးနေတာလို့ ကျွန်တော် ရတ်တရက် သဘောပေါက်လာတယ်။ ဒီငွေတွေဟာ ကျောင်းဆရာလုပ်ပြီး စုဆောင်းခဲ့တဲ့ ငွေတွေပါလို့ ခင်ဗျား ကျွန်တော့်ကို ယုံခိုင်းမှာလား"

ဆာဖေ့က စီးကရက် တလိပ်ညှိပြီး ဖြည်းညင်းစွာ ရှိုက်ဖွာလိုက်သည်။ ကို မျက်လုံးကို မျက်တောင်မခတ် စိုက်ကြည့်နေသည်။ ကို၏ မျက်လုံးများကလည်း သူ့ကို ပြန်ကြည့်နေသည်။

"ခင်ဗျားကို ကျုပ်ခင်မင်တာနဲ့ ကျုပ်ကို စစ်လား ကြောလား လုပ်နိုင်ပြီလို့ ခင်ဗျားထင်ရင် မှားမှာပေါ့" ဟု မာမာပြောသည်။

"ကျွန်တော့်ကို ဧည့်သည်အဖြစ် ဖိတ်ခေါ်တုန်းကတည်းက ဒီအခွင့်အရေးကို ခင်ဗျားပေးခဲ့တာပဲ"

"ဧည့်သည်က အိမ်ရှင်ကို သူလျှိုလုပ်ခွင့်ရှိသလား"

"ဒါ မတရားပြောတာပဲ။ ကျွန်တော့်မှာ ခင်ဗျားကို သူလျှိုလုပ်နိုင်တဲ့အစွမ်းမရှိဘူး။ နုံလွန်းလို့တောင် ခက်နေသေးတယ်။ ခင်ဗျား ပြောခဲ့သမျှ ကျွန်တော် ဘာမှ သံသယမရှိခဲ့ဘူး။ သံသယတွေကို ကျွန်တော့်မျက်လုံးထဲ ခင်ဗျားပဲ ပက်ထည့်နေတာ။ ဒေါ်လာ တသိန်းနှစ်သိန်းနဲ့ကို ခင်ဗျားဘဝသစ် ပြန်စခဲ့တယ်လို့ လူတွေ ပြောနေတာ ခင်ဗျားသိရဲ့လား"

"အယုတ်တမာ လည်ဆယ်စကားတွေပါဗျ။ အဲဒီအချိန်တုန်းက သတင်းထောက်တယောက် လုပ်ကြံရေးတာကို ပြောနေကြတာပေါ့"

"ဒါဖြင့် ဒီနေ့ ခင်ဗျားမှာ ရှိသမျှငွေဟာ ဒုက္ခရောက်ပြီးမှ ရှာလို့ ဖွေလို့ ရတဲ့ငွေတွေလို့ ခင်ဗျား ပြောနိုင်မလား"

"တိတိကျကျပြောနိုင်တယ်"

ဆာဖေ့အသံက ဒေါသသံဖြင့် မာနေသည်။ သို့သော် သူမျက်နှာကို ကြည့်နေသော ကို့က သူလိမ်ပြောမှန်း သိသည်။

"စဉ်းစားပြီးမှ ပြောပါလေ။ ဒါ အရေးကြီးပါတယ်။ ဒုက္ခမရောက်ခင်က ငွေတွေကိုရော ခင်ဗျား ကဲ့ယူ မထားဘူးလား"

"မယူဘူး။ ဒါပေမယ့် ကျုပ်ပြောပြမယ်"

ကို့က မတ်တပ်ရပ်လိုက်သည်။

"ကျွန်တော်တို့ အခုပဲ လမ်းခွဲကြစို့။ ကျွန်တော့်ပစ္စည်းတွေ နက်ဖန်ကျမှ လာသယ်ခိုင်းမယ်"

"ခင်ဗျား ဘာဆိုလိုတာလဲ"

"ဒီနေ့ညပဲ ခင်ဗျားနဲ့ ကျွန်တော် လမ်းခွဲကြမယ်လို့ ဆိုလိုတာပေါ့ဗျာ။ သွားတော့မယ်"

"နေဦး"

ဆာဖေ့က အော်ပြောပြီး ကယောင်ချောက်ချားနှင့် ထရပ်လိုက်သည်။ သူမျက်လုံးများက မီးလို ဟုန်းဟုန်း တောက်နေသည်။ ကို့မျက်နှာကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြောသည်။ ကို့ မျက်နှာက မလှုပ်မရှက်။ မငဲ့ မတိမ်း။

"ဒါ ကျုပ်ရဲ့ စေတနာအတွက် တုံ့ပြန်တဲ့ ဆုလဒ်လား။ ကျုပ်သည်းမခံနိုင်ဘူး။ နားလည်ရဲ့လား။ ကျုပ်ကို ဖိနပ်စုတ်လို မြောင်းထဲကန်ချလို့ မရဘူး။ ကျုပ်ပြောတာ ကြားရဲ့လား။ ခုပြန်ထိုင်။ ခင်များမသွားရဘူး။ ကျုပ် တားတယ်"

ကို၏ အကြည့်က ဆာဖေ့အပြောထက်ပင် ကြောက်စရာ ကောင်းနေသည်။

"မစ္စတာဆာဖေ့" သူ့အသံက ထူးထူးခြားခြား တည်ငြိမ်သည်။

"ခင်ဗျား ကိုယ်ကို ခင်ဗျားမှေနေတယ်။ ခင်ဗျားမှာ ကျွန်တော့်ကို ဒီလို ပြောနိုင်တဲ့ အခြေအနေ မရှိဘူးဆိုတာ သိရဲ့လား"

ပြောသာပြောရသည်။ ကို အလွန်စိတ်မကောင်းဖြစ်မိ၏။

"ကျုပ်၊ ကျုပ်မှားပါတယ်။ ကျုပ် စိတ်လိုက်မာန်ပါ လုပ်မိတာ ခွင့်လွှတ်ပါ"

"ခွင့်လွှတ်ပါတယ်"

ဆာဖေ့က ကိုယ်ကို မတ်မတ်ဆန့်ထိုင်ပြီး သူ့အသံနှင့် သူ့အမူအရာကို တည်ငြိမ်အောင် ထိန်းလိုက်သည်။

"ထိုင်ပါဦးဗျာ။ ခင်ဗျားသိချင်တာ ပြောပြပါ့မယ်"

"ကျေးဇူးပါပဲ"

ကိုပြန်ထိုင်သည်။ သူမျက်နှာမှာ အနည်းငယ် သွေးဖျော့နေသည်မှအပ ခါတိုင်းလို တည်တည်ငြိမ်ငြိမ်ပင် ဖြစ်သည်။ အဖိုးကြီး ငွေသာ စွန့်လိမ့်မည်။ သူ့ကို မစွန့်နိုင်ဟု ထင်မိသည်။

ဆာဖေသည် စီးကရက်ကို ကောက်ကိုင်ပြန်သည်။ ဒေါသမုန်တိုင်းသည် မျက်လှည့်ပြသလို လွင့်စဉ်သွားသည်။

"ကျုပ် စီးပွားရေးပျက်တော့ အိုစာမင်းစာအတွက် ငွေကလေး နည်းနည်းဖယ်ထားခဲ့တယ်။ အနုစိတ် ပြောနေရင် ခင်ဗျားလဲ နားလည်မှာမဟုတ်ဘူး။ ဒါပေမယ့် ဘယ်တရားရုံး တင်တင် ဒီငွေဟာ ကျုပ်ငွေပဲလို့ ဆုံးဖြတ်မှာပါ"

"ဒေါ်လာတသိန်းလောက် တနေရာမှာ ဖယ်ထားခဲ့တယ် ဆိုပါတော့"

"ဒီလိုလဲ မဟုတ်ဘူး။ ဒီလောက်လဲ မများဘူး။ တထောင်မျိုး နှစ်ထောင်မျိုးပေါ့"

"ထားပါတော့။ စားရင်းမှာ ပေါ်မှာပေါ့။ ခင်ဗျားအမှုဖြစ်ချိန်မှာ ဒီငွေတွေ ရှိမှန်းမသိတော့ ဝေလင်ဆုံးရတဲ့ ငွေပမာဏကို နည်းအောင် မလုပ်နိုင်တော့ဘူးပေါ့။ ရှိမှန်းသိရင် လုပ်နိုင်မယ်။ အဓိပ္ပာယ်က ဝေလင့်ရန်ပုံငွေဟာ ခင်ဗျား ငွေကဲ့ယူထားသလောက် ငွေနုတ်ခံရတယ်။ အခု အချိန်ရှိပါသေးတယ်။ ဒီတော့ ပြန်ပေးသင့်တယ်လို့ ကျွန်တော်ထင်တယ်"

"ဘာဖြစ်လို့ ပြန်ပေးရမှာလဲ။ ကျုပ် ဘယ်သူ့မှ ကြွေးဆပ်စရာရှိတာမှ မဟုတ်ဘဲ"

"ဝေလင့်ငွေတွေကို ခင်ဗျားထိန်းပေးခဲ့တာ မဟုတ်လား"

"ခင်ဗျား ငွေရေးကြေးရေးကိစ္စ နားမလည်ပါဘူး။ တရားရုံးက ကျုပ်ကို လူမွဲစာရင်းသွင်းတယ်။ အဓိပ္ပာယ်က ကျုပ်ပစ္စည်းတွေကို သိမ်းပြီး ကျုပ်ကို လူမွဲသတ်မှတ်လိုက်လို့ ကျုပ်ရဲ့ပေးရန်ဆပ်ရန် တာဝန်တွေ အားလုံးကို တရားရုံးက ယူလိုက်တယ်။ ဒါ နှစ်ပေါင်းအစိတ်ကျော်ပြီ။ လူမွဲစာရင်း အက်ဥပဒေလဲ ပြန်ဖတ်ကြည့်ပါဦး။ ရှေ့နေတွေလဲ မေးကြည့်ပါဦး"

"ဒီကိစ္စကို ကျွန်တော် တရားမသဘောနဲ့ ပြောနေတာ မဟုတ်ဘူး။ ကိုယ်ကျင့်တရားသဘောနဲ့ ပြောနေတာ"

"အား တရားဥပဒေမှာရှိတဲ့ ကိုယ်ကျင့်တရားက ခင်ဗျားအဖို့ မကောင်းတတ်သေးဘူးလို့ ဆိုလိုတာလား"

"တကယ့်ဖြစ်ရပ်က ဥပဒေမှာ ဘာပြောပြော ဝေလင့် ငွေတွေထဲက တရားမဝင် နုတ်ထားတဲ့ ငွေတွေနဲ့ ကျွန်တော်တို့ စားသောက်နေကြတယ်။ ဒီငွေတွေဟာ မူလပိုင်ရှင်နဲ့သာ ဆိုင်တယ်။ ဒီတော့"

"ကျုပ်တမျိုးရှင်းပြဦးမယ်"

ကိုက လက်ကာပြလိုက်ပြီး

"ရှင်းနေလဲ အချိန်ကုန်မှာပဲ။ ကျွန်တော့ သဘောထားကတော့ ရှင်းနေပြီ။ ဒီငွေတွေကို ခင်ဗျား ပြန်မပေးနိုင်ဘူးလား။ ကျွန်တော့်ကို ငဲ့ပြီး ပြန်မပေးနိုင်ဘူးလား"

"ခင်ဗျားအတွက်ဆိုရင် ကျုပ်မလုပ်ပေးနိုင်တာ လောကမှာ ဘာမှမရှိဘူး။ အပြန်တထောင် လုပ်ပေးနိုင်တယ်။ ဒါပေမယ့်"

ကိုသည် အဖိုးကြီးကို ဝပ်လျှိုးခယသော မျက်လုံးများဖြင့် ကြည့်ကာ "ဒီငွေတွေကို ကာမိအောင် ကျွန်တော် အစွမ်းကုန်လုပ်ပါ့မယ်။ ကျွန်တော် ခင်ဗျားနဲ့ သေမှခွဲပါ့မယ်။ ခင်ဗျားအိုတဲ့အချိန်မှာလဲ ကျွန်တော် စောင့်ရှောက်ပါ့မယ်။ ခင်ဗျား လျှို့ဝှက်ချက်တွေ မပေါ်စေရပါဘူး။ ငွေတွေကို ရှေ့နေတယောက်ကတဆင့် ပြန်ပေးလိုက်တာပေါ့။ ကျွန်တော်တို့ တနေရာရာ ပြောင်းနေကြတာပေါ့။ မိတ်ဆွေအဖြစ် အတူဆက်နေကြမယ်။ ရိုးရိုးသားသား၊ သန့်သန့်ရှင်းရှင်း၊ ဂုဏ်သရေရှိရှိ နေကြမယ်"

"တော်စမ်းပါ။ ကျုပ်နားမခံနိုင်တော့ဘူး" ဆာဖေက ကွဲအက်ဆို့နှင့်သံဖြင့်တားသည်။

ကို လက်လျော့လိုက်သည်။ အဖိုးကြီးက မသန့်ရှင်းသောငွေကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ လက်မလွှတ်။ မိတ်ဆွေကိုသာ စွန့်မည်။ ရှင်းနေပြီ။

"ကျုပ်ငြင်းနေတာ ခင်ဗျားအကျိုးအတွက်ရော ကျုပ်အကျိုးအတွက်ပါ ငြင်းနေတာပါဗျာ။ ခင်ဗျား တောင်းဆိုနေတာ ဘာလဲဆိုတာ ခင်ဗျားမသိဘူး။ အရူးလို စွန့်ကြဲခိုင်းနေတာ။ ကျုပ်နည်းနည်းမှ မေတ္တာမရှိတဲ့ လူတွေအတွက် စွန့်ကြဲခိုင်းနေတာ"

ကိုက သူ့အသံကို ထိန်း၍ပြောသည်။

"ရှေ့ဆက်ပြောနေလို့လဲ မထူးတော့ဘူး။ ခင်ဗျားစေတနာတွေကို ကျေးဇူးတင်ပါတယ်။ တသက်မမေ့ပါဘူး။ ကျွန်တော်သွားတော့မယ်။ ဒီပုံစံနဲ့ လူချင်းခွဲရတာ စိတ်မကောင်းပါဘူး"

"ခင်ဗျားကို ကျုပ်သွားခွင့်မပြုနိုင်ဘူး" ဆာဖေက နားကျည်းသော ရယ်သံဖြင့် ပြောသည်။

"ကျုပ်ရဲ့ လျှို့ဝှက်ချက်ကို ဒီလောက်မြန်မြန်ပြောဖို့ ကျုပ်မရည်ရွယ်ခဲ့ဘူး။ ဒီငွေတွေကို ဘာဖြစ်လို့ မပေးတာလဲ သိလား"

"ကျွန်တော့်ကိုခင်တာထက် ငွေကို ပိုမက်လို့ပေါ့"

"မဟုတ်ဘူး။ ကျုပ်ငွေမမက်ဘူး။ ခင်ဗျားကို ပေးဖို့ ကျုပ်ဒီငွေတွေကို ဖက်တွယ်ထားတာ။ ခင်ဗျားကို ကျုပ်ရဲ့ အမွေစားအမွေခံလုပ်မယ်။ ကျုပ်ငွေတွေကို ခင်ဗျားအတွက် ထားခဲ့မယ်"

ကို စက်ဆုပ်သွားသည်။ စကားပင်ပြောမထွက်။ အဖိုးကြီး၏ မျက်နှာသည် ဘယ်တုန်းကမျှ ယခုလောက် နှလုံးနာစရာမကောင်းခဲ့။

"ဧည့်ခန်းကို သွားကြမယ်။ ကျုပ် စာချုပ်စာတန်းတွေ လုပ်ထားပြီးပြီ။ ခင်ဗျားတသက်လုံး ထိုင်စားပေတော့"

"တော်စမ်းပါ။ ကျွန်တော် ဒီငွေတွေကို လက်ဖျားနဲ့တောင် မတို့ချင်ဘူး"

"ဘာကြောင့်များ ဒီလောက်စောင့်စည်းနိုင်ရတာလဲ။ ကဲ ကျုပ်မေးပါရစေဦး"

"ရိုးသားတဲ့လူအဖို့ သူတပါးငွေကို မတို့ မထိတာဟာ စောင့်စည်းတယ်လို့ မခေါ်ဘူးဗျ"

"အင်း အင်း အင်း အင်း" ဆာဖေ့က ခေါင်းတဆတ်ဆတ်ညိတ်နေသည်။

"သွားမယ်"

"နေပါဦး၊ ခင်ဗျားကို ပြောစရာ ကျန်သေးတယ်" ဆာဖေ့က စားပွဲကို ပတ်လျှောက်လာသည်။ ကိုသည် သူ့အဖို့ အကြမ်းဖက်မှု စကားဝိုင်း သိမ်းနိုင်တော့မည်အခြေ ဆိုက်နေပြီဟု ထင်မိလာသည်။

ဆာဖေ့က မြေဖြူလို ဖွေးနေသော မျက်နှာဖြင့် "ခင်ဗျားကို ဖမ်းနေတဲ့ မိန်းမရွှင်ကလေးအတွက် ကျုပ်မှာ ရှိသမျှ တပြားမကျန် ပေးရမယ်ပေါ့လေ။ ဟုတ်လား"

"ခင်ဗျား ကျုပ် အနားမကပ်နဲ့" ကိုက ဆာဖေ့ မျက်နှာထက် ပို၍ ဖြူယော်နေသည့် မျက်နှာဖြင့် ပြောသည်။

ဆာဖေ့က မဆုတ်။ ကိုအဖို့ ထိုးရ ကြိတ်ရမှာကလည်း လူသတ်တာနှင့်မခြား ဖြစ်မည်။ နှစ်ယောက်သား သွေးမရှိဘဲ ဖြူဖွေးနေသော မျက်နှာဖြင့် ရင်ချင်းဆိုင်ကာ ရပ်နေကြသည်။ ထိုတဒင်္ဂတွင် သူတို့ မျက်နှာနှစ်ခုသည် ဆန်းဆန်းပြားပြား တူသယောင် ဆင်သယောင် ထင်ရသည်။ မေးစေ့ ချွန်ပုံချင်းတူသည်။ နှုတ်ခမ်းဖြောင့်တန်းပါးလျားသော ပါးစပ်စေ့ပုံချင်း တူသည်။

"ကျုပ် ကောင်းကောင်းသိပြီ။ ခင်ဗျား အဲဒီမိန်းကလေးကို ကြိုက်နေတယ်။ သူ့အတွက် ကျုပ်ကို စတေးမယ်လို့ ခင်ဗျားကြံတာပေါ့လေ။ ခင်ဗျားအဖို့ တပြားမှ ကုန်တာမှ မဟုတ်ဘဲကိုး"

"တော်တော့ဗျာ။ မပြောနဲ့"

"ခင်ဗျား လုပ်ချင်ရာ လုပ်ဖို့ ကျုပ်ခွင့်မပေးဘူး" ဆာဖေ့၏ မျက်နှာသည် ဒေါသဖြင့် တောက်လောင်လျက် ရှိသည်။ သူ့အောက်နှုတ်ခမ်းက တဆတ်ဆတ်တုန်ကာ တွန့်ချည် ရွဲ့ချည်ဖြစ်နေသည်။

"ခင်ဗျားမှာ စည်းကမ်းလိုနေတယ်။ ဒီတော့ ကျုပ်ကပဲ စည်းကမ်းချပေးရမှာပေါ့။ ခင်ဗျားဒီမှာပဲ ဆက်နေရမယ်။ ခင်ဗျား လုပ်တာကိုင်တာတွေကို ချုပ်ချယ်ရမယ်။ ခင်ဗျား အမူအကျင့်တွေကို ကျုပ်ပြင်ပေးရမယ်"

ဆာဖေ့သည် ဂယိမ်းဂယိုင် ဖြစ်လာသည်။ ကိုစိတ်တွင် ဒေါသပြယ်သွားသည်။ သနားစိတ်ပေါ်လာ၍ အဖိုးကြီး၏ လက်မောင်းကို ဆုပ်ကိုင်လိုက်ပြီး

"စိတ်ထိန်းဗျာ။ အိပ်ယာပေါ်လဲနေ။ ကျွန်တော်လိုက်ပို့မယ်"

"သွားလေ၊ ထွက်သွား။ သွားလို့ ပြောတာ မကြားဘူးလား။ မင်းက ငါ့ကို မာန်လား မဲလား ခြိမ်းလား ခြောက်လားနဲ့။ မင်း ငါ့ကို ဘာထင်သလဲ"

အဖိုးကြီး ရူးသွားပြီဟု ကိုထင်လိုက်မိ၏။ တကယ်လည်း အရူးရုပ် ပေါက်နေ၏။ ထို့ကြောင့် ဖျောင်းဖျသံဖြင့် "ခင်ဗျားက"

"ငါက မင်းအဖေ။ မင်းအဖေဆိုတာ သိရဲ့လား။ ကြားရဲ့လား" ဆာဖေ့က အော်ပြောသည်။

"မင်းဟာ ငါ့သား။ ဟင်နရီဂျိုဆာဖေ့ ဂျူနီယာ"

ကိုသည် ဆာဖေ့ထံမှ မှန်သောစကားကို ကြားလိုက်ရလေပြီဟု သိလိုက်၏။ ပြောမပြေတတ်သော စက်ဆုပ်ရွံရှာမှုဖြင့် အဖိုးကြီး အနီးမှ ခွာလိုက်ပြီး

"အဖေ" ကိုသည် ခြောက်ကပ် ကြောင်စီသော တီးတိုး ရေရွတ်သံဖြင့် "အဖေ" ဟု ရေရွတ်လိုက်မိ၏။

ဆာဖေ့က ကိုကို စိုက်ကြည့်နေပြီး သူ့အပေါ်နှုတ်ခမ်းကို ရွဲ့လိုက်ကာ

"ငါ့သား၊ မင်းခံစားချက်က ဒီလိုပဲလား"ဟု ညင်သာစွာ မေးရင်း ကြမ်းပေါ်သို့ ခိုင်းကနဲ လဲကျသွားလေ၏။

ကိုက အဖိုးကြီး၏ ပခုံးကို ကိုင်လှုပ်သည်။ သို့သော် လူးခြင်း လွန့်ခြင်းပင် မရှိတော့။ လဲကျသံကြီးကို ကြားရ၍ စဖိုမှူးကြီး ဟင်ဒါဆင် ပြေးဝင်လာသည်။ အသက်ရှူနေသေးသော်လည်း လူသေလို မလှုပ်မရှက် ဖြစ်နေသော ဆာဖေကို အခန်းထဲသို့ နှစ်ယောက်သား ပွေ့ချီသွားသည်။ တနာရီအတွင်း ဆရာဝန် ရောက်လာသည်။ ပြန်သွားသည်။ နှစ်နာရီအတွင်း သူနာပြုဆရာမတဦး ပြုစုရန် ရောက်လာသည်။

ဆရာဝန်က စိတ်ချောက်ချားပြီး လေသင်တုန်းဖြတ်သွားခြင်းဖြစ်သည်ဟု ဆိုသည်။ တပတ်ရှင်ချင် ရှင်မည်။ တနှစ် ရှင်ချင်ရှင်မည်။ သို့သော် စကားပြောနိုင်တော့မည် မဟုတ်ဟုလည်း ပြောသည်။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

(၂၇)

နောက်တနေ့နံနက်။ သတင်းစာဖတ်ချိန် ရလျှင်ရခြင်း ဂေဟာအကြောင်း ပို့စ်ခေါင်းကြီးကို ရှာလီ ပထမဆုံး ဖတ်သည်။ ခေါင်းကြီးဖတ်ရင်း မိုးကောင်းကင်ကြီး ပြိုကျသလို၊ မဟာပထဝီမြေကြီး ကွဲကျသလို ခံစားလိုက်ရ လေ၏။

ခါတိုင်း ရှာလီ လမ်းလျှောက်နေကြဖြစ်သော်လည်း မိုးတဖွဲဖွဲရွာနေ၍ ဓာတ်ရထားစီးလာရသည်။ ယနေ့ နံနက် သူ အချိန်နောက်ကျသည်။ နံနက်စာကိုပင် အပြေးအလွှားစားရသည်။ အခြား ဘာမျှ လုပ်ချိန်မရှိ။ ထို့ကြောင့် ပို့စ်သတင်းစာကို ရုံးရောက်မှ ဖတ်ရန် ယူလာခဲ့သည်။

ဓာတ်ရထားပေါ်တွင် ထိုင်မိမှ သတင်းစာကို ကောက်လှန်နိုင်သည်။ သူချက်ချင်း လှန်ဖတ်သည့်နေရာမှာ အယ်ဒီတာ့အာဘော် စာမျက်နှာဖြစ်၏။

ဂေဟာအကြောင်း ခေါင်းကြီး၏ ခေါင်းစဉ်ရော ခေါင်းကြီးထည့်သည့်နေရာပါ သူ့အဖို့ စိတ်ပျက်စရာဖြစ်ရသည်။ ထည့်ထားသည့်နေရာက ထိပ်ဆုံးမဟုတ်။ ခေါင်းစဉ်ကလည်း 'စောင့်ရှောက်ရေးဂေဟာနှင့် စပ်လျဉ်း၍' ဟူ၍သာ။ အသွေးအရောင်မရှိ။ အားနည်းလှသည်။ ခေါင်းကြီး အစချီသော ဝါကျကအစ အလားတူ အကဲဖြတ်မိ၏။ သူမျှော်လင့်ထားသလို ဂေဟာ ဟန့်တားရေးသမားများအား စိမ်ခေါ်နိုင်ခြင်းမရှိ။

ခေါင်းကြီးကို ဆက်ဖတ်မိသောအခါ ရုတ်တရက်အသက်ရှူပင် ရပ်သွားမတတ် မယုံနိုင်အောင် ဖြစ်ရသည်။ အစကအဆုံး တလုံးချင်း သတိထားဖတ်သည်။ ဖတ်ပြီးချိန်တွင် သူမျက်နှာသည် သူ့အကျီစ အဖြူရောင်နှင့် နင်လား ငါလား ပြိုင်နေတော့၏။ သူဖတ်နေရသည့် ခေါင်းကြီးသည် နှစ်နှစ်လုံးလုံး အားထုတ်မှု မျှော်မှန်း ချက်ကြီးကို အဆုံးစီရင်လိုက်ခြင်းမျှသာမဟုတ်။ မိတ်ဆွေအိမ်ထဲတွင် လုပ်ကြံသတ်ဖြတ်ခံရသည့်ပမာလည်း ဖြစ်နေခြင်းကြောင့်ပေတည်း။

'ဂေဟာနှင့် စပ်လျဉ်း၍'ကို ပြန်ဖတ်နေစဉ် အရေးအသား ပါးနပ်လိမ်မာမှုကို သတိပြုမိသည်။ ရပ်တည်ချက် အကြီးအကျယ် ပြောင်းလဲမှုတရပ်ကို ယခုရေးထားပုံထက် ကျွမ်းကျင်စွာ ရေးဖို့ရာ မဖြစ်နိုင်။ ရပ်တည်ချက် ပြောင်းလဲမှုမရှိဟုဆိုသော ပို့စ်၏အဆိုကို လက်ခံဖို့ပင်ရှိတော့သည်။

အစမှအဆုံး ဂေဟာ တည်ဆောက်ရေးလုပ်ငန်းအပေါ် သတင်းစား၏ သစ္စာရှိရှိ ထောက်ခံမှုကို အသေ ဆုပ်ကိုင်ထားသည်။ သို့သော် ခြွင်းချက်များစွာ ပါဝင်နေသည်။ သမန်ကာရှန်ကာ ဖတ်သွားသူအဖို့ သတိပြု မိမည် မဟုတ်သော်လည်း ထိုလုပ်ငန်း၏ ဘက်တော်သားများအဖို့ကား လယ်ပြင်ဆင်သွားသလို ထင်ရှားစွာ မြင်နေရသည်။

ဂေဟာလုပ်ငန်းကို နောက်ထပ် နှစ်နှစ် ရွှေ့ဆိုင်းရန် ပို့စ်က လွှတ်တော်အား တဖက်လှည့်နှင့် ပြောလိုက် ခြင်းပင်ဖြစ်သည်။ ထိုသဘောထားကို ဘယ်စာလုံး ဘယ်စာပိုဒ်က ဖော်ထုတ်သည်ဟု ကောက်ကာငင်ကာ ပြောရန်မလွယ်။ သို့သော် သတင်းစာတနေရာတွင် ဖော်ပြထားသည့် မလွဲမရှောင်သာသော အသုံးစရိတ်စာရင်း ကို ကိုးကားပြီးနောက် ရေးသားပုံမှာ

မြန်မြန်ထက်ထက် ဆောင်ရွက်မှုဟူသည် မည်သည့်အသည်းအခါကမျှ ကြီးကျယ်သော ပြဿနာ မဟုတ်ခဲ့သော်ငြားလည်း ပြဿနာတရပ် ဟုတ်သည်ကား အမှန်ပင်ဖြစ်၍ မည်မျှပင် ကောင်းကျိုးအထွေထွေနှင့် ပြည့်စုံစေမည့် လုပ်ငန်းအတွက်ဖြစ်စေကာမူ စရိတ်ကြေးငွေတပြားတချပ်တိုးချဲ့သုံးစွဲခြင်းသည်ပင်လျှင် ထိုသို့သုံးစွဲရန် စေ့ဆော်သည့် ဉာဏ်အမြော်အမြင်အား သို့လော သို့လော တွေးတော ဒွိဟ ဖြစ်ဖယ်ရာ ရှိစေသည်ဟူ၍ ယူဆနိုင်သည်အထိ ဖြစ်နေရခြင်းကြောင့် လုံးဝ ရောင်လွှဲခြင်းငှာ မစွမ်းသာသော အသုံးစရိတ်များကို သော်မှ ဆိုင်းငံ့ ရတ်သိမ်းလျက်ရှိသည့် လက်ရှိ အခြေအနေ အရပ်ရပ်အား ပို့စ်သတင်းစာက စိတ်မချမ်းမြေ့စွာ လေ့လာစောင့်ကြည့်လျက်ရှိခြင်း ဖြစ်ပေသည်။

ဤဝါကျ တခုမျှဖြင့်ပင် လုံလောက်ပေပြီ။

ယခုအချိန်အထိ ပို့စ်၏ မိုးကြိုးသွားဖြင့် ဟန့်တားခြင်း မခံရဖူးသေးသည့် လွတ်တော်ထဲမှ အင်အားကြီးများသော အတိုက်အခံ အင်အားစုများအဖို့ ထိုစာပိုဒ်သည် စာအုပ်ကြီးတအုပ်ထက်ပင် အထိနာစေပေတော့သည်။ ၎င်းတို့ ကာလကြာရှည်စွာလှုံ့ဆော်တိုက်တွန်းခဲ့သည့် ဂေဟာတည်ဆောက်ရေးလုပ်ငန်းသည် ရေစုန်မျောလေပြီ။

လက်ထောက် အတွင်းရေးမှူးမကလေး အဖို့ကား ခါးသည်းနာကျည်းမဆုံးနိုင် ရှိတော့သည်။ သူ့ ကိုယ်ရေးကိုယ်တာ ပြဿနာနှင့် ယှဉ်လျှင်ကား ဂေဟာတည်ဆောက်ရေး ဆုံးရှုံးမှုသည် အခိုက်အတန့်အားဖြင့် အမှုမထားလောက်သယောင်ပင် ဖြစ်နေတော့သည်။

သူ့မိတ်ဆွေ နှစ်ယောက်အနက် ဘယ်တယောက် လက်ချက်လဲ။

ဘုန်းကြီး မစ္စတာဒိန်းသည် စားပွဲပေါ်တွင် ဇက်ကျိုးကျနေသည်။ ခေါင်းကို လက်နှစ်ဖက်နှင့် ညှပ်ထားသည်။ ပို့စ်သတင်းစာကို လုံးထွေးဆုပ်ချေပြီး ကြမ်းပေါ်တွင် ပစ်ချထားသည်။ ရာလီဝင်လာသောအခါ ဒိန်းက မော်၍ပင်မကြည့်။ ရာလီ၏ "မင်္ဂလာနံနက်ပါ" ကိုလည်း တိုတိုတောင်းတောင်းပင် တုံ့ပြန်သည်။

ရာလီကိုယ်တိုင်လည်း စကားပြောချင်စိတ်မရှိ။ သူ့စားပွဲသို့ သူသွားပြီး စာအိတ်များကို ဖောက်နေလိုက်သည်။ တနာရီခန့် အကြာတွင် ဒိန်းသည် ရာလ်စားပွဲဘေးသို့ လာရပ်သည်။ သူမျက်နှာသည် ခါတိုင်းလိုပင် တည်ငြိမ်နေလေပြီ။

"ကဲ ဘယ်လိုသဘောရသလဲ" ဒိန်းက မေးသည်။

"**ဒင်္ဂါးသုံးဆယ်** အစွမ်းလို့ ဆိုရမှာပေါ့" ရာလ်မျက်နှာက ဖြူယော်နေဆဲ ရှိသေးသည်။

ဒင်္ဂါးသုံးဆယ်။ ။ခရစ်တော်ကို ရန်သူလက်သို့ အပ်ရာ၌ သစ္စာဖောက် မစ္စကရီးယော့က ရန်သူထံမှ ငွေဒင်္ဂါး ၃၀ ယူခဲ့သည်ကို ရည်ညွှန်းသည်။ "ကျွန်ုပ်သည် ယေရှုကို ကိုယ်တော်တို့လက်သို့ အပ်လျှင် အဘယ်မျှလောက် ပေးပါမည်နည်းဟု လျှောက်သော် ထိုသူတို့က ငွေကျပ်သုံးဆယ်ပေးမည်ဟု ဝန်ခံကြ၏" (ဓမ္မသစ်ကျမ်း ရှင်မဿဲခရစ်ဝင် ၂၆း၃၅)

"ဒီလိုလဲ တထစ်ချ မပြောနိုင်သေးဘူးလေ။ သံသယဖြစ်စရာ ရှိနေသေးသရွေ့ သူ့ကို သံသယအကျိုးခံစားခွင့်တော့ ပေးထားရမှာပေါ့"

သူစကားက ဘယ်သူ့ကိုဆိုလိုတာလဲ။

"ဒီလို သဘောမထားနိုင်ပါဘူးရှင်။ ပို့စ်က ရှင်တို့ ကျမတို့ သိနေသလို ဒီကိစ္စကို အစအဆုံး သိနေတာပဲ။ ရိုးရိုးသားသား သဘောထားပြင်တာ မဖြစ်နိုင်ဘူး။ သစ္စာဖောက်တာပဲ"

"အနေအထားကတော့ ဒီအတိုင်းဖြစ်နေတာပေါ့။ ဒါပေမယ့် အဖြစ်မှန်မသိဘဲနဲ့တော့ သတင်းစာကို ရွှတ်ချလို့ မဖြစ်သေးဘူးလေ"

"ဒါဖြင့် ခုချက်ချင်း မေးမယ်ရှင်။ သူတို့ဖြေရှင်းချက် . . ."

"ဖြေရှင်းချက် တောင်းနေဖို့ မလိုပါဘူး" ဒိန်းက တိုးတိတ်ညင်သာစွာ ပြောသည်။ "ပို့စ်က ရှင်းစရာရှိရင် သူတို့သဘောအလျောက် ရှင်းလိမ့်မပေါ့။ ဒီခေါင်းကြီးရဲ့ နောက်ခံဇာတ်ကြောင်းကို မသိရသေးပေမယ့် သေချာတာတခုတော့ရှိတယ်။ မစ္စတာဝက်စ်မသိပဲ ပုံနှိပ်တာ ဖြစ်ရမယ်။ အခြေအနေသစ်တွေတော့ ပေါ်လာပါလိမ့်မယ်။ အယ်ဒီတာအဖွဲ့ အပြောင်းအလဲလိုဟာမျိုး ဆိုပါတော့"

ရှာလီ အလွန်လေးစားသော ဤပုဂ္ဂိုလ်ကြီး၏ စိတ်ထဲတွင် ထိုခေါင်းကြီးသည် မစ္စတာကို၏ ဦးနှောက်နှင့် ကလောင်မှ ပေါက်ဖွားခဲ့သည့် ခေါင်းကြီးဖြစ်ကြောင်း သံသယမရှိ၊ ယတိပြတ် ယုံကြည်နေသည်။

"ဂေဟာကိစ္စက ဘယ်လိုဖြစ်မှာလဲ ဟင်" ရှာလီက ဝမ်းနည်းပမ်းနည်း မေးသည်။

"ကိစ္စ ချောပေါ့" ဒိန်းက ပြောပြောဆိုဆို သူ့စားပွဲပေါ်သို့ ပြန်သွားသည်။

ရှာလီသည် မိုးပေါက်မိုးစက် တဖွားဖွား နှင့် ဝိုးတဝါးဖြစ်နေသော မှန်ပြတင်းကို ငေးကြည့်နေသည်။

ပန်းခြံ သစ်ပင်များကြားမှ အိမ်ခေါ်မိုးများကို ကျော်ကာ မားမားကြီး ရပ်နေသော ပို့စ်သတင်းစာတိုက် အဆောက်အဦးကြီးကို လှမ်းကြည့်နေမိသည်။ အယ်ဒီတာဌာန တည်နေရာ ပဉ္စမထပ်၏ ပြတင်းပေါက်များကို အတန်းလိုက် မြင်နေရသည်။ ထိုပြတင်းပေါက်များအနက် ပြတင်းပေါက်တပေါက်၏ နောက်ကွယ်တွင် ဂေဟာလုပ်ငန်းအား သစ်စိမ်းချိုး ချိုးခဲ့သည့် မိတ်ဆွေတုကြီး ထိုင်နေပေလိမ့်မည်။

ဘယ်မိတ်ဆွေတုလဲ။

ချားလ်ဂါဒင်နီယာဝက်စ်ကို လူချင်းမသိမီကပင် စိတ်နေမြင့်မြတ်သူ၊ အကျင့်စာရိတ္တမြင့်မားသူ။ ဂုဏ်သိက္ခာ အစွန်းအထင်းမရှိသူ လူငယ်တဦးအဖြစ် သူသိထားခဲ့၏။ လူချင်းသိတော့လည်း သူ၏ ကောင်းသတင်းများသည် အားလုံး အမှန်ချည်းဖြစ်နေ၏။ သူနှင့် ထိတွေ့ရတိုင်း လိုက်လျောမှု၊ ကျိုးကြောင်း ဆီလျော်မှု၊ ချိုသာကြည်ရွှင်မှုများကိုသာ တွေ့ရသည်။ သူသိက္ခာက ပျက်ယွင်းဖို့ဆိုတာ စဉ်းစား၍ပင်မရ။ သူနာမည်ကို ဆွဲသွင်းယိုးစွပ်ဖို့ရာပင် အကြောင်းမပေါ်။

ဗိုလ်မှူးကြီးကောင်း ကွယ်လွန်ချိန်မှ စ၍ ဂေဟာခေါင်းကြီးများကို ရေးနေခဲ့သူမှာ မစ္စတာကွိမဟုတ်လား။ လွန်ခဲ့သည့် ၂၄ နာရီအတွင်းကပင် မိမိ အစွမ်းကုန်ရေးသားပါမည်ဟု ကတိပေးခဲ့သူမှာလည်း မစ္စတာကွိပင် မဟုတ်လား။

သို့ပါလျက်၊ သို့ပါလျက် လက်ထောက် အယ်ဒီတာကလေး၏ လက်ချက်မဟုတ်တာလဲ ဖြစ်နိုင်ကောင်းရဲ့ ဟူသော အတွေးကို သူ့စိတ်ထဲတွင် အသေအလဲ ဖက်တွယ်နေမိပြန်၏။

လွန်ခဲ့သည့် တပတ်အတွင်းက ကွိ အလည်လာခဲ့သည်ကို သူ့စိတ်ထဲတွင် သဲသဲကွဲကွဲ မြင်ယောင်နေမိသေး၏။ ထင်ထင်လင်လင်း ပရိယာယ်ကင်းကင်း ရိုးသားဖြောင့်စင်းသော မျက်နှာပိုင်ရှင်တဦးသည် ဤကဲ့သို့သော အနုတ်စုတ်ဂုတ်စုတ် မရိုးမဖြောင့်အလုပ်ကို ဘာကြောင့်လုပ်ရသလဲ။ ထိုနေ့ညက သူ့ကိုကြည့်သွားပုံမျိုးဖြင့် ကြည့်တတ်သူတဦးသည် ဘာကြောင့် သူ့ကို ကျောခိုင်းပြီး အရှိုက်ထိုးရသလဲ။

ဤအလုပ်မျိုး သူလုပ်လေမလား ဆိုသည်မှာ ဝက်စ် လုပ်လေမလားဟူ၍ အတွေးရကြပ်သလိုပင် အတွေးရကြပ်လှသည်။

ထိုခေါင်းကြီးကို သူတို့ နှစ်ယောက်စလုံးမရေး။ အခြားတဦးယောက်ကရေးပြီး မှားယွင်း ပုံနှိပ်မိခြင်း ဖြစ်လေမလားဟူသော ဖြစ်တောင့်ဖြစ်ခဲ ကြံကြိုက်မှုကလေး ရှိနိုင်သေးသည်ဟုလည်း တွေးမိ၏။

ထိုမျှော်လင့်ချက်ကလေး အတောင်အလက်မှ မစုံမီ သူ့ဆင်ခြင်ဉာဏ်က ပစ်သတ်လိုက်ပြန်၏။ ထွက်ပေါက်မရှိ။ အဖြစ်သနစ်က ရှင်းနေသည်။ သူ့မိတ်ဆွေ နှစ်ဦးအနက် တဦးသည် သူမမှန်းဆနိုင် စွမ်းသော အဖိအစီး တစုံတခုကြောင့် ဂုဏ်သရေကင်းမဲ့သောအမှုကို အလိုတူအလိုပါ ကျူးလွန်ခဲ့ပြီ။ တပြိုင်တည်းမှာပင် သူ့ကိုလည်း အသည်းခွဲခဲ့ပြီ။

ရိုးသားသော ဖြေရှင်းမှုဟူ၍ မရှိနိုင်တော့။ ကြောက်ပါးလိလိ အဟန့်အတား အင်အားစု၏ အချောက်အမြောက် ဇာတ်ထုပ်က ဘွားဘွားပေါ်နေပြီ။ သတင်းစာ၌ တာဝန်ရှိသည့် အပိုင်း၏ သိမ်ဖျင်းသော အညံ့ဇာတ်ထုပ်က ဘွားဘွားပေါ်နေပြီ။

သူမနောအာရုံတွင် သူ့မိတ်ဆွေနှစ်ယောက် ယှဉ်ရပ်နေကြသည်။ လွန်ခဲ့သော နှစ်နှစ်က သိကျွမ်းခဲ့ရသည့် ပါရဂူကလေးနှင့် သူအပျံသင်စအရွယ် သူ့စိတ်ကူးထဲက ကိုလူပျို။

တဦး၏ ဂုဏ်သရေနှင့်အမျှ အခြားတဦး၏ ဂုဏ်သရေကို သူမြတ်နိုးသည်။ တဦး၏ ခင်မင်မှုသည် တခြားတဦး၏ ခင်မင်မှုကဲ့သို့ပင် သူ့အဖို့ ချမ်းမြေ့စရာဖြစ်သည်။ ယခုမူ တယောက်သောသူသည် သူ့မိတ်ဆွေ မဟုတ်တော့ချေပြီတကား။

သူပထုတ်ရမည့်သူမှာ ဝက်စ်မဟုတ်။ သူ့အပေါ် သံသယ အငြိအစွန်းမရှိ။ ကွိသာလျှင် အတို့အဆိတ်ကလေးမျှ မခံ။ **သဒ္ဒါလန်ပြီး သူတို့ကို နမ်းပြကာ** သစ္စာဖောက်သူဖြစ်သည်။

ဝင်းတင် မြန်မာပြန်သော ကို

ခရစ်ကို ရန်သူလက်အပ်သူ အစ္စကရီးယာ့က ရန်သူလူများ ခရစ်အားသိနိုင်ရန် နမ်းပြပြီး ဖမ်းစေခြင်းကို ရည်ညွှန်းသည်။

"ယုဒရ ကာရုတ်နှင့်အတူ ယဇ်ပရောဟိတ်ကြီး၊ ကျမ်းပြုဆရာကြီးအကဲများ စေလွှတ်သော လူအစုအဝေး အပေါင်းတို့သည် ဓားနှင့်တုတ်များကိုကိုင်လျက် ချက်ချင်းလာကြ၏။ ကိုယ်တော်ကို အပ်နှံသောသူက ငါ နမ်းသောသူသည် ယေရှုပင်ဖြစ်၏။ သူ့ကိုဖမ်း၍ လုံခြုံစွာ ဆောင်သွားကြဟုဆို၍ သူတို့အား အမှတ် ပေးခဲ့သည့်အတိုင်း သူသည် ရောက်လျှင် ကိုယ်တော်ရင်းသို့ ချက်ချင်း ချဉ်းကပ်၍ "အရှင်ဘုရား။ အရှင်ဘုရား" ဟု ဆိုလျက် နမ်းလေ၏။ ထိုသူတို့သည် လာ၍ ကိုယ်တော်ကို ဆွဲကိုင်ဖမ်းဆီးကြ၏။

(ခမ္မသစ်ကျမ်း ရှင်မာကုခရစ်ဝင် ၁၄း၄၄–၄၆)

မိမျိုး ဖမည် မပီဝိုးဝါးသော ကို၊ ရေမျောကမ်းတင် မျိုးစဉ်နွယ်ဆက် ဒွိဟဖက်သော ကို၊ ထိန်းကျောင်း ပဲ့ပြင်မှု ကွေကွာကင်းဝေးသော ကို၊ သူ့ခြေထောက်ပေါ် သူရပ်နိုင်အောင် မိမိကိုယ်တိုင် လူရာသွင်းပေးခဲ့သည့် ကို၊ ကူတန်ကူ၊ ထိန်းတန် ထိန်း၊ အကြံပေးတန်ပေးကာ မိမိ၏ အသိအကျွမ်းစာရင်း၊ မိတ်ဆွေစာရင်းသို့ သွင်း ထားခဲ့သည့် ကို။

သို့သော် သူစိတ် ချောင်ကြားတနေရာတွင် ကိုကို အမှန်တရားမြတ်နိုးသူ၊ မဖောက်မပြန် တသမတ်တည်း ရိုးသားဖြောင့်စင်းသူအဖြစ် သိမှတ်ထားခဲ့သည့် စိတ်က သူ့ဆင်ခြင်ဉာဏ်ကို အံတုလျက် ဤရှုတ်ချမှုများကို ပုန်စားပုန်ကန် ပြုနေလေ၏။

ရှာလီသည် ဖြေရှင်းစကားပြောမည့် တယ်လီဖုန်းခေါ်သံများ ပေါ်လာလေမလား ဟူသော အတွေး တထင့်ထင့်နှင့် တမနက်လုံး သူ့စားပွဲတွင်ထိုင်ကာ အလုပ်လုပ်နေ၏။

တယ်လီဖုန်းခေါ်သံ မကြာခဏ ကြားရသည်။ သို့သော် သူမျှော်တာ မပေါ်လာ။

မွန်းတည့်ခန့်အချိန်။ လွှတ်တော်ဧည့်ခန်းဒေါင့်၌ ထိုင်နေသည့် မစ္စတာဒိန်းသည် ဂေဟာဥပဒေအား မဲခွဲရန် ဆင့်ခေါ်ပုံ ပိတ်ဆို့ဟန့်တားလိုက်ပုံကို ကြည့်နေလေသည်။

အမတ်တဦးသာ စကားပြောသည်။ အမတ်မင်း မီချီတီဘန်ဂေါက ပို့စ်သတင်းစာကို ကိုးကားကာ ပြည်နယ် ကယ်ဆယ်စောင့်ရှောက်ရေးဌာန၏ 'အသိအမှတ်ပြု အာဘော်' ကပင်စောင့်ရှောက်ရေးဂေဟာ နှစ်နှစ် စောင့်ဆိုင်း သင့်ပုံကို 'ဝန်ခံ' ကြောင်း မိန့်ခွန်းချွေသည်။ အမတ်အများစုက သူနှင့်သဘောတူမျှ၍ ဥပဒေကြမ်းကို ၅၄ မဲ ၃၂ မဲဖြင့် ဖုတ်ကျီး သင်္ဂြိုလ်လိုက်ကြလေသည်။

လွှတ်တော်သည် သတင်းထောက် 'စစ်' ဟော့ပကင်က သတင်းစာတိုက်သို့ သတင်းပြန်ပို့သည်။ ကွိုက လက်ခံမှတ်သားပြီး ဝမ်းနည်းကြောင်းပြောသည်။ ထို့နောက် 'တူရကီနိုင်ငံအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေ' ဟူ၍ ခေါင်းစဉ်ပေးထားသည့် ခေါင်းကြီးကို ရေးသည်။ ထိုအချိန်မှာပင် ဝက်စ်ရောက်လာသည်။ ရွှင်ပျစွာ နှုတ်ဆက်ပြီး သူ့အခန်းသူဝင်သွားသည်။

ကို ခေါင်းကြီးဆက်ရေးသည်။ ယနေ့နံနက် သူ ထိုင်းထိုင်းမှိုင်းမှိုင်းဖြစ်နေသည်။ ညတဝက်က ဆာဖေကို လူနာစောင့်ခဲ့ရသည်။ ညတဝက်က မျက်စိကြောင်နေခဲ့သည်။ နံနက်လင်းသည်နှင့် တပြိုင်နက် ဒုက္ခလှလှ တွေ့တော့၏။ ဂေဟာအကြောင်း ခေါင်းကြီးကို ဖတ်ရသည်။ ဘာအဓိပ္ပာယ်မှန်း သူမသိ။ သိအောင်စုံစမ်းရန် လည်း မလိုတော့။ သူ့အလုပ်နှင့် ဂေဟာသည် အတူတကွ ရေစုန်မျောကြလေပြီ။

ဝက်စ်အခန်းသို့ ချက်ချင်းသူမဝင်။ ခွန်းကြီး ခွန်းငယ်ပြောရမှာ သူမနှစ်မြို့ဆုံး။ ယခုမှတော့ နင်ဘဲဆ ဖြစ်နေ၍လည်း အကြောင်းမထူး။ ဝက်စ်နှင့် တတ်နိုင်သမျှ ပြောရိုးပြောစဉ်လိုသာ ပြောချင်သည်။ နာရီဝက် အကြာ ခေါင်းကြီးရေးအပြီးတွင်မှ ဝက်စ်အခန်းထဲသို့ ဝင်သွားသည်။

"ဘာဖြစ်သလဲ။ ခင်ဗျားနေမကောင်းဘူးလား" ဟု မေးသည်။

"ကောင်းပါတယ်။ ဘာမှမဖြစ်ပါဘူး။ ဒီနေ့ သတင်းခြောက်တယ်။ မီးရထား ဥပဒေကြမ်း အကျဉ်းချုပ် တွေ့ပလား"

"ဟုတ်ကဲ့။ မနိုပ်ပါဘူးဗျာ။ ခင်ဗျားလွှတ်တော် အစည်းအဝေးပြီးရင် အနားယူပေဦးတော့။ အဲ့ဒီ ဥပဒေကြမ်းကို အရေခွံခွာရမယ်။ ခင်ဗျားရေးရင် ပိုကောင်းမယ် ထင်တယ်"

"ခင်ဗျား ရေးစေချင်ရင် ရေးမယ်လေ။ ပြီးတော့ လယ်သမားညီလာခံသတင်းရှိသေးတယ်။ ဒါထက် ခင်ဗျား လူစားရှာလို့ရရချင်း ကျွန်တော် အလုပ်ထွက်ချင်တယ်"

ဝက်စ်က လက်ထဲမှ ကတ်ကျေးနှင့် စာရွက်များကို လွှတ်ချလိုက်ပြီး သူ့ကို ကြက်သေသေကာ ငေးစိုက်ကြည့်နေသည်။

"အလုပ်ထွက်မယ်၊ ဟုတ်လား။ ခင်ဗျား အလုပ်ထွက်ဖို့ ဘယ်တုန်းကမှ စိတ်မကူးပါဘူး"

"ဟုတ်ကဲ့၊ ထွက်ချင်တယ်။ လူစားချက်ချင်းရှာနိုင်အောင် မနက်ကတည်းက ပြောမလို့ဟာဘဲ"

"ကျွန်တော်ကတော့ ထွက်ခွင့်မပေးနိုင်ဘူးဗျာ။ ခင်ဗျား အကူအညီကို ကျွန်တော် သိပ်တန်ဖိုးထားပါတယ်။ ခင်ဗျားထွက်ဖို့ ကြံနေလိမ့်မယ်လို့ ကျွန်တော် ဘယ်တုန်းကမှ မထင်ဘူး။ ပြောစမ်းပါဦး။ အကြောင်းက ဘာလဲ။ စိတ်ထဲမှာ ဘာရှိနေလို့လဲ"

"သတင်းစာမှာလုပ်ရတာထက် အပြင်မှာ စိတ်ချမ်းသာမယ် ထင်လို့ပါ" ကွိုက မရွှင်မပျ ပြောသည်။

"ဘာလဲ၊ လခကြောင့်လား" ဝက်စ်က ရုတ်တရက် စိတ်သက်သာရာ ရသွားသလို ရယ်လိုက်ပြီး "စောစောက ဘာဖြစ်လို့ မပြောလဲ ကိုယ့်လူရာ။ ကျွန်တော့် သဘောပြောရရင် ခင်ဗျားခုရနေတာထက် ငါးဆမက ရသင့်ပါတယ်။ ဒါရိုက်တာတွေ နားလည်အောင် ကျွန်တော် ပြောပါ့မယ်။ နောက်တပတ် အစည်းအဝေးကျရင် တိုးရစေရမယ် စိတ်ချ"

"ကျေးဇူးတင်ပါတယ်။ လခလဲ တိုးမလိုချင်ပါဘူး။ ဒီလခနဲ့ ကျွန်တော်တင်းတိမ်ပါတယ်"

ဝက်စ် မျက်မှောင်ကြုတ်ကာ ဗူးလုံးနားမထွင်း ဖြစ်နေသည်။

"ခင်ဗျားမှာ ထွက်နိုင်တဲ့ အခွင့်အရေးရှိတာတော့ ရှိတာပေါ့"

သူ့အသံက သောကရောက်နေသည့်အသံ။

"အကြောင်းပြချက်တောင်းဖို့ ကျွန်တော့်မှာ အခွင့်အရေးမရှိတာလဲ သိပါတယ်။ ဒါပေမယ့်ဗျာ ကျွန်တော်တို့ အတူလုပ်လာကြတာလဲ ကြာပီပဲ။ ဘာမပြော ညာမပြော အလုပ်ထွက်သွားမယ်ဆိုတော့ စိတ်ထိခိုက်တာပေါ့။ ကျွန်တော် ဘာများနေသလဲ ပြောစေချင်တယ်။ ကျွန်တော်မပြင်နိုင်တာ တခုမှ မရှိပါဘူး"

တယောက်နှင့် တယောက် စိုက်ကြည့်နေရာမှ ကွိုက မျက်လွှာချသွားပြီး

"သတင်းစာရဲ့ဝါဒကို ကျွန်တော် မယုံတော့လို့ပါ"

"အိုး ဟို ဟို။ ကျွန်တော်ရေးတဲ့ ဂေဟာခေါင်းကြီးကို ပြောချင်တာလား"

"ဟုတ်ပါတယ်"

"ဘာဖြစ်လို့လဲ ကိုယ့်လူရဲ့"

ဝက်စ်က သူ့စကားကို ခဏရပ်ကာ မည်သို့ ဆက်ပြောရမည်ကို စဉ်းစားနေသည်။

"ဒီလိုပြောရအောင်။ ကျွန်တော့်ခေါင်းကြီးထဲက အမြင်က တက်တက်စင်မှားနေတယ် ဆိုပါတော့။ ကျွန်တော်ကတော့ မမှားဘူးလို့ ပြောနိုင်တယ်။ ဒါပေမယ့် စကားအဖြစ် ပြောရရင် မှားတယ် ထားပါတော့။ သတင်းစာမှာ ခင်ဗျားနဲ့ သဘောထားချင်း မတိုက်ဆိုင်တဲ့ ခေါင်းကြီးပါတာနဲ့ အလုပ်က ထွက်ဖို့လိုမလား။ ပြောစမ်းပါဦး"

"မလိုပါဘူး"

"ခင်ဗျားရေးတဲ့ ခေါင်းကြီးကို ပယ်ပီး ကျွန်တော် ရေးတာ ထည့်လို့လား။ ကိုယ့်လူက ဒါကို ကန့်ကွက်သလားတော့ မသိဘူး။ ခင်ဗျားအဆုံးအဖြတ်က ကျွန်တော့်အဆုံးအဖြတ်ထက် သာချင်သာမယ်။ ဒါပေမယ့် တာဝန်ခံရတာက ကျွန်တော်မဟုတ်လား။ ကျွန်တော့်ကို လခပေးထားတာက ကျွန်တော့်အယူအဆတွေဟာ ပို့စ်ရဲ့ အယူအဆတွေ ဖြစ်လာအောင်လုပ်ဖို့ မဟုတ်လား"

"ဒါလဲ မှန်ပါတယ်"

"ဒါဖြင့် ကျွန်တော် ဘာများ မဟုတ်တယုတ် လုပ်မိသလဲ။ ဘွင်းဘွင်းပြောစမ်းပါ ကိုယ့်လူရာ။ တောင်းပန်ပါတယ်"

ကွိုက သူ့ကို စိမ်းစိမ်းကြည့်နေသည်။ အယ်ဒီတာလုပ်ပြီး ဒီလောက် အမြင်တိမ်ရသလား။

"ကျွန်တော်က ဒီလိုမြင်ပါတယ်" ကွိုက အသံထိန်း၍ ပြောသည်။ "ပို့စ်က ဂေဟာဥပဒေကြမ်းကို ဒီလွှတ်တော်မှာ အတည်ပြုရမယ်လို့ ထပ်မနားရေးခဲ့တယ်။ ခင်ဗျား သဘောတူခဲ့တယ်။ အကြိမ်တရာမက ပြောခဲ့တာကို နောက်ဆုံးတခါပိတ်ပီး ပြောရမယ့် အရေးအကြီးဆုံးအချိန်မှ ပို့စ်က ကျောခိုင်းပစ်တယ်။ လွှတ်တော်ကို ဂေဟာမဆောက်ဖို့ အာဏာအပ်လိုက်တယ်။ လွှတ်တော်ကလဲ သတ်တော့တာပေါ့။ ဘန်ဂေါက ပို့စ်ခေါင်းဆောင်ကြီးကို ကိုးကားသွားတယ်။ ထောက်ခံမယ့်မဲတွေ ပဲ့ကုန်တာပေါ့"

ဝက်စ်သည် မရွှင်ရပ်နှင့် စိတ်ရှုပ်နေသည်။

"ဒီလွတ်တော်က တပြားမှ သုံးနိုင်တဲ့ အခြေအနေ မရှိဘူးဆိုတာ သိနေရင်ကောဗျာ။ ပြည်နယ်ထဲမှာ ပလိပ် ရောဂါဖြစ်တယ် ဆိုပါတော့။ စစ်ဖြစ်တယ်ဆိုပါတော့။ အဲဒီအခါမျိုးမှာ ပြည်နယ်အတွက် မရှိမဖြစ်တဲ့ ကိစ္စ မဟုတ်ရင် ဆိုင်းထားရမှာပဲ မဟုတ်လား"

ကွိသည် ဝက်စ်၏ ဆင်ခြေလိမ်ကြီးကို အီဗာဘန်ဟိုင်မာနှင့် ကိုင်ပေါက်ကာ အဖြေပေးလိုက်ချင်စိတ် ပေါက်သွားသည်။ ဒေါသထွက်လာသည်။

"အခုအခြေအနေက ခင်ဗျားပြောတာတွေနဲ့ နည်းနည်းမှ မတူဘူးဆိုတာ မသိဘူးလား။ ကျွန်တော့် ခေါင်းကြီးလဲ ပြန်ဖတ်ကြည့်ပါဦး"

"ဖတ်ပါတယ်" ကွို လေသံမာလာ၍ ဝက်စ် အံ့အားသင့်သွားသည်။ "အရေးအသား ကောင်းပေမယ့် လက်ငင်းဖြစ်ရပ်တွေကို နားလည်ပြီးမှ ရေးတာမဟုတ်ဘူးလို့ ကျွန်တော်ထင်တယ်။ ခင်ဗျားရော ကျွန်တော်ရောက ဒီအခန်းကလေးထဲမှာသာ တကုပ်ကုပ်ထိုင်နေတာ။ ဒီတော့ လက်တွေ့အခြေအနေတွေနဲ့ ကင်းကွာနေတာပေါ့။ မနေ့ကတော့ ကံကောင်းလို့ အချက်အလက်သစ်တွေ သိလာခဲ့တယ်။ လျှို့ဝှက်ထားရမယ့် အာဏာပိုင်ဌာနက ဆိုပါတော့။ ခင်ဗျားကို ရှင်းပြချင်ပေမယ့် မဖြစ်နိုင်ဘူး။ ခင်ဗျားရေးထားတာ ဖတ်ကြည့်တော့ ချော်နေတယ်။ အစွန်းရောက်နေတယ်။ မမျှတဘူးလို့ ကျွန်တော်ထင်တယ်"

"ခင်ဗျား ပြောတဲ့ အချက်အလက်ဆိုတာတွေက ပလိုနီနီးဆီက ရတာတွေလား"

"ဒါတော့ ကျွန်တော် မပြောနိုင်ဘူး"

သူမပြောသော်လည်း ကွိက သူ့ကို ကြည့်ရုံနှင့် သိလိုက်သည်။ သူ့အတွက် စိတ်မကောင်းဖြစ်မိသည်။

"ခင်ဗျား ဒီလိုသာ လုပ်မယ်မှန်းသိရင် ကျွန်တော့် ရှိစုမဲ့စု ဒေါ်လာ လေးရာ့ငါးဆယ်စလုံး ပုံပေးပါရဲ့ဗျာ"

"ခင်ဗျား ဒီလောက် စိတ်ထိခိုက်မှန်းသိရတာ ဝမ်းနည်းပါတယ်။ ဒါပေမယ့် ကျွန်တော် . . ."

"ပလိုနီနီးကို ခင်ဗျားသိတာထက် ကျွန်တော်ပိုသိတယ်"

ကွိက ဆက်ပြောသည်။ "ကျွန်တော်က သူ့ကို လူရည်တူချင်း အဖြစ်နဲ့သိတာ။ ခင်ဗျားကို သူ ဒီနေ့ ဟားတိုက်နေပြီ"

ဝက်စ်က ဂေဟာကိစ္စ အတွေးလွန်ပြီး ကွို ပုံကြီးချဲ့နေပြီဟု စိတ်ထဲက ကောက်ချက်ချလိုက်၏။

"ဒီလိုဆိုရင်လဲ ကိုယ့်လူရာ၊ ဟားတိုက်ခံရမှာက ကျွန်တော်ပါ။ ခင်ဗျားမဟုတ်ပါဘူး" ဝက်စ်က မခံချည့် မခံသာစိတ် ကင်းရှင်းစွာ ပြောသည်။ "ပို့စ်ရဲ့ ရပ်တည်ချက်ကို ပစ်ပြေးတယ်လို့ ထင်ရင်လဲ ပစ်ပြေးတဲ့လူက ကျွန်တော်ပါ။ ရှင်းပလား။ ကျွန်တော်က သတင်းစာမှာ ရေးသမျှ တာဝန်ယူရတဲ့ အယ်ဒီတာဖြစ်ရုံမကသေးဘူး။ ကျွန်တော်ရတဲ့ သတင်းနဲ့ အဆုံးအဖြတ်ပေါ်မှီပြီး ခေါင်းကြီးကို ကိုယ်တိုင်ရေးတဲ့လူ။ ဒီတော့ ဖြစ်လာသမျှ ကျွန်တော်ခံမယ်"

ဖြစ်လာသမျှဆိုသည်မှာ ပါတီ၏ ကယ်တင်ရှင်ကြီးဖြစ်လာမည့် ဖြစ်လာသမျှကို ဆိုလိုသော အတွေးဖြင့် ဝက်စ်က ပြောခြင်းဖြစ်သည်။

"တချို့က ဒီတိုက်ပွဲမှာ ကျွန်တော် ခေါင်းကြီးတွေ ရေးနေတာသိတယ်။ သူတို့က ဖြစ်ပုံကို သိမှာ မဟုတ်ဘူး။ ဒါကြောင့် ရယ်တော့ မဟုတ်ပါဘူး။ ဒီကိစ္စက . . ."

"ရှင်းသွားမှာပါဗျာ။ ကျွန်တော့်ကိုယုံပါ။ ခင်ဗျားမိတ်ဆွေတွေကိုလဲ ကျွန်တော် တယောက်ထဲမှာ တာဝန်ရှိတယ်ဆိုတာ ပျော်ပျော်ကြီး သွားရှင်းပြလိုက်မယ်။ စိတ်ချ။ ဒီနေ့ကို သွားပြောမယ်။ အခုကို"

"ကျွန်တော် စိတ်မကောင်းပါဘူးဗျာ" ကွိက ပြတ်ပြတ်တောင်းတောင်းပင်ပြောသည်။ "ကျွန်တော် ဆက်လုပ်ဖို့ လုံးဝ မဖြစ်နိုင်တော့ပါဘူး"

ဝက်စ်က သူ့ကို ကြည့်နေသည်။ စိတ်မချမ်းမသာလည်းဖြစ်နေသည်။

"ခင်ဗျားကို ကျွန်တော် ဇွတ်တားလို့တော့ မဖြစ်နိုင်ဘူးပေါ့။ ဒါပေမယ့် ခင်ဗျား အယူအဆကိုတော့ လုံးဝ နားမလည်နိုင်ဘူးဗျာ။ ကျွန်တော်ယုံတာကတော့ အမှားတခုကို ဘယ်လောက် လက်လွန်နေနေ ပြင်တာဟာ လူမြင်ကောင်းရဲ့ ဖက်တွယ်နေတာထက် သတ္တိရှိတဲ့ အလုပ်၊ ဂုဏ်သိက္ခာရှိတဲ့အလုပ်လို့ ထင်တာပဲ"

"ကျွန်တော်ကတော့ ကျွန်တော်တို့ရဲ့ မူဝါဒါတွေကို ဘယ်တုန်းကမှ မှားတယ်လို့ မထင်ဘူး"

ကွိသည် သူ့အခန်းသို့ ပြန်သွားသည်။ ကွိက သက်တောင့်သက်သာနှင့် သူ့အပေါ် အပြစ်ပုံချတတ်ပုံကို ဝက်စ် အံ့သြနေမိလေသည်။

ထိုနေ့မှာပင် ပြည်နယ် ကယ်ဆယ်ဓောင့်ရှောက်ရေးအသင်းသို့ သွား၍ သူမိတ်ဆွေနှစ်ဦးကို အကျိုးသင့် အကြောင်းသင့် ရှင်းပြရန် ဝက်စ် ကြံရွယ်ချက်ရှိခဲ့၏။ သို့သော် ကိုနှင့် တွေ့ပြီးသည့်နောက် ချက်ချင်းသွား၍ ရှင်းသင့် မရှင်းသင့် ဇဝေဇဝါဖြစ်လာသည်။

ယခုအချိန်တွင် ဒိန်းရော သူ့အချစ်ဆုံး မိန်းကလေးပါ သူတို့စီမံကိန်းပျက်၍ ဒေါသထွက်နေကြမည်။ သူတို့စိတ်ပြေလောက်မှ သွားပြောတာ ပိုမကောင်းဘူးလား။

စိတ်ပြေလက်ပျောက်ဖြစ်မှ ပြောတာ ပို၍ကောင်းကြောင်း ထိုနေ့ညနေထုတ် ခရော်နီကယ်သတင်းစာက သူ့ကို သတောပေါက်စေသည်။ ခရော်နီကယ်သတင်းစာက 'ပို့စ်၏ နောက်ဆုံးပေါ် ဇာတ်ခေါင်းကွဲခန်း' ဟူသော ခေါင်းစဉ်းဖြင့် ခေါင်းကြီးရေးသည်။ 'ဖြုံးစား ဖြင်းစား အပြောင်းအလဲ'၊ 'သစ္စာယွင်းသော မဟာမိတ်'၊ 'အော်ကလီဆန်စရာ ဂျွမ်းသဒ္ဒါလန်ပွဲ' စသော စကားလုံး ပြောင်ပြောင်များကိုသာ သုံးကာ ဂေဟာကို ပို့စ်က အဆုံးစီရင်လိုက်ကြောင်း စွပ်စွဲသည်။ နောက်တနေ့တွင် ပို့စ်ကို 'ပလိုနီနီး၏ အာဘော်သတင်းစာ' ဟု ကင်ပွန်းတပ်ပြန်သည်။

ဝက်စ်အဖို့ကား ယင်းသို့သော ဗိန်းဗောင်းတိုက်သံများကို အမှုထားစရာ မရှိ။ သူပါတီအတွက်၊ သူပြည်နယ်အတွက်၊ တုလွတ်ကင်းသော အလုပ်အကျွေးပြုမှုကို သူ ထမ်းဆောင်ခဲ့ပြီ။ ထို့ကြောင့် နလဗိန်းတုံးတို့၏ ဒေါသအမျက်ထွက်မှု၊ မစ္စရိယသမားတို့၏ လျှာစောင်းထိုးမှု၊ အောက်လက် ငယ်သားတို့၏ တော်လှန်အန်တုမှုကို အခိုက်အတန့် အားဖြင့် သူ တံ့တံ့စားစား ရင်ဆိုင်မည်။ တနေ့သောအခါ သူ့မျိုးချစ်စိတ်နှင့် ဆိုင်သော အမှန်တရားသည် ဘွားဘွားပေါ်လိမ့်မည်။

ယခုအချိန်မှာကား တရားမျှတမှုကင်းသော မကျေမချမ်းမှုများ အကင်းသေသွားသည်အထိ သူငြိမ်ငြိမ် ထိုင်စောင့်နေရုံသာ ရှိတော့မည်။

ခြောက်ရက်ကြာမှ ရှာလီနှင့် သူတွေ့သည်။ မစ္စတာဘတ်၏ အိမ်တွင် ညစာစားပွဲနှင့် ကပွဲကလေး ပြုလုပ်သည်။

ပျော်ရွှင်မြူးတူးနေသော အသိုက်အဝန်းတခုလုံးတွင် ရှာလီထက်ပို၍ ကြည်ရွှင်မြူးကြွသူမရှိ။ ဝက်စ်နှင့် နှစ်ယောက်တည်း တွေ့သောအခါ ရှာလီ အမှုအရာ ပြောင်းသွားသည်။ မျက်နှာဖုံးခွာချလိုက်သလို ကြည်ရွှင်မြူးကြွမှု ကွာကျသွားသည်။

ဝက်စ်က ညင်ညင်သာသာ အသံဖြင့်

"ဝန်ခံစမ်း မစ္စဝေလင်၊ ခင်ဗျား သိပ်ပင်ပန်းနေတယ် မဟုတ်လား"

ရှာလီက သူ့ကို ကြည့်ပြီး ပြုံးပြသည်။

"ခင်ဗျား တနေ့လုံး အလုပ်လုပ်၊ တညလုံး ကပွဲကဆိုရင် တနေ့ကျ ဘုံးဘုံးလဲလိမ့်မယ်"

ရှာလီက သူ့ကို ဖွင့်ပြောစေချင်သည်။ သူက မပြော။ တန်ဖိုးမရှိသော သူမိတ်ဆွေကို ကာကွယ်ရန်အတွက် သူဂုဏ်သရေရှိရှိ ခပ်မဆိပ်နေခြင်းသာ ဖြစ်မည်ဟု ရှာလီတွေးမိလိုက်၏။

သို့သော် ရှာလီ မစောင့်စည်း မအောင့်အည်းနိုင်။

"ဂေဟာကိစ္စ သောကများရလို့ စိတ်ပင်ပန်းတာပါရှင်"ဟု ပြောသည်။

ဝက်စ်က မျက်စိလွဲလိုက်သည်။ ဂေဟာကိစ္စကို သာယာညှင်းပျောင်း ကျိုးကြောင်း သင့်မြတ်စွာ ပြော၍ မဖြစ်နိုင်သေးကြောင်း သူချက်ချင်းသိလိုက်သည်။ ထို့ကြောင့် နောက်ထပ် နှစ်နှစ်ဆိုင်းရစေကာမူ အရေးမကြီးလှကြောင်း နှစ်သိမ့်လိုက်သည်။

"ဒီကိစ္စကြောင့် သက်သက်မဟုတ်ပါဘူး။ ဒါလဲ မကောင်းတော့မကောင်းဘူးပေါ့။ ဒါပေမယ့် ကျမစိတ်ထဲတအုံနွေးနွေးဖြစ်နေတာက ပို့စ်က ပစ်ပြေးတဲ့ကိစ္စပါ"

ဝက်စ်၏ ဗျာများနေသော မျက်လုံးများ ငိုင်ကျသွားသည်။ အမှောင်တိုက်၏ နတ်ဆိုး နတ်မိုက်ကလေးက သူ့ခေါင်းထဲသို့ မေးခွန်းတခု ကမျောသောပါး ပစ်သွင်းလိုက်သည်။

"ခင်ဗျား ကိုကို တွေ့ပြီးပလား"

"မတွေ့ရသေးပါဘူး"

"ဒါဖြင့် သူအလုပ်ထွက်သွားတာ မသိရသေးဘူးပေါ့"

"အလုပ်က ထွက်သွားပြီ" ရှာလီက သံယောင်လိုက်ပြောသည်။ သူမျက်နှာ ရုတ်ခြည်း တင်းမာသွားသည်။

"ဟုတ်လား၊ ထွက်သွားပလား။ ပြောပြပါဦး"

ဝက်စ်က ကြမ်းပြင်ကို မကြည်မသာ စိုက်ကြည့်ရင်း

"ဒီကိစ္စ မပြောချင်သေးဘူးဗျာ။ သူ ထွက်သွားတာကတော့ အဲ ဂေဟာခေါင်းကြီးနဲ့ ပတ်သတ်ပြီး ကျွန်တော်တို့ သဘောကွဲကြလို့ပဲ"

ရှာလီက ယပ်တောင် ရှာသလိုလိုနှင့် ဒရောသောပါး မျက်နှာလွှဲလိုက်သည်။ သံသယများ ကွာကျသွားသည်။ အားလုံးရှင်းပြီ။ သူ့အကြီးအကဲ၏ သိက္ခာကိုချိုးသည့် ခေါင်းကြီးကို ရေးသဖြင့် မစ္စတာကွိ အလုပ်ထုတ်ခံရခြင်း ဖြစ်မည်။

ဝက်စ်အဖို့ကား လတ်တလော အခြေအနေကို ပြေရာပြေကြောင်း ဖြစ်ပုံပျက်ပုံကို အကျဉ်းရုန်း၍ မတင်မကျ ပြောလိုက်ခြင်းဖြစ်သည်။ သူကြံရွယ်ထားသည့်အတိုင်း ဖြစ်ရပ်မှန်ကို ပြောချိန်တန်မှ ပြောရန်ဖြစ်သည်။ သို့သော် ကောက်ကာငင်ကာ ပြောလိုက်သည့် သူ့စကား၏ မျက်လှည့်ဆံဆံ အကျိုးသက်ရောက်မှုက နှစ်မြို့ဖွယ်ကောင်းလှသည်။ စိတ်နှလုံး မရွှင်နိုင်မပြုံးနိုင် ဖြစ်နေသော ရှာလီကို သူရွှင်ပြုံးစေနိုင်ခဲ့ပြီ။

ထိုနေ့ည စောစောပိုင်းမှာပင် ညစာစားခန်းတခုၵ္ခ လူရှစ်ယောက် ဆုံသည်။ မြို့တော်အုပ်ချုပ်ရေးအဖွဲ့ဝင် လူကြီးများရွေးချယ်ရန်ဖြစ်သည်။

ကြိုးနီစနစ်အရ လူထုက လအတန်ကြာချိန်မှ ရွေးကြရမည်ဖြစ်သော်လည်း ရွေးကောက်ပွဲကား ယခုကပင် လုပ်နှင့်နေလေပြီ။ မစ္စတာမီချီတီဘန်ဂေါကို မြို့တော်ဝန်အဖြစ် တညီတညွတ်တည်း ရွေးချယ် တင်မြှောက်လိုက်ကြသည်။

သူတို့အထဲၵ္ခ ဉာဏ်နီဉာဏ်နက်အများဆုံးဖြစ်သော ပလိုနီနီးက တနေ့သောအခါ ပါတီထဲတွင် ပြုပြင်ပြောင်းလဲမှုများကို လိုက်လျောလာမည်ဖြစ်ကြောင်း၊ လာမည့်နှစ်တွင် ဖြစ်ကောင်းဖြစ်မည်။ လာမည့် ၁၂ နှစ်တွင် ဖြစ်ကောင်းဖြစ်မည်။ လာမည့် ၁၆ နှစ်တွင် ဖြစ်ကောင်းဖြစ်မည် ဖြစ်ကြောင်း ပြောသည်။

"တပည့်ကလေးတွေ ခင်ဗျား လက်သပ်မွေးထားပီးပလား" ဟု မြို့တော်ဝန်လောင်းက တခန်းလုံးကို မျက်စိတဖက်မှိတ်ပြပြီး ပရောပရည်ပြောသည်။

ပလိုနီက လူငယ်တယောက် တွေ့ထားကြောင်း၊ ယခုအချိန်တွင် လူသိ သူသိနည်း၍ 'ကော်ကောင်'လို ဖြစ်နေသေးကြောင်း၊ သို့သော် လူရေးလူစ ရှိသူဖြစ်ကြောင်း၊ လောလောဆယ် အလွန်ငယ်လွန်းနေကြောင်း။ သို့သော် သူ့ကို ပါတီတွင် နေရာပေးနိုင်မည့်အချိန်တွင် သူ့ခမျာ အလွန် အိုလွန်းသွားတော့မည် ဖြစ်ကြောင်း အဖြေပေးသည်။

ဘန်ဂေါက မျက်စိတဖက် မှိတ်ပြလိုက်ပြန်ပြီး

"ချားလ်စ်ဂါဒင်နီယာဝက်စ်ကို ခင်ဗျား ပင့်နေပီထင်တယ်" ဟုပြောသည်။

ပလိုနီသည် မီးသေနေသော ဆေးပြင်းလိပ်ကို ပါးစပ်မှ ဖြုတ်ပြီး ထွီထွီပါအောင် ကျယ်လောင်စွာ တံတွေးထွေးလိုက်သည်။ ပြီးမှ လေးလေးဆေးဆေး ပြောလိုက်သည်မှာ

"မီချီ၊ ကိုယ့်မိတ်ဆွေ အပေါင်းအသင်း အရေးကြုံရင် စောင့်ရှောက်ဖော် မရလောက်အောင် မယုံစားရတဲ့ လူမျိုးကို မြူနီစပယ်ခွေးအမဲလုံးပစ်သမားအလုပ်တောင် မပေးဘူး။ မှတ်ထား"

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

(၂၈)

အရှုပ်တော်ပုံကြီး ပေါက်ကွဲ ပေါ်ထွက်လာချိန်တွင် ကွိ တယောက် ထွက်ပြေးချင်စိတ် ပေါက်မိ၏။ ဆာဖေ့ကို ဆေးရုံသို့ပို့ အိမ်ကိုပြန်အပ်၊ သူက မစ္စက်ပိန်တာအိမ်သို့ပြန်၊ စက်ဆုပ်ဖွယ် ဇာတ်ရှုပ်ကြီးကို ပြည်ဖုံးကားချ၊ ဆာဖေ့ကွယ်လွန်ချိန်တွင် ထိုဇာတ်ရှုပ်ကြီးကို ဆာဖေ့၏ ရုပ်ကလာပ်နှင့်အတူ စျာပန ပြချလိုက်ဖို့ပင် ဖြစ်သည်။

သူ့ဆင်ခြင်တုံတရားက သူ့အကြံကို ခိုင်မာစေသည်။ သူ့အဖေကို သူဘာမျှ ပေးဆပ်ရန်မရှိ။ သူ့အဖေက သူ့အတွက် တာဝန်စိုးစဉ်းမျှ မယူခဲ့။ သူတို့နှစ်ယောက်အကြား ယခုမှ သွေးသားပြန်စပ်နေခြင်းဖြင့် မည်သူ့ကိုမျှ အကျိုးမပွားစေနိုင်။ ထို့ကြောင့် သူ့ပိုင်ဆိုင်မှုကတ်ခန်းကလေးသို့ သူပြန်မည်။ အားလုံး ယခင်အတိုင်းနေမြဲ။

တခဏချင်း အတွင်းမှာပင် ထိုစေ့ဆော်စိတ်ဇောကို ပိုမိုနက်ရှိုင်းသော စိတ်ဇောတခုက ဖယ်ရှားလိုက်ပြန်သည်။

သူ့ရင်တွင်းမှ အသံတသံက ပိဋ္ဌကတ်ခန်းသို့ ပြန်သွားစေကာမူလည်း သူယခင်ကနှင့် မတူနိုင်တော့ဟု တီးတိုးပြောသည်။ သွေးသားတော်စပ်မှုကို သူ အသိအမှတ်ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ၊ သွေးသားတော်စပ်မှုကား ပယ်ဖျက်၍ မရ။ ဆာဖေသည် သူ့အဖေ။ အဖေကို စွန့်ပစ်ခြင်းသည် ဂုဏ်သိက္ခာရှိသည့် အလုပ်မဟုတ်။ ဖခင်တို့၏ ဒုဿီလသည် သားသမီးတို့၏ ခေါင်းပေါ်သို့ ပုံကျသည်။ သစ္စာတရားကို နှိပ်ကွပ်ခြင်းမည်သည် မဟာပြစ်မှုပေတည်း။

ကို ရှောင်မပြေးတော့။ တနာရီအတွင်းမှာပင် သူ စိတ်ပိုင်းဖြတ်လိုက်၏။ သားတယောက်အဖြစ်ခံယူရမည့် သူ့တာဝန်ကို သူထမ်းရန် သူဆက်နေမည်။

အိမ်ကလေးသည် နေ့ရောညပါ ငြိမ်နေသည်။ လျှို့ဝှက်ချက် ပေါက်ကြားခြင်းမရှိ။ လူငယ်သည် ကို၊ အဖိုးအိုသည် နီကိုလိုဗီးယပ်အဖြစ်၌ပင် ရှိကြသေးသည်။ မှောင်မိုက်နေသော ပြတင်းတို့၏ အတွင်းဘက်၌ သက်ရှိဟူသမျှသည် ဆိတ်ငြိမ်ခြင်းခြေဖျားကို ထောက်ကာ လှုပ်ရှားနေကြသည်။

ဆရာဝန်လာသည်။ ဘာမျှမကု။ ပြန်သွားသည်။ သူနာပြုကလည်း ဘာမျှ မပြု။ ထိုင်ကြည့်ရုံ ကြည့်သည်။

ကိုက သူနာပြုဌာနရမ်းခြင်းကို ချက်ချင်း ရပ်စဲရန် ကြံသေးသည်။ သို့သော် တွက်သားမကိုက်။ သူ့အဖို့ အချိန်ကို ငွေရပေါက်ရလမ်းအတွက် သုံးရဦးမည်။ အိမ်စရိတ်အတွက် ဘဏ်တွင် သူ စုထားသော ဒေါ်လာ ၄၅၀ ရှိသည်။ ရက်သတ္တကိုးပတ်တော့ သုံးနိုင်မည်။ ဆာဖေကလည်း ထိုမျှ အသက်ရှည်ချင်မှ ရှည်မည်။

မတ်လကုန်ပိုင်းတွင် ကို ဆောင်းပါးတပုဒ်ရေး၍ ပြီးသည်။ လွန်ခဲ့သည့် လေးရက် သူအလုပ်ထွက်ချိန်မှစ၍ ဒုတိယမြောက်ရေးပြီးသည့် ဆောင်းပါးဖြစ်၏။ ထိုဆောင်းပါးကို ဂျာနယ်တစောင်သို့ ပို့ရန် စာပို့တိုက်သို့ သူထွက်လာခဲ့သည်။ ညစာပို့ရထားနှင့် အမှီထည့်ချင်သည်။ သူ့ခန္ဓာကိုယ်ကြီးကလည်း နှစ်ရက်တိုင်တိုင် အခန်းအောင်းနေခဲ့ရ၍ ညောင်းညာနေသည်။

သူ့ဆန္ဒမှာ သူ့ခေါင်းထဲတွင် ရှိနေသမျှ ဆောင်းပါးများကို ရေးချပြီး ငွေမြန်မြန်ရနိုင်သမျှ ရအောင် ရှာချင်သည်။ ရေးကွက်က ကျဉ်းကြောင်း သူသိသည်။ အခြား အလုပ်တခုတော့ အမြန်ရှာရမည်။ ယခုမှပင် ပို့စ်သတင်းစာမှ တနှစ် ဒေါ်လာ ၁၈၀၀ ရသော အလုပ်ကို သူပို၍ စုံရေမက်ရေ ဖြစ်နေမိတော့၏။

စာပို့တိုက်၏ မရှောင်သာသော အမြှောင်ကြားတွင် ရှာလီနှင့် သူ ဘွားကနဲ တွေ့ကြသည်။

နှစ်ယောက်သား မတွေ့ချင် မြင်ရက်သား ဖြစ်ကြရပုံကို သူတို့မျက်နှာများတွင် အထင်းသား ပေါ်နေသည်။ မစ္စတာကွိုကို နောက်ထပ် မျက်နှာချင်းမဆိုင်ချင်တော့ဟု သူ့ကိုယ်သူ အကြိမ်တထောင်မက ပြောထားမိကြောင်း ရှာလီသိသည်။ ကွိုကလည်း ဆာဖေကိစ္စ သူ စဉ်းစားချိန်မရမချင်း ရှာလို့ကို မတွေ့ချင်။

ကိုက ရှာလီကို မတွေ့ချင်သည့် အကြောင်းမှာ ရှာလီက သူ့ကို မတွေ့ချင်သည့် အကြောင်းဖြစ်သော ပို့စ်သတင်းစာ၏ သစ္စာဖောက်သော ခေါင်းကြီးကိစ္စနှင့်မဆိုင်။

ခေါင်းကြီးကိစ္စကို အဖြစ်မှန်အတိုင်း ရှင်းပြရန် ဝက်စ်က ကတိပြုထားပြီးသားပဲဟု ကို နားလည်နေ၏။ ဝက်စ်က ကတိမပေးစေကာမူ ရှင်းပြမည်သာ ဖြစ်သည်ဟု သူယုံနေ၏။ သို့သော် ကိုယ်ရေးကိုယ်တာကိစ္စကို ယခုပြောရမလား၊ စောင့်ရမလား မဝေခွဲနိုင်။

သူ၏ ရုက်ဖွယ်လိလိ ဖြစ်ကြောင်းကုန်စင်ကို ရှာလီသိလျှင် ဘာပြောလေမလဲ။ အဖေလူညာဝါးနှင့် သားလူလှည့်စားတို့ တနှစ်နီးပါး သူ့ပစ္စည်းများဖြင့် စားသောက် မျိုချိုကြသည်ကို ရှာလီ သိလျှင် ဘာပြောလေမလဲ။

ရှာလီသာဆိုလျှင် ခေါင်းကလေး အသာအယာ ဆတ်ပြကာ မသိကျိုးကျွံ ရှောင်ထွက်သွားမည်ဖြစ်၏။ ကွိကမူ အိုးတိုးအန်းတန်းနှင့် ရပ်လိုက်သည်။ ရှာလို့မျက်နှာပေါ်တွင် ဓာတ်ငွေ့မီးတိုင်မှ မီးရောင် ထိုးကျနေသည်။

ကိုက "နေကောင်းရဲ့လား။ ခင်ဗျားကြည့်ရတာ သိပ်ပင်ပန်းနေသလိုပဲ" ဟု မေးသည်။

ရှာလီ၏ ပါးပြင်တွင် မာနသွေးတံခွန် ထူနေသည်။ သူက မခိုးမခန့် ရယ်သံကလေး တချက်ပေးကာ

"ကျေးဇူးပါပဲရှင်။ နေကောင်းပါတယ်"

ကိုက ရှာလီကို စိုက်ကြည့်မြဲ ကြည့်နေရင်း သူ့ထုံးစံအတိုင်း ဟောဟောဒိုင်းဒိုင်းမေးလိုက်သည်။

"ဒါဖြင့် ဂေဟာကိစ္စကို သိပ်အာရုံထားလို့နဲ့တူတယ်"

"ဧဟာကိစ္စမဟုတ်ပါဘူး။ အဲဒီကိစ္စထက် ပိုဆိုးတယ်။ မတန်မရာ မိတ်ဆွေတယောက် ကိစ္စပါရှင်"

ရှာလီပြောပုံကို ကြားရသောအခါ ဝက်စ်အတွက် ကွိစိတ်မကောင်းဖြစ်မိသည်။

"စိတ်မကောင်းပါဘူးဗျာ။ ဒါပေမယ့်"

"ဒီကိစ္စကို ခုမှတော့ ထည့်စဉ်းစားနေဖို့ မလိုတော့ပါဘူး။ အချိန်လွန်ပါပီ။ ရှင်စိတ်မကောင်းတာကို ချက်ချင်း ပြောရင်ပြော၊ မပြောရင် လုံးဝ မပြောတော့ဘူးလို့ ကျမ ထင်နေခဲ့တာ"

သူတို့ တဦးကိုတဦး အကြောကြီး ငေးကြည့်နေမိ၏။ စာပို့တိုက် စကြံန်တွင် လူအများ ဥဒဟို သွားလာ နေကြသည်။ သို့သော် တလောကလုံး သူတို့နှစ်ယောက်သာ ရှိသလို ရပ်နေကြသည်။

"ခင်ဗျား ဝက်စ်ကို တွေ့ပီးပီလား" ကွိက သူ့ပင်ကိုယ်သံနှင့် မတူသော အသံဖြင့်မေးသည်။

ရှာလီက နှလုံးနာဟန်ဖြင့် ကိုယ်ကို လှုပ်လိုက်ပြီး

"ဟုတ်ကဲ့ တွေ့ပီးပီ။ ဒါပေမယ့် သူကတော့ ပြောလိမ့်မယ် မထင်ပါနဲ့။ သူက နှလုံးသိပ်ကြီးတဲ့လူ။ သိက္ခာ သမာဓိ သိပ်ရှိတဲ့လူ။ မိတ်ဆွေကို သစ္စာဖောက်ဖို့ဆိုတာ ဝေလာဝေးတဲ့လူရှင့်"

ကွိသည် အာစေးထည့်ထားသလို စကားတလုံးမျှ မဟနိုင်ဘဲ ရှာလီကို ငေးကြည့်နေလေ၏။

ရှာလီ၏ မျက်လုံးပြာများသည် ခုန်ထွက်လာပြီး သူ့အသဲကို ဓားနှင့် ထိုးဆွနေသလို ရှိသည်။ ရှာလီက သူ့စကားအပြန်ကို စောင့်နေသည်။ ထိုအခိုက် လူချင်းကွဲသွားပြီး စကြံန်ပေါ်တွင် ကွိတယောက်တည်း ကျန်ရစ်ခဲ့လေ၏။

ဆောင်းပါးစာအိတ်ကို စာတိုက်ပုံးထဲထည့်ပြီး ဂလောက်စက်စတာလမ်း နေအိမ်သို့ သူပြန်လာခဲ့သည်။

သူ့ရင်ထဲတွင် မီးလောင်မြို့က်နေသည်။ ခွင့်မလွှတ်နိုင်သော ခေါင်းကြီးရေးသူမှာ သူဖြစ်သည်ဟု ရှာလီ ယုံမှတ်နေပြီ။ ဝက်စ်က ရှာလီနှင့် တွေ့ပြီးဖြစ်သော်လည်း တမင်ကလား လိမ်ညာလို၍လား၊ သူ့ဝသီအတိုင်း မနှစ်မြို့စရာ ကိစ္စကို လှီးလွှဲပြောခြင်းသာ ဖြစ်မည်ဟု တထစ်ချ ယူဆသည်။

အရေးကြီးသည်မှာ သူရင်ဆိုင်နေရသည့် စိတ်မချမ်းမြေ့ဖွယ် အခြေအနေဖြစ်သည်။ ထိုကိစ္စကို ကစိဖတ် မတင်အောင် ရှာလီနှင့် ချက်ချင်းလက်ငင်းဖြေရှင်းရမည်။ ရှာလီနှင့် တွေ့စဉ်က သူဘာကြောင့် အိုးတိုးအတနှင့် ပါးစပ်မဟနိုင်ခဲ့ရတာလဲ။

ရှာလီကို သူမတွေ့ချင်သော်လည်း ယနေ့ တွေ့လိုက်ရခြင်းသည် နောက်ထပ် ချက်ချင်းတွေ့ဖို့ ဖန်လာသည်။ ယနေ့ညမှာပင် တွေ့ကို တွေ့ရမည်။ အညာအတာကင်းသော ယိုးစွပ်မှကြီးကို သူ သင်္ကြန်ရှင်းရမည်။

ကွိသည် အတွေးများကို ရင်ဝယ်ပိုက်လျက် သုံးမိုင်ခန့် ခရီးကို လမ်းလျှောက် ပြန်လာခဲ့သည်။

ညနေ ၆ နာရီခွဲ။ သူနာပြုကို ညစာစားရန် ပြန်လွှတ်ပြီး သူ့အဖေ အိပ်ယာဘေးတွင် ကွို ဝင်ထိုင်လိုက်သည်။

လူနာသည် သစ်ဆွေးတုံးကြီး ထိုးထားသလို ငြိမ်နေသည်။ အသက်ပြင်းပြင်း ရှူနေ၏။ မျက်နှာက ကြောက်စရာ။ မုတ်ဆိတ်ကျင်စွယ်တို့က ဆိုးထားသော ဆေးရောင်ပြယ်ကာ ဖြူနီကြောင်ကြား ဖြစ်နေ၏။ မကြည့်ရဆိုးသည်။ ဇရာဒုဗ္ဗလ အိုရွတ်တွကြီး သပ်သပ်မျှ မဟုတ်။ ယုတ်ညံ့သော၊ စက်ဆုပ်ဖွယ်သော ဇရာဒုဗ္ဗလ အိုရွတ်တွကြီး ပါတကား။

သူ့အဖေ၊ သူ့အဖေ။ တခါက သူ့ကိုယ်သူ ထင်နေခဲ့သလို ရိုးသားသော တင်မ်ကွို၏ သားဖြစ်ရတာကမှ သူ့အဖို့ ပိုကောင်းဦးမည်။

စက်ဆုပ်စရာကောင်းသော သူ့အဖေ၏ မျက်နှာမှ သူ မျက်နှာလွှဲလိုက်သည်။

ကွိသည် သူ့တသက်တာတွင် ပထမဆုံးအကြိမ်အဖြစ် သူ့ဘဝဇာတ်ကြောင်းကို အခြားသူများကဲ့သို့ သဲလွန်စ ပြန်ရှာနိုင်သည်။ သူနယူးယောက်သို့ သွားသည်။ တင်မ်နှင့် နှစ်နာရီကြာ တွေ့သည်။ မေးသမျှ အဖြေရသည်။ ဒွိဟ သံသယအားလုံး ရှင်းသွားသည်။

ပထမဆုံး ဒွိဟရှင်းသွားသည်မှာ သူ့ကို မွေးဖွားခဲ့သည့်ကိစ္စဖြစ်၏။ ဆာဖေ့၏ ဒုတိယအိမ်ထောင်သည် တိုးတိုးကြိတ်ကြိတ် ဖြစ်သော်လည်း တရားဝင်သည်။ သူ့မိဘနှစ်ပါးကို ထိမ်းမြားပေးခဲ့သည့် ဘုန်းကြီးအိုကြီးနှင့် သူဆုံခဲ့သည်။ သူ့မိခင်အမည်မှာ မစ္စဖလော်ရက်တားမေအားလ် ဖြစ်သည်။ "သိပ်လှတဲ့ ဇာတ်အဆိုတော်ကလေး" ဟု တင်မ်က ပြောပြသည်။ သူ့အဖေက သူ့အမေကို အလွန်မြတ်နိုးယုယသည်ဟုလည်း ဆိုသည်။

တင်မ်သည် ကွိအဖေကောင်းစားစဉ်က ကွိအဖေ၏ မြင်ရထား မောင်းသမားဖြစ်သည်။ လက်စွဲကျော်လည်း ဖြစ်၏။ ဆာဖေ့ အရွယ်တော်ပုံကြီး မပေါ်မီ တနှစ်ခန့်တွင် ကွိအဖေ အခြေယိုင်လာ၍ မြင်းလှည်းသမားကို ဖြုတ်ရသည်။ မြင်းများကို ရောင်းစားရသည်။ အိမ်ပြောင်းရွှေ့ရသည်။ ဆာဖေ့ အဖမ်းခံရချိန်မှသာ ဆရာတပည့်

နောက်ထပ် တွေ့ကြရတော့သည်။ ရက်သတ္တပတ်အတန်ကြာတွင် သူ့ဆရာက သူ့ကို လာတွေ့ရန် စာရေးခေါ်သည်။

ဆာဖေ့က သူ့တပည့်ကို ဖြစ်ကြောင်းကုန်စင် ပြောပြသည်။ သူ စီးပွားပျက်ပြီးနောက် အမျိုးသမီးတဦးကို တိုးတိုးတိတ်တိတ် လက်ထပ်ခဲ့သည်။ မကြာမီက သားကလေးတယောက် ရသည်။ ယခု သူ့ဇနီးမှာ သေကောင်ပေါင်းလဲဖြစ်နေသည်။ ဒီတောင်က ကျော်နိုင်ပုံမပေါ်တော့။ ကြွေးရှင်များက သူ့ပစ္စည်းမှန်သမျှကို ဝိုင်းနှိုက်နေကြ၍ သူ့ဇနီးအား ငွေမထောက်ပံ့နိုင်။

ယခုပင်လျှင် သူ့အရိပ်အခြည်ကို စောင့်ကြည့်နေကြသည်။ သူ ငွေထိန်ဂုက်ထားလေမလားဟု ယုံမှကင်းဖြစ်နေကြသည်။ သူ့မိတ်ဆွေအားလုံးက သူ့ကို အနူအရွဲ့ပမာ စွန့်ခွာရှောင်ဖယ်နေကြသည်။ သူကလည်း မည်သူ့ထံမှ လက်ဝါးဖြန့်မတောင်းချင်။

ယခု သူထောင်ထဲဝင်ရတော့မည်။ မိခင်မဲ့၊ မိတ်ဆွေမဲ့၊ ဥစ္စာမဲ့ မွေးကင်းစ သားငယ်ကလေးကို လောက အလယ်တွင် မျက်စိသူငယ် ထားရစ်ခဲ့ရတော့မည်။ တင်မ်က ကိုယ့်သားလို ကျွေးမွေးစောင့်ရှောက်နိုင်ပါ့မလား။

တင်မ် မဝေနိုင်မခွဲနိုင်ဖြစ်နေစဉ် ဆာဖေ့က သူ့အနားကပ်ပြီး နှစ်ကိုယ်ကြားပြောသည်။ ကလေးအတွက် ငွေအချို့ သူဖယ်ထားသည်။ တင်မ်ထံသို့ တလ ၂၅ ဒေါ်လာပို့ပေးမည်။ လဆန်းတိုင်း ငွေအရောက် ပို့ပေးရန် ဆာဖေ့က အာမခံဝန်ခွာခံသည်။ တင်မ်က ကြပ်တည်းနေချိန်ဖြစ်၍ ဝမ်းသာအယ်လဲ လက်ခံလိုက်သည်။

တင်မ် မှန်းဆကြည့်ရသလောက် ဆာဖေ့သည် သူ့သားကို ပြန်တွေ့ချင်ပုံလည်းမရ။ ပြန်တွေ့ရန်လည်း မမျှော်လင့်။ ကလေးကို ကျွေးမွေးသုတ်သင်မှုအတွက် စီမံပြီးသည့်နောက် ကိစ္စပြတ်ပြီဟု ကမ္ဘသကာ သဘော ထားလိုက်ပုံရသည်။

သူ့ညွန်ကြားချက်မှာ ကလေးကို စောင့်ရှောက်သူအဖြစ် နှုတ်လုံရမည်။ ကလေးက သူ့ကို မှီခိုနေသမျှ ကာလပတ်လုံး ကျွေးမွေးထားရမည်။ ကလေး၏ဘဝကို မစွက်ဖက်ရ။ ကလေး တခြား ရောက်သွားလျှင် မျက်ခြည်မပြတ် စောင့်ကြည့်နေရမည်။ အကူအညီတောင်းလျှင် ပေးရန် အသင့်ရှိနေရမည်ဟူ၍သာ ဖြစ်သည်။

ဤအချက်အားလုံးကို သေတပန်သက်တဆုံး လျှို့ဝှက်ထားရန် တင်မ် သစ္စာဆိုပြီးနောက် ဆရာတပည့် ခွဲခွာကြသည်။ နောက်တပတ်အကြာတွင် ညကြီးမင်းကြီး မြင်းလှည်းတစီး တင်မ့်အိမ်ရှေ့သို့ လာရပ်သည်။ တဝါးဝါးငိုနေသော ကလေးငယ်ကို လက်ဆင့်ကမ်းသည်။

ကို၏ လူ့ဘဝသည် ဤနည်းနှင်နှင် စတင်ခဲ့ရ၏။ သူ့မိခင်သည် တင့်မ်လက်သို့ ကိုမရောက်မီ တရက် နှစ်ရက်ကပင် ကွယ်လွန်ခဲ့သည်။ ဘယ်နေရာတွင် မြေမြှုပ်သင်္ဂြိုလ်ခဲ့သည်ကို တင်မ်မသိ။

နှစ်တွေလတွေ ကုန်လွန်လာခဲ့သည်။ အဖေ့သွေး ပြလာသည့် ကလေးကို တင်မ်တို့မိသားစု တအံ့တသြ တွေ့လာရသည်။ မစ္စတာဆာဖေ့သည် ထိုင်ရာမထ စာဖတ်လေ့ရှိသည်။ သူ့သားကလည်း သူ့အချိုးအတိုင်းပင်။ လူထူးလူဆန်းကလေး။ မသင်မကြားရဘဲ ပုံနှိပ်စာလုံးလောက ဝဲသြဃဆဲသို့ ခုန်ဆင်းသွားသည်။

ဆာဖေ့ ထောင်ကလွတ်ကြောင်း သတင်းစာများတွင် ဖတ်ရသည်။ သို့သော် အခြေအနေ တစုံတရာ မပြောင်း။ ပို့နေကျ ငွေများကို ပို့ပေးသည်။ ပို့သူ၏ အမည်သာ နီကိုလိုဗီးယပ်ဟု ပြောင်းလာခဲ့သည်။

နောက်ထပ်နှစ်များ ကုန်လွန်ပြန်သည်။ နှစ်ပေါင်း အစိတ်ခန့် ကြာခဲ့သည်။ တနေ့တွင် တင်မ် စာတစောင် ရသည်။ သူမှတ်မိနေသော လက်ရေးဖြင့် သူ့ကို တနေရာသို့ လာရောက်တွေ့ဆုံရန် ခေါ်သောစာဖြစ်သည်။

တင်မ်သွားတွေ့သည်။ သူသိခဲ့ဖူးသော လူငယ်လူသွက် သူ့ဆရာအစား သုန်မှုန်ခက်ထန်သော အဖိုးကြီးကို တွေ့သည်။ အစတွင် သူမှတ်ပင် မမှတ်မိ။ ဆာဖေ့က လူးလာခေါက်တုံ့ လမ်းလျှောက်ရင်း သူ့စိတ်ကူးကို ပြောပြသည်။ မချုပ်တီးနိုင်သော အာသာဆန္ဒပြင်းပြမှုကြောင့် သူမြို့သို့ သူပြန်ပြီး ခေါင်းချရန် စီစဉ်သည်။ ယနေ့ ထိုမြို့တွင် အခြေစိုက်ပြီး အလုပ်လုပ်နေသည်။ သားကို ပြန်ခေါ်ရန် ဆန္ဒပေါ်လာသည်။ စိတ်ရူးပေါက်သည်ဟု စကားလုံးသုံးသည်။

နာကျည်းခါးသီးသော၊ ခြေသလုံးအိမ်တိုင်လုပ်ခဲ့ရသော **အစ္စမေလီ** နှစ်များအတွင်း ဆာဖေ့သည် ကိုယ့်ရင်သွေးအပေါ် အတွယ်အတာဖြစ်လာခဲ့သည်။ သို့သော် မည်သည့်အကြောင်းနှင့်မျှ သူမသေမီ သူ့သားကို အဖေမဖော်ရ။ အဖေဖော်လျှင် မြှုပ်ထားသော သူ့ဇာတ်ထုပ်ပေါ်ကုန်မည်။ ထို့ကြောင့် သူ့သားကို သူစိမ်းတရံပမာ ဆက်ဆံမည်။ စောင့်ကြည့်မည်။ အကဲဖြတ်မည်။ ရောယောင်သွေးသောက်နှင့် သိကျွမ်းဖွဲ့မည်။ ထို့နောက်မှ သင့်သလို ဆက်၍ စခန်းသွားမည်။

အစ္စမေလီ။ ။ ဝိုင်းပယ်ခံရသူ။ သမ္မာကျမ်းစာ ကမ္ဘာဦးကျမ်းလာ အာဗြံ နှင့် ကျွန်မ ဟာဂရတို့မှ ရသော သား ဣရှမေလ။ အာဗြံ၏ မယားစာရာက နင်ထုတ်၍ တောထဲသို့ ရောက်သွားသည်။ "သူသည် လူရိုင်းဖြစ်လိမ့်မည်။ လူအပေါင်းတို့ကို ရန်ဘက်ပြုလိမ့်မည်။ သူ့ကိုလည်း လူအပေါင်းတို့သည် ရန်ဘက်ပြုကြလိမ့်မည်"
(ကမ္ဘာဦးကျမ်း ၁၆း၁၂)

ဆာဖေ့က သူ့သားကို သူမြို့သို့ ရောက်အောင် စီစဉ်သည်။ တင်မ်က သွားဖြစ်အောင် တိုက်တွန်းသည်။ နီကိုလိုဗီးယပ်အမည်ခံ ဆာဖေ့နေထိုင်ရာအိမ်သို့ နတ်လမ်းညွှန်သည်။

ဆန်းကြယ်လေစွ။ အားလုံးကို ပြန်စဉ်းစားကြည့်မှ ဆန်းကြယ်လေခြင်းဟု တွေးမိသည်။ မည်သို့ပင်ဖြစ်စေ၊ သူသည် သူ့အဖေ၏ သနားစရာ သားကောင်မဟုတ်။ သံသယဒဂိဟတို့ဖြင့် ကြာတောင့်ကြာလှစွာ နေခဲ့ရပြီးသည့်နောက် အန္တိမ အခြေ၌ သူဘဝတ်လမ်းအစုံကို သိခွင့်ကြုံလာရသည်။ ဒါနှင့်ပင် သူနှစ်သိမ့်ဝမ်းမြောက်လှပြီ။ အမှန်တရားကို သိရန်နှင့် သိလာသော အမှန်တရားကို အရှဲ့အကြောက်မရှိ ရင်ဆိုင်ရန်မှာ သူ့ဘဝ၏ အာသာဆန္ဒ ဖြစ်သောကြောင့်ပေတည်း။

ဆာဖေ့သည် အိပ်ရာထဲတွင် လူပ်ရုံမျှ လွန့်လိုက်၏။ ကွိက ဆာဖေ့၏ စက်ဆုပ်ဖွယ်မျက်နှာကို ခဏမျှ ငေးစိုက်ကြည့်နေသည်။ သူ့အဖေ။ သူသည် သူ့အဖေ၏ နာမည်ကို ယူရတော့မည်။ ထိုနာမည်ဆိုးကြီး၏ဒဏ်ကို တသက်လုံး ကုန်းခံရတော့မည်။

သူနာပြုဆရာမ ပြန်ရောက်လာသည်။ ကွိ အစား လူနာစောင့်သည်။ ကွိ အောက်ထပ်သို့ဆင်း၍ တယောက်တည်း ညစာ စား၏။ သူ့အတွေးသည် ဆိုးမွေခံကိစ္စမှ ရွှေ့လျောကာ မစ္စရှာလီဝေလင်နှင့် တနာရီအတွင်း မျက်နှာချင်းဆိုင်ရမည့် ကိစ္စသို့ ရောက်သွားပြန်လေ၏။

တွေ့ဖို့အရေးက သူ့ကို ဆွဲဆောင်သည်နှင့်အမျှ ထိုဆွဲဆောင်မှုအားထက် ပို၍ ပြင်းထန်စွာ တွန်းဖယ်သည်။

သူ့အကြောင်း၊ သူ့အဖေအကြောင်း၊ ငွေအကြောင်း ဖြစ်ရပ်မှန်အားလုံးကို ရှာလီအား ပြောပြရန် သူကိုယ်သူ နားချ၍မရ။ တပတ်လုံးလုံး ချီတုံချတုံဖြစ်နေသည်။ ဆိုင်းငံ့ထားဖို့အရေးက အလေးသာနေသည်။

ဆာဖေ့က နေ့သေမလား၊ ညသေမလားမသိ။ သေသွားလျှင် ရှာလီကို ပြောပြသည့်အတွက် နှုတ်မလုံရာ မရောက်။ တဖက်တွင် ဆာဖေ့ နာလန်ထူလာခဲ့သော် သူကိုယ်တိုင် ကြွေးဟောင်း ဆပ်နိုင်ခွင့်ရှိအောင် လုပ်ပေးရဦးမည်။

တချက်ရှိသေး၏။ ငွေကိစ္စက မရေမရာကြီး ဖြစ်နေသေးသည်။ ငွေ ဘယ်လောက်များ၍ ဘယ်မှာ ရှိမှန်းမသိ။ ဆာဖေ့ကွယ်လွန်ချိန်တွင် သူကိုယ်တိုင်သော်မှ ထိုငွေများကို တောင်းခံ၍ ရမည်။ တပ်အပ်မသိနိုင်သေး။

ဤသံသယများအကြား၊ ရှုပ်ထွေးသော ဤအခြေအနေအကြားမှာပင် သူ့စိတ်က အမှန်တရားကို ဖုံးအုပ်မထားလို။ ယုတ်စွအဆုံး သိသင့်သိထိုက်သည့် အခွင့်အရေးရှိသူအား အသိမပေးပဲ မထားလို။

ဆာဖေ့သားမှန်းသိလျှင် ရှာလီ မကြည့်ချင်အောင် မုန်းကောင်း မုန်းမည်။ မုန်းမှာ ကြောက်ရုံနှင့်တော့ သူ ရေငုံမနေနိုင်။ ဤဖြစ်ရပ်မှန်များကို ရှာလီအား ပြောပြမည်ဟူသော သူ့စိတ် ဆုံးဖြတ်ချက်သည် ဂေဟာကိစ္စ ချက်ချင်း သက်ဒ်ရှင်းရေးနှင့် ရှေ့သွားနောက်လိုက် ပမာဖြစ်သည်။ စာတိုက်တွင် ရှာလီနှင့် တွေ့စဉ်ကပင် ဂေဟာကိစ္စ သက်ဒ်ရှင်းရေးသည် သူ့အတွေးကို စိုးမိုးနေခဲ့၏။ သို့သော် တွေးလေ တွေးလေ ရှုပ်ထွေးလေဖြစ်လာ၏။

ဂေဟာခေါင်းကြီးကိစ္စတွင် သူတာဝန်မရှိသည့်အတိုင်း ခေါင်းရောင်လိုက်လျှင် ဝက်စ် ချောင်ပိတ်မိတော့မည်။ ခေါင်းကြီးကို သူကိုယ်တိုင်ရေးပြီးမှ ခေါင်းကြီးကြောင့် ဖြစ်ပေါ်လာသမျှအပြစ်ကို သူတပါးပေါ်သို့ ပုံချသည့်အတွက် ဝက်စ်ကို သူ ဒဏ်ခတ်ရတော့မည်။

ဝက်စ် ဤအဖြစ်ရောက်စေရန် သူမလုပ်။ ဝက်စ်အဖို့ ဘယ်သူမပြု မိမိမှုသာ ဖြစ်သည်။ သူပဲ ခေါင်းကြီးရေးသည်။ သူပဲ ငြိမ်နေသည်။ လူတိုင်း ကိုယ့်အပြုအမူအတွက် ကိုယ် တာဝန်ယူရမည်။ သို့မဟုတ်ပါက တလောကလုံး စည်းလွတ်ဝါးလွတ် ဝရုန်းသုန်းကား၊ ကမောက်ကမ ဖြစ်ရပေတော့မည်။

ရှာလီအား ဖြစ်ရပ်မှန် ပြောပြခြင်းဖြင့် သူကိုယ်တိုင်လည်း မနှစ်မြို့စရာ အနေအထားတွင် ရောရပေဦးမည်။ တယောက်ကို တယောက် လက်ညှိုးထိုးခြင်းမျိုးကို ဘယ်သူမှ မကြိုက်။

တယောက်တည်းထိုင်ရင်း ဆက်တွေးနေမိ၏။ အကြံကောင်းတခု ပေါ်လာသည်။ ဝက်စ်ကို တယ်လီဖုန်းဆက်ပြီး ဤကိစ္စကို အမှန်ရောက်အောင် ရှင်းပြလိုက်ရန် ပြောမည်ဟု သူစိတ်ကူးမိသည်။ ဝက်စ်က ရှင်းမည်မုချ။

ရှာလီကို တွေ့ ရန်မှာ ဝက်စ်အဖို့ ရင်နာစရာ ကောင်းပေလိမ့်မည်။ သူနှင့်ခဏ စကားပြောရာ၌ပင် ရှာလီမည်မျှ စိတ်မချမ်းမသာဖြစ်နေကြောင်း သိသာလှသည်။ ထို့ပြင် ဝက်စ်သည် ရက်သတ္တတပတ်လုံးလုံး ဖွင့်မပြောခဲ့ခြင်းကို ဝန်ခံရဦးမည်။ မစ္စဝေလင်က ဝက်စ်ကို ခွင့်လွှတ်မည်သာ။ သို့သော် ဝက်စ်အဖို့ ရှာလီနှင့် ပိုနေမြဲ ကျားနေမြဲ ပြန်မဖြစ်နိုင်တော့။ အမဲစွန်း ထာဝစဉ် ထင်တော့မည်။

ကွိသည် ဝက်စ်ကို သူ သိကျွမ်းသမျှ လူအားလုံးထက် ပို၍ အထင်ကြီးသည်။ ဗိုလ်မှူးကြီးကောင်းထက်ပင် အထင်ကြီးသေးသည်။ ယခုမူ သူ့ကို ဘယ်သောအခါမျှ အထင်မကြီးတော့။ မစ္စဝေလင်ကလည်း အလားတူ သဘောထားလိမ့်မည်ဟု သူတထစ်ချ သိနေသည်။

သို့ဖြင့် ဤကိစ္စက ပို၍ ပို၍ အရေးကြီးလာသည်။ အကြောင်းမှာ ဝက်စ်သည် မစ္စဝေလင်လက်ထပ်ရန် ရည်မှန်းထားသူဖြစ်သည်ဟု ဆာဖေ့က ပြောခဲ့ဘူးခြင်းကြောင့်တည်း။

တစ တစ နှင့် မပယ်လှန်နိုင်သော ကောက်ချက်တခု ပေါ်လာသည်။

ရှာလီဝေလင်အဖို့ ဂေဟာခေါင်းကြီးကို ဝက်စ်ရေးသည်ဟု သိရခြင်းထက် မိမိရေးသည်ဟုသာ ထင်ချင်ပေလိမ့်မည်။

နောက်ဆုံးတွင် ဤအတွေးပေါ်လာ၏။ ဤအတွေးက သူ့ကို ခုန်အုပ်သည်။ သူက တွန်းဖယ်ချသည်။ သို့သော် ပြန်လာ၏။ သူက ရှာလီဝေလင်၏ မိတ်ဆွေမျှသာ ဖြစ်သည်။ ထူပြော ဗိုလ်ခြေများဝေနေထဲက တဦးမျှသာ။ သူ မဖြောင့်မတည်ကြောင့် ရှာလီ နာကျည်းရသည်ဆိုလျှင် ခဏပမ်းသာ နာကျည်းရလိမ့်မည်။ မိတ်တု မိတ်ယောင်ဟူသည် မြန်မြန်မေ့ပျောက်စမြဲ မဟုတ်လား။

ဝက်စ်ကမူ ရှာလီ၏ အသဲဗိမာန်ကို ပိုင်စိုးသူ ဖြစ်သည်။ ချစ်သူဂုဏ်သရေ ညစ်စွန်းပေခြင်းကို တိမ်း၍မရ၊ ရှောင်၍မရ။ နောက်ဆုံးအချိန်ကျမှ ပက်ပင်း တွေ့လိုက်ရလျှင် ရှာလီခမျာ အသဲ ကွဲရှာရတော့မည်။

သူ့အဖို့ ရှာလီစိတ်ချမ်းသာစေရန် ငြိမ်ငြိမ်ထိုင်ပြီး တခွန်းတပါဒမျှ မဟဘဲနေရုံသာ ရှိတော့သည်။ ရှင်းလှ၏။ သို့ဖြင့် အရေးကိစ္စ ပြောင်းလဲသွားသည်။

ဤအရေးကိစ္စသည် သူနှင့် ဝက်စ်ကြားမှ အရေးကိစ္စမဟုတ်။ သူနှင့် ရှာလီဝေလင်ကြားမှ အရေးကိစ္စ ဖြစ်သည်။ ရှာလီ၏ ပျော်ရွှင်မှု၊ စိတ်ချမ်းသာမှု၊ ဘဝပီတိနှင့် သူ၏ ပျော်ရွှင်မှု၊ စိတ်ချမ်းသာမှု၊ ဘဝပီတိ အရေးကိစ္စလည်း ဖြစ်ချေ၏။ သူ့ပျော်ရွှင်မှု အရေး ကိစ္စမျှသာ မဟုတ်။ သူသိက္ခာ၊ သူ့တရားမျှတမှု စိတ်ဓာတ်၊ သူ့ဂုဏ်သရေ၊ သူ့သစ္စာတရား မြတ်နိုးမှု အရေးကိစ္စလည်း ဖြစ်ချေသည်တကား။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

(၂၉)

ရှာလီသည် အိမ်ဖော်ကလေး ယူလာသော လင်ပန်းထဲမှ ဧည့်သည်အမည်ကတ်ပြားကို ယူကြည့်လိုက်၏။ ကတ်ပြားပေါ်မှ နာမည်ကို မြင်လိုက်ရသောအခါ ချီတုံချတုံ ဖြစ်သွား၏။ စိတ်မဝေခွဲနိုင် ဖြစ်နေ၍ မှန်ရှေ့၌ ရပ်ကာ သူ့ကိုယ်သူ ကြည့်နေမိ၏။

"အေး၊ အေး။ ခဏကြာရင် ငါဆင်းလာခဲ့မယ်လို့ ပြောထားနှင့်"

ရှာလီ ကတုန်ကယင် ဖြစ်နေ၏။ ဘာကြောင့်မှန်း မသိ။ လက်ဖျားများ အေးစက်နေသည်။ ကျောထဲသို့ စိမ့်နေသည်။ ပါးပြင်ကို သွေးရောင်သန်းလာအောင် လက်ကိုင်ပုဝါဖြင့် ပွတ်ပေးရသည်။ သူနှုတ်ခမ်းများက မဲ့ရောင်သန်းနေ၍ မှန်ထဲတွင် ပြုံးကြည့်ရသေးသည်။ နေ့တကုတ်ကုတ် ညတလုပ်လုပ် သူအလုပ်လုပ်လွန်းသည်။ လျှော့ဦးမှ ဖြစ်မည်။ ဖယောင်းတိုင်လို အစွန်နှစ်ဖက်စလုံးမှ မီးထွန်းညှိနေ၍ မဖြစ်။ ယခုတော့ မစ္စတာကွိကို တွေ့လိုက်ရဦးမည်။ ဘယ်ဖြေရှင်းချက်မျိုးကမှ ဖြေရှင်းမပေးနိုင်တော့ကြောင်း အပြန်ပြောလိုက်ဦးမည်။

ရှာလီက ကွိကို လက်ဆွဲနှုတ်မဆတ်။ လက်တဖက်က စာအုပ်ကိုင်၊ အခြားတဖက်က အလုပ်များနေသယောင် လုပ်ထားသည်။ ကွိက မီးလင်းဖိုဘေးတွင် ရပ်စောင့်နေ၏။ သူမျက်နှာကို မြင်လိုက်သောအခါ ရှာလီတုန်သွားသည်။ ရပ်စောင့်နေ၏။ သူမျက်နှာကို မြင်လိုက်သောအခါ ရှာလီတုန်သွားသည်။ ယခင်တခါ

တွေ့ခဲ့ရစဉ်ကထက် ၁၀ နှစ်ခန့် အိုမင်းသွားသည်ဟု ထင်ရသည်။ ယခင်က သူ့မျက်နှာသည် အရွယ်နှင့် မလိုက်အောင် အရင့်ယော်ဆုံး မျက်နှာဟု ရှာလီထင်ခဲ့၏။ ထိုအထင်သည် ယခု မှားနေလပြီ။

ကုလားထိုင်တွင် ထိုင်မိသည်နှင့် တပြိုင်နက် ကွိစကားစပြောသည်။ ကွိက ဘာပြောရမည်ကို ကြိုတင် တွေးဆထားသည့် လေသံဖြင့် . . .

"ကျွန်တော် အလွန်အရေးကြီးတဲ့ ကိစ္စတခုပြောမိဖို့လာခဲ့တာပါ။ လတ်တလောတော့ လျှို့ဝှက်ချက်လို့ပဲ သဘောထားစေချင်ပါတယ်"

ကွိ၏ အကြည့်က သူ့အကြည့်ထက် တည်ငြိမ်နေ၍ ရှာလီ နေမထိ ထိုင်မသာဖြစ်သည်။ တခြားသို့ လှည့်ကြည့်မိသည်ကိုပင် ကိုယ့်ကိုယ်ကို ကျဲမြီးတိုရသည်။ ရှာလီက

"ကျမ ဘယ်လိုသဘောထားရမယ်ဆိုတာ ရှင့်မှာ တောင်းဆိုခွင့် မရှိဘူးလို့ ထင်ပါတယ်"

ကွိက မချိပြုံး ပြုံးသည်။

"ကျွန်တော် တွေ့ထားတဲ့ ကိစ္စ ပြောချင်လို့ပါ။ အလုပ်သဘောပါပဲ။ ခင်ဗျားအတွက်လဲ သေရေး ရှင်ရေးလို အရေးကြီးပါတယ်"

"တွေ့ထားတယ် ဟုတ်လား"

"ဟုတ်ပါတယ်။ အခြေအနေအရ ခင်ဗျားကလွဲရင် တခြားလူတွေ သိလို့ မဖြစ်သေးပါဘူး"

"ဒါတော့ နားထောင်ပီးမှ ကျမ ဆုံးဖြတ်နိုင်မှာပေါ့ရှင်"

"ကြိုက်သလိုလုပ်ပါလေ။ ကျွန်တော် မစိုးရိမ်ပါဘူး။ မစ္စဝေလင်။ ကျွန်တော်ပြောမှာက ဟင်နရီ ဂျီဆာဖေ မသေသေးဘူးဆိုတာပဲ"

သူမျှော်လင့်ထားသည့် ကိစ္စနှင့် လုံးဝ တခြားစီ ဖြစ်နေ၍ ရှာလီ ကြက်သေ သေနေသည်။

"မသေရုံမဟုတ်သေးဘူး။ ဒီအနီးအနားမှာပဲ ရှိနေတယ်။ တရားရုံး လက်လှမ်းမီတဲ့ နေရာမှာ ရှိနေတယ်"

ကွိက ဆက်ပြောသည်။

"အို၊ ရှင် ဘယ်လိုလုပ်သိသလဲ။ အခု သူဘယ်မှာလဲ"

"ဒီအချိန်မှာတော့ ကျွန်တော် မပြောနိုင်သေးဘူး"

ခဏငြိမ်နေကြသည်။ ရှာလီက မီးလင်းဖိုကို ဆွဲနေသည်။

"သူသေချင်မှ သေဦးမှာဆိုတာတော့ ကျမတို့ သိပါတယ်" ရှာလီက ဖြေးဖြေးပြောသည်။

"သူစိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိပါစေလို့ ကျမ ဆုတောင်းပါတယ်။ ဒါပေမယ့် ကျမတို့ သူ့ကိစ္စကို မစဉ်းစားကြတော့ပါဘူး။ ကိစ္စက ပြတ်နေပြီပဲရှင်။ တရားရုံးဆိုတာကလဲ သူ့ကို ပေးသင့်တာထက်တောင် ပိုပြီး အပြစ်ပေးပြီးနေပြီပဲဟာ"

"အပြစ်ပေးတဲ့ ကိစ္စကို ပြောနေတာ မဟုတ်ပါဘူး။ သူမှာ ငွေတွေရှိတယ်လို့ ကျွန်တော် သိထားတယ်။ အထုပ်အထည်ကြီးကို ရှိတယ်"

"သူ့ ငွေတွေကို ကျမတို့ လိုချင်တယ်လို့ ရှင်ထင်နေသလား"

"သူ့ ငွေတွေ ဟုတ်လား။ သူ့ငွေတပြားတချပ်မှ မဟုတ်ဘူး။ အားလုံး ခင်ဗျားတို့ပစ္စည်းချည်းပဲ။ ဒါကြောင့် ငွေကိစ္စ ခင်ဗျားကို ကျွန်တော် ပြောပြနေတာပေါ့"

"မဖြစ်နိုင်တာဘဲ။ ကျမ နားမရှင်းပါဘူး"

ကွိက ကုလားထိုင်တွင် ကိုယ်မတ်မတ်ထိုင်ကာ ရှေ့နေကြီးပမာ ရှင်းပြနေသည်။ ဝေလင် အပ်နှံငွေများမှ အချို့ကို ဆာဖေ ကဲ့ထုတ်ထားခဲ့ပုံ၊ သူထောင်က လွတ်ကထဲက မတောင့်မတ မကြောင့်မကြ နေခဲ့ပုံများကို ရှင်းပြသည်။

"ငွေ အတိအကျကိုတော့ မခန့်မှန်းနိုင်သေးဘူး။ ဒါပေမယ့် ဒေါ်လာ ငါးသောင်းထက်တော့ လျော့မှာ မဟုတ်ဘူး။ တသိန်းလောက်အထိ ရှိချင်လဲ ရှိမယ်။ မစ္စတာ ဆာဖေကတော့ ဒါတွေဟာ သူ့ငွေလို့ထင်တယ်။ ဒါပေမယ့် လုံးဝမဟုတ်ဘူး။ ကျွန်တော် ရှေ့နေတယောက်နဲ့ တိုင်ပင်ပြီးပြီ။ သူလူမွဲစာရင်း သွင်းခံရတုန်းက ဒီငွေတွေကို ထိန်ချန်ထားတာဖြစ်ရမယ်။ အဲဒီလိုဆိုရင် လိမ်လည် ထွက်ဆိုမှုနဲ့တောင် အပြစ်ပေးခံရနိုင်သေးတယ်။ ဒီတော့ ရုံးတော်မှာ လျှောက်ယူရင် အဲဒီငွေတွေကို ခင်ဗျားရမှာပဲ"

"လျှောက်လဲ မလျှောက်ပါဘူး။ လိုလဲ မလိုချင်ပါဘူးရှင်"

"ခင်ဗျား လိုချင်တာ မလိုချင်တာက ပြဿနာမဟုတ်ပါဘူး။ အဲဒီငွေတွေက ခင်ဗျားငွေတွေပဲ။ ခင်ဗျား ခေါင်းရှောင်ဖို့ အခွင့်အရေးမရှိဘူး"

ကို၏ ပိုင်စိုးပိုင်နင်း အသံကြောင့် ရှာလီမျက်နှာ နီရဲသွားသည်။

"ကျမမှာ ခေါင်းရှောင်ချင် ရှောင်နိုင်တဲ့ အခွင့်အရေး ရှိတယ်။ ဒါက ပထမအချက်။ ဒုတိယအချက်က ကျမ ခေါင်းရှောင်တာမဟုတ်ဘူး။ သူက ငွေတွေ ယူထားတယ်။ ကျမက ပေးထားတယ်။ ဒါပဲ။ ကျမ ပြန်လဲ မလိုချင်ဘူး။ လက်ဖျားနဲ့လဲ မတို့ချင်ဘူး"

"အင်းလေ၊ ချက်ချင်းတော့ မဆုံးဖြတ်ပါနဲ့ဦး။ ခင်ဗျားအမေနဲ့တိုင်ပင်တာ မမှားပါဘူး။ တခြား ယုံကြည်ရ မယ့်လူနဲ့ တိုင်ပင်ချင် တိုင်ပင်ပေါ့။ ခင်ဗျား ထပ်စဉ်းစားချိန်ရရင် သဘောထားတမျိုး ဖြစ်ချင် ဖြစ်လာမှာပေါ့"

"ထပ်စဉ်းစားလဲ ကျမ သဘောက နဲနဲလေးမှ ပြောင်းတော့မှာမဟုတ်ပါဘူး"

"တကိုယ်ကောင်းစိတ်နဲ့ချည်းလဲ မတွေးနဲ့လေ။ တခြား"

"ဘာ"

"တကိုယ်ကောင်းစိတ်နဲ့ချည်းပဲ မတွေးပါနဲ့လို့ ပြောတာပါ။ အခု ခင်ဗျား ပြောနေတာ တကိုယ်ကောင်း အတွေးနဲ့ ပြောနေတာ။ ခင်ဗျား တယောက်ထဲနဲ့ ဒီငွေကို လိုချင်တာ မလိုချင်တာ တွေးပီး ပြောနေတာကိုး။ ဒါပေမယ့် ဒီကိစ္စက ခင်ဗျားတယောက်ထဲနဲ့သာ ဆိုင်တာ မဟုတ်ဘူး။ တခြား လူတွေနဲ့လဲ ဆိုင်သေးတယ်။ ဥပမာ ခင်ဗျား အမေ ဆိုပါတော့။ သူ့သဘောထားကိုကော ထည့်မစဉ်းစားတော့ဘူးလား။ အဲ မစ္စတာ ဆာဖေ့ဘက်က သဘောထားကိုကော ထည့်မစဉ်းစားတော့ဘူးလား"

"မစ္စတာဆာဖေ့ သဘောထား၊ ဟုတ်လား"

"ဟုတ်တယ်လေ။ သူက အသက်ကြီးလာလို့ နောင်တရပြီး မှားခဲ့မိတာတွေကို ပြင်ချင်တယ် ဆိုပါတော့။ ခင်ဗျားက ကိုယ့်ငွေကိုယ် လက်ခံဖို့ ငြင်းပြီး သူ့ကို အပြစ်ငြိမ်းခွင့် မပေးတော့ဘူးလား"

"ဒါက အချိန်ရှိပါတယ်။ မစ္စတာဆာဖေ့က အပြစ်ငြိမ်းခွင့်တောင်းလာတော့မှ ဆုံးဖြတ်ရမှာပေါ့"

"ဒါကြောင့် ဒီကိစ္စကို အခု မဆုံးဖြတ်ပါနဲ့ဦးလို့ ကျွန်တော် တောင်းပန်နေတာပေါ့"

ရှာလီက သူ့ကို စူးစူးစိုက်စိုက်ကြည့်နေသည်။ ပြီးမှ . . .

"ရှင်က ကျမ အကြံပေး ပုဂ္ဂိုလ်လိုရော၊ မစ္စတာဆာဖေ့ရဲ့ ကိုယ်စားလှယ်လိုရော လာပြောနေတာ ကျမ နားမလည်နိုင်ဘူး"

"ကျွန်တော့်မှာ နှစ်မျိုးစလုံး လုပ်နိုင်တဲ့ အခွင့်အရေး ရှိတယ်"

"ရှင့်အကျင့်က"

ရှာလီက စကားဆုံးအောင်မပြော။ ကိုက မျက်နှာသေကြီးနှင့် အဆုံးသတ်ပေးသည်။

"လှေနံနှစ်ဖက်နင်း လုပ်တယ်လို့ ခင်ဗျား ပြောမလို့လား"

ရှာလီက မဖြေ။

"ခင်ဗျား ဒီလိုပဲပြောမလို့ မဟုတ်လား"

"ပြောတော့မလို့ဘဲ။ ဒါပေမယ့် မပြောတာ ကောင်းပါတယ်လေဆိုပြီး မပြောဘဲနေတာ"

ရှာလီက ပျော့ပျောင်းစွာဖြေသည်။ ကို၏ စူးစူးဝါးဝါး အကြည့်ကြောင့် သူအနေခက်နေသည်။ ကိုယ့်ကိုယ် ကိုလည်း အနေခက်ရကောင်းလားဟု ဒေါသထွက်မိသည်။

"ကျွန်တော် ဘာကြောင့် လှေနံနှစ်ဖက်နင်း လုပ်နိုင်သလဲဆိုတာ ပြောပြမယ်"

ကို၏ စိတ်ထဲမှ စိတ်ဝေဒနာတို့သည် သူမျက်နှာ၌ အထင်းသား ပေါ်နေသည်။ ထိုမျက်နှာကို ကြည့်ပြီး ကိုက သူထက်ပို၍ စိတ်ထိခိုက်တတ်သူဖြစ်မှန်း ရှာလီ ပထမဆုံးအကြိမ် သဘောပေါက်မိ၏။

ကိုက အသံကို ထိန်းလျက်

"မစ္စတာ ဆာဖေ့က ကျွန်တော့်အဖေ။ ကျွန်တော်က သူ့သား" ဟု ပြောလိုက်၏။

ရှာလီ လွတ်ကနဲ အော်လိုက်မိ၏။

"ရှင့်အဖေ"

"ကျွန်တော့် နာမည်က ဟင်နရီ ဂျီဆာဖေ့ ဂျူနီယာ" ဟု ကိုက ကျောက်ရုပ်လို မျက်နှာဖြင့် ပြောသည်။

"ရှင့်အဖေ" ရှာလီက ရေရွတ်လိုက်ပြန်သည်။

ရှာလီ တုန်လှုပ် ချောက်ချားနေ၏။ ခေါင်းကို တဖက်သို့လှည့်၍ မေးကို လက်ထောက်ထိုင်နေ၏။ ဆာဖေ၏သားက သူ့ကို ငေးကြည့်နေသည်။ ရှာလီကို မိန်းမတယောက်အား ကြည့်သလို သူကြည့်တတ်ခဲ့သည်မှာ လပေါင်း အတန်ကြာခဲ့ပြီ။ ထိုအတတ်ကို သူ မမေ့။

ကွိ၏ မျက်လုံးများသည် ရှာလီ၏ ဆံပင်ညိုညိုများပေါ်သို့ ရောက်နေသည်။ မျက်တောင်ကော့ကြီးများပေါ်သို့ ရောက်နေသည်။ လည်တိုင် မော့မော့ဆီသို့ သွယ်ဆင်းသော ပါးပြင်ပေါ်သို့ ရောက်နေသည်။ နိမ့်တုံမြင့်တုံ လှိုင်းခုန်နေသော ရင်အုံမို့မို့ပေါ်သို့ ရောက်နေသည်။ သူ့ကို သဲလိုက်အူလိုက် ဖြစ်စေသော ကိုယ်ဟန်ကြော့ကြော့ တခုလုံးပေါ်သို့ ရောက်နေသည်။

ဒါ ကိုယ်ကျိုးစွန့်တာ မဟုတ်ဘူး ဖီဖီ။ သူ့ကို စိတ်ချမ်းသာစေချင်တာဟာ ငါ့ကိုငါ အနစ်နာခံတာ မဟုတ်ဘူး။

ကွိသည် တိုးတိတ်ညင်သာစွာ စကားစပြောပြန်သည်။

"ဒါတွေကို ကျွန်တော် ဘယ်လိုသိသလဲဆိုတာ မပြောနိုင်သေးဘူး။ ဇာတ်လမ်းက အရှည်ကြီးပဲ။ အချက်အလက်တွေက အားလုံးမှန်တယ်။ ကျွန်တော် နယူးယောက်သွားပြီး တင်မ်ကွိနဲ့ တွေ့ပြီးပီ။ တကယ်ဆန်းကြယ်တာပဲ။ သူ့ဆီက စာတွေ ကျွန်တော်ပြတာ မှတ်မိသေးရဲ့ မဟုတ်လား"

"အိုး အိုး" ရှာလီက ညည်းတွားရင်း ဗြုံးကနဲ ထရပ်ကာ အနားမှ ခွာသွားသည်။ ကွိ မျက်နှာကို မကြည့်ရက်။

သူ့အဖေထံမှ စာများကို ပြစဉ်က ပါရဂူကလေး၏ ဖတဆိုး ဘဝထက် အဖြစ်ဆိုးပုံကို အသနားပိုခဲ့သည်။ သူ့ရင်ထဲဝယ် အကြင်နာတရားသည် လှိုင်းလုံးကြီးများသဖွယ် ရိုက်ခတ်ခဲ့၏။ ယခု သူ့ရင်ထဲတွင် ထကြွနေသည့် လှိုင်းလုံးကြီးများကား ထိုစဉ်ကထက် အဆအရာအထောင်မက ပို၍ ကြီးမားစွာ ရိုက်ခတ်သည်။

ကွိ၏ ကြေကွဲစရာ မျက်နှာတွင် သူ ခံစားနေရပုံကို ရှာလီမြင်နေရသည်။ ရှာလီက သူဝမ်းနည်းမိခြင်းကို ကွိ မမြင်စေချင်။

တချိန်တည်းမှာပင် ကွိ သစ္စာမဲ့လေခြင်း ဟူသော အသိသည် သူနှင့် ကွိကြားတွင် တံတိုင်းကြီးပမာ ခြားနေသည်။ ထိုတံတိုင်းကြီးကို သနားဂရုဏာစိတ်က မဖြိုလဲနိုင်အောင် သူ ကြိုးစားနေမိသည်။ ကွိကလည်း သူ့အဖေလိုပင် သစ္စာမဲ့သည်။ အဖေတလည့် သားတလည့် သစ္စာမဲ့ကြသည်။ သူတို့မှာ ဂုဏ်သိက္ခာမရှိ။ အမှန်တရားမရှိ။

"နားလည်ပီ မဟုတ်လား" ကွိက ဆက်ပြောသည်။ "ဒီငွေကိစ္စက ကျွန်တော့်ကိုယ်ရေး ကိုယ်တာနဲ့ သက်ဆိုင်နေတယ်။ ကျွန်တော့်အဖို့ ပြန်ဆပ်နိုင်သလောက် ဆပ်ဖို့ သိပ်အရေးကြီးတယ်။ ယူထားတဲ့ ငွေတွေက သိပ်များတော့ ချက်ချင်းတော့ အားလုံးပြန်ဆပ်နိုင်မှာ မဟုတ်ဘူး။ ဘယ်လိုဆက်လုပ်မယ်ဆိုတာတော့ နောက်မှ ပြောပါမယ်"

"တော်ပါတော့ရှင်" ရှာလီက တောင်းပန်သည်။ "ဒီငွေတွေကို မြင်လဲ မမြင်ချင်တော့ဘူး။ ကြားလဲ မကြားချင်တော့ဘူး"

ရှာလီသည် ကွိကို လှည့်ကြည့်လိုက်၏။ သူ့အဖို့ စိတ်ချပ်တည်းမှု ပျောက်ပြယ်လုလု ဖြစ်နေခြင်းကို သူသိသည်။ သူ့နှလုံးသားထဲမှ လျှံထွက်လာသော ကြင်နာမှု ဖုံးဖိ၍မရ။

"စုံအောင် ပြောပြစမ်းပါဦးရှင်။ သူက အခု ဘယ်မှာလဲ။ ရှင် သူနဲ့ တွေ့ပြီးပြီလား"

"ကျွန်တော် မပြောနိုင်ဘူး"

"ကျမ နူတ်လုံပါ့မယ်။ သူ ဒီမြို့မှာ ရှိနေသလား"

"ဒီမေးခွန်းတွေ မေးမနေပါနဲ့ဗျာ"

ကွိက ပြောသာ ပြောရသည်။ ရှာလီ မျက်နှာပေါ်တွင် ရှာလီ သိပြီဆိုသော အရိပ်လက္ခဏာကို မြင်နေရသည်။

"အို" ရှာလီက ဆို့နင့်သံဖြင့် အော်လိုက်သည်။ "ပါမောက္ခနီကိုလိုဗီးယပ် မဟုတ်လား"

ကွိသည် ရှာလီကို တည်ငြိမ်စွာ ကြည့်နေ၏။ သူမျက်နှာပေါ်တွင် အပြောင်းအလဲမရှိ။ အမှန်တရား ပေါ်သွားခြင်းအတွက် သူဝမ်းသာသည်။ ရှာလီ သိသော်လည်း သူသိသလိုပင် လျှို့ဝှက်ချက်ကြီး လုံခြုံမည် ဖြစ်ကြောင်း သူသိသည်။

"သူ သေတဲ့အထိ ဘယ်သူမှ မသိစေချင်ဘူးဗျာ" ကွိက ကြေကွဲစွာ ပြောသည်။ "သိပ် မကြာလှတော့ဘူး ထင်ပါရဲ့"

ရှာလီသည် ကုလားထိုင်ပေါ်တွင် ရုတ်တရက် ထိုင်ချလိုက်ပြီး သူမျက်နှာကို လက်ဝါးဖြင့် အုပ်ထားသည်။ ဆာဖေသားက မထိုင်။ မတ်တပ်ရပ်ကာ ရှာလီ့ခေါင်းကို ငုံ့ကြည့်နေသည်။

ရှာလီမုန်းသော အဖေ၏သား။ သူ့ကို ရှာလီ မုန်းရန်မှာ သစ္စာဖောက်သော သတင်းစာခေါင်းကြီးပင် မလို။ သူတို့၏ ခင်မင်ရင်းနှီးမှုသည် ဆုံးခန်းတိုင်ခဲ့လေပြီ။

ရှာလီသည် လက်ဝါးကို ဖယ်ကာ ဖြူယော်နေသော မျက်နှာဖြင့် . . .

"ရှင့်အပေါ် ဒီလောက်ပစ်ပစ်ခါခါ လုပ်ထားခဲ့တာတောင် ရှင်က သူ့ကို ကာကွယ်ဦးမှာလား။ သူ့နာမည်ကို ဆက်ခံဦးမှာလား။ သူသား အဖြစ်ခံဦးမှာလား" ဟု တုန်တုန်ခိုက်ခိုက် မေးသည်။

"တခြား ဘယ်လို လုပ်နိုင်ဦးမှာမို့လဲ"

သူတို့ မျက်လုံးချင်း ဆုံမိကြသည်။ ရှာလီက မျက်နှာ လွဲလိုက်သည်။

"ဒါတခုပဲ လုပ်ဖို့ ရှိတာပေါ့။ မဟုတ်ဘူးလား"

ရှာလီသည် မီးဖိုနားသို့ သွားရပ်ကာ မီးတောက် မီးလျှံများကို ကြည့်နေသည်။

"ရှင်လုပ်တာ သိပ်မှန်တယ်။ မြင့်မြတ်တယ်။ ကျမ ဘာမှ ပြောမပြတတ်အောင်ဘဲ"

"ဒီလို မဟုတ်ပါဘူး။ ကျွန်တော် ရှောင်လို့ ရနိုင်တာမှလဲ မဟုတ်တာဘဲ"

ရှာလီက သူ့စကားကို ကြားပုံမပေါ်။

"ကျမက တချိန်လုံး တခြားကိစ္စကိုပဲ စဉ်းစားနေမိတာ။ ကျမ ဘယ်လောက် စိတ်မကောင်းဖြစ်ရသလဲ ဆိုတာ ပြောမပြတတ်တော့ဘူးရှင်"

"ခင်ဗျားက ဂေဟာကိစ္စကိုပဲ စဉ်းစားနေတာ မဟုတ်လား" ကွိုက ခဲ့ခိုးမေးသည်။

ငြိမ်သက်သွားသည်။

"ရှင် ဘာဖြစ်လို့များ ဒီလို လုပ်ရက်ရတာလဲ"

"ဒီကိစ္စ မဆွေးနွေးတာ ကောင်းမယ် ထင်ပါတယ်။ ဒါက သိက္ခာကိစ္စပဲ။ စကားနိုင်လုနေလို့ ပြီးနိုင်တာမျိုး မဟုတ်ပါဘူး"

"ဒါပေမယ့် ရှင့်ဘက်က ပြောစရာရှိတော့ ရှိမှာပေါ့။ ရှင်းစရာတော့ ရှိရမှာပေါ့။ ပြောသာ ပြောပါရှင်။ ကျမ တဖက်စီးနင်း မဆုံးဖြတ်တတ်ပါဘူး"

"ဝမ်းနည်းပါတယ်။ ကျွန်တော် ရှင်းမပြနိုင်ပါဘူး"

သူဘေးတွင် ကွို ရပ်နေကြောင်း ရှာလီသိသည်။ ဝက်စ်နှင့် မဟုတ်ဘဲ။ အခြား တဦးတယောက်နှင့်သာ ချိန်ခွင်ညှာ စက်ရမည်ဆိုလျှင် ကွို ဘာပြောပြော သူမှာ အပြစ်ရှိသည်ဟု ရှာလီ ယုံနိုင်တော့မည်မဟုတ်။ သို့ပင်ဖြစ်ပါစေဦး။ ဒီလိုလူက ဘာဖြစ်လို့များ ဒီလို။

"နှုတ်မဆက်တော့ဘူးလား"

ရှာလီသည် သူ့ဘက်သို့လှည့်လိုက်ပြီး ရေခဲလို အေးစက်နေသော လက်ဖျားကလေးများကို ကမ်းလိုက်သည်။ လက်ချင်းထိတွေ့ချိန်တွင် ခွဲကြရလေပြီဟူသော ကြေကွဲဖွယ် အသိက သူ့ကို လွှမ်းခြုံသွားသည်။ သူ တကိုယ်လုံး တုန်နေသည်။ စိတ်ဆင်းရဲ ပင်ပန်းမှုကြီးကို မြိုသိပ်ထားရသည့် ချုပ်တီးမှုသည် သူ့ကို စွန့်ခွာတော့မတတ် ဖြစ်မိသည်။

"သွားတော့မယ်။ အလှအပ၊ အသာအယာ မှန်သမျှကို နှစ်ခြိုက်တဲ့ ခင်ဗျားရဲ့ ဘုရားသခင်က ခင်ဗျား အပေါ်မှာလဲ ကြင်နာပါစေဗျာ။ အခုရော နောင်ပါပေါ့"

ရှာလီက နှုတ်တုံ့မပြန်။ ကွိုက သုတ်သုတ်လှည့်ထွက်သွားသည်။ တံခါးဝရောက်မှ ရှာလို့အသံကို ကြားရ၍ ရပ်လိုက်သည်။

ကွို၏ နောက်ဆုံးစကားသည် သူပြောရိုး ပြောစဉ် အသုံးအနှုန်းမဟုတ်၍ ရှာလီတုန်လှုပ်သွားသည်။ သူသာ အသနားခံလျှင် ရှာလီ မဆိုင်းမတွ ခွင့်လွှတ်မည်သာ။ သူက အသနားမခံ၍ ရှာလီကိုယ်တိုင်က ရေလာ မြောင်းပေး ဇွတ်မေးမိတော့၏။

"ဟိုခေါင်းကြီးကို ရှင်ရေးတယ် မဟုတ်လား"

ကွိုသည် ရှာလီကို သမင်လည်ပြန်ကြည့်ရုံမျှ အတွက်သာ ကိုယ်ရှိန်သတ်လိုက်ပြီး . . .

"အခုမှတော့ မေးနေစရာ လိုသေးသလားဗျာ"

ကွိုသည် အိမ်သို့ ပြန်ပြီး အိပ်ခန်းကလေးထဲတွင် ဆောင်းပါး ထိုင်ရေးသည်။ ကြွေးလည်ပင်းခိုက်အောင် ရရှိလိုက်သည့်အမွေက သူ့ရှိသမျှအချိန်ကို ယူတော့မည်။

ပြည်နယ်စာကြည့်တိုက်ရှိ သတင်းစာဟောင်းများတွင် သူ့ အဖေ၏ အလွဲသုံးစားမှုမှ အချက်အလက်များကို သူတွေ့ထားသည်။ ဝေလင် အပ်နှံငွေများမှ သူ့အဖေ လိမ်ယူခဲ့သည့်ငွေမှာ ရုံးတော်က ပြန်ရခဲ့သည့် ဒေါ်လာ

၁၄၀၀ နှုတ်လျှင် ဒေါ်လာ ၂၀၃၀၀၀ ဖြစ်သည်။ ထိုငွေမှာ လွန်ခဲ့သည့် ၂၇ နှစ်က ငွေဖြစ်သည်။ ၄ ရာခိုင်နှုန်း အတိုးဖြင့်တွက်လျှင် ဒေါ်လာ ၄၅၀ ၀၀၀ အထိများနေပြီ။ နှစ်ထပ်တိုးဖြင့် တွက်လျှင် ဒေါ်လာ ငါးသိန်းကျော် အထိ များနေပြီ။

သူ့အဖေ၏ 'အတွင်းပစ္စည်း' များသည် ဒေါ်လာငါးသောင်းခန့်သာရှိမည်။ ထို့ကြောင့် အဖေ၏ သား အဖြစ်အကြွေး ဒေါ်သာ လေးသိန်းခွဲ တင်နေသည်။ ပေးဆပ်နိုင်ရန် လုံးဝ မြော်လင့်ချက် မရှိ။ အကြွေး လက်ကျန်ပေါ်မှ အတိုးချည်း သက်သက်ကပင် တနှစ် ဒေါ်လာ ၁၈၀၀၀ ဖြစ်သည်။ သူက တနှစ်ဒေါ်လာ ၅၀၀၀ ရအောင် မရှာနိုင်။

သူဘယ်လောက်ပင် နဖူးကချွေး မြေကျအောင် အလုပ်လုပ်စေကာမူ သူသေချိန်တွင် ရှာလီဝေလင်၏ ကြွေးသည် ယခုရှိနေသည်ထက်ပင် ပို၍ တိုးပွားလာဦးမည်ဖြစ်သည်။ သို့သော် တတ်စွမ်းသမျှ ကြိုးစားခြင်းသာ အရေးကြီးသည်။ သူ့အဖေထံမှ ဒေါ်လာငါးသောင်းကို သူ ရရခြင်း ပေးဆပ်နိုင်သော် တော်လေစွ။ အတိုးမတက် စေရန် တနှစ်ဒေါ်လာသုံးထောင်၊ လေးထောင် ဆပ်နိုင်သော် တော်လေစွ။ ဖခင်ဖြစ်သူ၏ ဂုဏ်သိက္ခာမဲ့မှုကို သားဖြစ်သူက အသိအမှတ်ပြုပြီး အပြစ်ဖြေရန် ဆန္ဒရှိခြင်းကို ကတိဝန်တာ တခုပမာ ရှာလီသဘောထား နိုင်သော် ပို၍ တော်လေစွ။

ရေးလက်စ စာအုပ်ကို ချထားရတော့မည်။ သူ့အောင်မြင်မှုကို ငွေသေတ္တာနှင့် တိုင်းတာရတော့မည်။ ယနေ့ ညအဖို့ သူကလောင်ကို ဂွတ်နှင်ရသည်။ ကလောင်က ပေကပ်ကပ် လုပ်နေသည်။ သူရေးတာ ကောင်းသည် မထင်။ စိတ်မပါဘဲ သူကိုယ်သူ စားပွဲတွင် ဂွတ်ထိုင်ခိုင်း၊ ဂွတ်ရေးခိုင်းခြင်းထက် အခြား ပင်ပင်ပန်းပန်း အလုပ်ကို လုပ်လိုက်ချင်သေးသည်။

တနာရီခန့်အကြာတွင် မှောင်ထဲမဲထဲ အဝတ်လဲပြီး သူအိပ်ရာ ဝင်သည်။ အိပ်ရာထဲတွင် ရှာလီဝေလင့် အကြောင်းမှတပါး အခြားကိစ္စကို သူတွေးမရ။

ရှာလီသည် ဆာဖေ့သား ဖြစ်နေခြင်းကို ခွင့်လွှတ်သည်။ သူအတွေးချော်ခဲ့သည်။ ရှာလီက ဆာဖေ့သား အပေါ် စေတနာ မထွာထားသည်။ ဝမ်းနည်းဖော်ရသည်။ ရှာလီ့မျက်နှာက ပြနေသည်။ သို့သော် ကိုယ်ရေး ကိုယ်တာ ဂုဏ်သိက္ခာမဲ့မှုကိုမူ ရှာလီ ခွင့်မလွှတ်။ သို့ ဂုဏ်သိက္ခာကိုသာ ပဓာန ထားသည့် အတွက်ကား သူ ကျေနပ်မိသည်။

ရှာလီက သူ့ဘဝထဲမှ သူ့ကို မောင်းထုတ်သည့် ယခုအချိန်လောက် ရှာလီ့ကို ဘယ်တုန်းကမှ သူပို၍ အထင်မကြီးခဲ့။ ရှာလီ သိချင်မှ သိမည်။ အမှန်တရားကို မြတ်နိုးသည့်နေရာတွင် သူသည် ရှာလီ၏ ကြင်ဖော် စစ်စစ်ဖြစ်သည်။ ထိုအသိက သူ့ကို နှလုံးခုန်စေသည်။

နောင်ခါလာ နောင်ခါစျေးပင်။ သူ့အပေါ် ရှာလီ သက်ဝင်ယုန် မကင်း ဖြစ်ခဲ့သည်။ အပြစ်ဖို့ခဲ့သည် ဟူသော အသိကား သူ့ခေါင်းထဲတွင် စွဲနေတော့သည်။ သူတို့ ခင်မင်ရင်းနှီးမှုပျက်ခဲ့ပြီ။ မိတ်ဆွေတို့အကြား သက်ဝင်ယုန် မကင်းမှုကို လက်သင့်မခံနိုင်။

သူလိုလူမျိုးကို ယုတ်ညံ့မှုပြုနိုင်စွမ်းသည်ဟု အထင်မှားခြင်းသည် ရှာလီ၏ အပြစ်အနာအဆာကလေးပင်။ သို့သော် ရှာလီနှင့် သူတွေ့ရသည့် အချိန်တိုင်းသည် အလှနှင့် ဂီတချည်း ဖြစ်နေ၍ ခွင့်မလွှတ်နိုင်သည့် အပြစ် အနာအဆာဟုကား မဆိုရက်။

ရှာလီကို သူ နောက်ထပ် မျက်နှာချင်း မဆုံနိုင်တော့ဟူသော အတွေးသည် သူ့အသည်းကို ဓားနှင့်မပြတ် မွှန်းနေသလို ခံစားရလေ၏။

အချစ်(၀၁) လိင်စိတ်အကြောင်းကို သူ့စာအုပ်တွင် သူ ကောက်ချက်ချဖူး၏။ ခြောက်ပြစ်ကင်းသော လူဘောင် လူအဖွဲ့အစည်းတွင် ရှိရမည့် လိင်စိတ်၏ အနေအထားကို သိပ္ပံနည်းကျ သူ ကြံဆခဲ့ဖူး၏။

လိင်စိတ်ဟူသည် လူသားအဖို့ အရှုံးကြိမ်းဆုံး ကျိုးကြောင်းပြချက်တခုမျှသာ ဖြစ်သည်။ လွယ်လွယ် ထွန်းညှိ၍ အသုံးချပြီးချိန်တွင် မြန်မြန်ငြိမ်းသတ်လိုက်သည့် ဖယောင်းတိုင် မီးရောင်ကို ပမာဆောင်သည်။ သို့သော် ထိုအချစ်သည် ယခု သူ့ကို လည်မျိုညှစ်နေ၏။ ထူးခြားသော ညှဉ်းပမ်းနှိပ်စက်မှု။ ကြမ်းတမ်းသော အာသာရမ္မက်ကား ထာဝစဉ် ဟုန်းဟုန်းတောက်လောင်သော မီးပမာ ဖြစ်ချေသည်တကား။

ကွိသည် ပြတင်းပေါက်ဘေးတွင် ထိုင်ကာ အိပ်မောကျနေသော မြို့တော်ကြီးကို လှမ်းကြည့်နေသည်။ သူ၏ တကိုယ်ရေတကာယ ပညာရှင် ဧကစာဘဝကို သူ၏ ပတ်ဝန်းကျင်ဘဝနှင့် သူ ချဉ်းကပ်ဆက်စပ်ခွင့် ပြုခဲ့သည်။ လက်တွေ့ဘဝနှင့် ထိတွေ့လေတိုင်း သူသာ အစိတ်စိတ် အမွှာမွှာ ကွဲကြေရသည်။

တနေ့သောအခါ ပို့စ်သတင်းစာ အယ်ဒီတာကြီး ဖြစ်ရမည်ဟု သူမျှော်မှန်းခဲ့၏။ ပို့စ်က သူနဖူးမှာ သစ္စာဖောက်တံဆိပ် ခတ်နိပ်ခဲ့သည်။ မိတ်မရှိ ဆွေမရှိ အဖိုးကြီးတဦးနှင့် မိတ်ဆွေဖွဲ့ခဲ့၏။ အကြွေးနှင့် နာမည်ပျက်ကို အမွေဆက်ခံခဲ့ရသည်။ သစ္စာတရားကို မြတ်နိုးသော ငရဲ့ကိုယ်မလေးတဦးနှင့် ရင်းနှီးခဲ့၏။ မဖြေသိမ့်နိုင်သော၊ ဖြေသိမ့်နိုင်ခဲသော အသည်းနာမှုဖြင့် ပေးဆပ်ခဲ့ရသည်။

သို့သော် လက်ရှိဘဝနှင့် ကွဲပြားခြားနားသော ဘဝမျိုးကိုလည်း သူမလိုချင်တော့။ သူ့ဘဝကို မပြောင်းလဲလိုတော့။ သူသည် ဓာတ်ခွဲခန်းထဲမှ သိပ္ပံပညာရှင်မဟုတ်တော့။ သိပ္ပံပညာရှင်ထက် ပို၍ကြီးကျယ်သော၊ ပို၍ကောင်းမြတ်သော လူသား ရင့်မကြီးတယောက်ဖြစ်နေပြီ။

လောကဟု ခေါ်တွင်သော ကိစ္စမြားမြောင် ဤလူ့ဘောင်ကြီးထဲ၌ နစ်မြုပ်လှုပ်ရှားနေသည့် လူသားရင့်မကြီး တယောက်ဖြစ်နေပြီ။

ဤလူ့ဘောင်၌ လူသားတယောက်၏ နေရာကို ကလောင်ကိုင်စွဲ၍ မျှသာမဟုတ်။ အားနှင့် မာန်နှင့်။ အသည်းနှလုံးနှင့်။ စိတ်ဓာတ်နှင့် သူ ရယူနိုင်ခဲ့လေပြီ။

သူ့ဘဝကို သံပြုတ်တူနှင့် ညှပ်သလို နာကျင်စေသော လက်ငင်းဒုက္ခသည် ယနေ့ သူခံယူနေသော ဘဝ၏ အတိုင်းအတာသာဖြစ်၏။ အားလုံး အကောင်းဆုံးအတွက်သာ ဖြစ်ရပေတော့အံ့။ လူသားကို လွတ်ကျွတ်ထွက်မြောက်စေသော အမှန်တရား၊ အသက်ရှင် နေထိုင်ခြင်း၏ အမှန်တရားကို သူ သိမြင်နားလည်ချေပြီ တကား။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

(၃၀)

မတ်လထဲတွင် လောကီတရားဥပဒေကို ခါးသည်းစွာ မကျေမနပ်ဖြစ်ခဲ့သည့် ဟင်နရီဂျီဆာဖေ့သည် တမလွန်၏ အဂတိကင်းသော တရားသူကြီး ရှေ့မောက်သို့ အရောက်သွားရန် ထွက်ခွာစပြုနေလေပြီ။ သူနှုတ်ကိုကား စေ့စေ့ပိတ်ထားမြဲ။ သူသည် သေအံ့မူးမူး မိန်းမောနေရာမှ သတိပြန်လည်မည့် အရိပ်အရောင်များ ပြနေသည်။

ကွိုက

"ခဏ အပြင်ထွက်ပေးပါလား ဆရာမ။ လူနာသတိလည်လာရင် အရေးကြီးတဲ့ အတွင်းရေး ကိစ္စလေး ပြောစရာရှိလို့ပါ" ဟု သူနာပြုဆရာမကို ပြောသည်။ သူနာပြုဆရာမ ထွက်သွားသည်။

ကွိသည် လူနာ၏ အိပ်ရာဘေးတွင် ဒူးထောက်ပြီး သေငယ်ဇောနှင့် မြောနေသော လူနာ၏နားကို ပါးစပ်တေ့ကာ တတွတ်တွတ် မေးနေသည်။ ပစ္စည်းများထားသည့် လျှို့ဝှက်နေရာကို ပြောပြခိုင်းနေသည်။

"အဖေ၊ အဖေ။ ငွေတွေ ဘယ်မှာလဲ" ထပ်တလဲလဲ မေးသည်။ အဖိုးကြီး နည်းနည်းလွန့်သည်။ မီးရောင် မှုန်ရီမှုန်မွှားတွင် ညာဖက်မျက်လုံးက တခြမ်းဖွင့်ပြီး ဘယ်ဖက်မျက်လုံးက မှိတ်ထား၍ ကြောက်စဖွယ် မျက်လုံးချီသလိုဖြစ်နေသည်။ အပေါ်နှုတ်ခမ်းတွန့်ပြီး သွားများပေါ်နေ၍ မဲ့ရွဲ့ပြနေသလိုဖြစ်နေသည်။ ဤမျှသာ။

ဤသို့လျှင် ဆာဖေ့ဘဝ ဇာတ်သိမ်းသည်။ အတိတ်က အမှားများကို ပြုပြင်ရန်၊ ဖြစ်ပုံ ပျက်ပုံ အလုံးစုံကို ဖွင့်ပြရန်ဆာဖေ့၏ လျှို့ဝှက်ချက်ကြီးကို ကွိ ဖော်နိုင်ပြီ။

ကွိသည် ပို့စ်သတင်းစာတိုက်သို့ တယ်လီဖုန်းဆက်သည်။ ပို့စ်သတင်းစာ မြို့သတင်းအယ်ဒီတာ ဘရောင်ဝါဝီလျံသည် မိုးပေါ်မှ ကျလာသလို သူ့ထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည့် သတင်းထူးကြီးအတွက် ဘုရားပင် တလိုက်မိသည်။ ညနေသတင်းစာများ မထွက်မချင်း သတင်းမထုတ်ရန် ကွိကို တောင်းပန်သည်။ ပို့စ်တစောင်တည်း သတင်းထူး သတင်းဦးချင်သည်။

နောက်တနေ့ထုတ် ပို့စ်သတင်းစာတွင် ငါးကော်လံခေါင်းစဉ်ဖြင့် ပါလာသည့် ထိုသတင်းကြီးသည် တမြို့လုံးကို ပွက်လောရိုက်သွားစေသည်။ ဟင်နရီဂျီဆာဖေ့၏ အတ္ထုပတ္တိသည် မြို့တော်နှင့် ပြည်နယ်အတွင်း နှစ်ပေါင်းများစွာ မမေ့နိုင်တဲ့ ဇာတ်လမ်းတခုပမာ ဖြစ်နေခဲ့သည်။ ရုတ်တရုတ် ဇာတ်သိမ်းခန်းသို့ ရောက်လာခြင်းသည် စိတ်ကူးယဉ်ဝတ္ထုထက် ပို၍ သဲလွိုက်ရင်ဖိုစရာ ကောင်းနေတော့သည်။

ပို့စ်သတင်းစာဝယ်သည့် အိမ်တိုင်းတွင် နံနက်စာစားပွဲ၌ အခြားကိစ္စ မပြော။ ဤကိစ္စကိုသာ ပြောနေကြတော့၏။ ပါမောက္ခ နီကိုလိုဗီးယပ်၏ အတန်းတွင် ဂရိဘာသာ သင်ဖူးသည့် ကျောင်းသားရှိသော အိမ်များတွင်လည်း ငြင်းကြ၊ ခုန်ကြ ဆွေးနွေးကြသည်မှာ ညည်းစိနေသည်။ မစ္စက်ပိန်တာ၏ အိမ်တွင်ကား ကြေကွဲဖွယ်ကောင်းသော ဇာတ်လမ်းကြီးတွင် လူတိုင်း ကိုယ်စီ ဇာတ်ဆောင်ပမာ ဖြစ်နေလေ၏။

ဟင်နရီဂျီဆာဖေ ဂျူနီယာသည် ဖခင်ဆုံးပြီး နောက်နေ့ နံနက်တွင် အချိန်မီ အိပ်ယာထသည်။ တညလုံး မိုးစင်စင်လင်းသည်အထိ တမှေးမျှ သူမအိပ်လိုက်ရ။ ပို့စ်သတင်းစာ၏ စိတ်ထိခိုက်ဖွယ် သတင်းဂယက်သည် သူ့ကို လာ၍ ရိုက်ခတ်သည်။

နံနက် ၇ နာရီလောက်ကပင် အိမ်ရှေ့တွင် လူအချို့ ရုံးစု ရုံးစု ဖြစ်နေကြသည်။ ထင်ကြေးအမျိုးမျိုး ပေးနေကြ၏။ သေသူကို ဘယ်လောက် ရင်းရင်းနှီးနှီးသိကြောင်း ဟန်ရပန်ရ ပြောသူက ပြောနေကြ၏။ ကို အပြင်သို့ ထွက်လာချိန်တွင် မီးကို ရေဖြန်းသလို အသံများရဲသွားသည်။ တနေ့လုံး ထိုနည်းနှင်နှင့် ဖြစ်နေသည်။ ကို သွားလေရာ လူစပ်စုစရာဖြစ်နေသည်။ သို့သော် စိမ်းစိမ်းကားကားမဟုတ်။

ပို့စ်သတင်းကို သူဖတ်ကြည့်သည်။ အလွန်သိမ်မွေ့သော စကား အသုံးအနှုန်းများကို ထပ်တလဲလဲ တွေ့ရသည်။ ပို့စ်သတင်းစာမှ လူငယ်သတင်းစာ ဆရာများသည် သူတို့ လုပ်ဖော်ဆောင်ဘက်ဟောင်း မိတ်ဆွေကြီး ဒေါက် စိတ်မထိခိုက်စေရန် အတတ်နိုင်ဆုံး ရှောင်ရှားရေးကြသည်။

သူ့အပေါ် စိတ်ကောင်း စေတနာကောင်းဖြင့် ကူညီမှုများမှာ တပုံတခေါင်းကြီး မဟုတ်စေကာမူ လုံးဝမြှော်လင့်မထားသဖြင့် လိုတာထက် ပိုနေတော့၏။ တနေ့လုံးလိုလို တယ်လီဖုန်းသံနှင့် လူခေါ်ခေါင်းလောင်းသံ မြည်နေသည်။ လမ်းတွင် တွေ့သူတိုင်းကလည်း ဝမ်းနည်းစကားပြောသည်။

ပထမဆုံး ချားလ်စ်ဂါဒင်နီယာဝက်စ် ရောက်လာသည်။ အူလှိုက်သဲလှိုက် ဝမ်းနည်းစကား ပြောသည်။ ရှေ့ဆင့်နောက်ဆင့်ပင် ပို့စ်သတင်းစာ ဒါရိုက်တာ မစ္စတာဟစ်ကော့ ဝင်လာသည်။ ရှေးဟောင်း နှောင်းဖြစ်ပြောသည်။ ပို့စ်သတင်းစာသို့ တနေ့နေ့တွင် ပြန်လာရန် ဖိတ်ခေါ်သည်။ ဘီဗာလေဘတ်လာသည်။ ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ပြောသည်။ ပလိုနီနီးလာသည်။ သူ့တသက်တွင် ဤတကြိမ်သာ နေမထိ ထိုင်မသာ ဖြစ်ပုံရသည်။

ပို့စ်သတင်းစာမှ အီဗန်မွန်တေဂူက အသုဘကိစ္စ စီစဉ်ခွင့်တောင်းသည်။ ဘတ်ကလင်ကာက ကိုယ်ဖိရင်ဖိ လုပ်ကိုင်ပေးသည်။

အားလုံးထက် ဟက်ဟက်ပက်ပက် ရှိသည်မှာ မာကျူရီ အားကစားကလပ်မှ ကို၏ ကစားဖက်လူငယ်များဖြစ်ကြ၏။ ဝက်စ်လို ဖွယ်ဖွယ်ရာရာ ချက်ချက်ချာချာ မပြောတတ်ကြ။ ကိုလက်ကိုသာ ဆုပ်ကိုင်ပြီး "ဒေါက်၊ ခင်ဗျားလိုတာရှိရင်။ ဒေါက်၊ ကျွန်တော့်ကို ခေါ်သာခိုင်းဗျာ၊ နော်၊ ဟုတ်လား" ဟု အထစ်ထစ် အငေါ့ငေါ့ ပြောကြသည်။

အားအကိုးရဆုံးကား ဘတ်ကလင်ကာ ဖြစ်သည်။ သူ့ကို ကျားကျားယားယား ဖြစ်အောင် လုပ်ပေးခဲ့သူ၊ သူ့ကို လက်တွေ့ဘဝနှင့် ထိတွေ့အောင် ဆွဲသွင်းခဲ့သူ၊ ဖတ်ပျော်ရွှတ်ပျော် ပထမဆုံး ခေါင်းကြီးကို သူရေးနိုင်ရန် အကြောင်းယုတ္တိ ရှာဖွေပေးခဲ့သူ။ ကိုအဖို့ ပထမဆုံး မိတ်ဆွေစစ် မိတ်ဆွေကောင်း။

သူ့အဖေ အသက်ပျောက်ပြီး တနာရီအတွင်း ဘတ်ကို အသုဘကိစ္စ စီစဉ်ပေးရန် ကို အကူအညီတောင်းသည်။ ဘတ်ရောက်လာသည်။ စကားဟဟမပြော။ သူ့မိတ်ဆွေကြီး ဒေါက်တယောက် နေရင်းထိုင်ရင်း လူဆိုးစာရင်း ပေါက်လာခြင်းကို အထိတ်တလန့် ဖြစ်နေပုံရသည်။

ဘတ်အဖို့ ဆာဖေ၏ သားဆိုသည်မှာ အစ္စကရီးယော့နှင့် **လူကရီဇီးယားဘော်ဂျာ** တို့ စုံဖက်၍ မွေးလာသည့် သားပမာ ဖြစ်သည်။ သို့ရာတွင် ဆာဖေ့အမည်ရှိသူ တယောက်သည် ကိုအမည်ရှိသူများ၊ ကလင်ကာ အမည်ရှိသူများကို 'ဒီလိုလူစားတွေ မသိပါဘူး' ဟု မာနတခွဲသားနှင့် ပြောနိုင်လောက်အောင် အဆင့်အတန်း မြင့်မားမှန်း သူသိသည်။ ထို့ကြောင့် ကလင်ကာက ကိုကို မစ္စတာဆာဖေ့အဖြစ် နှုတ်ဆက်သည်။ ဟက်ဟက်ပက်ပက်မရှိ။ ကိုက သူ့ပခုံးကို ဖက်ကာ "ဘတ်၊ ကျွန်တော် အရင်က ဒေါက်ပါပဲဗျာ။ တခုပဲ ကွဲတယ်။ အရင်က ဒေါက်ကို။ အခု ဒေါက်ဆာဖေ့ပေါ့ ဟုတ်လား" ဟု ပြောမှ သူ တအံ့တသြ ဖြစ်သွားသည်။

လူကရီဇီးယားဘော်ဂျာ။ ။အီတလီပြည် ဖာရာရာမြို့စားကတော်ကြီး (၁၄၈၀–၁၅၁၉)။ ။ မောင်ဖြစ်သူနှင့် ပေါင်းကာ နိုင်ငံရေးလုပ်ကြံမှုများ၊ အဆိပ်ခတ်မှုများ ပြုလုပ်သောကြောင့် အီတလီသမိုင်းတွင် ကျော်ကြားသည်။

ဤစကားကြားမှ အားလုံး ပုံမှန်သို့ ပြန်ရောက်သွားတော့သည်။ ဘတ်လည်း မာကျူရီကလပ်မှ အသင်းသားကလေးများကဲ့သို့ စိတ်ပါ လက်ပါ ဖြစ်လာသည်။ အသုဘကိစ္စအဝဝကို ပြေး၍ စီစဉ်သည်။ ကိုနေရန် မစ္စက်ပိန်တာအိမ်ထက် လခသက်သာသော အိမ်ခန်းသစ်ကိုလည်း ပြေး၍ရှာသည်။

လောကအလယ် သူတယောက်တည်း မျက်စိသူငယ် မဟုတ်။ သူ့တွင် မိတ်ဆွေ ရောင်းရင်းတွေ တလှေကြီး ရှိသည်။ သူ့အပေါ် ယုံကြည်သည့် မိတ်ဆွေရောင်းရင်းတွေ တလှေကြီးရှိသည်။ သူ့အပေါ် ယုံကြည်သည့် မိတ်ဆွေများရှိသည် ဟူသော အသိကို ရုတ်တရုတ် သိလိုက်ရခြင်းသည် ကို တကိုယ်လုံးကို ပီတိဖုံးသွားစေသည်။

လူတွေ ဤမျှလောက် ကြင်နာတရား ရှိလိမ့်မည်ဟု ဘယ်တုန်းကမှ မထင်ခဲ့။ တပါးသူ၏ ကြင်နာမှုသည် သူ့အဖို့ ဤမျှလေးနက်မှု ရှိလိမ့်မည်ဟုလည်း ဘယ်တုန်းကမှ သူမထင်ခဲ့။ မိတ်ဆွေသင်္ဘ ဟူသည် လူဘဝ၏ အမွန်မြတ်ဆုံး စွမ်းဆောင်ချက် မဟုတ်လား။

ကွယ်လွန်သူ ဗိုလ်မှူးကြီးကောင်းပြောခဲ့သည့် စကားများကို သူ ကြားယောင်လာမိသည်။ ထိုစကားများသည် ယနေ့ အမှန်တရား ဖြစ်နေလေပြီ။ သူ့ဖခင်က သူ့ကို မည်မျှပင် အမှောက်မှောက် အမှားမှား ပြုလုပ်ခဲ့စေကာမူ သူ့ဖခင်ကို မမှေပျောက်နိုင်သည့် အချက်တခုရှိသည်။ ကမ္ဘာပေါ်တွင် ကြင်နာတရား အကြီးမားဆုံး လူများ၊ ခင်မင်ရင်းနှီးမှု အရှိဆုံးလူများ နေထိုင်ကြသည့် ဤမြို့သို့ သူ့ဖခင်က သူ့အား ခေါ်ဆောင်လာခဲ့သည့် အချက်ပေတည်း။

မတ် ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဟင်နရီဂျီဆာဖေ့ ကွယ်လွန်သည်။ ည ၁ နာရီတွင် ဆာဖေ့၏ ဧည့်ခန်းတွင် သူ့သားသည် သူဖျက်ဆီးထားသမျှကို ရပ်ကြည့်နေသည်။ ဤအခန်းထဲ၌ သူ့အဖေ ငွေများကို ဂွက်ထားခဲ့မည်ဆိုတာ သူသံသယမရှိ။ သို့သော် တခန်းလုံး မြေလှန်ရှာပါလျက် ဘာပစ္စည်းမျှမတွေ့။

တခါက နေချင့်စဖွယ် ထိုင်ချင့်စဖွယ်ဖြစ်ခဲ့သော ဧည့်ခန်းဆောင်ကလေးသည် လေဆင်နာမောင်း မွှေ့ခံထားရသလို ဖြစ်နေ၏။ မီးလင်းဖိုသည် အုတ်ခဲနှင့် အင်္ဂတေပုံဖြစ်နေ၏။ ကြမ်းခင်းတဝက် အူခွဲ အသဲလှန်။ စားပွဲအံဆွဲများ၊ စာအုပ်စင်များ ဖွာလန်ကြဲ။ သူ့လက်ချက်မိသမျှ အပြိုအကွဲ အပျက်အစီးချည်း ဖြစ်နေသည်။

အကျိုးမထူး။ ညနေ ၆ နာရီမှစ၍ သူ မြေသဒ္ဒါလှန်၍ ရှာနေခဲ့သည်။ သို့သော် သဲလွန်စ တမျှင် မတွေ့။

အခန်းက လှောင်အိုက်နေသည်။ အသံဗလံမထွက်စေရန် အခန်းတံခါး အားလုံးကို ပိတ်ထား၍ ပိုဆိုးနေခြင်းဖြစ်သည်။ ကြွက်သားများ အပြိုင်းပြိုင်းထသည်အထိ သူတပင်တပန်း ရှာသည်။

ကိုသည် စိတ်ပျက်လက်ပျက် အနားယူလိုက်၏။ သူတကိုယ်လုံး ဖုံအလိမ်းလိမ်း၊ ချွေးအပြိုက်ပြိုက် ဖြစ်နေသည်။ ချက်လက်မှတ်များ၊ ငွေရင်း ငွေနှီးစာချုပ်များ တနေရာရာမှာတော့ ရှိမည်။ ဘယ်နေရာမှန်းမသိ။ သူ့အဖေ မသေမီက ပြောခဲ့သည့်စကားအရ စာချုပ်စာတမ်းများသည် လက်လှမ်းမီရာ ဤအနီးအနားမှာပင်ရှိမည်မုချ။

အုတ်ခဲပုံကြီးပေါ်တွင်ရပ်ကာ အခန်းပျက်ကြီးကို သူ ကြည့်နေမိသည်။ အလွန်အမင်း စိတ်အားငယ်မိ၏။ ပစ္စည်းများကို ရှာတွေ့ရန် သူ့အဖို့ အလွန်အရေးကြီးသည်။ သူထင်ထားသည်ထက် ပို၍ အရေးကြီးသည်။ သို့သော် ရှာတွေ့မည့်အရေးမှာ ဝေလာဝေးဖြစ်နေသည်။ တခန်းလုံး ရင်ခွဲ အသဲထုတ်ထားသလိုဖြစ်နေ၏။ ဂွက်၍ ရနိုင်စရာ နေရာမကျန်။ ဘယ်နေရာကို ရှာရမှန်း မသိတော့။ ငွေနှင့် စာချုပ်စာတန်းများသည် သူမသိသော နယူးယောက်မြို့ ဘဏ်တိုက်တခုခု၏ မြေတိုက်ထဲတွင် ရောက်နေရော့သလားဟူသော အတွေးသည် အသဲထိတ်စေသည်။

ကိုသည် နံရံကပ် မီးလင်းဖိုကို မှီ၍ ပင်ပန်းနွမ်းနယ်စွာ ရပ်နေရာမှ အနည်းငယ် လှုပ်လိုက်မိသည်။ သူ့ခြေထောက်အောက်မှ အုတ်ခဲသည် နေရာရွေ့သွား၍ သူ ခြေချော်ကျသွားသည်။ သူ့ကိုယ်ကို ထိန်းရန် မီးလင်းဖို အပေါ်တန်းကို လှမ်းဆွဲလိုက်သော်လည်း လူရောတန်းပါ ကြမ်းပြင်ပေါ်သို့ လုံးထွေးကျသည်။

မီးလင်းဖိုတန်းသည် သူ့လက်ထဲတွင် လျှောကနဲ ပါလာသည်ကို သတိပြုမိ၍ ချက်ချင်းထရပ်လိုက်သည်။ သူ့မျက်စိအောက်တွင် အထင်းသား ပေါ်လာသည်မှာ သူခြေချော်ကျရာမှ မတော်တဆ ဝင်တိုးမိသော သူ့အဖေ၏ လျှို့ဝှက်သိုက်။ သပ်သပ်ရပ်ရပ် အကျအနလုပ်ထားသော ဘီရိုကလေး။

ဘီရိုကလေးသည် နံရံကပ်မီးလင်းဖို၏ အကျယ်နှင့် တရွယ်တည်းဖြစ်၏။ ဘီရို၏ သစ်သားရောင်သည် ဓာတ်ငွေ့မီးအိမ်မီးတွင် ရောင်ပြန်ဟပ်နေသည်။ ဘီရိုထဲတွင် စာအုပ်များ၊ စာများ၊ စာချုပ်စာတန်းများ၊ အိတ်များ စနစ်တကျ သူ့နေရာနှင့်သူရှိသည်။ ကိုသည် ဘီရိုထဲမှ ပစ္စည်းများကို ကမ်ောသောပါး လှမ်းဆွဲလိုက်၏။

ဝင်းတင် မြန်မာပြန်သော ကို

သူခြေထောက်အောက်မှ အုတ်ခဲပုံက ပြိုရွေ့သွားပြန်၍ ကြမ်းပေါ်သို့ ခြေကားယား လက်ကားယား လဲကျသွားရပြန်သည်။

တစတစနှင့် ဖြစ်ရပ်မှန်များ ပေါ်လာသည်။ သူ့အဖေ၏ ပစ္စည်းများကို ခန့်မှန်းတွက်ချက်ရာ၌ အရေးကြီးသော အချက်တချက်ကို သူ မျက်စိရှုန်းခဲ့သည်။ သူ့အဖေသည် ထောင်ကျနေစဉ်ကရော၊ ထောင်က ထွက်ပြီးနောက် ခြေသလုံးအိမ်တိုင် လုပ်နေစဉ်ကပါ သားအတွက် တင်မ်ကွိထံ လစဉ် ပုံမှန်ပို့ပေးခဲ့သည့် လစဉ် ၂၅ ဒေါ်လာထက် ပို၍ မသုံးစွဲခဲ့ခြင်းဖြစ်၏။ ထိုကာလအတွင်း သူ့ငွေများသည် အတိုးအညွှန့်သာ ပွားနေခဲ့၏။

သူ့အဖေသည် ငါးရာခိုင်နှုန်း အတိုးရသော မီးရထား ငွေရင်းစာချုပ်များ ဘဏ်တိုက်လေးတိုက်တွင် အပ်နှံငွေများ စသဖြင့် ငွေများကို ကဲ့ထုတ်ထားခဲ့သည်။ ထို့ကြောင့် သူ့အဖေ သေချိန်တွင် ဒေါ်လာနှစ်သိန်းထက်မနည်း လက်ဝယ်ရှိနေခဲ့သည်။ ထိုငွေထဲတွင် အိမ်တန်ဖိုး မပါသေး။ အိမ်က သူ့အဖေ ပြောခဲ့သလို အငှားမဟုတ်။ အပိုင် ဝယ်ထားသည့်အိမ်ဖြစ်၏။ ပတ္တူအိတ်ကလေးနှင့် ထည့်ထားသော ဒေါ်လာ ၄၄၀၀ ဖိုး ရွှေဒင်္ဂါးနှင့် ငွေစက္ကူများလည်း ရှိသေး၏။

နံနက်စောစော ပို့စ်သတင်းစာကို လက်ပွေ့ရောင်းသမားကလေးများ တကြော်ကြော် အော်ရောင်းနေချိန်တွင်မှ ကွိသည် သူ့အဖေ၏ သေတမ်းစာကို တွေ့ရ၏။ သေတမ်းစာက တိုတို တုတ်တုတ်ပင်။ ရှင်းသည်။ လိုရင်းကိုသာ ရေးထား၏။ သူပိုင်သမျှ ပစ္စည်းကို သူ့သားအား လွှဲထားခဲ့၏။ သေတမ်းစာကို ဂျွန်လ ရက်စွဲဖြင့် ရေးထားခဲ့၏။

လုပ်အပ် လုပ်ရာများကို လုပ်ရ၏။ အချို့ အချိန်ကြာသည်။ သို့သော် တပတ်အတွင်း လုပ်ငန်း အစပျိုးနိုင်သည်။ ထိုအချိန်တွင် ရှာလီဝေလင် စာတစောင် ဖတ်ရသည်။ အံ့လည်း အံ့သြ ဒေါသလည်း ထွက်ရ၏။

နာမည်ကျော် ရှေ့နေလုပ်ငန်းတခုမှ လာသောစာ ဖြစ်သည်။ ဟင်နရီဂျီဆာဖေ့ အလွဲသုံးစားလုပ်၍ ဝေလင်ထိန်းသိမ်းငွေများ ကံဆိုး မိုးမှောင် ကျခဲ့ပုံများကို အရှည်အလျား အကျယ်တဝင့် ရေးထားသည်။

အတိုချုပ်အားဖြင့် ဟင်နရီဂျီဆာဖေ့ ကွယ်လွန်ချိန်တွင် ပိုနည်းနည်း၊ လိုနည်းနည်း ဒေါ်လာနှစ်သိန်း ကျန်ခဲ့ကြောင်း၊ ထိုငွေသည် ဝေလင်ထိန်းသိမ်းငွေမှ ကွယ်လွန်သူ ဆာဖေ့ ထုတ်ယူ သုံးစွဲထားခဲ့သည့်ငွေဖြစ်ကြောင်း၊ သေတမ်းစာအရ ၎င်း၏ ဖခင်ပိုင်ပစ္စည်းများကို အမွေဆက်ခံရသည့် ကျွန်ုပ်၏ အမှုသည် မစ္စတာ ဟင်နရီဂျီဆာဖေ့ ဂျူနီယာက အထက်ပါ ငွေများကို ဝေလင်ထိန်းသိမ်းငွေသို့ အမြန်ဆုံး ပြန်လည်ပေးသွင်းရန် ကြံရွယ်ချက်ရှိကြောင်း၊ ထို့ပြင် ၁၈၈၁ ခုနှစ်မှ စ၍ အတိုးအညွှန့်များ အပါအဝင် သင့်ဖခင် ထိန်းသိမ်းရန် အပ်နှံထားသည့် ဒေါ်လာ တသိန်း ခုနှစ်သောင်းအတွက် ပေးဆပ်ရန် ကျန်သည့် ငွေကို မစ္စတာ ဟင်နရီဂျီဆာဖေ့ ဂျူနီယာက တာဝန်ယူကြောင်း၊ ထိုကြေးကျန်ကို ၎င်း၏ ဝင်ငွေက ခွင့်ပြုသမျှ ပေးဆပ်သွားမည် ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုရန် ကျွန်ုပ်တို့အား ညွှန်ကြားထားကြောင်းဖြင့် ဖော်ပြထားသည်။

အထက်ပါအတိုင်း ဘလိုင်ယာနှင့် ဂျီမ်မီဆန် ရှေ့နေလုပ်ငန်းက ရှာလီဝေလင့်ထံသို့ စာရေးပြီးသည့်နောက် လေးရက်အကြာတွင် ၎င်းတို့ထံသို့ ရှာလီဝေလင် ပြန်ကြားသည့်စာကို အောက်ပါအတိုင်းရရှိသည်။

ဘလိုင်ယာနှင့် ဂျီမ်မီဆန်
ရှေ့နေလုပ်ငန်း
ဓနသဟာယ အဆောက်အဦး
... ... မြို့။

ခင်ဗျား

ကျွန်ုပ်တို့၏ အမှုသည် ဤမြို့တွင် နေထိုင်သူ မစ္စ စီ အယ်လ် ဝေလင် က ကျွန်ုပ်တို့အား လူကြီးမင်းတို့၏ ၄ ရက် နေ့စွဲဖြင့် ပေးပို့သော စာကို ရည်ညွှန်းလျက် လူကြီးမင်းထံ ပြန်ကြားရန် ညွှန်ကြားသည်မှာ ကွယ်လွန်သူ ဟင်နရီဂျီဆာဖေ့၏ ကျန်ရစ်သော ပစ္စည်းဥစ္စာများနှင့် စပ်လျဉ်း၍ လူကြီးမင်းတို့၏ ကြံရွယ်ချက် သဘောထားများကို ကျေးဇူး ဥပကာယ တင်ရှိလျက် ထိုကိစ္စနှင့်စပ်လျဉ်း၍ မစ္စတာ ဟင်နရီဂျီဆာဖေ့ ဂျူနီယာ၏ စိတ်ဓာတ်ကို ချီးကျူးပါသော်လည်း ယင်းအဆိုပါ ပစ္စည်း ဥစ္စာများကို ဆက်ခံ တောင်းဆိုပိုင်ခွင့် ရှိသည်ဟု

ဝင်းတင် မြန်မာပြန်သော ကို

မယူဆပါသဖြင့် ယင်းအဆိုပါ ပစ္စည်းများ အားလုံးကို သော်လည်းကောင်း၊ သို့မဟုတ် တစိတ်တဒေသကို သော်လည်းကောင်း လက်ခံရန် ယတိပြတ် ငြင်းပယ်ပါကြောင်း။

လေးစားစွာဖြင့်
အမ်ပါဆင်းဘိုလင်နှင့်ဘတ်

ထပ်မံရောက်လာသော ဘလိုင်ယာနှင့် ဂျိမ်မီဆန် ရှေ့နေလုပ်ငန်းမှ တိုက်တွန်းစာများကို အမ်ပါဆင်း ဘိုလင်နှင့် ဘတ် ရှေ့နေလုပ်ငန်းတို့က တိုတုတ် ပြတ်သားသော ပြန်စာများဖြင့် ဖြေကြားလျက်ပင် ရှိသည်။

နောက်ပိုင်းတွင် ရှေ့နေကြီးများ စာချင်းဆက်သွယ်မှု ရပ်ဆိုင်းသွားသည်။ သို့သော် ဒုတိယအကြိမ် ငြင်းဆန်စာပေးပို့ပြီးနောက် တရက်နှစ်ရက်အကြာတွင် မစ္စဝေလင်ထံ အမွေကိစ္စ စာတစောင် ရောက်လာပြန်သည်။ ယခုအကြိမ် စာမှာ ပုဂ္ဂိုလ်ရေး ပေးစာဖြစ်သည်။ စာအိတ်ပေါ်တွင် ရှာလီ ကောင်းကောင်း သိသော သပ်သပ်ရပ်ရပ် သေးသေးကွေးကွေး လက်ရေးများကို တွေ့ရသည်။ စာမှာ

ခင်မင်အပ်သော မစ္စဝေလင်ခင်ဗျား

ကျွန်တော့်ဖခင်၏ ကျန်ရစ်သော ပစ္စည်းများကို မစ္စဝေလင်ထံ ပြန်လည် ပေးအပ်ခြင်းသည် မဟာ အမှား တော်ပုံကြီးအား အမှန်သို့ ပြန်လည်ရောက်စေခြင်း ဖြစ်ပါသည်။ သို့ပါသော်လည်း မစ္စဝေလင်က လက်ခံရန် ငြင်းဆန်နေသဖြင့် ကျွန်တော့်အဖို့ အထူးအံ့သြခြင်း၊ စိတ်ပျက်ခြင်း ဖြစ်ရပါသည်။ ထိုက်သင့်စွာ ဆင်ခြင် စဉ်းစားမည် ဆိုပါက သားဖြစ်သူအား ဖခင်ဖြစ်သူ၏ ဂုဏ်သိက္ခာကင်းမဲ့မှု လောင်းရိပ်တွင် ထာဝစဉ် ကျရောက် စေမည့် သဘောထားမျိုးကို မစ္စဝေလင် စွဲကိုင်နိုင်လိမ့်မည်ဟု ကျွန်တော် မထင်ပါ။

ကျွန်တော့်ကို အထင်အမြင် မလွဲစေလိုပါ။ မစ္စဝေလင်အား သဘောထားမကြီးမားသော စိတ်ကူး စိတ်သန်း မျိုး လွှမ်းမိုးနိုင်မည်ဟု တဒင်္ဂမျှ ယုံကြည်၍ မရလောက်အောင်ပင် မစ္စဝေလင်၏ သဘောသကာယကို ကျွန်တော် ကောင်းစွာ သိပါသည်။ သဘောထား ကြီးမားသည်ဟု လက်ခံယုံကြည်သော အလုပ်မျိုးကိုသာ မစ္စဝေလင် လုပ်ကိုင် လိမ့်မည်ဟုလည်း ကျွန်တော် စိတ်ချ ယုံကြည်ပါသည်။ ယခုသော် ဤယူဆချက်များသည် စဉ်မှန်သော အချက်အလက်များနှင့် များစွာ ကွာလှမ်းနေသဖြင့် ထိုစဉ်မှန်သော အချက်အလက်များကို မစ္စဝေလင် လေ့လာသုံးသပ်ရန် ငြင်းဆန်နေသည်ဟုပင် ကျွန်တော် ကောက်ချက်ချရတော့မည်သာ ဖြစ်ပါသည်။

တရားဥပဒေကြောင်းအရ လည်းကောင်း၊ လူမှုရေးကျင့်ဝတ်အရ လည်းကောင်း ဤငွေများသည် မစ္စဝေလင်ပိုင် ပစ္စည်းများ ဖြစ်ပါသည်။ မည်သူမျှ တောင်းခံပိုင်ခွင့် မရှိပါ။

ကျွန်တော့်အပေါ် တရားမျှတစွာ စဉ်းစားလျက် ယခု ကျွန်တော်တင်ပြသည့် အချက်သည် မှန်ကန်ကြောင်း ကျွန်တော်၏ ရှေ့နေများက မစ္စဝေလင်၏ ရှေ့နေများအား သဘောပေါက်သည်အထိ ရှင်းပြစေနိုင်အောင် ကူညီပါရန် မေတ္တာရပ်ခံပါသည်။

မစ္စဝေလင်၏ လက်ရှိသဘောထားကို အစွဲအမြဲ ဆက်လက်၍ စွဲကိုင် ထားမည်ဆိုလျှင် ထိုငွေများကို မစ္စဝေလင်၏ အကျိုးကျေးဇူးအတွက် ရန်ပုံငွေဖွင့်လှစ် အပ်နှံရပါလိမ့်မည်။ မစ္စဝေလင် ကိုယ်တိုင်ကသော် လည်းကောင်း၊ မစ္စဝေလင် အမွေခံများကသော် လည်းကောင်း၊ မစ္စဝေလင်၏ လွှဲအပ်တာဝန်ပေးခြင်း ခံရသူများ ကသော် လည်းကောင်း လက်ခံခြင်း မပြုသမျှ ကာလပတ်လုံး ထိုငွေများကို တပြားတချပ်မျှ သုံးစွဲလိမ့်မည် မဟုတ်ပါ။

မစ္စဝေလင်၏ တရားမျှတသော တာဝန်ဆက်ခံမှုအား ရှောင်ဖယ်ခြင်းကိုလည်းကောင်း၊ ကျွန်တော်၏ ဘဝ အမဲကွက် ပယ်ဖျက်ရန် အခွင့်အရေးအား ငြင်းပယ်ခြင်းကို လည်းကောင်း သဘောထားကြီးမှုအဖြစ် ဆက်လက် ထင်မှတ်နေလိမ့်ဦးမည်ဟု ကျွန်တော် မယုံကြည်ပါ ခင်ဗျား။

ဟင်နရီဂျီဆာဖေ ဂျူနီယာ

ပြန်စာလုံးဝ မလာ။ မတ်လကုန်၍ ဧပြီလရောက်လာသည်အထိ ပြဿနာ တစခန်းရပ်နေလေတော့၏။
Commercial use of this book will be at your OWN RISK !
http://myanmarcupid.net
မြန်မာ့မျှားနတ်မောင်

(၃၁)

ဒေါသမီးတောက်နေသော သူမျက်လုံးများရှေ့တွင် ပုံနှိပ်စာလုံးများက ကခုန်နေသည်။ မြွေဟောက်လို လျှာနှစ်ခွလုပ်တတ်သော စက်ဆုပ်စရာ လူစရိုက်၏ သက်သေ သာဓကတခုကို ကြည့်ပြီး သူ ရင်ဆို့နေသည်။ ချားလ်စ်ဂါဒင်နီယာဝက်စ်သည် ဆတ်ဆတ်တုန်နေသော လက်ဖြင့် ပို့စ်သတင်းစာကို ပစ်ချလိုက်လေသည်။

မီချီဘီဘန်ဂေါ မြို့တော်ဝန်လောင်း အရွေးခံမည်။
ဒီမိုကရက်တစ်ပါတီ ပရိုင်မာရီ အကြိုရွေးပွဲဝင်မည်။

ပရိုင်မာရီ။ ။ ရွေးကောက်ပွဲအတွက် ပါတီ၏ အမတ်လောင်းကို ရွေးချယ်ရန် ကျင်းပသော အကြို လူရွေးပွဲများ။ အမတ်လောင်းကို လူထုကိုယ်တိုင် ရွေးချယ်ခွင့်ရှိသည့်နည်းဖြစ်၍ အမေရိကန်တွင် ခေတ်စားသည်။ သို့သော် ပါတီက ရွေးသူပင် အမတ်လောင်း အကြိုရွေးပွဲများ၌ နိုင်လေ့ရှိ၍ အမေရိကန်ပြည်နယ်အချို့၌သာ ထိုစနစ်ကို အသုံးပြုသည်။

ကြောညာချက်၏ ဆိုလိုချက်ကို ဝက်စ် တပ်အပ်သေချာ မသိစရာ ဘာမျှမရှိ။ ဘန်ဂေါသည် သူတို့ ဂိုဏ်းဂဏာ၏ စကားကိုပြောသည်။ သူသည် ရွေးချယ်သူများ၏ ရွေးချယ်သူဖြစ်သည်။ သူတို့ ဂိုဏ်းဂဏာ၏ အတွေးသည် သူ့အတွေးဖြစ်သည်။ သူတို့ဂိုဏ်းဂဏ လုပ်နည်းလုပ်ဟန်သည် သူ့လုပ်နည်း လုပ်ငန်းဖြစ်သည်။ သူတို့ဂိုဏ်းဂဏာ၏ လူတွေသည် သူ့လူတွေဖြစ်သည်။ ဘန်ဂေါက သူကိုယ်သူ မြို့တော်ဝန်လောင်းအဖြစ် ကြေညာခြင်းသည် လက်ညှိုးညွှန်ရာ ရေဖြစ်သော သူတို့ဂိုဏ်းက သူ့ကို မြို့တော်ဝန်အဖြစ် လျာထားလိုက်ပြီဖြစ်ကြောင်း အဓိပ္ပာယ်ထွက်နေသည်။ အဖွဲ့အစည်းက လျာထားသူသာ ရွေးချယ်ခံရသည် မဟုတ်လော။ မီချီဘီဘန်ဂေါ။ ပလိုနီနီး၏ လူ။

ပလိုနီနီးအကြောင်း တွေးမိတိုင်း ဝက်စ် အသဲနာသည်။ လူကြိုးလုပ်ပြီး ဖြောင်လိမ်ခံရသလား။ သို့မဟုတ် ဖြောင်လိမ်သလား။ ရိုးသားကြင်နာယောင်လွှမ်းသော သူမျက်လုံးများသည် ယုတ်ညံ့လုပ်ကြံသော သစ္စာဖောက်မှုကို ဖုံးကွယ်ထားသလား။ ဝက်စ်ကိုယ်တိုင်ပင်လျှင် အပေါစား ကလိန်ခြုံတနပ်စားတို့၏ လှည့်ဖျားမှုကို ခံရသလား။

ဂေဟာခေါင်းကြီး ရေးပြီးသည့်နောက်ပိုင်းမှစ၍ နေ့စဉ်နှင့်အမျှ ပါတီဘက်က နားလည်မှု၊ တန်ဖိုးထားမှု၊ အရိပ်အယောင် ပြလေမလားဟု ဝက်စ် အလွန်မြော်လင့်နေခဲ့၏။ မပေါ်လာ။

ပါတီ အန္တရာယ်ကြီးကို ပါရဂူမြောက်သော ရင်ကြားစေ့မှုဖြင့် သူ လမ်းလွဲပေးခဲ့သည်။ သူကိုယ်သူ အညွှန့်တလူလူနှင့် လူငယ်တဦးဖြစ်ကြောင်း ပြသခဲ့သည်။ သို့သော် သူနှင့်ပလိုနီနီးမှတပါး အခြားသူတို့ သိပုံပင်မပေါ်။ ရှိစေတော့။

ပို၍ဆိုးသည်မှာ ပါတီ ရင်ဆိုင်နေရသည့် အန္တရာယ်ကြီးကို မျက်ကန်းတစ္ဆေမကြောက် လုပ်ခြင်းဖြစ်သည်။ လွှတ်တော် ရုတ်သိမ်းခါနီးတွင် နိုင်ငံရေးရာထူးသစ်များ ဖန်တီးဖော်ထုတ်ရန် ဒေါ်လာ ရှစ်သောင်းကျော် သုံးစွဲခွင့်ပြုလိုက်သည်။ ငွေကြေပတည်းသည့်နှစ် ဆိုသည်နှင့် လားလားမျှ မလျော်။ မလုပ်မဖြစ်သော အလုပ်လည်းမဟုတ်။ သူ့ လက်ထောက်အယ်ဒီတာ ဟောကိန်းထုတ်ခဲ့သည့်အတိုင်း ဖြစ်နေ၍ ဝက်စ်ခမျာ နဝေတိမ်တောင်ပင်ဖြစ်မိ၏။

ခေါင်းဆောင်ကြီးများ၏ တုံ့ကိုဘာဝေ ခတ်မဆိပ်နေခြင်းသည် သူ့အား စိတ်ကူးဖဲရိုက်စေသည်။ ယခုတော့ ကျက်သရေတုံးသော ဖြစ်ရပ်မှန်သည် ဘွားဘွားပေါ်လာလေပြီ။

ခေါင်းဆောင်ဆိုသူတို့ သူ့ကို လက်ကိုင်တုတ် လုပ်ခဲ့ကြသည်။ စိတ်ရှည်စွာ 'တန်းစီ' နေသည့် သူ့ကို ကျော်ကာ ပျက်စီးခြင်းငါးပါး တိုင်နေသော ဘန်ဂေါကို ပန်းကုံးစွပ်ခဲ့သည်။

ဝက်စ် နာသာခံခက် ရှိလှသည်။ အနာဂတ် ဖြောင့်ဖြူးနေသော ဘလန်းကောလိပ် ဥက္ကဋ္ဌ ရာထူးမှ နုတ်ထွက်ခဲ့ရသည်မှာ ဒီလို လက်ကိုင်တုတ် လုပ်ခံရဖို့လား။

သူ့ဆန္ဒ သူ့ရည်မှန်းချက်ကို စတေးပစ်ခဲ့ရသည်မှာ ဒီလို လက်ကိုင်တုတ် လုပ်ခံရဖို့လား။ ရေငုံ နှုတ်ပိတ်ပြီး ဆယ်လတိုင်တိုင် 'တန်းစီ' နေခဲ့ရသည်မှာ ဒီလို လက်ကိုင်တုတ် လုပ်ခံရဖို့လား။ မိတ်ဆွေရင်းချာတို့၏ ဆန္ဒနှင့် အများကောင်းကျိုး ယှဉ်လာရာတွင် အများကောင်းကျိုးကို သတ္တိရှိရှိ ရွေးချယ်ပြီး ရေငုံနှုတ်ပိတ် လုပ်နေခြင်းဖြင့် တလောကလုံးရှိ သူ့အကောင်းဆုံး မိတ်ဆွေများ၏ အထင်အမြင်လွဲမှုကို ငုံခံနေခဲ့ရသည်မှာ ဒီလို လက်ကိုင်တုတ် လုပ်ခံရဖို့လား။

အစားမထိုးနိုင်သော သူ့လက်ထောက် အယ်ဒီတာကို လက်လွှတ်ခဲ့ရသည်မှာ ဒီလိုလက်ကိုင်တုတ် လုပ်ခံရဖို့လား။ ပြိုင်ဘက်သတင်းစာက သူ့သတင်းစာကို ပလိုဒီနီး၏ အာဘော်ဟု စွပ်စွဲခံရသည်မှာ ဒီလို လက်ကိုင်တုတ် လုပ်ခံရဖို့လား။ ယနေ့နံနက် သတင်းစာ အလုပ်ကို သူ စက်ဆုပ်သည်။ 'တန်းစီ' ရသည့် အလုပ်ကို အော့နလုံးနာသည်။ လူထု မြှင့်တင်ရေးကြိုးပမ်းမှုကို စိတ်ကုန်သည်။

သူ့သတင်းစာအလုပ်က ဘာကောင်းကျိုးပေးသလဲ။ အလုပ်ဒလစပ်လုပ်ရသည်။ လူထု ထင်မြင်ချက်များကို မနားတမ်း ဖန်တီးရသည်။ ကျေးဇူးမတင်။ တန်ဖိုးမထား။ ပလိုဒီနီး အာဘော်အဖြစ် တံဆိပ်တပ်ခံရသေးသည်။

လူထုမြှင့်တင်ရေး လုပ်ငန်းကကော ဘာကောင်းကျိုးပေးသလဲ။ တိုးတက်မှု ဟူသည် တလက်မ ရှေ့သို့ ရွေ့အောင် တွန်း၍ ရကောင်းတာမျိုး ဟုတ်ရဲ့လား။ သူ့ကို ကျေးဇူးတင်ရကောင်းမှန်း မသိ။ သူများအတွက် ကိုယ်ကျိုးမဖက် တာဝန်ထမ်းရွက်ခြင်းဖြင့် သူ့ဘဝကို အပွန်းခံရတော့မလား။

နိုင်ငံရေးလုပ်ငန်းကိုလည်း ယခုအဖြစ်ကသာ နမူနာဆိုလျှင် မလုပ်ရလေ ကောင်းလေပင်။ ကြောင်သူတော် အလုပ်၊ လျှာနှစ်ခွအလုပ်၊ သစ္စာဖောက်အလုပ်၊ လူထုကောင်းစားရေး ဗန်းပြ၍ တနပ်စားကြံသူများနှင့် တလေထဲ စီး တခရီးထဲသွား အလုပ်မျိုးထက် အခြား ရရာအလုပ်ကို လုပ်ရခြင်းက ကောင်းဦးမည်။

ဝက်စ်သည် သူ့ကိုယ်သူလည်း သံသယ ပွားမိ၏။ ဧဟာ ကိစ္စတွင် သူ့ကိုယ်သူ ထင်ထားသလို သူ အပြစ်အနာအဆာ ကင်းရဲ့လား။ သူ ဘယ်လိုလူစားလဲ။ စွဲစွဲမြဲမြဲ ဇွဲနဲပဲကြီးကြီးရှိသူ ဟုတ်ရဲ့လား။ လူတကာက အယုံသွင်းတိုင်းရသည့် ပဲ့ပြားပင်လို လူစားလား။

တမနက်လုံး ဝက်စ် စိတ်မချမ်းမသာ ဖြစ်နေခဲ့သည်။ ကလပ်တွင် နေ့လယ်စာ စားချိန်ရောက်မှ ရွှင်ရွှင်လန်းလန်း ပြန်ဖြစ်လာသည်။ မိတ်ဆွေဟောင်းများလိုပင် တပျော်တပါး ဟေးလား ဝါးလား လိုက်လုပ်နိုင်လာသည်။

နာရီဝက်ခန့် အကြာတွင် နံနက်ပိုင်းက စိတ်ညှိုးငယ်ခဲ့ခြင်းကို ပြန်၍ စဉ်းစားမိပြီး အံ့သြမိသေး၏။ ဘာကြောင့်များ မျက်သားညို အလိုမကျ ဖြစ်ခဲ့ရပါလိမ့်။ မြို့တော်ဝန်ရာထူးကို ငွေလင်ပန်းပေါ်တင်၍ အဆက်အသ မခံခဲ့ရသည်မှအပ ဘာတခုမျှ မဖြစ်ခဲ့။ မြို့တော်ဝန်ရာထူး မရသည်မှာလည်း ဆုံးရှုံးမှု ဟုတ်ရဲ့လား။ ဝဋ်ကျွတ်ခြင်းပင် ဖြစ်နိုင်သေးသည် မဟုတ်လား။ မြို့တော်ဝန် အလုပ်က ပျင်းစရာ ငြီးငွေ့စရာ မဟုတ်လား။

ထိုနေ့သည် နေသာသာ၊ မိုးပြာပြာ၊ လေညှင်းဖြာဖြာ၊ နွေဦးရာသီ၏ အတောက်ပဆုံး၊ အသာယာဆုံးနေ့။

ဝက်စ်သည် ကလပ်ပေါ်မှ ဆင်းလာသောအခါ ရန်ထုံသော လေချိုအေးကို နှစ်လိုနှစ်ခြိုက် မွေးရှိုက်လိုက်၏။ ဤလိုနေ့မျိုးတွင် အလုပ်ခွင်အနား မသီချင်။ နက်ဖြန်တွင် ပို့စ်သတင်းစာဖတ် ပရိသတ်တို့ အချာစား၊ အညှစ်စား ခေါင်းကြီးများကိုသာ ဖတ်ပေရော့။ သူဘာရေးရေး လူလတ်တန်းစား နလပိန်းတုံးများအဖို့ ကောင်းလွန်း၍ပင် နေသေးဦးမည် မဟုတ်လား။

ဝက်စ်၏ ကားနီကြီးသည် အိုမင်းရွတ်တွနေပြီ။ ဆေးသုတ်ရဦးမည်။ သို့သော ပြေးကောင်းတုန်း၊ ဆွဲကောင်းတုန်းရှိသေးသည်။

မစ္စအေဗာရီသည် ဒါထက် စုတ်ချာသော မော်တော်ကားကြီးကိုပင် အသရေလွှမ်းစေနိုင်မည့် လှတမျက်နှာ ယဉ်တကိုယ်လုံးနှင့် ကျော့ရှင်းမှုရာ ပိုင်ရှင်ဖြစ်သည်။ ယနေ့ နေ့လယ်ပိုင်းတွင် မစ္စအေဗာရီသည် ဝက်စ်၏ ဖိတ်ကြားချက်အရ ထိုကားနီကြီးကို မြို့မှခွာ၍ ဝေးရာသို့ မောင်းနှင်နေ၏။

ချားလ်စ် ဂါဒင်နီယာဝက်စ်က သူ့ကို ပြောစရာရှိသည် ဆိုလျှင် ယခုအချိန်သည် အကောင်းဆုံးအချိန် ဖြစ်ကြောင်း မစ္စအေဗာရီ တွေးမိသည်။ သူ စောင့်စားနေသည့် ယောကျ်ားသား၏ လျှာကို ဘာက ထူးခပ် ထားသလဲ။ ဒါကို သူ သိအောင်မလုပ်နိုင်လျှင် ရှာလီဝေလင်ကို တွေ့တိုင်း ရှာလီအပေါ် ဝက်စ်ပြုမူဆက်ဆံပုံကို သူ သံသယဖြင့် စောင့်ကြည့်ခဲ့သည်။

နေဝင်ရိုးရီတွင် သူတို့မြို့ဘက်သို့ ပြန်ကွေ့လာကြသည်။ ထိုအချိန်တွင် မစ္စအေဗာရီက အပျော့ဆွဲလေသံဖြင့်

"အချစ်တော်ကလေး ရှားလော့ ဝေလင်ကော ဘယ်နဲ့လဲ။ သူ့ကို ကျမ တွေ့ခဲ့တာ တပတ်ပဲ ကြာသေးပေမယ့် မတွေ့ရတာ တနှစ်လောက်တောင် ရှိနေပြီလို့ ထင်မိတယ်"

"ကျွန်တော်နဲ့ နောက်ဆုံးတွေ့တဲ့အချိန်ထိတော့ နေကောင်းထိုင်သာပါပဲဗျာ"

သူစုံဖက်လိုသော မိန်းကလေးအကြောင်းကို ဝက်စ် ဤမျှသာ ပြောသည်။ ဘီဗာလေဘတ်အိမ်တွင် တွေ့စဉ်က အစဖော်ခဲ့သည့် သူချစ်ဆန္ဒကို ရှာလီအား ဆက်ပြောပြဖို့ ဖြစ်သော်လည်း အခါအခွင့် မပေါ်ခဲ့။ သူစိတ်ကတော့ ဖွင့်ဟပြောရန် ယတိပြတ် ဆုံးဖြတ်ပြီးဖြစ်၏။ ယခု သူ့ဘေးတွင် ထိုင်နေသည့် မိန်းမပျိုကလေးက သူစိတ်ကို တိမ်းညွတ်စေပြန်သည်။ မှန်၏။ သို့သော် သူစိတ်သည် တိမ်းလွယ်ညွတ်လွယ် မဟုတ်။

ဝက်စ်က သူပြိုင်ဘက်ကို ယခုလအတွင်း ချစ်ရေးဆိုပြီး အောက်တိုဘာလတွင် လက်ထပ်ရန် ကြံနေမှန်း မသိရှာသည့် မစ္စအေဗာရီက ပျင်းတိပျင်းရွဲပင် စကားဆက်ပြောနေသည်။

"ကျမစိတ်ထဲတော့ ရှာလီဟာ မြို့ကျက်သရေ ဆောင်ကလေးပါပဲရှင်။ ဆေးရုံကိစ္စလား။ ဘာကိစ္စလား။ သူစိတ်ပျက်နေတာတော့ ပြီးသွားပါပြီနဲ့ တူပါရဲ့"

"ဟုတ်ပါလိမ့်မယ်။ ဘာမှတော့ ပြောသံမကြားရဘူး"

ဝက်စ်၏ အပြုံးမျက်နှာတွင် တိမ်သလွှာဖုံးသွားသည်။ မစ္စအေဗာရီက ကျေကျေနပ်နပ်ကြီး သတိထားလိုက်မိသည်။

"လူပြောများနေတဲ့ မစ္စတာဆာဖေ့ကလေးလဲ ကျမ မတွေ့ဘူးသေးဘူး" မစ္စအေဗာရီက လမ်းပေါ်မှ လူများကို ကားရှောင်ရင်း ပြောသည်။ "ဒါပေမယ့် မှန်တာပြောရရင် ကျမဖြင့် သူ့အကြောင်းကို တနုံ့နုံ့ တွေးပြီး စိတ်မကောင်း ဖြစ်နေမိတယ်ရှင်"

"စိတ်မကောင်း ဖြစ်ရတယ်လား။ ဘာကိစ္စ"

"အိုး၊ ရှင်မကြားမိဘူးလား။ တကယ်ကြေကွဲစရာ ကောင်းပါတယ်ရှင်။ ပို့စ်မှာ သူ ခေါင်းကြီးတပုဒ် ရေးလိုက်တာကို ရှာလီဝေလင်က ဒီအပိုင်းတော့ ရှင်က ကျမထက်ပိုသိမှာပါ"

"အဲဒီခေါင်းကြီးက သူရေးတာမှမဟုတ်ဘဲ" ဝက်စ်က မဆိုင်းမတွပြောသည်။

"ကျွန်တော်ကိုယ်တိုင် ရေးလိုက်တာပါ"

"ရှင်ရေးတာ ဟုတ်လား"

မစ္စအေဗာရီက ဝက်စ်ကို အလန့်တကြား ကြည့်လိုက်သည်။

"ခွင့်လွှတ်ပါရှင်။ ကျမ မသိပါဘူး။ ကောလဟာလတွေက အမျိုးမျိုး ဖြစ်နေတာမဟုတ်လား။ လူတိုင်းကတော့ သူရေးတယ်ချည်း"

"လူတွေ ထင်တာတော့ ကျွန်တော် ဘယ်တတ်နိုင်မလဲ"

ဝက်စ်က ခပ်ထန်ထန်ပြောသည်။ သို့သော် စိတ်အားကတော့ ခပ်ငယ်ငယ် "လျှို့ဝှက်ချက်လဲ မဟုတ်ဘူး။ ဖုံးတာဖိတာလဲ နည်းနည်းမှ မရှိပါဘူးဗျာ"

"ဒါဖြင့် ရှာလီ အားလုံးသိတာပေါ့။ ဟုတ်လား"

"သူ သိတာ မသိတာတော့ ကျွန်တော် မသေချာဘူး။ ကျွန်တော်က သူ့ကို ချက်ချင်း ရှင်းပြမယ် လုပ်ပါတယ်။ ဒါပေမယ့် သူ သိပ်စိတ်ထိခိုက်နေတုန်း ဆိုတော့ လက်လျော့လိုက်ရတယ်။ ခုလဲ ရှင်းပြဖို့ အချိန်စောင့်နေတာပဲ။ သူ့ဘက်ကတော့ ဒီကိစ္စကို ပြည်ဖုံးကား ချလိုက်ပီနဲ့ တူပါတယ်။ ဘာပဲဖြစ်ဖြစ်လေ။ သူလိုအင်ဆန္ဒထက် ပိုပြီး ခိုင်လုံတဲ့ အဆုံးအဖြတ်နဲ့ အဲဒီခေါင်းကြီး ရေးလိုက်တာပဲ။ ဒါကို မရမက ရှင်းနေဖို့ မလိုပါဘူး"

ကားမောင်းနေသည့် မစ္စအေဗာရီက ခေတ္တငြိမ်နေသည်။ ဝက်စ်နှင့် စကားနိုင်လုစရာမလိုမှန်း သူသိသည်။ သူ့လက်ထဲတွင် ဝှက်ဖဲရှိသည်။

"ဟုတ်တာပေါ့။ ရှင်လုပ်တာ မှန်ပါတယ်။ ဒါပေမယ့် စိတ်မရှိနဲ့နော်။ ကျမကတော့ မစ္စတာ ဆာဖေ့ကလေး အတွက် စိတ်မကောင်းမဖြစ်ဘဲ မနေနိုင်တာတော့ တကယ်"

"ကောင်းပါပီဗျာ။ ဘာဖြစ်လို့ စိတ်မကောင်းမဖြစ်ဘဲ မနေနိုင်တာလဲဆိုတာ ပြောပြပါဦး"

မစ္စအေဗာရီက မစ္စတာဆာဖေ့ကလေးနှင့် မစ္စဝေလင်တို့၏ ဇာတ်လမ်းကို သူသိသမျှ ပြောပြသည်။ သူ ဘယ်ပုံ ဘယ်နည်း သိလာရသည်မှာ လျှို့ဝှက်ချက်ဖြစ်သည်ဟုလည်း ဆိုသည်။ အတင်းအဖျင်းဟူသည် အာဂပ် နတ်ဘီလူး နှင့် တူသည်။

အာဂပ်။ ။အိုင်အိုအမည်ရှိ နွားမဒန်းကလေးကို စောင့်ရှောက်ရသည့် ဘီလူး၌ မျက်လုံး ၁၀၀ ရှိသည်။ သူ့မျက်လုံးများသည် သူသေသောအခါ ဒေါင်းမြီး၌ ဝင်စားပြီး ဒေါင်းမြီးကွက်များ ဖြစ်လာသည်ဟု ဂရိ ဒန္တာရီတွင် ဆိုသည်။ သူ့တွင် မျက်လုံးတရာရှိသကဲ့သို့ သူ့အသံကို ကြားလိုသည့် နားကလည်း တထောင်ရှိသေးသည်ဟု ဆိုသည်။

မစ္စအေဗာရီသည် မစ္စတာ ဆာဖေ့ ကလေးအပေါ် ရှာလီ၏ သဘောထားကို သူသိသမျှ ပြောပြရာတွင် ဝက်စ် ကောက်ကာင်ကာ တစုံတခု လုပ်အောင်လည်း အလေးအနက်ပြောသည်။ ဝက်စ် ဘာမျှ မလုပ်ဖြစ်ဘဲ နောက်တွန့်သွားလောက်အောင်လည်း အလေးအနက်မပြော။ သံနည်း တမန်နည်းဆံဆံ ပြောသည်။

"သူ့အပေါ် အပြစ်တွေ ပုံချတာကို ငုံခံတာကို တော်တယ်လို့ ခေါ်ရမှာပေါ့နော်။ လူတွေ ပြောနေသလို သူက ရှာလီ့ကို ကြိုက်နေပြီး ရှာလီက သူ့ကို ပြန်စောင်းတောင် မကြည့်ဘူးဆိုတာသာ ဟုတ်ရင် သာပြီး ချီးမွမ်းရမှာပဲ"

"တော်တာပေါ့။ သိပ်တော်တာပေါ့။ ဒါပေမယ့်"

မစ္စအေဗာရီ ပြောပြသည့် ဇာတ်လမ်းသည် သူ့အဖို့ အတော် စိတ်ကသိကအောင့် ဖြစ်ရသည်။ ရှာလီနှင့် သူလက်ထောက် အယ်ဒီတာတို့ ဖြစ်ပုံပျက်ပုံကို သူမသိရိုးအမှန်။ လွန်ခဲ့သည့် ရက်ပေါင်းများစွာကပင် ရှင်းပြသင့်ခဲ့လျက် ရှင်းမပြမိသည့်အတွက်လည်း သူ လိပ်ပြာမလုံ။

"ကျွန်တော်လဲ စိတ်မကောင်းပါဘူးဗျာ။ ဒီသူငယ်လေးကို ကျွန်တော် အများကြီး ခင်ပါတယ်။ ခုတော့ ခင်ဗျားပြောပြလို့ အားလုံး ရှင်းသွားတော့မှာပါ"

"အို၊ ကျမကလဲ သိတာမဟုတ်ပါဘူး" မစ္စအေဗာရီက ပြောသည်။ "ကျမ ကြားတာတော့ ရှာလီက သူ့ကို အိမ်အဝင်တောင် မခံတော့ဘူးလို့ ဆိုတာပဲ"

"ဒါတော့ ဘယ်ကောင်းမလဲဗျာ။ ဒီနေ့ညပဲ ကျွန်တော် ရှင်းပြလိုက်ပါ့မယ်"

ဝက်စ်သည် သူ့စကားအတိုင်း လုပ်သလောက်နီးနီး လုပ်သည်။ နောက်တနေ့ညတွင် ရှာလီဝေလင်ကို သွားတွေ့သည်။ သူ့စိတ်ထဲတွင် မပြောင်းလဲနိုင်သော ကြံရွယ်ချက်နှစ်ခု ပါသွားသည်။ ကြံရွယ်ချက် တခုမှာ ဂေဟာကိစ္စ ခေါင်းကြီးအကြောင်း အိတ်သွန်ဖာမှောက် ရှင်းပြရန်ဖြစ်သည်။ အခြား ကြံရွယ်ချက်တခုမှာ သူ့အသည်းနှလုံးကို ရှာလီ ထာဝရ စိုးမိုးနေကြောင်း အလိုက်သင့် အလျားသင့် ပြောပြရန်ဖြစ်သည်။

မစ္စအေဗာရီအဖို့ စွဲမက်စရာကောင်းသော ပို့စ်အယ်ဒီတာက သူ့မူဝါဒများကို နံနက်တိုင်း ရောင်းစားနေသည်ဖြစ်စေ၊ မနေသည်ဖြစ်စေ၊ စိုးစဉ်းမျှ မထူးခြား။ သူ့ပေါင်းသင်းဆက်ဆံရေး အဆင့်အတန်း မလျှောကျသမျှ ဘာမျှ မထူးခြား။ သို့သော် ရှာလီဝေလင်ကမူ တမျိုးတဖုံ သဘောထားမည်ဖြစ်ကြောင်း သူ့ဇီဇစိတ်က သိနေသည်။ ထို့ကြောင့် ဝက်စ်ကို ရှာလီဝေလင်နှင့် မတွေ့တွေ့အောင် အကွက်ဆင်သည်။ ဝက်စ်ကလည်း မစ္စအေဗာရီ အကွက်ဆင်သည့်အတိုင်း ရှာလီနှင့် မျက်နှာချင်းဆိုင်သည်။

"ခင်ဗျားကို ပြောစရာကလေးတခုရှိတယ်။ ခင်ဗျား မကြားချင်တဲ့ ကိစ္စပါပဲ။ ဂေဟာကိစ္စလေ"

ရှာလီ၏ ရွှင်ပြုံးချိုမြနေသော မျက်နှာသည် ချက်ချင်း ပြောင်းသွားသည်။ ငြိမ်ကျသွားသည်။ သူ့မျက်လုံး ပြာကလေးများတွင် စိတ်ဝင်စားမှု ထင်ဟပ်လာသည်။

"ဟုတ်လား။ ရှင်ပြောချင်တာ ရှိသမျှ ပြောစမ်းပါဦးရှင်"

"ပို့စ်မှာ ရေးခဲ့တဲ့ ဂေဟာကိစ္စ နောက်ဆုံးခေါင်းကြီး မှတ်မိမှာပေါ့"

"မမှတ်မိဘဲ နေပါ့မလားရှင်။ ကျမ ဒီလောက် မေ့လွယ်ပါ့မလား"

ရှာလီဖြေပုံကို ဝက်စ်မကြိုက်။ ဒီကိစ္စ ဒီလောက် အပြောရကြပ်လိမ့်မည်ဟု သူမထင်မှန်းခဲ့။

"အင်း၊ အဲဒီခေါင်းကြီးအတွက် တာဝန်ရှိတယ်ဆိုပြီး ဆာဖေ့ကလေးကို ခင်ဗျား ပစ်ပစ်ခါခါ လုပ်နေတာ ကြားရလို့ စိတ်မကောင်းဘူးဗျာ"

ဝက်စ်၏ သဘောထားကြီးသော ကြားဝင်မှုအတွက် ရှာလီ နှလုံးစိတ်ဝမ်း ချမ်းမြေ့သွားသည်။ သို့သော် ကွိုအပေါ် သူဆက်ဆံပုံအတွက် ဝက်စ် အပူတရွေးသားမျှ မရှိဟု သူယူဆသည်။

"အဲဒီတော့"

ဝက်စ်က မအီမသာဖြင့် "ခင်ဗျား အထင်မှားနေပြီလို့ ပြောချင်တာပဲ။ တာဝန်ရှိတာက ကျွန်တော်ပဲဟာ"

"အော်၊ ရှင်က အယ်ဒီတာဆိုတော့ သတင်းစာမှာ ပါသမျှ တာဝန်ယူတယ်လို့ ပြောချင်တာလား"

"မဟုတ်ဘူး" ဝက်စ်က ဖြေသည်။ "မဟုတ်ဘူး" ဝက်စ်သည် အလောသုံးဆယ် သေကြောင်းကြံမိပြီးမှ နောင်တရသလို ခံစားလိုက်ရသည်။

"မဟုတ်ဘူး။ ခေါင်းကြီးကို ကျွန်တော် ကိုယ်တိုင် ရေးတာ"

"ရှင်ရေးတာ၊ ဟုတ်လား"

ရှာလီ၏ မေးခွန်းသည် မစ္စအေဗာရီ၏ မေးခွန်းအတိုင်းပင် ဖြစ်သော်လည်း သူတို့ မေးခွန်းများ၏ တူညီမှုသည် လေသံတူညီမှုတွင်သာ စခန်းသိမ်းသည်။

ရှာလီသည် ကုလားထိုင်တွင် တုတ်တုတ်မျှ မလှုပ်မယှက် ထိုင်နေသည်။ သူ့မျက်တောင်ကော့ကြီးများကို တဖျတ်ဖျတ် ခတ်နေသည်။

"အိုး" ရှာလီက ပင့်သက်ကလေးရှိုက်လျက် ပြောလိုက်သည်။ "ကျမ ဝမ်းသာတယ်၊ ဝမ်းသာတယ်"

ဝက်စ်သည် သက်သာရာရသွားပြီး သက်ပြင်း ရှူချလိုက်မိသည်။ ရှာလီဝမ်းသာသွားပြီ။ ဤကိစ္စပြီးသွားပြီ။ မိန်းမဆိုတာ သူတို့ချစ်တဲ့ ယောကျ်ားကို ခွင့်လွှတ်တတ်တာမျိုးပဲဆိုတာ သူ စောစောက မသိလေခြင်း။ အခြားယောကျ်ားသာဆိုလျှင် ငြိမ်နေမည့်ကိစ္စကို သူက ဖွင့်ပြော၍ ရှာလီဝမ်းသာတာဖြစ်မည်။ သို့သော် ရှာလီ၏ အကြည့်သည် သူ့ကို ခေါင်းနောက်စေသည်။ ရှာလီ၏စကားက သူ့ကိုနားရွပ်စေသည်။ ဝမ်းသာကြောင်း ပြောရုံနှင့် မပြီးသေး။ တခုခု ထပ်ပြောသင့်သေးသည်ဟု ထင်မိ၏။

"ဒီကိစ္စကို တောင်လိုလို မြောက်လိုလို ဖြစ်နေအောင် ကျွန်တော်မလုပ်ချင်ဘူး။ ဒါတော့ ပြောဖို့မလိုပါဘူး ထင်ပါရဲ့။ ကျွန်တော် စောစောကတည်းက ခင်ဗျားကို ရှင်းပြဖို့ပဲ။ အခွင့်အရေး မကြုံတာနဲ့ ရှင်းမပြဖြစ်ဘူး"

ရှာလီသည် သူ့ကို မော့ကြည့်လိုက်၏။ စကားလုံးဝ မပြော။

"ကျွန်တော် ပြောတော့ ပြောတော့မလို့ဘဲ" ဝက်စ်က တုန်တုန်လဲ့လဲ့ ရယ်လိုက်ကာ "ခင်ဗျားက ဒီကိစ္စ သိပ်နာကျည်းနေတော့ သွေးအေးတဲ့အထိ စောင့်နေတာ"

ရှာလီက စကားတခွန်းမဟဘဲ ငြိမ်ငြိမ်ကြီးထိုင်ကာ သူ့ကိုသာ စိမ်းစိမ်းကြည့်နေသည်။

"ကျွန်တော်ချက်ချင်း မပြောမိတာ စိတ်မကောင်းပါဘူးဗျာ။ စေတနာကောင်းနဲ့ မပြောမိတာပါ။ မစ္စဝေလင်ခင်ဗျား ဘာဖြစ်လို့ ကျွန်တော့်ကို ဒီလိုကြီး ကြည့်နေတာလဲ။ ကျွန်တော် နားမလည်ဘူး"

ရှာလီက ဆတ်ကနဲဖြစ်သွားကာ "ရှင့်ကို ဘယ်လိုများ ကျမ ထူးထူးခြားခြား ကြည့်နေလို့လဲ"

"ခင်ဗျား ကြည့်နေပုံက ရှိုစုမဲ့စု နောက်ဆုံး မိတ်ဆွေတယောက် ပျောက်သွားလို့ စိတ်ညစ်နေတဲ့ ပုံမျိုးပဲ"

ဝက်စ်က ရယ်သံကလေး နှောချ၍ ပြောသည်။

"နောက်ဆုံး မိတ်ဆွေတော့ မဟုတ်ပါဘူး"

"သိပ်လဲ ဆွေးမနေပါနဲ့ဗျာ။ ကျွန်တော်လဲ ဒီကိစ္စအတော် စိတ်ဆင်းရဲပါတယ်"

"ရှင် စိတ်ချမ်းသာအောင်တော့ ကျမလဲ မတတ်နိုင်ဘူးရှင်။ ကျမ ဆွေးရုပ်ပေါက်နေတယ်ဆိုရင် ကျမ စိတ်ထဲကကို ဆွေးနေလို့ပဲ"

"ဆွေးတယ်" ဝက်စ်က သံယောင်လိုက်၍ ကြောင်တက်တက်မေးသည်။

"ဒီကိစ္စ ရှင်းသွားပြီပဲ။ ဘာဆွေးနေရတော့မှာလဲ"

"ရှင်းမသွားနိုင်တဲ့ အစိတ်အပိုင်းက ရှိနေသေးတာပဲရှင်။ ဆွေးစရာ မကောင်းဘဲ ဘယ်နေပါ့မလဲ"

ရှာလီ ဗြုံးကနဲ ရပ်လိုက်ပြီး ဧည့်ခန်းထဲတွင် လူးလာခေါက်တုံ့ လျှောက်နေသည်။

ဝက်စ် မျက်စိသည် ရှာလီကို တကောက်ကောက် လိုက်ကြည့်နေသည်။ သူ့တသက်တွင် ဤအချိန်လောက် ရှာလီကို ဘယ်တုန်းကမျှ စုံစုံမက်မက် မြတ်မြတ်နိုးနိုး မဖြစ်ခဲ့။

ရှာလီ သူ့ဆီသို့ ပြန်လျှောက်လာပြီး စကားပြောသည်။

"ကျမမှတ်မိသေးတယ်။ ကျမ ဆယ်နှစ်သမီးလောက်ကတည်းက ရှင့်အကြောင်း ကြားဖူးနေတယ်။ ရှင်က လူလား မမြောက်လှသေးပေမယ့် လူတွေက ရှင့်အကြောင်း တဖွဖွ ပြောလှပြီ။ သူတို့ ဘာတွေ ပြောတယ်ဆိုတာ ကျမ မမှတ်မိပေမယ့် အကောင်းတွေချည့် ပြောတာတော့ မှတ်မိတယ်။ ကျမက မြင့်မြင့်ကြဲ မှန်မှန်လုပ်တဲ့ လူတွေကို သိပ်သဘောကျတယ်။ ကျမ အဖေလဲ အဲဒီလို လူစားမျိုးပဲလို့ ထင်တာကိုး။ အဲဒီစိတ်ဓာတ်ကို ပညာတို့၊ အစွမ်းအစတို့၊ ရပ်ရေရူပကာတို့ထက် ကျမ တန်ဖိုးထားတယ်။ ရှင့်အကြောင်းတွေ ကြားရတော့ ကျမ သိပ်အထင်ကြီးတယ်။ ရှင်ဟာ ကျမရဲ့ သူရဲကောင်း၊ ကျမရဲ့ **ဆာဂါလာဟက်** ဖြစ်လာတယ်။ ကျမ ၁၆ နှစ်သမီးလောက်ကျတော့ ရှင်နဲ့ လမ်းမှာ တွေ့ရင် ကျမ ရင်ခုန်တယ်။ ကျမ ရင်ခုန်သံကို ရှင်ကြားမလား လို့တောင် စိုးရိမ်မိတယ်။ ကျမကြီးလာတော့လဲ ရှင့်ကို အဲဒီလိုပဲ အသဲဗမ္မာန်ပေါ်မှာ ပသ ထားခဲ့တာပဲ။ ရှင့်ကို ကျမ ချစ်တယ်လို့ ကံသေကံမ ပြောနိုင်ခဲ့တယ်။ ကျမ ဘာဖြစ်လို့ ဒီလို ရင်ဖွင့်နေသလဲလို့ ရှင်အံ့သြမှာပဲ။ အဲဒါတွေက အတိတ်မှာ ကျန်ခဲ့လို့ ကျမ ရင်ဖွင့်နိုင်တာပဲ။ ဒါကြောင့် ကျမအဖို့ ဆွေးစရာပဲလို့ ပြောတာ။ ကျမ သူရဲကောင်း

က သေရှာပြီ။ ဆာဂါလာဟက်ကလဲ စာအုပ်ထဲမှာပဲ ရှိတယ်။ အဲဒါ ဆွေးစရာကောင်းတယ်လို့ ရှင် မထင်မိဘူး လား ဟင်”

ဆာဂါလာဟက်။ ။ အင်္ဂလိပ် ဒန္တာရီလာ အာသာဘုရင်၏ သူရဲကောင်း စားပွဲဝိုင်းအဖွဲ့မှ အမြင့်မြတ်ဆုံး၊ အစစ်မှန်ဆုံး သူရဲကောင်း။ ဆာလန်စီလော့နှင့် လေဒီအိုလိန်းတို့၏ သား။ ခရစ်ယာန်ဘာသာဝင်တို့၏ အစင်ကြယ်ဆုံးဘွဲ့ဖြစ်သော ဟိုလီဂရေးလ် ဘွဲ့ရသည်။

ဝက်စ်သည် ရှာလီကို တရှိုက်မက်မက် ငေးကြည့်နေသည်။ ရှာလီ၏ မျက်လုံးများတွင် မျက်ရည်စိမ့်စိမ့် ပြည့်လျှံလာသည်။ ရှာလီသည် ဝက်စ်ကို မျက်နှာလွှဲလိုက်ပြီး ငြိမ်နေသည်။ ထို့နောက် သူ့ကို မကြည့်ဘဲ အလွန်ညင်သာ တိုးတိတ်စွာ ပြောသည်။

“ရှင်ဖွင့်ပြောတာ ကျမ ဝမ်းသာပါတယ်ရှင်။ ရှင့်ကို ကျမ မိတ်ဆွေတယောက်အဖြစ်နဲ့ အမှတ်ရနေနိုင်မှာမို့ ဝမ်းသာပါတယ်။ နောက်ကြုံတော့မှပဲ ကျမတို့ ဒီကိစ္စကို အဆုံးသတ်ရင် မကောင်းဘူးလား”

“မဟုတ်သေးပါဘူး။ မဟုတ်သေးပါဘူး” ဝက်စ် ပျာပျာသလဲ ပြောသည်။ “ခင်ဗျား ကျွန်တော့်အပေါ်မှာ တရားမမျှတဘူး။ သိပ်ကို တရားမမျှတတာဘဲ။ လုံးဝ အထင်မှားတာပဲ။ ကျွန်တော် ရှင်းပြ”

“ရှင်းခါမှ ပိုရှုပ်မယ်လို့ရော မထင်ဘူးလားရှင်”

“ကျွန်တော့်ကို ခုလို အထင်မှားပြီး ပြောတာထက်တော့ ပိုမဆိုးနိုင်တော့ပါဘူးဗျား”

ရှာလီက ကျိုးနွံစွာပင် ထိုင်လိုက်၏။ ဝက်စ်သည် ရှာလီနားဝင်အောင် ပြောရမည့်ပုံစံကို ခဏ စဉ်းစားပြီး လျှောက်လဲချက်ပေးသည်။

စချီကတည်းက သူ့လျှောက်လဲချက်ကို သူဘဝင်မကျ။ ပျော့လွန်းသည်ဟု ထင်မိ၏။ သူ့အာဝဇ္ဇန်းက စုန်းစုန်းမြုပ်နေသည်။ ဂေဟာကိစ္စခေါင်းကြီး ပုံနှိပ်ခဲ့သည်အထိ ပြောပြပြီး စကားဖြတ်လိုက်သည်။

ရှာလီက . . .

“တိုက်ပွဲဝင်ရင်း တန်းလန်း စိတ်ပြောင်းတာ မကောင်းတဲ့ကိစ္စဘဲ။ ဒါပေမယ့် တခါတလေတော့လဲ ကြုံရတတ်တာမျိုးပဲ။ အဲဒီအခါမျိုးမှာ လုပ်ရမယ်လို့ ကျမထင်တဲ့ အလုပ်ကတော့ ရိုးရိုးသားသား ရင်ဆိုင်ဖို့ပဲ။ ကျမ သဘောကတော့ ဦးနှောက်ထက် နှလုံးသားကို ယုံရမယ်။ အဲဒီမနက်ကသာ ကျမတို့ဆီလာပြီး ရှင်ဘာဖြစ်လို့ စွန့်ခွာရသလဲဆိုတာ ပွင့်ပွင့်လင်းလင်းပြောရင်”

“ကျွန်တော်ကလဲ အဲဒီလို လုပ်မလို့ပါဘဲ။ ခင်ဗျားကို ညာလို့ ပါးစပ်ပိတ်နေလိုက်တာပါ”

“ကျမကို ညာလို့ ဟုတ်လား”

“မစ္စတာဘတ်အိမ်မှာ တွေ့တုန်းက ကျွန်တော် ဒီကိစ္စကို စကားစပ်ပြီး ပြောသားပဲ။ ဒါပေမယ့် ခင်ဗျားက သိပ်စိတ်စွဲနေတော့ စောင့်မကောင်းမယ် ဆိုပြီး”

“ရှင်မပြောတာ မဟုတ်ပါဘူး။ ပြောပါတယ်။ မစ္စတာဆာဖေ့ကို အဲဒီခေါင်းကြီးရေးလို့ ဖြုတ်ပစ်သလိုလို ထင်အောင် ရှင်ပြောခဲ့တာပဲ”

“ကျွန်တော် ဒီလို ရည်ရွယ်ပြောတာ မဟုတ်ရပါဘူးဗျာ။ ကျွန်တော့်စကားက မရေမရာ ဖြစ်တယ်ဆိုရင် ခင်ဗျား ခေါင်းအေးသွားတဲ့အထိ ဆိုင်းထားမယ် ဆိုတဲ့ စိတ်ကူးရှိနေလို့ပါဗျာ”

ရှာလီ စကားတစ်လုံးမျှ ဝင်မပြော။

“ဒီကိစ္စ အထင်အမြင် လွဲကြတဲ့ ကိစ္စပဲဗျာ။ ကျွန်တော့်ကိုသာ အပြစ်တင်ပါ။ ကျွန်တော် စိတ်မကောင်းပါဘူး။ ပြီးတာတွေ ပြီးပါစေတော့။ အခု ကျွန်တော် ဒီလာတာလဲ ကိုယ့်သဘောနဲ့ကိုယ် လာပြောတာပဲ”

“ဟုတ်ပါတယ်။ ဒါပေမယ့် တလခွဲကြာသွားပြီ။ သူမှာ မိတ်ဆွေရင်းချာဆိုလို့ ကျမ တယောက်ပဲ ရှိပါတယ်။ သူ့ကို ကျမ ပစ်ပစ်ခါခါ ပြောမိတာတွေ ပြန်တောင် မတွေးရက်ဘူး”

ဝက်စ်သည် စိတ်အလွန် ထိခိုက်လျက် ကုတ်ကပ် ပြောနေသည်။

“ဒီလောက် ဖြစ်လိမ့်မယ်လို့လဲ ကျွန်တော် မထင်မိပါဘူးဗျာ”

“မစ္စတာဆာဖေ့က ဂေဟာကိစ္စခေါင်းကြီးတွေ တလျောက်လုံး ရေးလာတာဆိုတော့ အဲဒီခေါင်းကြီးကိုလဲ သူပဲ ရေးမှာပဲလို့ ထင်စရာ မကောင်းဘူးလားရှင်”

“ကျွန်တော် အမြော်အမြင် နည်းတာပါပဲဗျာ။ ဝန်ခံပါတယ်”

ဝက်စ်က သိချင်ဇောကြီးကြီးနှင့် မေးသည်။ “ဒီကိစ္စ ခင်ဗျားကို သူကိုယ်တိုင် ပြောပြတာလား”

"ရှင် သူ့အကြောင်း မသိပါဘူး"

ဝက်စ်သည် မရေမရာနှင့် ထရပ်လိုက်သည်။ ရှာလီနှင့် မျက်နှာချင်းဆိုင်လိုက်ပြီး

"ကျွန်တော့်ကို ခွင့်မလွှတ်နိုင်ဘူးလား ဟင်" ဟု ဆိုနှင့်နာကျည်းစွာ မေးသည်။

ရှာလီက ဆုတ်ဆိုင်းဆိုင်း လုပ်နေသည်။

"ဒီည ဒါတွေ ဆက်ပြောနေရင် ပိုရှုပ်ကုန်မှာပဲလို့ ကျမ ပြောထားပြီပဲရှင်" ရှာလီက ညင်သာစွာ ပြောသည်။

"ရှင်ပြောနေတာတွေက ကျမတို့ကို ပိုပြီး အဟပ် ကွာသထက် ကွာအောင် လုပ်နေတာပဲ။ ဘာ ခွင့်လွှတ်ဖို့ လိုသလဲ မစ္စတာဝက်စ်ရယ်။ ကျမနဲ့ ဘာမှ မဆိုင်ပါဘူး။ ကိစ္စက ရှင်နဲ့ ရှင့်ရဲ့"

"ဒီလိုဆို ခွင့်လွှတ်တယ်ပေါ့။ ဒါပေမယ့် ခင်ဗျား ပြောနေပုံကလဲဗျာ တယောက်ယောက်က ခင်ဗျားကို ပြောပြထားလို့ သိပြီး နေသလိုပဲ။ ကျွန်တော်ကိုယ်တိုင် လာမပြောလို့ မကျေမနပ်ဖြစ်နေသလိုပဲ"

"မဟုတ်ပါဘူး" ရှာလီက ဝမ်းနည်း ပက်လက်ပြောသည်။ "မကျေနပ်စရာလဲ မရှိပါဘူး။ ကျမနဲ့ ရှင်နဲ့ မိတ်မပျက်သေးပါဘူး။ မိတ်ဆွေတွေပါပဲ"

"မိတ်ဆွေ"

ဝက်စ်သည် ရှာလို့ စကားကို ဒေါကြီး မောကြီး ပဲ့တင်ထပ်လိုက်သည်။ အသဲလိုက် အူလိုက်ပြောဖို့ သူကြံသေး၏။ ခယဝယလုပ်ဖို့ သူ ကြံသေး၏။ သို့သော် ရှာလီ၏ မျက်နှာကို ကြည့်ပြီး သူ့ကိုယ်သူ အချိန်မီ ထိန်းလိုက်၏။ သူ ဘယ်လောက်ပင် တရှိုက်မက်မက် ဖြစ်နေစေကာမူ ရှာလီက သူ့စကားကို နားထောင်တော့မည် မဟုတ်မှန်း သူသိသည်။ ဘာကြောင့် သူ့ကိုယ်သူ အချစ် ဘုဥ္ဇာဟိသမား၊ အချစ်အလှူ့ ဒါယကာ ဖြစ်စေတော့မလဲ။ ဘာကြောင့် ယောကျ်ားသားတဦးကို ချစ်ကန်တော့ဆွမ်း လုပ်လိုက်ရသည့်အတွက် ပြောမဆုံးပေါင် တောသုံးတောင် လုပ်တတ်လေ့ရှိသည့် မ သဘာဝ ပီတိကို ရှာလီအား ပေးနေတော့မလဲ။

ဝက်စ်သည် ရှာလို့ကို လက်ဆွဲနှုတ်ဆက်ကာ အခန်းထဲမှ ထွက်သွားလေတော့သည်။ အိမ်သို့ တန်းတန်းမတ်မတ် ပြန်သွားပြီး အိပ်ရာဝင်လိုက်ရသော်လည်း သူ့အဖို့ အိပ်မက်ဆိုးကြီး မက်နေသလို ဖြစ်နေသည်။ ထိုညနှင့် နောက်နေ့ တနေ့လုံး သူတွယ်တာသော သူမြို့ကြီးကို ရေလွှမ်းမိုးကာ သူမှတပါး အခြား ရှိရှိသမျှလူ၊ ရှိရှိသမျှ အရာဝတ္ထုတို့ ရေစီးရေဟုန်ထဲတွင် လိမ့်မျောပါသွားဘိသည့်အလား ကြေကွဲဆွေးမြေ့မှုကို ခံစားရသည်။ ပြိုကွဲကျေမွနေသော ကမ္ဘာကြီးတွင် သူတယောက်ထီးထီး ကျန်ရစ်သလို အားငယ်ရသည်။

ဒုတိယနေ့တွင် သူ စီးကရက် ဖွာဖော်ရှိုက်ဖော် ရလာသည်။ တတိယနေ့တွင်မူ ကိုယ်ကျင့်တရားနှင့် ပတ်သက်၍ စုန်းပူး နတ်ပူးသလို အရူးအမူး မဟုတ်ဟု ဆိုဦး၊ တင်းလွန်းကျပ်လွန်း အစွဲသန်လွန်းသော ဤမိန်းကလေးမျိုးနှင့် ဘဝတာကို ကုန်ဆုံးစေမည်ဆိုလျှင် သာသာယာယာ ရှိနိုင်ပါ့မလား ဟု ပွင့်လင်းစွာ တွေးမိတော့၏။

ထိုနေ့ညပိုင်း ရှစ်နာရီခွဲမှပင် သူ အပြင်သို့ ထွက်သည်။ တိုက်တိုက်ဆိုင်ဆိုင် တော်မီဆမ်ပယ်နှင့် လမ်းတွင် တွေ့သည်။

ဆမ်ပယ်က "ဂါဒင်နီယာ၊ မင်း ဒီလူမှုမြင့်တင်ရေး ဆိုတာကြီးကို ကန်ချပြီး ဒို့လုပ်ငန်းကို ဘယ်တော့ ပြန်လာမှာလဲ"ဟု မေးသည်။

လွန်ခဲ့သည့် နှစ်နှစ်ကာလအတွင်း သူ့ဘဝကို သူ မကျေနပ်နေသည့် ဝက်စ်၏စိတ်နှင့် ထိုမေးခွန်းသည် အံ့သြစရာကောင်းလောက်အောင် အလွမ်းသင့်သွားသည်။

ငွေဝင်လမ်းဖြောင့်သော ကုန်သည်လုပ်ငန်းက သူ့ကို အကြီးအကျယ် ဆွဲဆောင်သည်။ အများကောင်းကျိုး လုပ်ရင်း သူ့ဝင်ငွေများ ကျနေသည်။ သူ ငွေမမက်စဖူး မက်မိသည်။ ဝက်စ်က ခပ်ဆန်းဆန်းရယ်လိုက်ပြီး "တော်မီ၊ ကျွန်တော် ဘာလုပ်ရမှန်းတော့မသိပါဘူး။ ဒါပေမယ့် ခင်ဗျား စျေးခေါ်တာကိုတော့ နားထောင်ဖို့ အသင့်ပဲ"

ဆမ်ပယ် မျက်လုံးကျယ်သွားသည်။ ဝက်စ် ထွက်သွားချိန်မှစ၍ သူ့လုပ်ငန်း ဝင်ငွေ လျော့နေခဲ့သည်။

"အတည်ပြောမယ် သူငယ်ချင်း။ ဒို့လုပ်ငန်းမှာ မင်းကို သိပ်လိုနေတယ်။ အပေါ်စီးနဲ့ လာချင်လဲ လာနိုင်တယ်။ နက်ဖန်ကျ ပြောကြရအောင်"

"ကောင်းပီလေ" ဝက်စ်က ပြောသည်။ လမ်းအဆုံးတွင် အိမ်ကြီးတအိမ်ရှေ့သို့ ရောက်သည်။ သစ်ပင်ပန်းပင်များ ကွယ်နေသည့် ဝရံတာမှ ရယ်သံသဲ့သဲ့ကြားရသည်။ စကားဝိုင်း ကောင်းနေကြောင်း ကောင်းကောင်း သိနိုင်သည်။ ဝက်စ် ရပ်လိုက်သည်။

"ဒီအိမ် ခဏဝင်လိုက်ဦးမယ် တော်မီ။ နက်ဖန်ကျမှပဲ တွေ့ကြသေးတာပေါ့ဗျာ"

ဆမ်ပယ်သည် ဆက်လျှောက်သွားရင်း အိမ်ကြီးကို လှမ်းကြည့်လိုက်သည်။ မစ္စအေဗာရီ၏ အိမ်ကြီး။

ရှာလီလည်း ဝက်စ်နှင့် တွေ့ပြီးနောက် အဖတ်ဆယ်မရနိုင်သော ဆုံးရှုံးမှုကို ခံစားရသည်။ နှစ်ပေါင်းများစွာ သူမြတ်နိုးခဲ့သော ရုတ်တုကြီးသည် ဖုတ်တော့ ရွှံ့တောထဲသို့ ပြုတ်လဲကျသွားသည်။ သူ့အဖို့ သေသွားသည်နှင့် မခြား။

ထိုနေ့ညက ရှာလီသည် အကြာကြီး မျက်စိကြောင်နေပြီး ယောကျ်ားနှစ်ယောက်အကြောင်း စဉ်းစားနေမိသည်။

ဝက်စ် တမင်တကာ လိမ်ညာသည်ဟု သူမထင်။ သို့သော် သူသူရဲကောင်းကြီး၏ ပျော့ညံ့မှုကြီးကို သတိပြုမိသည်။ သူရဲကောင်းကြီးသည် သူ့ကိုယ်သူ မရိုးသားနိုင်။ သူ ယုံချင်ရာ ယုံသည်။ သူ့စိတ်ကူးနှင့်သူ ရူးသည်။ သူ့ကိုယ်သူ အထင်ကြီးသည် ကိုယ်ပိုင်လုပ်ငန်းမှ ဘလိန်းကောလိပ်သို့ ပြောင်းသည်။ ကောလိပ်မှ သတင်းစာသို့ ကူးသည်။ သတင်းစာမှ တနေရာသို့ ခုန်ပြန်သည်။ မမီမကမ်းနှင့် လမ်းခုလတ်၌ အကျနာသည်။ စိတ်ပျက်သည်။

ဝက်စ်၏ ချွတ်ယွင်းချက်မှာ သူသည် ယောကျ်ားကောင်းမဟုတ်။ ယောကျ်ားကောင်းတို့ အခိုင်မာဆုံးနေရာတွင် သူ အပျော့ညံ့ဆုံး။ အရောင်ပြောင်းသော ပုတ်သင်ညိုပမာ၊ ပဲ့မပါသည့် လှေနာဝါပမာ။ ပန်းသတင်းလေညှင်းဆောင်တိုင်း လူးလာပျံဝဲကာ ဝတ်ရည်သုံးသည့် ပျားပိတုန်းပမာ။ စိတ်ထား စေတနာကောင်း ရှိပါ၏။ သို့သော် မစွဲမြဲ။

ဝက်စ်သည် ကနဦးတွင် ငွေမှတပါး အခြားစွမ်းရည် အကုန်ရှိသည်။ သူဖြစ်ချင်ရာ ဖြစ်အောင် လုပ်နိုင်သည်။ ကွိကမူ ကနဦးတွင် အကြောက်တရားကင်းသော ရိုးသားမှုမှတပါး အခြားစွမ်းရည်မရှိ။ သို့သော် ရိုးသားဖြောင့်စင်းမှုကို တသမတ်တည်း ကိုင်စွဲခဲ့၍ တနေ့တခြား အညွှန့်တလူလူ တက်နေသည်။ ကွိသည် ဝက်စ်ကို ကာလအတန်ကြာကပင် ဖြတ်ကျော်တက်ခဲ့ပြီ။

အခြေအနေ၏ စမ်းသပ်မှုတွင် ဝက်စ်၏ ဂုဏ်သိက္ခာသည် အပေါ်ယံကြော ပြောင်ချောမှုသာ ဖြစ်သည်။ ကွိ၏ ဂုဏ်သိက္ခာကား ရွှေသား စစ်စစ်ဖြစ်ကြောင်း ထင်ရှားခဲ့သည်။

ကွိသည် ဝက်စ်၏ မဖြောင့်စင်းမှုကို သူ့အပေါ် ပုံချခဲ့သည်။ ဖီဖီကလေးကို သူ့အကျိုးအတွက် စတေးဝံ့လောက်အောင် အကြင်နာကင်းသော အတ္တသမားဘဝနှင့် စတင်ခဲ့သော်လည်း သူရင်ထဲ၌ စက်ဆုပ်သော လူတယောက်အတွက် ကိုယ်ကျိုးစွန့်သည့် အတ္တဟိတ သမားဘဝနှင့် အဆုံးသတ်သည်။

ဒါအကြီးမြင့်ဆုံးသော ကိုယ်ကျိုးစွန့်လွှတ်မှု မဟုတ်လား။ ရှာလီနှင့် ခင်မင်ရင်နှီးမှုကိုပင် ဆုံးရှုံးခံရမည် မဟုတ်လား။ သို့သော် ထိုရင်းနှီးမှု ဆုံးရှုံးခြင်းကို သူ အလေးမထားလေရော့သလား။

သူနှင့်ကွိ၏ ဆက်ဆံရေးသည် ပျက်လေပြီ။ ကသောင်းကနင်း ဖြစ်သွားသော အခြေအနေကို တတ်နိုင်သမျှ မြန်မြန်သွက်သွက် ရက်ရက်ရောရော နှိမ့်နှိမ့်ချချ သူ ရင်ဆိုင်ရတော့မည်။

သူသာ ယောကျ်ားသားတယောက် ဖြစ်လျှင် ကွိထံ ညတွင်းချင်းသွား၍ သူမည်မျှ ဝမ်းနည်းရကြောင်း၊ ရှက်ရကြောင်း ပြောပြမိမည် ဖြစ်သည်။ သူသည် အိပ်ရာထဲတွင် မျက်စိကြောင်နေရင်း ဝန်ချတောင်းပန်စကားများကို မိန့်ခွန်ရှည်ကြီးပမာ ဖွဲ့နွဲ့ သီကုံးနေမိလေ၏။

သို့သော် သူ ယောကျ်ားမဟုတ်။ မိန်းကလေးသာ ဖြစ်၏။ မိန်းမသားဟူသည် ယောကျ်ားသားထံ မသွားနိုင်။ ရင်ထဲရှိတိုင်း မှန်ရာ မပြောနိုင်။ ကွိနှင့် ခရီးသွားဟန်လွဲ တွေ့ရန်လည်း လမ်းမမြင်။ တယ်လီဖုန်း ဆက်ဖို့လည်း တွေးမရ။ စာရေးဖို့သာ ရှိတော့သည်။

စာထဲမှာ ဘာရေးမလဲ။ သေရေးရှင်ရေးတမျှ အရေးကြီးသော မေးခွန်းဖြစ်၏။ မည်မျှပင် ပရိယာယ်ကောင်းကောင်းနှင့် ဖျောင်းဖျောင်းဖျဖျ ရေးစေကာမူ ကွိ တုံ့ပြန်မည့်ပုံစံကို သူ ယခုကပင် သိနေသည်။ ကွိက သူ့ထံ ဝန်ချတောင်းပန်ခြင်းကို လက်ခံကြောင်း ယဉ်ယဉ်ကျေးကျေး စာပြန်ရေးလိမ့်မည်။

ရှာလီ ကြောက်ခမန်းလိလိ မှားခဲ့ပြီ။ သူ့လောက် ခါးခါးသည်းသည်း အယုံအကြည် နည်းတတ်သူမျိုးနှင့် မိတ်ဆွေအဖြစ် ပြန်ပေါင်းထုတ်ရန် ကွိ စိတ်မကူးတော့မည်မှာ သေချာသလောက်ဖြစ်သည်။ ထို့ပြင် ငွေကိစ္စအတွက်လည်း သူ့ကို ကွိ အလွန် စိတ်ဆိုးနေသေးသည် မဟုတ်လား။

ကွိနှင့်အချိန်အကြာကြီး တွေ့ပြီး အပွင့်လင်းဆုံး ရှင်းပြနိုင်မှသာ ပြဿနာငြိမ်းတော့မည်။ သို့သော် ထိုသို့ တွေ့ဆုံနိုင်ရေးအတွက် ရေးရမည့်စာပုံစံကို သူ မတွေးတတ်။

စဉ်းစားရင်းဖြင့် သူ အိပ်ပျော်သွာသည်။ နောက်တနေ့တွင်လည်း ဆက်စဉ်းစားသည်။ နောက်နေ့ နောက်နေ့ များတွင်လည်း ဆက်၍ဆက်၍ စဉ်းစားသေးသည်။ သူ တွန့်ဆုတ်ဆုတ်လုပ်နေခြင်းကို သူ့အသည်းနှလုံးက သူ့ကို ထိုးနှက်နေသည်။ သို့သော် ပစ်ပီးမှ ကျည်မထွက်မှာ သူ သွေးလန့်နေမိသည်။

နောက်ဆုံးတွင်မှ စိတ်ကူး စိတ်သန်းကလေး တခုရသည်။ သူ့စိတ်ကူး စိတ်သန်းကလေးက ကောင်းလွန်း၍ အလန့်တကြားပင် ဖြစ်မိသည်။ အမယ် ဘုတ်ချည်ခင်ကို တချက်တည်းနှင့် ဖျင်၍ရှင်းမည့် စိတ်ကူး စိတ်သန်းကလေး။

ကွိထံသို့ သူ စာရေးလိုက်၏။ အလုပ်ကိစ္စ ညှိနှိုင်းရန် ကြွပါဟူသော စာငါးကြောင်းမျှသာ။

ထိုစာကို တညတွင် သူ့အိမ်မှ ရေးပို့လိုက်သည်။ သူ့အိမ်သို့ ကွိလာမည်ဟု မြော်လင့်၏။ မြော်လင့်တုန်းကြေ့ဆုံးလာလျှင် သူတို့ထိုင်မည့်နေရာ၊ သူတို့ပြောမည့်စကား အားလုံးကို အပ်ချမတ်ချ ပြင်ဆင်ထားသည်။

နောက်တနေ့နံနက် ဆယ်နာရီတွင်မူ သူ့ရုံးခန်း၌ တံခါးခေါက်သံ ကြားလိုက်ရပြီး ကွို ဝင်လာသည်ကို တွေ့ရလေ၏။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

(၃၂)

ယခုအကြိမ်တွင်တော့ သူတို့ ခန်းမထဲသို့ ထွက်၍ စကားပြောရန် မလိုတော့။

ကွို တံခါးဖွင့်ဝင်လာသည်နှင့် တပြိုင်နက် ပြည်နယ် ကယ်ဆယ်စောင့်ရှောက်ရေးဌာန အတွင်းရေးမှူး မစ္စတာဒိန်းက သူဦးထုပ်ကို ရေးကြီးသုတ်ပျာ ကောက်ကိုင်လိုက်သည်။ "ဝင်ခဲ့ပါ" "မင်္ဂလာနံနက်ပါ" စသော စကားများကို ဗလုံးဗထွေးပြောရင်း တချိန်တည်းမှာပင် မြို့ထဲတွင် အရေးတကြီး လုပ်ငန်းကလေးတခု ဆောင်ရွက်ရန်ရှိကြောင်း သူ့လက်ထောက် အတွင်းရေးမှူးကို ပြောသည်။

မစ္စတာဒိန်း ကသုတ်ကရက်နှင့် မြန်ဆန်လိုက်ပုံမှာ ကွိအခန်းထဲ မရောက်မီ တံခါးဝ၌ ရှိတုန်းမှာပင် ရင်ဆိုင်တွေ့သည်။ ဒိန်းက ပြောင်ဝင်းသော မျက်လုံးများဖြင့် ကွိကို ကြည့်ကာ လက်ကမ်းပေးသည်။

"မစ္စတာကွိကို တွေ့ရတာ တကယ်ဝမ်းသာပါတယ်"

"ဆာဖေ့ပါ ခင်ဗျာ"

မစ္စတာဒိန်းက လက်ဆွဲနှုတ်ဆက်နေသော သူ့လက်ကို ထပ်လောင်း လှုပ်ရမ်းလိုက်ကာ "မစ္စတာ ဆာဖေ့။ ခင်ဗျား တယောက်ကတော့ ကျက်သရေရှိတဲ့အလုပ်ကို အတော် လုပ်နိုင်ပါပေတယ်။ ဒီလိုပြောခွင့်ရတာ ကျွန်တော် ဝမ်းသာပါတယ်။ ခင်ဗျားကို စိတ်ထဲက ပြစ်မှားမိတာတွေအတွက် ခွင့်လွှတ်ဖို့လဲ တောင်းပန်ပါတယ်"

ကွိက သူ့ကို စိုက်ကြည့်နေသည်။

"ခင်ဗျားကို ခွင့်လွှတ်စရာ ဘာမှ မရှိပါလား။ ခင်ဗျားပြောနေတာ ကျွန်တော် ဘာမှန်းကို မသိဘူး"

မစ္စတာဒိန်းက ရှင်းပြမနေတော့ဘဲ ရေးကြီးသုတ်ပျာ ထွက်သွားသည်။ ကွိသည် ဦးထုပ်ကို လက်ထဲတွင် ကိုင်ကာ နဂေတိမ်တောင်နှင့် လှည့်ကြည့်လိုက်ရာ သူ့ကို စူးစူးစိုက်စိုက် ကြည့်နေသည့် ရှာလီကို တွေ့ရသည်။

"ကျမကိုရော ရှင် ခွင့်လွှတ်နိုင်ပါ့မလား" ရှာလီက ညင်သာစွာ မေးသည်။

ကွိသည် ရှေ့သို့ ခြေသုံးလှမ်းမျှ လျှောက်လာပြီး အခန်းအလယ်ခေါင်တွင် တန့်ကနဲ ရပ်ကာ ရှာလီကို မေးခွန်းထုတ်သည့် အကြည့်ဖြင့် ကြည့်နေသည်။

"ကျွန်တော် နားမလည်ဘူး" ကွိက ထိန်း၍ ပြောသည့်အသံဖြင့် မေးသည်။

"ခင်ဗျား ဘာတွေ ပြောနေတာလဲ"

"မစ္စတာဝက်စ်က ကျမကို အကုန်ပြောပြသွားပါပြီ။ ဂေဟာအကြောင်းလေ။ ကျမ ဝမ်းနည်းပါတယ်ရှင်"

တကယ်တော့ ရှာလီ နှုတ်ဆွံ့နေ၏။ ကွိနှင့်တွေ့လျှင် ပြောလိုက်မည်ဟု အားခဲထားပြီး ညတိုင်း ညတိုင်း ချိုသွေးသပ တမြမြလုပ်ထားခဲ့သည့် မိန်းခွန်းရှည်များသည် ကြက်ပျောက် ငှက်ပျောက် လွင့်စဉ်ကုန်သည်။ စကား တလုံးတလေကိုသော်မှ ပြန်တွေး၍ မရ။ ကွို၏ စားတော့ ဝါးတော့မလို အကြည့်ကိုသာ သူ ပြန်ကြည့်နေသည်။

"ဒီကိစ္စက တရားမျှတတဲ့ ကိစ္စတော့ မဟုတ်ဘူးပေါ့။ ဒါပေမယ့် ဒီကိစ္စ နောက်ထပ် မပြောကြပါစို့" ကိုက တိုတိုပင် ပြောသည်။

ကိုသည် ရာလီအပါးမှ ခွာသွားသည်။ သူ့အသံက မတည်မငြိမ်။ သူ ပြန်လှည့်လာသောအခါ သူ့မျက်လုံးများက တစုံတခုကို စူးစိုက်မိလိုက်၏။

အခန်းဒေါင့်ရှိ စာအုပ်စင်ဘေးတွင် ဧရာမ အပျော်မွေးခွေးကြီး ဘီဟီမော့ ဝပ်နေသည်။ ခွေးကြီးသည် အခန်းထဲ၌ ဖြစ်ပုံပျက်ပုံ အလုံးစုံကို အသိဉာဏ်ရှိရှိ စောင့်ကြည့်နေသည်။

ဘီဟီမော့နှင့် ကိုတို့ အပြန်အလှန် ကြည့်နေကြရာမှ ကိုက ခွေးကြီးဆီသို့သွားပြီး ခွေးကြီး၏ ခေါင်းကို ပုတ်လိုက်သည်။ သူလုပ်ပုံမှာ ကိုယ့်ကားယားဖြစ်၍ သူတသက်တွင် ပထမဆုံးအကြိမ် ခွေးခေါင်း ပုတ်ဖူးခြင်း ဖြစ်ကြောင်း ခွေးကြီးသော်မှ ဧကန်မုချ သိမည်ဖြစ်သည်။ သို့သော် အပျော်မွေးခွေးကြီးဖြစ်၍ ခွေးကြီးက ယဉ်ကျေးဖွယ်ရာသည်။ သူ့လက်ကြီးကို မြှောက်ပေးသည်။ ကိုက လက်ဆွဲနှုတ်ဆက်လိုက်သည်။

ကိုက ဘီဟီမော့ကို ပြောသလို ပြောသည်။ "ဝက်စ် လူလိမ် ခံရတာပါ။ သူ့ထက်လည်တဲ့ လူတွေရဲ့ တပတ်ရိုက်ခံရတာပါ။ ခင်ဗျားဆီ လာပြောတာ ယောကျ်ားပီသတာပဲ။ စောစောတုန်းကတော့ မှားခဲ့တာပေါ့။ ဒါပေမယ့် လာပြောတယ်ဆိုတာ တသက်လုံးမပြောဘဲ ဖုံးထားတာထက် ခက်တယ်။ အခုတော့ သင်ပုန်းချေပြီးသား ဖြစ်သွားပြီပေါ့။ အားလုံး ရှင်းသွားပြီ။ ဒါကို ခင်ဗျား တန်ဖိုးထားရမှာပဲ"

ဘီဟီမော့က ပါးစပ်ကြီးဖြဲပြီး သမ်းဝေလိုက်၏။

ကို ပြန်လှည့်လာသည်။ အသံရော မျက်နှာပါ တည်ငြိမ်သည်။

"ခင်ဗျားဆီ လာတွေ့ဖို့ ခေါ်တဲ့စာကို ဒီနေ့မနက်ရလို့ လာခဲ့တာပါ"

ရာလီသည် အပျော်မွေးခွေးကြီးနှင့် ဒေါက်တာ ပါရဂူကလေးတို့၏ ဒုတိယမြို့ တွေ့ဆုံခြင်းကို ငေးကြည့်နေ၏။ သူ့အမှားကို ပေယျာလကံ လုပ်ခံရခြင်းသည် သူ့ကို နံနှိပ်သလို ခံစားရသည်။ သူ့မာနက စကားစကို ဖော်ပေးသည်။

"ကျမ ဝမ်းနည်းတယ် ဆိုတာကိုတောင် မပြောရတော့ဘူးလားရှင်။ ကျမ လူကဲဖြတ်မှားလို့ ဘယ်လောက် ရှက်သလဲဆိုတာ"

"တော်ပါတော့။ ကျွန်တော် တောင်းပန်ပါတယ်။ လူကဲဖြတ် မှားတယ်ဆိုတဲ့ ကိစ္စမျိုးကလဲ နဲနဲလေးမှ မရှိပါဘူး"

"ကျမ ရှင့်ကို သက်ာမကင်း ဖြစ်ခဲ့တယ်။ လူကဲဖြတ် မှားခဲ့တယ်။ မတရားလုပ်ခဲ့တယ်။ ဒါပေမယ့် ရှင်က တချိန်လုံး သဘောထားကြီးကြီး၊ ကျက်သရေရှိရှိ ပြုမူခဲ့တယ်။ ဒီတော့ ကျမ သိပ်ပြီး အောက်တန်းကျ နောက်တန်းကျ ဖြစ်ရ"

ကိုမျက်နှာတွင် မချိတင်ကဲ ပြောင်းလဲမှုများကို ရာလီ တခါမြင်ရပြန်သည်။ ကို မျက်နှာ တခုလုံးသည် နီရဲသွားရာမှ သွေးဆုန်သွားပြန်ကာ ဖြူယော်ယော် ဖြစ်နေသည်။

"ဒါတွေ ပြောနေလို့ ဘာအကျိုးရှိတော့မှာလဲ။ ဒီကိစ္စက ပြီးနေပြီ။ ပြတ်နေပြီ။ သင်ပုန်းချေလိုက်ပါတော့လို့ ကျွန်တော်ပြောပြီးမှပဲ။ ဒီကိစ္စကို ဘာမှ မဖြစ်ခဲ့သလို ခင်ဗျားစိတ်ထဲက ဖျောက်မပစ်နိုင်ဘူးလား"

"ရှင် ဆန္ဒရှိရင်လဲ ဖျောက်ဖို့ ကြိုးစားပါမယ်"

ရာလီ စိတ်ပျက်သည်။ အကျယ်တဝင့် အကြေအလည် ဆွေးနွေးရန်ကြိုတင်စီစဉ်ထားသည့် ကိစ္စကို ကိုက လက်လွတ်စပယ် တွန်းထုတ်လိုက်၍ ရာလီ မချင့်မရဲ ဖြစ်မိသည်။ ကိုက တစုံတခု ပြောမည်လုပ်ပြီးမှ လုံးဝ မဆီမဆိုင် ကိစ္စကို ဆက်ပြောသည်။

"ငွေကိစ္စ လာဆွေးနွေးဖို့ခေါ်တဲ့ ခင်ဗျားစာကို ရတယ်။ ဒါကြောင့် ကျွန်တော် လာတာပဲ။ ခင်ဗျားငွေတွေ ခင်ဗျား ပြန်ယူတော့မယ်လို့ ကျွန်တော်ယုံတယ်"

"ယူမယ်ဆိုပါတော့ရှင်။ ကျမ စဉ်းစားထားတာ ပြောပါ့မယ်"

"ကဲ ထိုင်ပြီးပြော။ ခင်ဗျား သိပ်နှမ်းနေတယ်။ နေကောင်းပုံလဲ မရဘူး။ နည်းနည်းမှ နေကောင်းပုံမရဘူး။ ဒီကုလားထိုင်မှာ သက်တောင့် သက်သာ သာ ထိုင်စမ်းပါဗျာ"

မစ္စတာဒိန်း၏ ဆုံလည် ကုလားထိုင်ကြီးပေါ်တွင် ရာလီ ကျိုးနွံစွာ ထိုင်ချလိုက်သည်။ ကုလားထိုင်ကြီးက စည်းစိမ်ရှိ၏။ ကို၏ မကြုံစဖူး ချိုသာဖျောင်းဖျ စကားကလည်း နဝင်ပိယံဖြစ်၏။ သူ့စိတ်လှုပ်ရှားမှုကို ကို အမှုမဲ့ အမှတ်မဲ့ မနေသည်မှာ ထင်ရှားသည်။

"ကျမ ငွေတွေ လက်ခံဖို့ ဆုံးဖြတ်လိုက်ပြီ။ ဒါပေမယ့် ခြွင်းချက်နဲ့"

"မဖြစ်ဘူး။ မဖြစ်ဘူး။ ခင်ဗျား အရွယ်ရောက်နေပြီ။ ခြွင်းချက်တွေ ဘာတွေ မလိုပါဘူး"

"အို စောဒက မတက်ပါနဲ့လေရှင်။ ယထာဘူတ ကျချင်မှ ကျလိမ့်မပေါ့။ ဒါပေမယ့် ဒီငွေတွေယူပြီး ကျမ အကျိုးအတွက် သုံးဖို့ဆိုတာကိုတော့ ဘယ်တော့မှ ဘဝင်ကျနိုင်မှာ မဟုတ်ဘူး။ ပျော်လဲ မပျော်နိုင်ဘူ။ ကျမကိုယ်ပိုင်ငွေ အစစ်လိုလဲ မထင်နိုင်ဘူး။ ဒီတော့ ငွေတွေကို ကျမယူမယ်။ ပြီးတော့ လှူပစ်လိုက်တာ ကောင်းမယ်လို့ စိတ်ကူးမိပါတယ်"

"လှူပစ်မယ်၊ ဟုတ်လား" ကွိုက ရှာလီ၏ စကားကို တအံ့တသြ မကျေမချမ်း မေးလိုက်၏။

"ဟုတ်ကဲ့၊ ပြည်နယ်ကို လှူပစ်မယ်။ ကျမ စိတ်ကူးတာကတော့ ဂေဟာတခု ဖွင့်မယ်ရှင်"

သူတို့ မျက်လုံးချင်း ဆုံမိသည်။ ရှာလီ့စိတ်ကူး၏ ဆိုလိုချက်သည် ကွိ၏ မနောအာရုံအတွင်းသို့ စိမ့်နစ်ဝင်သွားပြီး ဆုပ်ကိုင်လှုပ်ရမ်းလျက်ရှိကြောင်း ရိုးသားပွင့်လင်းသော ကွိ၏ မျက်နှာပေါ်၌ ရှာလီမြင်နေရသည်။

"မဖွင့်ရဘူး၊ မဖွင့်ရဘူး။ ခင်ဗျား ဒါမျိုးစိတ်ကို မကူးရဘူး" ကွိက ရှူး ရှူးရှူးရှူး ပြောသည်။

"ကျမ စိတ်ပိုင်းဖြတ်ပြီးပြီရှင်။ ဒီစိတ်ကူးက ကျမ ခေါင်းထဲမှာ ဉာဏ်အမြင်ပေါက်သလို ပေါ်လာတာ။ ကျမ အထင်တော့ ဒီငွေတွေကို သုံးဖို့ အကောင်းဆုံးနည်းလို့ ထင်တာပဲ။ ရှင်ကော မထင်ဘူးလားဟင်။ ပြီးတော့"

"မထင်ဘူး" ကွိက ငေါက်ဆတ်ဆတ်ပြောသည်။ "ဒီငွေတွေကို မသန့်ရှင်းသလိုလို ခင်ဗျား ဘာဖြစ်လို့ ကတ်ကတ်သတ်သတ် ယူဆနေရတာလဲ။ ခင်ဗျား ဒီရုံးကရတဲ့ လစာလိုပဲ ဒီငွေတွေဟာလဲ ခင်ဗျားရဲ့သမာအာဇီဝ ပစ္စည်းဆိုတာ ခင်ဗျား သဘောမပေါက်နိုင်ဘူးလား"

"ဒါကတော့ ခံစားချက် ကိစ္စပဲရှင်။ ကျမ ခံစားမိတာက"

"ဒါကအဖြစ်မှန်ကိစ္စဗျ။ နားထောင်စမ်း။ ခင်ဗျားအဖေက ခင်ဗျားအတွက် တနေရာရာမှာ ခင်ဗျား မသိဘဲ ငွေတွေ ဝှက်ထားခဲ့တယ် ဆိုပါတော့။ အဲဒီငွေတွေဟာ ခင်ဗျားသုံးဖို့ ဆိုတဲ့ စာနဲ့အတူ အခုမှ တွေ့တယ်ဆိုပါတော့။ ရှင်းတယ်နော်။ ကဲ။ အဲဒီငွေတွေကို ဂေဟာဆောက်ဖို့ ခင်ဗျားလှူပစ်မှာလား"

"လှူပစ်ချင်မှ လှူဖြစ်မှာပေါ့ရှင်။ ကျမ ဘယ်ပြောနိုင်မလဲ။ ဒါပေမယ့် အဲဒီကိစ္စကတော့"

"အဲဒီကိစ္စကလဲ ဒီကိစ္စနဲ့ တထပ်ထဲပဲ" ကွိက ရှာလီ့စကားကို အဆုံးသတ်ပေးသည်။ "ကွဲတာ တခုပဲရှိတယ်။ ငွေဝှက်ထားတဲ့လူက ကျွန်တော့်အဖေ။ ခင်ဗျားအဖေမဟုတ်ဘူး"

တခန်းလုံးငြိမ်နေသည်။

"ရှင် ဒီလိုသဘောထားတာ ကျမဝမ်းနည်းတယ်။ ရှင် သဘောတူမှာပဲလို့ ကျမ သိပ်မြော်လင့်ထားတာ။ ဘာပဲဖြစ်ဖြစ်လေ၊ ကျမကတော့ ယတိပြတ် ဆုံးဖြတ်ပြီးနေပြီရှင်။ ကျမ"

"ဒါဖြင့် ဘာဖြစ်လို့ ကျွန်တော့်ကို ခေါ်တိုင်ပင်ရသေးသလဲ"

"အို ဒါကတော့ ရှင်လဲ သဘောတူရင် သိပ်ကောင်းမှာပဲလို့ တွေးမိလို့ပေါ့ရှင်"

"ဒါပေမယ့် ကျွန်တော် သဘောမတူဘူး" ကွိက မျက်မှောင်ကုပ်လျက် တည်တည်ကြီး ပြောသည်။ "တူကို မတူဘူး။ တလောကလုံး ဘယ်သူကမှလဲ တူမှာ မဟုတ်ဘူး။ ဒီရူးရူးနှမ်းနှမ်း အကြံကို ခင်ဗျားမိတ်ဆွေတွေနဲ့ တိုင်ပင်ကြည့်ပြီးပြီလား။ ပြီးတော့"

"ရှင်တယောက်တည်းကိုပဲ ပြောသေးတာပါ။ တခြားသူတွေကို ပြောဖို့လဲ စိတ်မကူးပါဘူး"

ရှာလီ၏ အဆိုအမိန့်ကလေးသည် ကွိကို အငိုက်မိကာ မြင်းကောင်းခွာလိပ် ဖြစ်သွားစေသည်။ ကွိ စကားမြွင် ပျက်သွားသည်။ သူစိတ်ကိုသူ ငြိမ်အောင် မနည်းပြန်ထိန်းရသည်။ သူ့စကားကို ပြန်ကောက်သော အခါ သူ့ကိုယ်ပိုင် စိတ်ကူးစိတ်သန်းကို မပြောနိုင်။ သံယောင်သာ လိုက်နေရတော့၏။ မဖုံးနိုင် မဖိနိုင် ကသိကအောင့် ဖြစ်ရခြင်းကို သူ့စကားများက သက်သေ ခံနေသည်။

"ကျွန်တော်တို့ မိတ်ဆွေ ပြန်ဖြစ်ကြပြန်ပြီပေါ့" ကွိက အသံအက်အက်ဖြင့် ပြောသည်။

"ရှင်က လက်သင့်ခံမယ် ဆိုရင်ပေါ့လေ"

ကွိငြိမ်ကုပ်နေသည်။ စားပွဲကိုသာ လက်နှင့် ခေါက်နေမိသည်။ ပြီးမှ စကားပြန်ဆက်သည်။ ပိုင်စိုးပိုင်နင်း လေသံ လုံးဝ ပျောက်သွားသည်။

"ခင်ဗျားငွေကို ခင်ဗျားပဲ သုံးသင့်တယ် ထင်တာပဲဗျာ။ သက်တောင့်သက်သာနေဖို့။ အလုပ်မလုပ်ဘဲနေဖို့ ပျော်ပျော်ပါးပါးနေဖို့။ ခရီးထွက်ဖို့ ခင်ဗျားလုပ်ချင်တာ လုပ်ဖို့ပေါ့လေ။ ခင်ဗျား အဖေ ရည်စူးခဲ့တဲ့အတိုင်း ဖြစ်အောင်ပေါ့"

"ကျမနဲ့ ငြင်းမနေပါနဲ့တော့ရှင်။ တောင်းပန်ပါတယ်။ ကျမ ဒီငွေတွေကို လှူပစ်ဖို့ ယူရမလား။ လုံးဝ မယူရဘူးလားဆိုတာပဲ ပြောပါတော့"

ကိုက စိတ်ပျက်လက်ပျက်နှင့် "ခင်ဗျား ဘာလုပ်ရမယ်ဆိုတာကတော့ ကျွန်တော်နဲ့ မဆိုင်ဘူး။ ကျွန်တော်က နတ်ရူးဘုံမြောက်တော့ မလုပ်နိုင်ဘူး။ နည်းနည်းမှ မလုပ်ဘူး။ ဒါပေမယ့် ခင်ဗျားစိတ် ခင်ဗျား သိတယ်လို့ပဲ ယူဆရမှာပေါ့။ ယတိပြတ်ပြီ ဆိုရင်တော့"

"အော် ယတိပြတ်ပါ ဆိုမှပဲရှင်။ ဒီကိစ္စကို ကျမ သေသေချာချာ စဉ်းစားပြီးပြီ။ တကယ် ကြည်ကြည်နူးနူး စဉ်းစားပြီးပြီ"

ကို မတ်တပ်ရပ်လိုက်၏။ "ကောင်းပြီလေ။ ကျွန်တော် ဒီမနက်ပဲ ရှေ့နေတွေဆီ သွားလိုက်မယ်။ ခင်ဗျား ဆန္ဒအတိုင်း သူတို့ စီစဉ်ပေးလိမ့်မပေါ့"

ကိုသည် ရှာလီကို ငေးကြည့်နေမိ၏။ ရှာလီကို မြင်ရသည်မှာ ကုလားထိုင်ကြီးပေါ်တွင် သေးသေးကွေးကွေး ဆွေးဆွေးမြေ့မြေ့ ရှိလှ၏။ ကို ဒူးတုန်လာသည်။ ယောကျ်ား ဘသားစိတ် ခြောက်ခန်းတော့မည့် အရေးကို သူ တွေးပူလိုက်မိ၏။

သူ့အသံသည် ပါရဂူကလေး၏ အသံ ပြန်ဖြစ်သွားသည်။

"ကဲ ဘာကိစ္စရှိသေးလဲ"

"ကိစ္စက" ရှာလီက ကတုန်ကယင်ပြောသည်။ "ဂေဟာနာမည် ကိစ္စပါ။ ကျမ ဦးနှောက်ခြောက်အောင် စီစဉ်ပြီးမှ ဟင်နရီဂျီဆာဖေ့ ဂေဟာလို့ နာမည်ပေးဖို့ ကျမဆုံးဖြတ်လိုက်တယ်"

ကို ကြက်သေ သေနေသည်။ ရှာလီကို ငေးစိုက်ကြည့်နေသည်။ ပြီးမှ ချာကနဲ လှည့်ကာ ပြတင်းပေါက်နားသို့ လျှောက်သွားသည်။ ရှာလီကို ကျောခိုင်းကာ အပြင်သို့ မျှော်ကြည့်နေသည်။

ရှာလီရှိရာသို့ ပြန်လျှောက်လာသောအခါ သူ့မျက်နှာမှာ မခက်ထန်စဖူး ခက်ထန်နေသည်။

"ဒီလိုစိတ်ကူးပေါ်တာ ခင်ဗျား ရူးတာပဲ။ တကယ်ရူးတာ။ ကျွန်တော် ခွင့်မပြုနိုင်ဘူး။ ဒါမျိုးလုပ်ဖို့ ခင်ဗျားကို ကျွန်တော် ငွေလွှဲမပေးနိုင်ဘူး။

"ကျမငွေတွေဆို။ ရှင်ပဲ စာရေးပြောတာပဲ" ရှာလီက သူ့ကို သမင်လည်ပြန်ကြည့်၍ ပြောသည်။ ရှာလီ့စကားကို သူ အဖြေမပေးနိုင်။ ထို့ကြောင့် သူ့စကားကို ပို၍ ချက်ကျပိုင်နိုင်သော အနေအထားသို့ ပြောင်းလိုက်သည်။

"ဟုတ်တယ်။ ငွေက ခင်ဗျားပိုင်တာ" ကိုက ဒေါသတကြီးပြောသည်။ "ဒါပေမယ့် ကျွန်တော့်အဖေရဲ့ နာမည်က ကျွန်တော်ပိုင်တာ"

ရှာလီ နှုတ်ဆိတ်သွား၏။ ကိုက သွက်သွက် ဆက်ပြောသည်။

"ဂေဟာဆောက်ဖို့ လှူပစ်မယ်ဆိုတာ ကျွန်တော် နည်းနည်းမှ သဘောမတူဘူး။ အဲဒီကိစ္စက ကျွန်တော်နဲ့ ဘာမှ မဆိုင်တော့ ပြောစရာမလိုတော့ပါဘူး။ ဒါပေမယ့် ကျွန်တော့်အဖေရဲ့ နာမည်ကတော့ သိပ်ဆိုင်တယ်။ ကျွန်တော် ခွင့်မပြုနိုင်ဘူး"

"ကျမကို အများကြီး ပီတိဖြစ်စေနိုင်မယ့် အသေးအဖွဲကိစ္စကလေးလောက်တော့ ရှင် မငြင်းသင့်ပါဘူးရှင်"

"ဘာပီတိလဲ" ကိုက ရှာလီ့စကားကို တိုတောင်းစွာ ပြန်ပက်သည်။ ဖီဖီဝိဂြိုဟ်ပြုခဲ့သည့် စိတ်ချမ်းသာမှု၊ စိတ်ပျော်ရွှင်မှု၊ ပီတိဖြစ်မှု ဝေါဟာရအဓိပ္ပာယ်ကို စဉ်းစားမိလိုက်၍ မှိုချိုးမျှစ်ချိုး ပြောရန် အကြံကို ဗြုန်းကနဲ ချုပ်တည်းလိုက်သည်။

"ခင်ဗျား ဘယ်လိုပီတိမျိုး၊ ဘယ်လိုစိတ်ချမ်းသာမှုမျိုး ရမှာတဲ့လဲ။ တဆိတ်လောက်ရှင်းပြစမ်းပါဦးဗျာ"

"အို ရှင်ကမှ မသိဘူးဆိုရင်တော့ ကျမ ဘယ်လိုရှင်းပြတတ်တော့မှာလဲရှင်"

"ဒါဟာ စဉ်းစားဉာဏ်မရှိတဲ့ စိတ်ကူးယဉ် **ကွစ်ဇော့** ဝါဒ ကျင့်သုံးနေတာကို ဖော်ပြတာပဲ။ ခင်ဗျား အစက ငွေမယူဘူးလို့ ငြင်းတာလဲ အဲဒီစိတ်ကူးယဉ် လမ်းစဉ်ပဲ။ ခင်ဗျားအကြံက ပေါက်ကရပဲ။ ခင်ဗျား ငြင်းနိုင်မလား။ ခင်ဗျားအကြံကို အကျိုးသင့် အကြောင်းသင့် ကာကွယ်နိုင်မလား။ ခင်ဗျား ခေါင်းထဲကို ဒီလောက် စိတ္တဇဆန်တဲ့ စိတ်ကူး စိတ်သန်းတွေ ဘယ်လို ဝင်လာသလဲဆိုတာ ကျွန်တော်တော့ မတွေးတတ်အောင်ပဲ"

ကွစ်ဇော့။ ။သူရဲကောင်းဆန်ခြင်း၊ စိတ်ကူးယဉ်ခြင်း၊ ဝ မရှိဘဲ ဝိလုပ်ခြင်း၊ အကြောင်ကြောင်နိုင်ခြင်း။ လက်တွေ့မကျခြင်း၊ လက်တွေ့လုပ်မဖြစ်ခြင်း၊ စပိန် စာရေးဆရာကြီး မီဂဲဒါစာဗန်တေး (၁၅၄၅–၁၆၁၆) ၏

ဒွန်ကွစ်ဇော့ ဒီလာမန်ချာ ဝတ္ထု (၁၆၀၅)မှ ခေါင်းချောင်ချောင် အူကြောင်ကြောင်၊ စိတ်ကူးယဉ် သူရဲကောင်း ဆန်ချင်သူ ဒွန်ကွစ်ဇော့၏ သဘောထားနှင့် အမူအကျင့်မျိုးကို ဆိုလိုသည်။

ရာလီက ခပ်မဆိတ်ပင် ထိုင်နေပြီး စားပွဲပေါ်မှ ဖွာလန်ကျဲနေသော မင်နှိပ်စက္ကူအနားစများကို ခွာနေသည်။

"ခင်ဗျားဂေဟာမှာ ကျွန်တော့်အဖေ နာမည်တပ်လို့ ဘာမှ အကျိုးမရှိနိုင်ဘူး" ကွိုက ဆက်ပြောသည်။ "သူက တန်ရာ တန်ရာ လူစားမဟုတ်ဘူး။ ဒါကို ခင်ဗျားထက် ဘယ်သူမှ ပိုမသိနိုင်ဘူး။ ဒါနဲ့များ ဘာကြောင့် ခင်ဗျား ဒီလိုလုပ်ဖို့ စိတ်ကူးမိသလဲဆိုတာ ပြောပြစမ်းပါဦး"

"ကျ ကျမမှာ အကြောင်းပြချက်တွေ ရှိပါတယ်ရှင်" ရာလီက ထစ်ထစ်ငေါ့ငေါ့ ပြောသည်။

"တချက်ပြောမယ်။ တခါတုန်းက သူ့ကို ကျမအဖေ ချစ်ဖူးတယ်။ သူနာမည်ကို အဖတ်ဆယ်နိုင်အောင် ကျမအဖေက ကျမကို တခုခုတော့ လုပ်စေချင်မှာပါ"

"ဒါ ခင်ဗျား တတ်နိုင်တဲ့ ကိစ္စမှ မဟုတ်ဘဲဟာ" ကွိုက မာမာတင်းတင်းပြောသည်။

ရာလီက သူနှင့် ပြိုင်းငြင်းချင်ပုံလည်းမပြ။ စကားဆက်ပြောရန်ပင် စိတ်ကုန်နေသလိုလို လုပ်နေသည်။ ထို့ကြောင့် ကွိုက ချက်ချင်းပင် သူ့စကားကို ဆက်ပြောသည်။

"စိတ်ရှုပ်ပေါက်ပေါက်နဲ့ အလကား သဘောထား မကြီးချင်ပါနဲ့ဗျာ။ သူနာမည်ဆိုးကို တပ်လို့ ခင်ဗျား ဂေဟာ ထိခိုက်မှာကို ကျွန်တော်ခွင့်မပြုနိုင်ဘူး။ ဂေဟာအဖို့ မနိုင်မနင်း ဝန်ထုပ်ဝန်ပိုးကြီးလို ဖြစ်နေမှာဆိုတာ ခင်ဗျား အသိဆုံးပါ။ ခင်ဗျားသိတယ် မဟုတ်လား"

ရာလီက ကွိုကို မော့ကြည့်သည်။

ရာလီ၏ မာနက သူ့နှလုံးစောင်းကြိုးကို တီးခတ်နေသည်။ သူ့မာန၏ ခေါ်သံအောက်၌ သူ့အားမာန်၊ သူ့စိတ်ဓာတ်၊ သူ့ဇာတိပုည ဂုဏ်မာနတို့ စုရုံးနေကြသည်။ သို့သော် သူ့အဖို့ သူ့တသက်တွင် အခက်အခဲဆုံး အလုပ်ကို သူ လုပ်တော့မည်။ ကွိုကို သူကြည့်လိုက်၏။ သူ့အကြည့်ကို သူ တည်ငြိမ်အောင် ထိန်းလိုက်၏။ ပြီးမှ

"ရှင့်အဖေအတွက် သက်သက်ပဲ ကျမ ဒါလုပ်တယ်လို့ မထင်စေချင်ပါဘူးရှင်။ ရှင် ဒီလိုထင်အောင် ကျမလုပ်ရင် ရိုးသားတယ်လို့ ဆိုနိုင်မှာ မဟုတ်ပါဘူး။ ရှင့်အဖေရဲ့သားအတွက် ကျမ တခုခု လုပ်ပေးချင်တာလဲ တကြောင်း ပါပါတယ်"

ရာလီက ရပ်ပြီး သူ့စားပွဲသို့သွားကာ အလုပ်ရှုပ်သယောင် ဆောင်နေလိုက်၏။ ကွိုကို ကျောခိုင်းလျက်က ကြိတ်မှိတ်ပြီး စကားဆက်ပြောသည်။

"ကျမ လျှမယ့်ဂေဟာက ရှင် တိုက်ပွဲဝင်ပေးလို့ရမယ့် ဂေဟာရဲ့ အစားပါ။ ရှင် သဘောပေါက်ပလား။ ဒီနာမည်ကို ရှင်သုံးခွင့် မပြုဘူးဆိုရင် ကျမရဲ့ စိတ်ချမ်းသာမှု တခြမ်းပဲ့သွားတော့မှာပါ"

ရာလီသည် သူ့စားပွဲပေါ်မှ စာရွက်များကို စနစ်တကျ စီထပ်နေသည်။ စာရွက်များကို သူ မငြင်။ ကွိုမျက်လုံးတွင်ပေါ်မည့် စိတ်ဝေဒနာကိုသာ စိတ်မှန်းဖြင့် သူ မြင်ယောင်နေမိ၏။ အံ့သြစရာ ကောင်းလောက်အောင် ပြောင်းလဲနေသဖြင့် ယနေ့ သူ့ကို အလွန်စိတ်ထိခိုက်စေသော ကွို၏ မျက်နှာကိုလည်း စိတ်မှန်းဖြင့် ရာလီ ပို၍ မြင်ယောင်နေသည်။ ကွိုမျက်နှာ၏ အရွယ်နှင့် မလိုက်အောင် အိုမင်းရင့်ရော်မှု၊ ဆွေးမြေ့ကြေကွဲမှုက သူ့ကို ထူးထူးဆန်းဆန်း ရင်နင့်စေသည်။ သူ ပထမဆုံး မြင်ရသော ကွို၏ နားထင်စမှ ဆံပင်ဖြူများက သူ့ကို အကြင်နာ ပိုစေသည်။ ကွို၏ မျက်နှာတွင် အစဉ် ဖုံးစွပ်နေသည့် သမာဓိသည် **မီးဗတ္တိဇ** ပေးခံရသကဲ့သို့ လောင်ကျွမ်းပျောက်ကွယ်နေသည်ကို သူ သတိပြုမိသည်။ သို့သော် ထိုမျက်နှာ၏ အကောင်းဆုံး ကြန်အင်တို့သည် မီးသားတင်မှ ပို၍ သန့်စင်မာကြောစွာ ပေါ်ထွက်လာသည်ဟု သူယုံကြည်သည်။

မီးဗတ္တိဇ။ ။ သည်းထန်သော ဝေဒနာ ခံစားရခြင်း။ ။ ခရစ်ယာန်ဘာသာဝင်များအား ထာဝရ ဘုရားသခင်က ဝိညာဉ် အပြစ်ကင်းစင်ခြင်း၊ ခရစ်ယာန်ဘာသာသွတ်သွင်းရာ၌ ရေနှစ်ခြင်း (ဗက်ပတစ်ဇင်)။ သမ္မာကျမ်းစာတွင် မြန်မာအသံလှယ်၍ ဗတ္တိဇ်ဟု ရေးသည်။ (သန့်ရှင်းသော ဝိညာဉ်တော်နှင့် ၎င်း၊ မီးနှင့် ၎င်း၊ သင်တို့ကို ဗတ္တိဇ်ပေးမည်။ ရှင်မဿ ခရစ်ဝင် ၃း၁၁)

သူ့ကျောဘက်မှ ခြေသံများကို ရှာလီကြားရသည်။ သူ့ဘဝအတွက် သေရေးရှင်ရေး အဆုံးအဖြတ်ကြီး ကျတော့မည်ကို တွေးမိ၍ ကြောက်အားပိုကာ တကိုယ်လုံး အေးစက်လာသည်။ တချိန်တည်းမှာပင် ထိုအဆုံး အဖြတ်ကြီး မကျမှာစိုး၍ ကြောက်အားပိုကာ တကိုယ်လုံး အေးစက်လာသည်။ တချိန်တည်းမှာပင် ထိုအဆုံး အဖြတ်ကြီး မကျမှာစိုး၍ ကြောက်အားပိုကာ တကိုယ်လုံး ပူလောင်လာသည်။

ကိုသည် ရှာလီ အလုပ်ရှုပ်ဟန်ဆောင်ကာ မျက်နှာရှောင်နေသည့်ကြားမှ မျက်နှာချင်းဆိုင်မိအောင် ရှေ့တည့်တည့်လာရပ်လိုက်သည်။

"ကျွန်တော် ခင်ဗျားကို နားမလည်ဘူး" ကိုက အငြိမ်ဆိမ်ဆုံး မျက်နှာထားဖြင့် ပြောသည်။ "ဘာကြောင့် ကျွန်တော့်အတွက် လုပ်ပေးချင်ရတာလဲ"

ရှာလီက သူ့ကို ဖျပ်ကနဲကြည့်ပြီး တဖက်သို့ လှည့်နေသည်။ ကို၏ မျက်နှာသည် စာရွက်တမျှ ဖြူဖွေးနေသည်။ သူ့မျက်နှာကို မြင်လိုက်ရသဖြင့် ရှာလီ၏ နှလုံးသွေးသည် အခုန်ရပ်သွားသည်။ ပြီးမှ ကြောက်အားလန့်အားနှင့် တဒိန်းဒိန်း ဆောင့်တိုးနေသည်။

"ကျမ ကျမ မပြောနိုင်ဘူး။ တိတိကျကျလဲ မသိဘူး"

"ဘာဆိုလိုတာလဲ"

ကိုအသံကို ရှာလီ မမှတ်မိသလောက် ဖြစ်လာသည်။ ဗီဇညာဉ်အရ ရှာလီ တပ်ခေါက်၍ ဆုတ်ခွာတော့သည်။

"ကျမ ရှင်းပြတတ်မယ် မထင်ဘူးရှင်။ ဒီနေ့ တမနက်လုံး ရှင် ကျမကို သွေးပျက်အောင် လုပ်နေတယ်"

"မင်း ကိုယ့်ကို ချစ်နေသလား" ကိုက ကြောက်စရာ သံကွဲ သံကြောင်းဖြင့် မေးသည်။

လက်ညှိုးကလေးက နှုတ်ခမ်းမှာတော့၊ မျက်ရည်စကလေးက မျက်လုံးမှာဝေ့၊ မျက်လုံးပြာကလေးက ကိုမျက်လုံးမှာ ကလေးငယ်၏ တုံ့ပြန်အကြည့်လို တိုက်ရိုက်ငေးမော့ကာ ရှာလီခမျာ ခေါင်းတဆတ်ဆတ် ညိတ်ပြလိုက်မိလေ၏။

ကိုသည် ရှေ့သို့တိုးလာပြီး ရှာလီကို ပိုက်ထွေးလိုက်၏။ သူ့တသက်တွင် ပထဆုံးအကြိမ် မိန်းမသားတဦးကို ထိတွေ့ ပွေ့ဖက်ဖူးခြင်း ဖြစ်သည်။

တမိနစ်ကြာသလား၊ တသက်တာ ကြာသလား မသိရသောကာလ အပိုင်းအခြား တခုအတွင်း၌ သူတို့ နှစ်ယောက်သား ငြိမ်သက်စွာ ရပ်နေကြသည်။ အရေးကိစ္စဟူသမျှသည် ကာလတည်းဟူသော အချိန်အပိုင်းအခြားမရှိသည့် နေရောင်ခြည်ဖြာသော ဟင်းလင်းပြင်ကြီးအတွင်းသို့ လွင့်စဉ်သွားကြ၏။

ကိုစိတ်ထဲတွင် ရှာလီ့ မျက်နှာကို ကြည့်ချင် မြင်ချင်စိတ် မချင့်မရဲ ပေါ်လာ၏။ ရှာလီကို သူ့ကိုယ်မှ အသာအယာ တွန်းခွာသည်။ ရှာလီက ဇွတ်တွယ်ကပ်ထားပြီး

"ဟင့်အင်း၊ ဟင့်အင်းကွယ်။ ကျမ ရှင့်မျက်နှာကို မကြည့်ရဲသေးဘူး" ဟု ငြင်းသည်။

အချိန်တန်ကြာမှ

"ရှင် ဘယ်လိုနည်းနဲ့မှ သစ္စာမမဲ့နိုင်ဘူး ဆိုတာ ကျမ အသည်းနှလုံးက ကျမကို တချိန်လုံးပြောနေတာပါ။ ကျမ အသည်းနှလုံးကို ကျမ နောင်ဘယ်တော့မှ သံသယ မဖြစ်တော့ပါဘူးရှင်။ ကျမကို လွယ်လွယ်ကူကူ ခွင့်လွှတ်တာ ရှင်သဘောထား သိပ်ကြီးတာပဲ"

ရီဝေမိန်းမောခမန်း ပီတလျှမ်းနေချိန်၌ ရှာလီက သူ့ရင်ထဲ ရှိသမျှကို အထစ်အငေါ့မရှိ ဖွင့်အန်နိုင်ခြင်းကို ကို အံ့ချီးနေမိ၏။

ကိုက သူ့ကိုယ်သူ ဆင်ခြင်တုံတရား၏ တမာန်တော်နီးပါး ထင်နေသော်လည်း သူ့ဘက်ကမူ ချက်ချင်း စိတ်ငြိမ်အောင် ထိန်းချုပ်မရ။ အသံထွက်အောင် ညှစ်ထုတ်မရ။ သူ့ကိုယ်သူ စကားပြောနိုင်လောက်ပြီဟု စိတ်ချရမှ စကားပြောလိုက်၏။ သို့သော် သူ့အသံက မမှတ်မိနိုင်လောက်အောင် တမျိုးတဖုံ ဖြစ်နေတော့၏။

"ကိုယ့်အဖေရဲ့ သားအတွက် ကောင်းကျိုးပြုချင်လွန်းလို့ သူ့နာမည်ကို မင်းယူမယ်ပေါ့၊ ဟုတ်လား"

"မဟုတ်ပေါင်။ ကျမအတွက် ကျမလုပ်တာပါ။ ရှင့်အဖေက ခြောက်ပြစ်ကင်း မဟုတ်ပေမယ့် သူ့နာမည်ကို ကျမ ပြောင်းယူမယ့်သားရဲ့ တဦးတည်းသော အဖေဖြစ်နေလို့ရှင့်။ သိရဲ့လား"

ငြိမ်သွားပြန်၏။

"အဖေ့အိမ်မှာ ကိုယ်တို့နေမယ်။ မင်းအလုပ်ထွက်လိုက်တော့။ ကိုယ် စာအုပ်ဆက်ရေးမယ်။ လခရမယ့် ပေါ့ပေါ့ပါးပါး အလုပ်ကလေးတခုခု လုပ်မယ်"

ရှာလီက ရှိုက်သံတဝက်နှောသော ရယ်မောသံကလေးဖြင့်

"ရှင် ပြောဖူးတဲ့ သူဌေးမကြီးကို ဝေါဟာရအဘိဓာန် ဒုတိယအကြိမ် ပြန်ထုတ်ခိုင်းပါဦးလား ဟင်"၏
"ခိုင်းလို့ရရင် ခိုင်းချင်ပါရဲ့"
"ရှင်ပြောနေပုံက ကျမ ရဲ့ ဒေါက်တာ ပါရဂူကလေးနဲ့ တထေရာထဲပဲရှင်။ ရှင့်အတွက် ကျမ အလုပ်ကလေး တခုခုတော့ ရှာပေးရဦးမှာပေါ့။ အခုတော့ မပြောနိုင်သေးဘူး။ အတင်း မပြောခိုင်းပါဘူးလို့ ကတိပေးရမယ်နော်"
ကွိက ကတိပေး၏။
ဘာကြောင့်မှန်းမသိ။ ရှာလီ ဗြုန်းကနဲ ငိုလိုက်သည်။ ကွိရင်ခွင်တွင် ပါးအပ်ထားသည်။
"ဒေါက်တာ ပါရဂူကလေးရယ်။ ရှင့် ဘဝက ဆွေးစရာကောင်းလိုက်တာ။ ဒါပေမယ့် ကျမလေ ကျမ အစစ ရှင့်စိတ်ကြိုက်ဖြစ်အောင် လုပ်ပါ့မယ်။ ရှင်ဖြစ်စေချင်တာသာ ပြောပါနော်"
တယ်လီဖုန်းခေါ်သံ ကြားရသည်။
"အိုး၊ တမိနစ်ကလေးတောင် လွတ်လွတ်လပ်လပ် မနေရပါကလားနော်။ လွတ်ပါဦးကွယ်"
လှတမျက်နှာပေါ်တွင် ကွိ မြင်ဖူးသမျှ အလှဆုံး အပြုံးဖြင့် ရှာလီက စားပွဲဆီမှ သူ့ကို လှမ်းကြည့်သည်။
"ရှင့်ကိုခေါ်တာ"
"ကိုယ့်ကို ခေါ်တာ၊ ဟုတ်လား" ကွိသည် အိပ်မက် မက်နေသူပမာ ယောင်ဝါးဝါး နှင့်ပြောသည်။
"ဆန်းလိုက်တာ"
တကယ်လည်းဆန်း၏။
ကွိက ရှာလီ့လက်ထဲမှ တယ်လီဖုန်းကို ဘယ်လက်ဖြင့် လှမ်းယူလိုက်သည်။ လက်တဆတ်ဆတ် တုန်နေသည်။ ညာလက်ဖြင့် ရှာလီ့လက်များကို ဖမ်းဆုပ်ထားသည်။
"ကိုယ့်အနားမှာ နေစမ်းပါ" ဟု ပြောပြီး တယ်လီဖုန်း စကားပြောခွက်ကို နားနှင့်ကပ် နားထောင်လိုက်သည်။
"မစ္စတာကွိလား။ မစ္စတာဟစ်ကော့ ပြောနေတယ်"
တယ်လီဖုန်းထဲမှ အသံစူးစူး ထွက်လာသည်။ "အဲဒီမှာ ဘာတွေ မဟုတ်တယုတ် သွားလုပ်နေတာတုန်းဗျ"
"ကျွန် ကျွန်တော်၊ ဒီဌာနမှာ အရေးကြီးတဲ့ လုပ်ငန်းတခုလုပ်နေလို့ပါ" ကွိက ပြောပြောဆိုဆို ရှာလီ့လက်ကို အလန့်တကြား ညှစ်လိုက်သည်။
"ဒါပေမယ့်၊ ကျွန်တော်"
"အင်း၊ ကျုပ်တို့လဲ ဒီမှာ အရေးကြီးတဲ့ လုပ်ငန်းတခု လုပ်နေတယ်။ မစ္စတာဒိန်းသာ ပေါ်မလာရင် ခင်ဗျား ကို ဖမ်းလို့မှာ မဟုတ်ဘူး။ ဝက်စ်နုတ်ထွက်သွားတာ ကြားပြီးပြီလား"
"ဟင့်အင်း၊ သူ ထွက်သွားပလား။ ဒါပေမယ့် ကျွန်တော်"
"သွားလေသူကြီး ကောင်းရာ သုဂတိလားပါစေပေါ့ဗျာ။ **ဒီ မော တူးအစ် နီးလ် နီဆီ ဘိုနမ်** သူနေရာ ဆက်ခံမယ့်သူရွေးဖို့ ဒါရိုက်တာတွေ အစည်းအဝေး လုပ်နေတယ်။ နာမည်တခုပဲ တင်တယ်။ သတင်းစာအတွက် ကျုပ်တို့ လက်သင့်ခံနိုင်တဲ့ အယ်ဒီတာဆိုလို့ တယောက်တည်းပဲ ရှိတယ်။ ခင်ဗျား ကျုပ်တို့ဆီ ပြန်မလာချင်ဘူးလားဗျာ"

De Mortuis Nil Nisi Bonum = လက်တင် စကား။ သေလွန်သူအတွက် ကောင်းသော အချက်မှ တပါး အခြားမရှိဟု အဓိပ္ပာယ်ရသည်။

ကွိက လည်ချောင်း ရှင်းလိုက်သည်။ "ပြန်လာရမယ်၊ ဟုတ်လား။ ဒါ့ထက် ကျွန်တော် ပိုကြိုက်တာ ဘာမှ မရှိဘူး။ အကြီးမားဆုံး ဂုဏ်ပြုတာလို့ပဲ ယူဆပါတယ်။ ခင်ဗျားတို့အားလုံး ကျွန်တော့်အပေါ်မှာ သိပ်ပြီးညှာတာ ထောက်ထားကြပါတယ်။ ကျွန်တော် ပြောမပြတတ်အောင်ပါပဲ။ ဒါပေမယ့်"
"အို ဒါပေမယ့်တွေ လုပ်မနေပါနဲ့တော့။ ဒါရိုက်တာတွေကို ကျုပ်သွားပြောလိုက်တော့မယ်"
"နေပါဦး" ကွိက ကသောကမျော တားသည်။ "ကျွန်တော်လာရင် ကွိအဖြစ်နဲ့ မလာနိုင်ဘူး။ ကျွန်တော့် နာမည်က ဟင်နရီ ဂျီဆာဖေ့။ ဒါဆိုရင် တမျိုးဖြစ်နိုင်တယ်"
"**ဘီအယ်ဇတ်** အဖြစ်နဲ့လာလာဗျာ" တဖက်မှ အဖိုးကြီးက စိတ်တို လက်တို ပြောလိုက်သည်။ "ကျုပ်တို့ ပို့စ်အတွက် နာမည်ရွေးခန့်တာ များနေပြီ။ ဒီတခါတော့ လူပဲ ရွေးခန့်တော့မယ်။ ဘုရားသိကြားမလို့ လူလည်း ရထားပြီ"

ဘီအယ်ဇောတ်။ ။ ခရစ်ယာန် ဘာသာတွင် အကြီးဆုံး နတ်ဆိုး။ သမ္မာကျမ်းစာတွင် ဗေလဇေဗုပ် ဟူ၍လည်းကောင်း၊ ဗေလဇေဗုလ ဟူ၍ လည်းကောင်းရေးသည်။ "ငါသည် ဤအနာမှ ထမြောက်မည်လောဟု ဧကြိုန်မြို့၏ ဘုရား ဗေလဇေဗုပ်သို့သွား၍ မေးမြန်းကြ" ဟု မှာထား၍ သံတမန်တို့ကို စေလွှတ်လေ၏။ (ဓမ္မဟောင်းကျမ်း၊ ဓမ္မရာဇဝင် စတုတ္ထစာစောင် ၁း၂)။ "ဤသူသည် နတ်ဆိုးမင်း ဗေလဇေဗုလကို အမှီပြု၍သာ နတ်ဆိုးတို့ကို နှင်ထုတ်သည်ဟု ဆိုကြ၏" (ဓမ္မသစ်ကျမ်း။ ရှင်မဿဲခရစ်ဝင် ၁၂း၂၄)။ အင်္ဂလိပ် ကဗျာဆရာကြီး ဂျွန်မီလ်တန် (၁၆၀၈–၇၄)၏ ကမ္ဘာကျော် နိဗ္ဗာန်ဘုံပျောက်ဆုံးခန်း ကဗျာကြီးတွင် ထာဝရဘုရားကို အံတုသည့် စေတန်၊ မာရ်နတ်ပြီးလျှင် ဒုတိယ အကြီးဆုံး နတ်ဆိုးအဖြစ် ဖော်ပြသည်။

ကွိသည် တယ်လီဖုန်း အနီးမှ ခွာလိုက်သည်။ မတုန်မလှုပ် မျက်နှာပိုးသေသေနေရန် ကြိုးစားသည်။ ခါတိုင်းလို မအောင်မြင်။

"သိပလား"

ရှာလီက ခေါင်းညိတ်ပြသည်။ သူမျက်လုံးပြာ ကလေးများထဲတွင် မြူးကြွသော အောင်မြင်မှု ထင်ဟပ်နေသည်။

"ကျမပြောတဲ့ လျှို့ဝှက်ချက်ကလေးဆိုတာ ဒါပဲ။ ဟန်မကျဘူးလား။ ရှင့် မဟာကြွားလုံးကြီး တကယ်ဖြစ်လာပြီလေ။ ငါမပြောဘူးလားလို့တောင် ရှင်မို့ မပြောဘဲ နေနိုင်တယ်ရှင်"

ကွိသည် ရှာလီကို ကျော်၍ ပန်းခြံထဲသို့ မျှော်ကြည့်လိုက်သည်။ သစ်ပင် ပန်းမန်တို့သည် ဖူးငုံဝေစီနေကြ၏။ ယပ်တောင်စိမ်းကို ဖြန့်ယပ်နေကြလေပြီ။ ထိုသစ်ပင် ပန်းမန်တို့ အပေါ်မှ ဖြတ်၍ အိမ်ခေါင်မိုးတန်းများကို ကျော်ကာ ပို့စ်သတင်းစာတိုက်အိုကြီးကို သူငေးစိုက်နေသည်။ တခါက သူအလုပ်ထိုင်လုပ်ခဲ့ဖူးသည့် အတန်းလိုက် ပြတင်းပေါက်များ၏ နောက်ကွယ်သို့ စိတ်မှန်းနှင့် တွေးကြည့်နေသည်။

သူမျက်လုံး အစုံရှေ့တွင် မြူခြည် ဝိုက်သန်းလာသည်။ သစ်ပင်တို့သည် မြင်းပတပ်ရပ်သလို လွင့်ပျံမြင့်တက်လိုက်၊ ငါးရေကူးသလို လူးလွန့်လှုပ်ရှားလိုက် ဖြစ်နေသည်။ ထင်သာ မြင်သာသော သြကာသလောကကြီးသည် အမှောင်တိုက်အောက်သို့ ပျွမ်း ကျသွားလေ၏။

သူဘေးသို့ ရှာလီ လာရပ်သည်။ ဆိတ်ငြိမ်စွာပင် လက်ချင်းဆက်လိုက်သည်။ သူ့အကြည့် သူ့စိတ်ကူးကို နောက်ယောင်ခံလိုက်ရင်း ရှာလီကိုင်တိုင်လည်း အလင်းထဲမှ အမှောင်ကို ခံစားလိုက်ရလေ၏။

"ဒီမြို့ဟာ ကမ္ဘာပေါ်မှာ အကောင်းဆုံးမြို့။ အကြင်နာဆုံးလူတွေ၊ စေတနာ အရှိဆုံး လူတွေ"

"ဟုတ်ပါတယ် ဒေါက်တာ ပါရဂူကလေးရယ်"

ကွိက ဖျပ်ကနဲ လှည့်ကာ ရှာလီကို ထွေးပွေ့လိုက်ပြန်သည်။ သူ့နှလုံးသွေး၏ တဒုံးဒုံး ထုနှက်သံကြားမှပင် ရင်ချင်းအပ်ထားသော ရှာလီ၏ နှလုံးခုန်သံကို ကြားနေရသည်။

"ကျမကိုချစ်တာ ဝမ်းသာပါတယ် ဟင်နရီ။ ကျမလေ ရှင့်ကို ဟင်နရီလို့ပဲ ခေါ်တော့မယ်နော်။ ခေါ်ရမလား ဟင်နရီ"

ရှာလီက ဆက်ပြောသည်။ "ကျမလေ၊ ဂေဟာဆောက်ဖို့ ကျမတို့ ငွေတွေကို လှူပစ်ရမှာ နည်းနည်းတောင် လက်တွန့်တယ်ကွယ်။ ကျမလေ ဟင်နရီပဲ ရစေချင်တာ။ ဒါမှ"

ကွိ ကြက်သီးမွေးညှင်း ထသွားကြောင်း ရှာလီ သိလိုက်ရ၏။

"ဟင့်အင်း၊ ဒီငွေတွေကို လက်ဖျားနဲ့တောင် မတို့ချင်ဘူး။ ကိုယ်တို့ ပိုပြီး စိတ်ချမ်းသာနိုင်ပါတယ်ကွယ်"

ရှာလီက သူ့ကို ခနိုးခနဲ့ စသည်။

"ရှင် အလုပ်ထွက်နိုင်မယ်။ သက်တောင့်သက်သာ နေနိုင်မယ်။ ပျော်ပျော်ပါးပါး နေနိုင်မယ်။ ခရီးထွက်နိုင်မယ်။ ငွေတွေကို လှူပစ်မယ်ဆိုတာ အရူးလုပ်တာပဲ။ အိုး ဒေါက်တာ ပါရဂူကလေးရယ်။ ဒီလောက်ညစ်ထားရင် အသက်မရှူနိုင်တော့ဘူးကွယ်"

"နာမည်ကိစ္စ မင်းကို ကိုယ် ဂလန့်မလုပ်ချင်ပါဘူး။ ဒါပေမယ့် ကိုယ်လေ"

"ရှင့်အလိုကျအတိုင်း နာမည်ပြောင်းဖို့ ကျမ ဆုံးဖြတ်လိုက်ပါပြီ ဟင်နရီရယ်"

"ကိုယ်သိပ်ဝမ်းသာတာပဲကွယ်။ ပေးရမယ့် နာမည်တခုကို ကိုယ်သိတယ်"

"ဟင်နရီ ဂျီဆာဖေလို့ နာမည်ပေးမယ့်အစား"

ရှာလီသည် ကွို ရင်ခွင်မှ ခွာလိုက်၏။ သူ့လက်ဖျားကလေးများကို ကွို ကိုင်ထားစရာ ဆန့်တန်းပေးထားသည်။ ပြီးမှ ရွှန်းလဲ့ဝင်းတောက်သော အကြည့်ကလေးဖြင့် ကွိုကို ကြည့်သည်။

"ဟင်နရီဂျီဆာဖေ့ ဂျူနီယာ ဂေဟာလို့ နာမည်ပေးမယ်။ ဒီလောက်လှတဲ့ ဂေဟာကို တခြားနာမည်ပေးဖို့ စဉ်းစားရသလား ဟင်နရီရယ်"

"မဖြစ်ဘူး၊ မဖြစ်ဘူး။ ကိုယ်ခွင့်မပြုနိုင်ဘူး"

ရှာလီ၏ သည်းလှိုက် အူလှိုက် အသံကလေးက သူ့အသံကို လွှမ်းသွားသည်။

"ဖြစ်တယ်၊ ဒီနာမည်က အခု ကျမတို့နာမည်ပဲ။ ဒီတော့ ဒီနာမည်ကို ဂုဏ်သရေရှိအောင် ကျမတို့ လုပ်ရမှာပေါ့ရှင်ရယ်"

ထိုအချိန်တွင် သူတို့နှစ်ယောက်စလုံး မေ့မေ့လျော့လျော့ဖြစ်နေသော အပျော်မွေး ခွေးကြီး ဘီဟီမော့သည် လူမှုရေးသိပ္ပံပညာစာအုပ်စင်နားမှ နေ၍ သူ၏ ခြေသုံးဆန်ဆန် ခေါင်းကြီးကို မော့ထောင်ကာ သဘာဝတ္ထသိပ္ပံပညာရှင်များသာ ဘာအကြောင်းကြောင့် ဟူ၍ ရှင်းပြနိုင်ကောင်း ရှင်းပြနိုင်မည့် သူ့စိတ်ကူး စိတ်သန်းဖြင့် စီညံမြူးတူးစွာ တချက်ဟောင်လိုက်လေ၏။

ပြီးပါပြီ။

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net



ကျွန်းရဲ့

နေပြင်းလျှင် နှင်းမှုန်လျှင်
ဆွေ့ဆွေ့ခုန် အိုက်လိုအိုက်
ခိုက်ခိုက်တုန် ချမ်းလိုချမ်း။

အခန်းကျဉ်းကျဉ်း
အလင်းမဝင် လေမဝင်
နေမမြင် လမမြင်
လူမမြင် သူမမြင်မှာ
ထိုင်လျှင်ထိုင် မထိုင်လျှင်ငေး။
အိပ်လျှင်အိပ် မအိပ်လျှင်တွေး။
သတင်းမေးဖို့ ဝေးရော
သီချင်းကလေးမှ မဆိုရ။

စာဖတ်ဖို့ ဝေးရော
ကဗျာလေးမှ မစပ်ရ။

တရားဟောဖို့ ဝေးရော
စကားလေးမှ မပြောရ။

အဟောသိက် သံသရာ
ငါ့ကမ္ဘာ့ ပိစိကွေး
အခန်းကျဉ်းကလေး ပတ်လျှောက်လိုက်
သံတံခါးဝရုပ်လိုက်
တမတ်တပ်တပ် တနေကုန်။

မနေ့ကလည်း တနေကုန်
ဒီနေ့လည်း တနေကုန်ပြန်
နက်ဖြန်လည်း ကုန်အုန်းမယ်။

ကုန် ကုန် ကုန်
ကုန်ချင်သလောက် ကုန်စမ်း။

တရုက် ကုန်မလား၊ တသက် ကုန်မလား။
တလ ကုန်မလား၊ တဘဝကုန်မလား။
တနှစ် ကုန်မလား၊
တခေတ် ကုန်မလား။

အားမလျော့ဘူး၊ မပျော့ဘူး။
ပေဖြစ်တော့ခံမယ်၊ တူဖြစ်တော့ နှံမယ်။

အမှန်တရား တို့ဘက်မှာရှိတယ်။
ပြည်သူအများ တို့ဘက်မှာရှိတယ်။
ကာလယန္တရား တို့ဘက်မှာရှိတယ်။
ရှင်တော်ဘုရား တို့ဘက်မှာရှိတယ်။

သိကြရဲ့လား... ဟား ဟား ဟား ဟား။

တိရိစ္ဆာန်ရုံက ကျားလို
လှောင်အိမ်ထဲမှာ တလွန့်လွန့်နဲ့
ကျားညွန့်တုံးတွေ ထင်နေသလား။

မှားလိုက်တဲ့အမြင်
ဟားတိုက်လို့ ရယ်ချင်စရာ။

မှတ်ထားဟေ့။

အဝါပေါ်မှာ အနက်စင်း
မပျက်မယွင်း ကွက်ကွက်ကွင်း။

အရှင်းသား မလွဲသရွေ့
အထင်းသား စွဲသရွေ့
ကျားရဲဟာ ကျားရဲ။

ငါလဲ အဲဒီလိုပဲကွ ဟေ့။ ။

(poem - from Moemaka Media)

အကျဉ်းကျခံရစဉ် ထောင်အတွင်း ဘဘရေးခဲ့တဲ့ ကဗျာလေး

Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

အထက်ပါ ကဗျာနှင့် ကျောမျက်နှာ ဓာတ်ပုံတို့အား မိုးမခမီဒီယာမှ ကူးယူပါသည်။

Commercial use of this book will be at your OWN RISK !

http://myanmarcupid.net

MYANMAR CUPID

Myanmar e-Books Library

Commercial Use of This Book will be at Your OWN RISK